
www.burmeseclassic.com

# လရောင်ကျူးရင့်

အလွမ်းသင့်စာမျက်နှာ



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ထွေး (၀၁၄၉၀)
ရွှေညာတ်လင်းစာပေ၊ ၃၉/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/ - ဒေါ်နွဲ့နွဲ့ရီ (၀၀၇၁၁)
အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၆၆)၊ ပြည်တော်အေးလမ်း၊
လေးထောင့်ကန်ရပ်ကွက်၊ သင်္ဃန်းကျွန်း၊
ရန်ကုန်မြို့။

အကြိမ် - ပထမအကြိမ်
၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀၀/-

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

လရောင်ကျူးရင့် ၈၉၅.၈၃
အလွမ်းသင့်စာမျက်နှာ/ လရောင်ကျူးရင့်၊
ရန်ကုန်၊ ရွှေညာတ်လင်းစာပေ၊ ၂၀၁၅။
၃၂၈ စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁) အလွမ်းသင့်စာမျက်နှာ




## အခန်း(၁)

ကားမောင်းနေရင်း ဒေါ်သတွေက ရှေ့ကပြေးနေသလိုခံစားလာမိသည်။ ရည်းစားကွဲတယ်ဆိုတာ သူ့အတွက် ဘာဆန်းလို့လဲ ...၊

သူမနဲ့ကျမှ ဘာဖြစ်လို့ အသည်းကွဲဝေဒနာနဲ့ နင့်နေခဲ့တာလဲ ...။

"တောက် ..."

ချစ်သူ ရည်းစား ခေါင်းစဉ်အမျိုးမျိုးနှင့် သူ့ဘေးမှာ မိန်းမလှလေးတွေ ဒုနဲ့ ဒေး ...။

သူမလောက် မလှတာတွေ၊ သူမထက် လှတာတွေ အရည်အချင်းကောင်းများစွာကို ပြန်စစ်ကြည့်ဦးမလား ...၊

သူထားခဲ့သမျှ ရည်းစားတွေထဲမှာ ဘယ်ရည်းစားကို အချစ်ဆုံးလဲလို့ မေးရင်တောင် ရွေးရခက်လိမ့်မည်။

ခုတော့ အားလုံးသော ပျော်စရာတွေက သူမထံမှ 'ဆောရီး' ဆိုသွားသည့် နှုတ်ထွက်ခြင်းတစ်ရပ်မှာပဲ ပျောက်ရှပျက်စီးကုန်ပြီ။

သူမကို သူ ဘယ်လောက်ထိ ချစ်မိခဲ့သလဲဆိုတာ နောက်ကျစွာ သိခဲ့ရသည့်နောက် ...၊

www.burmeseclassic.com

www.burmeseclassic.com



*..... It feels like nobody ever kenwe me until you knew me*

*..... Feels like nobody ever loved me until you loved me*

*.... Feels like nobody ever touched me until you touched me*

*Baby nobody, nobody, until you..*

သူ့ဒေါသတွေက ရှိုင်း(န်)ဝေါ့(ဒ်)ရဲ့ Until You သီချင်းကြောင့် ရှားမီးခဲရဲရဲကို လေတိုက်သွားသကဲ့သို့ နာကျင်မှုတွေပါ အိပိုဆောင်းလေသည်။ ထို့ကြောင့် ဒါမှာ ဖုန်းခေါ်နေသည့်အသံပါလားဆိုတာလည်း သတိမရ။

သူမနဲ့ မတွေ့ခင်ထိ သူ့ဘဝက လေနှင်ရာလွင့်နေခဲ့တာ အကောင်း။ အချစ်ဆိုတာလည်း ရည်းစားနဲ့ကွဲလို့ အသည်းကွဲတယ်ဆိုရင်တောင် နောက်တစ်ယောက်မရခင်ထိ အသက်တစ်အောင့်ရယ် ...၊

သူမနဲ့တွေ့တော့ သူ့အတွက် အရာရာက သူမ ...။

လွမ်းဆွတ်တမ်းတခြင်းဟာ အတိတ်ကို သတိရခြင်းပဲဖြစ်ကာ သူ့အတွက် မနေ့တစ်နေ့က အဖြစ်တွေက ပစ္စုပ္ပန်မက အတိတ်မကျမို့ ဘယ်လိုရာသီဖြစ်နိုင်သလဲ ...၊

'မ' ကို သူက စတွေ့ခဲ့တာ မဟုတ်ပါ။ သူမက သူ့ကိုတွေ့ခဲ့တာ ဖြစ်သည်။ ထို့ပြင် သူ့ကို သဘောကျပြီး ချဉ်းကပ်ဖူးကြသော တစ်ချို့မိန်းကလေးတွေကို သူက ချောလွန်းလို့ 'မ' က တိတ်ဆိတ်စွာချောင်းမြောင်းငေးမျှော်ခဲ့တာမျိုးလည်း မဟုတ်ပေ။

'မ' ဘက်က အမြင်မတော်သောမြင်ကွင်းမျိုးနှင့် သူ့ကိုတွေ့ခဲ့တာဖြစ်ကာ 'မ' ရဲ့ အမြင်မတော်ကူညီခြင်းကို သူကလည်း ကျေးဇူးတင်ဖွယ်မဖြစ်ခဲ့သော ထိုနေ့က ...၊

"ယူ သိပ်ကို မျက်နှာပြောင်လွန်းတယ်လို့ မထင်ဘူးလား .."

"မထင်ဘူး .."

"သင်တန်းတွေမှာ ရှိသမျှ မိန်းကလေးတွေ ယူနဲ့ လွတ်ကင်းတာကျန်သေးရဲ့လား .."

"ကျန်ဦးမယ်ထင်တာပဲ .."



"တောက် .."

စားသောက်ဆိုင်ထဲက စားပွဲတစ်လုံးမှာ သူငယ်ချင်းနှစ်ယောက်စီခြံရံလျက် နွေယု ဆိုသော မိန်းမလှလေးနဲ့ သူ မျက်နှာချင်းဆိုင် ထိုင်နေခဲ့ကြသည်။

သူမ၏ တက်ခေါက်သံနှင့် တလက်လက်စူးရဲလာသည့် မျက်လုံးတွေကြောင့် ဒီပြဿနာကြီးထွားတော့မှာကို သိလိုက်သည်။ သူ ထင်သည့်အတိုင်း သူမရှေ့မှာရှိနေသည့် နာနတ်သီးမစ်ရှိတ်တွေက သူ့ရင်ဘတ်ကို ဖျန်းခနဲပြေးမှန်၏။

ရုတ်တရက် ကြည့်လျှင် သိပ်မထူးခြားသော သူ့ရဲ့ အဝါရောင်အပါးသား ထရယ်လ်ဂျင်းန်ရှပ်က ကိုးသောင်းတိတိတန်ဖိုးရှိနေတာ သူမက အလိုက်ကမ်းဆိုးမသိ ...။

ပြုံးနေပေမယ့် တင်းခနဲ အံကြိတ်လိုက်သည့် သူ့မျက်လုံးတွေကလည်း သူမဆီမှာ စူးစိုက်နေခဲ့ပေမယ့် လက်က သူမနဲ့ထပ်တူ တုံ့ပြန်ဖို့ သူ့ သောက်လက်စ အအေးဖန်ခွက်ကို ဆုပ်ကိုင်လိုက်လျှင် ...၊

"မိန်းကလေးတွေ ဒီလိုပြဿနာကို အအေးနဲ့ပက်ပြီး ဖြေရှင်းတာ အတ်စတိုင်လ်လို့ မြင်နေပုံပဲနော် .."

ကပ်လျက်စားပွဲမှာ အမျိုးသမီးနှစ်ယောက်ထိုင်နေကြတာ သူ မျက်လုံးကစားလိုက်တော့ မျက်ဝန်းထောင့်မှာမြင်၏။ နောက်ထပ် ဆက်တိုက်ထွက်လာသည့် စကားသံကလည်း ဒီအသံပဲဖြစ်ကာ တစ်ယောက်တည်းက ပြောနေမှန်းသိသာလျက် ...၊

"စိတ်ညစ်လို့ဆိုပြီး မုန့်တွေအဆက်မပြတ်ပါးစပ်ထဲထည့်ဝါးပြကြတာလည်း ရှိသေးတယ် .."

နွေယု က နီရဲနေသည့် မျက်နှာနှင့် ထိုဆီ ဆတ်ခနဲလှည့်ကြည့်၏။ သူကတော့ အားပြုကိုင်လိုက်သည့်လက်ကို ဖန်ခွက်ကခွာ၍ အပင်ဆွဲထဲထည့်ပြီး ဟိုသပ်ဒီသပ် ...။

"တကယ်ဆို အရမ်းကို သရုပ်ပျက်လွန်းပြီး မပြုအပ်တဲ့ လုပ်ရပ်

www.burmeseclassic.com

www.burmeseclassic.com



ဝဲ ..”

သူ မသိမသာပြုံးမိကာ နွေယု ကို မတုံ့ပြန်သေးခင် အချိန်မီထိန်းလိုက်နိုင်တာကို ကြံဖန်ဂုဏ်ယူရင်း ပခုံးတွန့်၏။ ထိုစဉ် နွေယု ရဲ့ တက်ခေါက်သံကို ကြားရကာ ..၊

“တောက် .. တီချယ်သေားမှာပါနေလို့ ဒီမိန်းမ ..”

“ဒုန်း ..”

နေရာမှ ဆတ်ခနဲထရပ်ကာ ထိုင်ခုံကို ခြေကန်ရွှေ့သည်။ ပြီးတော့ ဆလင်းဘက်ခ်ကို ကောက်လွယ်လိုက်ပြီး ..၊

“ယူ့ကို ဒီထက်သရုပ်ပျက် သိက္ခာကျအောင်လုပ်ပြမယ် ကြည့်နေလိုက် ..”

သူငယ်ချင်းတွေကအစ သူ့လူကိုယ့်လူ ကွဲပြားကာ တိုက်ခိုက်ရန်မူချင်သည့် အကြည့်တွေနှင့် လမ်းခွဲကြ၏။

ဒါပေမယ့် သူမတို့ ထွက်သွားကြတာနှင့် သူတို့အုပ်စုရယ်သံတွေ ထွက်လာကြကာ ..၊

“မင်း အကျီတစ်ထည်ဆုံးသွားရင်လည်း ခံလိုက်တော့ ပါဝါ .. ဟိုနှစ်ယောက် မင်းဘက်ကပင့်သွားတာနဲ့ သူ တော်တော်တင်းသွားတာနော် ..”

“ဟုတ်ပကွာ .. နေပါဝါ ဆိုတဲ့အတိုင်းပဲ ကံကတော့ တော်တော်ကို စူးရောက်ပါတယ်၊ ရည်းစားနှစ်ယောက်ပြိုင်ထားပြီး တစ်ချိန်တည်းနှစ်ယောက်စလုံး ဖြတ်လိုက်တာတောင် လုံးဝရှော့ခ်မရှိလိုက်ဘူး ..”

“မရှိတဲ့အပြင် ဖေးမစာနာစွာ ထောက်ခံမဲပေးသွားတဲ့လူတောင် ပေါ်လာသေးတယ် ..”

“ဟုတ်တယ် .. ပြောချင်တာက အဲဒါ၊ နေပါဦးဟာ အဲ့တစ်ယောက် ဘယ်သူလဲ ..”

“မသိဘူး .. တီချယ်သန့် နဲ့ ထိုင်နေတာပဲ၊ လှတော့ တော်တော်လှတယ် ..”



အားလုံးသည် သူငယ်ချင်းတွေရဲ့ ဝေဖန်ရယ်မောသံတွေပဲဖြစ်ကာ ထိုနေ့က ထိုနေရာမှာလည်း ‘မ’ ကို သူ စိတ်ဝင်တစားမဖြစ်ခဲ့သေး ..။

သူ့ရဲ့ စိတ်ဝင်စားမှုတွေက ‘မ’ ရဲ့ ထူးခြားသည့်တစ်ချို့ထစ်လေသော အယူအဆလေးတွေမှစ၍ ..၊

“မောင် တကယ်ပြောနေတာဆိုရင် လင်းလင်း ကလည်း ဆုံးဖြတ်ပြီးသားနော် ..”

“ဘာကိုဆုံးဖြတ်တာလဲ ..”

အင်းယားကန်စပ်မှာ ခြေတစ်ဖက်နောက်ပြန်လှမ်း၍ အံ့ကြိတ်နေသည့် သူမကို ခြေဆုံးခေါင်းဆုံးကြည့်၍ မေးခွန်းပြန်ထုတ်မိ၏။

ထိုနေ့က ရာသီဥတုကတော့ သာယာပါသည်။ မသာယာတာက သူနဲ့ လင်းလင်းမြတ်မောင် ဆိုသည့် မိန်းကလေးတို့ ညှိနှိုင်းမရနိုင်သည့် ပြဿနာပဲဖြစ်၏။

ထိုနေရာအနီးတစ်ဝိုက်လေးမှာပဲ ဖိနပ်ပြတ်ကြောင့် ခရီးဖင့်နေသည့် ‘မ’ က ရှိနေခဲ့သဖြင့် သူနဲ့ ‘မ’ တို့ရဲ့ ဒုတိယမ္ပိတွေ့ဆုံခြင်းဆိုရင်လည်း မမှား ..။

“လင်းလင်း က ချစ်သူအားကိုးနဲ့ မိဘ စီစဉ်မယ့်လူကိုငြင်းပြီး မိဘ ရင်ခွင်ထဲကနေ အပြီးထွက်လာခဲ့တာ ..”

“မင်းရဲ့ အပြီးစွန့်စားခြင်းက ကိုယ်ပါမှ ဖြစ်မယ်ဆိုတာ မင်း ကြိုတွေးရမှာ ..”

“ဘာ့ ..”

“ခု မင်းက ဆင်းလာပေမယ့် ကိုယ် အဆင်သင့်မဖြစ်သေးဘူး..”

“ဘာဝလက်တွဲဖော်ကိုရွေးတာပဲ မောင် .. မောင့်မှာ ဘာမှမရှိတာ လင်းလင်း အစတည်းကသိပြီးသား၊ လင်းလင်း ကတောင် စွန့်စားရဲသေးယ်ဆိုရင် ..”

“ကိုယ် အဲဒါတွေ စိတ်မဝင်စားချင်ဘူး လင်းလင်း၊ ချစ်သူဖြစ်ကြတာနဲ့ လက်ထပ်ဖို့ ပလန်တစ်ခါတည်းပါရမယ်ဆိုရင် ကိုယ်ထားခဲ့တာ

www.burmeseclassic.com

www.burmeseclassic.com



နဲ့သူတွေအများကြီးပဲ ..."

"သြော် .. သြော် .."

"မင်း သိပါတယ် .."

ပြောနေရင်း ခုတန်းကိုမှီ၍ ကျောမှီပေါ်မှာ လက်တစ်ဖက်ဆန့်တင်ထားလိုက်ကာ ..၊

"ကိုယ် ဘယ်လိုလူမှန်းမသိဘဲ မင်းက အားကိုးရဲပေမယ့် ကိုယ့်အပြင် နောက်ထပ်ဘဝတစ်ခုကို တာဝန်ယူနိုင်ဖို့ ကိုယ့်ဘက်က မသေချာဘူး .."

"မိုက်ရိုင်းလိုက်တာ .. မောင် .. မောင် ဒီလောက်ထိ ပြောထွက်တယ် ဟုတ်လား .."

"စကားတစ်ခွန်းလွယ်လွယ်လေးပြောပြီး မင်းဘဝကို မဖျက်ဆီးချင်လို့ .."

"ရတယ်လေ .. မောင်က 'ဆောရီး' လုပ်ပေမယ့် လင်းလင်း ကတော့ အဆုံးစွန်ထိ မျှော်လင့်ချင်သေးတယ်၊ လင်းလင်း မောင့်ရှေ့မှာပဲ ဒီတန်ထဲကို ခုန်ချမယ်၊ မောင့်ဆုံးဖြတ်ချက်ကို မပြင်နိုင်ဘူးဆိုရင် လင်းလင်းကို မောင် ဆင်းမကယ်နဲ့တော့ .."

"ဒါဆိုရင်တော့ တန်ဖိုးရှိတဲ့ မင်းရဲ့ဘဝကို မင်းဘာသာ ရေတိမ်နစ်အောင်လုပ်လိုက်တာပဲ၊ မင်း မျှော်လင့်ခဲ့တာကိုရော၊ ကိုယ် ဘယ်လိုဆုံးဖြတ်ရမလဲဆိုတာရော ဘာမှ ကိုယ် စိတ်မဝင်စားဘူး၊ မင်းကို စေတနာနဲ့ ပြောချင်တာက ကိုယ့်အိမ်ကိုပြန်လိုက်ပါ .."

"လုံးဝ မပြန်ဘူး .."

သူမက ရေထဲကို တကယ်ခုန်ချသည်။ သူ ဆယ်လိုက်တာနဲ့ သူမအတွက် ဘယ်လိုသတ်မှတ်ချက်ဖြစ်သွားမယ်ဆိုတာ သိနေသဖြင့် သူ ဒီတိုင်းပဲ ထိုင်ကြည့်နေလိုက်၏။

ညာဘက်ပါးစောင်မှာ ဖိကပ်ဝါးနေသည့် ပီကေကို ဘယ်ဘက်ကို လျှာလွှဲပို့လိုက်ပေမယ့် သူ့ခြေတွေလက်တွေက တုပ်တုပ်မှ မလှုပ် ..။



ရေပြင်ပေါ်မှာ သူမ ငုတ်ချီပေါ်ချီဖြစ်နေတာကို အေးဆေးကြည့်နေလိုက်ရင်း သူမအတွက် သူ တစ်စုံတစ်ရာ စိုးရိမ်နေမိသလား၊ သူမ စဉ်းစားဆုံးဖြတ်နိုင်းထားသည့်ကိစ္စရပ်အပေါ်မှာ ပြေးလွှားရွေးချယ်နေမိသလား ..။ ဒါမှမဟုတ် သူ အပြင်ပန်းဟန်ဆောင်မှုနဲ့ တည်ငြိမ်နေပြီး ရင်ထဲမှာ လှုပ်ရှားနေခဲ့သလား ..၊

ကိုယ့်ကိုယ်ကိုယ် ပြန်မေးကြည့်မိသည်။

လူတိုင်း ကိုယ့်အသက်ကိုတော့ နှမြောကြသည်။ သူမက မနှာမြောဘူးဆိုရင် ကြားဝင်နှမြောပေးဖို့ လိုလို့လား ..၊

မေးဖျားတို့ ခပ်ဖိဖိလှုပ်ခတ်ရင်း သူ ပြုံးလိုက်မိသလား၊ အံကြိတ်လိုက်တာလားမသိ ..။ ဒါပေမယ့် သူ့ရှေ့ကို လူတွေစုရုံးရောက်လာပြီး သေချာပေါက်စွပ်စွဲကြလေသည်။

"မင်း အကြံအောင်သွားလို့ မင်းက ပြုံးနေတာလား .."

"တော်တော် ယုတ်မာတဲ့ကောင် .."

"ကျုပ်လည်း လှမ်းမြင်တယ်၊ သူ တမင်ခုန်ချခိုင်းတာ .."

"ဟိုမှာ နစ်နေတာကို မဆယ်ဘဲနဲ့ အေးဆေးကို ထိုင်ကြည့်နေတာဗျာ၊ အံ့ပါရဲ့ .."

"သူ့ကြောင့် ကောင်မလေး ကံကောင်းလို့ မသေတယ်၊ ဟောကောင် ထစမ်း .."

သူ့အင်္ကျီရင်ဘတ်စကို တစ်ယောက်က ဆောင့်ဆွဲလိုက်ပြီး သောက လူနှစ်ယောက်က နီးရာလက်နက်တစ်ခုခုရှာ၏။

နောက်ထပ်ရှိနေသည့်လူတွေကလည်း သူ့ကို ဝိုင်းဝန်းချုပ်နှောင်ကြမှာလား၊ ဝိုင်းရိုက်ကြမလို့လား၊ အားလုံးကအဆင်သင့်ရှိနေကြလျက် ..။

"ဒီအရွယ် မိန်းကလေးကို တမင်ခုန်ချခိုင်းရအောင် သူက မော်ဆော်မှ မဟုတ်ဘဲရှင့် .."

အမျိုးသမီးတစ်ယောက်က သူ့ရဲ့ညာဘက်ဘေး မလှမ်းမကမ်းမှ လူတွေဘက်ကို ရင်ဆိုင်ရပ်ရင်း ..၊

www.burmeseclassic.com

www.burmeseclassic.com



"သူ နိုင်းတိုင်းလိုက်ခုန်ချတယ်ဆိုရင်လည်း ကိုယ့်အသက်ကို သေမှာမကြောက်တဲ့အထိ ရူးနေလို့နေမှာပေါ့ .."

"မင်းက ဘာဆိုင်လို့ဝင်ပြောနေတာလဲ၊ ဟိုကောင်မလေးက သူ့ပြဿနာတစ်ခုခုကို ဖြေရှင်းမရတော့ ဒီလိုလုပ်သွားတာ၊ ဒီကောင်က ယောက်ျားဖြစ်ပြီးတော့ .."

"ပြဿနာတစ်ခုခုဆိုတာ ဘာလဲ .. ရှင်တို့သိလို့လား .."

မဆီမဆိုင် ယောက်ျားတစ်ယောက်အပေါ်မှာ 'မ' က ရဲရဲဝင့်ဝင့်ဖြေရှင်းသွားခဲ့သည်။ လင်းလင်း ကို ရေထဲကဆယ်ထားကြသဖြင့် သူမလည်း သတိရနေပြီဖြစ်သည်။

'မ' ရဲ့ စကားကြောင့် အားလုံးတွေဝေသွားကြသည်။ လင်းလင်းဘက်ကို မသိမသာလှမ်းကြည့်လိုက်ကြကာ၊ တစ်ချို့က သိသိသာသာလှည့်ကြည့်၏။

လင်းလင်း ဘာမှမဖြေရှင်းတော့ဘဲ နေရာမှ ထွက်ပြေးသွားတဲ့အထိ 'မ' က စိတ်ရှည်လက်ရှည်စောင့်နေခဲ့ပြီး ..၊

"မိန်းမသားချင်း မစာနာလို့မဟုတ်ပါဘူး၊ ဒါပေမယ့် ဒီလိုကိစ္စတွေက ကာယကံရှင်တွေသာ အသိဆုံး၊ သူတို့ချင်းပဲ ရှင်းသင့်ပါတယ်"

"ဒါပေမယ့် အသက်တစ်ချောင်းက သူ့ရှေ့မှာ .."

"အဲဒီ အသက်တစ်ချောင်းက သူ့အသက်မှမဟုတ်ဘဲ၊ ရှင်တို့နဲ့လည်း မဆိုင်ဘူး၊ ရေထဲကို သူ့ဆန္ဒနဲ့သူ ဆင်းသွားတဲ့အတွက် ဘာကြောင့်ဒီလိုလုပ်တယ်ဆိုတာ ကာယကံရှင်တွေပဲသိကြတာ .."

ဝိုင်းဝန်းထိုးနှက်ကြမလား၊ တုတ်တွေခဲတွေနဲ့ ဝိုင်းထုကြမှာလား၊ သူကတော့ ထိုအန္တရာယ်တွေကနေ လွတ်မြောက်သွားခဲ့၏။

"သူ ဝင်မကယ်လည်း မင်း ဒီလူတွေ ဝိုင်းထိုးတာခံရလောက်အောင်မတုံးပါဘူး ပါဝါ ရာ၊ အအေးဆိုင်မှာဖြစ်ခဲ့တုန်းကလို နွေယု ကို မင်းပြန်ပက်မလို့ ကိုင်လိုက်ပြီးမှ အသာလေးပြန်လွှတ်ပြီး မလိမ်ဖိုးမလိမ္မာရုပ်လေးနဲ့ နေလိုက်တာမို့လား .."



သူငယ်ချင်းတွေက တန်းခနဲတွေးသည်။ သူ့စိတ် သူ့လက် မြန်တာတွေကို သိနေပြီးသားမို့ ထိုနေ့က ရင်ဘတ်မှာ လာကိုင်သည့်လက်ကို သူ ဖျတ်ခနဲဖမ်းဆုပ်လိုက်သည့် မြင်ကွင်းကိုပဲ သူတို့မြင်ကြသလိုလို..။

"ပါဝါ .. သူ့ကို မင်း ဘာမှမပြောလိုက်ဘူးလား၊ နှစ်ခါတောင်ရှိပြီကို .."

"မပြောလိုက်ရဘူး၊ လူတွေ ကျွတ်ခနဲဝင်သွားတာနဲ့ သူလည်းထွက်သွားတာပဲ .."

"အဲ့ဒါ ဘာလဲ .."

"မသိဘူးလေ .."

သူ တကယ်မသိသည့်ကိစ္စပါ။ သူငယ်ချင်းတွေကတော့ လက်မခံ..။

"ဒါ တိုက်ဆိုင်တာ သိပ်မဖြစ်နိုင်ဘူး .."

"ဟုတ်တယ် .. လမ်းဟောင်းတွေကိုဖယ်ပြီး စိတ်ဝင်စားစရာအကောင်းဆုံး ချဉ်းကပ်နည်းသုံးသွားတာ .."

"မင်းတို့ အဲ့လိုထင်လား၊ ငါကတော့ စိတ်ဝင်စားတယ်၊ လုံးဝအတိအကျ .."

သူမ မာယာသုံးသွားတာမဟုတ်မှန်း စိတ်က ခံစားမိနေသည်။ ပခုံးတစ်ဖက်စီကနေ ရင်ဘတ်ပေါ်ကျနေသော ဆံနွယ်တစ်ချို့ကို ကြည့်ခြင်းအားဖြင့် သူမ ဆံပင်အရှည်ဆုံးက ကျောလယ်လောက်ရှိလိမ့်မည်။ အဖြောင့်တစ်ဝက် အကောက်တစ်ဝက်နှင့် ဆံပင်ပုံကလှသည်။ ထို့ပြင် ကကြီးပုံ နဖူးပြေပြေလေးက မဟာဆန်အောင် လှနေသဖြင့် သူမအလှက မရိုင်းမယဉ်လေး ..။

မျက်ခုံးတန်းထူထူလေးတွေက ထင်းနေပြီး သွယ်၍ အဖျားရှူးသွားတာမျိုးတော့မဟုတ်။ မျက်တောင်ကော့လေးတွေနဲ့ မျက်မှောင်ကုတ်လိုက်တိုင်း ကြည့်လို့ကောင်း၏။

ခေတ်ဆန်ဆန် မြန်မာဝတ်စုံနှင့် အရှိုက်အဝန်းလေးတွေက ကောက်ကြောင်းဆွဲထားသည့် ပန်းချီပုံလေးလိုပင် ..။

www.burmeseclassic.com

www.burmeseclassic.com



"'လှလှတော့ အရုပ်လို၊ အရုပ်လှတော့ လှူလို' တဲ့ ..။ သူ့အလှမှာ ငါ နွံနစ်နေပြီ .."

"ဆွဲမနှုတ်နဲ့ သေလိုက်တော့ .."

နောက်ထပ် 'မ' ကို တွေ့ဖို့ သူ ကြိုးစားရသည့်အလှည့်ကို ရောက်ခဲ့သည်။ တစ်ခါ မောလာတိုင်း ညည်းညူနေသဖြင့် သူငယ်ချင်းတွေက မေတ္တာထားရှာ၏။

"တီချယ် .. တီချယ် ခဏလေးပါ .."

ဆရာမ ဒေါ်ယဉ်ယဉ်သန့် ကို ချဉ်းကပ်ပြီး 'မ' ရဲ့ အကြောင်းကို မေးရတာလည်း ခဲခဲယဉ်းယဉ်း ..။

"သူက လှသလောက် သူ့စိတ်ကိုက ထူးဆန်းတယ်၊ ငါ မင်းတို့ကို မျက်စိနောက်လွန်းလို့သာ ပြောပြရမှာ၊ သူ့ကို ဟိုလိုဒီလို နောက်ယှက်ဖို့တော့ မဟုတ်ဘူးနော် .."

'မ' ရဲ့ နာမည်ကအစ၊ သူမမှာ စိတ်ဝေဒနာရှင်မိခင်ကြီးရှိခဲ့ပြီး ဆုံးသွားတာ မကြာသေးကြောင်း သိခဲ့ရ၏။

ထို့ပြင် အိမ်ထောင်ရေးပြဿနာတစ်ခုနှင့် နိုင်ငံခြားကို အပြီးတိုင်ထွက်သွားသည့် ညီမရင်းတစ်ယောက်လည်းရှိခဲ့သည်။ 'မ' ရဲ့ ခံစားချက်တွေ ရင့်သန်နေခဲ့တာ ထိုညီမ အလိမ္မာကြောင့်လို့လည်း ဆို၏။

"ဆိုဆုံးမ မလွယ်တဲ့ ညီမပေါ့၊ သူ့ညီမကြောင့် သူ့စိတ်တွေမာကြောလာတယ်ပဲပြောရမလား၊ မင်းမင်း က အစတုန်းက နူးနူးညံ့ညံ့လေးရယ်၊ ရေငုံနှုတ်ပိတ်နေလွန်းလို့ ပြောသင့်တာလောက်တော့ ပြောပါဟယ်လို့ တီချယ်တို့တောင် တိုက်တွန်းယူရတယ် .."

'မ' အကြောင်းက စိတ်ဝင်စားစရာတွေနဲ့ဖြစ်သည်။

"သူ့ကို လူတော်တော်များများက မိန်းကလေးဖြစ်ပြီး မိန်းကလေးထုဘက်က မရပ်တည်ရကောင်းလားလို့ ပုတ်ခတ်ကဲ့ရဲ့ကြတယ်၊ တစ်ချို့ကတော့ 'မိဘအုပ်ထိန်းမှုနဲ့ ကြီးလာတာမဟုတ်သလိုပဲ 'ဥ' တစ်လုံး ဘဝနေမှာပေါ့' စသဖြင့်ပေါ့ကွာ၊ အမျိုးမျိုးဝေဖန်ကြတာ၊ တကယ်တော့



သူ ဒီလိုတွေ ဖြစ်လာခဲ့တာ သူ့ညီမလေးကြောင့်တဲ့ .."

'မ' အကြောင်းတွေ သူအများကြီးသိခဲ့ရသည်။ ခုကျတော့ ဘယ်ရကြောင့် သူ့အသည်းကို ခွဲရက်တာလဲ ..။

မျက်လုံးမကောင်းဘူးဆိုတဲ့ 'အဖေ' ကြောင့်လား၊ စင်ကာပူကို အပြီးထွက်သွားတဲ့ ညီမက ပြန်လာပြီး ဒီကောင်ကိုမကြိုက်ရဘူးလို့ ပြောလိုက်လို့လား ..၊

ဘာကြောင့်လဲ ..၊

"တောက် .."

နောက်ထပ် တက်ခေါက်မိကာ စတီယာရင်ကို လက်သီးနဲ့ ထုလိုက်မိသည်။ 'မ' ကို သူမေးရမှုဖြစ်မည်။ သူ့ငွေကြေးတစ်ယောက်နဲ့ လက်ထပ်တော့မည်ဆိုတော့ သူကတော့ သူဌေးမဟုတ်လို့လား ..။

မီးပွိုင့်ဖြတ်မိသဖြင့် ကွေ့တက်လာသည့်ကားတစ်စီးနဲ့ ချိတ်မိတော့မလို့ သီသီလေး ..။

"တီ ...."

ဟွန်းသံရှည်တစ်ချက်ဆွဲကာ ကွေ့တက်သည့်ကားထဲက ခေါင်းတစ်လုံးထွက်လာပြီး ကျူကျူနန်ဆဲသွား၏။ ပတ်ဝန်းကျင်ဘာတွေဖြစ်နေနေ သူ ဂရုမစိုက်မိပေ။ ကားမောင်းရင်း 'မ' ဆီကို ဖုန်းခေါ်လိုက်သည်။

စိတ်တွေက ပဲ့ပွပွန်ဆီ ပြန်ရောက်လာတာနှင့် ဒေါသက ပွက်ပွက်ဆူနေသော ရေနွေးအိုးကြီးကဲ့သို့ ..၊

"ဟဲလို .. ဟဲလို .. 'မ' ဖုန်းကိုင်ဦးကွာ၊ နောက်ထပ် ဆယ်မိနစ်စောင့်လို့မှ ထပ်ခေါ်မရရင် 'မ' ဆီကို ကျွန်တော်လာပြီ .."

အသံမက်ဆေ့ချ်ထားခဲ့ပြီး တက်ခေါက်လိုက်သဖြင့် မက်ဆေ့ချ်ထဲမှာ အလုံးစုံပါသွားနိုင်၏။ ထိုအခါ 'မ' ရဲ့ ဒေါသတွေကို သတိတရဖြစ်လာခဲ့မိသည်။

"တို့ကို ဒေါသတွေလာပြမနေနဲ့ အပါ .. မင်း ဒေါသတွေကြောင့် တို့က ကြောက်လန့်သွားမှာမဟုတ်ဘူး၊ တို့ဆုံးဖြတ်သင့်တဲ့ကိစ္စကို ဆုံး

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်လိုက်တာ၊ မင်းဆီမှာ ခွင့်တောင်းတာလည်း မဟုတ်ဘူး၊ အသိပေးတာ ..."

"ဘာမှထပ်မမေးနဲ့ ရှင်းပြလေ မင်းအတွက် မကောင်းလေဆိုတော့ မင်း မသိတာအကောင်းဆုံးပဲ" တဲ့ ...။

"ဟွန်း ..."

ကားကို 'မ' ရဲ့ အိမ်ဘက်ကိုဆွဲကွေ့ပစ်လိုက်ရင်း နှုတ်ခမ်းကို မဲ့ရွဲ့ပစ်မိသည် ပြီးတော့ နားကျပ်ကိုဆွဲဖြုတ်ပစ်မိကာ ...

မရဘူး 'မ' ခင်ဗျားခွင့်တောင်းတောင်း မတောင်းတောင်း ခင်ဗျားကို ဘယ်ကောင်နဲ့မှ လက်ထပ်ခွင့်မပြုနိုင်ဘူး ...။



## အခန်း (၂)

"တောက် ..."

သော့တန်းလန်းနှင့် ကြိုးဆိုနေသည့် ခြံတံခါးကြီးကိုကြည့်ကာ ဒေါ်သတို့ ဘယ်လိုထိန်းချုပ်ရမှန်းမသိ ...။ ဖုန်းခေါ်တော့လည်း လေးခါတိတိ ခေါ်နေပေမယ့် လုံးဝမကိုင် ...။

သူ့ နွဲ့မလျှော့ဘဲ ခြံရှေ့က အုတ်ခုံလေးမှာထိုင်သည်။ ပြီးတော့ အနေအပြန်သွားကာ နောက်ပြန်မှီနေခဲ့၏။ ပြီးတော့ လမ်းလျှောက်လိုက် နာရီကြည့်လိုက် ...။

နောက်ထပ်ပြီး ဖုန်းခေါ်တာလည်း ဘယ်နှစ်ခါမှန်းတောင် မသိတော့ပေ ...။

'မ' တကယ်ပဲ ပြတ်ပြတ်သားသား ဆုံးဖြတ်ပစ်လိုက်တာလား...၊

တကယ်ရင်ဆိုင်နေရပေမယ့် တကယ့်အဖြစ်လို့ လက်မခံနိုင်၊ 'မ' ရဲ့ ဖုဆ်သိက္ခာကို သူ လေးစားခဲ့သည်။ 'မ' ရဲ့ အချစ်ကိုလည်း အကြွင်းမဲ့ ယုံကြည်နေခဲ့၏။

"မင်း တို့ကို မေ့လိုက်တော့ အပေါ ...၊ ချစ်တိုင်းမညားကြဘူးဆို



www.burmeseclassic.com

www.burmeseclassic.com



တာ ငါတို့လက်ခံနိုင်ဖို့ကြိုးစားရမယ်"

လို့ 'မ' ပြောခဲ့တုန်းက ဒါဟာ ချစ်သူတိုင်းဖြစ်တတ်ကြတဲ့ အဆင်မပြေမှုတစ်ခုတစ်လေလို့သာ ထင်ခဲ့သည်။

ဒါတို့ ဖြေရှင်းရင်ပြီးသွားမှာပဲလို့ တွက်ခဲ့တာလည်း သူ့အမှားသာ…။

'မ' ဘာဖြစ်လို့ ဒီလောက်ထိပြောင်းလဲသွားတာလဲ …။ သူဒွေးတစ်ယောက်နဲ့ လက်ထပ်လိုက်မှ အဆင်ပြေနိုင်မည့်အခက်အခဲက ဘယ်လိုအခက်အခဲမျိုးလဲ …။

အချိန်တွေသာ တရွေ့ရွေ့ကုန်လာသည်။ 'မ' က ပြန်ရောက်မလာခဲ့ပေ။ ဒီအိမ်လေးမှာ 'မ' နဲ့ သူမရဲ့ အဖေ နှစ်ယောက်ပဲနေကြသည်။

နှစ်ယောက်စလုံး ညနေ နေဝင်ချိန်အထိ မရှိကြတာ ဘယ်လိုအကြောင်းတွေနဲ့လဲ …။

သူ့စိတ်ကူးတွေက ဖုန်းသံကြောင့် ပျက်ရကာ …၊

"ပြော …"

"ဝါဝါ … မင်း ဘယ်မှာလဲ …"

"ဘာလုပ်မလို့လဲ၊ မင့်ကား ညကျလာပို့ပေးမယ် …"

"ဟာကွာ … မဟုတ်ပါဘူး၊ ကားက ဒီနေ့ လုံးဝဖရီးရွှေ့လို့ရတယ်၊ မင်းဘိုးတော်ကြီးဆီက ဖုန်းမလာဘူးလား …"

"ဘာလို့လာရမှာလဲ … ငါနဲ့ လိုင်းပြတ်နေတာကြာပြီ …"

"အေး … အဲ့ဒါ ငါ့ဖုန်းနံပါတ် ဘယ်ကရသွားလဲမသိဘူး၊ ခုနကပဲ မင့်ဖုန်းနံပါတ်တောင်းလို့ …"

"ပေးလိုက်ရောလား …"

"မပေးလို့ရမလားကွ … မင်းနဲ့ငါ အတူရှိနေတာသိတယ်လို့ တမင်ခနဲပြောချလိုက်တာ …"

"ကျွတ် …"

"အဲ့ဒါ မင်း ငါ့ကို ကျိုင်ပူမှာစိုးလို့ ကြိုပြောထားတာ၊ မင်း ကြာလည်းကြာပြီပဲကွာ အဆင်ပြေအောင် နေလိုက်ပါတော့ …"



"မင်း အသာနေစမ်းပါ … ဒါပဲလား …"

"ဟာ … နေဦး၊ မင်းအခု ဘယ်မှာလဲ …"

"ဘယ်မှာဖြစ်ဖြစ် …"

ပြောပြီး ဖုန်းချပစ်လိုက်သည်။ နောက်ထပ် ဘာဖုန်းမှ ထပ်မလာအောင် ကဒ်ထုတ်ထားလိုက်ဖို့ စိတ်ကူးမိသော်လည်း …၊

"ကျွတ် …"

ဖုန်းမြည်နေတာကို ရှုးစိုက်ကြည့်ရင်း စုတ်သပ်မိသည်။ ပြောချင်တာက တစ်ယောက်၊ ပြောရဖို့ ဖြစ်လာတာက တစ်ယောက် …။

ဖုန်းကို ဒီတိုင်းကြည့်နေပြီး နောက်ထပ်ပြန်ခေါ်တော့မှ ကိုင်လိုက်မိကာ …၊

"ဟလို …"

"အပါ … မင်း တမင်မကိုင်ဘဲနေတာမို့လား …"

"ကျွန်တော် ပြန်မလာဘူး …"

"အေး … သိတယ်၊ မင်း ဒါပဲပြောမယ်ဆိုတာသိပြီးသား၊ အခု တို့ကိုမောင် က မင်းပြန်လာမယ်ဆိုရင် မင်း စိတ်တိုင်းကျ အားလုံးဖြစ်စေရမယ်လို့ပြောခိုင်းတယ် …"

"ဘယ်သူက ဘာဖြစ်ချင်ပါတယ်ပြောမိလို့ အလဲအလှယ်တွေလာလုပ်နေတာလဲ …"

"အပါ ရာ … မင်း တော်တော်ခက်ပါလား …"

"ဟုတ်တယ် … ကျွန်တော်က ဆုံးဖြတ်ချက်တစ်ခုကို လွယ်လွယ်ချခဲ့တာမဟုတ်ဘူး၊ ခုလို ထွက်လာခဲ့တာလည်း ဖေကြီးဆီက အပေးအယူစကားတွေကြားလာရမှာဆိုတဲ့ မျှော်လင့်ချက်တွေ မပါဘူး …"

"အေးလေ … အဲ့ဒါတွေ ငါတို့အားလုံးသိတယ်၊ သူ ပြောချင်တာ အလည်း မပြေလည်မှုတွေကို ဖြေရှင်းပေးဖို့ …"

"ဖြေရှင်းဖို့မလိုတော့ပါဘူး၊ အစတည်းက ရှုပ်လာမှာတွေကို သိနေလို့ ကျွန်တော် သတိပေးခဲ့တယ်၊ ကိုယ်ထင်ရာကိုယ်လုပ်ပြီးမှ ဖြေမယ်

www.burmeseclassic.com

www.burmeseclassic.com



ရှင်းမယ်နဲ့ ဘာလုပ်မှာလဲ ..."

တစ်သက်လုံးကောင်းရာကောင်းကြောင်း နေလာပြီးမှ ကြီးမှဝက်သက်ပေါက်သည်။ အသက်ငယ်ငယ်ချောချောလှလှလေးဖို့ မက်မောမိပါသည်ဆိုရင်တောင် နားလည်ပေးလို့ရသေးသည်။

ခုတော့ ကိုယ်နဲ့သက်တူရွယ်တူဖြစ်သည့်ပြင် ဒီမိန်းမကြီးမှာ သားသမီးတွေကြီးကောင့်ကြီးမား လက်ငုတ်လက်ရင်းနှင့် ...။

"မင်း ဒီလောက်ဆန္ဒပြရရင် တော်ရောပေါ့ အပါ၊ ကိုကိုမောင့်ဘက်ကလည်း မင်းကို ဒီထက်ပိုပြီး လိုက်လျောစရာမရှိတော့ဘူး၊ အိမ်ထောင်မြဲတယ်ဆိုတာ လူကြီးတွေဖြစ်ဖြစ် လူငယ်တွေဖြစ်ဖြစ် ဆုံးဖြတ်ချက်မှားခဲ့သည်ဖြစ်စေ မှန်သည်ဖြစ်စေ ဖြစ်ပြီးသွားရင် ပြန်ဖျက်ဖို့မသင့်တဲ့အရာ ..."

"အဲ့ဒါကိုပဲ ကျွန်တော်ပြောတာ၊ ဖေကြီးက သူ့အိမ်ထောင်ရေးကို ကျွန်တော်က ဖျက်ပစ်စေချင်တယ်လို့ထင်နေတာလား ..."

"ဒါကတော့ ..."

"စိတ်မဝင်စားဘူး လေးလေး၊ ကိုယ်ထင်ရာကိုယ်လုပ်ပြီးရင် ဘွာမခတ်ကြေးပဲ၊ ဖေကြီးလုပ်ခဲ့တာကိုမကြိုက်လို့ ကျွန်တော်လည်း ကိုယ်ထင်ရာကိုယ်လုပ်ခဲ့တယ်၊ အဲ့ဒီမှာပြီးသွားပြီ ..."

"မဟုတ်ဘူး အပါ၊ အဲ့ဒီကမှစခဲ့တာ ... မင်းရဲ့ ဖေကြီးရင်ထဲကို မင်း ဝင်ကြည့်ဦး ..."

"သူလိုကိုယ်လိုပဲ ဘာမှမထူးဘူး ..."

"ထူးပါတယ်ကွာ ... မင်းကို သိပ်ချစ်တဲ့ အဖေပါ၊ တခြားမိဘတွေ သူတို့သားသမီးတွေချစ်တာထက် ..."

"ပိုချင်ပိုမှာပေါ့၊ 'နေမဝင် မိသားစု' မှာ ကျွန်တော်မှ မရှိတော့ရင် မျိုးတုံးပြီကိုး၊ အဲ့ဒီမိန်းမကြီးက နေမဝင်အင်ပါယာကြီးကို ထိန်းသိမ်းချုပ်ကိုင်သွားမယ့်သူလို့ ပြောသံကြားဖူးပါတယ်၊ ဘာလဲ ... အသက်ကြီးပြီး သွေးသားခမ်းခြောက်ကုန်လို့ မျိုးဆက်မထွန်းကားတော့ဘူးတဲ့လား..."



တမင်ရွဲ့မေးလိုက်မှန်း လေးလေး သိပါလိမ့်မည်။ ဒီမိန်းမကြီးက 'သူ့သားသမီးသုံးယောက်ထက် အချစ်ပိုစရာ ရင်သွေး မမွေးချင်တော့ပါဘူး' လို့ ပြောတာ တစ်အိမ်လုံးအသိ ...။

ကလေးတွေ မျက်နှာငယ်မှာစိုးသည်လို့ အကြောင်းပြတာတွေလည်းပါသည်။ နောက်ဆုံး ဆင်ခြေတစ်ခုက အသက်ကြီးမှ ကလေးမမွေးရဲတော့ပါဘူးလို့ဆိုခဲ့၏။

အသက်အရွယ်နဲ့ မလိုက်အောင် အလှတွေပြင်ပြီး သမီးတွေနဲ့အပြိုင်လင်းလက်နေတာကျတော့ ကောင်းလား။ ကိုယ့်အသက်ကို ပြန်မတွက်တဲ့အိမ်ထောင်ပြုဖို့ကျတော့ရော ဘယ်သူက အတင်းအကျပ်ဖိအားပေးနေလို့လဲ။

ဖေကြီးကိုလည်း မကျေနပ်ပေ။ ဒီမိန်းမကြီးကိုတော့ မျက်နှာချင်းတောင်မဆိုင်ချင် ...။

အိမ်မှာ လူကို ဟိုပြောဒီပြော နေရာတကာ ဝင်ဝင်ပါတတ်တာကအဆိုးဆုံးဖြစ်၏။ ထို့ကြောင့် သူ ထွက်လာခဲ့သည်။ ထွက်လာပြီဆိုတည်းက 'ဘုရင့်နောင်' လို ဖောင်မဖျက်ခဲ့ပေမယ့် ကိုယ်ဆုံးဖြတ်ချက်နဲ့ကိုယ်ဖြတ်သားခဲ့သည်။

ခုဆို ကိုယ့်ကိုယ်ကိုယ် ဘယ်ဇာတိ၊ ဘယ်သူ့သားဆိုတာ မပြောမိဖို့ အထူးတလည်မျိုးသိပ်နေဖို့တောင် မလိုတော့ပေ။ မေ့ပင်အောက်ကို မရောက်ခဲ့ဘဲ မေ့တတ်နေပြီဖြစ်၏။

"အပါ ..."

"ကျွန်တော် နားထောင်နေပါတယ် ..."

ပြောသံက ငေါက်ဆတ်ဆတ်ဖြစ်သွားနိုင်တာ ကိုယ့်ဘာသာသိနေသည်။ သူ့ကို အပါ လို့ ခေါ်တာဆိုလို့ အိမ်ကလူတွေနဲ့ 'မ' တစ်ယောက်သာရှိသည်။

ခုချိန်မှာ 'အပါ' ဆိုသည့် ခေါ်သံကို 'မ' ဆီကမဟုတ်ဘဲ ဘယ်သူခေါ်တာမှ နားဝင်မချိုနိုင် ...။

"မင်း ခဏဖြစ်ဖြစ် ပြန်လာခဲ့ပါဦး၊ ကိုကိုမောင် မင်းကိုပြောစရာ

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရှိနေတယ် ..."

"ကျွန်တော့်မှာ ဘာမှမရှိဘူး ..."

"အေး .. မင်း ရင်ထဲမှာ ဘယ်လောက်ပဲ အထင်လွဲခါးသီးနေနေကွာ .. မိဘကို မင်းကြိုက်သလို တုံ့ပြန်ဆန့်ပြလို့ရတယ်၊ ကိုယ့်ဘဝတက်လမ်းတွေကိုတော့ မပိတ်ဆို့ပါစေနဲ့၊ မင်းအဖေက ငါတို့ဆွေမျိုးစုတွေထဲမှာ မျိုးရိုးဂုဏ်သိက္ခာအရ ပါအကြီးဆုံး၊ အခြေအနေအဆင့်အတန်းအရ အမြင့်ဆုံး ..."

ဦးသိန်းဖံ က ဦးမောင်မောင်ကြီး ရဲ့ သူငယ်ချင်းလည်းဖြစ်သလို၊ ညီဝမ်းကွဲလည်းတော်သူဖြစ်သည်။ 'နေမဝင်' မိသားစု၏ မျိုးဆက်တိုင်းက သားသမီးတစ်ယောက် သို့မဟုတ် နှစ်ယောက်ထက်ပိုခဲ့တာမရှိပေ။

ထို့ပြင် တခြားသော ဆွေမျိုးစုတွေရဲ့ ရှိသေကြည်ညိုခံ အကြီးအကဲဆိုလည်း မမှား ...။

'နေမဝင်' မျိုးရိုးတိုင်းက တော်ကြထက်ကြသလောက် မျိုးဆက်တိုင်းမှာ ကြီးပွားသည်ထက် ကြီးပွားအောင်မြင်အောင်သာ ကြိုးစားစိုက်ထုတ်ခဲ့တာရှိသည်။ လေလွင့်ပျက်စီးသွားတဲ့သူဆိုတာ ရာဇဝင်မှာ မရှိခဲ့ပေ။

ထို့ကြောင့် ဦးမောင်မောင်ကြီး ရဲ့ သောကက အချိန်တိုင်း ဒီသားကြောင့်ပဲ ဖြစ်နေခဲ့ရှာ၏။

"မင်းအဖေရဲ့သောကကို မင်း နားလည်ဖို့ကြိုးစားပါ လူလေးရာ၊ နေမဝင် မိသားစုရဲ့ မျိုးဆက်ကို ဒေါ်ချစ်ချစ် က မွေးပေးလို့လည်းမရပါဘူး၊ သူ ကလေးမွေးခြင်း မမွေးခြင်းက ဘာမှ မရေးပါသလို၊ မင်းအဖေစိတ်ပူနေတာကလည်း မင်း ဒီတိုင်းအနာဂတ်မဲ့စွာ နေထိုင်သွားမှာကိုပဲ။ မင်းရဲ့အနာဂတ်က 'နေမဝင်' မျိုးဆက်ရဲ့ အနာဂတ်ပဲ ..."

"အဲဒါတော့ မှားသွားပြီ လေးလေး၊ ကျွန်တော် ကိုယ့်အနာဂတ်ကိုတောင် မထိန်းကျောင်းနိုင်ဘူး၊ 'နေမဝင်' မျိုးဆက်ကြီးကို ဘယ်လိုလုပ်ပခုံးထမ်းရမှာလဲ ..."

"မင်းမှ စိတ်မဝင်စားဘဲ၊ အခု ဆွေမျိုးစုတွေထဲမှာ မင်းနဲ့ရွယ်တူတွေ၊ မင်းထက်အသက်ကြီးတဲ့ ညီအစ်ကိုတွေ အများကြီးပဲ၊ များသလောက်တော်ကြတယ်၊ သူတို့ရဲ့ ကိုယ်ပိုင်အရည်အချင်းတွေနဲ့ ကိုယ်ပိုင်စီးပွားရေးတွေ၊ လုပ်ငန်းတွေထူထောင်လို့ ..."



"ကျွန်တော်ကတော့ စိတ်မဝင်စားဘူး ..."

"အေး .. မဝင်စားတာတွေထဲက မင်း စိတ်ဝင်စားတာတစ်ခုတစ်လေကို ကိုကိုမောင် က သိချင်နေတာ၊ 'နေမဝင်' အိမ်တော်ကို ပြန်မလာချင်ရင်လည်း မင်း ဘာလုပ်ချင်သလဲ နိုင်ငံခြားမှာဖြစ်ဖြစ်ကွာ၊ စိတ်ဝင်စားတဲ့ လုပ်ငန်းတစ်ခုခု ..."

"လေးလေး ..."

"ဟေ ..."

"အခု ကျွန်တော် မိန်းမတစ်ယောက်ကြောင့် အသည်းကွဲနေတယ်..."

ဦးသိန်းဖံ ဘက်မှာ အသံတိတ်သွားသည်။

"လေးလေးရော အသည်းကွဲခဲ့ဖူးလား ..."

တစ်ဖက်က အသံတိတ်နေဆဲပင် ...၊

"ဟွန်း ..."

ဖုန်းကိုင်ရင်း တစ်ယောက်တည်းမဲ့ပစ်လိုက်မိသည်။ ပြီးတော့လမ်းလျှောက်နေရင်း နာရီကြည့်ရင်းနှင့် ...၊

"အသည်းကွဲနေတဲ့လူတစ်ယောက်ကို အလုပ်ကြိုးစားဖို့ပြောနေတာ ကျွန်တော် ဘယ်လောက်ထိနားခါးနေမလဲ လေးလေး တွေးကြည့်..."

"အဲ့ဒီ မိန်းကလေးက ဘယ်သူလဲ ပြောပြပါလား ..."

"မလိုတော့ဘူး၊ သူ ကျွန်တော့်ကို လမ်းခွဲသွားပြီ ..."

"ဟင်၊..."

ဦးသိန်းဖံ ဘက်က သက်ပြင်းချသံကြားလိုက်ရ၏။ ပြီးမှ ...၊

"ကိုယ့်ဆီ ပြန်မလာနိုင်တော့ဘူးဆိုတာ သေချာရင်လည်း ..."

"ချစ်တဲ့စိတ်ကို 'ရေအဆုံးကုန်းတစ်ဝက်' လို့ သဘောထားရအောင် ပစ္စည်းတစ်ခုကျပျောက်သွားတာမှ မဟုတ်ဘဲ၊ ဖေကြီးကို ပြောပြလိုက်ပါ၊

www.burmeseclassic.com

www.burmeseclassic.com



နေဝင် မျိုးဆက်တွေရဲ့ ဂုဏ်သိက္ခာကတော့ ဖေကြီး နောက်အိမ်ထောင် ပြုလိုက်တည်းက ကျပျောက်သွားတာ အဲဒါကမှ ရေအဆုံးကုန်းတစ်ဝက်..."

"အပါ ..."

"ကျွန်တော့်ကြောင့် မိသားစုဂုဏ်သိက္ခာထိခိုက်သွားပါတယ်ဆို ရင်လည်း ဖေကြီးနဲ့ ကျွန်တော် 'သရေ' ပဲ ..."

ဘာမှ ထပ်မပြောတော့အောင် သူပဲ အရင်ချုပ်စ်လိုက်သည်။

လောင်နေသည့် ရင်ဘတ်တစ်ခြမ်းကို အပူငြိမ်းနိုင်သေးဘဲ ဓားထမ်း တုတ်ထမ်း ငြင်းနေရတာ ရင်ဘတ်နှစ်ခြမ်းကွဲသွားနိုင်သည်။

ဖေကြီးနဲ့ သူ ဘယ်သူမှားနေသလဲ ...၊

ဘယ်သူမှားနေနေ ဖေကြီးက သူ့ကို အပြတ်ပြင်းအလိုရှိနေသည်။ ဒါ ဘာကြောင့်လဲဆိုတာ သူသိသလို ဘာသာပြန်ရမည်ဆိုလျှင် နေမဝင် မိသားစုရဲ့ ဂုဏ်သိက္ခာကြောင့်ပဲဖြစ်လေသည်။

ကိုယ့်ကိုလေးစားရိုသေကြသည့် ဆွေမျိုးအသိုင်းအဝိုင်းက လူငယ် တွေအားလုံး တော်ကြသည်။ ဖေကြီးက သူ့ကို သူတို့ထက် ပိုပြီးတော် စေချင်၏။

သူ စိုလိုထင်သလိုနေ ထင်ရာလုပ်နေခြင်းအတွက် ဂုဏ်သိက္ခာဆို သော စာအုပ်ကြီးကိုင်ပြီး ဖေကြီး ပွလောင်နေခဲ့သည်။

မှင်နီကြက်ခြေတွေချည်းဖြစ်နေသည့် သူ့ရဲ့ဘဝစာမျက်နှာတိုင်းကို လှန်လှောစစ်ဆေးရင်း အပြတ်ပြင်းလိုအပ်နေတာက သူ ပြန်လာဖို့ ...။

ကားထဲပြန်ဝင်ထိုင်ကာ ဖေကြီးနဲ့သူ့အကြောင်းတွေပဲ ဆက်၍ တွေး မိနေ၏။ ထင်သလိုလုပ်ခဲ့ကြတာချင်းအတူတူမှာ ဘယ်သူပိုမှားခဲ့သလဲ ...။

အမှားကြီး အမှားငယ်တွေ ခွဲခြားတည်ရှိနေတာမှန်လျှင် ဒါကို ဖေကြီး ခွဲခြားကြည့်သိစေမည်။

သူ သတ်မှတ်ထားတာက ခုချိန်ထိတော့ သူ မမှန်၊ ကိုယ်မမှား...



အခန်း (၃)

"ပါဝါ ..."

သူ့မျက်နှာကို မြင်သည်နှင့် မျက်လုံးတွေစူးရဲကျဉ်းမြောင်းသွား ကာ ကုတ်ချီသွားသည့်မျက်ခုံးအစုံက ထိဆက်မတတ် ...။

ပါဝါ က မျက်နှာကိုစေ့စေ့ကြည့်ပြီး ပြုံးသည်။ ရှေ့ဆက်ဝင်လာ ပေမယ့် မထိုင်ဘဲ သူ့ရှေ့စားပွဲမှာ လက်နှစ်ဖက်ထောက်၍ မျက်နှာချင်း ကာ ...၊

"မင်းကလား ... ဆောင်းမင်းသမီး ဆိုတဲ့ မိန်းမကို သိမ်းပိုက်နိုင် တာ..."

"ပါဝါ ..."

ဝေဒ ဟန်ကျပန်ကျထိုင်နေရာကနေ ဖျပ်ခနဲထရပ်လိုက်သည်။ တစ်ချိန်လုံး တခမ်းတနားရှိနေခဲ့သည့် ခန့်ညားသော အပြုံးတွေက အံ့ ဩခြင်းကြီးစွာ ဖြစ်ထွန်းနေလျက် ...၊

"မင်း ဘယ်လိုလုပ် ..."

"ငါမေးတာကို အရင်ဖြေပါ၊ ဆောင်းမင်းသမီး ကို အုပ်စီးထားတဲ့

www.burmeseclassic.com

www.burmeseclassic.com



င်းရဲ့ အဖိုးထိုက်တန်သော လက်နက်ကွန်ချာတွေကို ပြန်သိမ်းမလား၊ ရှေ့ဆက် တိုးမှာလား ..."

"ဟား .. မင်းက ခုမှ မိုးပေါ်ကကျလာသလို ငါ့ရှေ့ရောက်လာပြီး အာဏာတွေ ရာဇသံတွေနဲ့ .."

ပြောနေရင်း စားပွဲနောက်ကနေ ထွက်လာ၏။ ပြီးတော့ ပါဝါ့ရှေ့မှာ ရပ်လိုက်ကာ ..၊

"မင်းမင်း နဲ့ မင်းဘယ်လို ပတ်သက်နေတာလဲ .."

"တစ်လောကလုံး ထိခွင့်နမ်းခွင့်မရှိတဲ့ပန်းဟာ ဆောင်းမင်းသမီး ဆိုတဲ့ မိန်းမပဲ .."

"ဘာ!..."

အံ့ဩသွားသလို စူးစိုက်နားထောင်သည့် အမူအရာတွေလုပ်ပြီးမှ ဆဒ ကဟက်ဟက်ပက်ပက်ရယ်သည်။

"ပန်းဆိုရင် သူ့သဘာဝကိုက ခူးမယ့် နမ်းမယ့်သူရှိမှ ဂုဏ်မြင့်တာ၊ ဆောင်းမင်းသမီး က နာမည်ကသာ မင်းသမီး၊ သူ့ဘဝကတော့ မုဆိုးဖော်ပါကွာ .."

"ဝေဒ ဆိုတဲ့ကောင်ကလည်း လူကသာနိုင်ငံကျော်၊ သူ့အဆင့်က မိန်းမရဲ့ အောက်မှာပဲ .."

ဝေဒ မျက်မှောင်ကုတ်သွားသည်။ ပါဝါ က စိုက်ကြည့်၍ ..၊

"မင်း သူ့ကို လက်မထပ်ပါနဲ့ .."

"ဘာဖြစ်မှာလဲ ပါဝါ၊ ငါတို့က ဖိတ်စာတွေပါဝေပြီးနေပြီ၊ နေပါဦး .. မင်းနဲ့သူက ချစ်သူတွေလား၊ ဒါဆို သူက ငါ့ကို ဘာလို့လက်ခံလိုက်တာလဲ .."

ကိုယ့်ဘာသာ နားမလည်စွာ ရေရွတ်နေသလိုရှိကာ ပြီးမှ ဘာကို နားလည်ရမှန်းမသိတော့သလို ခေါင်းခါ၍ ..၊

"မဟုတ်သေးဘူး .. ငါ့ကို မင်းမင်း ဘာမှမပြောခဲ့ဘူး .."

"မပြောခဲ့တာက မင်းရဲ့ သိမ်းပိုက်မှုနှန်း ဘယ်လောက်မြန်ဆန်မြင့်



မားသလဲဆိုတာနဲ့ ဆိုင်တယ် .."

"ဒါကတော့ ငါလိုချင်တာ ငါယူနိုင်တယ်၊ ငါ့အရည်အချင်းနဲ့ ငါပဲလေ .."

"အေး .. အခုကစပြီး မင်းမှာ ဘာအရည်အချင်းမှ မရှိတော့ဘူးလို့ မှတ်လိုက် .. အိုဓေ .."

"အိုဓေစရာလားကွ ..၊ မင်း ငါ့ကို ဘာမှလည်း ရေရေရာရာမပြောဘူး၊ မင်္ဂလာကိစ္စစီစဉ်တယ်ဆိုတာ ငါတစ်ယောက်တည်း သတ်မှတ်ရတ် ရွေးလို့ရတာမဟုတ်ဘူး၊ လူကြီးတွေ စီစဉ်ကြတာ၊ အားလုံးလည်း သေချာနေပြီကို .."

"ငါ အညစ်အနွမ်းတွေ ထည့်မပြောချင်ဘူး ဝေဒ၊ မင်းက လူကြီးတွေကို ဆွဲထည့်ပြီး ကိုးကားမယ်ဆိုရင် ငါကလည်း မင်း နောက်ဆုတ်သွားစေမယ့် အကိုးအကားတွေ ဆွဲထည့်ရလိမ့်မယ်၊ အဲဒီတော့ ဘာဖြစ်ဖြစ် အိုဓေ .."

"ပါဝါ .."

သူ လှည့်ထွက်လာခဲ့သည်။ တံခါးနားရောက်တော့ အပြင်ကဝင်လာသည့် ဝေဒ ရဲ့ အတွင်းရေးမှူးမလေးနဲ့ မျက်နှာချင်းဆိုင်မိ၏။ ပါဝါ ခြေတစ်လှမ်းပြန်ဆုတ်၍ ဝေဒ ကို ပြန်လှည့်ကြည့်သည်။

နှုတ်ခမ်းမှာ ပြုံးနေသော ခပ်ရိရိမဲ့ပြုံးက အတွင်းရေးမှူးမလေးရဲ့ ကျောပြင်ကို ဖွဝဲရိုက်ခတ်သွားခဲ့လျှင် ..၊

"မင်း ..."

တစ်ခုခု မေးဖို့ အလျင်စလိုထရပ်လိုက်သည့် ဝေဒ မျက်နှာ ညိုမှောင်ပျက်ကျသွား၏။ ပြီးတော့ သူ့ကို အံ့ဩသလိုကြည့်နေသည့် သူမရဲ့ မျက်လုံးတွေကြောင့် ကိုယ့်ဘူဖြေကို ထိန်းလိုက်ရကာ ..၊

"သူဌေးအတွက် လန့်ချ်မှာပြီးပြီ၊ ညှိသည့်ရောက်နေတာ မသိလိုက်ဘူး .."

www.burmeseclassic.com

www.burmeseclassic.com



"ရတယ် …"

ဈက်နှာကို လက်ဖဝါးနဲ့ ဖိပွတ်ကာ စားပွဲမှာ နောက်ပြန်မှီလိုက်ပုံက လဲကျသွားတော့မယ့်အတိုင်း …။

"နေကောင်းရဲ့လား သူငွေး၊ ချွေးတွေစိုနေသလိုပဲ …"

သူမက တစ်ရှူးလေးတစ်စထုတ်ပြီး သူ့နားကပ်လာသည်။

"ရတယ် …"

တစ်ရှူးကိုင်ထားသည့် သူမရဲ့ လက်ကောက်ဝတ်လေးကို ဖမ်းကိုင်ထားလိုက်သည်။ ပြီးတော့ ပြန်တွန်းပစ်လိုက်ရင်း …၊

"အပြင်ခဏ ထွက်ပေး …"

သူ နေရာမှာ သွားပြန်ထိုင်တော့ သူမလည်း မရှိတော့ပါ။ ဒါပေမယ့် သူမ ဝင်လာတာရော၊ ပါဝါ ပြန်လှည့်ကြည့်လိုက်သည့် လှောင်ပြုံးကိုရော ပုံရိပ်တွေ သူ့မျက်လုံးထဲမှာ ကျန်ရစ်နေဆဲ …။

ထို့ပြင် …၊

"ငါ အညစ်အနွမ်းတွေ ထည့်မပြောချင်ဘူး …"

"ငါကလည်း မင်းနောက်ဆုတ်သွားစေမယ့် အကိုးအကားတွေ ဆွဲထည့်ရလိမ့်မယ် …"

ဒီစကားတွေမှာ အထပ်ထပ်အဖြေရှာရင်း နားလည်ဖို့နီးစပ်လာလေ၊ ချွေးပြန်ရလေ …။

သို့သော် မင်းမင်း ကို သူလိုချင်၏။



အခန်း (၄)

"ဟား … ဟား …"

ရယ်နေသည့် မျက်နှာက ခပ်မော့မော့နှင့် မျက်တောင်များတွေဝါ မှေးစင်းနေ၏။ ထူတန်းသည့် မျက်ခုံးအစုံသည် လေးထောင့်ဆန်သော မျက်နှာနှင့် ဘာ်ယ်ရှထောင့်ကဖြစ်ဖြစ် ကြည့်လို့ကောင်းနေသည်။

ပြီးတော့ အမြဲတမ်း အထက်စီးဆန်သော အကြည့်နှင့် ထိုလူဟာ…၊

"လွယ်လွယ်လေးပဲ ဟောကောင် … မင်းပြောတာတွေ တကယ်ဖြစ်နိုင် မဖြစ်နိုင် ခု ချက်ချင်းစမ်းသပ်လို့ရတယ်၊ မင်း ဆိုင်ကယ်လ်ဘရိတ် ကြိုးပြတ်နေပြီ၊ မသေချင်ရင် လွှတ်အောင်ကြိုးစား၊ သေချင်တယ်ဆိုလည်း သဘောပဲရှေ့လိုက်တော့ …"

"ဟာ … ဟိတ်ကောင် … မင်း … မင်းနော် …"

"ဒုန်း … ဒုန်း …"

မျက်လုံးထဲမှာ ပြာသွားသည်။ ရင်ထဲမှာတလှပ်လှပ်အေးနေတာက ဘာမှမကြားလိုက်ပေ။ ကားတွေ သူ့ဆီပြေးဝင်လာသည်။ ပြီးတော့ ပလက်ဖောင်း …၊

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ .. သစ်ပင်ကြီးတစ်ပင်၊ လေထဲမှာ ဒါန်းစီးနေသည်။ သူ့ဆီ တိုက်ရိုက်လွင့်လာ၏။

"အား .."

"သား .. လူလေး .."

"ဝေဒ .. ဝေဒ သတိထားလေ .."

"သူ သတိရလာပြီ .."

စကားသံတွေ ကြားလိုက်ရပြီး မျက်လုံးဖွင့်လိုက်သည်။ ဝိုးတဝါး ပုံရိပ်တွေက ချက်ချင်းပီပြင်လာသည်။ သူ့ဘေးမှာ အဒေါ်ဖြစ်သည့် အန်တီယုဇနနှင့် ကုမ္ပဏီက မိတ်ဆွေနှစ်ယောက်ရယ်၊ ပြီးတော့ လက်ထပ်ပြီးစ သူ့ရဲ့ ဇနီး ဆောင်းမင်းသမီး (ခေါ်) မင်းမင်း ..၊

"သား .. ဘယ်လိုနေသေးလဲ၊ သက်တောင့်သက်သာရှိရဲ့လား သား .."

"ဟုတ်ကဲ့ .. လူတွေဘာလို့စုံနေတာလဲ၊ ကျွန်တော် အိပ်ပျော်သွားတာပါ .."

သူ့အသံကြားမှ အားလုံးသက်ပြင်းချနိုင်ကြကာ ..၊

"အိပ်ပျော်သွားတာပေမယ့် အက်ဆီးဒင့်ဖြစ်ပြီးတည်းက မင်း ထူထူထောင်ထောင် မရှိသေးဘူးလေ၊ အိပ်ပျော်နေတိုင်း ကယောင်ကတမ်းတွေပြောတာလည်း တအားပဲ .."

ဒေါ်ယုဇန က စိတ်ပူနေသေးသည့် မျက်နှာနှင့် ..၊

"ဆရာ .. ဒီနေ့တော့ ဆေးရုံက ဆင်းလို့ရပြီပေါ့နော် .."

"ဒီနေ့တော့ မဆင်းပါနဲ့ဦး၊ ညနေလည်းစောင်းနေပြီဆိုတော့ စိတ်ချရအောင် မနက်ဖြန်မှ ဆင်းလိုက်ပါ .."

"ဟုတ်ပါတယ် အန်တီယုဇန ရယ်၊ ဒေါက်တာတွေလည်း စိတ်မချရသေးဘူးဆိုတော့ အိမ်မှာဆို ကြော်နဲ့လော့်နဲ့တွေနဲ့ .."

ဖေရဲထွတ် က ဒေါ်ယုဇန ရင်းနှီးနေသည့် မိသားစုဝင်တစ်ယောက်လိုပဲ အကြံပြုပြောရင်း ..၊



"ဆရာ .. သူ့ခန္ဓာကိုယ်အောက်ပိုင်းမှာ ဘာမှတော့ ကြီးကြီးမားမားတော့ မဖြစ်လောက်ပါဘူးနော် .."

ဒေါက်တာ့ မျက်နှာပေါ်မှာ အကြည့်တွေ စုပြုံသွားကြသည်။ ဝေဒရဲ့ မျက်လုံးတွေကတော့ ဘေးမှတိတ်တိတ်ဆိတ်ဆိတ်လေးထိုင်နေသည့် ဆောင်းမင်းသမီး ခေါ် မင်းမင်း ဆိုသော သူလိုချင်တပ်မက်ခဲ့သည့် လှယမင်းရုပ်လေး နှင့် သူမဆီ ..။

အဖျားခတ် တွန့်ခွေနေသည့် ကျောလယ်လောက်ဆံနွယ်တို့နှင့် နှာတံပေါ်တာကလည်း သိသာသည်။ မျက်ခုံးတန်းလေးတွေ ထူခဲနက်မှောင်နေတာလေးကလည်း လှ၏။

ပြီးတော့ သူမ၏ မျက်လုံးနဲ့ မျက်တောင်တွေကအစ ဘယ်လိုလှပါသည်လို့ပြောရလောက်အောင် မဟုတ်ဘဲ ပြာလဲ့သည့် မျက်ဝန်း၊ ခပ်သိပ်သိပ်မျက်တောင်နက်တို့သည် ..၊

"ကျွန်မတူက သူများလုပ်ကြံတာခံလိုက်ရတာ ဆရာ .."

ဒေါ်ယုဇန ရဲ့ မျက်လုံးတွေက မင်းမင်း ၏ မျက်နှာလေးဆီရွေ့သွား၏။ ပြီးမှ ..၊

"မိသားစုဝုဏ်သိက္ခာသာ ထည့်မတွက်ကြေးဆိုရင် ကျွန်မ ဒီလိုကိစ္စကို ဘယ်လိုမှ သည်းခံနေမှာမဟုတ်ဘူး .."

"မှန်တယ် ဒေါ်ယုဇန .. ပြစ်မှုမြောက်နေပြီဆိုရင် ဒါကို ဘယ်လိုအကြောင်းနဲ့ဖြစ်ဖြစ် ဖုံးဖိပျောက်ဖျက်ပစ်ဖို့ မသင့်ဘူး၊ ဥပမာ ခုလိုမျိုး မိသားစုဝုဏ်သိက္ခာတွေ၊ ငွေရမယ့်အကြောင်းကြောင်းတွေ ဘာညာပေါ့၊ ကိုယ်က ဒီလိုအကြောင်းတွေနဲ့ ပြစ်မှုကို ဖုံးဖိလိုက်ပေမယ့် ကျူးလွန်တဲ့သူကတော့ သူ့အတွက် နောက်ထပ်ကျူးလွန်ဖို့ အခွင့်အရေးရသွားတာပဲ"

"ကြားရဲ့လား လူလေး၊ မင်းရဲ့စကားတစ်ခွန်းပဲလိုတော့တာ၊ ခုမှ လက်ထပ်ပြီးတယ်၊ မင်္ဂလာဦးညမှာ မင်း လုပ်ကြံခံရတယ်၊ ဆေးရုံတက်နေရတာ သုံးရက်ရှိပြီ၊ မင်း ဒီလောက်ခံနေရတာတောင် တရားခံဘယ်သူလဲဆိုတာကို ခုထိ ဖုံးကွယ်နေတုန်း .."

www.burmeseclassic.com

www.burmeseclassic.com



"အန်တီကလည်း …"

"မင်းကို ဘယ်သူလုပ်ကြံတာလဲဆိုတာပဲပြော …"

မင်းမင်း ကို ကြိုက်နေတဲ့ကောင်လေးတစ်ယောက်က လုပ်ကြံခဲ့တာပါ။ ဒါကို သတင်းအတိအကျရပြီးသား …။

ဒါပေမယ့် ဝေဒ က ဝန်မခံ …၊

"ကျွန်တော့်အလုပ်ကလည်း ပြိုင်ဘက်တွေများတယ်၊ မိတ်ဆွေယောင်ဆောင်တဲ့ ရန်သူတွေလည်းရှိတယ်၊ ကျွန်တော်နဲ့ သိနေတဲ့လူတစ်ယောက်က လုပ်တယ်ဆိုတာနဲ့ပဲ …"

"ဒါဘယ်သူလဲဆိုတာ မင်းပါးစပ်က မပြောသေးတာကလွဲရင် အားလုံးသိကြတယ် ဝေဒ …၊ ငါမှာလည်း မင်း နေမကောင်းလို့ မျိုသိပ်နေရတာ၊ အဲဒါကိုပဲ တနုံ့နုံ့ခံစားနေရတာ သိရဲ့လား၊ ဘာဖြစ်လို့ မပြောချင်တာလဲ၊ သူငယ်ချင်းကို ငဲ့နေတာလား၊ သူ့ကြောင့်လား …"

မင်းမင်း ကို လှည့်ကြည့်ပြီး တည့်တည့်ပဲမေးဆတ်ပြလိုက်သည်။ ဝေဒ နဲ့ မင်းမင်း မျက်လုံးချင်းဆုံသွားကြ၏။

ပြာလဲ့၍ စူးတောက်နေသည့် မျက်ဝန်းလေးတွေထဲမှာ အန်တီ ပြောလိုက်တဲ့ 'သူ' ဆိုတာကို သူမ သိနေသလား။ ဝေဒ က မင်းမင်း ကို ကြည့်နေရင်းတွေးနေခဲ့၏။

မင်းမင်း ရဲ့ မျက်ဝန်းတွေကတော့ တစ်စုံတစ်ရာရှိနေနိုင်သလို ထင်ရပေမယ့် ဘာမှမသိ၊ ဘာမှမရှိတာမျိုး ရိုးစင်းစွာရှိနေသလိုလည်း ထင်ရလေသည်။

သူတို့မျက်လုံးချင်းဆုံပြီး ငြိမ်သက်နေတာကို ဒေါ်ယုဇန က အကဲခတ်ကာ …၊

"အေးပေါ့လေ … ဘယ်သူ့ကိုငဲ့ပြီး ထိန်ချန်ထားတာပဲဖြစ်ဖြစ် ဒီကိစ္စမပေါ်လည်း နောက်တော့ပေါ်လာမှာပါ၊ ဒါပေမယ့် လူလေး မင်းသိထားရမှာက …"

"ကျွန်တော် သိထားပါတယ် အန်တီ၊ ခု လောလောဆယ်မှာတော့ ကျွန်တော့်စိတ်တွေ အရမ်းပင်ပန်းနေပြီ၊ တွေးစရာတွေမပေးပါနဲ့ …"



အန်တီ့စေတနာကို နားလည်ပေမယ့် အန်တီ့ဒေါသကို ပိုပြီးနားလည်နေသည့်မို့ တားဆီးလိုက်ရခြင်းဖြစ်သည်။ စကားတွေက ပြောဝါများလေ နက်နဲလေဖြစ်လာကာ ကြာလာလျှင် မင်းမင်း နာမည်ကိုထည့်ပြောလာသည်အထိ ပေါက်ကွဲဖို့တွေလည်းရှိသည်မို့ …၊

"ခေါက်တာ ကျွန်တော့်ခါးဆစ်တွေ တအားနာနေတယ် … အဲ့ဒါ"

သူ ဆရာဝန်ဘက်လှည့်မေးလိုက်မိသည်။ ဆရာဝန်က မျက်နှာသိပ်မကောင်းဘဲ ခပ်လေးလေးခေါင်းညိတ်၍ …၊

"အခု စမ်းသပ်မှုတွေလုပ်ပြီးသလောက်တော့ ဘာမှကြီးကြီးကျယ်ကျယ်မတွေ့ဘူး၊ ခန္ဓာကိုယ်အတွင်းပိုင်းဆိုင်ရာကိုတော့ ထပ်ပြီး မက်ဒီဆင်ချက်အစ်(ဝ်)လုပ်ရဦးမယ် …"

"ဘာဖြစ်လို့လဲ သား၊ တော်တော်လေး နေရထိုင်ရခက်နေလို့လား"

"မသိမသာလောက်ပါ၊ ဒါပေမယ့် နာတယ် …"

ပေါင်ထိပ် ခါးထိပ်တွေကို ဟိုဖိဒီဖိထောက်နှိပ်ရင်း ဝေဒ မျက်နှာက ရှုံ့တွတွဖြစ်နေ၏။ နဖူးမှာလည်း ပတ်တီးနဲ့ဖြစ်လျက် ကျောပြင်နဲ့လက်တွေမှာလည်း အတွင်းပိုင်းမှာ ပတ်တီးတွေစည်းထားရတာ ပြည့်နှက်နေ၏။

ဒီလောက်ထိ ထိခိုက်မိထားသည့် လူနာကို ဇနီးဖြစ်သည့်သူမက နောက်နားကထိုင်ပြီး စိတ်ပူပြနေတာလား …၊

ဒေါ်ယုဇန မျက်မှောင်ကုတ်နှင့် လှည့်ကြည့်မိပြန်သည်။ သူမက မျက်တောင်ဖျားတို့ ခပ်စင်းစင်းချလျက် ဘာတွေဒီလောက်တောင် တွေးခေါင်းမောနေရတာလဲ …၊

ကိုယ့်တူကို ငွေမက်လို့ ယူခဲ့သည်။ ဒီမှာ သေကောင်ပေါင်းလဲဖြစ်ထားတာကို မျက်ရည်တစ်စက်မကျ၊ ပူပန်ဟန်တစ်ချက်မှမပြခဲ့…။

ဒီကြားထဲ ရည်းစားဆိုတဲ့သတ္တဝါက ကိုယ့်တူလေးကို သေကြောင်းကြံခဲ့သေးသည်။ ဒီကောင် ဘယ်သူလဲ ဘယ်အရပ်က ဘယ်သူ့သားလဲ…။

www.burmeseclassic.com

www.burmeseclassic.com



သိလာရတဲ့တစ်နေ့ ယုဇန အကြောင်းသိရှာပါ။ ဒေါ်ယုဇန အံကြိတ်တွေးနေဆဲ သူ့ မျက်နှာရှေ့ကို လူရိပ်တစ်ရိပ်ရောက်လာခဲ့၏။

မြင့်မားသော အရပ်နှင့် ကော်ဖီရောင်ဖျော့ဖျော့ကုတ်အင်္ကျီကြောင့် မျက်လုံးထဲမှာ ထင်းလင်းသွားသလိုပင်။ ထို့ပြင် အတွင်းခံ ရှပ်အင်္ကျီ နီရဲရဲနှင့် လိုရီမျက်မှန် အုန်းခွံရောင်ရင့်ရင့်က တစ်ကိုယ်လုံးကို တင့်တယ်သွားစေ၏။

သူက ဘယ်သူလဲ ..။

ဝင်လာပုံက တရင်းတနှီးပေမယ့် အားလုံးက တိတ်ဆိတ်နေကြသဖြင့် ဒေါ်ယုဇန ဝေဒ တို့ဘက်ကို ပြန်လှည့်ကြည့်သည်။

ထိုလူငယ်ကို စူးစိုက်ကြည့်နေသည့် ဝေဒ မျက်နှာ ချက်ချင်းပြေကျသွား၏။ ပြီးတော့ မနေတတ်သလို ခပ်လွဲလွဲဖြစ်သွားသေးသည်။ ပြီးမှ ..၊

"သူက ကျွန်တော့် မိတ်ဆွေပါ .."

မပွင့်တပွင့် ပြောလိုက်ပြီး လူငယ် လှမ်းဝင်လာသည့် ခြေလှမ်းတွေအတိုင်း သူ့အကြည့်တွေ ကပ်ငြိရွေ့လျားသွားခဲ့သည်။ ထိုသူ အားလုံး၏ ရှေ့ကိုရောက်လာလျှင် ဝေဒ ရဲ့ အကြည့်တွေက မင်းမင်း ဆီ ဆွဲခနဲ ရောက်သွားခဲ့လျက် ..၊

"ငါ ဘာမှမဖြစ်ဘူး .."

"သိတယ်လေ .. အဲ့ဒါကြောင့် ပန်းစည်းနဲ့လာတာပေါ့၊ ကြည့်ပါဦး ငါကိုင်လာတာ ပန်းခွေမှ မဟုတ်တာ .."

အပြန်အလှန် နှုတ်ဆက်ကြပုံကြောင့် ဓေရဲထွတ် တို့ရော ဒေါ်ယုဇန တို့ပါ အံ့ဩနေကြ၏။

ဒေါ်ယုဇန ဖိုကြည့်ဒီကြည့် အကဲခတ်ရင်း မအောင့်နိုင်တော့ဘဲ လူရွယ်ကို မေးကြည့်၍ ..၊

"သားက ဝေဒ ရဲ့ သူငယ်ချင်းလား .."

"မဟုတ်ဘူး .."



"ဟင် ! ..."

ဖြေပုံက ရိုင်းတာလည်းမဟုတ်၊ ရည်မွန်ပြေပြစ်ခြင်းလည်း နည်းပါးလျက်၊

"အရင်းနှီးဆုံးလူတွေပါ၊ သူ ဆေးရုံရောက်နေတယ်ကြားလို့လာမေးတာ .."

ပြောရင်း သူ ကိုင်လာသည့် ပန်းစည်းလေးကို ဝေဒ ရဲ့ ခေါင်းအုံးဘေးမှာ ချထားလိုက်သည်။ စားပွဲပေါ်မှာ မချဘဲ ဘယ့်နှယ်အိမ်ရာပေါ်မှာ ..။

ဒေါ်ယုဇန ကွက်ခနဲ မျက်နှာပျက်သွားကာ နေရာမှ ထရပ်လိုက်သည်။ သူမ ထရပ်လိုက်တာက ပန်းစည်းကို စားပွဲပေါ်ယူတင်လိုက်ဖို့ဖြစ်ကာ သူမ ထလိုက်တာနှင့် လူရွယ်က ထိုင်ခုံကို ခြေထောက်နဲ့ ချိတ်ဆွဲယူပြီး အေးဆေးထိုင်ချလိုက်၏။

သူ့လုပ်ရှားမှုတွေကို ဝေဒ က တစ်ခွန်းမှ မမေးမြန်း မပြောဆိုဘဲ ဒီတိုင်း စိုက်ကြည့်နေခဲ့၏။ ပြီးတော့ မင်းမင်း ဆီသို့ မျက်လုံးရောက်သွားသည်။

" 'မ' က ငါ့ချစ်သူ၊ မင်းက 'မ' ကို မတန်မရာမှန်းတယ် ဟုတ်လား .."

"မင်းဘာလဲ .. ငါဘာလဲဆိုတာ မင်းနဲ့ငါ သိတယ် .."

" 'မ'ကို လက်ဖျားနဲ့ ထိဖို့မပြောနဲ့ စိတ်နဲ့တောင် မပြစ်မှားနဲ့၊ အဲ့ဒီစိတ်ကိုပါ ဆွဲထုတ်ရိုက်ချိုးပစ်မှာ .."

"တစ်လောကလုံး ဘယ်ကောင်မှ ထိခွင့်နမ်းခွင့်မရှိတဲ့ပန်းတစ်ပွင့်တာ 'ဆောင်းမင်းသမီး' ဆိုတဲ့ မိန်းမပဲ .."

ဝေဒ နားထဲမှာ ကြားယောင်နေဆဲပင် ..။ ဒီလောက်ထိ ကြိမ်းဝါးထားတဲ့ကောင်က ဒီထိဝင်လာပေမယ့် မင်းမင်း ကို တစ်ချက်မှမကြည့်ပါ။

ဒီလောက်ထိ ချစ်ခဲ့ကြသည်ဆိုပြီး မျက်လွှာတစ်ချက်ပင့်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်မှလွဲ၍ လှုပ်ရှားပျက်ယွင်းသွားသည့် အမူအရာ နည်းနည်းလေးမှ မဖြစ်ခဲ့သော မင်းမင်း ကိုလည်း အံ့ဩမိသည်။

*ဒါပေမယ့် သူ ဘာမှ ကြာကြာတွေးချိန်မရလိုက်ပေ ..။*

"ဘယ်လိုလဲ .. မင်းရဲ့ မင်္ဂလာဦးညလေး .."

"ဘာပဲဖြစ်ဖြစ် မင်းပို့သတဲ့ မေတ္တာကြောင့် ငါ မသေဘူး .."

"အပွန်း .."

မတိုမရှည်ဆံပင်ကို သေသပ်စွာဖြီးထားကာ ခုထိ မျက်မှန်မချွတ်သေးလို့ မျက်လုံးတွေကို မမြင်ရပေမယ့် မတ်တပ်ရပ်ထားသည့်အပေါ်စီးကနေ တိုစိပ်စိပ်မျက်တောင်များတို့ကို မြင်နေရသည်။

ဒေါ်ယုဇနဒေါ်သတွေအလိပ်လိုက်ထွက်နေပြီဖြစ်ကာ တစ်ဖက်မှာထိုင်နေကြသည့် လူငယ်နှစ်ယောက်ဆီ အဖြေရှာသလို လှမ်းကြည့်မိ၏။

သူတို့တွေလည်း အံ့ဩနေဆဲရှိလျက် ဇေရဲထွတ် က ဒေါ်ယုဇနကိုကြည့်ပြီး သူလည်း မသိကြောင်း မသိမသာပခုံးတွန့်ပြ၏။

"အပွန်း .. သားတို့က တော်တော်ရင်းနှီးကြပုံပဲ၊ ဒါနဲ့ ဒီက ငါ့တူကို မင်္ဂလာဧည့်ခံပွဲတုန်းက မတွေ့မိသလိုပဲ .."

"ကျွန်တော်မှ မလာတာ .."

ဒေါ်ယုဇန သူမ မေးသမျှကို ဒီလူရွယ်ဖြေနေပေမယ့် လှည့်မကြည့်ဂရုမစိုက်ဘဲ ဒီတိုင်းတုံ့ပြန်ဖြေနေသည့်အတွက် ရှက်လာမိ၏။ သို့သော်..၊

"အန်တီ .. သူက နေပါဝါ တဲ့ .."

ဝေဒ က လှိုက်လှဲမှုမရှိသောမျက်နှာနှင့် မိတ်ဆက်ပေး၏။ သို့သော် 'ငါ့အန်တီက နာမည်ဘယ်လိုဘာညာ' လို့ ထပ်ပါမလာသည့်အပြင် နေပါဝါ ကလည်း လှည့်ကြည့်ဖော်တောင်မရ ..။

ဝေဒ ကပဲ အဒေါ်ဖြစ်သူကို မော့ကြည့်ကာ ..၊

"ကျွန်တော့် ဧည့်ခံပွဲတုန်းက သူ မရှိလို့ မဖိတ်လိုက်ရဘူး .."

မေးခံရတဲ့လူက မဖြေဘဲ သူ ဝင်ဖြေပေးသည်။ နေပါဝါ ကလည်း ပတ်ဝန်းကျင်မှာ ဝေဒ မှလွဲ၍ ဘယ်သူမှ ရှိမနေတဲ့အတိုင်း၊ ဝင်လာတာ



ထိုင်လိုက်တာကအစ စကားပြောတာအဆုံး ဝေဒ နဲ့သာ ..။

"မင်းသိလား ဝေဒ .. မင်းရဲ့ပွဲပျက်သွားတာ ငါမတက်လိုက်လို့၊ ဘာကယ်ဆို ငါ လာနိုင်မယ့်ရက်ကိုပဲ မင်းရွေးပြီးလုပ်ရမှာ၊ နောက်ဆိုမပြောမရှိနဲ့ ငါ သတိပေးထားတာကို သေချာဂရုစိုက် .."

ဝေဒ မျက်နှာက ပြေပြစ်ခြင်းတွေ ဖြုတ်ခနဲပျောက်ကွယ်သွား၏။ တဲင်းမာခြင်းမှာ နီးမြန်းသောကာလာတွေနှင့် မျက်နှာတစ်ပြင်လုံး အရောင်ရင့်သွားခဲ့ပြီး ..၊

"ပါဝါ .. ငါ အခု ဖြစ်သွားတာက .."

"မချော်လင့်ဘဲ ဖြစ်တာမဟုတ်ဘူးလေ .."

ယောကျ်ားနှစ်ယောက်၏ အချေအတင်စကားတွေကို မင်းမင်းက စူးစိုက်နားထောင်နေခဲ့၏။ သူမကိုတော့ ဒေါ်ယုဇန က အကဲခတ်လေသည်။

နေပါဝါ ဆိုသည့် လူငယ်ကို ဘဝင်မကျသမျှ မသက်ာရှုတွေက ဆောင်းမင်းသမီး ဆိုသော သူမထံမှာသာ စုပြုံနေခဲ့၏။

နေပါဝါ က လှည့်မကြည့်သလို သူမ ပုံစံကလည်း ထူးခြားသည့် လှုပ်ရှားမှုတစ်စုံတစ်ရာမှ မရှိခဲ့ပေ။ ဒါကြောင့် သူတို့ နှစ်ယောက်နဲ့ပတ်သက်၍ ဘယ်လိုမှ အကဲခတ်လို့မရ ..၊

မသင်္ကာစရာကောင်းနေတာကလည်း နေပါဝါ ပြောသမျှစကားတွေမှာ စိုးရိမ်စိတ်နှင့် ပတ်သက်သော စေတနာစကားတစ်လုံးမှ မပါခဲ့ခြင်းဝင် ..။

ထို့ကြောင့် တစ်ခုသေချာတာက ကိုယ့်တူ ဆိုင်ကယ်လ်မှောက်ရသည့် ပြဿနာမှာ နေပါဝါ က တစ်ခုခုနှင့် ပါဝင်ပတ်သက်နေရမည်။

ထို့ပြင် တစ်ခုခုကြောင့် ဝေဒ လုံးဝထုတ်ဖော်မပြောခဲ့သော တရားခံက နေပါဝါ လား ..၊

"ငါက မင်းကို သူများတွေ ဝေဖန်နေကြတဲ့ စကားတွေနဲ့ပတ်သက်ပြီး ပြောပြတာပါ .."

www.burmeseclassic.com

www.burmeseclassic.com



နေပါဝါ အသံက အားလုံး၏ အတွေးတွေကို ဂရုမစိုက်စွာ ထွက်လာခဲ့၏။ ပြီးတော့ ထရပ်လိုက်ကာ ..၊

"မင်း ဒုက္ခရောက်နိုင်တာကို သိပေမယ့် မရှောင်နိုင်ခဲ့ဘူး၊ ဒါက ဖြစ်ပြီးသွားတဲ့ကိစ္စ .. နောက်ထပ်ပြီး .."

"မဖြစ်သေးတာတွေကိုလည်း မင်း ခန့်မှန်းပြဖို့မလိုဘူး ပါဝါ၊ ကိုယ်ထင်ရာကိုယ်လုပ် ကိုယ်ဖြစ်ကိုယ်ခံပဲ .."

"ကိုယ်ထင်ရာလုပ်ခွင့်မရှိဘဲ သူများလုပ်လိုက်လို့ ကိုယ်ခံလိုက်ရတာဆိုရင် ခံရတာ ဘယ်တန်မလဲကွ .."

"ဒါကတော့ မှောင်ရိပ်ထဲကနေ ချောင်းမြောင်းလုပ်ကြံတဲ့လူကို လက်နက်ကြီးနဲ့ပစ်မှာလား၊ လက်နက်လေးနဲ့လား လက်တို့မေးထားလို့မှ မရဘဲ .. လက်နက်ပုန်းဆိုတာ ရှောင်ရခက်တယ် .."

"ဟွန်း .."

နေပါဝါ က ကုတ်အင်္ကျီကို တိုက်ဖယ်၍ ဘောင်းဘီအိတ်တွေထဲ လက်ထည့်ရင်း ခပ်မဲ့မဲ့ရယ်သည်။

ပြီးတော့ သူ့ရှေ့စားပွဲပေါ်မှာ ပစ္စည်းတစ်ချို့ လာသိမ်းနေသည့် မင်းမင်း ကို မျက်လွှာပင့်ကြည့်သည်။

ထိုအခါ ဝေဒ အပါအဝင် ဒေါ်ယုဇနရဲ့ အကြည့်တွေပါ မင်းမင်း ထံ ရောက်သွားခဲ့၏။ သူမကတော့ အားလုံးသော မျက်လုံးတွေနဲ့ မဆုံဆည်းခဲ့ဘဲ ..၊

"ဒုန်း .."

"အ ..."

ဘူးမဖွင့်ရသေးသည့် အစာအိမ်ဆေးရည်ပုလင်းကြီး စားပွဲပေါ်က နေ သူမ ခြေထောက်ပေါ် ပြုတ်ကျတာ တည့်တည့် ..၊

ထိုအသံကြောင့် အခန်းထဲမှာ တိခနဲ တိတ်ကျသွားသည်။ ဒေါ်ယုဇနပြောဖို့အတွက် အကွက်ကောင်းဆိုက်သွားခဲ့၏။

"လူနာက အသက်တောင်ပြင်းပြင်းမရှူနိုင်သေးဘူး၊ ဘယ့်နှယ်



အလန့်တကြားတွေလုပ်နေတာလဲ မင်းမင်း ရယ် ..၊ သိတတ်နားလည်မှုလေးတော့ ရှိမှပေါ့ .."

"ဟုတ်တယ် .. အဲ့ဒါပဲ .."

ဒေါ်ယုဇန ရဲ့စကားကို ပါဝါ က ထောက်ခံခြင်းနှင့် ပိတ်၏။ သူ့ကို ထိစေချင်လို့ စောင်းချိတ်ပြောလိုက်ကာမှ ကိုယ့်စကားကို ပြန်နင်းလိုက်သဖြင့် ဒေါ်ယုဇန ထောင်းခနဲ စိတ်တိုသွား၏။

ပါဝါ က ဝေဒ ကိုပဲကြည့်နေရင်း ..၊

"ကိုယ့်အတွက် သက်တောင့်သက်သာဖြစ်အောင် ဘယ်လိုညှာတာရမလဲဆိုတာ ကိုယ်တိုင်သိမှဖြစ်တာ၊ မင်းရဲ့ ကိုယ်အင်္ဂါအတွင်းပိုင်းတွေ မစမ်းသပ်ရသေးဘူးမို့လား၊ တော်ကြာ အတွင်းကြေဒဏ်ရာတစ်ခုခု ဖြစ်သွားရင် မနေတတ်လို့ ဖြစ်ရတဲ့ နောက်တစ်မှုတိုးဦးမယ်၊ သတိပေးတာပါ .."

ပြုံးလိုက်သည့် မဲ့ပြုံးကို အားလုံးမြင်ကြသည်။ ဇေရဲထက် တို့လည်း အံ့သြနေကြ၏။ သူတို့ သေချာပေါက်တွေးလိုက်နိုင်တာက ဒီလူနှစ်ယောက်မှာ မပြေလည်နိုင်သော အတုံ့အလှည့်တစ်ခုခုရှိနေနိုင်ခြင်း ..။

ကာယကံရှင်ဖြစ်နေသည့် ဝေဒ ရင်ထဲမှာ ဘယ်လိုမှ မျိုသိပ်သည်းမခံနိုင်တော့သည့် မာန်မာနတွေ ရုန်းကြွလာခဲ့လျက် ..၊

"အေး .. မင်းက သတိပေးဖို့တကူးတက လာခဲ့ရတာဆိုတော့ ငါကတော့ ငါ့ရှေ့ရောက်လာတဲ့အတွက် ကြုံတုန်းပြောရဦးမယ်၊ မင်းလိုပဲ သတိပေးတာပေါ့ .."

လှည့်ထွက်ဖို့ပြင်လိုက်သည့် ခြေလှမ်းကို ပြန်ရုတ်ပြီး ပါဝါ က ရပ်စောင့်နေ၏။

"ငါ့မှာ အတွင်းကြေဒဏ်ရာဖြစ်သွားခဲ့ရင်လည်း အဲ့ဒါ မင်းကြောင့် ဖြစ်နိုင်တယ်ဆိုတဲ့ သံသယမျိုး ငါ့ရင်ဘတ်ထဲ ရောက်မလာပါစေနဲ့လို့ ဆုတောင်းနေလိုက်ပါ၊ မဟုတ်ရင် မင်းအကြီးကျယ် နောင်တရသွားမှာ-"

"ဟွန်း .."

www.burmeseclassic.com

www.burmeseclassic.com



"လက်နက်ပုန်းပဲဖြစ်ဖြစ် .. ရှေ့က ဝင်လာမယ့် ဓား၊ လှံ၊ လက်နက်ဖြစ်ဖြစ် မရှောင်နိုင်ရင် သေမှာပဲ၊ မင်း ငါ့ကို သေစေချင်ရင် သေအောင်လုပ်၊ မသေသေးဘူးဆိုရင်တော့ .."

"ဟား .. ဟား .. ဟား .."

ဖါဝါ က အသံအကျယ်ကြီးမဟုတ်ဘဲ မျက်နှာမော့၍ ရယ်သည်။ အခန်းထဲမှာရှိနေသမျှ လူတွေကို လူတွေလို့မှ ထင်သေးရဲ့လား ..။ ပါဝါ ၏ ရယ်သံက ကျန်ရစ်ခဲ့လျက် ပျောက်ကွယ်သွားပြီဖြစ်သည့် အရိပ်ကို လိုက်ငေးပြီး ဝေဒ က တက်ခေါက်သည်။

ပြီးတော့ မျက်နှာမော့လှန်လိုက်ခြင်းအားဖြင့် ရှန်းကြွထူမတ်နေခဲ့သည့် တစ်ကိုယ်လုံးက အကြောအချဉ်တို့သည် အဖျားစကနေ လွတ်ချလိုက်သည့် ကြိုးစရှည်ကဲ့သို့ အခွေလိုက်ပုံကျလေသည်။

"တောက် .."

"လူလေး .. ဝေဒ .."

ခေါ်ယူနေ ပျာယာခတ်သွားသည်။ အခေါ်ကိုတောင် ဘာမှမပြောရကောင်းလားလို့ စိတ်တိုနေတာတွေလည်း ပျောက်ကွယ်ကုန်၏။ တက်ခေါက်သံခပ်ဖျော့ဖျော့နှင့် တစ်ကိုယ်လုံး ဖြူဖျော့ကျသွားသည့် ဝေဒ သည် ချက်ချင်းအသက်ထွက်သွားတော့မလို ဖုတ်လိုက်ဖုတ်လိုက် ..။

တကယ်တော့ သူ မသေနိုင်ဘူးဆိုတာ သိပါသည်။ သတိလစ်လောက်အောင် မာန်မာနကြောင့် ထိရျက်ပြင်းသွားတာကိုလည်း ကိုယ့်ကိုယ်ကိုယ် ဖြေသိမ့်နိုင်အောင် ကြိုးစားနိုင်၏။

သူ့ဘဝကို ဒီတိုင်း စိတ်ပျက်နှတ်ထွက်သွားလို့မဖြစ် ..၊

နေပါဝါ ဆိုတဲ့ကောင်က ဆွေမျိုးစုတွေထဲက အင်အားအကြီးဆုံးနေမဝင်မိသားစုရဲ့ တစ်ဦးတည်းသော မျိုးဆက်ပြောရမည်ဆို သူ့ကိုဆိုအမြဲတမ်းအနိုင်ယူလာခဲ့သည့် ငယ်နိုင် ..။

ဆောင်းမင်းသမီး ကိုမှ နှစ်ယောက်ပြိုင်တူချစ်မိခဲ့ခြင်းမှာတော့ ငယ်နိုင်မို့ သူကြောက်လို့ ခံခဲ့ရတာ မဟုတ်ပေ ..။



ဒီကောင် သက်သက် ယုတ်မာလိုက်တာ ..၊

ငါ့ကိုယ်ခန္ဓာမှာ ဒီဒဏ်ရာတွေနဲ့ပဲ ပြီးပျောက်သွားပါစေလို့ ဆုတောင်းနေလိုက် နေပါဝါ ..။ ဒီလိုမဟုတ်ဘဲ မင်းပြောသလို နောက်ထပ်ဒဏ်ရာဒဏ်ချက်တစ်ခုခု သေရာပါဖြစ်သွားခဲ့ရင်တော့ ..၊

ငါ့ရဲ့ ခြေတစ်ဖက်ဆုံးရင် မင်းရဲ့ ခြေတစ်ဖက်၊ ငါ့လက်တစ်ဖက်ဆုံးခဲ့ရင်လည်း မင်းရဲ့ လက်တစ်ဖက်ပဲ ..။

အဲ့ဒါ ငါ ဝေဒ ရဲ့ သံမဏိ ဆုံးဖြတ်ချက် ..၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

"ဟား .. ဟား .. ဟား .."

ရယ်သံသည် တောတောင်နံရံတွေကို ရိုက်ခတ်ပြီးမှ ပဲ့တင်မြည်ဟီး လာသလားထင်ရလောက်အောင် ကျယ်လောင်တယ်ဆိုတာထက် ပိုသည်။

အားရကျေနပ်သည်ဆိုတာနဲ့လည်း မတူ ..၊ ဝမ်းခေါင်းသံကို မကြား ဘူးပေမယ့် ဒီတစ်ခါပဲ ကြားဖူးလိုက်သော ရယ်သံကို ဝမ်းခေါင်းသံကြီး လို့ပဲ ပြောရမည်ထင်၏။

ပြီးတော့ တစ်ယောက်တည်း ခါးထောက်ရယ်နေတာ ဓေဒ တစ် ယောက်တည်း ..၊

သူ့ကျောပြင်ကိုကြည့်နေပြီးမှ ရှေ့ဆက်ဝင်လာခဲ့ရင်း ကိုင်လာခဲ့ သည့် နို့ဖန်ခွက်နဲ့ ပေါင်မုန့်မီးကင်ကို စားပွဲပေါ်မှာ ချထားလိုက်ကာ..၊

"ကိုဓေ ဆေးသောက်ရအောင် .."

မင်းမင်း အသံကြားမှ သူ ဒီဘက်လှည့်လာ၏။ ညအိပ်ရာဝင်ချိန် တိုင်း နို့တစ်ခွက်နဲ့ ပေါင်မုန့်စားနေကျမို့ ခုကျတော့ လူမမာစာဖြစ်သွား ..က်ဖို့ မှီဝဲရသော အာဟာရတစ်ခုအဖြစ်သာ ..။



ရယ်လက်စနှင့် မျက်နှာကြီးက ဆေးခွက်လေးနဲ့ စားသောက်စရာ ဗန်းတစ်ခုလုံးကို ခုမှ မြင်ဖူးသလို စူးစိုက်ကြည့်သည်။

ပြီးတော့ ခေါင်းတွေတဆတ်ဆတ်ညိတ်ရင်း ..၊

"ဟား .. ဟား .. ဟား .."

နောက်ထပ် မျက်နှာမော့ရယ်၏။ မင်းမင်း က ဗန်းကလေးကို စားပွဲပေါ်မှာချထားလိုက်ကာ ..၊

"အန်တီ ဘုရားရှိခိုးနေတယ် ကိုဓေ .."

"ဘာဖြစ်လဲ .. အန်တီ ဘုရားရှိခိုးရင်း ပိုပြီး စိတ်ချမ်းသာသွား အောင် တမင်ရယ်ပေးလိုက်တာ ဟား .. ဟား .. ဟား .."

ဓေဒ ဘာတွေ ဒီလောက်တောင် သဘောကျနေသလဲဆိုတာ မသိ..။

လက်ထဲမှာ ဖုန်းကိုင်ထားလျက် သွားတွေအအေးပတ်လောက် အောင် အစွမ်းကုန်ဖွင့်ဟရယ်နေသည့် နှုတ်ခမ်းတို့က မစေနိုင် ..။

ရယ်ခြင်းသည် ရယ်ရှိန်သတ်လိုသော အသံအနိမ့်အမြင့်ပြောင်းလဲ သွားတာလည်းမရှိ၊ တိတ်ကျသွားပြီး ခေါင်းတဆတ်ဆတ်ညိတ်သည်။ ပြီးတော့ ထရယ်သည်။ ရယ်လိုက်တိုင်း ဒီအသံ ..။

"ငါ့ဘဝမှာ ပျော်ရွှင်စရာ ရယ်မောစရာတွေ ဘာမှမရှိတော့ဘူး လို့ ထင်ခဲ့တာ ခုတော့ ကံကြမ္မာက ငါ့ကို ရယ်မောနိုင်အောင် မျက်နှာ သာ ပေးနေသေးတာပဲ .. ဟား .. ဟား .. ဟား .."

ဒီတစ်ခါ ရယ်မောခြင်းသည် မင်းမင်း ရဲ့ မျက်နှာလေးကို တဖွဂတ် ဖြစ်နေစေလျက် ..၊

"ပါဝါ .. ပါဝါ .. မင်းခုတော့ ငါ့ထက် အဆပေါင်းများစွာ အဖြစ်ဆိုးပြီပေါ့၊ ဟား .. ဟား .. ငါက ဘဝသေခဲ့ရတယ်၊ မင်းကတော့ သက်ဆိုးမရှည်နိုင်တဲ့ကောင်ပဲ .."

ကိုယ့်ကိုကြည့်၍ ပါဝါ ကို ကြိမ်းမောင်းနေသဖြင့် ဒီသံသရာ ဒီ ရန်ငြိုးတွေ ဘယ်လောက်ထိ အားကောင်းနေမလဲဆိုတာ နှာကျင်စွာ တွေးမိ၏။

www.burmeseclassic.com

www.burmeseclassic.com



မင်းမင်း နှုတ်ခမ်းသားလေးတွေ မသိမသာ စေ့ပိတ်သွားပေမယ့် သူမ အံကြိတ်လိုက်တာကို ဝေဒ ကလည်း နားလည်နေကာ ...၊

"ဘာလဲ ... ပါဝါ့ အကြောင်း ကြားလိုက်ရလို့ နာကျင်သွားတာ လား ..."

"သူ့အကြောင်း ကြားရလို့ မဟုတ်ပါဘူး၊ သူ့အကြောင်းပဲ ပြော နေတာကိုပါ ..."

"သြော် ... ငါ့ဘဝကို လူညွန့်တုံးအောင် လုပ်ပစ်လိုက်တဲ့ကောင်ကို ငါက ကြိမ်းမောင်းနေတယ်ဆိုပြီးတော့ ... ဟုတ်လား ... ကြိမ်းမောင်းမိ တာ ငါ လွန်တယ်ပေါ့ ..."

"ကိုဝေ ..."

"ပြော ... ပြော ..."

နဖူးပြင်က မျက်နှာထက်ပိုကျယ်သည်။ တူခဲနေသည့် မျက်ခုံးနှစ်ခု ကြားမှာ ရှည်မျော့မျော့ချိုင့်ရာက မျက်မှောင်ကုတ်လိုက်တိုင်း သိသာ အောင် ရှုံ့တွသွားတတ်သေးသည်။

အထူအပါး မညီသော နှုတ်ခမ်းအစုံမှာ အပေါ်နှုတ်ခမ်းက ရယ်လိုက် တိုင်း ပျောက်သွားခဲ့လျက် နှာခေါင်းက ခပ်ပွပွဖြစ်သည်။

ကြည့်ပျော်ရှုပျော်တော့ ရှိပေမယ့် တစ်ချို့တစ်လေ နေရာတွေမှာ မပြေပြစ်သော ထိုမျက်နှာက မျက်လုံးပြူးလိုက် မဲ့ရွဲ့သွားလိုက်မို့မြင်နေ ရသည့်လူအတွက် သိပ်အဆင်မပြေ ...။

"ဘာကြည့်နေတာလဲ မင်းမင်း၊ မင်းနဲ့ မင်းကောင်ကို ငါက ..."

"မဟုတ်ဘူး ... ဘာမှမဟုတ်တော့တာကို ခဏခဏပြန်ပြောမနေ ဖို့ပဲ ကျွန်မ တောင်းပန်ချင်တာ ..."

"ဘာမှမဟုတ်တော့ဘူးလို့ မင်းက ပြောနိုင်မှာပေါ့၊ ငါ့ဘဝ လူညွန့် တုံးသွားတာ မင်းအတွက် အဆင်ပြေနေတာကိုး ..."

စိတ်ရှိလက်ရှိ ဆွဲခါပစ်လိုက်သဖြင့် ဆုပ်ညှစ်ခံလိုက်ရသည့် ပခုံး နှစ်ဖက်က နာကျင်သွား၏။ ဒါကို ဝေဒ က နီးကပ်စွာ စိုက်ကြည့်ရင်း



အံကြိတ်၏။

ဆောင်းမင်းသမီး ဆိုသော ဂန္ထဝင်ဆန်ဆန် နာမည်ထူးနှင့် သူမ...။

သူမ၏ ကိုယ်ခန္ဓာ၊ သူမ၏ မျက်နှာနှင့် ဝင်းစက်နုမွတ်နေသော အသားအရေ ...။

ဂန္ထဝင်ဆန်အောင် လှနေတာတော့ မဟုတ်ပါ။ ဒါပေမယ့် စမတ် ကျကျဝတ်ဆင်တတ်သည့် သူမ၏ အရည်အချင်းကြောင့်လား၊ ထူးခြား သည့် သူမ၏ အကြည့်တွေ အပြုံးတွေက ဆွဲဆောင်တာလား ...၊

ဆောင်းမင်းသမီး ဆိုတဲ့အတိုင်း ဘယ်နေရာရောက်နေနေ သူမက ထင်းနေတတ်၏။ ဘယ်လိုလှပါသည်ဆိုသော မိန်းမလှလေးတွေ စုဝေး နေပါစေ သူမ ထိုနေရာမှာ ခဏလေး ဖြတ်လျှောက်သွားတာနှင့် အားလုံး ၏ စိတ်ဝင်စားမှုကို ဖမ်းစားနိုင်တဲ့ မိန်းကလေး ...၊

သူမက နေပါဝါ ၏ 'မ' ဆိုသော ချစ်ရဆုံးသူဖြစ်နေခြင်းသည် သာ ...၊

"မင်းက ငါ့ဘဝထဲကို အကုသိုအဆုပ်အခဲတွေနဲ့ ဝင်လာတဲ့ မိန်းမ၊ ငါ့ရဲ့ မနက်ဖြန်တွေကို နေလို့မီးလို့ပူအောင် ငရဲပန်းပန်ပြီး စားသွားလို့ သွားတွေနဲ့ လှမ်းခင်းဝင်လာခဲ့တာ၊ မင်းကြောင့် ပါဝါ ဆိုတဲ့ ကောင်က ငါ့ကို ဒုက္ခပေးတယ်၊ မင်းကို မြင်တိုင်း လူဖြစ်ရှုံးနေရတဲ့ ငါ့ဘဝက ငရဲကျနေသလိုပဲ ..."

"ရှင် ... ကျွန်မကိုလွှတ် ..."

နာကျင်လွန်းသည့်ဒဏ်ကို မခံနိုင်တော့ဘဲ သူ့လက်တွေထဲက ဆောင့်ကန်ရုန်းထွက်လိုက်မိသည်။ ပြီးတော့ နောက်ဆုတ်ရပ်လိုက်ကာ...။

"ကျွန်မကို လက်ထပ်ဖို့ကြိုးစားခဲ့ ရှင်ပဲ၊ ကျွန်မ ဘာကြောင့် ခေါင်းညိတ်ခဲ့သလဲဆိုတာလည်း ရှင်သိတယ်၊ ရှင့်ရဲ့ ငရဲကို ရှင်ဘာသာ ဖန်တီးတာ ..."

"ဖြန်း ..."

ပါးတစ်ဖက်မှာ ပူလောင်ကျိန်းစပ်သွားသည်။ မျက်လုံးထဲမှာ မီးပွင့်

www.burmeseclassic.com

www.burmeseclassic.com



သွား၏။ လည်ထွက်သွားသည့် မျက်နှာနောက်ကို ဆံပင်တွေ ဖွာ့ခနဲ အုပ်ဖြာကွယ်ကျသွားခဲ့ပြီး ..။

"မင်း ဒီစကားမျိုး ထပ်ပြောကြည့်စမ်း .. ပြောကြည့်စမ်း မင်းမင်း.."

နောက်ထပ် ပခုံးနှစ်ဖက်ကို သူ့မျက်နှာရှေ့ ဆွဲလှည့်ယူပြီး အညှာအတာမဲ့ ဆောင့်ခါပစ်၏။

မူးမိုက်နှာကျင်နေဆဲမို့ မင်းမင်း ဘာစကားမှမပြောနိုင် ..။

"မင်းရဲ့ နေပါဝါ ငါ့ကို ဘာလုပ်ခဲ့သလဲ သိလား .."

သိလားဆိုပြီး သူပဲ ဆက်ပြောနေလျက် ..၊

"ငါ့ကို ဆိုင်ကယ်လ်မှောက်အောင်လုပ်တယ်၊ မင်းကို လက်ဖျားနဲ့ မထိရဘူးလို့ ကြိမ်းဝါးတယ်၊ ယောကျ်ားချင်း စိန်ခေါ်ပြီး စီချင်းထိုးမလား၊ ကြိုးဝိုင်းထဲမှာ ယှဉ်မလား၊ ဘာဖြစ်ဖြစ် ငါကလည်း ဂရုမစိုက်ပါဘူး၊ ဒါပေမယ့် မင့်ကောင်လုပ်သွားတာကြည့်စမ်း၊ ငါ .. ငါ့ဘဝကို လူစင်မမီအောင် .. တောက် .."

ဒါတွေ အပေါ် လုပ်တာတွေလား ..၊

နာကျင်တာတွေတောင် အမေ့တလျော့ဖြစ်သွားခဲ့၏။ မင်းမင်း တအံ့တသြ ငေးနေမိလျှင် ..၊

"ဟွန်း .. မင်း မယုံဘူးမို့လား .. ဒါပေမယ့် အခု မင်းကို ခြေရောလက်ရော ဘာနဲ့မှ မကျူးလွန်နိုင်တော့ဘူးလေ၊ အဲ့ဒါကိုတော့ ယုံတယ်မို့လား၊ ပြောစမ်းပါ၊ မင်းကောင် ယုတ်မာလိုက်တာကိုပဲ ချန်လှပ်ပြီး မယုံနိုင်တာလို့ တစ်ခွန်းလောက်ပြောလိုက် .."

"မပြောဘူး .. ဘာမှမပြောနိုင်ဘူး၊ ရှင်လုပ်သမျှကိုလည်း ကျွန်မ ဘာမှမတွန်းလှန်နိုင်ဘူး၊ ဒါကိုပဲ ဘာဖြစ်လို့ ခဏခဏ အော်ဟစ်ပြီး အနိုင်ယူနေတာလဲ၊ ရှင် ဘယ်လောက်ပဲ နာကြည်းစရာတွေဖြစ်ခဲ့ဖြစ်ခဲ့ ကျွန်မကလည်း ရှင်ပေးတဲ့ဘဝမှာပဲ ကျေနပ်လက်ခံနေရတဲ့သူ .."

"ဟုတ်တယ် .. လက်ခံရဦးမှာ၊ မင်းကို ငါဒီ့ထက်ကြီးမားတဲ့ ဒုက္ခတွေ ပေးရမယ်၊ အဲ့ဒီ ဒုက္ခတွေနဲ့ မင်းရဲ့သတင်းကို ဟိုကောင့်နား



ထဲ အရောက်ပို့မယ်၊ မင်းကို ငါ အလှကြည့်နေရသလို သူလည်း မင်းကို မရတော့ပါဘူး .. ဟွန်း .."

စကားတွေ ရှေ့နောက်မညီညာတဲ့ စိတ်နာကြည်းသလို ပြောနေခဲ့လျက် လက်တွေကို ဖြုတ်ချ၏။ ပြီးတော့ ခါးထောက်ရယ်ပြန်သည်။

"ခုလောက်ဆို မချစ်မနှစ်သက်တဲ့ မိန်းမတစ်ယောက်ကို ရင်မှာ ဝိုက်ပြီး .. ဟား .. ဟား .. ဟား .. မင်း ဒုက္ခ ငါထက်ဆိုးဦးမှာ ပါဝါ၊ စောင့်ကြည့်လိုက်ဦး၊ ငါ့ဘဝ လူဖြစ်ရှုံးခဲ့ပေမယ့် မင်းဘဝကို လူညွန့်တုံးအောင် လုပ်နိုင်သေးဆိုတာ လက်တွေ့ပြမယ် .."

မီးရောင်အောက်မှာ ခပ်လတ်လတ်အသားရောင်က စိတ်တွေပြားခြင်းကြောင့် ညိုညစ်မည်းမှောင်နေ၏။ ရယ်နေတာက အရူးတစ်ယောက်နဲ့ တူနေကာ မင်းမင်း စိတ်ပျက်စွာ ကျောခိုင်းလိုက်မိ၏။

"မင်းဘယ်သွားမလို့လဲ .."

ဝေဒ က သူမ လက်တစ်ဖက်ကို ခပ်လောလောပြန်ဆွဲလိုက်ကာ..၊

"မင်း ကိုယ့်ယောကျ်ားနားမှာ နေရမှာကိုတော့ နားလည်နေရမယ် မင်းက ငါ့မိန်းမ .."

"အား ..."

ဒေါသမီးတောက်တို့သည် အညှာတာမဲ့သော အနမ်းများဖြင့် နှိပ်စက်ဒဏ်ခတ်၏။ ထို့ပြင် ..၊

"ကိုဝေ .. ရှင် .. ရှင် .. ဟင့်အင်း .."

"ငြိမ်ငြိမ်နေစမ်းပါ၊ မင်းကို မင်း ယောကျ်ားက ချစ်ခန်းဖွင့်နေတာ .."

"မလုပ်နဲ့ .."

"တောက် .. တောက် .."

ရိုးရိုးဘလောက်စ် ဝတ်ထားသဖြင့် အတင်းအကျပ်အနိုင်ယူဗိုလ်ကျနေသော သူ့လက်ထဲမှာ အင်္ကျီရင်ဘတ်က ကြယ်သီးလေးပြုတ်ထွက်စုန်သည်။

www.burmeseclassic.com

www.burmeseclassic.com



အိပ်ခန်းထဲမှာပေမယ့် လင်ရယ်မယားရယ် ချစ်ခင်ကြင်နာကြတာ မျိုးမဟုတ်ဘဲ တမင်တကာ ကိုယ်ခန္ဓာပေါ်က အကာအကွယ်တွေကို ဖယ်ရှားပြီး အနိုင်ကျင့်သာယာချင်နေတာမို့ လက်မခံနိုင် …။

ငါ့ယောက်ျားပါလားဆိုသည့် အသိစိတ်နဲ့ မျက်လုံးစုံမှိတ်နေလိုက်ရို့ အံကြိတ်ထားမိတာလည်း ရှက်သည့်စိတ်ကြောင့်ပျက်၏။

"ကျွန်မ တောင်းပန်ပါတယ် ကိုဆေ … မလုပ်ပါနဲ့၊ ကျွန်မကို ကြိုက်သလို နှိပ်စက်ပါ၊ ဒီလိုနည်းနဲ့ မလုပ်ပါနဲ့ …"

"ဒီလိုနည်းနဲ့ နှိပ်စက်ချင်အောင် မင်းရဲ့ အပါ က သင်ပေးခဲ့တာ ဝဲ … မရဘူး …"

မင်းမင်း ရဲ့ ရှိုက်သံတွေကို နားဆင်ရင်း အကြမ်းပတမ်းထိတွေ့မှုများနှင့် ဝေဒ က ကျေနပ်အားရနေ၏။

မင်္ဂလာခုတင်ကြီးပေါ်မှာ မင်္ဂလာမမည်ဘဲ ရှိုက်သံများနှင့် လုံးထွေးပျက်သုဉ်းခဲ့ရသည့် သူမ၏ ဘဝစာမျက်နှာတို့သည် ဝေဒ ဆေးရုံက ဆင်းလာတဲ့ နေ့တည်းက …၊

သို့တည်းမဟုတ် သူ့မှာ ဘယ်လိုရောဂါရခဲ့ပြီဆိုတာ အဖြေအတိအကျ ထွက်လာပြီးသည့်နောက် …

"မင်းကြောင့် ငါရခဲ့တဲ့ဘဝကို မင်းလည်း ကျေကျေနပ်နပ်လက်ခံရမှာပေါ့ …"

ဒီစကားတွေကိုပဲ ညတိုင်းကြားခဲ့ရသည့် ပျော်တော်ဆက်လိုဘဝမျိုးနှင့် ညစဉ် ငရဲကျခဲ့၏။

သို့သော် … ဝဋ်ကြွေးတို့က ကုန်ဆုံးသည်မရှိ …၊



အခန်း (၆)

"တောက် …"

တက်ခေါက်သံကြောင့် ဦးသိန်းဇံ လှည့်ကြည့်လိုက်မိသည်။ ဘားထဲမှာ ပါဝါ တစ်ယောက်တည်း ပုလင်းတစ်ဖက် ဖန်ခွက်တစ်ဖက်နှင့်…၊

"မင်းကိုယ်မင်း သိပ်ကို ကျေနပ်အားရနေမှာပေါ့ … ဟွန်း …"

ပုလင်းသံ ခွက်သံအပြင် တစ်ယောက်တည်း ရေရွတ်နေသံကို လည်း ပီသစွာ ကြားနေရသည်။ ဦးသိန်းဇံ သက်ပြင်းချမိရင်း နေရာမှ ရှောင်ထွက်ခဲ့မိသည်။

မိဘက ခေါ်နေတော့ မပြန် …၊

ချော့ခေါ်တာလည်း မရ၊ စည်းစိမ်ဥစ္စာ ခြွေရံသင်းပင်းကိုလည်း မေတ် …၊

မြန်းဒိုင်းဆို မိန်းမယူပစ်လိုက်တော့လည်း ကိုယ်ချစ်တာ ကိုယ်ယူခဲ့တာမဟုတ်ဘူးလား …၊ လက်ထပ်ပြီးတည်းက ဘာဖြစ်လို့ညတိုင်း အရက်ဝိုင်းမှာချည်း ဖြစ်နေရတာလဲ …၊

သားကသာ ဖအေကို ဂရုမစိုက်၊ မခေါ်မပြောဘဲနေသည်။ ဖအေ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သူကတော့ မင်္ဂလာပွဲအတွက်လည်း ဦးဆောင်စီစဉ်ပေးခဲ့သည်။ ရွှေမလေး အပေါ်မှာလည်း ထောက်ပံ့ဖြည့်ဆည်းပေးနေခဲ့တာ လိုလေသေးမရှိ ...။

အခြေအနေကို ခြုံငုံသုံးသပ်ကြည့်ကာ တစ်ခုခုတော့ လွဲနေပြီလို့ ဦးသိန်းဖံ ထင်လာမိ၏။ လှေကားထိပ်အပေါ်စီးကနေ ငုံ့ကြည့်လိုက်တော့ အပြင်ထွက်ဖို့ ပြင်ဆင်နေသည့် မင်းမင်းသော် ကို မြင်လိုက်ရ၏။

သူ့ခြေလှမ်းတွေ လှေကားထစ်တွေကို အစဉ်အတိုင်းမှ နင်းဖြတ်ခဲ့မိရဲ့လား မသိ ...။

"မင်းမင်း ..."

သူမက ဆလင်းဘတ်ခ်ထဲမှာ တစ်ခုခုရှာဖွေရာကနေ လှည့်ကြည့်သည်။ ဦးသိန်းဖံ ကို မြင်လိုက်တော့ လက်နှစ်ဖက်လုံး စုံချပစ်လိုက်ပြီး အသင့်အနေအထားနှင့် ပြုံးပြကာ ...၊

"အန်ကယ်လ် ..."

"သမီးက ဘယ်သွားမလို့လဲ ..."

"မင်္ဂလာပွဲတုန်းက မလာနိုင်ကြတဲ့ သူငယ်ချင်းတွေလေ ... ဝိုင်းပြီး ဖုန်းဆက်နားပူကြတာ အဲဒါကြောင့် ..."

"ဟုတ်ပါပြီ ... သွားလာဖို့ရှိနေရင်တော့ ဘာအကြောင်းနဲ့ဖြစ်ဖြစ် လေးလေးတို့က မစစ်ချင်ပါဘူး၊ ဒါပေမယ့် အခု ရှစ်နာရီထိုးတော့မယ်"

ပြောလိုက်ကာမှ သူမက လက်မောင်းလေးပင့်၍ နာရီငုံ့ကြည့်သည်။ ပြီးတော့ ဘာမှမထူးခြားသလို သွားလေးတွေပေါ်အောင်ရယ်လိုက်ပြီး...၊

"မင်း က ကိုးနာရီမထိုးခင် ပြန်လာမှာပါ ... ခဏပဲ ..."

ဦးသိန်းဖံ က ခေါင်းမညိတ် ခွင့်မပြုကာမှ သူမက အပေါ်ထပ်ကို မျက်လုံးလေး လှန်ကြည့်ကာ ...၊

"ဒီအချိန်ဆို အန်ကယ့်လ်တူ ပုလင်းထောင်နေပြီလေ၊ အန်ကယ်လ်လည်း သိသားနဲ့၊ သူ့အတွက် မင်္ဂလာအိပ်ရာကိုတောင် မေ့နေသလားပဲ၊ အပေါ်ထပ်က ဘားနဲ့ အောက်ထပ် အခန်းကပဲ သူ့အိပ်ရာ ..."

"အဲဒါ သမီးတို့ချင်း ..."



"ဟုတ်တယ် ... မင်းမင်း တို့ချင်း သိတယ်လေ၊ အဲ့ဒါကြောင့် ပြောနေလည်း နေ့တိုင်းရန်ဖြစ်နေရတာပဲ အဖက်တင်မှာ၊ သူလည်း သူ့စိတ်ချမ်းသာသလိုနေ၊ မင်း ကလည်း ခုလိုမျိုးကိစ္စလေးရှိနေမှ အပြင်ထွက်ပြီး စိတ်သက်သာခွင့်ရတာ ..."

"သမီးတို့ လက်ထပ်လိုက်တာ ခုမှ နှစ်ပတ်ပဲရှိသေးတယ်၊ ဒီလိုပုံစံတွေ ဖြစ်နေကြတာ လေးလေးတို့ ဘယ်လိုမှ နားမလည်နိုင်ဘူး ..."

"လေးလေးတို့ဆိုတာ အမေ့ကိုပါ ထည့်ပြောတာလား အန်ကယ်လ်"

ဦးသိန်းဖံ က မဖြေရသေးဘဲ သူမ ဘာသာခေါင်းခါလိုက်ပြီး ...၊

"အမေကတော့ နားမလည်တာ မဖြစ်နိုင်ပါဘူး၊ သူ့သား ဘယ်လိုလူလဲဆိုတာ သိနေတဲ့ပုံပါ ..."

"သမီးကလည်း ဇနီးမယားတစ်ယောက်ဖြစ်လာပြီဆိုတည်းက ဇနီးတစ်ယောက်ရဲ့ တာဝန်ကို သိရမှာလေ၊ မိဘထက်ပိုပြီး တွယ်တာ မြတ်နိုးလို့ စုံဖက်လက်ထပ်ကြတာမို့လား ..."

"အဟွန်း ..."

"သမီးတို့က ဘယ်လိုပြဿနာရှိနေသလဲတော့ မသိဘူး၊ ဒါပေမယ့် ဇနီးမယားက ကိုယ့်လင်သားနဲ့ပြိုင်ပြီး အိမ်ထောင်ရေးပြိုကွဲရာပြိုကွဲကြောင်းဖြစ်မှာမျိုး မလုပ်ရဘူး ..."

ဘယ်လိုလေးနက်စေတဲ့ စကားတွေပြောနေပါစေ မင်းမင်းသော်ရဲ့ မျက်နှာပေါ်မှာ လေးနက်သည့် ခံစားချက်ဆိုတာ အရာမထင် ...။

"မင်းမင်း တို့ ဘာပြဿနာရှိခဲ့သလဲမသိဘူးဆိုရင် နည်းနည်းပါးပါးတော့ ပြောပြလို့ရပါတယ် ..."

စကားစလိုက်ပြီး ဆိုဖာတွေဆီ ပြန်လျှောက်သွားသည်။ ပြီးတော့ ဆိုဖာလက်တင်တစ်ခုပေါ်မှာ နောက်ပြန်ထိုင်လိုက်ပြီး လက်ပိုက်ထားလိုက်၏။

ဦးသိန်းဖံ မျက်မှောင်ကုတ်သွားကာ သူမ ထိုင်ပုံကို ခြေဆုံးခေါင်းဆုံးကြည့်၏။ ကျောမှီတွေ နောက်မှီတွေကို ခရုခွေလို မောင်းကြွပုံဖော်

www.burmeseclassic.com

www.burmeseclassic.com



ထားသည့် ဆိုဖာအနီရဲရဲကြီးတွေက သူမ ပစ်စလက်ခတ် ထိုင်ချလိုက်တော့ ကြည့်ရဆိုးနေ၏။

ညှော်ခန်းဆိုတာ တစ်အိမ်လုံးရဲ့ ကျက်သရေဆောင် ...။

ညှော်ခန်းက ပစ္စည်းတွေကို ဘာမဆို လှပတင့်တယ်အောင်သာ ပြင်ဆင်ရမှာ ...၊ ဒီလို ပက်ပက်စက်စက် သုံးစွဲနေထိုင်ရမှာမဟုတ် ...။

"ကိုပါ က မင်းမင်း ကို လက်မထပ်ချင်သေးဘူးတဲ့လေ၊ မင်းကလည်း ချစ်သူအတွက်ဆို ဘာမဆိုဖြည့်ဆည်းပေးခဲ့တဲ့သူ ..."

သူမ ဘာကိုပြောချင်တာမှန်း သိလိုက်သဖြင့် ဦးသိန်းဖံ မျက်နှာ ပူသွားမိသည်။ သူမကတော့ အေးဆေး ...၊

"အန်ကယ်လ်ပဲ စဉ်းစားကြည့်လေ၊ သူ ဒီလိုငြင်းရက်တာ တာဝန်မဲ့တာမဟုတ်ဘူးလား၊ မင်းကလည်း ကိုယ်က အလျှော့ပေးချင်လာရင် တစ်လောကလုံး ဘယ်သူဘယ်လိုပဲ ကဲ့ရယ်နေနေ .. ငတုံးမ အဖြစ်ခံပြီး လျှော့ပစ်ရဲတယ်၊ သူများက တမင်တင်းလာလို့ကတော့ .. ဟွန်း.."

ဦးသိန်းဖံ နားလည်သွားပါပြီ။ ဒါကို ဘယ်သူက ဘယ်လိုလွန်ပါတယ်လို့ ပြောရမလဲ ...၊ မှားယွင်းခဲ့ကြတာလည်း အတူတူ ...။ တယ်သူ့ဘက်ကမှ မလျှော့နိုင်ဘဲ မာနတွေကလည်း သူနိုင်ကိုယ်နိုင် ...။

ဒီအဖြစ်တွေကို ကိုမောင် ဘယ်လိုနားလည်ပေးမှာလဲ၊ တွေးမိတော့ မျက်လုံးတွေက သူမဆီပြန်ရောက်၏။ စကားပြောတိုင်း ကိုယ့်ကိုယ်ကိုယ် မင်းမင်း လို့ ထည့်ပြောတတ်ကာ တစ်ခါတစ်လေ 'မင်း' တစ်လုံးတည်း ပြောသွားသည့်အသံမျိုးလည်း ကြားရတတ်သော မင်းမင်းသော် ဆိုသည့် သူမက ပါးနပ်ထက်မြက်လွန်းတာလည်း သူမလိုလူမျိုး နှစ်ယောက်ရှိ မရှိနိုင် ...။

နောက်ထပ် အပိုဆောင်းတာက မွေးကတည်းက ကြောက်တတ်သည့်စိတ် ပါမလာခဲ့တာလား ...။

"အဲ့ဒါကြောင့် ကိုပါ က မင်း ကိုရှို့နေတာ၊ မင်းမင်း မှားတာ မှမဟုတ်တာ ဘာဖြစ်လို့ အလျှော့ပေးရမှာလဲ၊ မဟုတ်ဘူးလား .."



မျက်လုံးတွေ တစ်နေရာမှာ စူးစိုက်ငေးရင်း ခေါင်းခါသက်ပြင်းချနေသည့် ဦးသိန်းဖံ ကို အကဲခတ်၍ မင်းမင်းသော် က လှို့ဝှက်စွာ ပြုံးသည်။

သူမ ပြောသမျှစကားတွေထဲမှာ အမှန်တရားတွေက ဘယ်လောက် ရာခိုင်နှုန်းလောက်ပဲပါသလဲဆိုတာ ကိုယ့်စကား ကိုယ်သာသိသည်။

ဒီခေတ်လမ်းမှာ ဘယ်သူက 'ကကြိုးရှင်' လဲဆိုတာ ရှင်ကြီးသိမှာ မဟုတ်ဘူး ဦးသိန်းဖံ ...။

ကံကောင်းရင် ဘယ်တော့မှ သိခွင့်မရဘဲ တစ်သက်လုံး ဒီအတိုင်းပဲ ပြီးသွားဖို့လည်းရှိသေးတယ်။

ဒါပေမယ့် မသိတာပဲကောင်းပါတယ် .. အမှန်တရားဆိုတာ ခါးနေတတ်တယ်ဆိုတော့ ...၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

"ဟာ .. ဘဘကြီး .."

ဦးမောင်မောင်ကြီး ကို မြင်လိုက်တာနှင့် ဝေဒ ရဲ့ အမူအရာတွေ အားလုံး ပြောင်းလဲသွားကာ အခန့်သား ထိုင်နေရာကနေ ထရပ်လိုက်ပြီး ဖြစ်လျက် ..၊

"ဘဘကြီး .."

"နေပါ .. ထိုင်ပါ .. မင်း ကျန်းမာရေး ကောင်းသွားပြီပဲ .."

"ဟုတ်ကဲ့ .."

ဦးမောင်မောင်ကြီး က သူ့ရုံးခန်းကို တစ်ပတ်ဝေ့ကြည့်ပြီးမှ ဆိုဖာမှာ ဝင်ထိုင်သည်။ ဝေဒ က ဦးမောင်မောင်ကြီး နှင့် ပိုဝေးအောင် ထပ်ရွှေ့ပြီးမှ ခါးမတ်မတ်ထိုင်၏။

'နေမဝင်' သွေးမျိုးစုတွေထဲမှာ ဦးမောင်မောင်ကြီး တို့ မိသားစုကသာ အကြီးအကဲ ထိန်းကွပ်သူများဖြစ်ကြကာ 'နေမဝင်' မိသားစုကို သွေးမျိုးစုတစ်ခုလုံးက ရိုသေလေးစားခဲ့ကြတာ သွေးစဉ်မျိုးဆက်အလိုက်ပင်..။

သူ့ဆိုလျှင် နေပါဝါ့ ကို ငယ်ငယ်လေးတည်းက ကြောက်ခဲ့ရသည်။ တွက်ကြည့်လျှင် နေပါဝါ့ ထက် သူက အသက်ပိုကြီးသေးသည်။

ဒါပေမယ့် သူ့ကိုဆို နေပါဝါ က ငယ်နိုင် ..၊



ဘာဖြစ်ဖြစ် မျိုးသိပ်ကြိတ်ကြဲတတ်သောအကျင့်နှင့် ဝေဒ က လူကြောက်ကလေးလို ကြီးပြင်းခဲ့တာဖြစ်ကာ နေပါဝါ ကတော့ ရှုရှုနိုင်းနိုင်း မဟုတ်မခံ တကယ့် မီးခဲ ..။

"နေမဝင်" မိသားစုနှင့် သွေးမျိုးစုတို့ဟာ ဘယ်ကာဘယ်လို အစွဲအလမ်း အထိန်းအကွပ်တွေနဲ့ အစဉ်အလာကြီးမားခဲ့ကြတယ်ဆိုတာ မသိပေ။

ဒါပေမယ့် သွေးစဉ်မျိုးဆက်တို့က ဝါကြီးသူကို ဝါငယ်တဲ့သူက လေးစားရသည်။ ထို့ကြောင့် 'နေမဝင်' အုပ်စုဆိုတာ ဖြစ်လာခဲ့၏။

နေပါဝါ့ ကို ဝေဒ အသေအကြေ မုန်းနေခဲ့၏။ အမုန်းသည် အမုန်းဖြစ်ကာ ဦးမောင်မောင်ကြီး ကို မြင်လိုက်သည့်ခဏမှာတော့ ကိုယ့်မိဘ ဆရာသမားကဲ့သို့ ..။

"မင်းညီလည်း လက်ထပ်ပြီးသွားပြီ၊ မင်းထက် ကိုးရက်ပဲနောက်ကျတယ် .."

ဝေဒ မျက်နှာ ကွက်ခနဲပျက်သွားကာ မျက်လွှာချလိုက်မိသည်။ ဦးမောင်မောင်ကြီး က သက်ပြင်းချလိုက်ပြီး ..၊

"ဒါပေမယ့် အပါ က မိုက်တယ် .."

ဝေဒ တစ်ဖက်က စကားပြောလို့ကောင်းအောင် စကားထောက်တော့ လုပ်ပေးချင်၏။ ဒါပေမယ့် အားစေးထည့်ခံထားရသလို နှုတ်က ဆွံ့အနေခဲ့၏။

"မင်း ခု အလုပ်ပြန်လုပ်နေတာလား .."

"ကျွန်တော် .. အဲ .. ဒီနေ့မှ ဟိုလေ .. မလုပ်ရသေးပါဘူး၊ လက်ထပ်ထားတာလည်း မကြာသေးတော့လေ .."

နှုတ်ခမ်းအစုံကို လျှာနဲ့ သပ်မိရင်း ရုံးအကူကောင်လေးတစ်ယောက်ကို ခေါ်ကာ စားသောက်စရာတစ်ပွဲ လာပို့ဖို့ ပြောလိုက်သည်။

နှုတ်ခမ်းတွေသာမကပဲ အာခေါင်တွေပါ ခြောက်သွေ့နေသလို ဖြစ်လာလျက် နှုတ်ခမ်းလျှာသပ်တာလည်းမရ၊ တံတွေးမျိုချတော့လည်း သည်းချောင်းတွေ ကျပ်ခဲနေတော့ အဆင်မပြေ ..။

www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့ .. မင်းလို ကြိုးစားချင်စိတ်ရှိတဲ့ လူငယ်တွေကတော့ မလုပ်ဖြစ်သေးတာတောင် အလုပ်ထဲမှာ စိတ်က အမြဲရှိနေတာပဲလေ၊ မင်း မိဘတွေ မရှိကြတော့ပေမယ့် သူတို့တွေ ရှိနေရင်လည်း မင်းရဲ့ ကြိုးစားမှုအတွက် ကျေနပ်ကြရမှာပါ၊ မင်းမှာ ဘာလိုအပ်သေးလဲ၊ ငွေဖြစ်ဖြစ် ဘာဖြစ်ဖြစ် ဘဘကို ပြောနော် .."

"ဟုတ်ကဲ့ပါ .. ဟုတ်ကဲ့ပါ ဘဘကြီး .."

"ဘဘ မင်းရဲ့ မင်္ဂလာပွဲကို မလာဖြစ်လိုက်တော့ မင်းရဲ့ ဇနီးကိုလည်း မမြင်ဘူးသေးဘူး၊ ဒါနဲ့ သူ အခု ကုမ္ပဏီမှာ ပါလာတယ်ဆို.."

"ခင်ဗျာ .."

ရင်ထဲမှာ ဒိန်းခနဲမြည်သွား၏။ 'ပါလာတယ်ဆို' လို့မေးပုံအရ အပြင်ကတစ်ယောက်ယောက်ကိုမေးလိုက်တာ ဖြစ်နိုင်၏။ ထိုတစ်ယောက်ယောက်က သူနဲ့ မင်းမင်း ရဲ့ အိမ်ထောင်ရေးအခြေအနေကိုများ ပြောလိုက်မိလျှင် ..၊

"သူရှိနေရင် ဘဘက ချွေးမကို မြင်ဖူးသွားချင်ရုံပါ၊ မရှိရင် နေပါစေ .."

"ရှိ .. ရှိတော့ ရှိပါတယ် ဘဘ .. ဒါပေမယ့် .."

"နေပါ .. နေပါ .. နောက်လည်း တွေ့နေကြမှာပဲ .."

ဦးမောင်မောင်ကြီး တမင်လာကြည့်တာကို မျိုသိပ်ထားလိုက်မိသည်။ အပါ လက်ထပ်ခဲ့တဲ့ ဇနီးချောရဲ့ အခြေအနေကို ညီဖြစ်သူ ကိုသိန်းကနေတစ်ဆင့် သူ သိခဲ့ပြီးဖြစ်ရာ ဒီလူငယ်နှစ်ယောက် ဘယ်လိုဇနီးမျိုးတွေနဲ့ လက်ထပ်ခဲ့ကြသလဲဆိုတာ စိတ်ကူးထဲမှာ နှိုင်းယှဉ်တွေးမိခဲ့၏။

ထို့ကြောင့် ကြုံကြိုက်တုန်း တမင်လှည့်ဝင်လာခဲ့တာဖြစ်သည်။ ဒီရောက်လာတော့လည်း ကိုယ်က လူကြီးဖြစ်ပြီး လူငယ်တွေကိစ္စကို စပ်စပ်စုစု လျှောက်မေးမိသလို ဖြစ်မှာစိုးမိပြန်၏။

စိတ်ထဲမှာ ထူးဆန်းသလိုတွေးမိနေတာ တစ်ခုကိုတော့ မေးဖို့ ဆုံးဖြတ်လိုက်ပြီး ..၊



"ဒါနဲ့ စကားမစပ် မင်းအဒေါ်က မင်းနဲ့ လာနေတယ်ဆို .."

"ဟုတ်ကဲ့ ဘဘကြီး .. သိပ်တောင် မကြာသေးပါဘူး၊ ကျွန်တော်က မိဘမဲ့ဖြစ်ပြီး ဘယ်ဦးလေး ဘကြီးတွေနဲ့မှ အတူတူမနေတော့ အန်တီကို ဘိုးလေးထူး ပဲ လှမ်းခေါ်လိုက်တာ .."

"ဩော် .. အင်း .. အင်း .. ဒါပဲကောင်းပါတယ်၊ ယောကျ်ားလေးဖြစ်ဖြစ်၊ မိန်းကလေးဖြစ်ဖြစ် အထိန်းအကွပ်မဲ့နေရင် မကောင်းဘူး .."

ပြောနေရင်း ကိုယ့်သားကို ပြန်တွေးမိသည်။ မိဘကို အပြစ်ထောင်ပြီး အရိပ်အာဝါသဆိုသည့် တန်ဖိုးကို နားမလည်ဘဲ ထင်ရာစိုင်းနေခဲ့တာ နှစ်နဲ့ချီသည်။

ပြီးတော့ မိဘကို အသိမပေး၊ အကြောင်းမကြားဘဲ မိန်းမယူဝစ်လိုက်တာ ကုန်တိုက်ထဲမှာ ကြိုက်တာသွားဝယ်လာသလိုမျိုး ..။

"မင်းအဒေါ်နဲ့ မိန်းကလေးတို့ရော အဆင်ပြေကြရဲ့လားကွယ်.."

"ဟုတ်ကဲ့ .."

'ပြေပါတယ်' လို့ ပြီးပြည့်စုံစွာ ဖြေရမှာပေမယ့် ဝေဒ ရဲ့ ဖြေသံတွေက ဘယ်မေးခွန်းကိုမှ ပြည့်စုံအောင် ဖြေကြားသွားတယ်ဆိုတာမရှိ။

"အေးပေါ့ .. လူကြီးမိဘကတော့ သားသမီးတွေ လုပ်လာသမျှ ကောင်းကောင်းဆိုးဆိုး ခွဲခြားနားလည်ပေးကြတာပဲ၊ နာခံတဲ့ သားသမီးတွေအတွက်ဆိုရင် တစ်ခါကနှစ်ခါ မများတော့ဘူးပေါ့ .."

ဘဘကြီး ရင်ထဲမှာ ဘယ်လိုခံစားချက်တွေနဲ့ နင့်နေသလဲဆိုတာ ဝေဒ သိနေသည်။ နေပါဝါ က အိမ်ကထွက်လာတည်းက ဒီနေ့ထိ မိဘအိမ်ကို အရိပ်လေးတောင် ပြန်မနင်းခဲ့ပေ။

သူ့ရဲ့ မင်္ဂလာကိစ္စအဝဝကို ဘဘကြီးကိုယ်တိုင် လိုက်လာစီမံပေးခဲ့တာတောင် ဖအေကို ရိုသေလေးစားသော နှုတ်ဆက်စကားတစ်ခွန်းမှ မဆိုခဲ့ဘူးလို့ သူ ကြားထားခဲ့သည်။

သို့သော် ကိုယ်သိထားတာတွေကိုလည်း မပြောရ၊ မသိတာကိုလည်း မမေးရဲခဲ့ဘဲ ဦးမောင်မောင်ကြီး ဆိုသော ပုဂ္ဂိုလ်ကြီးနဲ့ စကား

www.burmeseclassic.com

www.burmeseclassic.com



လက်ဆုံခင်းဖို့ တုံ့နှေးခဲ့ရင်း ...၊

"ဒါနဲ့ မင်းရဲ့ဇနီးနဲ့ အပေါ့ ဇနီးက နာမည်ချင်းပါ တူနေတာဆို.."

ဝေဒ ရင်ထဲမှာ ဒိန်းခနဲမြည်သွား၏။ မျက်နှာမပျက်မိအောင် မနည်းချုပ်ထိန်းလိုက်ရကာ ...၊

"မဟုတ် .. အဲ .. ဟုတ်လား .. အပွန်း .. တော်တော်တိုက်ဆိုင်တာပဲ.."

"ကိုသိန်း ကတောင်မှပြောသေးတယ်၊ မင်းတို့ ညီအစ်ကိုချင်း တမင်တကာ အတိုက်အခံတွေ ပြိုင်ဆိုင်လုပ်ကြတာဆိုပြီး .."

"ဟာ .. မဟုတ်ပါဘူး .. အဲ့ဒါ လုံးဝမဟုတ်ဘူး .."

ဝေဒ အကြောက်အကန် လက်ကာငြင်းလိုက်သဖြင့် ဦးမောင်မောင်ကြီး မျက်မှောင်ကုတ်သွားသည်။ သူ ပြောလိုက်တာ ပေါ့ပေါ့ပါးပါးလေးသာ..။

"ကျွန်တော်တို့ ကိုယ့်အလုပ်နဲ့ကိုယ် ဟိုအရင်တုန်းကလို ရန်ဖြစ်လိုက် ပြန်တည့်လိုက်တွေဖြစ်ဖို့ အချိန်လည်းမရှိဘူး၊ ပါဝါ့ ကို အတိုက်အခံသွားလုပ်ဖို့ဆိုတာ ပိုပြီးတော့တောင် ဝေးပါသေးတယ် .."

"ဘာဘကလည်း ဒီလိုပဲပြောလိုက်တာပါ၊ လူငယ်တွေ အမျိုးမျိုး အဆန်းထွင်နေကြတော့လေ .."

"ကျွန်တော်တို့ကတော့ မထွင်ပါဘူး .."

ဝေဒ က ဒါကိုပဲ ငြင်းဆန်နေကာ ဦးမောင်မောင်ကြီး လက်ခံအတည်ပြုပေးဖို့အတွက် တောင်းဆိုနေသည့်နှယ် ..။

"ဒါဖြင့် မင်းတို့ ဒီမိန်းကလေးတွေနဲ့ လက်မထပ်ခင်ကစပြီး ခုချိန်ထိ တစ်ခါမှ မဆုံဖြစ်ကြဘူးလား .."

"ဟင်!..."

ဝေဒ မျက်လုံးတွေ ဂနာမငြိမ်လှုပ်ရှားသွားသည်။

"ဒီလိုလေ .. မိန်းကလေးကိစ္စတွေ၊ မင်္ဂလာကိစ္စတွေ ဘာမှမပြောဖြစ်ခဲ့ဘူးလားလို့ .."

"အဲဒါက .. ဟို .."

တစ်ယောက်နဲ့တစ်ယောက် မရိုးသားမှုတွေနဲ့ စခဲ့ကြတာကို ဘယ်



လိုပြောရမလဲ ..။ အထူးသဖြင့် နေပါဝါ ရဲ့ ချစ်သူဆိုတာသိလိုက်ရကာမှ ဘယ်လိုမှ လျှော့မပေးနိုင်ဘဲ မရမက ယူပစ်လိုက်တာ သူ့ဘက်ကတောင်မရိုးသားခဲ့ခြင်း ..။

"ဟို .. လက်ထပ်ကြမှာတော့ သိကြပါတယ်၊ ဒါပေမယ့် .."

"အင်း .. ဟုတ်တာပေါ့၊ အက်ဆီးဒင့် ဖြစ်သွားခဲ့တာကိုး၊ ဒါနဲ့ မင်း ဇနီး နာမည်ကလည်း မင်းမင်း တဲ့လား .."

"ဗျာ!.."

"မင်းမင်း ဆိုတဲ့နာမည်မျိုးက မိန်းကလေးတွေ သိပ်မပေးတတ်ကြဘူးလေ၊ ဒီနာမည်က လာတူနေတာ အံ့ဩလို့ .."

တကယ် အံ့ဩတာလား၊ ဒီအကြောင်းတွေကို သိထားပြီးလို့ လာအစ်နေတာလား ..။

အေးဆေးတည်ငြိမ်လွန်းသည့် ဦးမောင်မောင်ကြီး ၏ မျက်နှာထက်မှာ ရိုးသားခြင်း၊ မရိုးသားခြင်း စသည့်တစ်စုံတစ်ရာကို ရှာဖွေဖို့ကတော်တော်ခက်၏။

ပိုခက်တာက သူ ဘယ်လိုပြန်ဖြေရမှန်းမသိခြင်းပင် ..။

"ဟို .. ကျွန်တော် .. ကျွန်တော့်ဇနီးက နာမည်က ဆောင်းမင်းသမီးပါ၊ မင်းမင်း လို့ခေါ်တာက .."

"သိပြီ .. မင်းက အဖျားဆွတ်ခေါ်တာပေါ့ .."

"မဟုတ်ပါဘူး .. သူ့အိမ်က 'မင်းမင်း' လို့ ခေါ်ကြတာပါ .."

သူ ဖြေလိုက်တာ ဒါကတော့ အမှန်အတိုင်း ..။

"အပေါ့ ဇနီးကတော့ နာမည်ကိုက 'မင်းမင်းသော်' .."

"အပွန်း .. ဒါဆို သူက 'မင်းမင်း' ပိုဖြစ်ထိုက်တာပေါ့၊ ဘာဘကြီး [illegible] နာမည်တူနေတာမကြိုက်ရင် ကျွန်တော် သူ့ကို .."

"တား .. မဟုတ်တာ၊ ထားလိုက်ပါကွယ်၊ ဘာဘက ထူးဆန်းနေလို့ မေးတာပါ၊ မင်းတို့ညီအစ်ကိုနှစ်ယောက် တူညီတာတွေ တိုက်ဆိုင် [illegible] တော့ ဘယ်သူ့ဇနီးက ဘယ်လိုလဲဆိုတာ စိတ်ဝင်စားရာဖြစ်နေလို့ပါ.."

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ချွေးမအကြောင်းကိုတော့ ကိုသိန်း ဆီက အများကြီးကြားခဲ့ရပြီဖြစ်ကာ ဒီက မိန်းကလေးက ဘယ်လိုပုံစံဖြစ်နေသလဲသိချင်၏။

သူများကိစ္စ သူများကိုယ်ရေးကိုယ်တာကို တော်ရုံနဲ့ စိတ်မဝင်စားတတ်သော သူ့စိတ်တွေ သားနဲ့ကျမှ ဘယ်လိုတွေပြားဝေါးကုန်သည် မသိတော့ပါ။

ဒါမှမဟုတ် ဂုဏ်သိက္ခာတည်းဟူသော လောဘ မောဟတွေကြောင့် ဖြစ်ပေါ်လာသည့် သဝန်တိုစိတ်ပဲလား …။

နေပါဝါ ဆိုသော နေမဝင်မိသားစုကြီးရဲ့ တစ်ဦးတည်းသော မျိုးဆက်သွေးဖြစ်နေသည်မှလွဲလျှင် ကောင်းနိုးရာရာသော အရည်အချင်း အစုစုများမှာ ဝေဒ ကို နေပါဝါ ဘယ်လိုမှ လိုက်မမီနိုင်တာကိုသိနေသည်။

စိတ်ဓာတ်၊ ဗီဇ၊ စာရိတ္တ ဆိုတာ အဆိုးအကောင်း အနည်းအများ အလိုက် ကိုယ်ချစ်တဲ့သူကို ကိုယ်ပေးချင်သလောက် လက်ထဲထည့်ပေးလိုက်လို့ရတဲ့ အရာမဟုတ် …။

ကိုယ့်သားကို ပေးချင်တိုင်း မပေးနိုင်ခဲ့သမျှ ဝေဒ ရဲ့ တော်သင့်ကောင်းမွန်မှုများကို သူ မနာလိုဖြစ်ခဲ့မိသလား …၊

အိမ်ထဲက အိမ်ပြင်ထွက်ဖို့မလိုအောင် နောက်ကွယ်ကနေပဲ ညွှန်ကြားခိုင်းစေနိုင်ခဲ့သော သူ့ချွေးကြီး ဦးမောင်မောင်ကြီး ဆိုသူကို လူတိုင်းတောင် မြင်ဖူးကြတာ မဟုတ်ခဲ့ဘဲ …၊

ဆွေမျိုးနီးစပ်တော်ရုံ ဝေဒ ဆိုသည့် ကောင်လေးရဲ့ ရုံးခန်းကို ဒီနေ့ သူ ကိုယ်တိုင်လာခဲ့မိ၏။ ကိုယ့်ရဲ့ မျက်မှောက်မှာ မျက်နှာတည့်တည့် ကြည့်၍ စကားတုံ့ပြန်ပြောဖို့တောင် ထစ်ငေါ့ဆွံ့အနေသောကောင်လေးကို သူချည်းပဲ စကားတွေပြောနေခဲ့မိ၏။

ခုချိန်မှာ ကလေးဆန်စွာ တောင့်တမိသည်က ဆောင်းမင်းသမီး ဆိုသည့် မိန်းကလေးကို သူ ကြည့်ချင်နေမိသည်။

ထိုစဉ် …၊

"ဟော .. ညှိုသည်ရောက်နေတာလား .."



ဒေါ်ယုဇနဲ အထဲဝင်လာရင်း ဦးမောင်မောင်ကြီး ကို လှမ်းကြည့်ပြီး မေးခွန်းထုတ်၏။ ပြီးတော့ သူ့နောက်မှာ မင်းမင်း …၊

"မဟုတ်ဘူး .."

မင်းမင်း ကို မြင်ကာ ဦးမောင်မောင်ကြီး က မျက်ခုံးတွေ တွန့်ကုတ်သွားတဲ့အထိ စူးစိုက်ကြည့်၏။ ဝေဒ စိတ်တွေ လှုပ်ရှားသွားခဲ့ပြီး …၊

"မဟုတ်ဘူး အန်တီ .. ဘဘကြီးက ကျွန်တော်တို့ရဲ့ နေမဝင် အုပ်စုထဲက အကြီးဆုံး ဘကြီး .."

နာမည်ပြောပြပြီး မိတ်ဆက်ပေးဖို့ပေမယ့် ဝေဒ ဒီနာမည်ကို အစအဆုံး မခေါ်ဝံ့ပေ။ ဒေါ်ယုဇနဲ က 'နေမဝင်' ဆွေမျိုးစုတွေအကြောင်း သိထားပေမယ့် သူမက သွေးသားတော်စပ်သူမဟုတ်သဖြင့် သိပ်တော့ ထဲထဲဝင်ဝင်မသိပေ …။

သွေးမတော်သည့်ဘက်က 'ဝါ' အရ အခေါ်တော်နေကာ နောက်ထပ် ပိုရင်းနီးဖို့ တော်စပ်လာခဲ့သည်က သူမက ဝေဒ ရဲ့ မိထွေး …။

အိမ်ကလူကြီးတွေက လက်မခံကြသဖြင့် ဖေဖေနဲ့ တရားဝင် လက်ထပ်ခဲ့ပြီးမှ ပေါင်းခွင့်မသာဘဲဖြစ်ခဲ့၏။ ဖေဖေ ဆုံးသွားတဲ့အထိ ဒေါ်ယုဇနဲ က အပေးမှာပဲဖြစ်သည်။

ခုကျမှ ဆွေမျိုးတွေကိုယ်တိုင်က ဝေဒ ကို အုပ်ထိန်းသူအဖြစ်ရှိနေပေးဖို့ သူမကို ပြန်ခေါ်ထားခဲ့သည်။ ဘဘကြီးကို အန်တီ မသိခဲ့တာ ဤသို့သော မနီးစပ်မှုတွေကြောင့်သာဖြစ်လေသည်။

ထို့ပြင် နေပါဝါ ဆိုတာကိုလည်း ပြောလိုက်ရင်တော့ သိသွားမှာပေမယ့် ခုချိန်ထိ မသိခဲ့ပေ။

"ညှိုသည်ကို ဘာမှ ညှိုခံမထားဘူးလား သားရယ်၊ ဘာမှ မမှာရသေးဘူးလား .."

"မှာထားတယ် အန်တီ .."

"နေပါစေ .. ကျုပ်က ခုပဲ ပြန်တော့မှာ .."

စကားပြောနေပေမယ့် ဦးမောင်မောင်ကြီး က မင်းမင်း ကိုပဲ ကြည့်ကာ…

www.burmeseclassic.com

www.burmeseclassic.com



"ဒီမိန်းကလေးက .."

"ဩော် .. သူက သားရဲ့ ဇနီးလေ၊ ဆောင်းမင်းသမီး တဲ့ .."

"ဟုတ်လား .. သိမ်သိမ်မွေ့မွေ့လေးပဲ၊ သမီးနာမည်က နန်းဆန်သလိုပဲနော် .."

"ရှင် .. ဟုတ်ကဲ့ .."

မင်းမင်း က ဦးမောင်မောင်ကြီး ကို ကြည့်၍ ခေါင်းလေးညိတ်ပြသည်။ ပြီးတော့ မျက်နှာလွှဲသွား၏။

"အဲဒီအတိုင်းပဲ .. အဲဒီအတိုင်းပဲ သူ့ကိုမသိရင် အသားကြီးသလိုလို၊ လူမှုရေး မသိသလိုပဲ ..၊ တကယ်က နေကိုနေတတ်တာ၊ ဘယ်သူ့ကိုမှ ဂရုစိုက်ရမှန်းမသိဘူး .."

"အနေအေးတာ ဖြစ်မှာပါ .."

ဖေးမ ပြောလိုက်ရင်း နေရာမှ ထရပ်လိုက်မိသည်။ ဒီအမျိုးသမီး ပုံစံကြည့်ရသည်မှာ နောက်ထပ် ဆောင်းမင်းသမီး ရဲ့ လိုအပ်ချက်အစုစုတို့ကို တစ်ထိုင်တည်းမှာ အပြတ်ပြောလိုက်ဖို့ အမြဲတမ်း အဆင်သင့်ဖြစ်နေသည့်နှယ် ..၊

သူများအတွင်းရေးကိစ္စတွေကိုလည်း နောက်ထပ် သိချင်စိတ်မရှိတော့သဖြင့် ဦးမောင်မောင်ကြီး ပြန်ထွက်လာခဲ့သည်။ ဝေဒ သက်ပြင်းရှည်ကြီး ချလိုက်ပြီး ဆိုဖာပေါ်မှာ အရုပ်ကြိုးပြတ်မှီချပစ်မိကာ ..၊

"မင်းမင်း ဘယ်မှာလဲ .. အန်တီ .."

"အောက်မှာလေ .. ကုန်လှောင်ခန်းထဲမှာ ဒစ်(စ်)ကောင့်(ထ်)ချမယ့် ပစ္စည်းတွေ ရွေးခိုင်းထားတယ် .."

ဖြေလိုက်ရင်း သူ့ဘေးမှာ ဝင်ထိုင်ကာ ..၊

"မင်းဆီကို ညှိုသည်ဝင်သွားတယ်ဆိုတည်းက သူ့ကိုထားခဲ့ရမယ်ဆိုတာ ငါ နားလည်တယ်၊ ခုန လူကြီးက .."

"အဲဒါ အန်တီ့ကိုပြောဖို့ မေ့သွားတာ .."

ဝေဒ ပျာပျာသလဲ ထထိုင်လိုက်ကာ၊ ဒေါ်ယုဇနကို ကြည့်ပုံက အရေး



တကြီး ..။

"အဲဒါ တကယ်အရေးကြီးတယ်၊ ဘဘကြီး ရောက်လာရင် အန်တီစကားပြော သတိထားမှဖြစ်မှာ .."

"အန်တီ သတိထားပါတယ်၊ ဘာမှားသွားလို့လဲ .."

"မှားမှာစိုးလို့ပါ .. ခုနကလို မင်းမင်း အကြောင်း မကောင်းပြောတာမျိုးပေါ့ .."

"မကောင်းပြောတာတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ဒီထိခေါ်မလာရကောင်းလား တွေးသွားမှာစိုးလို့ တွေးစရာမကျန်အောင် တမင်တကာ ပြောထားတာလေ .."

"မပြောနဲ့ .."

ဝေဒ မျက်နှာက ဦးမောင်မောင်ကြီး ကို အလွန်အမင်းကြောက်ရွံ့ရှိသေခဲ့ပုံရှိကာ ခုလည်း နေပါဝါ အပေါ်မှာထားတဲ့စိတ်က သပ်သပ်၊ ဒီလူကြီးကိုတော့ ရိုသေမပျက်ရှိနေဆဲမို့ ..။

"အန်တီ တစ်ခုပြောမယ် သား၊ အလုပ်တစ်ခုကိုလုပ်ပြီဆိုရင်တော့ လုပ်ရဲမှ လုပ်တာကောင်းတယ်၊ ဒါကိုလုပ်မိတဲ့အတွက် အစွန်းမလွတ်နိုင်ဖွယ်ရှိတာတွေအားလုံးကိုပါ ထည့်တွက်ထားရမယ်၊ ပြောရရင် ဂရုမစိုက်ဗွာ နေရဲမှ .."

"ဂရုမစိုက်လို့ မရဘူး အန်တီ၊ ကျွန်တော်တို့ချင်း ငြိကြတာက လူကြီးတွေနဲ့မှ မဆိုင်ဘဲ၊ ဘဘကြီးတို့ မိသားစုကို ကျွန်တော်တို့ မိဘဘိုးဘွားတွေကအစ ယုံကြည်လေးစားခဲ့ကြတာ၊ အကျိုးအကြောင်းရှိရင် တိုင်ပင်တယ်၊ သူတို့ပြောတာကိုပဲ နာခံတယ်၊ ဘဘကြီးတို့ကလည်း အုပ်ထိန်းသူ ပီသတာပဲ၊ ဘာဖြစ်ဖြစ် ကူညီစောင့်ရှောက်တတ်တဲ့ တာဝန်သိစိတ်ရှိကြတယ် .."

"ဘာကို ကူညီတာလဲ .. တာဝန်ယူတာက ဘာလဲ.."

ဒေါ်ယုဇနစ တကယ်ရှုပ်ထွေးသွားတဲ့ပုံပင် ..။ သူမ မြင်နေသ၍ 'နေတော်ဝင်' မိသားစုကလည်း ကိုယ့်အင်အားနဲ့ကိုယ် တခမ်းတနား

www.burmeseclassic.com

www.burmeseclassic.com



ရပ်တည်နေတဲ့ လူချမ်းသာတွေပဲဖြစ်သည်။

'နေတော်ဝင်' က သူ့ဒွေးဦးထွန်းဝေ နဲ့ သူမ ငြိစွန်းခဲ့ကြတုန်းက ဝေဒ ဆိုတဲ့ ကလေးလေး ငါးနှစ်သားပဲရှိသေးသည်။

ကလေးကို စောင့်ရှောက်ဖို့ ဆွေမျိုးမကောင်းသည့်ထဲက ရွေးပြီး သူမကို 'နေတော်ဝင်' ဆီပို့ခဲ့သည်။ ဇနီးဆုံးပြီးတည်းက အလုပ်နဲ့အိမ် အံဝင်ဂွင်ကျမဖြစ်ခဲ့ဘဲ အစားမမှန်၊ အအိပ်မမှန်နှင့် ဦးထွန်းဝေ အပေါ်မှာ သူမ စေတနာလွန်ခဲ့မိသည်။

ဦးထွန်းဝေ ကလည်း သူမကို လက်ထပ်ယူခဲ့ပါသည်။ ဒါပေမယ့် ဆွေမျိုးစုအားလုံး ကန့်ကွက်ခဲ့ကြသည်။ ဆွေမျိုးဆိုပေမယ့် ဟိုဘက်က ဒီဘက်က ပတ်သက်မှုများနှင့် ဆွေမျိုးတော်ခွင့်ရှိသည့်သူသာ ဖြစ်သည်။ သွေးသားတော်စပ်တာ မဟုတ် ...။

ထို့ကြောင့် မတူမတန်မဖြစ်သင့်ဘူးဆိုသည့် ကန့်ကွက်မဲတွေ ကိုယ်စီ ထွက်လာကြကာ သူတို့ပဲ အိမ်အရောက်ပို့ပေးခဲ့ပြီး သူတို့ပဲ ပြန်ခွဲထုတ်ခဲ့ကြ၏။

'နေတော်ဝင်' မိသားစုနဲ့တောင် သူမက မထိုက်တန်တဲ့မိန်းမ ဖြစ်ခဲ့ရသည်။ 'နေမဝင်' မိသားစုက 'နေတော်ဝင်' ကို လွှမ်းမိုးနိုင်သေးသည်ဆိုတော့ ဘာလဲ ...။

"ချမ်းသာတာ ဆင်းရဲတာနဲ့ မဆိုင်ဘဲ ဒါက ဆွေမျိုးစု အစဉ်အလာ တစ်ခုလို့ပဲ ပြောရမလား၊ 'နေမဝင်' မိသားစုက ကျွန်တော်တို့အားလုံး ရဲ့ အမြဲတမ်း အကြီးအကဲပဲ ..."

ဒေါ်ယုဇနေ တွေးနေတာကို နားလည်နေသလိုမျိုး ဝေဒ က ဒါကိုပဲ ဆက်ရှင်းပြသည်။

"ပါဝါ ဆိုတဲ့ကောင်ကို ဘယ်လိုမှ အလျှော့မပေးနိုင်တာက သပ်သပ်၊ အစဉ်အလာက သပ်သပ်ပါ၊ ဒါကြောင့် ကျွန်တော်တို့ကိစ္စတွေကို ဘာဘကြီး ဘာမှမသိစေချင်တာ ..."

"အန်တီ့ကိုတော့ မင်းရင်ထဲမှာရှိတာတွေ ပေးသိမယ်မို့လားဟင်..."



အခါအခွင့်သင့်တုန်း ဒေါ်ယုဇနေ က သိလိုရာကို မေးတော့သည်။ ဝေဒ က အံတစ်ချက်ကြိတ်လိုက်ပြီး ခေါင်းခါသည်။ အဖြစ်အပျက်နဲ့ ပြောနေကျ စကားတွေ ဒီလောက်ထိ နီးစပ်နေတာတောင် ဒေါ်ယုဇနေ ခုချိန်ထိ နေပါဝါ နဲ့ 'နေမဝင်' မိသားစုကို ဆက်စပ်မသိခဲ့သေး ...။

ဘာပဲဖြစ်ဖြစ် ဒီတိုင်းထားလိုက်ဖို့စိတ်ကူးနှင့် ဝေဒ ဘာမှရှင်းမပြဘဲ နေခဲ့တာဖြစ်သည်။ ခုထိလည်း ပြောပြဖို့စိတ်ကူးမရှိ ...။ သို့သော်...၊

"အန်တီက ကျွန်တော်တို့နဲ့ သိပ်မနီးစပ်ခဲ့ဘဲ ရောက်လာတာ၊ ပြန်ထွက်သွားတယ်၊ အခုမှ ပြန်ရောက်လာတော့ မသိတာတွေ အများကြီးဖြစ်နေတာပေါ့၊ နောက်တော့ ပြောဆိုဖြစ်ကြရင်း သိလာမှာပါ၊ နေပါဝါ ဆိုတဲ့ကောင်က ကျွန်တော့်အပေါ် ဘယ်တုန်းကမှ မကောင်းခဲ့ဘူး၊ ကျွန်တော်ကလည်း ကောင်းဖို့မကြိုးစားဘူး၊ ခု ပိုဆိုးသွားပြီလေ၊ သူ့ရည်းစားကို ကျွန်တော်က ရလိုက်တာကိုး ..."

"ဟင်!..."

ဒီလိုထင်လို့ တတွတ်တွတ်မေးနေတာကို ဟုတ်သလိုလို မဟုတ်သလိုလိုနဲ့ ဖြေလာခဲ့တာ ...၊

"ဒါဆို သားကို ဒီလိုဖြစ်သွားအောင် ဒုက္ခပေးလိုက်တာ နေပါဝါ ပေါ့..."

"ဟုတ်တယ် ..."

"ကြည့်စမ်း ..."

ဆိုင်ကယ်လ်မှောက်အောင် လုပ်ပစ်လိုက်တာ အသက်မသေပေမယ့် ဝေဒ လူဖြစ်ရှုံးရတဲ့ အတွင်းဒဏ်ရာကြီးနဲ့ ခုတော့ ...၊

"တောက် ..."

ဒေါ်ယုဇနေ တက်ခေါက်မိ၏။ သူမက မီတွေ့ပေမယ့် ကိုယ့်ကိုယ်ကိုယ် ဒီတလေးရဲ့ အဒေါ်လို့ပဲ နှလုံးသွင်းထားခဲ့တာပါ။ ပြီးတော့ ဝေဒ ကို သူမလက်နဲ့ ချီပွေ့ပြီး ထိန်းကျောင်းခဲ့ဖူးသည်။

ကိုယ့်သားလေးလိုလည်း ချစ်ခဲ့ရပါ၏။ ထို့ကြောင့် မချင့်ဒေါသ ထောင်းခနဲ ထ၏။ သင်းက ဘာမို့လို့ ဝေဒ ကို ဒီလောက်စိန်ခေါ်

www.burmeseclassic.com

www.burmeseclassic.com



ရဲ့နေတာလဲ ..။

"နေပါဦး ဒီကောင်လေးက ဂျစ်ပစီလေးဆို၊ ကြုံသလိုအိပ်၊ ထင်သလိုလုပ် နေနေတဲ့ ကလေကချေလေးမို့လား၊ ဒါကြောင့် ဒီလောက်ထိ အထူအပါး နားမလည်တာ .."

ဓေဒ ပြုံးလိုက်မိသည်။ နှုတ်ခမ်းတို့က အပြုံးကိုဆောင်နေပေမယ့် မျက်လုံးတွေက အေးစက်စက်ထန်နေကာ ..၊

"ဟဲလို .."

ဒေါ်ယုဇနေ ပြန်ထွက်သွားကာမှ တစ်စုံတစ်ယောက်စီ ဖုန်းခေါ်လိုက်ပြီး ..၊

"မင်း ငါခိုင်းထားတာ လုပ်ပြီးပြီလား .."

".... .... ...."

"အေး .. အေး .. ကောင်းတယ်၊ သူ့ဘက်က အကြောင်းတစ်ခုခု ထူးခြားရင် ငါ့ဆီ မက်ဆေ့ချ်ပို့လိုက် .."

".... .... ...."

"ဟား .. ဟား .. ဟား .. ဘာဖြစ်ဖြစ် သူ့ကိုငါ နိုင်ပြီးသားပါ .."

အနိုင်ယူသူ အရှုံးပေးနေရတာကျတော့ ဘယ်သူမှ မသိနိုင် ..။

ဓေဒ ဖုန်းချလိုက်ရင်း အံတင်းတင်းကြိတ်နေခဲ့၏။ 'လှတာမက်လို့ ညစာခက်ကြသည်' တဲ့ ..။

သူ့အတွက်ကတော့ တစ်ဘဝလုံးစာ ငတ်ရသည့် အဖြစ်ဆိုးနှင့် တစ်သက်လုံး လူလုံးမလှဲစွာ အသက်ဆက်ရှင်ရတော့မည်။

ဒါကို တန်ရာတန်ကြေး ပြန်ရယူဖို့အတွက် ဘယ်လိုအလျှော် အစားမျိုးရှိမလဲ ..။

မရှိနိုင်ဘူး ပါဝါ ..၊ မင်းလုပ်ခဲ့တဲ့ အမှားအတွက် မင်း အဆမတန် ပေးဆပ်ရမယ်။ မင်းဆီက ဘာတွေရရ ငါ ကျေနပ်နိုင်မှာ မဟုတ်ဘူး ဆိုတော့ ..၊



## အခန်း (၈)

"ဒါ ဘယ်သူပို့လိုက်တာလဲ .."

သူ နေရာကနေ ဝုန်းခနဲထရပ်လိုက်သဖြင့် ကြက်ကင်လာပို့ပေးသည့် မဲလုံး ဆတ်ခနဲ့တွန့်သွား၏။ သူ အမြည်းလာပို့တာ နှစ်ခေါက်ရှိပြီ ..။

အမြည်းမရောက်ခင်တည်းက မျက်ကြောစင်းနေခဲ့သည့် ပါဝါ့ က ရေရှိန်ကိုက်နေပြီမှန်း သိသာပါသည်။ ခုကျတော့ ဘာမှမဖြစ်သလို ရပ်လိုက်တာ သရဲပူးသွားသလားထင်ရ၏။

"အစ်ကိုလေး .."

"ငါမေးတာကိုဖြေစမ်း၊ ဒါတွေ ဘယ်သူ ပို့လိုက်တာလဲ .."

စားပွဲပေါ်မှာ ခေတ်ပုံအစွန်းထွက်နေသည့် စာအိတ်တစ်အိတ်ရယ်၊ တစ်ချပ်ရယ် ..။

"ကျွန်တော် မသိရပါဘူး အစ်ကိုလေးရယ်၊ အစ်ကိုလေး ပြင်က ဆာတော့ အစ်ကိုလေးရဲ့ ကုတ်အကျီ ကားထဲမှာ ကျန်ခဲ့လို့ .."

"မင်းနဲ့ ကားနဲ့ ဘာဆိုင်လို့လဲ .."

www.burmeseclassic.com

www.burmeseclassic.com



မဲလုံး ဆွံ့အသွားပြန်သည်။ ပါဝါ့ အကြည့်တွေ စူးရဲလာလေ သူ ထိတ်လန့်လေဖြစ်လျက် ကိုယ့်တာသာ ပြန်စဉ်းစားရင်း ဒီအိမ်မှာ အလုပ်သမား အများကြီးမရှိပေ ..။

သန့်ရှင်းရေးအတွက် ဒေါ်သစ္စာ ရှိသည်။ အချက်အပြုတ်နဲ့ ပါဝါ့အတွက် တောက်တိုမယ်ရကို သူပဲ တာဝန်ယူရသည်။ လျှော်ဖွတ်မီးပူတိုက်တာက တစ်ပတ်မှ သုံးရက်ပဲ အပြင်လူ လာလုပ်တာဖြစ်၏။

ဘာပဲဖြစ်ဖြစ် ကားနဲ့ပတ်သက်တာမှန်သမျှ သူနဲ့ ဘာမှမဆိုင်တာကတော့ အသေအချာပင် ..။

"ဟိတ်ကောင် .."

"ဗျာ .. ဟို .."

အကျီရင်ဘတ်ကို ဆောင့်ဆွဲလိုက်သဖြင့် မဲလုံး တုန်ယင်သွားကာ..။

"ကျွန်တော်က သွားယူတာမဟုတ်ပါဘူး၊ ဒရိုင်ဘာက လှမ်းခေါ်ပေးတာပါ .."

"သွားခေါ် .. အဲဒီကောင်ကို ခု .."

အကျီစကို လွှတ်လိုက်တာက လူကို တွန်းပစ်လိုက်သလိုဖြစ်ကာ မဲလုံး ယိုင်ထွက်သွား၏။

"သွားလေ .."

"ဟုတ်ကဲ့ .."

ဒေါ်သတွေက တစ်ကိုယ်လုံးမှာရှိသမျှ သွေးတို့ကို ပွက်ပွက်ဆူစေ၏။ ညစဉ် မူးအောင်သောက်ကာ တစ်နေ့မှ မိုးမလင်းခဲ့သော သူ့အတွက် နေမမြင် ပစ္စပ္ပုန်သည် 'မ' ရဲ့ ဒုက္ခမိုးစွေနေသော ဓာတ်ပုံတွေကြောင့် ..၊

"ဟိတ်ကောင် .. မင်း ပြောစမ်း၊ ဒီပုံ ငါ့အကျီအိတ်ထဲ ဘယ်လိုရောက်နေတာလဲ .."

"ကျွန်တော် မသိ .."

"ရှင် .."



ဒရိုင်ဘာ ကိုထွေး ၏ မျက်နှာမော့ခနဲ လည်ထွက်သွားသည်။ ပါဝါ က သူ့ရင်ဘတ်ကို ဆောင့်ခါဆွဲ၍ ..၊

"ငါ မူးနေပေမယ့် မရူးသေးဘူး၊ ငါ့ကားထဲမှာထားတဲ့ အကျီကို အပြင်လူက အလွယ်တကူကိုင်တွယ်အသုံးချသွားတယ်တဲ့၊ ငါ ရူးနေရင်တောင် ဒါမျိုးလာလုပ်လို့မရဘူး .."

"အစ်ကိုလေး .."

"မကြားချင်ဘူး .. မေးတာကိုပဲဖြေ .."

"ကျွန်တော် တကယ်မသိတာပါ၊ အဲ့ဒါကို .."

"မသိဦးကွာ .."

နောက်ထပ် လက်သီးချက်မှာ ကိုထွေး ဒူးထောက်ကျသွားသည်။

"ဘယ်လိုဖြစ်လို့ ကိုယ့်အလုပ်သမားကို နှိပ်စက်နေတာလဲ ကိုပါ.."

ပန်းရင့်ရောင် ဝတ်စုံနှင့် နှုတ်ခမ်းနီရဲရဲ ဆိုးထားသော မင်းမင်းသော်သာ လက်ကိုင်အိတ်လေး တစ်ဖက်က ဆွဲလျက် အခန်းရှေ့က ရပ်မေးသည်။

ပြီးတော့ ရှေ့ဆက်မသွားဘဲ အထဲကို ခပ်လှုပ်လှုပ်ဝင်လာပြီး ..၊

"လောဘ ဒေါသ မောဟတွေ ဘာမှမသိတော့ဘူးမှတ်နေတာ၊ [illegible]တော့ အရက်သမားမဟုတ်တော့သလိုပဲ .."

"မင်းမင်းသော် .."

ပါဝါ က အံကြိတ်သံနှင့် ခေါ်ပြီး စူးစိုက်ကြည့်၏။

"မင်း ငါ့ရှေ့ကို မလာဖို့ ငါ ပြောထားတယ်နော် .."

ဒီအတွက် ထင်သလိုနေ၊ ကြိုက်သလောက် သုံးဖြုန်းခွင့်ပါပေး[illegible]၏။ အဓိကသည် ဖေဖေ့ဆီက ဘာတွေယူနေနေ၊ ဘယ်လိုသုံးသုံး[illegible]ထားဆီဘူးလို့ သဘောတူထားခဲ့တာ ဒီမျက်နှာကို မမြင်ချင်လို့။

မင်းမင်းသော် က ပခုံးလေးတွန့်၍ ..၊

"ရှင် အများလုပ်မိမှာစိုးလို့ .. သူက ကိုယ့်ဒရိုင်ဘာပဲတော့ .."

"ထောင် .. မင်း သွားလိုက်တော့ ခု ထွက်သွားစမ်း .."

www.burmeseclassic.com

www.burmeseclassic.com



"ခုန်း ..."

ထိုင်ခုံကို လွဲကန်ပစ်လိုက်သဖြင့် ခုံက ခုန်းခနဲ လဲကျသွားပြီးမှ မင်းမင်း ဆီ ပြေးဝင်သွားတာ လျှောခနဲ ...။

သို့သော် သူမရဲ့ ခြေထောက်ရှေ့မှာ ရပ်တန့်သွားခဲ့၏။ အလန့်တကြား ဖြစ်သွားသည့် မျက်နှာသည် လျှောတိုက်ပြေးလာသည့် ထိုင်ခုံကြီး လုံးဝ ရပ်တန့်သွားမှ ပင့်သက်လေး ရှိုက်လျက် ...၊

"ဒေါသက မနည်းမနောပါလား၊ ဒါ သေးသေးနုပ်နုပ်ပြဿနာ တော့ မဖြစ်နိုင်ဘူး ..."

နောက်ကို ခြေလှမ်းဆုတ်လိုက်ရင်း ရေရွတ်နေ၏။ ပြီးတော့ ပခုံး လေးတွန့်လိုက်ပြီး လှည့်ထွက်သွားလေသည်။ ကိုထွန်း ၏ ဝန်ခံချက်ကို မရမချင်း သူ့ရဲ့ လက်သီးချက်တွေက နောက်ဆုတ်ဖို့ ရည်ရွယ်ချက်မဲ့ နေခဲ့၏။

"ကျွန်တော် .. ကျွန်တော် မှားပါတယ် အစ်ကိုလေး .. ကျွန်တော့် ကို အသေသာသတ်လိုက်ပါ .."

"ဘာပြောတယ် .."

နှုတ်ခမ်းမှာ သွေးအလူးလူးနှင့် ဖူးယောင်ညိုမည်းနေသော မျက်နှာ က လှုပ်ရှပ်ပျောက်နေခဲ့လျက် ...၊

"ကို .. ကိုကြီးဝေ က ခိုင်းတာပါ၊ သူ့နာမည်ကို ပြောလိုက်ရင် အစ်ကိုလေး နားလည်သွားမှာတဲ့၊ သူ .. သူက ဖုံးကွယ်ခိုင်းတာလည်း မဟုတ်တော့ အစ်ကိုလေး ဒီလောက်ထိ ဒေါသထွက်လောက်စရာကိစ္စ ဖြစ်မယ်မှန်း ကျွန်တော် မသိလို့ပါ .."

သူ အားလုံးကိုသိလိုက်ရလေသည်။ ဒါပေမယ့် ...၊

"မင်းဆီကို သူ ကိုယ်တိုင်လာခိုင်းသွားတာ မဟုတ်ဘူးမို့လား.."

ဒဏ်ရာတွေကြောင့် ရှုံ့မဲ့နာကျင်နေရင်း ကိုထွေး က ခေါင်းညိတ်၏။

"ဟောက် .."

"ကျွန်တော် .. ကျွန်တော် မကောင်းတဲ့လူပါ၊ ကိုကြီးဝေ တို့



အိမ်မှာ ကျွန်တော့်ဘကြီး အလုပ်လုပ်ခဲ့ဖူးတော့ .."

"တော်ပြီ .."

သူ့တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ယင်လာ၏။ စားပွဲပေါ်မှာ လက်ထောက်ရင်း ခတ်ပုံတွေနဲ့အိတ်ကို ငုံ့ကြည့်နေခဲ့မိသည်။

နောက်ထပ် ထုတ်မကြည့်ရဘဲ သူ အာရုံထဲမှာ မြင်ယောင်နေပြီ ဖြစ်၏။ 'မ' ကို ဒီကောင် မဟားတရားနမ်းရှိုက်နေသည်။ အမြင်မတော် တာတွေ ကျူးလွန်နေ၏။

ပြီးတော့ 'မ' အဝတ်လျှော်နေတာတွေ၊ ကြမ်းတိုက်နေရတာတွေ၊ သူ့ကို ဖိနပ်စီးပေးနေရတာအထိပါ၏။ 'မ' ၏ လှပတင့်တယ်သော အလှတရားအားလုံးသည် ဆင်းရဲပင်ပန်းခြင်းတို့မှာ ရုပ်ပျက်ပျောက်ဆုံး နေခဲ့လျက် ဆံပင်တွေကို ကျောထက်မှာ သားရေကွင်းလေးနဲ့ ဖြစ်သလို စုစည်းထား၏။

အင်္ကျီထမီဟောင်းလေးတွေ၊ ပြီးတော့ ဘောင်းဘီရှည်ပွပွကို ဒူးနား ထိ ခေါက်တင်ထား၍ 'မ' တစ်နေကုန် တစ်ချက်လေးတောင် နားရရဲ့ လား ...။

ဝေ ရဲ့ အရှုံးအမှုးဆွဲလွဲနှိပ်စက်နေပုံတွေဟာ 'မ' ကို လက်ထပ်ပြီး တမင်တကာ ယုတ်မာနေတာတွေမှန်း သူ ခံစားမိနေသည်။

ဒါတွေဖြစ်ရတာ သူ့ကြောင့် ...။

'မ' ကို ဆုံးရှုံးလိုက်ရပြီဆိုသည့် နာကျင်သည့်ဒေါသတွေ၊ ပြီးတော့ သိမ်းပိုက်သွားသည့်လူက ဝေ ဖြစ်နေရခြင်းနှင့်ပတ်သက်၍ ခံရပ်နိုင် သော မာန်မာနတွေ ...။

ဒီလူဟာ ကိုယ့်ကို မနိုင်ပေမယ့် နိုင်ရာကို မဲတော့မည်ဆိုတာ သူ ဘာလို့ မတွေးမိခဲ့တာလဲ ...။

ရှုံးရှုံးဒိုင်းဒိုင်း ဖြစ်ရသည့် ဒေါသတွေက ဝေ လက်ထဲကနေ ရေမကပြန်သိမ်းယူဖို့ထိ သူ ကြိုးစားခဲ့မိ၏။

ဒါပေမယ့် သူကိုယ်တိုင် သူများလုပ်ကြံတာကို ခံခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အဖြစ်ကမှ 'သိုးကိုက်တဲ့ ကျား' ...။

ဘယ်လိုမှ ဂရုမစိုက် စိုးရိမ်ဖွယ်မရှိခဲ့တဲ့ ဝေဒ လို ရေမြေ့သဘွာဝါက ငယ်ထိပ်တက်ပေါက်ခဲ့၏။

ရုတ်တရက်ဖြစ်သွားခဲ့သော အနိုင်အရှုံးတွေကို သူ ဘာမှမတုံ့ပြန်မဖြေရှင်းချင်ဘဲ အရက်တွေနဲ့ နေ့ညတွေကို လဲယူနေခဲ့မိသည်။

အရာအားလုံးကို တစ်ကနေပြန်စမှာလား၊ ပြီးခဲ့ပြီဆိုပြီး ဖြည်ဖုံးကားချလိုက်ရတော့မလား ...။ သူ့အတွက် မဖြစ်နိုင်တာက ဘာလဲ ...။

'မ' ကို ဒီတိုင်းတော့ မထားလိုက်နိုင် ...။

သူ့ဘဝအတွက် ပျောက်ဆုံးနေခဲ့တဲ့ နေ့နဲ့ ညတွေကို ပြန်လည်ရှာဖွေဖို့အတွက် အရက်နွံထဲက ထွက်ရမည်။

ပြီးရင် အနိုင်အရှုံးတွေမှာ ဘယ်သူဘယ်အဆင့်နဲ့ နိုင်သွားသလဲ၊ တရားမျှတခြင်း မမျှတခြင်းတွေမှာ ဘယ်သူဗိုနစ်နာခဲ့သလဲဆိုတာတွေ...။

မင်း ငါ့ကို စိန်ခေါ်ထုတ်လိုက်တာပဲ ဝေဒ ...။



## အခန်း (၉)

"ဘာကို ဂရုစိုက်ရမှာလဲ အဝါ ... မင့်အင်္ကျီအိတ်ထဲ အရောက်ထည့်ပေးလိုက်တည်းက မင်း ချက်ချင်းသိမှာပဲဆိုတာ ငါ မသိဘဲနေပါ့မလား၊ မင်းလောက် စေ့စပ်တာ မင်းပဲရှိတာ၊ အရိပ်ပြရုံနဲ့ အကောင်မြင်တတ်တာလည်း မင်းပဲ ..."

"ကောင်းပြီ ... မင်းက ဂရုမစိုက်ကြောင်းပြတာနော် ..."

"ဟုတ်တယ် ..."

"နောက်တစ်ခု ငါ မေးမယ်၊ အများကြီးမဖြေနဲ့ ရက်စ်(အော်)နိုးပဲ..."

"မေး ..."

နေပါဝါ က ခါးနှစ်ဖက်ထောက်လိုက်ပြီး သူ့ရှေ့ကို တစ်လှမ်းချင်းလျှောက်လာ၏။ ဝေဒ က စီးကရက်မီးညှိနေရင်း မျက်ခုံးတစ်ဖက်ဝင့်ကြည့်သည်။

မီးခြစ်က မီးတောက်လေးကို လက်နဲ့ကာပြီး စီးကရက်မှာကပ်ထားပေမယ့် ပါဝါ အနားရောက်လာတာနှင့် မီးက ငြိမ်းသွား၏။

နောက်ထပ် ခြစ်ပြီး မီးညှိဖို့ ကြိုးစားပြန်သည်။ အင်္ဂလိပ်ကနေ ပြတင်းတနေ တငြိမ့်ငြိမ့်ဖြတ်သန်းတိုးဝှေ့လာသည့် လေပြည်ညှင်းက ကြမ်း

www.burmeseclassic.com

www.burmeseclassic.com



တော့ မကြမ်းပေမယ့် ...၊

"ကျွတ် ..."

"မင်း ငါ့ရှေ့မှာ မီးမွှေးဖို့ မကြိုးစားနဲ့၊ အဲဒါကို လက်တွေ့သတိပေးနေတာ ..."

"စိတ်ကူးယဉ်မနေစမ်းပါနဲ့ ပါဝါ...၊ ငါက မင်းမွှေးတဲ့မီးကို အလျှံညီးညီးတောက်လောင်လာအောင် မှုတ်ပေးလိုက်ရုံပါ ..."

နှာကြည်းသံနှင့် ပြောရင်း မီးခြစ်ကို ကန့်ရပြင်ဘက်ကို လွှဲပေါက်ပစ်လိုက်၏။ ပြီးတော့ စီးကရက်ကို အသစ်အတိုင်း ဖိချေပစ်လိုက်ကာ...၊

"တစ်ခုပြောဖို့ရှိတာက အဲဒီ မီးလိုတော့ မင်းဘယ်တော့မှ ငြိမ်းသတ်နိုင်မှာမဟုတ်ဘူးဆိုတာပဲ ..."

"ငြိမ်းလို့မရရင်လည်း မင်းကို ပြန်လောင်မှာပဲ ဝေဒ၊ မင်း မယုံမှာစိုးလို့ ငါက လက်တွေ့ပြမှာ ..."

"ဘာကွ ..."

"အဲ့ဒါကြောင့် မင်းဖြေ ... 'မ' ကို မင်း ကွာရှင်းပေးမလား၊ ဒါမှမဟုတ် မင်းရဲ့လုပ်ရပ်တွေကို ပြောင်းပြန်ပြင်ဆင်ပြီး အေးအေးချမ်းချမ်း အပြီးသတ်မလား ..."

"ဟား ... ဟား ... ဟား ..."

ဝေဒ က မျက်နှာမော့ရယ်သည်။ ရယ်နေရင်း နောက်ပြန်ယိုင်သွားကာ ခုံတန်းလေးပေါ်ကို ဖင်ထိုင်ကျသလိုဖြစ်သွား၏။

ဒါပေမယ့် ထိုင်ချလိုက်တဲ့အထိ ရယ်နေဆဲ ...။

ပါဝါ ကလည်း ဒီတိုင်းလက်ပိုက်ရပ်နေလျက် တိတ်ဆိတ်စွာ ကြည့်နေခဲ့၏။ ရယ်လို့အားရမှ နှုတ်ခမ်းတစ်ချက်မဲ့လိုက်ပြီး မော့ကြည့်ကာ...၊

"ပါဝါ ... ပါဝါ ... မင်းက ပြောသေးတယ်ဟုတ်လား၊ ရယ်ရတယ်ကွာ..."

"ရယ်လေ ... မင်း ရယ်နေပေမယ့် ငါ့နားထဲမှာ ကြားနေတာက တော့ မင်း ငိုနေတာပဲ ..."

"အေး ... မင်းကြောင့် ငါ့အနာဂတ် ငါ့ရည်မှန်းချက်တွေအားလုံး



ပျက်ခဲ့ရတယ်၊ ငါ့ဘဝ ..."

"ဘဝနဲ့ချီပြီး ပြောတော့မလို့လား၊ မင်းက သူများချစ်သူကို လုယူအောင်မြင်သွားတဲ့ကောင် ..."

"ငါက ..."

စကားလုံးတွေက ဒီမှာတင်ရပ်တန့်ကုန်၏။ ပြီးတော့ ဝေဒ အကြည့်တွေ ပါဝါ့ မျက်နှာဆီမှာ အကြာကြီးငေးစိုက်နေပြီးမှ ...၊

"ဟွန်း ..."

ကျေနပ်အားရစွာ ပြုံးလိုက်မိသည်။ ကံကောင်းလို့ ခံစားချက်တွေပြောရင်း စကားထဲမှာပါသွားတော့မလို့ တဲတဲလေးပါလား ...။

သူ့ ဆိုင်ကယ်လ်မှောက်ပြီး လူဖြစ်ရှုံးခဲ့ရတာ ပါဝါ မသိ ...။

"ကောင်းတယ် ... မင်းစကားကို ကြိုက်တယ်၊ ငါက အောင်မြင်ခဲ့တာပဲ၊ မင်းကရော ဘာဖြစ်လို့ ငါ့ဆီကနေ မတန်မရာတွေ လာတောင်းဆိုနေတာလဲ၊ ဆောင်းမင်းသမီး က ငါ့အောင်မြင်မှုရဲ့ ပြယုဂ်တစ်ခုပဲ၊ သူ့ကို ငါ့သဘောနဲ့ ငါ ရယူသိမ်းပိုက်ခဲ့တာမဟုတ်ဘူးလို့ မင်းကို ငါပြောခဲ့သေးတယ် ..."

"ကလိန်ကကျစ် ပြောတာတွေပဲ ..."

"အေးလေ ... ဘာပဲဖြစ်ဖြစ် အဲ့ဒီနေရာမှာ မင်း ငါနဲ့ ညှိလို့ရသေးတယ်၊ ငါက ဘာဘကြီးတို့ မျက်နှာနဲ့ မင်းကို လက်ရှောင်သင့်ရင် ရှောင်မှာပါ၊ မင်းက ဘာမှ မဆွေးနွေးပဲ ဒေါသနဲ့ ဆုံးဖြတ်လိုက်တယ် ..."

အဲ့ဒီနေရာမှာ သူ့ တောင်းပန်ခဲ့တုန်းက မဟုတ်ကဟုတ်ကပြောခဲ့တာတွေပေမယ့် ဆောင်းမင်းသမီးကို ပြန်ပေးရမယ်ဆို ပေးဖြစ်မှာပါ။

လှတာလေးဆို မက်မောတတ်သလောက် ကိုယ့်အရည်အချင်း၊ ကိုယ့်အရှိန်အဝါနဲ့ မရတာ ဘာမှမရှိခဲ့သည့်သူ့အတွက်က ဒီမိန်းမကိုမှ မရရင် သေလောက်အောင်တော့ ဖြစ်သွားဖို့မရှိ ...။

ဒါကို သင်းက ဘရိတ်ကြိုးဖြတ်ထားသည့်ဆိုင်ကယ်နှင့် အဆုံးစီရင်ဖို့ အဆင်သင့်ကြံစည်ထားနှင့်ခဲ့၏။ ဝုန်းဒိုင်းဆို သူ့ကိုပေါက်ကွဲ

www.burmeseclassic.com

www.burmeseclassic.com



ထိုးနက်ပြီး ဆိုင်ကယ်လ်ကို သူ့ဘာသာ လီဗာပုတ်ပြီး လွှတ်ထည့်လိုက်တာလည်း မြင်းရိုင်းတစ်ကောင်လိုလန့်အောင် ပုတ်လွှတ်လိုက်သလိုပင်..။

ထိုဒဏ်ရာကြောင့် သူ့ဘဝ ပျက်ခဲ့ရ၏။

"မင်းရဲ့ ဒေါသကို ငါ မုန်းတယ်၊ အနိုင်ယူတတ်တဲ့ အကျင့်ကို ငါ့တစ်သက်လုံး ဘယ်တော့မှ မေ့နိုင်မှာမဟုတ်ဘူး၊ မင်းတွေးနေမှာပေါ့၊ ဆိုင်ကယ်လ်မှောက်တာလေးကို နာစရာလားလို့ .. ဟွန်း .."

တစ်ယောက်တည်း အံတကြိတ်ကြိတ်နှင့် နာကြည်းနေတာ မပြီးနိုင်..။

"ကျည်မထွက်ပေမယ့် ပစ်လိုက်တဲ့အတွက် သေဒဏ်ထိုက်တာပဲကွ၊ မင်းကြောင့် ငါ မသေသေးပေမယ့် ငါ့ကိုမင်းက အသေသတ်ခဲ့တာ.."

"ငါ မင်းကို ရှေးဟောင်းနှောင်းဖြစ်တွေ ပြောဖို့ ခေါ်တာမဟုတ်ဘူး.."

"ငါကတော့ ငါ့ရဲ့ အောင်နိုင်မှုတွေကို လျှာလိတ်ပါးလိတ်ပြောဖို့ လာခဲ့တာ .."

"ဘာကို အောင်နိုင်တာလဲ၊ ပွဲက ခုမှစမှာ .."

"ဘယ်သူက မင်းနဲ့ ပြိုင်မှာလဲ၊ မင်းနဲ့ ငါ့ရဲ့ အကာနဲ့ မရှိတော့ဘူး၊ ခုရှိတာက ဆောင်းမင်းသမီး ဆိုတဲ့မိန်းမကို 'နေတော်ဝင်' မှာ လက်သုတ်စုတ်လို၊ ခြေသုတ်ဖုံတစ်ခုလို .."

"ဟိတ်ကောင် .."

"ဟား .. ဟား .. ဟား .."

"တိတ်စမ်း .."

အင်္ကျီရင်ဘတ်စကို စိတ်ရှိလက်ရှိဆောင့်ဆွဲပစ်လိုက်သဖြင့် သူ့ထက်လည်း အရပ်နိမ့်မှကာ ထိုင်နေသည့် အဖြစ်ကနေ ဝေဒ ကိုယ်ကြီး ကြွပါလာ၏။

ဒါပေမယ့် အင်္ကျီကိုလည်း မရှုန်း၊ အရယ်လည်း မရပ်ပေ ..။

"ဝေဒ .."

"ပြောလေကွာ .. ဟား .. ဟား .. ဟား .. ရယ်ရလွန်းလို့ အူတက်သွားနိုင်တယ်၊ မနိုင်ရင် ဖက်ကိုက်တယ်ဆိုတာ မင်းပဲ နေပါ့ဝါ၊ တခေါက်



ကန်း လူမိုက် .."

"အေး .. ထပ်မိုက်ဖို့ရှိသေးတယ်၊ 'မ' ကို မင်းချမ်းသာမပေးနိုင်ဘူးဆိုတာ သေချာရင် ငါ့ဘက်က စပြီ .."

"ဘာကွ ..."

ပါဝါ က ကိုင်ထားသည့် အင်္ကျီစကို ပြန်လွှတ်ချလိုက်ပြီး မျက်နှာပေါ် စွေကျလာသည့် ဆံပင်တွေကို ဖြစ်သလို ထိုးသိပ်တင်၏။

ပြီးတော့ ခါးစပ်မှာ လက်မတစ်ဖက်ချိတ်ထားလိုက်ပြီး ...

"မနိုင်ရင် ဖက်ကိုက်တာက ငါ မဟုတ်ဘူး .. မင်း၊ ငါ့ကို မကျေနပ်တာတွေအတွက် မိန်းမတစ်ယောက်ကို ခုတုံးလုပ်နှိပ်စက်နေတာ မင်းလောက် ယုတ်မာတာမရှိဘူး .."

"မင်းလို တော်လာတာပါ .."

"ဒါဆိုရင်တော့ မင်း ထပ်သင်ဖို့တွေရှိသေးတယ် .."

"လုပ်ပါ .. လုပ်ကြည့်စမ်းပါ .."

ဝေဒ က ရှုံ့ရွဲ့သွားသည့်အင်္ကျီကို ဆွဲချပြုပြင်ရင်း သေချာမတ်တတ်ရပ်လိုက်၏။ မျက်နှာထပ်မှာ မဲ့ပြုံးတို့က ခိုတွဲနေဆဲနှင့် ..၊

"မင်းက ငါ့ဆီကနေ မင်းမင်း ကို ပြန်ယူဖို့ချောင်းနေတဲ့ကောင်၊ ဒါကြောင့် ငါ့ကို အသေသတ်ဖို့ကြံစည်ခဲ့တာလေ၊ နောက်ထပ် ယုတ်မာနည်းတွေရှိသေးတယ်ဆိုတော့ စိတ်ဝင်စားစရာပဲ .."

"အိုခေ .. မင်း စိတ်ဝင်စားတယ်ဆိုတာ သိရလို့ ဝမ်းသာတယ်.."

လက်တွေကို ဘောင်းဘီအိတ်နှစ်ဖက်ထဲထည့်လိုက်ပြီး အေးစက်သည့် မျက်လုံးတွေက တစ်စက်လေးမှ ရယ်မြူးရိပ်မထင် ..။

သူ ကျောခိုင်းထွက်သွားသည်နှင့် ဝေဒ ၏ ရယ်ရွှင်ခြင်းတွေ ရပ်တန့်ကုန်၏။ ပြီးတော့ မျက်ဝန်းတို့ မှေးစင်းနေတဲ့အထိ စဉ်းစားနေခဲ့၏။

ဒီကောင့်မှာ ဘာလုပ်နိုင်စွမ်းရှိသေးလို့လဲ ..၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

"ချွမ်း .."

နှစ်ယောက်လက်ကြားထဲမှာ သံပုရာရည်ဖန်ခွက်က လွတ်လွတ်လပ်လပ်ကြီး ခုန်ဆင်းသွားခဲ့၏။

"မင်း ဒီလောက်တောင် နမော်နမဲ့နိုင်ရလား၊ မင်းမင်း .."

"သံပုရာရည်ရပြီလို့ ကျွန်မ ပြောထားပါတယ်၊ တစ်ယောက်နဲ့တစ်ယောက် ဘယ်လောက်ပဲ ကွာဝေးသလဲဆိုတာ .."

"ဘာ .. မင်းက ငါ့ကို ပြန်ပြောနေတာလား .."

သံပုရာရည်ခွက်ကို လက်ပြန်တိုက်ချပစ်လိုက်တာသိလျက်နှင့် မိုးခြိမ်းသံလို ဟိန်းဟောက်ပစ်လိုက်တော့ မင်းမင်း ငြိမ်နေလိုက်သည်။

"တောက် .."

ပြဿနာကို မီးခွက်ထွန်းရှာဖို့တောင် မလိုပါ။ သူမ မျက်နှာကို မြင်လိုက်ရတိုင်း လိုအင်မပြည့်နိုင်တော့သည့် ကိုယ့်အဖြစ်ကြောင့် ဒေါသတွေက အလိုလိုထွက်နေခဲ့သည်။

ထို့ကြောင့် ဖြူနေတာကို အမည်းလို့ပြောမည်။ ကောင်းတာတွေကို



ဆိုးလှချေရဲ့လို့ လက်ညှိုးထိုး အပြစ်တင်ချင်သည်။ မင်းမင်း ရှေ့မှာ ရပ်နေသည့် ဝေဒ မျက်နှာက နီရဲခက်ထန်နေကာ ..၊

"မင်း ဘာလုပ်လုပ် စိတ်ကတခြား၊ လူကတခြားဖြစ်နေမှတော့ ထိမှန်းကိုင်မှန်းမှ မသိတာ၊ ဘယ်ပစ္စည်းက မြဲမှာလဲ .."

"အဲဒါ မင်းကို ဘယ်လောက် ရှိသေလေးစားလဲဆိုတာ ပြတာပဲသား၊ သူဌေးဆိုပြီး ရည်းစားလက်ထဲကနေ မီးရာရှာခဲ့တာ ခုကျတော့ မင်းက စီးပွားရေးမှ မလုပ်နိုင်တာ .."

"အန်တီ .."

"ဘာလဲ .. ဘာပြောမလို့လဲ .."

မိတ်ကပ်သနပ်ခါး ဘာမှ ရှိမနေဘဲ ပြောင်တင်းထင်းလေး ဝင်ညက်နေသည့်မျက်နှာလေးကို ဒေါ်ယုဇနက တော့ အမုန်းများစွာဖြင့် မေးဆတ်ငေါ့၍ ..၊

"အဲဒါ ပါလာရင် ညည်း စိတ်မလုံတော့ဘူးမို့လား .."

"အဲဒီ စကားတွေကို စိတ်လုံခြုံစွာ ပြောဖို့မသင့်ဘူးဆိုတာ အန်တီက ပိုသိရမှာပါ၊ ကျွန်မမှာ ချစ်သူရှိခဲ့ပေမယ့် .."

"ဟဲ့ .. ဒီမှာ .."

ဒေါ်ယုဇနက မင်းမင်း လက်မောင်းလေးတစ်ဖက်ကို ဆုပ်ကိုင်ပြီး လှုပ်ရမ်းပစ်လျက် ..၊

"ဒါတွေ မဆန်းဘူးလို့ ပြောမလို့လား၊ နောက်ထပ် ကောင်းတာဆိုးတာတွေ ဆွဲလွဲပြီး သက်သေထူပြီးတော့လေ .."

"မထူပါဘူး .. ခုချိန်မှာ ကိုဝေ မှာ ဇနီးမယားရှိခဲ့ဖူးတယ်ဆိုရင်လည်း ကျွန်မ ပြဿနာရှာနေလို့ ထူးမှာမဟုတ်သလို၊ ကျွန်မက မကောင်းတဲ့မိန်းမ စစ်မှန်ကြောင်း သက်သေသာဓကတွေနဲ့ ဖော်ပြနိုင်ရင်လည်း ဘယ်သူ့မှာမှ ဂုဏ်ထူးတွေ တိုးပွားလာမှာမဟုတ်ဘူး၊ အန်တီက ဒါကို .."

"အန်တီက မဟုတ်ဘူး၊ ငါက ပြောမှာ၊ မင်းကိုမြင်တိုင်း ပြောနေမယ်၊ မင်း မျက်နှာကို မြင်ရတိုင်း မြင်နေရတဲ့ ငါ့ဒေါသတွေဖြေဖျောက်

www.burmeseclassic.com



နိုင်ဖို့က မင်းကို မုန်းနေဖို့ပဲ ..”

မျက်ရည်ရောင်တို့နှင့် ဝိုး၍ စူးလက်လာသည့် မျက်ဝန်းတို့က ဝေဒ မျက်လုံးတွေထဲကို ဖောက်ပြီ စိုက်ကြည့်ကာ မျက်တောင်ဖျားတို့ ခပ်စိုက်စိုက် လွှဲဖယ်သွားခဲ့၏။

“ဒါတွေပဲ နေ့စဉ်ပွားများပြီး ရန်ဖြစ်နေရတာ အိမ်မှာလည်း ကျက်သရေ ယုတ်တာပဲ မင်းမင်း ရဲ့ အဲဒီတော့ ညည်းကိုယ့်ဘာသာ လုပ်စရာရှိတာ လုပ်၊ လုပ်ပြီးရင် မပြောရစေနဲ့ပေါ့၊ အခု လျှော်ထားတဲ့ အဝတ်တွေကို သွားကြည့်စမ်း ..”

မင်းမင်း မျက်ဝန်းလေးတွေက စိုးရိမ်စိတ်နှင့် သနားစဖွယ်လေး ဖြစ်သွားသော်လည်း ..၊

“သား ဝေဒ ရဲ့ အင်္ကျီအဖြူတွေပေါ်မှာ မဲနယ်တွေမှောက်ကျထား တာ အားလုံးစွန်းကုန်ပြီ ..”

“မဲနယ်တွေ ..”

“ဟုတ်တယ် ..”

ဘယ်လိုမှ မယုံနိုင်စွာ စူးစိုက်ကြည့်လာသည့် မင်းမင်း ရဲ့ မျက်ဝန်း တွေက စူးစူးရဲရဲပြန်ကြည့်နေသည့် ဒေါ်ယုစန ရဲ့ အမုန်းမီးတောက်တွေ မှာ တက်ကျိုးသကဲ့သို့ ရှုံးနိမ့်စွာ နောက်ပြန်လှည့်ရကာ ..၊

“ဟွန်း .. ဒါတွေ ဂရုစိုက်မနေနဲ့ သား၊ မင်း အပြင်သွားစရာရှိတာ သွားတော့ .. ညည်းအထဲဝင် ..”

နှုတ်ခမ်းမဲ့၍ ဖြေသိမ့်၍ အာဏာဆန်သော အမူအရာတွေမျိုးစုံ သွားလျက် ဝေဒ နဲ့ မင်းမင်း အတွက် စိတ်ညစ်ညူးကြားမှုတွေပြုလုပ်လိုက် သေးသည်။

“ဟဲ့ .. နေဦး၊ အိမ်မှာ အိမ်ဖော်ရှိတာမဟုတ်ဘူး၊ ဒါတွေအားလုံး မြန်မြန်ရှင်း၊ ဟို တိုက်ပုံနဲ့ အင်္ကျီတွေကိုလည်း အရောင်တွေ ပြန်ကျွတ် အောင်ချွတ်၊ ကိုယ့်ကြောင့်ဖြစ်ရင် ကိုယ်တာဝန်ယူရမယ် ..”

မြင်ကွင်းကို အစအဆုံးမြင်နေရသည့် ပါဝါ မျက်နှာတစ်ခုလုံး



အဝတ်စနီတစ်စလို နီရဲနေခဲ့၏။ ပြီးတော့ အံကြိတ်လိုက်သံ ကျိုးခနဲတစ် ချက်သာထွက်လာပေမယ့် လှုပ်ခတ်နေခဲ့သည့် မေးရိုးနှစ်ဖက်က တင်း နေဆဲဖြစ်ကာ ..၊

“တင်းတောင် ..”

လူခေါ်ဘဲလ်သံကြောင့် ကိုယ့်အာရုံနဲ့ကိုယ် လုံးနေသည့် ဒေါ်ယုစန နဲ့ ဝေဒ တို့ ဖျတ်ခနဲ လှမ်းကြည့်ကြ၏။

ဟင်!..၊

နှစ်ယောက်စလုံး မျက်နှာတွေ ပျက်သွားကြကာ ဝေဒ မျက်နှာ ချက်ချင်း တင်းမာနီမြန်းသွားလျက် ..၊

“မင်း ဒီထိ ဘာကိစ္စနဲ့လဲ ..”

တလွှားလွှား လျှောက်သွားပုံက ပြန်ရိုက်ထုတ်တော့မယ့်အတိုင်း..။

တုံ့ပြန်မှုလိုက်သည့် ပါဝါ မျက်နှာကိုကြည့်၍ သူ စိတ်ထင့်သွားမိ ...ဉ် ပေါ်တီကိုအောက်ကို တိုးဝင်ရပ်တန့်သွားသည့် ကားတစ်စီးကြောင့် မျက်လုံးရောက်သွားမိ၏။

တံခါးဖွင့်၍ ဆင်းလာသူက ဒရိုင်ဘာပဲမို့ မဆန်းပြားသော်လည်း နောက်ခန်းမှာ တံခါးသွားဖွင့်ပေးလိုက်တော့ ကားထဲက ထွက်လာသည့် ...င်းခင်းသော် ကို မြင်လျှင် ..၊

ဟင်!...၊

ဝေဒ မျက်လုံးပြူးခဲ့ဖြစ်သွား၏။

“မင်း .. မင်းတို့ ..”

နောက်ဖုံးဖွင့်ပြီး ဒရိုင်ဘာထွဲထုတ်နေသော ခရီးဆောင်သေတ္တာကြီး ...တွေနှင့် မင်းမင်းသော် က အလုပ်ရှုပ်နေကာ ပါဝါ က သူ့မျက်နှာ ...ပဲ စိုက်ကြည့်နေ၏။

လှုပ်ရှားနေကြပုံတွေအရ ကိုယ့်အိမ်ကိုယ့်ရာကိုပဲ ပြန်ရောက်လာ ...ဟာလိုလို ..။

“ဒါ ဘာလို့ရောက်လာတာလဲဆိုတာ သိပြီဆိုတော့ တံခါးဖွင့်လို့



www.burmeseclassic.com

www.burmeseclassic.com



ရပြီလား ..”

“ဘာ!...”

“ငါတို့ နေစရာမရှိဘူး ..”

“အဲ့ဒါ ငါနဲ့ ..”

“မင်းနဲ့ ဆိုင်တယ် ..”

အပိုင်ပြောလိုက်ပြီး ပါဝါ က သူ့နောက်ရောက်လာပြီဖြစ်သည့် မင်းမင်းသော် ကို မျက်ခုံးပင့်၍ ငဲ့ကြည့်ရင်း ..၊

“သွားစရာလာစရာမရှိဘူးဆိုပြီး ဒုက္ခတွေ ပင်လယ်ဝေနေတော့ သူက မင်းဆီမှာ နေချင်တယ်လို့အကြံပြုတာ ..”

“ဘာပြောတယ် ..”

ဝေဒ အကြည့်တွေ မင်းမင်းသော် ဆီရောက်သွား၏။ သူမက မျက်ခုံးလေးတွေပင့်၍ ခေါင်းခါပြကာ ..၊

“အဲလိုပြောတာတော့ မဟုတ်ဘူးနော် .. ဒါပေမယ့် ..”

“တောက် ..”

“ငါ့ဘက်မှာ သူနဲ့ ရင်းနှီးတဲ့လူ မရှိဘူးလေ၊ နေစရာထိုင်စရာမရှိမှတော့ သူ မင်းဆီပဲ လာချင်မှာပေါ့ ..”

“ပါဝါ .. မင်း စကားပြောတာ ဆင်ခြင်ပြော ..”

“ဘာမှားသွားလို့လဲ ..”

“မင့် ..”

ဒေါသကြောင့် လက်သီးပါ ဆုပ်မိ၏။ ဘာဂျာတံခါး၏ အထဲနဲ့ အပြင် တံခါးတစ်ချပ်ခြားနေပေမယ့် ရင်ဆိုင်တိုက်ပွဲတစ်ခုလို အကြည့်တွေ အပြောတွေချင်း တရစပ်ပစ်ခွင်းနေခဲ့လျက် ..၊

“ကိုဝေဒ ကလည်း ခုကိစ္စက မရိုးသားတာ ဘာမှမပါပါဘူး ..”

ကြည့်စမ်း ..၊

ဟိုတုန်းက ကိစ္စတွေကတော့ မရိုးသားတာတွေ ပါနေသည်ပေါ့။ ဝေဒ မျက်နှာမှာ ဖြစ်ပျက်နေတာတွေကို မင်းမင်းသော် က ဂရု



စိုက်မိတာလား၊ ဂရုမစိုက်တာလား ..။

“ဟိုအိမ်မှာ အန်ကယ်က အစကတော့ သဘောကောင်းမလိုလိုနဲ့ နောက်ကျတော့ မင်းမင်း ဘာလုပ်လုပ် ပြောချင်လာတယ်၊ ဘယ်သွားသွား မကြိုက်ဘူး ..”

“မင်း စိတ်တိုင်းကျဆောင်ရွက်ပေးရမှာက မင်းယောကျ်ားရဲ့ တာဝန်၊ ငါက မင်းနဲ့ ဘာဆိုင်လို့လဲ ..”

“ဒါကတော့ မိတ်ဆွေချင်းဆိုတာ ကူညီကောင်းပါတယ် ..”

သူ့ ပြောချင်နေသည့် စကားတွေအားလုံး စာတမ်းပေါ်နေပေမယ့် ထိုစာတမ်းတွေကို ဖတ်ဖို့ မင်းမင်းသော် က စိတ်မဝင်စားပေ ..။

သူ့မျက်လုံးတွေကို တစ်ချက်မှ သတိထားမကြည့်ခဲ့ဘဲ ..၊

“ကိုဝေဒ ရဲ့ တစ်ချို့ကိစ္စတွေမှာလည်း မင်းမင်း ကူညီခဲ့တာပဲ ဘာ ..”

“ဘာ!...”

“မဟုတ်ဘူးလေ .. ကိုပါ့ ကို မင်းမင်း က အဲ့ဒီလိုပြောပြီး အကြံ ပေးခဲ့တာလို့၊ ပြီးတော့ ကိုပါ နဲ့ ကိုဝေဒ တို့က ဆွေမျိုး ..”

“ဟော့ .. တော်တော့ ..”

“ဘာဖြစ်နေကြတာလဲ သား ..”

ဒေါ်ယုဇနေ ထပ်ရောက်လာကာ ပါဝါ့ ကို မလိုလားစွာပေါ်တင် ကြည့်၏။

“အထုပ်အပိုးတွေနဲ့ပါလား၊ ဘာလာလုပ်ကြတာလဲ ..”

“မင်းမင်း တို့က ဒီမှာ ခဏလောက်လာတည်းကြတာပါ ..”

“ဘာ!...”

ဝေဒ က စ၍ ဒေါ်ယုဇနေ ရောက်လာတဲ့အထိ ‘ဘာ’ သံတွေချည်း ထွက်နေရကာ သူတို့မှာပဲ အံ့သြဖွယ်တွေများပြားနေခဲ့ပြီး ..၊

“မင်းမင်း ဟုတ်လား၊ မင်းကလည်း မင်းမင်း တဲ့လား .. ဘာ ကောင်း လဲ ..”

www.burmeseclassic.com

www.burmeseclassic.com



မင်းမင်းသော် က မျက်ခုံးတန်းလေးတွေ ပင့်တက်သွားကာ ..၊

"မင်းမင်းသော် လေ .. နောက်ထပ် မင်းမင်း ရှိနေသေးလို့လား.."

"အန်တီ .. ကျွန်တော်တို့ချင်း ရှင်းစရာရှိလို့ပါ၊ ခဏလေးဖြစ်ဖြစ်.."

ရှောင်ပေးဖို့ ပြောတာမှန်းသိပေမယ့် ဒေါ်ယုစန္ဒ သိပ်တော့ မနွာချင်ပေ။ နေပါဝါ ဆိုတဲ့ ကောင်လေးက ဝေဒ ရဲ့ ရန်သူ ..။ ပျံလန်နေအောင် ဝတ်ထားသည့် ခေတ်လွန်ပြင်ဆင်မှုတွေနဲ့ ဟိုမိန်းကလေးကရော ဘာလဲ ..၊

မျက်လုံးမျက်ခုံးက မင်းသမီးတွေ အရှုံးပေးလောက်အောင် အရောင်တွေ ထည့်ထားပေမယ့် ခပ်ချောင်ချောင် သွယ်လျသည့် မျက်နှာသည် မျက်လုံးတွေကသာ မည်းထင်နေခဲ့၏။

လှည့်ထွက်ခဲ့ရပေမယ့် နေပါဝါ နဲ့ ပတ်သက်လာတိုင်း သူမ ဘာမှ ကုန်စင်အောင် သိခွင့်မရခဲ့သည့်အဖြစ်ကြောင့် တနုံ့နုံ့ခံစားနေရ၏။

ဝေဒ က တံခါးကိုမဖွင့်ဘဲ တစ်ဖက်က တံခါးကိုကိုင်ကာ လက်တစ်ဖက်က ဘောင်းဘီအိတ်ထဲ ထည့်ထားလျက် ..၊

"မင်းက ဘယ်လိုအချိုးချိုးလိုက်တာလဲ ပါဝါ .."

"မင်းနဲ့ အချိုးတူ .."

"မတူဘူးကွ .. မင်း ရှုံးသွားပြီးပြီ၊ ငါ နိုင်တယ် .."

"ကိုယ့်အဖြေလွှာမှာ ကိုယ့်ဘာသာ အမှတ်ခြစ်လိုက်တာလား .."

"မဟုတ်ပါဘူး .. မင်းလည်း သိတဲ့အဖြေပါ .."

မျက်လုံးတွေက ဆလင်းဘာတ်စ်လေး တဆဆနှင့် အထဲဝင်ဖို့ချည်းတာစူနေသည့် မင်းမင်းသော် ကို ငေ့သွား၏။ ပြီးမှ ..၊

"လူကြီးတွေရဲ့ ပတ်သက်မှုအရ ငါ မင်းကို လက်ခံရမှာပဲလို့ တွက်ထားတာမို့လား .."

"အဲဒီလိုဆိုရင်လည်း မင်း မငြင်းနိုင်ဘူးမို့လား .."

"ဒါဆို သူ့ကို ဘာဖြစ်လို့ ပြယုဂ်လုပ်လာတာလဲ၊ မင်းရဲ့သားကနေ့သည်ကိုလေ .."



"ပြယုဂ်မဟုတ်ပါဘူး၊ နယ်ရုပ်ပါ .. ငါ့နယ်ရုပ်တော့ မဟုတ်ဘူး"

"ဟား .. ဟား .. ဟား .."

ဝေဒ အသံကြီးက ခြောက်ကပ်ကပ်ကြီးရှိနေခဲ့လျက် မင်းမင်းသော်ကို ကြည့်လိုက်ပြီး ..၊

"သူနဲ့မင်း တော်တော် အဆင်ပြေနေတဲ့ပုံပဲ .."

"သိချင်ရင် နောက်ကျမှ မေးကြည့်ပေါ့၊ အခု ငါနားချင်ပြီ တံခါးဖွင့် .."

"ဟား .. အဲ့ဒီလောက် လွယ်လွယ်နဲ့ ရနိုင်သလား ပါဝါ ရာ ..၊ မင်းမှ အပြောကောင်း .."

"ပြောနေတာမဟုတ်ဘူး .. မင်း မဖွင့်ရင် ငါ့ဘာသာဖွင့်ဝင်မှာ.."

"ဘာ!..."

ဝေဒ မျက်နှာမှာ အရယ်တွေ ပျောက်ဆုံးသွားခဲ့၏။

"မင်း ယောကျ်ားမဟုတ်ဘူးလား ဝေဒ .. စကားတွေလျှောက်မေ့နေနဲ့၊ မင်းနဲ့ ငါ စိန်ခေါ်ခဲ့တာ အခု စပြီ .."

"မင်းနဲ့ငါ ဘာမှမရှိတော့ဘူးလို့ ပြောခဲ့တာ မင်း နားလေးနေသလား .."

"မင်း ပြီးပေမယ့် ငါ မပြီးနိုင်ဘူး၊ ငါ ပြောသမျှ မင်း ခေါင်းခါခဲ့တဲ့အတွက် မင်း ခေါင်းညိတ်လာအောင် ငါ မကြိုးစားတော့ဘူး၊ လုပ်စရာရှိတာကို လုပ်မယ်၊ မင်း သတ္တိမကြောင်ဘူးဆိုရင် တံခါးဖွင့်လိုက် .."

ဝေဒ မျက်လုံးတွေ မီးဝင်းဝင်းတောက်ဖြစ်သွားသည်။ သူ့ဘက်ကအနိုင်နဲ့ ပိုင်းခဲ့ပြီမို့ ပြီးပြီလို့ မှတ်ခဲ့တာက တကယ် ..။

မျက်စိရှေ့ရောက်လာတာတောင် ဂရုစိုက်လို့မမြင်ခဲ့မိတဲ့ ကိုယ့်အိမ်ထိုယ် ယုံကြည်မှုတွေက ပါဝါ့ စကားကြောင့် ကသောင်းကနင်းဖြစ်ကုန်၏။

"ဘယ်လူကြီးမှ ပါစရာမလိုဘူး .."

ပါဝါ က တစ်ဖက်ကနေ သူကိုင်ထားသည့် လက်များနှင့် ထပ်ဆုပ်

www.burmeseclassic.com

www.burmeseclassic.com



မိအောင် ဆုပ်ကိုင်လိုက်သည်။ ဘာဂျာတံခါးပေါ်မှာ ဝေဒ လက်က သူ့လက်အောက်မှာ ဖိညှပ်ခံရသလို ဖြစ်သွားခဲ့ပြီး ...။

"ငါ မကောင်းခဲ့လို့ မင်းက ဆိုးတယ်၊ အဲ့ဒီမှာ ညစ်လို့ပတ်တယ် ဆိုတော့ သရေပဲ ..."

ပြောနေတုန်း ပါဝါ့ အကြည့်တွေ ချွေခန်းဆီရောက်သွားသဖြင့် ဖန်ကွဲစတွေကိုရှင်းဖို့ မင်းမင်း ထွက်လာပြီကို ဝေဒ က သိလိုက်၏။

ဒါပေမယ့် စက္ကန့်ဝက်လောက်လေးပဲဖြစ်ကာ ဖိညှပ်ထားသည့် သူ့လက်ပေါ်က လက်၏ဖိအားသည်သာ ပို၍ စူးရှပြင်းထန်လာခဲ့လျက်...၊

"မင်း မပေးနိုင်တာကို ငါ ရအောင်ပြန်ယူမယ် ..."

"ဟား .. ဟား .. ဟား .."

သူက အားပါးတရရယ်လိုက်ရင်း ...၊

"ကိုယ့်ပစ္စည်း ကိုယ့်အထုပ်ကိုလည်း မေ့နေပါဦးမယ် ပါဝါ ရာ ရယ်ရတယ် .. ဟား .. ဟား .. ဟား .."

မင်းမင်းသော် ကို ကြည့်ပြီးပြောလိုက်သဖြင့် ယောက်ျားနှစ်ယောက်ရဲ့ ဘေးမှာ သူမက စိတ်ပျက်စွာ ခေါင်းကုတ်၏။

"ပွန်း .."

ပါဝါ က ဒီရှေ့ကိုရောက်လာပြီဆိုတည်းက သူ့မျက်လုံးတွေက ဝေဒ မျက်နှာပေါ်မှာပဲရှိနေကာ ...၊

"ပစ္စည်းဆိုတာ ဥစ္စာရင်းမှန်တဲ့ဆီ ရောက်သွားမှာပဲ မင်းပူစရာ မလိုဘူး၊ အခု ငါ မင်းနားမှာ လာနေမှာကို မင်း ကြောက်နေတာလား"

"မကြောက်ဘူးကွ .. မကြောက်ဘူး၊ ဒါပေမယ့် စည်းဆိုတာ မင်း နားလည်ရဲ့လား .."

"အဲဒီစည်းကို မင်း ကြိုက်သလောက်တား၊ တတ်နိုင်သလောက်ကာကွယ်၊ မင်းရဲ့ စည်းထဲက ငါ လိုချင်တာကိုရအောင်ယူပြမယ် .."

"ပါဝါ မင်းပြောနေတာ ပစ္စည်းတစ်ခုမဟုတ်ဘူး၊ မိန်းမတစ်ယောက် .."



"ဟုတ်တယ် .. မိန်းမတစ်ယောက်ပဲ .."

"မဟုတ်ဘူး .. ငါ့ဓနီး .."

"ဟား .. ဟား .. ဟား .."

ပါဝါ က တံခါးကို ခြေဦးထိပ်နဲ့ ဆောင့်သလို အသံမြည်အောင်ကန်လိုက်ပြီး ဟားတိုက်ရယ်၏။

"ဘယ့်နှယ် ဟုတ်တယ် မဟုတ်ဘူးတွေနဲ့ လျှာခလုတ်တိုက်နေတာလဲ၊ မင်းကို ငါပြောနေတာ ရှင်းရှင်းလေး၊ ငါလိုချင်တာက မင်းရဲ့ ပိုင်ဆိုင်မှုထဲက ဘာဖြစ်ဖြစ် ယုတ်စွအဆုံး မင်းကိုယ်ခန္ဓာအစိတ်အပိုင်း တစ်ခုခုဆိုရင်တောင် .."

"နေစမ်းပါဦး ပါဝါ .. မင်းမှာ ကံငါးပါးဆိုတာကို စောင့်ထိန်းရမယ့်အသိတော့ ရှိဦးမှာပေါ့ .."

"ရှိတာပေါ့ .."

"မင်း ငါ့ခြံဝင်းထဲထိလာပြီး ဘာဖြစ်လို့ ယုတ်ယုတ်မာမာတွေ ပြောနေတာလဲ .."

"မင်း ယုတ်မာတာတွေ ငါ့ဆီရောက်လာတာပါ၊ ခုလည်း ငါ့မျက်စိနဲ့ မြင်ရပြီ .."

အပြုံးတွေအစား ပါဝါ့ မျက်လုံးတွေက စူးစူးရဲရဲဖြစ်လာခဲ့လျက် ဘာဂျာတံခါးကို မျက်နှာနဲ့ ထိမတတ်တိုးကပ်လိုက်ပြီး ...၊

"မင်းလက်ထဲကနေ 'မ' ကို ငါ ဆွဲထုတ်မယ် .."

"ဟိတ်ကောင် ကြားကောင်းအောင်ပြောမနေနဲ့၊ ဒီမိန်းမနဲ့ ပတ်သက်ရင် မင်းက အကျန်ဖြစ်ဖြစ် အကျဖြစ်ဖြစ် ကောက်စားမယ့်ကောင်.."

"ဟုတ်လား .. ငါ့ရပ်က အဲ့ဒီလိုရုပ် ပေါက်နေသလား၊ သေချာကြည့်ပါဦး .."

ရုတ်တရက် အေးစက်စက် မေးပုံကြောင့် လက်ကိုဆောင့်ရုန်းလိုက်ပြီး ဝေဒ နောက်ဆုတ်မိ၏။

"ကိုဝေဒ ရယ် .. သူ ဘယ်လိုလူဆိုတာ မင်းမင်း သိဖို့ပဲလိုတာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးလား၊ အခု ဒီကိုလာကြတာလည်း မင်းမင်း ပါလာတယ်လေ၊ ဆွေမျိုးချင်းတွေ ဒီလောက်လေးတောင် ..”

“နေပါစေ .. သူ ကြောက်နေတုန်းဆိုတော့ ရုတ်တရက်ဖျားနေမှာပေါ့၊ စဉ်းစားပါစေ ..”

“တောက် ..”

သူချည်းတက်ခေါက် သူချည်းပဲ ပေါက်ကွဲနေတာလား ..။

ဝေဒ တံခါးကို ဖွင့်ပေးလိုက်ဖို့ လက်ကရောက်သွားသည်။ သို့သော် ပါဝါ့ စိတ်ကို သိနေသဖြင့် ပြန်တွန့်သွားမိ၏။ ဒီကောင် ဒီထိလာရဲနေတည်းက ဘာဖြစ်ဖြစ် လုပ်မှာပဲလို့ ဆုံးဖြတ်ခဲ့ပြီးဖြစ်လိမ့်မည်။

မင်းမင်းသော် ဆိုတဲ့မိန်းမက ဘာဖြစ်လို့ ဒီကောင်နဲ့ အလိုတူအလိုပါ ဖြစ်ရတာလဲ ..။

သူကိုယ်တိုင် ချရေးခဲ့တဲ့ ပစ္စုပ္ပန်က ဒီလိုမှမဟုတ်ဘဲ ..။

ထိုစဉ် ဖုန်းသံမြည်လာ၏။ ထုတ်ကြည့်လိုက်တော့ ဦးမောင်မောင်ကြီးထံမှ ..၊

ပါဝါ့ ကို ဖျတ်ခနဲမော့ကြည့်မိကာ အံကြိတ်လိုက်၏။

ဒီကောင် ဒီလို အားကိုးနဲ့ ပြောရဲလုပ်ရဲနေတာလည်းဖြစ်နိုင်၏။

ဒါပေမယ့် သူ့ဘက်ကလည်း မလွှန်ဆန်နိုင်သမျှ ..၊



အခန်း (၁၁)

“ဟိတ် ..”

ခေါ်လိုက်တော့ အင်္ကျီကို ဒီတိုင်းလှန်ချွတ်ပစ်ဖို့ အားယူလိုက်သည့် လက်တွေ ရပ်တန့်သွားသည်။ ပင့်ထားသော လက်မောင်းနှစ်ဖက်ကြားက မျက်နှာလေး သမင်လည်ပြန်ကြည့်၏။

နောက်တစ်ဆင့်ကျမှ ဆွယ်တာကို တစ်ဝက်တစ်ပြတ်ကနေ ပြန်ချွတ်ချလိုက်ပြီး သူ့ဘက်လှည့်လာကာ ..၊

“ဘာလဲ ..”

“ဘာမှမလဲဘူး ..၊ မင်း ငါ့ရှေ့မှာ အနေအထိုင်ဆင်ခြင် ..”

“အောင်မယ်လေး ဆင်ခြင်သင့်တာပေါ့၊ ရှင်က မိန်းမတစ်ယောက်ရဲ့ ခြေသလုံးသားလေးမြင်လိုက်တာနဲ့ ရှာန်လျှောသွားနိုင်တဲ့ သူတော်စင်ပုဂ္ဂိုလ်ကြီးကိုး ..”

အရက်အစား စီးကရက်တွေဖိသောက်ရင်း သူ့လက်ကြားမှာ စီးကရက်ပြတ်သည်မရှိ ..။ နှုတ်ခမ်းဖျားမှာ မီးခိုးငွေ့တလွှန့်လွန့်နှင့် ..၊

“ကိုပါ ..”

www.burmeseclassic.com

www.burmeseclassic.com



မင်းမင်းသော် က သူ့နားကို လျှောက်လာကာ ...၊

"ရှင် ဘယ်လောက်ဆိုးဆိုး မင်းမင်း က သည်းခံနေခဲ့တာနော်၊ မပြောမဆိုတတ်ဘူးလို့တော့ မထင်နဲ့ ..."

"မပြောနိုင်အောင် မင်း ပါးစပ်ကို ငါပိတ်ထားတာပဲ .."

"ရှင် တော်တော် ငွေစကားပြောပါလား .."

စားပွဲပေါ်က ဆေးလိပ်ပြာခွက်ထဲမှာ စီးကရက်တိုကို ဖိချေပစ်ရင်း ပါဝါ က ပြန်ငဲ့ကြည့်ကာ ...၊

"မင်းက ငွေမမက်လို့လား .."

သူမ မျက်လုံးပြူးလေးနှင့် ငြိမ်သွားတော့ ပါဝါ က မဲ့သည်။

"ငွေကြောင့်ပဲ ငါ တစ်သက်လုံး မမျှော်လင့် မလိုချင်ခဲ့တဲ့ ခါးသီးမှုတွေ ငါ့ဆီရောက်လာခဲ့တာ .."

"ရှင့်လောက်ချမ်းသာတာ ရှင်ပဲရှိတယ် ...၊ ဒါနဲ့တောင် ဘာဖြစ်လို့ ရှင့်ချစ်သူကို ကိုဝေဒ က .."

"ငွေကြောင့်ပဲ .."

ဒါကိုပဲ ထပ်ပြောပေမယ့် မင်းမင်းသော် နားမလည်နိုင်သေး။ ကိုယ်ပေါ်မှာ ဖရိုဖရဲဖြစ်နေဆဲရှိသည့် အနက်ရောင်ဆွယ်တာကို သေသပ်အောင် အနည်းငယ်ဆွဲချပြုပြင်၍ သူ လျှောက်ထွက်သွားတဲ့ နောက်ကို လိုက်လာသည်။

အောက်ထပ်ကို လှမ်းမြင်နေရသော ဂငယ်ငုံအလယ်ကော်ရစ်ဒါကနေ လက်ထောက်ရင်း ရပ်ငေးနေတော့ သူမလည်း သူ့ဘေးမှာ ရပ်လိုက်သည်။

ပြီးတော့ သူ့မျက်နှာကိုမော့ကြည့်လိုက်လျှင် တိုက်ကြီး၏ ဝဲဘက်ခြမ်းလှေကားအဆင်းထောင့်ခန်းမှာ မီးပူတိုက်နေသည့် ဆောင်းမင်းသမီး ကို ပခုံးကနေ မျက်နှာစောင်းလေးထိ မြင်နေရ၏။

ပါဝါ က သူမကို လှမ်းငေးနေတာဖြစ်သည်။ အချိန်က ညရှစ်နာရီခွဲတော့မည်။ ဆောင်းမင်းသမီး ဆိုသည့် သူမကို တစ်နေကုန်အလုပ်နဲ့



လက်နဲ့ မပြတ်မြင်နေရတာ ခုချိန်ထိ ...။

တစ်နေ့ရာစီကနေ လှမ်းငေးနေကြသော ပေါင်းဆုံခွင့်မရှိခဲ့ကြသည့် ချစ်သူနှစ်ယောက်ကို မင်းမင်း က တစ်လှည့်စီကြည့်၍ သက်ပြင်းချသည်။

ကိုယ်နဲ့ နာမည်ချင်းမတူပါဘဲနှင့် 'မင်းမင်း' လို့ ခေါ်ကြတာချင်းက လာတူနေသေးသည်။ ပြီးတော့ ယောကျ်ားနှစ်ယောက်စလုံးက အလိုမရှိကြသော ကိုယ့်ကတော့ စိတ်ချမ်းသာကိုယ်ကျန်းမာနှင့် ဒီနေ့ 'နေမဝင်' မိသားစုက တစ်ဦးတည်းသော မျိုးဆက်ရဲ့ မယားသီ အဖြစ် တခမ်းတနား...။

သူမကတော့ ဒီယောကျ်ားနှစ်ယောက်၏ တပ်မက်မြတ်နိုးခြင်းကို ရယူပိုင်ဆိုင်ထားပါလျက်နှင့် 'နေမဝင်' မိသားစုထက် တစ်ဆင့်နိမ့်သော 'နေတော်ဝင်' မိသားစုမှာ သူမအတွက် နေရာမရှိ ...။

အိပ်ရတော့ ခွေးတိုးဝက်ဝင်၊ စားရတော့ ဘယ်လိုမှန်းမသိပေမယ့် လုပ်ကိုင်နေရတာလည်း အိမ်ဖော်တစ်ယောက်ကမှ သက်သက်သာသာ ရှိလိမ့်ဦးမည်။

နေရာတကာမှာ 'အမြင်ကတ်ပုဒ်မ' တပ်ခံရခြင်းကြောင့် ဘယ်လောက်ထိ ဒုက္ခတွေ ပင်လယ်ဝေရသလဲဆိုတာ လက်တွေ့နားလည်သွားသဖြင့် မင်းမင်းသော် ပခုံးတွန့်ပစ်မိသည်။

"ရှင်းပြတာ ဒီ့ထက်ပိုရှင်းအောင် နည်းနည်းလောက် ထပ်ပြောပါလား၊ ရှင့်လိုလူက ငွေကြောင့် ဒီလိုဖြစ်ရတယ်ဆိုတော့ မယုံနိုင်စရာဖြစ်နေလို့၊ ပြီးတော့ ကိုဝေဒ ကိုလည်း ရှင် ဂရုမစိုက်ပါဘူး .."

မင်းမင်းသော် ပြောနေတာကို ကြားပေမယ့် ပါဝါ နှုတ်ဆိတ်နေမိ၏။ ခုချိန်မှာ ရှင်းပြဖို့ထက် ရင်ထဲမှာ မွန်းကျပ်နေတာတွေကို တစ်စုံတစ်ယောက်နဲ့ ဖွင့်ချပြောချင်မိတာ အမှန်ပဲဖြစ်သည်။

ဒါပေမယ့် အဲဒီတစ်စုံတစ်ယောက်က သူမတော့မဟုတ် ...။

မင်းစိတ် အလိုက်မလိုက်နဲ့တော့ ပါဝါ ...၊ သူ့ကို ဘယ်လောက်မှန်းမှန်း သူက ဝေဒ အကြောင်း အသိဆုံးလူဖြစ်သလို၊ မင်းရဲ့ဘေးမှာ

www.burmeseclassic.com

www.burmeseclassic.com



ရှိနေတဲ့ အနီးဆုံးရန်သူ …။

သူ့ကို မင်းစိတ်ထဲရှိတဲ့အတိုင်း ဆက်ဆံလို့မရဘူး မုန်းသင့်သလောက်ပဲမုန်း ချန်ထားဦး …။

သူ ကိုယ့်စိတ်ကို အကျဉ်းချစည်းရုံးနေမိစဉ် …၊

"ချီ … ရှူး …"

မင်းမင်းသော် က ပခုံးချင်းတိုက်လိုက်ပြီး သူ့မေးဖျားကို လေနဲ့မှုတ်၍ …၊

"ဒီဘက်လှည့်စမ်းပါ … ဘာတွေငိုင်နေတာလဲ …"

လှည့်ကြည့်အောင်ခေါ်ပုံက ယဉ်သည်။ ပြီးတော့ မီးပူတိုက်နေသော မင်းမင်း ထံ လှမ်းကြည့်ကာ …၊

"ရှင် ဒီလောက်ထိ စွဲလမ်းရလောက်အောင်တော့ မလှပါဘူး၊ အင်းဒါပေမယ့်ပေါ့နော် …"

သူမက လက်ဖဝါးချင်းပွတ်၍ နှုတ်ခမ်းလေး ခပ်မဲ့မဲ့နှင့် …၊

"ယောကျ်ားနှစ်ယောက်စလုံးက …"

"မင်း မရှင်းဘူးဆိုတာ အဲဒါလား …"

"ဟင်၊…"

"သူများကိုတစ်ချက်လောက်လှမ်းကြည့်ပြီး ကောက်ကက်ဆေဖန်ပစ်တာ ငါ မကြိုက်ဘူး၊ အထူးသဖြင့် ဘယ်သူ့ရင်ထဲမှာ ဘယ်လိုဖြစ်နေနိုင်တယ်ဆိုတာမျိုး …"

"ဒါကတော့ …"

"မင်း သူ့အကြောင်း သိပ်သိချင်နေရင် ငါပြောချင်စိတ်ဖြစ်လာတဲ့အထိစောင့် … အမေးအမြန်းမထူနဲ့ …"

"ရှင် ဒီလိုတော့ အာဏာဆန်ဆန်မပြောနဲ့လေ၊ မင်းမင်း က ရှင့်မိန်းမ …"

"အဲဒီလိုသတ်မှတ်ထားတဲ့ လူတွေရှေ့မှာ လိုအပ်တဲ့အခွင့်အရေးမင်းရမယ်၊ အပိုတွေမပြောနဲ့ …"



မင်းမင်းသော် မျက်နှာလေးတင်းသွားသည်။ ပြီးတော့ ကြေညာမီးရောင်လေးဝတ်ထားသော ဖွေးနုနေသည့် မျက်နှာလေးကိုပြန်ကြည့်မိသည်။

သူမက ဆောင်းမင်းသမီး တဲ့လား …၊

ဆောင်းမင်းသမီး ဆိုပြီး အေးချမ်းမှုဘာမှမရှိတဲ့ သူမလို ဘဝမျိုးကို စိတ်ဝင်စားမိတာ ဘာအပြစ်ဖြစ်သွားနိုင်သလဲ …။

ထိုစဉ် သူမက အဝတ်တစ်ထပ်ကို 'မ'ကိုင်ကာ နေရာမှ ထရပ်လိုက်လျှင် သေးကျဉ်သောခါးအလှနှင့် တင်းပြည့်သွယ်လျသော ကိုယ်ဟန်ကို တမင် ထပြလိုက်သလိုဖြစ်သွားခဲ့၏။

မိန်းမသားချင်းပင် မနာလိုချင်လောက်အောင် ဆောင်းမင်းသမီးဆိုတဲ့အတိုင်း သူမ တကယ်ကိုလှပါပေသည်။

ဒါပေမယ့် သူမ ဆောင်းမင်းသမီး ကို မနာလိုမဖြစ်ဘူးဆိုတာ ကိုယ့်စိတ်ကို နားလည်နေသည်။ အဘယ့်ကြောင့်ဆိုလျှင် ကိုယ်က ဒီယောကျ်ားကို ချစ်ခင်မြတ်နိုးလွန်းလို့ ရယူခဲ့တာမဟုတ် …။

သူမကိုရေးပြီး ကိုယ့်ကိုမုန်းပါတယ်လို့ တွင်တွင်ပြောနေသည့်အတွက်လည်း ပါဝါ ကို မမုန်းပါ။ ဤကဲ့သို့ မနာလိုမုန်းတီးမှုတွေ ဘာကြောင့် ဖြစ်မနေရသလဲဆိုတာ …၊

"ဒီမှာ ကိုပါ … ရှင် သူ့ကို ဘယ်လောက်လွမ်းဆွေးနေနေ မင်းမင်းရဲ့ သေးမှာ ငုတ်တုတ်ထိုင်ငိုရင်း မိုးလင်းသွားလည်း မင်းမင်း ရှင့်ကို အပြစ်မတင်ဘူး၊ မင်းမင်း ကိုလည်း ဘာမှမထိခိုက်ဘူး …"

"သိတယ် … မင်းက ဓေဒ ရဲ့ နယ်ရုပ်ပဲ၊ သူ ကွန်ထရိုးလ်လုပ်တဲ့အတိုင်း လှုပ်ရှားရုံပဲ …"

"ရှင် … ဒါပဲ သိတယ်မို့လား …"

သူမ မျက်နှာပေါ်က လျှို့ဝှက်သော ပြုံးရိပ်ကို စိုက်ကြည့်မိ၏။ နောက်ထပ် ဘာတွေရှိနေသေးလို့လဲ …၊

"ရှင် သိချင်သွားပြီလား …"

သူမ ထပ်မေးမှ ပါဝါ က မျက်နှာလွှဲပစ်ကာ …၊

www.burmeseclassic.com

www.burmeseclassic.com



"ငါ လိုအပ်လာရင် ဘာဖြစ်ဖြစ် ငါ့ဘာသာ ရအောင်ယူနိုင်တယ်"

"ဟွန်း .. ဆောင်းမင်းသမီး က လွဲရင်ပေါ့ .."

"ဟုတ်တယ် .. ငါ့ဘဝမှာ ငါချစ်တဲ့မိန်းမကိုမှ ဆုံးရှုံးခဲ့ရတယ်.."

"မင်းမင်း က အဲဒါလေးကိုပဲ သိချင်တာပါ၊ ရှင်က ကိုဝေဒ ထက် အများကြီးချမ်းသာတယ်၊ ပြီးတော့ ဆောင်းမင်းသမီး ရဲ့ ချစ်သူ .."

"ငါ ဆင်းရဲနေတဲ့အချိန်မှာ ချမ်းသာတဲ့လူကို ရွေးသွားတာ .."

"ဟင်!..."

ဆင်းရဲနေတဲ့အချိန်ဆိုတာ ဘာလဲ ..။

နောက်ထပ် မေးစရာဖြစ်လာပေမယ့် သူမ မမေးရသေးမီ ..၊

"ငါ ကျောင်းမပြီးခင်တည်းက အိမ်ပြန်မကပ်ခဲ့တာ .."

ပြောဖို့ မရည်ရွယ်ပေမယ့် အစဖော်မိသွားတော့ ပြောဖြစ်ခဲ့သည်။ တစ်သက်လုံး ဒီသားကာပဲ အမိကလိုလို နေလာခဲ့ပြီးမှ အသက်အရွယ်ရလာတော့ ဆေးပေးမီးယူလိုအပ်လာသည်တဲ့ ..။

"ချစ်ချစ် က ဖေဖေ့ထက် အသက်ငယ်ပေမယ့် ဘာမဆို လေးနက်မှုရှိတယ်၊ စေ့စပ်သေချာတယ် .."

လို့ ချီးမွမ်းခန်းတွေဖွင့်ကာ လက်မထပ်ခင်တည်းက ဒီမိန်းမကို အလုပ်ထဲမှာရော အိမ်မှာပါ နေ့ညမပြတ် မြင်နေခဲ့ရသည်။

မျက်နှာချင်းမဆိုင်မိအောင် ကိုယ်ကရှောင်ပေမယ့် သူမက စကားပြောဖို့ ကြိုးစားတာတွေ၊ သားအဖ ဘယ်လိုပြဿနာဖြစ်ဖြစ် ဝင်ဝင်ပါချင်တာတွေ ..။

အားလုံးသော အသေးအဖွဲ့တွေကစ၍ ကိုယ့်အတွက်သုံးစွဲစရိတ်ကို သူမဆီကနေ ထုတ်ယူရမည်ဆိုတဲ့အထိ ဖြစ်လာတော့ သူ ထိုအိမ်ရပ်ကနေ ကျောခိုင်းထွက်လာခဲ့လေသည်။

ဒါပေမယ့် ဘဝအတွက် ရုန်းကန်ဖို့လည်း သူ မကြိုးစားခဲ့သလို၊ ပစ္စုပ္ပန်အနာဂတ်ဆိုတာလည်း သူ့ခေါင်းထဲမှာ ဘယ်တုန်းကမှ အလေးအနက်မရှိခဲ့ပေ ..။



ကျောင်းမှာဆို 'နေပါဝါ' ဆိုတာ မသိတဲ့သူမရှိ ..။ မိန်းမလှလေးတွေနဲ့ နေပါဝါ က 'ညခင်းနဲ့ လမင်းလိုပဲ' လို့ ပြောစမှတ်တွင်ခဲ့တာလည်း ရှိသေးသည်။

'နေမဝင်' စံအိမ်ကြီးထဲမှာ ရှိနေနေ မနေနေ နေပါဝါ က ဘယ်အခါမှ ရောင်ဝါဖျော့ကျမှေးမှိန်ခဲ့တယ်ဆိုတာ မရှိခဲ့ဘဲ ..။

"ဒါဆို ရှင်က ကိုယ့်ကိုယ်ကိုယ် သူဌေးသားဆိုတာ ဖုံးကွယ်ပြီး ချစ်ခဲ့တာပေါ့ .."

"မဖုံးပါဘူး .. ဒါ ကြေညာရမယ့်ကိစ္စမှ မဟုတ်ဘဲ .."

"သိပြီ .."

မင်းမင်းသော် က ခေါင်းညိတ်ရင်း မင်းမင်း ဆီကို လှမ်းကြည့်သည်။ သူမက မီးပူတိုက်ပြီးသား အင်္ကျီတွေကို ဗီရိုတွေထဲထည့်လိုက်၊ ပြန်လာယူလိုက်နှင့် ..၊

နောက်မှာ စုစည်းထားသည့် ဆံနွယ်တို့က သူမ ငုံ့လိုက်တိုင်း ပခုံးတစ်ဖက်ကနေ ရွှေရင်မို့မို့ထက်သို့ လျှောကျဝိုက်ဆင်းလာတတ်ကာ ..၊

"တကယ့် သူဌေးကိုထားပြီး အရွေးမှားသွားတာပဲ၊ သနားဖို့ကောင်းလိုက်တဲ့ ဆောင်းမင်းသမီး .."

"သနားစရာကောင်းခဲ့တာက သူ မဟုတ်ပါဘူး .. ငါပါ .."

"ဟင်!..."

မင်းမင်းသော် က လှည့်ကြည့်ပြီးရယ်၏။

"ရှင့်ကို ဒီလောက်ထိ ခွဲခြားဆက်ဆံသွားတာတောင်မှ သူ့ကို သနားစရာ သတ္တဝါလေးလိုပြောတာ ရှင်မခံနိုင်ဘူးနော် .."

"မင်း မသိပါဘူး .."

"ဟုတ်ပါတယ် မသိပါဘူး၊ ဒါပေမယ့် ငွေမက်လို့ ငွေနောက်လိုက်သွားတာ ရှင်းရှင်းလေးပဲဟာ .."

"ငွေမမက်တဲ့လူမရှိပါဘူး၊ မင်းရော ဘာထူးလို့လဲ .."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .. အဲ့ဒါကိုက မင်းမင်း သူ့လောက်မတုံးဘူးဆိုတာ ပြတာပဲလေ၊ မဟုတ်ဘူးလား .."

"ငါကတော့ ဝေဒ က မတုံးတာလို့ထင်တာပဲ .."

"ရှင့်ကို မင်းမင်း ဝန်ခံခဲ့ပြီးပြီလေ၊ ဟုတ်တယ် .. သူနိုင်းလို့ ရှင်နဲ့ လက်ထပ်နိုင်ခဲ့တာ .. ဒါပေမယ့် .."

"လိုရင်းကဒါပဲ .. မင်း အောင်မြင်ခဲ့တာ ကျောထောက်နောက်ခံ ကောင်းသွားလို့၊ 'မ' မှာ ဘာမှမရှိဘူး၊ ပြီးတော့ ဝေဒ ကို သူရွေးချယ်ခဲ့တာ အကြောင်းရှိတယ် .."

"ဘာဖြစ်ဖြစ် လိုရင်းက ဒါပဲ .. မွေမက်တာလေ .."

သူ့စကားနဲ့ ပြန်တွယ်ပြီး ပန်းလေးတွန့်တော့ ပါဝါ က ငုံကြည့်၏။ ထို့ပြင် ခပ်ထေ့ထေ့မဲ့ပြုံးနှင့် ရှုပြန်လှည့်သွားကာ ..၊

"မင်း နဲ့ 'မ' ဘာဖြစ်လို့ 'မင်းမင်း' ခေါ်တာချင်းလာတူနေသလဲ မသိဘူး၊ ဘာမှမဆိုင်တာကို .."

မင်းမင်းသော် မျက်နှာတင်းသွားသည်။ ဘယ်လိုပွင့်လင်းဖော်ရွေတတ်ပါစေ မိန်းမက မိန်းမပဲဖြစ်သည်။

ကိုယ့်ရဲ့မကောင်းခြင်းတစ်စုံတစ်ရာကို ဒီတိုင်းဘယ်လိုပြောပြော သူများနဲ့ နှိုင်းယှဉ်ကဲ့ရယ်ခံရတာလောက် ခံပြင်းဖို့ကောင်းတာမရှိ ..။

ဒါပေမယ့် ရှိစေတော့ .. နေပါဝါ ဆိုတဲ့လူဆီက သူမ ရယူချင်တာတွေထဲမှာ ဒီလူသဘောကျနှစ်သက်လာဖို့တွေ မပါပေ။

ပါဝါ ကလည်း သူမ မျက်နှာပေါ်မှာ အဖြူတစ်ခြမ်း အမည်းတစ်ခြမ်း ဖြစ်သွားသည့်ရာသီဥတုကို ဂရုမစိုက် ..။

သူ ဝတ်ထားသည့် ကော်လံကတုံးနှင့် အနီရောင်အပေါ်ထပ်အင်္ကျီထဲက မီးခြစ်နဲ့ စီးကရက်ကို ထုတ်ယူလိုက်သည်။

ပြီးတော့ ကော်ရစ်ဒါတန်းမှာ လက်တင်ကာ စီးကရက်မီးညှိနေတာ အေးဆေး ..။

"ဘာမှမဆိုင်တာတွေ ပြောနေမယ့်အစား ဘယ်လိုကွာခြားပါတယ်



ဆိုတာ အတိအကျပြောပြလိုက်ပါလား ကိုပါ ..၊ မင်းမင်း မေးနေတာ ကိုပါ ခုထိသေချာမဖြေသေးဘူးနော် .."

"မင်း သိလာမှာပါ၊ ဘာဖြစ်လို့လဲဆိုတော့ ငါ ဒီအိမ်ကြီးကို ရောက်လာတာ အားလုံးကို အပြီးသတ်ပေးလိုက်ဖို့ .."

"ကိုဝေဒ ပြောသလိုမဟုတ်ဘူးလား .."

မင်းမင်းသော် က မျက်ခုံးလေးပင့်ပြီး ကြည့်နေကာ ..၊

"သူတို့အိမ်ထောင်ရေးကို ခလောက်ဆန်ပြီး ဖိတ်စင်ထွက်ကျလာမှ အသားလေးကောက်ယူလိုက်ဖို့ .."

သူမကို စေ့စေ့ကြည့်ပြီး ပါဝါ က မဲ့သည်။ သဘောပေါက်သွားတာက မင်းမင်းသော် ဆိုသည့် မိန်းမဟာ အကြောက်တရားမရှိသလောက် မလုပ်ရဲတာမရှိ၊ မပြောရဲတာလည်းမရှိ ..။

ထိုအခါ သူမသည် အရှက်အကြောက်တရားမဲ့သော ..၊

"ဆောရီး .. ရှင် စိတ်ဆိုးသွားပြီ .."

"မင်းအပေါ်မှာ ငါ ဘယ်တုန်းကမှ မကျေနပ်ခဲ့ဘူး၊ လက်ရှိ ပစ္စုပ္ပန်မှာ ငါ အမုန်းဆုံးက မင်းပဲ .."

"ဟုတ်လား .. စဉ်းစားပါဦး ကိုဝေဒ မဟုတ်ဘူးလား .."

"နိုး .."

ပါဝါ က ခေါင်းခါသည်။ စီးကရက်ကို နှုတ်ခမ်းဖျားမှာ ကပ်လိုက်ပြီးမှ ပြန်ခွာ၍ ..၊

"ငါ့အားကို မင်းသာ ရောက်မလာခဲ့ရင် ဝေဒ ဆိုတာ ငါ့အတွက် ဘာတစ်ဖျစ်စာပဲရှိတယ် .."

"ပြောရရင် ရှင် ပိုမုန်းဦးမှာ၊ ဘာဖြစ်လို့လဲဆိုတော့ မင်းမင်း ကြောင့် ရှင့် ချော်လင့်ချက်တွေ ကုန်ဆုံးခဲ့ရပေမယ့် မင်းမင်း ကတော့ ရှင့်ကြောင့် အရာအမိဖွယ်တွေရှိလာခဲ့တာ .."

နီမြန်းသွားသည့် မျက်နှာကိုကြည့်ကာ သူမက ခေါင်းခါလိုက်ရင်း..၊

"ရှင့်ကို ချစ်ခင်မြတ်နိုးမှုတွေ ထုတ်ဖော်ပြောနေတာ မဟုတ်ဘူးနော်၊



www.burmeseclassic.com

www.burmeseclassic.com



မင်းမင်း ဘာပြောနေသလဲဆိုတာ မင်းမင်း ပဲ သိတယ်၊ ရှင် မပြောချင်တာတွေကိုလည်း ရှင့်ရင်ထဲမှာပဲထားပါ၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်၊ မင်းမင်း ဆိုတဲ့ ကျွန်မက ဒီလောက်နဲ့တင် ရပ်တန့်သွားမှာမဟုတ်ဘူး..."

ပြောပြန်ပြီ ...၊

မင်းမင်းသော် သည် သူမသာ သိသော စကားတို့ကို ဆက်လက်ဆိုနေရင်း ...၊

"ဒိတ်ဒိတ်ကြဲချမ်းသာတဲ့ ယောက်ျားနှစ်ယောက်နားမှာနေပြီး မင်းမင်း ဒီလောက်နဲ့တော့ မရပ်တန့်နိုင်ဘူး၊ ကိုဝေဒ ရယ် ရှင်ရယ် မင်းမင်း ရယ် ဒီသုံးယောက်မှာ ဘယ်လိုကောက်ကွေ့ကြောင်းတွေနဲ့ ဆုံခဲ့ကြသလဲဆိုတာ ဘယ်သူမှ မသိပေမယ့် မင်းမင်း တို့ချင်း သိတယ်လေ ..."

"အဲ့ဒီတော့ ဆက်ပြော ..."

"ရှင် စိတ်ဝင်စားလာပြီထင်တယ် ..."

ပြောနေရင်း သူမက ပို၍တက်ကြွစွာဖြင့် ...၊

"မင်းမင်း တို့ရဲ့ လက်ထပ်ပွဲက ကြံစည်မှုတွေပါခဲ့တယ်၊ အဲဒါကြောင့် မင်းမင်း က အခု ကိုဝေဒ ရဲ့လူပေါ့၊ ဒါပေမယ့် နောက်ထပ်ပြီး အဲဒီလို ဟုတ်ပါ့မလားဆိုတာ ..."

"စိတ်ကူးယဉ်မနေနဲ့ မင်းမင်း၊ မင်းလိုမိန်းမမျိုး ဘုရားစူးပါစေ ကျိမ်းစူးပါစေ ကျိန်ပြီး ခံ့းစက်၊ လုံ့စက်ထဲ ခုန်ဝင်ပြပါ့မယ်ဆိုလည်း ဆောရီးပဲ .. ငါ့ရဲ့ ဆုံးဖြတ်ချက်ခြင်းမှာ ငါပဲ ရှေ့နေ ငါပဲ တရားသူကြီး..."

"ဟား .. ဟား .. ဟား ..."

ရယ်သံက နောက်က ထွက်ပေါ်လာတာပေမယ့် ဝေဒ အသံမှန်း သိလိုက်သဖြင့် ဓါဝါ က လှည့်မကြည့်ဝေ။ မင်းမင်းသော် ကတော့ အတင်းအဖျင်းစကားပြောနေတုန်း လူမိခံရသလို မလုံမလဲပုံစံလေးဖြစ်သွားကာ တန်းပေါ်မှာ လက်တင်၍ ခပ်နွဲ့နွဲ့မှီရင်းကနေ ခတ်မတ်မတ်စန့်စန့်လေးဖြစ်သွား၏။



ဝေဒ က ပါဝါ့ ဘေးမှာ မျက်နှာချင်းဆိုင်လာရပ်ကာ လက်ပိုက်ရင်း ရယ်နေ၏။ ကုတ်အင်္ကျီအနက်ဝတ်ထားပေမယ့် အတွင်းခံက ရင်ဝထိ ဟိုက်ကျနေသော စွပ်ကျယ်ချိုင်းပြတ်လေးပဲဝတ်ထားတာဖြစ်၏။

လက်တစ်လုံးလောက် ထူသိပ်နေသော ပလက်တီနမ်ဆွဲကြိုးက ရင်ဘတ်ပေါ်မှာ ပြိုးပြက်လက်နေသည်။ ကုတ်အင်္ကျီလက်ဝအောက်မှာ မြင်နေရသော အနက်ရောင်လက်ပတ်နှင့် လက်ညှိုးကနေ လက်သန်းအထိ လေးချောင်းအပြည့် ဝတ်ထားသော လက်စွပ်တွေက ရတနာထည်တွေနဲ့မတူဘဲ ဒီဇိုင်းတွေက ခပ်ရိုင်းရိုင်း ...၊ ထိုအခါ ဖေဖေ့စကားတွေကို သတိရမိ၏။

"မင်းနဲ့ ရွယ်တူတွေ မတိမ်းမယိမ်းညီအစ်ကိုတွေအားလုံးပဲ မင်းလို ဘယ်သူမှ မဟုတ်ကြဘူး ..."

"ဝေဒ ဆိုရင် မိဘအမွေအနှစ်ဆိုတာကို သူ့လုပ်ငန်းတွေနဲ့ နင်လားငါလား ပခုံးချင်းယှဉ်နိုင်နေပြီ၊ ဘယ်လောက်တော်လိုက်သလဲ ..."

လူကြီးတွေ သူ့ကို ဆုံးမစကားတွေပြောဖြစ်တိုင်း ဝေဒ က စံနမူနာပြယုဂ်ကြီးတစ်ခုလိုပင် ...။ ပြောကြသည့်အကြောင်းအရာတွေသာ ကွဲချင်ကွဲလိမ့်မည်။ ဝေဒ အကြောင်း စကားထဲမှာပါလာပြီဆို ဒီစကားပါပဲ...။

သူကလည်း ဝေဒ ရဲ့ ကောက်ကျစ်သည့် မဲ့ပြုံးတွေကိုမြင်ရတိုင်း ဒီစကားတွေကို သတိရသည်။ ဝေဒ နဲ့ စကားများများပြောဖြစ်တိုင်းလည်း တရားကျမိလေသည်။

"ဖေဖေ ထီးဆိုင်ပိုင်ရှင်လုပ်ရမှာ၊ ထီလက်မှတ်လက်ဝယ်ပိုင်ဆိုင်ထားသူကိုသာ ပေးလျော်မှာဖြစ်သည်ဆိုတာလေ၊ ငွေကို ဘယ်လိုရှာလာသလဲဆိုတာ မလိုချင်ဘူး ငွေရှာနိုင်ဖို့အဓိက ဟုတ်တယ်မို့လား ..."

သူ ဒီလိုပြန်မေးလိုက်တော့ လက်သီးတစ်လုံး မျက်နှာရှေ့ကို ဒိုးခနဲ ရောက်လာသည်။ မျက်နှာပေါ်ကို တိုက်ရိုက်ပစ်ခွင်းရန် လက်မအနည်းငယ်လောက် အလိုမှာ လက်သီးအစား အမိန့်တစ်ရပ်ကျလာခဲ့၏။

"ငါ့မူဝါဒကို မမှန်ကန်ဘူးထင်ရင် မင်း မှန်တယ်ထင်သလို လုပ်

www.burmeseclassic.com

www.burmeseclassic.com



သွား ..” တဲ့ ဖေဖေ ပြောခဲ့တာတွေပါ ..။

“နေရာတကာ မင်း စိတ်တိုင်းကျချည်းပဲ ဖြစ်နေစရာမလား ပါဝါ၊ တကယ်တော့ မင်းက ဘဝင်မြင့်ရောဂါနဲ့ အရူးပဲကွ ..”

ဝေဒ က သူ့မျက်နှာကို သေချာကြည့်ပြီး ရန်စကားထပ်ပြောသည်။ ပြီးတော့ မင်းမင်းသော် ကို ကြည့်၍ ..၊

“စီရင်ချက်ချတယ်ဆိုတည်းက ကိုယ့်လည်ပင်းကိုယ် ကြိုးကွင်းစွပ်တာမဟုတ်ဘူးလေ၊ တရားခံဆိုတာ မလိုဘူးလား ..”

“လိုတာပေါ့ .. တရားခံက မင်း၊ တရားသူကြီးက ငါ ..”

“ဟား .. ဟား .. ဟား ..”

“ငါ စီရင်ချက်ချနိုင်လို့ပဲ မင်း ဝိညာဉ်ချုပ်တော့မလို့ တဲတဲလေး မို့လား ..”

သူ ဘာဖြစ်နေသလဲဆိုတာ ဘာမှသေချာမသိဘဲနဲ့တောင် ဒီကောင် ကိုယ့်အိမ်ပေါ်ထိ ရဲရဲတင်းတင်း တက်လာခဲ့သည်။ သိများသိသွားခဲ့ရင် ဘယ်လောက်ထိ မျှော်လင့်ပြီး ဘယ်လိုဝမ်းသာပုံမျိုးနဲ့ အူတက်သေသွားနိုင်မလဲ ..၊

ဝေဒ အတွေးများနှင့် အောင်နိုင်သူလို ပြုံး၍ ခေါင်းတဆတ်ဆတ် ညိတ်သည်။ ပြီးတော့ နောက်ထပ် ဒီပါးစပ်ကို စဉ်းစဉ်းစားစားဖွင့်မှဖြစ်တော့မည်ဟု သတိချပ်ကာ မျက်လုံးတွေက မင်းမင်းသော် ထံရောက်၏။

“မင်းကတော့ ဘယ်သူနိုင်နိုင် ဘယ်သူရှုံးရှုံး ရှုံးတဲ့အသား ကောက်စားဖို့ အဆင်သင့်ရှိနေတဲ့ ‘လင်းတ’ ပဲ မင်းမင်းသော်၊ ယဉ်ယဉ်ကျေးကျေး ပြောရရင်တော့ ရောက်တဲ့အရပ်မှာ ပျော်အောင်နေ၊ တွေ့တဲ့လူနဲ့ သင့်အောင်ပေါင်း .. ဟွန်း .. ဟွန်း ..”

“ရိုင်းရိုင်းစိုင်းစိုင်းပြောလို့လည်း ရပါတယ်၊ မင်းမင်း က မသေခင် အချိန်လေးမှာ လောကတစ်ခုကလွဲရင် ဒေါသမောဟတွေကို ခေါင်းလောင်း ထိုး လျှော့ထားတာပါ၊ ဒါပေမယ့် တစ်ခုတော့မှားနေတယ် ကိုဝေဒ၊ မင်းမင်း



က အကျကောက်စားရတဲ့အထိတော့ မညံ့သေးပါဘူး ..”

ဝေဒ မျက်နှာက မှောင်ရိပ်တစ်ခြမ်းကျနေပေမယ့် မျက်ခုံးတွေ တွန့်ကုတ်သွားတာကို မြင်နေရ၏။ မင်းမင်းသော် က ခြေတစ်လှမ်း နောက်ဆုတ်လိုက်ပြီး နှစ်ယောက်စလုံးကိုကြည့်ကာ ..၊

“ရှင်တို့အကြိတ်အနယ် စကားစစ်ထိုးကြမှာထင်တယ်၊ မင်းမင်း ကတော့ သုံးမျက်နှာတိုက်တဲ့ပွဲမျိုးရှိလာမှပဲ နေရာရမှာ၊ သွားအိပ်တော့ မယ် .. ဂွတ်ဒ်နိုက် ..”

မင်းမင်းသော် ထွက်သွားတာနှင့် ဝေဒ က ခပ်ကြိတ်ကြိတ်ရယ် တာ ..၊

“မင်းတို့ချင်း စည်းလုံးတာ မြန်သားပဲ ပါဝါ၊ မင်းမင်းသော် က သူ့လူကိုယ့်ဘက်သားလုပ်ဖို့ ကြိုးစားနေပြီ ..”

“ဒါဆို .. ငါ ညံ့သေးတာပေါ့ကွ ..”

“ဘာ!...”

“သူက ငါ့မိန်းမပဲ ငါ့လူပဲဖြစ်ရမှာပေါ့၊ မင်းဘက်မှာရှိနေသေး တယ်ဆိုတော့ ..”

“ဟား .. ဟား .. ဟား ..”

သူ့စကား မဆုံးခင် ဝေဒ က အားပါးတရရယ်သည်။ ပါဝါ က ချိုချဉ်စိုက်ကြည့်နေ၏။ သူ့ရယ်သံစဲသွားမှ ဟွန့်ခနဲမဲ့ကာ ..၊

“မင်း ဆုတောင်းနေပေါ့ .. အမြဲတမ်းရယ်နေနိုင်အောင် ..”

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

"ဒီကောင် ငါ့ကို ဒီလိုစကားတွေပြောသွားတာ အကြောင်းမဲ့ မဟုတ်ဘူး၊ အဲဒါ မင်းကြောင့် ..."

"အား ..."

မေးဖျားကို လက်ခုပ်နဲ့ ညှပ်ကိုင်ကာ ဖိညှစ်ပြီး မော့ပစ်လိုက်တော့ မင်းမင်း မျက်နှာလေး မော့ပါသွား၏။ အံသွားတွေပါ နစ်ကျွံကျိုးကြေကုန်ပြီလားထင်ရလောက်အောင် နာကျင်မှုကြောင့် မျက်ရည်တွေ တစိမ့်စိမ့် စီးကျလာခဲ့၏။

"ပြောစမ်း မင်းမင်း .. မင်းနဲ့ဒီကောင် ဘယ်လိုအပေးအယူတွေ ဖြစ်ပြီးပြီလဲ .."

"အ ..."

မော့လိုက်တိုင်း လှုပ်ခါပစ်နေသဖြင့် ဘာမှ ပြန်မပြောနိုင်ဘဲ မျက်ရည်စက်တို့သာ ဖိတ်ဖိတ်စင်စင်ရှိနေခဲ့ပြီး ...၊

"ငါ .. ငါ့တစ်သက်လုံး မဖြစ်ခဲ့ဘူးတဲ့ ဒေါသ၊ မလုပ်ခဲ့ဘူးတဲ့ အလုပ်တွေ အဲဒါတွေကို မင်းကြောင့် လုပ်မိနေပြီ၊ ငါ့ပါးစပ်က ယုတ်ညံ့



တဲ့ စကားတွေပြောမိနေတာလည်း မင်းကြောင့် ..."

ဒေါသနှင့် ဖိညှစ်အော်ပစ်လိုက်ပြီးမှ အသံကိုနှိမ့်ချကာ သူမ မျက်နှာကိုလည်း တွန်းလွှတ်ပစ်လိုက်၏။ ပြီးတော့ နီရဲနေသော သူ့မျက်လုံးတွေမှာ မျက်ရည်ကြောင့် အရောင်တလက်လက်ဖြစ်လာခဲ့သည်။

ဟိုတုန်းတည်းက ပါဝါ ကို သူ မနိုင်ခဲ့ပါ။ ဒီနေ့ထိ သူ အနိုင်နဲ့ မပိုင်းနိုင်ခဲ့သေး ...။

တကယ်ဆို ဒီမိန်းမကို ရှေ့လက်တွဲပြီး သူ ပျော်ပျော်ကြီး ချစ်ပွဲဝင်နိုင်သည်။ အမျိုးမျိုးသော ချစ်ခန်းတွေဖွင့်၍ နေပါဝါ့ အသည်းကို တစ်စစီ ခွဲဖွဲ့စားသုံးသွားနိုင်သည်။

ခုတော့ သူ့မှာ လှွင့်ပစ်ဖို့ကလည်း အဆီနဲ့ဝင်းဝင်း၊ စားလိုက်ရမှာလည်း သဲနဲ့ ရှပ်ရှပ် ...။

ညဝတ်ဂါဝန်အဖြူရောင် အပါးသားလေးနှင့် ဆံပင်တွေကို ဒီတိုင်းဖြန့်ချထားသည့် မင်းမင်း ပုံစံလေးက သူ တွန်းပစ်လိုက်လို့ မွေ့ရာအောက်မှာ အစုံလိုက် ပစ်ကျသွားတာတောင် သွဲ့သွဲ့နွဲ့နွဲ့လေးနှင့် ဝင်းစက်နေ၏။

ဒီမိန်းမကို သိပ်တော့ မလှပါဘူးလို့ ပြောကြသေးသည်။ သူ့မှာတော့ စေ့စေ့ကြည့်မိတိုင်း ကိုယ့်ကိုယ်ကိုယ် မချင့်မရဲဖြစ်သည့်စိတ်က သူသတ်ချင်စိတ်တွေပါ ဖြစ်၏။

ယောကျ်ားဖြစ်ပြီး လူဖြစ်ရှုံးနေရသည်။ ကိုယ့်မိန်းမဖြစ်ပေမယ့် ပိုင်ဆိုင်ခွင့်မရသော အဖြစ်က သူမရဲ့ အလှအပတွေကို မြင်နေရလေ ဒေါသထွက်လေ ...။

ပြီးတော့ နေပါဝါ ...၊

သူမကိုပဲ ဒီနေ့ထိ တမ်းတမ်းစွဲ လိုက်နေတုန်း ...၊

ဒီမိန်းမက ဘာလဲ၊ ဘာတွေနဲ့ ဒီလောက်တောင် ပြစားထားတာလဲ...။

သူမကို ပိုင်ဆိုင်ရဖို့အတွက် သူ့ဘက်မှာ ဟန်ဆောင်မှုတွေ ဖုံးကွယ်ခဲ့ရတာတွေ၊ ဒီ့ထက်ရှင်းတာပြောရပါလျှင် သူနဲ့ပတ်သက်ခဲ့သမျှ မိန်းမတွေကို အားလုံးဖြတ်တောက်စွန့်ပစ်ခဲ့တဲ့အထိ ...။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် လက်ထပ်ပွဲမစခင်တည်းက ရှင်းခဲ့ရတဲ့ ပြဿနာတွေ နည်းသလား ..။ အကြီးမားဆုံးက နေပါ၀ါ ပဲ ဖြစ်သည်။

"မင်းလိုကောင်နဲ့ 'မ' နဲ့ လုံး၀ မထိုက်ဘူး .."

"'မ' ကို ငါ့ချစ်သူမှန်းသိလို့ မင်း တိတ်တဆိတ်ဆင်ကြံကြံလိုက်တာမို့လား .." တဲ့ ..။

မေးခွန်းတွေကို သူ ခေါင်းခါဘူးကွယ်ခဲ့သည်။ မသိလို့မှားယွင်းခဲ့တာမျိုးနဲ့လည်း တောင်းပန်ခဲ့သေးသည်။

သူ့ချစ်သူကို ကိုယ်က အရယူနိုင်ခဲ့သည့်ပီတိကိုပဲ စားသုံးသွားရရင် ကျေနပ်နိုင်တာမျိုးပါ။

ဒါပေမယ့် သူ နိုင်ချင်လာခဲ့သည်။ ရိုးသားဗျာကနေ မရိုးသားဗျာ လက်သည်းဖွက်ခြင်းမျိုးဖြစ်သွားခဲ့၏။ သူ ဒီလိုအဖြစ်မျိုးရောက်သွားလိမ့်မည်ဆိုတာ စိတ်ကူးထဲမှာရော၊ အိပ်မက်ထဲမှာပါ ဘယ်တုန်းကမှ မပါခဲ့ဘူးပေ ..။

အကွက်ကျကျ လုပ်ကြံအနိုင်ပိုင်းသွားခဲ့တာ နေပါ၀ါ ..။

"ဝါ ရှုံးနေရသရွေ့မင်းဘ၀ကို ငါဘယ်တော့မှ အလွှတ်မပေးဘူး၊ နေပါ၀ါ ကို မနိုင်မချင်း မင်း ဒီတိုင်းခံစားရမယ်၊ အဲ့ဒါ ငါ မင်းကိုပေးမယ့် စီရင်ချက်ပဲ .."

"နားထဲမှာ သပ်စွဲနေပြီ ကိုဝေ၊ ရှင် နေ့တိုင်း ကြိမ်းဝါးနေတာတွေကို ကျွန်မ မှတ်မိနေပြီ၊ အသက်ရှူနေရတိုင်း အသက်ရှူသံတွေအစား 'ဒုက္ခ .. ဒုက္ခ' လို့ မြည်နေပါတယ်၊ ရှင် ဘာဖြစ်လို့ ဒါကိုပဲ နေ့တိုင်း ညတိုင်း ရေရွတ်နေတာလဲ .."

"ဘာ ..."

မျက်ရည်တွေစိုလူးနေပေမယ့် သူမ မျက်ဝန်းလေးတွေက စူးလက်နေသည်။ မွေ့ရာကို လက်တစ်ဖက် နောက်ပြန်ထောက်၍ ခပ်နဲ့နဲ့ထရပ်ပေမယ့် ကြောက်ရွံ့နောက်တွန့်ပုံကိုလည်း တစ်စက်မှ မရှိ ..။

ဒါဆို သူ ပြဿနာ နေနေခဲ့တာတွေက မျှိသိပ်ကြိတ်ကြံနေခဲ့တာလား..။



"ဆောင်းမင်းသမီး .."

သူ ရှေ့တိုးသွားတာနှင့် သူမက နောက်ထပ်ဆုတ်၏။ ထိုအခါ ခုတင်နဲ့ ထိမိပြီး မွေ့ရာပေါ် နောက်ပြန်ထိုင်လျက်လေး ယိုင်လဲသွား၏။

"မင်းက ငါ့အပေါ်မှာ မရိုးသားခဲ့ဘဲကိုး .."

"ကျွန်မက ဘာမရိုးသားရမှာလဲ .."

"မင်းကို ငါ နှိပ်စက်နေတယ်ဆိုပြီး မင်းက အငြိုးအတေးတွေနဲ့ အုံဖွဲ့နေခဲ့တာ .."

"ရှင်ထင်ရာတွေ ပြောမနေပါနဲ့ .."

"ခုပဲ မင်းမျက်နှာပေါ်မှာ ငါမြင်နေရပြီ၊ မင်း .. မင်း ငါ့ရောဂါအကြောင်း ဟိုကောင့်ကို ၀မ်းသာအားရကြီး သတင်းပေးလိုက်ပြီပေါ့.."

ဝေဒ ရဲ့ မျက်လုံးတွေ ပြူးထွက်လာသည်။ ဒါကို သူ အထူးတလည် သတိပေးထားခဲ့တာ ..။

"ဟုတ်တယ် .. ငါထင်သားပဲ၊ ဒါကြောင့် ဟိုကောင် ငါ့ကို လှောင်သွားတာ .."

"ကျွန်မ ဘာမှမပြောဘူး၊ သူနဲ့လည်း ခုချိန်ထိ တစ်ခါမှ မျက်နှာချင်းမဆိုင်ရသေးဘူး၊ ရှင်တစ်ယောက်တည်း ကယောင်ချောက်ချားတွေ လျှောက်ထင်နေတာ .."

"ဘာပြောတယ် .."

သူ ဖျပ်ခနဲကပ်သွားကာ မင်းမင်း ပခုံးလေးတစ်ဖက်ကို ဆောင့်ဆွဲယူလိုက်သည်။

"ငါက ကယောင်ချောက်ချားဖြစ်နေတယ် ဟုတ်လား၊ အေး .. ဟုတ်တယ်၊ ငါ အဲ့ဒီလိုဖြစ်အောင် ဒီအိမ်ပေါ်ကို သူများမယား ကြာခိုတဲ့ကောင်က ရောက်လာတာကိုး .."

"ညဥ့်နက်နေပြီ ကိုဝေ .. ဒီလိုကြမ်းတမ်းတဲ့ စကားတွေပြောပြီး ရန်ဖြစ်နေကြရအောင် ရှင်လည်း ရပ်ကွက်ငယ်လေးထဲက အရက်သမား မဟုတ်ဘူး၊ ကျွန်မကလည်း အရက်သမားမယားမဟုတ်ပါဘူး .."

www.burmeseclassic.com



"အရက်သမားဖြစ်သွားရင် မင်း ဂုဏ်ယူလိုက်တော့ မင်းမင်း၊ လူစဉ်မမီတဲ့ကောင်က နေ့စဉ် မှန်ယိုရန်လိုနေတာကိုခံပြီး အရိုးကွဲအောင် ရိုက်နေရင်လည်း မင်း အပျိုစင်ဘဝနဲ့ အသက်ရှည်ဖို့ ဆုတောင်းခွင့်ရှိသေးတယ် .."

ပြောပြီး သူမရဲ့ ပခုံးလေးနှစ်ဖက်ကို ဆွဲယူကာ မျက်နှာချင်းထိ မတတ် ကပ်ထားလိုက်ပြီး ..၊

"ကျွန်မ ခုထိ အပျိုရည်မပျက်သေးပါဘူးဆိုပြီး မင့်ကောင်နဲ့ နှစ်ပါးသွားဖို့ကြိုးစားလိုက်ရင်တော့ မင်းဘဝ သွားပြီ .."

မျက်နှာချင်းမထိအောင် ပခုံးလေးကျုံ့ မျက်နှာမော့ထားရင်း မင်းမင်း သူပြောတာကို စူးစိုက်နားထောင်နေခဲ့၏။

"ဘာဖြစ်လို့လဲ သိလား၊ မင်းသိချင် ခေါင်းညိတ်လိုက်လေ .."

မင်းမင်း က ခေါင်းမညိတ်သလို မျက်နှာလည်း မလွှဲ ..၊

"ဟား .. ဟား .. ဟား .."

သူမရဲ့ ပခုံးတွေကို လွှတ်လိုက်ပြီး ခပ်ကြိတ်ကြိတ်ရယ်သည်။ ခံစားချက်မဲ့နေသော မျက်နှာကြီးနှင့် ရယ်နေတာကတော့ မပြီးနိုင်ဘဲ ခါးနှစ်ဖက်ထောက်၍ ..၊

"သိပ်ကို သိချင်နေပြီမို့လား .. မင်းက ငါ့ဆီမှာနေပြီး ဟိုကောင့် ဆီကိုပဲ အမြဲတမ်း စိတ်ရောက်နေတဲ့ မိန်းမပဲ .. သူ့အကြောင်းသိချင် မှာပေါ့၊ သစ္စာမရှိ မစောင့်ထိန်းတဲ့မိန်းမ သူခိုးကို ဓားရိုးကမ်းမယ့် မိန်းမ မျိုး .."

"ကိုဝေ ရှင် ကျွန်မကို ဒီလောက်ထိ မစော်ကားနဲ့နော် .."

"ကျန်သေးတယ် နားထောင်ဦး၊ မင်းကောင်ကို ငါက နှိပ်စက်လို့ ရသမျှ နည်းမျိုးစုံသုံးမယ်လို့ စိတ်ကူးထားလို့သာ၊ တကယ်ဆို သူက သေလူပဲ .."

မင်းမင်း မျက်ခုံးလေးတွေ မသိမသာတွန့်သွားခဲ့၏။ အဝါ ကိုယ့်ကို ရှုံ့ပြီး ချက်ချင်းလက်ထပ်ပစ်လိုက်တာကိုသိသည်။



ဒီပြင် ဘာအကြောင်းတွေရှိနေသေးသည်ဆိုတာကိုတော့ မသိခဲ့ပေ။ သူမ မျက်လုံးတွေကိုစိုက်ကြည့်ပြီး ဝေဒ က အားရကျေနပ်စွာ ရယ်နေလျက် ..၊

"ဒီကောင် အောကိုက်နေပြီ .."

မင်းမင်း မျက်နှာကွက်ခနဲ ပျက်သွား၏။

"မယုံဘူးမို့လား .. မင်းနဲ့ တွဲနေတုန်းကမှ မဟုတ်ခဲ့တာ မင်းဘယ် သိမလဲ၊ သူ အခု လက်ထပ်ထားတဲ့မိန်းမ .."

ကိုယ့်ဘဝ လူဖြစ်ရှုံးပြီဆိုတာ သိလိုက်ရတည်းက သူ အားသွန် ခွန်စိုက် ကြိုးပမ်းခဲ့တာ နေပါဝါ ဆိုတဲ့ ကောင်လည်း ကိုယ့်လိုအဖြစ် ဆိုးဖို့ ..၊

"မင်းမင်းသော် ဆိုတဲ့ မိန်းမက သူနဲ့ မေးထူးခေါ်ပြောအဆင့် လောက်ပဲရှိဖူးတဲ့ မိန်းမ၊ ချမ်းသာခဲ့တယ်၊ ပေါ်ပြူလာဖြစ်ခဲ့တယ်၊ အရမ်း ဟော့ထ်လွန်းတော့ သူ အထည်ကြီးပျက်ဖြစ်သွားတာ ဘယ်သူမှ သတိ မထားမိလိုက်ဘူး၊ နောက်ထပ် ဘယ်သူမှမသိကြတာက သူ့မှာ အိပ်ချ် အိုင်ဗီပိုးရှိတယ် .."

"ဘာ!..."

မင်းမင်း ရဲ့ 'ဘာ' သံက အံ့ဩထိတ်လန့်ခြင်းကြောင့် လေသံသာသာ ဖြစ်ရှိလျက် ..၊

"ရှင် .. ရှင် သူများကို .."

"ရမ်းသမ်းပြောနေတယ်ထင်လို့လား .. ဟား .. ဟား .. ဟား .. သနားစရာကွာ .. မင်းကိုရော နေပါဝါ ရော သိပ်ကို သနားစရာကောင်း သွားပြီ .."

သူက နောက်ထပ်ညွှန်ယံကို ဥပေက္ခာထား၍ ဟားတိုက်ရယ်လိုက် ပြီး ..၊

"ဒီမိန်းမကို မဖြစ်မနေ လက်ထပ်ယူလိုက်ရတဲ့အဖြစ်ရောက်အောင် ငါ ကိုယ်တိုင် အကွက်ချေပေးလိုက်တာလေ၊ ငါက ရမ်းသမ်းပြောစရာ

www.burmeseclassic.com

www.burmeseclassic.com



လား၊ ဟား .. ဟား .. ဟား မင်းမင်းသော် နဲ့ သူ ဘယ်သူ့အရင်သေမလဲ ဆိုတာ .."

"ဖြန်း ..."

"ဟာ!..."

ဘယ်လိုမှ မထင်မှတ်သော မင်းမင်း ၏ အားပြင်းသည့်ရိုက်ချက်က ဝေဒ မျက်နှာသာမကဘဲ ပခုံးတစ်ခြမ်းပါ တိမ်းစောင်းယိုင်ထွက်သွား၏။

သူ ဒေါသတကြီးလှည့်လာလျှင် ..၊

"ဖြန်း ..."

နောက်ထပ်ရိုက်ချက်က ဝေဒ တစ်ကိုယ်လုံးကို နတ်မူးသလို ဆတ်ဆတ်တုန်သွားစေလျက် ..၊

"ဘီလူးမ .. မင်း .. မင်းက ငါ့ကို ရိုက်ရဲတယ်၊ မင်းက .. တောက်"

ဒေါသက ရှူးခနဲဆောင့်တက်ကာ သူမပါးကို ဖြောင်းခနဲရိုက်ချလိုက်၏။ မင်းမင်း ခွေခနဲပုံကျသွားကာ ဆံပင်တွေအကုန် မျက်နှာပေါ် ဖြာကျသွား၏။

ခေါင်းသည် ရှေ့နောက်မှားပြီး လည်ထွက်သွားသကဲ့သို့ တဝီးဝီး အော်မြည်နေလျက် ပြာဝေမှောင်မိုက်သွားခြင်းက အလင်းရောင်ကို တော်တော်နဲ့ မမြင် ..၊

"မိန်းမယုတ် .. မင်းကို ငါ .."

"လုပ်လေ .. တစ်ခါတည်းရိုက်သတ်လိုက်၊ ရှင် .. ရှင့်ကို ဘယ်တော့မှ ခွင့် ..."

ခေါင်းထောင်ဖို့ကြိုးစားရင်း လက်ညှိုးထိုးဖို့လည်း လက်လေးကြွတက်လာသေးသည်။ သို့သော် အားလုံး ရုပ်သေးကြိုးပြတ်ဖြစ်သွားခဲ့ပြီး..၊

"မင်းမင်း .. ဟော့၊ ဆောင်းမင်းသမီးကြီး .. မင်း ထစမ်းပါ၊ ပြန်ထပြီး ရိုက်စမ်းပါဦး သူ တစ်ချက်ကိုယ်တစ်ချက်လေ၊ မောတဲ့လူ အရှုံးပေါ့ .."



သတိလစ်ခွေကျသွားသည့် သူမအားမှာ ဒူးထောက်ထိုင်ကာ အရူးလို ပြောနေမိသည်။ ပြီးတော့ သူမပခုံးလေးကို တွန်းပစ်မိလိုက်၊ မေးဖျားလေးကို မော့လာအောင် ဆွဲယူပြီး လှုပ်ခေါ်နေမိလိုက် ..၊

အနိုင်နဲ့ ပိုင်းနေနိုင်တယ်ပဲပြောကြသည်။ သူရခဲ့တာ ဘာရှိလို့လဲ..။

ခုထပ်ပြီး သူမက ကြိမ်းဝါးနေသေးသည်။

"ရှင့်ကို ဘယ်တော့မှ ခွင့်မလွှတ်ဘူး .." တဲ့ ..။

"ဟား .. ဟား .. ဟား .. လုပ်စမ်းပါ၊ မင်း ဘာလုပ်မှာလဲ၊ ငါ ဆုံးရှုံးသွားခဲ့တာကိုလည်း ဘာမှ ပြန်မရနိုင်တော့ဘူး .."

မင်းကောင်ကိုလည်း မင်း ဘယ်တော့မှ ပြန်ရနိုင်တော့မှာ မဟုတ်ဘူး ..။ သူ့ကိုရော၊ သူ့ဘဝ၊ သူ့အသက် မင်း ဘာတစ်ခုမှ အကောင်းတိုင်း ပြန်မြင်ရတော့မှာမဟုတ်ဘူး မင်းနဲ့ငါ ဘယ်သူ့အပြစ်က ပိုကြီးသွားသလဲ ..၊

"ငါ ပြိုင်ဆိုင်ရမှာက မင်းနဲ့လား၊ နေပါဝါ နဲ့လား၊ ဒါမှမဟုတ် မင်းနဲ့ နေပါဝါ က တစ်ဖက်၊ ငါက တစ်ဖက်လား .."

စကားတွေပြောနေမိရင်း မင်းမင်း ကိုယ်လေးကို ကောက်ယူပွေ့ ဖိုက်လိုက်မိသည်။ သူမကိုမြင်ပြီးတဲ့နောက်မှာ ဘယ်မိန်းမကိုမှ မမက်တော့အောင် ညွှတ်ကျခွေယိုင်ခဲ့ရတဲ့ နှလုံးသားဟာ ဘယ်လိုမေတ္တာနဲ့ မှာ သက်ဆင်းမိခဲ့လို့လဲ ..၊

ရင်ဆိုင်တွေ့ကြုံလာခဲ့ရတဲ့ မကောင်းသော အကြောင်းတရားတို့ဟာ တိုယ့်ရဲ့က မကောင်းခြင်းတွေနဲ့သာ သက်ဆိုင်နေလျက် သူမက အပြစ်မဲ့သူလား ..၊

ပါးပြင်ညက်ညက်ပြေပြေလေးကို ပွတ်သပ်ငုံ့ငေးရင်း ငိုချင်လာ၏။ ပြီးတော့ နာကြည်းစိတ်နှင့် အံကြိတ်မိသည်။

သူ့မှာရောင် ထွေးငုံနေသော နှုတ်ခမ်းလွှာလေးတွေမှာ လက်ချောင်းဖြင့် မှုထိတထိ တို့ထိမိရင်း တွေးမိလာတာက ဒီအလှအပတွေက သူ့နဲ့ဆိုင် ..။

www.burmeseclassic.com

www.burmeseclassic.com



မွေ့ဖက်နမ်းရှိုက်လိုသော စိတ်ဆန္ဒတို့ဟာ ကြမ်းတမ်းပူလောင်လာခဲ့ပြီး သူမကို မွေ့ပိုက်ထားရာကနေ တွန်းချပစ်မိသည်။ ပြီးတော့ ထရပ်လိုက်၏။

ငါက ချစ်ခွင့်ရမယ့်ကောင် မဟုတ်ဘူးဆိုတော့ မင်းကို မိန်းမတစ်ယောက်လို မြင်နေစရာမလိုဘူး မင်းမင်း …။ မင်းက ငါ့အတွက် အဆိပ်ပန်းပဲ …။

မင်းကို အပိုင်လိုချင်ခဲ့တဲ့ ငါ့အပြစ်ကြောင့် ငါ့ဘဝကတော့ 'မနမ်းလည်းသေ နမ်းလည်းသေမှာပဲ' …၊

သေသည်ဖြစ်စေ မသေသည်ဖြစ်စေ ငါကလည်း မင်းကို ဘယ်တော့မှ စွန့်လွှတ်မှာမဟုတ်ဘူးဆိုတော့ …၊



အခန်း (၁၃)

တစ်အိမ်လုံး အိပ်မောကျနေကြသည့် ညဉ့်ယံကျမှ သူမ ကောင်းကောင်းသတိရလာသည်။ အရိုက်ခံထားရသည့် ပါးတစ်ဖက်ကနေ ခေါင်းတစ်ခြမ်းလုံး၏ ကိုက်ခဲနာကျင်မှုဟာ အမြင်အာရုံများကိုပါ ဝေဝါးနေစေလျက် လဲကျနေရာမှ အနိုင်နိုင်ထထိုင်လိုက်ရသည်။

ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ သူမ လဲကျနေခဲ့သည့် ကြမ်းပြင်ပေါ်မှာပဲဖြစ်ကာ ပတ်ဝန်းကျင်က အသက်ရှူသံတွေကို ပြန်ကြားရလောက်အောင် တိတ်ဆိတ်နေ၏။

မွေ့ရာပေါ်မှာ တင်ပါးလွှဲလေးဝင်ထိုင်လိုက်ရင်း မသေမသပ်ဖြစ်နေသည့် ဆံပင်တွေကို လက်နဲ့ဖြစ်သလို ဖိသပ်ချလိုက်သည်။ ပါးချိတ်နေရာတင်းနေကာ အထိမခံနိုင်အောင် ဖြစ်နေသဖြင့် ဒီနေရာမှာ ယောင်ကိုင်းညိုမည်းနေပြီကိုသိလိုက်၏။

ဒီလူနဲ့ လက်ထပ်ပြီးတည်းက တွန်းထိုးရိုက်ပုတ်ခံရခြင်းက သူမအတွက် ထူးခြားနာကြည်းဖွယ် မဖြစ်တော့ပါ။ ဒါပေမယ့် ဒီတစ်ခါ ခံရခြင်းက အသားမှာရော ရင်ထဲမှာပါ ဒဏ်ရာထင်ကျန်ခဲ့တာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အပါ ကို ဒီလို ယုတ်မာစွာ လက်တုံ့ပြန်ခဲ့သည်။ သူ ခံစားရသမျှကို သူမ နားလည်ပေးနိုင်သည်။ ဒါကြောင့်လည်း နေ့စဉ် ကြိမ်းမောင်းရိုက်ပုတ်နေသမျှအပေါ်မှာ ဝဋ်ကြွေးလို့သာ သဘောထားပြီး ခေါင်းငုံ့ဝပ်စင်းနေပေးခဲ့၏။

အပါ ကို ခုလို လက်တုံ့ပြန်နိုင်ခဲ့သည်ဆိုလျှင် အသက်တိုဘဝတုံးရသည့်အဖြစ်ချင်းအတူတူ ဘယ်သူက ပိုသာအနိုင်ရခဲ့လို့လဲ …၊

ဘာဖြစ်လို့ ဒီနေ့ထိ ငိုလိုက်ရယ်လိုက်သံစုံမြည်ရင်း မှန်းပြီးရင်းမှန်းနေခဲ့တာလဲ …၊

ညတုန်းက သူမ မှေးမှေးမှုးမှုးခွေခေါက်နေစဉ် ဝေဒ ငိုကြွေးပြောဆိုနေတာတွေကို ကြားခဲ့ပါသေးသည်။

“မင်းကောင်ကို ငါက ဒီလိုလုပ်တော့ မင်းက ငါ့ကို ပါးရိုက်တယ်ဟုတ်လား၊ ငါပြုသမျှနုပြီး ရုပ်သေးရုပ်လို နေခဲ့တာတွေက မင့်ကောင်အနိုင်နဲ့ပိုင်းလိုက်တာပဲဆိုပြီး ငါ့ကို သနားသဖြင့် ငြိမ်နေပေးခဲ့တာပေါ့ ..”

“ကြည့်စမ်း .. ဟိုကောင်ကိုထိလိုက်တာနဲ့ မင်း .. မင်း မြွေပောက်မလို ပါးပျဉ်းထောင်လာတာ မင်းတို့ရဲ့ အချစ်တွေက အဲဒီလောက်ထိပေါ့ဟုတ်လား၊ ဟား .. ဟား .. ဟား .. ငါက လူကြမ်း၊ ‘နေတော်ဝင်’ ကသူဌေး ကိုဝေဒ ဆိုတဲ့ကောင်က မိန်းမလိန်ကြီးပေါ့ ..”

ဒီတိုင်းရေရွတ်နေတာကို ကြားခဲ့သေးသည်။ သတိလစ်သွားတဲ့အချိန်ထိ ဝေဒ ရဲ့ ကြိမ်းဝါး၍ ငိုသံနှင့်ရောသော ရယ်မောနေသည့်မျက်နှာကြီး ကပ်ပါနေတာ ပစ္စုပ္ပန်ရဲ့ဘယ်မှာလဲဆိုတာ မသိ …။

သူပြောခဲ့သလို သူမ တကယ်ဖြစ်နေသလား၊ မနေဘူးလားဆိုတာလည်း မသေချာပါ။ ဒါပေမယ့် အပါ ကို ဒီလိုလုပ်ပစ်လိုက်သည်လို့ ကြားလိုက်ရသည့်အချိန်မှာ သူမ အသိစိတ်တွေ ရုတ်တရက်အမှောင်ကျသွားသလိုပင် …။

ရေချိုးခန်းထဲကို ဝင်လာခဲ့ရင်း နှုတ်ခမ်းတို့ကို ဖိကိုက်၍ မျက်လုံးတွေ မှိတ်ပစ်မိသည်။



နင်မှားတယ် မင်းမင်း …၊

နင် ဒီလိုမဖြစ်ရဘူး၊ သူနဲ့ နင် ဘာမှမဆိုင်တော့ဘူး၊ သူကစခဲ့လို့ ဒီက ပြန်လုပ်တာ၊ ဘယ်သူ့ကို ဘယ်သူက ယုတ်မာခဲ့တာဖြစ်ဖြစ် အပါ့အတွက် နင့်ဒေါသတွေ ဒီလောက်အားကောင်းနေခဲ့တာ နင်သိပ်မှားတယ် …။

မျက်လုံးတွေကို ပြန်ဖွင့်လိုက်တော့ မှန်ချပ်ရဲ့ ရှေ့မှာ သူမ မျက်နှာကအညိုအမည်းစွဲလျက် မလှမပ …၊

“ကျွတ် .. ကျွတ် ..”

ပါးရိုးနဲ့ နှုတ်ခမ်းထောင့်မှာ ရဲညိုနေသည့်ဒဏ်ရာတွေကို လက်ဖျားနှင့် တို့ထိကြည့်ရင်း မျက်နှာလေးမဲ့သွား၏။

သွားတိုက်ခြင်း၊ မျက်နှာသစ်ခြင်း အလုပ်ကို ခက်ခဲပင်ပန်းစွာဆောင်ရွက်နေရင်း ဘေစင်မှာ မျက်နှာသစ်ပြီး ရေစက်တွေကို သပ်ချ၍ငြိမ်မော့လိုက်လျှင် …၊

“ရှေ့ ..”

မှန်ထဲမှာ အပါ …၊

မှန်ထဲမှာပဲ မျက်လုံးချင်းဆုံသွားမိကာ မင်းမင်း ခြေလှမ်းရွှေ့လိုက်သလို အပါ ကလည်း သူမဘေးကိုရောက်လာပြီး …၊

“ဒါက ပဝါပေမယ့် ဂွမ်းကပ်လေးပဲ ရေလည်းစုပ်တယ် နူးညံ့တယ် ..”

ယုန်နုရောင် လက်ကိုင်ပဝါသာသာ ပဝါလေးတစ်ထည်ကို ကမ်းပေးသည်။ မင်းမင်း ပဝါ နဲ့ သူ့ကို မျက်မှောင်ကုတ်ကြည့်ကာ ဘာစကားမှ [illegible]ဘဲ ကွေ့ရှောင်ထွက်သည်။

“မ ..”

အပါ က သူမရှေ့မှာ ပိတ်ကွယ်ထားပြီးဖြစ်လျက် …၊

“ဒါ ဆေးပဝါလေးပါ .. ဝေဒ ကြိမ်းဝါးနေတာတွေကြားတော့ မ ကို ဒီလိုတွေမြင်ရတော့မယ်ဆိုတာ ကျွန်တော် တွက်မိတယ် ..”

www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်ကြည်တို့ဖြင့် လက်ခနဲကြည့်လာသော မျက်ဝန်းလေးတွေက သူ့ကို ခုပဲ ဟားတိုက်လှောင်ရယ်တော့မလိုလို၊ မျက်နှာကို ဖြောင်းခနဲ ရိုက်ပစ်လိုက်တော့မလိုလို ...။

"ဆေးပဝါ ဟုတ်လား ... မင်း ငါ့ကို ဒဏ်ရာတွေသက်သာအောင် လုပ်ပေးနေမယ့်အစား ဒီဒဏ်ရာတွေ မဖြစ်အောင် ကူညီရမှာ ..."

"ကျွန်တော် 'မ' ကို ကူညီမလို့လာတာ ..."

"ကျားက သတ်သတ်လွတ်စားတယ်တဲ့လား ..."

တင်းခနဲဖြစ်သွားသည့်မျက်နှာကိုစိုက်ကြည့်၍ မင်းမင်း အံကြိတ်သည်။ အံကြိတ်မိလို့ နာကျင်သွားသည့် မေးရိုးတစ်လျှောက်က လူကို ရိုက်ပုတ်သတိပေးနေသလိုရှိခဲ့ရင်း ...၊

"မင်းကိုထားပြီး သူဌေးနောက်လိုက်သွားတဲ့ မိန်းမဆိုတော့ ဒီမိန်းမ ဘယ်လိုဖြစ်နေသလဲ မင်း အားပါးတရကြည့်ချင်မှာပေါ့ ..."

"'မ' ..."

"မင်း ငါ့ကို ဘယ်လိုနည်းနဲ့ ဂလဲ့စားချေချင်သလဲ ..."

"ခင်ဗျား ဘာတွေလျှောက်ပြောနေတာလဲ ..."

"မင်းရှေ့မှာ သွေးထွက်သံယိုရိုက်ခံရပြီး ဗုန်းဗုန်းလဲကျသွားတဲ့အထိလား ..."

အပါ အသံတိတ်သွားကာ မေးရိုးနှစ်ဖက်တင်းခနဲဖြစ်သွား၏။

"ဒါမှမဟုတ် မင်း သိပ်လှတဲ့မိန်းမကို ခုကောက်ယူရင် ခုရတယ်ဆိုတာ သက်သေပြဖို့ နှစ်ယောက်တွဲလာပြတာလား ..."

'ပြောချင်သလို ပြောစမ်း' ဆိုသည့်အကြည့်တို့နှင့် အပါ က စူးစူးရဲရဲကြည့်၍ တိတ်ဆိတ်နေသည်။

"မင်း အဲဒါတွေနဲ့ တုံ့ပြန်ချင်တာဆိုရင် အလကားပဲ အပါ ..."

မင်းမင်း မျက်ဝန်းမှာ မျက်ရည်တို့ပြည့်ပြည့်သိပ်သိပ် ဖြစ်လာခဲ့လျက် ...၊

"မင်း ဘယ်မိန်းမနဲ့ရသွားသွား ငါ စိတ်မဝင်စားဘူး၊ မင်းက ငါ့ကို



နာကျင်စေချင်တယ်ဆိုရင်လည်း မင်း ဒီထိ လာကြည့်ဖို့မလိုပါဘူး၊ မင်း ရောက်မလာခင်တည်းက ငါ့ကိုယ်ပေါ်မှာ ..."

"'မ' တော်တော့ ..."

သူ့ မျက်နှာရှေ့ ငုံ့လာကာ ပခုံးနှစ်ဖက်ကို ဖျပ်ခနဲဆုပ်ကိုင်သည်။ 'စည်း' ဆိုသောအသိကြောင့် ဒေါသက ထောင်းခနဲဖြစ်သွား၏။ ထို့ကြောင့် မျက်ချင်းပုတ်ချပစ်မိသည်။

သို့သော် သူမ ဒေါသနှင့် မော့ကြည့်မိချိန်မှာ အပါ့ မျက်ဝန်းထဲက မျက်ရည်စတို့ကို မြင်လိုက်ရပြီး နီးကပ်နေသော မျက်ဝန်းတို့က သံလိုက်တွဲသို့ ဆွဲငင်သွားကြ၏။

"ခင်ဗျား တော်ပါတော့ ... ကျွန်တော် မပိုင်နိုင်တဲ့ မိန်းမကို 'ငါပိုင်တဲ့ မိန်းမ' ဆိုပြီး ငါးဖယ်လို ရိုက်နှက်အနိုင်ကျင့်နေတာတွေ ကျွန်တော် သည်းမခံနိုင်ဘူး၊ အဝေးကနေ သတင်းအဖြစ်နဲ့တောင် မကြားနိုင်တာ ဘယ်လိုစိတ်နဲ့ ထိုင်ကြည့်နေရမလဲ ..."

"ကြည့်မနေနိုင်ရင် မင်းထွက်သွားစမ်းပါ၊ မင်းနဲ့ငါက နီးနီးစပ်စပ် ရှိမနေသင့်တော့တဲ့လူတွေ ..."

တကယ်က အပါ့ ကို ဒီလိုဝေဒနာဆိုးကြီးဝင်ရောက်နှိပ်စက်ခံနေရသည့် ရောဂါသည်အဖြစ် မျက်စိအောက်မှာ ကြည့်မနေနိုင်ရက်သော သံယောဇဉ်ပဲဖြစ်သည်။

သူနဲ့ကိုယ် တစ်ယောက်နဲ့တစ်ယောက် ကံမဆုံလို့ လွဲခဲ့ကြသည်။ တစ်ယောက်တစ်လမ်း လျှောက်လှမ်းရင်းနဲ့ မေ့ပျောက်ကြဖို့သာ ရှိတော့သည် မဟုတ်ဘူးလား ...။

ဒီလိုသာ အမြဲတမ်းမြင်တွေ့နေရမည်ဆိုလျှင် ကိုယ့်ဒုက္ခကတစ်မျိုး၊ သူ့အတွက်တစ်မျိုးနဲ့ သူမရဲ့ အနာဂတ်ကို တွေးပင်မတွေးရဲတော့ပါ။

"မင်း မျက်နှာကိုမြင်နေရရင် ငါ့သောကတွေ နှစ်ဆတိုးတယ်..."

"ဘာ!..."

မယုံနိုင်သလို ပျက်ယွင်းသွားသည့် မျက်နှာကရှေ့ မျက်ဝန်းတွေ

www.burmeseclassic.com

www.burmeseclassic.com



ကို တခြားလွှဲပစ်မိ၏။

ပြီးတော့ နဖူးပေါ်ပြိုဆင်းလာသည့် ဆံပင်တွေကို သိမ်းတင်ရင်း မျက်နှာမော့ဖို့ကြိုးစားမိကာ ...၊

"မင်းကိုမြင်နေလေ မင်းကို ငြီးတဲ့လူက မင်းနဲ့ပတ်သက်ခဲ့ဖူးတဲ့ ငါ့ကို .."

" 'မ' သူ့ကိုကြောက်နေဖို့မလိုပါဘူး၊ သူနဲ့ 'မ' တို့ကြားက ကိစ္စတွေမှာ ကျွန်တော်ပါဝင်ဖြေရှင်းခွင့်မရှိပေမယ့် 'မ' က ဆုံးဖြတ်မယ်ဆိုရင် မရနိုင်တာ ဘာမှမရှိဘူး၊ 'မ' ဒီမှာ မနေပါနဲ့တော့ .."

"ဘာပြောတယ် .."

"ကျွန်တော် 'မ' ကို သိပ်ချစ်တယ်၊ ချစ်ခဲ့တယ် .. ခုထိ ချစ်နေဆဲပဲ၊ နောက်လည်း 'မ' ကလွဲပြီး ဘယ်မိန်းမကိုမှ .."

"နေပါဝါ .."

"အပါ လို့ပဲခေါ်ပါ၊ 'မ' ကို ကျွန်တော် ဘယ်လောက်ချစ်နေနေ ခုပြောတဲ့စကားတွေက စေတနာသက်သက်ပါ၊ 'မ' သူ့လက်ထဲက အလွတ်ရုန်းထွက်ပြီးရင် ဘယ်ကိုပဲသွားသွား ဘာပဲလုပ်လုပ် စိမ်းချမ်းသာသာလို့နေ၊ ဒီမှာ ဖြစ်လာမယ့်ပြဿနာမှန်သမျှ ကျွန်တော် ရှင်းနိုင်တယ် .."

"သြော် .. တကယ့် ကျေးဇူးရှင်ကြီးပဲ၊ ဟွန်း .. ငါ့ဘဝမှာ ကျေးဇူးတွေ ယုံကြည်အထင်ကြီးမှုတွေကြောင့် နစ်နစ်ခဲ့ပြီးပြီ၊ မင်းကထပ်ပြီး ကျေးဇူးရှင် ဖြစ်ချင်ပြန်ပြီပေါ့ .."

"မဟုတ်ဘူး .. 'မ' ကို ကျွန်တော် မျှော်လင့်ပြီး ပြောနေတာမဟုတ်ဘူး၊ ကျွန်တော့်ကို အဲဒီလို မထင်စေချင်လို့ပဲ မင်းမင်းသော် နဲ့အတူ ဒီကိုလာခဲ့တာ၊ ကျွန်တော်တို့က တစ်ယောက်တစ်နေရာစီ သတ်မှတ်ရပ်တည်ပြီးပြီပဲ၊ မယုံသင်္ကာစကားတွေနဲ့ ကျွန်တော့်ကိုထပ်ပြီး မစော်ပေါက်ပါနဲ့ .."

"မင်း ငါ့ရှေ့က ထွက်သွားတော့ အပါ၊ စေတနာရော ဝေဒနာတွေရော မင်းဆီက ငါ ဘာမှမလိုဘူး၊ မင်းဆီက မလိုချင်လို့ ငါကိုယ်တိုင်



ရွေးချယ်ယူခဲ့တာ မင်းနားလည်ပါတယ်၊ အဲဒီတော့ ငရဲပန်းကို ရွှေပန်းထင်ပြီး လည်မှာဆွဲတဲ့မိန်းမ ငါ့ ဆုံးဖြတ်ချက်အတွက် မင်းကြည့်ပြီး သနားနေစရာမလိုဘူး .."

"မရဘူး .. လုံးဝမရဘူး .. ခင်ဗျား ဒီကောင့်လက်ထဲမှာ မနေရဘူး"

"ဘာလဲ .. ဒါ မင်းတို့ရဲ့ ကစားပွဲတစ်ခုလား၊ ဒီပွဲမှာ ငါထွက်သွားမှ မင်းနိုင်မှာလား .."

" 'မ' .."

"မင်းရယ် သူရယ် ငါရယ် ဒီပွဲဘယ်မှာစခဲ့ပြီး ဘယ်မှာဆုံးမယ်ဆိုတာ မသိပေမယ့် လမ်းခွဲတစ်ခုဟာ လမ်းဆုံးမဟုတ်ဘူးဆိုတာတော့ နားလည်ရမယ်၊ အဲ့ဒီတော့ ရပ်နေဖို့မကြိုးစားနဲ့၊ ဒီလမ်းခွဲကနေ ဘယ်ဆက်သွားရမလဲ မသိသေးရင်တောင် နောက်ကျန်နေခဲ့တဲ့ မင်းရဲ့ ခြေထောက်တစ်ဖက်ကို အရင်ပြန်ရုတ်လိုက် .."

"အဲ့ဒီခြေထောက်တစ်ဖက်က 'မ' ခြေမကျွံအောင် ဖြတ်ခံပေးထားတာဆိုရင် ကျွန်တော် အဲ့ဒီလမ်းခွဲမှာပဲ ခဲကျောက်ရုပ်ဖြစ်သွားပါစေ ဘယ်တော့မှ ပြန်မရုတ်ဘူး .."

အမြဲတမ်းကြားနေကျအတိုင်း ဂျစ်ကန်ကန်တဇွတ်ထိုးနိုင်လွန်းသည့် အပါ့ လေသံတွေက မပြောင်းလဲပေ ...။

မင်းမင်း မျက်ရည်တွေ ဝေ့ခနဲ ပြေးတက်လာ၏။ သူ့ မမြင်အောင် ဘေးဖက်လွှဲပစ်မိကာ ...၊

"လုပ်ပေါ့ .. ငါ့မျက်နှာတစ်ခြမ်းအကောင်းတိုင်း ကျန်သေးတယ်၊ မင်း တွေ့နပ်သွားမှာပါ .."

" 'မ' .."

"အပါ .. မင်း လက်ကို ခု လွှတ်လိုက်စမ်း .."

ထွက်သွားမှာစိုးကာ ဖျပ်ခနဲလှမ်းဆွဲလိုက်သည့်လက်က ရုတ်ချည်းပြန်တွန့်သွား၏။ ဒါပေမယ့် သူမသောမှာ ထိကပ်မတော် တိုးကပ်သည်း ...၊

www.burmeseclassic.com

www.burmeseclassic.com



" 'မ' ဒီကနေ ထွက်မသွားမချင်း ကျွန်တော် ဘယ်ကိုမှမသွားဘူး"

တမင် မုန်းတီးနာကျင်သွားအောင်ပြောလည်း ဂရုမစိုက်သည့် မျက်နှာကို ဒေါသတွေအပိုဆောင်း၍ ကြည့်လိုက်မိသည်။ သို့သော် မျက်ရည်တို့ ဖိတ်ဖိတ်စင်စင် ဖြာဆင်းသွားခဲ့သော သူမ မျက်နှာလေးက ဒေါသရိပ်တို့ မထင်ခဲ့ဘဲ ..။

"မ .."

အပေါ့် စိတ်တွေ ထိုမျက်ရည်လူးသော မျက်နှာလေးကြောင့် မျိုသိပ်မနိုင်သော ဒေါသတို့နှင့် ပေါက်ကွဲမတတ်ရှိခဲ့လျက် ..၊

" 'မ' ကျွန်တော့်ကို ဘယ်လိုစကားလုံးတွေနဲ့ ပစ်ပေါက်ပုတ်ခတ်ပါစေ ဘယ်လိုပဲ ထင်ထင် ဂရုမစိုက်ဘူး၊ 'မ' ဒီက မသွားသရွေ့ ကျွန်တော်လည်း ဒီမှာပဲရှိနေမယ်၊ 'မ' ကို ဒီကောင် ဒုက္ခပေးရင် သူ့ကိုလည်း ကျွန်တော် ပြန်ပေးမှာပဲ၊ အဲဒီတော့ 'မ' ကြိုက်သလို ဆုံးဖြတ် .."

ပြောပြီး သူပဲ ချာခနဲလှည့်ထွက်သွားသည်။ မင်းမင်း မျက်ရည်တွေကို မျက်တောင်များနှင့် ဖိပိတ်ဖြိုချရင်း ကြိတ်၍ ရှိုက်မိ၏။

ဘောစင်ကို နောက်ပြန်မှီ၍ လက်ထောက်လိုက်မိလျှင် အပေါ တင်ထားသည့် ပဝါစလေးကို လက်နဲ့ ထိမိသွားသည်။ ပန်းရောင်လေးကို ငုံ့ကြည့်မိရင်း အတိတ်က ကိုယ့်ရှေ့ရောက်လာသလိုလို ..၊

" 'မ' က ပန်းရောင်လေးဝတ်ထားရင် အရမ်းလှတယ်၊ ပါးလေးတွေ နှုတ်ခမ်းသားလေးတွေက ပိုရဲသွားလို့လေ၊ အဖြူရောင်လေးနဲ့ကျတော့ အဖြူရောင်နှင်းဆီလေးရဲ့ အလယ်ဝတ်ဆံရွေလေးလို နည်းနည်းဖျော့ပေမယ့် ပန်းရောင်လေးပဲ၊ 'မ' ရော ပန်းရောင်ကြိုက်လားဟင်-

"သွားပါကွာ .. တို့ကြိုက်တာတွေ လိုက်စုံစမ်းထားပြီး အကြိုက်လိုက်ပြောနေတာ .."

"ဟုတ်လား .. အဲ့ဒီလိုထင်သွားလောက်အောင် အတိအကျမှန်သွားတာလား၊ ကြိုက်သလိုထင်လေ 'မ' ကြိုက်သွားအောင် ကျွန်တော်ပြောနိုင်တယ်ဆို ပြီးတာပဲ .."



ဒီကောင်လေး ဘယ်လိုနေနေ ချောသည်။ မိန်းကလေးတိုင်း သတိထားမိအောင် ဆွဲဆောင်မှုရှိတဲ့ အရယ်အပြုံးတွေနဲ့ နေပါဝါ ဆိုတာ ဆောင်းမင်းသမီး ရဲ့ ချစ်သူ ..။

မျက်နှာချင်းဆိုင်ပြီဆို ချစ်တာခင်တာတွေ သိပ်မပြောဖြစ်ပေမယ့် မင်းမင်း အပေါ့် ကို ချစ်သည်။ ကိုယ့်ထက်အသက်ငယ်နေလို့ စိုးရိမ်စိတ်တွေဖြစ်နေလျက်နှင့် သည်းသည်းလှုပ်ချစ်လေသည်။

ဒါပေမယ့် သူမက ခံစားချက်ကို လျှို့ဝှက်တတ်သူဖြစ်သည့် အတိုင်း ..၊

"အရင်က ပန်းရောင်ကိုမကြိုက်ဘူး အခု ပန်းရောင်နဲ့ 'မ' က တစ်သားတည်းဖြစ်နေလို့ ကြိုက်သွားတာ၊ 'မ' က ပန်းနုရောင်ဝတ်ဆံမှုန်လေးတွေလိုပဲ .." တဲ့ ..။

ကိုင်ထားသည့် ပန်းနုရောင် ပဝါစလေးကို နာကျင်နေသည့်ဝါးပြင်မှာ ကပ်လိုက်တော့ နွေးအိမွှေးပျံ့သော ထိတွေ့မှုက ချော့မော့နှစ်သိမ့်နေသော လက်တစ်စုံကဲ့သို့ ..။

သတိမရချင်တာတွေကို သတိရလာသည်။

မလွမ်းသင့်တာတွေကို လွမ်းမိခဲ့၏။

တတ်နိုင်လျှင် သူမ မေ့ပျောက်သွားချင်ပါသည်။

အပေါ နှင့် ပတ်သက်ခဲ့သမျှ အတိတ်က အရာရာအားလုံး ..၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၄)

မိုးချုပ်နေပြီမို့လို့ စိတ်က ရှေ့ကြောင်းအတွက်ပူနေရင်း နောက်ကြောင်းမအေးနိုင်တာလည်းရှိစဉ် မသိမသာ ပြန်ငဲ့ကြည့်လိုက်တိုင်း နောက်မှာ တစိုက်မတ်မတ်ပါနေသည့် တစ်ယောက်ကို သတိထားမိလာသည်။

လမ်းဘေးမီးတိုင်တွေက လင်းလင်းချင်းချင်းရှိပေမယ့် မီးရောင်နဲ့ဝေးသွားသည့်စပ်ကြားမှာ အလင်းအားနည်းသွားသလို သစ်ပင်ရိပ်တစ်ချို့ကြောင့် မှောင်ရိပ်ကျသွားတဲ့ နေရာတွေလည်းရှိသည်။

ဘောင်းဘီရှည်အနက် ရှပ်အင်္ကျီအဖြူရောင်လက်တိုမှာ ရင်ဘက်တစ်ခြမ်းက ခပ်ကြောင်ကြောင် ဒီဇိုင်းဖော်ထားသည့် အနက်လိုလို အစင်းကြောင်းတွေကိုလည်း မြင်ရသည်။

မှောင်သွားသည့်အခါ သူ့အင်္ကျီအဖြူက ထင်းနေသလို၊ အရပ်မြင့်မြင့် ဝါးလျားသောပုံစံက လမ်းလျှောက်ပုံလည်း ကြည့်ကောင်း၏။

လူပုံစံအရ အကဲခတ်လို့မရနိုင်ပေမယ့် မိန်းမတစ်ယောက်ကို အောက်တန်းကျကျ တွဲပြန်ဆက်ဆံမည့်ပုံ မဖြစ်နိုင်ဟု တွေးမိကာ မင်းမင်း



ခြေလှမ်းတွေကို ရပ်ပစ်လိုက်သည်။

ဒီလောက်ထိ အကြာကြီး တောက်လျှောက်လိုက်နေတာက တိုက်ဆိုင်တာဖြစ်နိုင်ရင်တောင် နှစ်ရက်ရှိပြီမို့ ဒီသံသယကို ဆက်၍ မျိုသိပ်မထားနိုင်တော့ပေ။

"ဆက် မသွားဘူးလား .."

ကြည့်စမ်း ..၊

သူက မင်းမင်း ဘေးနားထိလျှောက်လာပြီး ဘေးဘီကိုလှည့်ပတ်ကြည့်၍ မေးခွန်းထုတ်နေသေးသည်။

"ဒီနေရာမှာ ဘာရှိလို့လဲ .."

"မင်းပဲ ရှေ့ဆက်သွားဖို့လိုတာ ဒီမှာရပ်ပြီး ဘာလုပ်တာလဲ .."

မျက်နှာချင်းဆိုင်ဖြစ်ကြမှ ယောကျ်ားပီသစွာ ပေါ်လွင်နေသော နှာတံနှင့် အထူအပါးညီ၍ ထောင့်ချိုးတို့ပေါ်နေအောင် ပုံကျသော နှုတ်ခမ်းတို့ကို သေချာကြည့်မိသည်။

သူက အလင်းရောင်ပိုသောဘက်ကို မျက်နှာမူထားကာ မင်းမင်းဘက်က မှောင်ရိပ်များနေသဖြင့် မျက်နှာကို ထပ်ငုံ့ပြီး သေချာစိုက်ကြည့်၏။

"ကျွန်တော့်ကို မေးနေတာလား .."

"ဘာ!..."

"ရှေ့ဆက်သွားခိုင်းနေတာလားလို့ .."

"ဟုတ်တယ် .."

"အဲ့ဒါက ဒေါ်ဆောင်းမှင်းသမီး ရှေ့ဆက်မသွားဘဲ ဘာဖြစ်လို့ ဒီမှာရပ်နေလိုက်တာလဲဆိုတာနဲ့ ဆိုင်တယ် .."

"ငါ့ဟာငါ ဘာဖြစ်လို့ပဲရပ်နေနေ မင်းနဲ့ ဘာဆိုင်လဲ၊ နေဝါဦး မင်းက ငါ့နာမည်ကို ဘာဖြစ်လို့သိနေတာလဲ၊ မင်း ငါ့နောက်ကို တမင်လိုက်နေတာပေါ့ ဟုတ်လား .."

"ဟုတ်တယ် .. ညဘက်ကြီး ညတိုင်းထွက်နေတော့ အန္တရာယ်

www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ရာရှိနိုင်လို့ပါ၊ ဘာဖြစ်လို့လဲ ... နောက်ကလိုက်နေပေးတာ မရဘူးလား ..."

"မင်းကို ဘယ်သူက အားကိုးသမှုပြုနေလို့လဲ၊ ငါ့ကိစ္စနဲ့ ငါ ဘယ်သွားသွား ဘယ်အချိန်ဖြစ်ဖြစ် ..."

"ဒါကတော့ ကိုယ်က ပရိုပိုဇ်လုပ်ဖို့ရည်ရွယ်ထားရင် အဲ့ဒီမိန်းကလေး အတွက် လုံခြုံမှုပေးဖို့က ကိုယ့်တာဝန်ပဲ ..."

"ဘာပြောတယ် ..."

စကားပြောတာရဲတင်းလွန်းသည်။ စကားလုံး အညစ်အနွမ်းတွေ မပါပေမယ့် ဒီလောက်ထိ ရဲတင်းနေခြင်းကြောင့် ချောမောသည်ထင်ခဲ့သော မျက်နှာကတောင် ကြည့်ရဆိုးသွားခဲ့၏။

"ဒီမှာ မင်းဘယ်သူလဲ ..."

"ကျွန်တော်က နေပါဝါ ..."

"ဘာ ပါဝါ ပဲဖြစ်ဖြစ် ငါ့အတွက်မလိုဘူး၊ မင်းသိထားဖို့က ..."

"လိုပါတယ် ... နေရောင်က ဆောင်းသဘာဝရဲ့အလှပဲ၊ 'မ' နဲ့ ကျွန်တော့်လောက်လိုက်ဖက်တာ မရှိဘူး ..."

"မင်း တော်တော် ရဲတင်းပါလား၊ တော်တော်လည်း သမ္မာရင့်နေပုံပဲ ..."

"ရဲတာကတော့ အစောကြီးတည်းက စွန့်စားဖို့ အရဲစွန့်ထားရတာပါ၊ သမ္မာတော့ မရင့်ပါဘူး၊ ရည်းစားထားဖူးပေမယ့် ကျွန်တော် ရည်ရွယ်ခဲ့တာ တစ်ယောက်ပဲ ... အဲ့ဒါက ..."

"မင်း ငါ့ကို နောက်ထပ်မနှောင့်ယှက်ပါနဲ့ ... မိန်းမပိုးနည်းတွေ အဆန်းဘယ်လောက်ပဲထွင်နေနေ ငါက ရည်းစားထားဖို့ဘယ်တော့မှ စိတ်မဝင်စားတဲ့သူ ..."

"ဟား ... ဒီလောက် လမ်းဟောင်းကြီးသုံးထားတာကို ထင်ရက်တယ်၊ မိန်းမနောက်တကောက်ကောက်လိုက်ပြီး ရည်းစားစကားပြောဖို့ ကြိုးစားတာ ဒီခေတ်မှာ မရှိတော့ဘူး ..."



ပါဝါ က စိတ်ပျက်သလိုညည်းပေမယ့် တက်ကြွစွာရှေ့တိုးလာကာ ...၊

"ကိုယ့်ကို စိတ်ဝင်စားလာအောင် ကြိုးစားယူတဲ့နည်းတွေ တစ်ပုံကြီးပဲရှိတယ် ခင်ဗျားသိလား ..."

ရည်းစားစကားပြောဖို့ကြိုးစားတဲ့ ယောက်ျားလေးတစ်ယောက်ရဲ့ နှုတ်ဖျားက နူးညံ့စွာထွက်လာတဲ့ ပထမဆုံးသော သုံးစွဲခေါ်ဝေါ်တဲ့ နာမ်စားက 'ခင်ဗျား' ...၊

နားထဲမှာ ဘယ်လိုကနဲ့လန့်ကြီးဖြတ်သန်းသွားလိုက်မှန်း မသိ...၊

"ဒါပေမယ့် အဲ့ဒါတွေက ကိုယ့်ကို စိတ်ဝင်စားအောင် ကိုယ်ကဆွဲဆောင်ရတဲ့နည်းတွေ၊ လိုရင်းက ကောင်မလေး ကိုယ့်ကို မီးစိမ်းပြလာရင် ပြီးပြီ ..."

"ဘာပြီးတာလဲ ..."

မင်းမင်း စိတ်ဝင်တစားမေးလိုက်တော့ ပါဝါ က ပြုံးလိုက်ပြီး ...၊

"ဘာမှ ရှေ့ဆက်ချင်စိတ် မပြင်းပြတော့ဘဲ ငါရပြီဆိုတဲ့ ရည်းစားဖြစ်ကြရေး ကြိုးပမ်းမှု ..."

"ဩော် ..."

"အခု အဲဒီလိုမဟုတ်ဘူး ..."

သူ့ကို စိတ်ပျက်ရွံရှာသလိုကြည့်၍ မဲ့ရွဲ့ 'ဩော်' လိုက်တာကိုလည်း ပါဝါ က မသိသလိုနေကာ ...၊

"'မ' ကို ကျွန်တော်က စိတ်ဝင်စားတာ၊ ကျွန်တော့်ကို ပြန်စိတ်ဝင်စားဖို့ထက် 'မ' ဘယ်လိုမိန်းမမျိုးလဲဆိုတာ တကောက်ကောက်လိုက်ကြည့်ချင်တာ၊ 'မ' ကိုပဲသိချင်နေတာ၊ 'မ' ကြိုက်တာ၊ 'မ' ဘာကို အစဉ်တစိုက်လုပ်တတ်တာ၊ 'မ' ဘယ်လိုအရာကို ဂရုစိုက်ပြီး 'မ' ဂရုမစိုက်တာဘယ်လိုဟာမျိုးလဲ ... ပြီးတော့ ..."

"နေပါဝါ ..."

"အိုခေ ... ဒီလောက်ဆို အဆင်ပြေတယ် ..."

www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောလိုက်တယ် …"

" 'မ' ကျွန်တော့်နာမည်ကို အသိအမှတ်ပြုသွားပြီလေ၊ အဲ့ဒါ… ပွန်း …"

သူက ပခုံးတွန့်ရယ်သည်။ ပြောနေတဲ့စကားတွေက လေးနက်တာ တစ်ခွန်းမှ မပါ။ အမူအရာတွေက ပေါ့ပျက်ပျက်နှင့် 'မ' ဖြစ်လိုက် 'ခင်ဗျား' ဖြစ်လိုက်နှင့် ပါဝါ ကို တော်တော်လေး မြင်ပြင်းကပ်လာမိ၏။

ရည်းစားတွေ ဘယ်လောက်ထိ မှိုလိုပေါက်အောင်ထားခဲ့ပြီး မိန်းမ ကျမ်းကျေနေသလဲဆိုတာ မြင်တာနှင့် သိသာနေသဖြင့် စကားပြောနေမိ တာလည်း နောင်တရမိသည်။

ထို့ကြောင့် နေရာမှ လှည့်ထွက်လာခဲ့သည်။ သူကလည်း တစ်ခွန်း မှ မခေါ် … တားဆီးမှုလည်း မပြုဘဲ ဒီတိုင်းဆက်လက်လိုက်ပါလေသည်။

ဒါဟာ နေပါဝါ ဆိုသည့် လူတစ်ယောက်နှင့် စတင်ဆုံစည်းခဲ့ခြင်း လမ်းခွဲ နိဒါန်း …၊



## အခန်း (၁၅)

"အထည်ချုပ်စက်ရုံလို စုတ်စုတ်ပြတ်ပြတ်နေရာမှာ မန်နေဂျာ လုပ်ရတော့ ဘယ်လိုဂုဏ်ရှိန်ဝါတွေ ရလာမှာမို့လို့လဲ မမ …၊ နွေ က နိုင်ငံခြားနဲ့ မြန်မာနိုင်ငံကို အိမ်ဦးနဲ့ကြမ်းပြင်လို သွားနေတဲ့ မိန်းမ …"

"အိမ်ဦးနဲ့ ကြမ်းပြင်လိုသွားပြီး ဘာလုပ်ငန်းကြီးတွေလုပ်နေတာ မို့လို့လဲ၊ နင့်မှာ ဘာစီးပွားရှိသလဲ၊ အလုပ်လုပ်နေတဲ့ မိတ်ဆွေသူငယ်ချင်း နဲ့ ကပ်လိုက်နေတာတွေကို အသားလွတ် ဘဝမြင့်မနေနဲ့ နွေ …၊ လူတစ် ယောက်မှာ ဘွဲ့တစ်ခုရထားရုံနဲ့ …"

"ဟုတ်တယ် … အိမ်ထောင်ဖက်ကောင်းမရှိဘဲ မိန်းမတစ်ယောက် ရဲ့ ဘဝက မတင့်တယ်နိုင်ဘူး …"

"ကျွတ် …"

အမိုသဟဲတစ်ခုကိုပဲ စွဲလမ်းမျှော်လင့်နေသည့် အယူလွဲခြင်းတို့ ညီမဖြစ်သူခေါင်းထဲက ဘယ်လိုဆွဲထုတ်ပစ်ရမှန်း မသိတော့ပါ။

အပျိုဖော်ဝင်စတည်းက သူဌေးသားကိုပဲကြိုက်မည်၊ ရည်းစားဦး ဆိုလည်း သူဌေးသားဖြစ်မှ မိန်းကလေးတစ်ယောက်အတွက် ဈေးဦးပေါက်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းမည်လို့ ထုတ်ဖော်ရေရွတ်ခဲ့တာတွေလည်းရှိ၏။

ပြီးတော့ မိဘအိမ်က မထည်ဝါလို့၊ မိခင်ဖြစ်သူက စိတ်ဝေဒနာဖြစ်နေလို့ စသဖြင့်သော အကြောင်းပြချက်တို့ဖြင့် သူမလေးက အဆောင်မှာသွားနေသည်။

အဆောင်က သူငယ်ချင်းတွေဆီ အလည်သွားလိုက်၊ ဟိုမှာ အိပ်မယ်ဖြစ်လိုက်နှင့် နောက်တော့ အဆောင်မှာ နေပါရစေဖြစ်လာခဲ့၏။

မိဘနှစ်ပါးစလုံးရှိတုန်းကတော့ မေမေက စိတ်ဝေဒနာစွဲကပ်လာခဲ့ပေမယ့် ဖေဖေက ကျန်းမာနေသေးသည်။ မေမေ့ကျန်းမာရေးအတွက် သားအဖနှစ်ယောက်ပဲ လုံးပမ်းနေရကာ နွေ မှူဆာသမျှ ဖြည့်ဆည်းပေးလိုက်ခြင်းဖြင့် လောလောဆယ် နားပူတာကို ဖြေရှင်းပစ်ခဲ့၏။

ဒီလိုနှင့် အငယ်ပီပီ ဆိုးနွဲ့တတ်ခြင်းက အခွင့်အရေးတွေ ယူတတ်လာ၏။ လိုချင်တာဆိုမရမနေ တောင်းဆိုတတ်လာသည်အထိ ဖြစ်ခဲ့သည်။ မေမေဆုံးသွားတော့ သိပ်မကြာမီ အာရုံကြောထိနိုက်မိပြီး ဖေဖေ့ မျက်လုံးတွေ အမြင်ဝိုးတဝါးဖြစ်လာခဲ့သည်။ အလင်းရောင်စူးစူးနှင့် အမှောင်ကိုသိသည်။ လှုပ်ရှားနေသည့် ပုံရိပ်တွေကိုလည်း သိသည်။ ထို့ပြင် အရောင်တောက်တောက် ရင့်ရင့်တွေကို မြင်ရသေး၏။ ဒါပေမယ့် ဘာမှ မလုပ်နိုင်မကိုင်နိုင်တော့ဘဲ ယိမ်းယိုင်လာခဲ့သည့် စီးပွားရေးက တစ်စစ ဆိုးရွားခဲ့၏။

အိမ်မှာ မပြည့်စုံလေ နွေ က သူမဆန္ဒကိုပဲ အကောင်အထည်ဖော်ဖို့ ကြိုးစားလေ ...။

"မမက အဖြစ်မရှိပေမယ့် နွေ က မမအတွက်ပါ ထည့်စဉ်းစားထားတာနော်၊ နွေ သူဌေးသားနဲ့ညားရင် အဲ့ဒီအသိုင်းအဝိုင်းတွေ မမနဲ့ နီးစပ်လာမှာပဲ၊ အေးဆေးနေစမ်းပါ၊ နွေ့ လို ညီမမျိုးရထားတာ ဂုဏ်ယူလိုက်ဦး ..." တဲ့ ...။

အိမ်မှာ တန်ဖိုးကြီးပစ္စည်းဆို သူမဘာသာ ထုတ်ယူသွားပြီး အပြီးရောင်းပစ်သည်။ ပြီးတော့ သူမ အလှအပအတွက် ကိုယ့်ဘဝနဲ့ အလှမ်း



ကွာသော အလှပြင်ပစ္စည်းတွေ အသုံးအဆောင်တွေကိုဝယ်၏။

"နင် ငါမသိဘဲ ဘာဖြစ်လို့ ရောင်းထုတ်ပစ်လိုက်တာလဲ နွေ၊ အိမ်ထောင်ပရိဘောဂကတောင်မှ နင် ချမ်းသာမပေးတော့ဘူး၊ 'အပြင်ထွက်ရင် အဝတ်စားနဲ့ခြောက်၊ လူလာရင် အိမ်နဲ့ခြောက်' တဲ့ ..."

"အိမ်ကို ဘယ်သူလာမှာမို့လို့လဲ .. အပြင်ထွက်ရင် အဝတ်အစားနဲ့ ခြောက်ဖို့အတွက် ဝင်ဆံ့အောင် ဝယ်ဝတ်ရမှာလေ၊ ပန်းခင်းထဲသွားမှ ပန်းရနံ့ရမှာ၊ ချေးအိမ်သာနားမှာနေရင်တော့ ချေးနံ့နံမှာပဲ၊ နွေ ဒီလို ပတ်ဝန်းကျင်မှာ ကိုယ့်ဘဝကို မြှုပ်နှံမထားနိုင်ဘူး ..."

"နင့်ကို ဒီပတ်ဝန်းကျင်မှာပဲ မွေးလာတာ နွေ၊ ရိုးရိုးကျင့် မြင့်မြင့်ကြံဆို တော်ပြီပေါ့ ..."

"ရိုးရိုးကျင့်နေရင် မြင့်မြင့်ကို မရောက်ဘူး ..."

သူမက ဤသို့သော စကားနှင့် ထင်ရာစိုင်းချင်ခဲ့၏။

"ငှက်ချေးပါလို့ ဘယ်အရပ်မှာပဲ သွားပေါက်နေနေ ညောင်ဖေ့က ညောင်ပင်ပဲပေါက်လာမှာ၊ နင် ဘာဖြစ်လို့ ဒီလောက်တောင် အခြေလွှတ်စကားတွေ ပြောနေတာလဲ ..."

"မမရယ် .. ညောင်ပင်တိုင်းရော ကိုးကွယ်ခံရလို့လား၊ တစ်ချို့က ထင်းခြောက်ချိုးပြီး မီးမွှေးပစ်သေးတယ်၊ ညောင်ပင်ဆို ဘယ်ညောင်ပင်ဖြစ်ဖြစ် အရွက်ခြောက်ကိုတောင် မီးပုံမရှို့ဘဲ လေးစားကိုးကွယ်ချင်တဲ့ လူတွေလည်းရှိတာပဲ၊ အဲ့ဒါကို ညောင်ပင်ချင်းအတူတူပဲလို့ ပြောလို့ရလား၊ ရှင်သန်ရာပတ်ဝန်းကျင်က စကားပြောလာတာပဲ ..."

သမီးတွေ စကားများနေကြတာ ကြားကာ လူမမာခများ တစ်နေ့မှ စိတ်အေးချမ်းသာ နေရတယ်ဆိုတာ မရှိ ...။ နောက်ဆုံးမှာ ဖေဖေ့ ကျန်းမာရေးကြောင့် သူမရသည့်လစာနဲ့လည်း မလောက်ငတော့သဖြင့် အချိန်ပိုအလုပ်လုပ်ခဲ့ရတာလည်း မကျုကယ်နိုင် ...။

ဖေဖေ ဆုံးသွားတော့ အိမ်နဲ့ ခြံကို ရောင်းလိုက်ရကာ သေးမှာ ဆယ့်ငါးပေပိုနေသော မြေကွက်လေးမှာပဲ အိမ်လေးထပ်ဆောက်နေရ၏။

www.burmeseclassic.com

www.burmeseclassic.com



အစတည်းက အိမ်စုတ်ပါတယ်ပြောနေသည့် နွေ ကတော့ အိမ်ကို တစ်ခါတစ်ရံမှသာ လာတော့သည်။

"ဟဲ့ ‥ ညည်းရဲ့ ညီမက အိမ်ထောင်ကျသွားတာလား ‥"

"ဟိုကောင်မလေးက နိုင်ငံခြားမှာပဲနေတော့တာလား ‥"

"သမီးနဲ့ ရန်ဖြစ်သွားတာလား၊ မသိပါဘူးကွယ် ‥ သမီးတို့ညီအစ်မ ချင်း အဆင်မပြေဘူးလို့ကြားလို့ပါ ‥"

စသဖြင့် ပတ်ဝန်းကျင်ကလည်း မေးလာခဲ့ကြ၏။

နေပါဝါ နဲ့ ဆုံဆည်းခဲ့သည့် နိဒါန်းမှာ နွေ က စင်ကာပူမှာ တစ်နှစ်ကျော်နေပြီး ပြန်ရောက်လာသော မကြာသေးသည့်ကာလဖြစ်၏။

ကိုယ့်ညီမပေမယ့် ညီမဖြစ်သူက သူဌေးကိုမှ ဆွေမျိုးတော်ချင်တာမို့ မင်းမင်း ရဲ့ သူငယ်ချင်း ရတနာဆိုင်ဖွင့်ထားသည့် မီးမီးလက်တို့အိမ်မှာပဲ စည်းသည်လုပ်ပြီးနေသည်။

မီးမီး ကတော့ နွေ့ အကြောင်း မင်းမင်း ကို မကြာခဏဖုန်းဆက် ပြောပြဖော်ရကာ ‥၊

"'နေတော်ဝင်' ရေမွှေးကုမ္ပဏီက သူဌေးနဲ့ ဘာတော်သလဲမသိဘူးဟ၊ ဆွေမျိုးတော်တာလည်း ဖြစ်နိုင်တယ်၊ ရှယ်ယာရှင်လည်းဖြစ်နိုင်တယ်၊ သေချာတာကတော့ ချမ်းသာတယ် ‥"

"ဘယ်သူတဲ့လဲဟင် ‥ နင့်ကို နွေ က ပြောပြတာလား ‥"

"အေး ‥ သူပြောပြတာလည်းရှိတယ်၊ ငါလည်း စုံစမ်းကြည့်သေးတယ်၊ အဲ့တစ်ယောက်ကို နွေ က ကြိုးစားနေတာ ‥"

"ဟင်၊..."

"စိတ်ကိုလျှော့ပြီး နားထောင်တော့ မင်းမင်း ရေ ‥၊ ကိုယ့်ညီမ အကြောင်းလည်း နင်သိသားနဲ့၊ အဲ့ဒါတွေကို ငါ့ထက် သန့် က ပိုတောင် သိသေးတယ်၊ ပိုသေချာတာက နွေ့ အကြောင်း နီးစပ်ရာလူတွေအားလုံး သိတယ် ‥"

"ငါပဲ မသိတာလား ‥"



"ဟုတ်တယ် ‥ နွေ က အဲဒီလူကို တောက်လျှောက်လိုက်ကပ်နေတာ နှစ်နှစ်ရှိပြီတဲ့ ‥"

"သူဌေးဖြစ်မှာပဲထင်ပြီး ကိုယ်ကျိုးနည်းကုန်မှ ဒုက္ခများတော့မယ် မီးမီး ရယ် ‥"

"ဒါတော့ နွေ က လည်တယ်ဟ၊ 'နေတော်ဝင်' သူဌေးကို သူမှန်းဘူး၊ အဲ့ဒီသူဌေးက ယရစ်နဲ့ပြိုနေတာ နာမည်ကြီးတယ်လေ၊ ဘယ်သူ့ကိုမှ လက်မထပ်ဘူး ‥"

"ဒီလူကတော့ သူ့ကို လက်ထပ်မယ်ထင်နေလို့လား ‥"

"ဒါတော့ မသိဘူး၊ သန့် ပြောပြတာကတော့ ဒီလူက မာနကြီးတယ်တဲ့၊ အရမ်းကြိုးစားတာပဲတဲ့၊ တော်ရုံမိန်းကလေးမျိုးကို အထင်ကြီးမှာမဟုတ်ဘူးတဲ့ ‥"

ဖြစ်ရလေ ‥၊

ကိုယ့်ညီမရဲ့ အနာဂတ်အတွက် ရင်လေးသွားမိသည်။

"သူ့မှာ ပိုက်ဆံကတော့ ပေါတယ်ဟ ‥၊ နင့်ကို တစ်ပြားမှ မပေးဘူးလား၊ နွေ က သူဌေးကတော်ဖြစ်ချင်တာလေးကလွဲရင် စာရိတ္တကောင်းလေးတော့ ရှိပါတယ်၊ သူ စင်ကာပူမှာ အလုပ်လုပ်ခဲ့ရတာတွေ ပြောပြတယ်၊ သူ ပိုက်ဆံရှာလာတာက သန့်ရှင်းပါတယ် ‥"

"အဲ့ဒီလိုကြားရတာ ဝမ်းသာပါတယ် မီးမီး ရယ်၊ သူ့ကိုယ်သူ ထိန်းသိမ်းတတ်တယ်ဆိုရင် ပြီးတာပါပဲ၊ ငါ့ကို ပေးလာရင်လည်း ငါ မယူဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ငါက အကြီး၊ ငယ်တဲ့လူဆီက စားပြီး သတ်ညှိုးထိုးမခံနိုင်ဘူး ‥"

"ဒါပေမယ့် သူ ဒီလိုနေတာ ပတ်ဝန်းကျင်အသိုင်းအဝိုင်းက ကြာရင် ဖယ်ကြဉ်လာလိမ့်မယ်၊ မိန်းကလေးတစ်ယောက် စောင့်ထိန်းသင့်တာတွေကိုလည်း ဂရုမစိုက်ဘူး၊ ဂါရဝစတရားလည်း မရှိဘူး၊ ဖြစ်ဖြစ် တိရစ္ဆာန်ဖြစ်ဖြစ် သတ္တဝါမှန်ရင် ပဋိသန္ဓေကနေ မွေးဖွားလာတာ အမိအမိုးကာကွယ်မှုမရှိဘဲနဲ့လည်း မရှင်သန်နိုင်ဘူး၊ မိဘကျေးဇူးကို

www.burmeseclassic.com

www.burmeseclassic.com



မဆိုထားနဲ့ ထမင်းတစ်ဆုပ်ရေတစ်မှုတ်ကို စားသောက်မိရင်တောင် ဒါက ခင်ပွန်းကြီးဆယ်ပါးမှာ တစ်ပါးပဲလေ၊ နင့်ညီမမှာ ကျေးဇူးတရားဆိုတာရော၊ ရှိသေကိုင်းရှိုင်းမှုဆိုတာရော ဘာမှမရှိဘူး မင်းမင်း .."

'စိတ်တော့ မဆိုးပါနဲ့' ဆိုပြီး ပြောပြကြတဲ့လူတွေ မနည်းပင် ..။ နောက်တော့ အားလုံးဟာ သူ့ဘုန်းသူ့ကံကြောင့် ဖြစ်လာသည်ပဲတွက်၏။

"ဘယ်သူ့အိမ်မှာပဲနေနေ နွေ့ ကို ဘယ်သူမဆို လက်ခံပါတယ်၊ အဲဒါ ငွေပဲလေ၊ ငွေသုံးနိုင်ရင် ငွေမက်တဲ့လူတွေကို တန်းစီပြီး ခေါင်းခေါက်လို့ရတယ် .."

"နင့်ကို လက်ခံထားကြတာ ငါ့သူငယ်ချင်းတွေနော် နွေ၊ နင်မေ့နေသလား၊ သူတို့က ငါ့မျက်နှာကြောင့် နင့်ကို .."

"ဘယ်သူပြောတာလဲ အဲ့ဒီလို .. ဟား .. ရယ်ချပစ်လိုက်ရင်တော့ ကမ္ဘာကြီးဟက်တက်ကွဲသွားတော့မှာပဲ၊ မမ မျက်နှာဘယ်လောက်များကြီးနေတယ်ထင်လို့လဲ၊ စိတ်ကူးတွေ့ သိပ်ရင့်နေရင် ပြန်လျှော့လိုက်စမ်းပါ၊ ဒီမှာ ငွေမျက်နှာကိုကြိုက်သလို ချို့ချဲ့ပစ်လို့ရတယ် .."

ပြောပြီး နွေ က ကိုယ့်မျက်နှာကို လက်ညှိုးလေးနဲ့ ပြန်ထောက်ပြတာ ..၊

"ဒီမှာ ငွေ မျက်နှာအကြီးကြီးတပ်ထားတာ မမ မမြင်ဘူးမို့လား၊ ဒါပေမယ့် ငွေမက်တဲ့လူတွေကတော့ မြင်တယ်၊ နွေ့ ကို သွားကြီးတွေအဖြီးသားနဲ့ လက်ခံကြိုဆိုနေကြတာ ငွေကြောင့်၊ ဆောင်းမင်းသမီးရဲ့ မျက်နှာလေးက ဟောဒီလောက် သေးသေးလေး .."

နွေ မြန်မာနိုင်ငံပြန်ရောက်လာတည်းက မျက်နှာချင်းဆိုင်မိတိုင်း ဒီစကားတွေနဲ့ပဲ မပြေလည်နိုင် ..။

"နင် အဲဒီ စောရဲနိုင် ဆိုတဲ့လူဆီ အချိန်မရွေးဝင်ထွက်သွားလာနေတာကို ရပ်တန်းက ရပ်မလား၊ ဒီကိစ္စမှာ ငါဝင်ပါရမလား၊ နင်အဲ့ဒါဖြေ .."

"နွေ နဲ့ အဆင်ပြေနေကာမှ မမက ဘာအကြောင်းနဲ့ အလန်း(မ်)



ထပေးနေတာလဲ .."

"အဲဒါ နင်ပျက်စီးမယ့်ကာလဆိုတာ သိစေချင်လို့ နွေ၊ ဒီလိုကိစ္စတွေမှာ မိန်းကလေးကမှ မဆင်ခြင်ရင် ယောက်ျားလေးက ရရင်ယူမှာပဲ"

"မမတို့ သိတာဒါပဲ၊ နွေ သိတာက ရည်းစားထားချင်တာမဟုတ်ဘူး၊ အပိုင်လိုချင်တာ၊ ကိုယ်က လိုချင်ရင် အရင်ပေးရတယ် .."

"တောက် .. ဒီလောက်တောင် အရှက်မရှိ .. ကဲဟာ .."

နွေ့ ကို တအားလွှဲရိုက်ပစ်လိုက်မိသည်။ နွေ ပုံခနဲလဲသွားပေမယ့် ချက်ချင်း ခုန်ထ၏။ မင်းမင်း ရှေ့ကို ပြေးဝင်လာတာကလည်း ဖက်သတ်တော့မယ့်အတိုင်းပင် ..။

ဒါပေမယ့် ကိုယ်ထိလက်ရောက်တော့ မတုံ့ပြန်ခဲ့ပေ ..။ မကြားဝံ့မနာသာသော အယုတ္တ ဒဿနတွေနဲ့ ပြိုင်ဆိုင်အနိုင်လုပြောခဲ့ပြီး ..၊

"ထိတွေ့ရင်းနှီးမှုရှိမှ စွဲလမ်းတာ၊ ဒါကြောင့် သူရှိရာကိုသွားမယ်၊ သူခေါ်ရင်လည်း သွားတယ်၊ စင်ကာပူမှာတည်းက သူနဲ့ နွေ ဒီတိုင်းဝတ်သက်ခဲ့တာလေ၊ ဘာထပ်ပြောရဦးမလဲ၊ ရိုးရိုးလေး ရှာဖွေစုဆောင်းနေရုံနဲ့ နွေ ဒီလောက်ထိ ချမ်းသာလာပါ့မလား .."

"သူ နင့်ကို လက်ထပ်လို့လား၊ သူ တန်ဖိုးထား ဆက်ဆံခံရတဲ့ မိန်းမတစ်ယောက် နင့်ရှေ့ရောက်လာခဲ့ရင် နင့်တန်ဖိုး ဘယ်လောက်ထိကျဆင်းနေပြီလဲဆိုတာ သူ ဆုံးဖြတ်သွားမှာပဲ၊ အဲဒီကျမှ နင် လူးလှိမ့်ကျန်ခဲ့ချင်လို့လား .."

မင်းမင်း ဒေါသတကြီး အော်ဟစ်ပြောနေမိသည်။ ထိုအချိန်က နွေ ဘယ်လောက်ထိ နာခံနေခဲ့သလဲ၊ ဘယ်လိုမျက်နှာမျိုးနဲ့ ငြိမ်သက်နေခဲ့တာလဲ ဘာကိုမှ သတိမထားမိခဲ့ ..။

"နွေ .. မိန်းမတစ်ယောက်ရဲ့ တန်ဖိုးဆိုတာကို နင် ဘယ်လောက်နားလည်သလဲ ..၊ နင့်ကိုယ်နင် ဘယ်လိုတန်ဖိုးဖြတ်လိုက်တာလဲ .."

"မသိဘူး .. နွေ နားလည်တဲ့တန်ဖိုးက သူ့ငွေကတော့ဖြစ်အောင်ကြိုးစမ်းနိုင်ခြင်းပဲ၊ အခု မမက တဲစုတ်လေးထဲမှာ နေရတယ်၊ နွေ

www.burmeseclassic.com

www.burmeseclassic.com



က ဒီလကုန်ကစပြီး ကွန်ဒိုမှာ အခိုင်းအစေနဲ့ စီးစရာကားနဲ့ နေရတော့မှာ၊ မမက ဘယ်တော့မှ ဒီထက်တိုးတက်လာဖို့ကိန်းမရှိပေမယ့် နွေ က ဖက်စပ်ကုမ္ပဏီကြီးက သူဌေးနဲ့ လက်ထပ်တော့မယ့် သူဌေးကတော် လောင်းလျာ ..."

ဘယ်လောက်ပြောပြော နားမဝင် ...၊ ရှိသေကြောင့်ကျမှုမရှိသော မိန်းကလေးတစ်ယောက်အတွက် သူမ ဘာပြောလို့မှ မအောင်မြင်နိုင်ဘူး ဆိုတာ နားလည်သွားခဲ့သည်။

ထို့ကြောင့် ညီမဖြစ်သူအတွက် သူမ ဘာလုပ်နိုင်မလဲဆိုတာ စဉ်းစားရသည့်အတွက် ညနေဘက် နွေ့ ကို တွေ့နိုင်သော 'နေတော်ဝင်' ကုမ္ပဏီသို့ ရောက်သွားခဲ့ခြင်းဖြစ်၏။

သူမ ဘယ်အချိန်ရောက်လာနိုင်သည်၊ ရောက်မလာနိုင်ဘူးဆိုသည့် အချိန်တွေကို တွက်ချက်မရတိုင်း ဟိုဘက်က သွားစောင့်၊ ဒီဘက်က သွားစောင့်နှင့် အိမ်ပြန်မိုးချုပ်ရ၏။

ထိုညများမှာ ပါဝါ နဲ့ ဆုံခဲ့လေသည်။

"ညဘက်ကျတော့ နင်တို့လမ်းထဲကို လမ်းလျှောက်ဝင်ရတာ အဆေးကြီးပဲ၊ မီးတိုင်တွေကလည်း မီးလင်းနေကြတာ မဟုတ်ဘူး၊ နင် ဘာ သွားသွားလုပ်နေတာလဲ မင်းမင်း ရယ် ..."

"ဟုတ်တယ် .. လမ်းထဲမဝင်ခင်တည်းက ဒီဘက်ကို ပြန်စီးရမယ့် ကားတွေ ကျပ်လွန်းလို့ ငါ လမ်းလျှောက်ပြန်ရတယ် .."

"ဘုရားရေ .. နင် ဒါဆို လမ်းနီထိပ်တည်းက လမ်းဆင်းလျှောက် လာတာပေါ့ .."

"ဟုတ်တယ်ဆိုမှ .."

"ပြီးတော့ .. လမ်းထဲကို မှောင်မှောင်မည်းမည်းနဲ့ ပြန်ဝင် .."

"လမ်းထဲဝင်ရတာက ကိုယ့်လမ်းထဲရောက်ပြီဆိုတော့ ပြဿနာ မရှိပါဘူး .."

"မိန်းကလေးတစ်ယောက်တည်း ညဘက်ကြီးသွားရတာ ပြဿနာ



မရှိဘူးဆိုတာ ရှိပါ့မလား မင်းမင်း ရယ် .."

သန့် က ဆရာမပီပီ အကြီးကြီးတွေတွေးပူနေရှာ၏။

"မင်းမင်း ရယ် .. ငါလည်း နင်တို့ညီအစ်မချင်းကြားကို ဝင်မပြောချင်ပါဘူး၊ ဒါပေမယ့် ကိုယ့်ဆီဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာတုန်း ပြောပြတာတောင် လက်မခံဘဲနဲ့ နင်က သူ့အရှိန်အဝါအောက်လိုက် သွားပြီး ပြောချင်သေးတာ အံ့ရော .."

"ငါ သူနဲ့ ပြောမှာမဟုတ်ပါဘူး .."

"ဘယ်လို ..."

"ငါ သူ့ကို မပြောတော့ဘူး၊ သူနဲ့ သက်ဆိုင်နေတဲ့လူကိုတွေ့ပြီ.."

"ဘာလုပ်မှာလဲ .."

သန့် က ငယ်သူချင်းတွေမို့ စိုးရိမ်သည့်မျက်လုံးတွေက ပြူးထွက်တော့မတတ်ရှိလျက် ...၊

"မင်းမင်း .. ဩော် .. ငါ့နှယ် ပြောရရင်လည်း မကောင်းပါဘူး၊ နင် အဲဒီလိုသွားမလုပ်နဲ့နော်၊ နင့်ညီမလုပ်ပုံတွေက လူအထင်သေးစရာ တွေရယ် ...၊ နင်သွားရင် နင်လည်း အဲဒီလိုင်းထဲပါသွားမှာပဲ၊ ငါက နွေ့ ကို နှိမ့်ချပြောနေတာမဟုတ်ဘူး၊ သူလည်း နင့်ကို ကျေနပ်မှာမဟုတ် ဘူးဆိုတာ သေချာတယ် .. အားလုံး ရှုပ်ကုန်မှာနော် .."

"ရှုပ်အောင် မလုပ်ပါဘူးဟာ .. ငါက ရှင်းစေချင်တာ .."

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

"ဒီလောက်ရှုပ်တဲ့နေရာကို ဘာလုပ်ရအောင်လဲ .."

ညနေပိုင်းမှာ 'နေတော်ဝင်' ရှေ့ မလှမ်းမကမ်းက အအေးဆိုင်လေးထဲ ဝင်ထိုင်လိုက်သည်။ ပါဝါ က တန်းရောက်လာ၏။

ရှပ်အင်္ကျီလက်တို စကားဝါရောင်ကို ရင်ခွဲဝတ်ထားကာ အတွင်းခံလည်ကပ်က မီးခိုးရောင် ..။

"နေတော်ဝင် မှာ ဘယ်သူရှိလို့လဲ .."

ထပ်မေးလိုက်တော့ မင်းမင်း မျက်မှောင်ကုတ်သွား၏။ သောက်လက်စ အအေးပုလင်းကို ပြန်ထောင်ထားလိုက်ပြီး ..၊

"နေတော်ဝင် ကို လာတာမှန်း မင်းက ဘာလို့သိနေတာလဲ .."

"ကြည့်နေလို့ပေါ့ .. ကျွန်တော် မေးတာကို မဖြေဘဲ 'မ' က ပြန်မေးနေပြန်ပြီ .."

"မင်းမေးတိုင်း ဖြေရအောင် မင်းက ဘာမို့လို့လဲ၊ မင်း ငါ့ကို 'မ' လို့ ခေါ်တာတွေပြင်ပါ၊ သူများတွေ မဟုတ်မဟပ်ထင်စရာဖြစ်ကုန်မယ်.."

"ဘာလဲ ရည်းစားဖြစ်ကြတာကို မဟုတ်မဟပ်အလုပ်လို့ ဘယ်သူပြောတာလဲ၊ ကျွန်တော်တို့ အမေနဲ့ အဖေလည်း မချစ်ဘဲ ပေါင်းသင်းခဲ့ကြတာမှ မဟုတ်တာ .."

"တိုးတိုးပြောစမ်းပါ .."



မင်းမင်း က ပိုက်ဆံအိတ်နဲ့ ခုံကို ပုတ်၍ ခပ်ကြိတ်ကြိတ်အော်သည်။ ပြီးတော့ ဆားဘီကိုမျက်လုံးဝေ့ကာ ..၊

"မင်းဘာသာ မဆီမဆိုင်လျှောက်လိုက်နေပြီးတော့ ငါက လူအထင်သေးခံရမှာလား၊ ဒီမှာ နေပါဝါ ငါက မျိုးညီမလေးကို ဒီလိုကိစ္စတွေအတွက်ဆို ဆိုဆုံးမနေရတဲ့ အစ်မကြီးတစ်ယောက် .."

"ဆိုဆုံးမသူ ဖြစ်ရတာနဲ့ပဲ ရည်းစားမထားရတော့ဘူးလား .."

"ကြည့်စမ်း .."

"ပြောပြတာ .. တစ်နေ့နေ့မှာ ကိုယ်ချစ်တဲ့သူ၊ ကိုယ့်ကိုချစ်တဲ့သူဆိုတာ လိုအပ်လာမှာပဲလေ .."

"လိုအပ်လာရင်လည်း ငါလိုအပ်တဲ့လူက လမ်းပေါ်မှာ ဘာမှန်း ညာမှန်းမသိတဲ့ ယောင်တောင်ပေါင်တောင် ယောကျ်ားမျိုးဖြစ်မှာ မဟုတ်ဘူး.."

"ဟုတ်လား .. အိမ်ကြီးရခိုင်ကြီးပေါ်က အတောင်နှစ်ဆယ်ဝတ်မင်းယောကျ်ားမျိုးကို 'မ' က ကိုယ်တိုင်တက်ပြီး ရည်းစားစကားသွားပြောတော့မှာလား .."

"ဘာပြောတယ် ... မင်း ..."

မင်းမင်း ဖြစ်ပျက်သွားတာကိုကြည့်ကာ ပါဝါ့ မျက်နှာက ရယ်ချင်စိတ်ကိုကို ထိန်းချုပ်ရင်း မချိုမချဉ် ..။

"ဟုတ်တယ်လေ .. ယောကျ်ားလေးတစ်ယောက်က မိန်းကလေးတစ်ယောက်ကို ချစ်ချင်လာရင် အိမ်ပေါ်ကနေလှမ်းပြီး ရည်းစားစကားပြောလို့မှ မရဘဲ ..၊ အဲဒီ မိန်းကလေးထွက်လာတာကိုပဲ စောင့်နေရတာ၊ 'မ' က လမ်းပေါ်မှာတွေ့တဲ့ ယောကျ်ားကို မလိုအပ်ဘူးဆိုတော့ .."

"တော်တော့ .."

"ပြောပြတာပါ .."

"မပြောနဲ့ .."

မင်းမင်း မျက်နှာလေးတစ်ပြင်လုံး နီရဲနေသလောက် ပါဝါ ကတော့ ဘာမှ မဟုတ်သလိုခပ်တည်တည် ..။

"မင်း ငါ့နောက်ကို ဘာဖြစ်လို့ လျှောက်လိုက်နေတာလဲ .."

www.burmeseclassic.com

www.burmeseclassic.com



"ချစ်ချင်လို့ .."

"မင်းလို ယောကျ်ားမျိုးကို ငါ ဘယ်တော့မှ လိုအပ်မှာမဟုတ်ဘူး၊ ပြောချင်တာက အဲဒါ .."

"လိုအပ်လို့ ခေါ်နေတိုင်းရော ဘယ်သူက သွားမှာလဲ၊ အဓိကက ကိုယ်လိုအပ်နေရင် ရအောင်ယူနိုင်ဖို့ပဲ .."

သူ့ ရွေးချယ်မှုကို သူကိုယ်တိုင် စီရင်ချက်ချတတ်သော နေပါဝါ၏ ဂရုမစိုက်တတ်ခြင်းတွေကြောင့် မပြောချင်ပေမယ့် ပြောဖြစ်ခဲ့တာတွေရှိခဲ့၏။

မလိုလားပေမယ့်လည်း ရင်းနှီးခဲ့လေသည်။

" 'မ' မှာ စိတ်ညစ်စရာတွေရှိနေတယ်မို့လား .. ကျွန်တော် ကူညီပါရစေ .."

"ရဲစခန်းသွားလိုက်လေ .. ငါ့အတွက် မလိုဘူး .."

"အများအကျိုးမဆောင်ချင်ပါဘူး .. ကျွန်တော့် အကျဉ်းသားအတွက်ပဲ .."

"ဘာ ..."

" 'မ' က ကျွန်တော့်ရဲ့ မေတ္တာအကျဉ်းသား .."

"ဟွန်း .."

" 'မ' ကို ကျွန်တော် ပရိုပို့စ်လုပ်ပြီးပြီ .. တခြားဘယ်ကောင့်ကိုမှ ကြိုက်ခွင့်မရှိဘူး .."

ဒီကောင်လေးနဲ့ကျမှ သူမ သာယာနေမိသည်။ အသက်ချင်းတော့ သိပ်မကွာပေမယ့် ကျွတ်ဆတ်ဆတ် တဖွတ်ထိုးဆန်သည့် ပါဝါ့ ကို ကိုယ့်ထက်အများကြီးငယ်နေသည့် မောင်ငယ်လေးလိုလည်း ရင်းနှီးနေခဲ့၏။

ပြောရပါလျှင် သံယောဇဉ်နဲ့ တွယ်တာခြင်းပဲဖြစ်လေသည်။

သူမ မသိခဲ့တာက 'နေတော်ဝင်' ကုမ္ပဏီရှေ့ကို သူမ စတင်ခြေချခဲ့မိသည့် အမှားကြောင့် မနက်ဖြန်တွေ ဘယ်လိုပြောင်းလဲသွားနိုင်သလဲ ဆိုတာ ..၊



## အခန်း (၁၇)

"ခွမ်း ..."

"အောင်မယ်လေး .. ကုန်ပါပြီ .. ကုန်ပြန်ပြီ .. ကုန်ပြန်ပြီ .. ဒီမိန်းမ .."

ကျကွဲသံရော ခေါ်ယုဇနရဲ့ အော်သံကိုပါ ကြားလိုက်ရကာ အပြင်သွားမလို့ ခြေလှမ်းပြင်ထားသည့် မင်းမင်းသော် ရဲ့ စိတ်ဝင်စားမှုက ထမင်းစားခန်းဆီရောက်သွား၏။

ထို့ကြောင့် ခြေလှမ်းတွေကပါ ဦးတည်ချက်ပြောင်းသွားခဲ့လေသည်။

"ကြည့်ပါဦး .. ကြွေပန်းကန်တွေ သုံးချပ်တောင်မှ၊ အောင်မယ်လေး .. ကျောက်ဖြူသားပန်းကန်လုံးလေးရော .. ကုန်ပါပြီ .. ငါ့ပစ္စည်းတွေ .. မင်းမင်း .. ညည်း .."

"အား ..."

"ဒုန်း ..."

ပန်းတစ်ဖက်ကို ဆောင့်တွန်းခံလိုက်ရသဖြင့် သူက နောက်ပြန်လန်သွားကာ ဘော်စင်နဲ့ မီးဖိုကြားထဲ ဖင်ထိုင်လျက် လဲသွားခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်ညလုံးမအိပ်ခဲ့ရသည့်အရှိန်နှင့် ခေါင်းတွေလည်း မူးနေသည်ဖြစ်ရာ ရုတ်တရက်မိုက်ခနဲပြာဝေသွားပြီး ပြန်မထနိုင် ..။

ဒေါ်ယုဇန က သူမရှေ့မှာ ငုတ်တုတ်ထိုင်ချလိုက်ကာ လက်ထဲမှာ ကျောက်သားပန်းကန်ကွဲကို ကိုင်ထားလျက် ..၊

“မင်းမင်း ညည်းစိတ်တွေဘယ်ရောက်နေလဲ ဟင် ..၊ ငါ့ပန်းကန်တွေကို ရက်ခြားနဲ့ ခွဲဖို့များကြံစည်ထားတာလား ..”

သူမ ခေါင်းပဲခါပြမိကာ ရှင်းပြနိုင်စွမ်းမဲ့နေ၏။

“မဟုတ်ရင် ဘာလဲ .. ဘာလဲ ပြောစမ်းပါ ..”

ပခုံးနဲ့ ရင်ဘတ်တွေကို ရိုက်ပုတ်ထုနက်နေတာ နာကျင်လာသဖြင့် မင်းမင်း ရုန်းထွက်ပစ်လိုက်၏။ နောက်ကို ထပ်ဆုတ်လိုက်မိလျှင် ပြန်တွန်းလိုက်သလို ဖြစ်သွားကာ ဒေါ်ယုဇန နောက်ပြန်ခွေခနဲ လဲကျသွားလေသည်။

“ကြည့်စမ်း .. ညည်းက ငါ့ကို ပြန်လုပ်တယ် ဟုတ်လား၊ ကိုယ့်မအေအရွယ်ကြီးကို ပြန်လုပ်တယ် ..”

“ကျွန်မ အန်တီ့ကို ပြန်လုပ်တာမဟုတ်ဘူး ..”

“အင်း .. မှတ်သားသင့်တာပဲ ..”

မြင်ကွင်းကို အခန်းဝကနေ လှမ်းကြည့်နေရင်း မင်းမင်းသော်က ခေါင်းတရမ်းရမ်းနှင့် ..၊

“အဲ့ဒါ နင် သေချာမှတ်ထားရမှာ ..”

မင်းမင်း ကို လက်ညှိုးထောင်ပြောလိုက်ပြီး ပြန်ထွက်သွားလျှင် ဒေါ်ယုဇ ဆတ်ခနဲ့ထရပ်ကာ ..၊

“မင်းက ဘယ်သူ့ကိုပြောသွားတာလဲ ..”

“ဟင်!...”

မင်းမင်းသော် က လှည့်ကြည့်သည်။ ပြီးတော့ မျက်နှာချင်းဆိုင်ပြန်လှည့်လိုက်ကာ ..၊

“[illegible] ကို မေးတာလား၊ သူ့ကိုပြောတာလေ ..”



ဘောစင်ကြားထဲကနေ ထရပ်လိုက်သည့် မင်းမင်း ကို သူမက မေးဆတ်ပြသည်။

“အန်တီပြောတဲ့ ဆုံးမစကားကို မှတ်ထားဖို့ပြောတာ ဘာဖြစ်လို့လဲ ..”

ဘာဖြစ်လို့လဲ မေးလိုက်တော့ ဘာပြောရမှန်း မသိ ..။

ကိုယ့်ကို လှောင်ရယ်လိုက်တာမှန်းသိပေမယ့် ထိုသူက မင်းမင်းသော်ဖြစ်နေသဖြင့် အံ့ဩနေမိ၏။ ဆောင်းမင်းသမီး ဆိုတဲ့ မိန်းမက သင်းနဲ့ ရှည်းစားလုဘက်၊ ခုဆိုရင် ရှိုင်းရိုင်းပြောရလျှင် လင်လုဘက်ချင်း ..။

သူမက ဘယ်သူ့ဘက်က ဝင်ပါနေတာလဲ ..၊

“ဒါ ဘယ်သူလုပ်တာလဲကွ ..”

“ဒုန်း ...”

သုံးပွင့်ဆိုင် ကိုယ့်အတွေးနဲ့ကိုယ် မဖြေနိုင်မပြောနိုင် ငြိမ်သက်သွားမိစဉ် ဆေဒ ရဲ့ ဒေါသသံကြီးနှင့်အတူ ဘာကိုဆောင့်ချပစ်လိုက်ပြီး အာတွေ ကွဲကုန်မှန်းမသိလိုက်ဘဲ ..၊

“ကုန်ပါပြီ ..”

ဒေါ်ယုဇန ပိုအရေးကြီးသည့်ဘက်ကို ပြေးလေသည်။ မင်းမင်းသော်က လိုက်ကြည့်ပြီး ပခုံးတွန့်ရယ်၏။ ပြီးတော့ နေရာမှ လှည့်ထွက်ခဲ့လျှင် နောက်ကနေ သူမလက်ကို ဖမ်းဆွဲထားလိုက်သဖြင့် ချာခနဲပြန်ကြည့်မိ၏။

“မင်းမင်းသော် ..”

မင်းမင်း က သူမနောက်မှာရပ်နေ၏။ ပါးတစ်ဖက်မှာ အညိုကွက်တစ်ကွက်ထင်လျက်နှင့် သူမ ကြည့်လိုက်မှ မျက်လွှာချပစ်လိုက်ပြီး ရှက်ရည်သုတ်သည်။

“ဘာလဲ .. ဘာကိစ္စရှိလို့လဲ .. တို့ အပြင်သွားစရာရှိတယ် ..”

“ငါ နင့်ကို ပြောစရာရှိလို့ပါ ..”

မင်းမင်းသော် က မင်းမင်း ကိုင်ထားသည့် လက်ကို နောက်လွှဲ၍

www.burmeseclassic.com

www.burmeseclassic.com



ရှန်းပစ်လိုက်ကာ ...၊

"ငါကတော့ မပြောချင်ဘူး၊ နင်က ငါ့နာမည်နဲ့တူနေပေမယ့် ငါက မင်းမင်းသော် မို့လို့ မင်းမင်း ဖြစ်လာခဲ့တာ .."

"အဲဒီ နာမည်က အရေးမပါပါဘူး .."

"သိပ်ပါတာပေါ့ .. နင့်နာမည် ဆောင်းမင်းသမီး ဆိုတာ မင်းမင်း ဖြစ်လာစရာအကြောင်းမှ မရှိဘဲ၊ မင်းမင်း ချင်းက တူနေတာကိုက တစ်ဖက်ဖက်က တမင်တကာတူဖို့ ကြိုးစားထားတဲ့ပုံပေါက်တယ်၊ အဲ့ဒီတော့ နင့်ရည်းစားကိုယူထားရတဲ့ ငါ့ဘက်က အောက်တယ် .."

"အဲဒါ ဘာလုပ်လို့ရသလဲ၊ ဘယ်သူ့ဘက်ကမှ တမင်တကာ မဟုတ်တာ ငါတို့ချင်းသိတယ် .."

"ငါတို့ချင်းပဲသိနေလို့ မပြီးဘူး၊ နင့်ကို မင်းမင်း လို့ တစ်စုံတစ်ယောက်က ခေါ်လိုက်တိုင်း ငါ့သိက္ခာကျတယ်၊ ငါ့ကိုယ်ငါ မင်းမင်း လို့ ပြောနေကျပေမယ့် အခုကျမှ ပြောရတာ တစ်ခုခု ဖိစီးထားသလို သိမ်ငယ်ရတယ်၊ အဲဒါတွေက နင့်ကြောင့်ပဲ .."

နှုတ်ခမ်းနီ ပန်းရင့်ရောင်နှင့် ပန်းရင့်ရောင်နှင်းဆီပွင့်ကြီးတွေက ဆွဲကြိုးနဲ့ လက်ကောက်မှာသာမကဘဲ နားကပ်မှာရှိနေ၏။

ပြီးတော့ ဖိနပ်မှာရော ဖု(ထ်)ချိန်းမှာပါ တစ်ကိုယ်လုံး ပန်းရင့်ရောင် နှင်းဆီပွင့်အကြီးအသေးတွေနှင့် ကြည့်လို့လှနေအောင် ပြင်လည်း ပြင်တတ်ပါ၏။

နှင်းဆီအရောင်တူက ဇာပန်းပွင့်တွေရော ကော်ပန်းတွေရော၊ ဖန်စီတွေကို စနစ်တကျ ဝတ်စားပြင်ဆင်ထားတာဖြစ်သည်။

ကိုယ်ခန္ဓာက ပြည့်တယ်ဆိုတာထက် အနည်းငယ်ပိုချင်သည်။ သို့သော် အရပ်က မြင့်သည်မို့ ဝသည်လို့လည်း မဆိုသာ ..။ ဘာပဲဖြစ်ဖြစ် သူမက တော်တော်ကြီးကို လှနေတာဖြစ်သည်။

သူမမှာ အိုင်ချ်အိုင်စီပိုးရှိနေသည်ဆိုတာ ယုံနိုင်စရာပင်မရှိပေ။ ဒါပေမယ့် ဓေဒ က မဟုတ်ဘဲ ညာပြောပါ့မလား ..။ မင်းမင်းသော်



ကို ငေးကြည့်နေရင်း မင်းမင်း ရဲ့ မျက်ဝန်းတွေက အရွှံးပေးသနားခံသော ရီဝေခြင်းတွေ ဖြစ်လာခဲ့ရင်း ...၊

"နာမည်တူနေတာကို တို့က ဘာလုပ်ပေးလို့ရမှာလဲ မင်းမင်းသော်"

"မရဘူးလေ .. နင့်ဆီကလည်း ငါ ဘာမှမလိုချင်ပါဘူး၊ နင့်ကိုယ်နင်တောင် ကျွန်လိုနေတာ .. ဟွန်း .."

"ဟုတ်ပါတယ် .. ဒါပေမယ့် .."

"နိုး .. နင့်နဲ့ ဆက်ပြောချင်စိတ်မရှိတော့ဘူး .."

မင်းမင်းသော် က နှာရှိုပင့်ကြည့်ပြီး လှည့်ထွက်သွားလျှင် မင်းမင်း က အတင်းပြန်ဆွဲထားကာ ...၊

"မင်းမင်းသော် .. ခဏလေးပါ .."

"ဟား ..."

စိတ်ပျက်သည့် မျက်နှာလေးနဲ့ လှည့်ကြည့်ကာ လက်ကို ခုနက အတိုင်း လွှဲရမ်းရှန်းပစ်၍ ...၊

"ဒီမှာ ယူ မှတ်ထားရမှာက ယူ့ဆီက ဘာမှမလိုချင်ဘူး၊ ဒါပေမယ့် မပတ်သက်ချင်ဘူး၊ ယူနဲ့တို့နဲ့ ထိပ်တိုက်တစ်ခါမှ မငြိခဲ့ဘူးပေမယ့် ခုနပြောခဲ့တဲ့အကြောင်းကြောင်းတွေကြောင့် ယူ့ကို အသားလွှတ်မုန်းတယ်၊ သိပြီနော် .. အိုခေ .."

မင်းမင်းသော် လှည့်ထွက်လာခဲ့ပေမယ့် တွန့်ကုတ်နေမိသည့် မျက်ခုံးတန်းလေးတွေကတော့ ဒီတိုင်းရှိနေခဲ့၏။ ဆောင်းမင်းသမီး ဆိုသည့် သူမကြောင့် တွေးစရာတွေရှိလာခဲ့လေသည်။

တကယ်တော့ ကိုယ်ကအနိုင်နဲ့ ပိုင်းပြောခဲ့ပေမယ့် သူမကသာ ယောက်ျားနှစ်ယောက်ရဲ့ မြတ်နိုးကိုးကွယ်ခံရသော ကြင်သူသက်လျှ မဟာသီတစ်ပါးဖြစ်၏။

ကောက်ကွေ့ကြောင်းတို့ရဲ့ အလယ်မှာ ဘယ်သူမှပြေးပေါက် ရှာ၍မရ၊ ဖျက်ဆီးပစ်ဖို့လည်း မတတ်နိုင်သော တန်ဖိုးကြီးရတနာထုပ် တစ်ထုပ်ဆိုလည်း မမှားနိုင် ..။

www.burmeseclassic.com

www.burmeseclassic.com



အေါ်ယုဇနဲ ရယ့် ဝေဒ ရယ် ဘယ်လိုရန်ငြိုးတွေနဲ့ ကြဲဖန်နှိပ်စက်နေကြပေမယ့် ယောက်ျားနှစ်ယောက်ရဲ့ စုဝှံထားရှိနေကြသည့် အချစ်တွေကတော့ တစ်စက်လေးမှ လျော့မည်မထင် ...။

ဒါနဲ့တောင် သူမ ဘာဖြစ်လို့ ဝမ်းနည်းညှိုးငယ်နေရတာလဲ ...။

"မင်းမင်းသော် ... ခဏလေးပါ ..."

စကားပြောသော မျက်ဝန်းတွေက ပြောလိုက်သည့်စကားထက် အဆပေါင်းများစွာ အောက်ကျို့ခယနေကြသည့် တောင်းပန်နှိမ့်ချသော အကြည့်တွေက ဘာကိုပြောချင်လို့ ပတ်ပျိုးလိုက်တာလဲ ...၊

သူမပြောချင်နေသည့် စကားကို စိတ်တော့ဝင်စားမိပါ၏။ ဒါပေမယ့် ရှိနေသည့် သဝန်တိုစိတ်ကိုလည်း မဖျောက်နိုင် ...၊

သူမကို ချစ်ခွင့်ပိုင်ဆိုင်သူက 'နေမဝင်' မိသားစုရဲ့ တစ်ဦးတည်းသော မျိုးဆက်အမွေခံ နေပါဝါ ...။

သူမရဲ့ အိမ်ဦးနတ်အရှင်သခင် ခင်ပွန်းဖြစ်လာခဲ့တော့ 'နေတော်ဝင်' မိသားစုက သူ့ဒွေး ...။

ကိုယ်ကတော့ သူမလို ထူးခြားတောင်းမွန်သော ပိုင်ဆိုင်သူတွေထဲက တစ်စိုးတစ်စိလောက်တောင် ပိုင်ခွင့်မရှိခဲ့သော ...၊

"မင်းရဲ့ ရောဂါကို ဘယ်သူမှ မသိပေမယ့် ကိုယ်ကသိတယ် ..."

ဝေဒ က သူမရှေ့ကို ရောက်လာခဲ့တုန်းက စကားလေးကချိုချို ...။

"မင်းကို အကျပ်မကိုင်ပါဘူး၊ ခု ကိုယ်ပြောပြတဲ့ အကြောင်းတွေကိုလည်း မင်းကြားပြီးပြီဆိုတော့ မင်း ကိုယ့်ကို ကူညီမှာပဲလို့တော့ ယုံကြည်တယ် ..."

"စကားတွေလှအောင် ပြောမနေနဲ့၊ ဒီက လက်တွေ့သမား၊ ရှင် မင်းမင်း အကြောင်းသိထားတယ်ဆိုပြီး အပေးအယူတွေ လာလုပ်နေတာလိုရင်းပဲပြော ...၊ အဲ့ဒီလို ဒီကသဘောတူရင် ရှင် ဘာပြန်ပေးမှာလဲ ..."

"'နေမဝင်' မိသားစုက ချွေးမဖြစ်သွားမှတော့၊ ကိုယ်တို့က 'နေမဝင်' ရဲ့ လက်အောက်ခံ မိသားစုတွေပါ၊ မင်း လိုချင်သမျှ 'နေမဝင်' မှာ



အလျှံပယ်ရမယ်၊ ကိုယ်ကလည်း ပေးမှာပါ၊ သေချာတာကတော့ မင်းဘဝရဲ့ ကျန်ရှိနေသေးတဲ့ အချိန်တွေမှာ မင်းထင်တိုင်းကြဲသွားလို့ရပြီ ..."

တဲ့ ...။

ထိုစဉ်က ကိုယ့်အိမ်စီးပွားရေးအခြေအနေကြောင့် စိတ်ဓာတ်ကျဆင်းနေသည်က တစ်ဖက်၊ ဒီရောဂါရှိနေတာကို သိလိုက်ရသဖြင့် ကိုယ့်ကိုယ်ကိုယ် သတ်သေချင်စိတ်ပေါက်နေတာလည်း ရှိကာ၊ ဝေဒ ပြောတာကို သူ့စကားစလိုက်တည်းက လက်ခံဖို့ ဆုံးဖြတ်လိုက်ပြီးသား ...။

နောက်တစ်ချက်က ကိုယ်ပိုင်ဆိုင်ခွင့်ရှိလာမယ့် ယောက်ျားက အစစအရာရာပြီးပြည့်စုံကာ မင်းသားလေးလိုချောတဲ့သူ ...။

သူမရဲ့ အကျင့်ကလည်း အနာဂတ်အတွက် ကြိုတွေးပြီး ပူပန်တတ်ခဲ့တယ်ဆိုတာ မရှိခဲ့ပေ။ လက်ရှိ အခြေနေမှာ မကြောင့်ကြ မပူပင်ရဘူးဆိုလျှင် ကမ္ဘာကြီးက လှနေသည်သာ ...။

အသေကျပ်မှာထက် အနေကျပ်မှာကိုပဲ ပိုကြောက်သည်။ နေပါဝါက အသည်းကွဲပြီး အရက်တွေ အသေသောက်၊ အသေမူးနေသဖြင့် ကိုယ့်အတွက် လှုပ်ရှားဖို့ကလည်း လွယ်လွယ်လေး ...။

ထို့ကြောင့် လက်ခံလိုက်သည်။ လွယ်လွယ်ကူကူပဲ အောင်မြင်ခဲ့၏။ နေပါဝါ နဲ့ သူ့ငယ်ချင်းတွေ ဒီကျောဘားထဲမှာ မူးမူးတွေတွေနဲ့ ကဲနေကြတုန်းမှာ သူမ ဝင်ရောလိုက်သည်။

အတွဲတွေကိုယ်စီနဲ့ 'က' နေကြတုန်း နေပါဝါ့ ကို ခွဲထုတ်ခဲ့သည်။ လူသိရှင်ကြား ဖြစ်ကုန်အောင် အစစအရာရာ အကွက်ချစီစဉ်ပေးသူက ဝေဒ ဖြစ်၏။

'နေမဝင်' ၏ အရှင်သခင် ဦးမောင်မောင်ကြီး နားထဲထိ သတင်းပေါက်ကြားစေကာ နေပါဝါ ဘယ်လိုမှ ရုန်းထွက်မရတော့အောင် ပိတ်ဆို့ထျုံးသွင်းလိုက်သည်။

ပါဝါ ကိုယ်တိုင် ဒေါသတကြီးဖြစ်ကာ သူမကို မျက်နှာချင်းလည်း မဆိုင်၊ စကားဟဟမပြောဘဲနေခဲ့ပေမယ့် သူမကပဲ အားအမှတ်မထား

www.burmeseclassic.com

www.burmeseclassic.com



သလို ပွင့်လင်းဖော်ရွေမှုတွေနှင့် အနစ်နာခံလိုက်သည်။

သူ ဘာပြောပြော ကြေးသလို၊ ဘယ်လိုတွန်းထိုးမောင်းထုတ်ပါစေ သည်းခံနိုင်လွန်းသည့် မိန်းမကဲ့သို့ ...၊

ဒါပေမယ့် ဒီလိုမျိုး သိပ်ကြာကြာမပေးဆပ်ခဲ့ရပါ။ ပါဝါ နဲ့ ပြောဆိုရင်းနှီးမှု ရလာခဲ့သည်။ ခုတော့ ဘာအဆင်မပြေမှုမှ မရှိခဲ့ဘူးကြသလို တစ်ခါတစ်လေ တရင်းတနှီး ...၊

"အ .."

အတွေးနယ်ချဲ့ရင်း ညှိခန်းဘက်ကနေ အပြင်ဘက်ကိုအထွက်မှာ တစ်စုံတစ်ယောက်နှင့် တိုက်မိလေသည်။

"ဘာလဲ .. တရားမှတ်လာတာလား .."

ဝေဒ မျက်နှာကြီးက သူမ စတင်တွေ့ဖူးတုန်းကနဲ့ တခြားစီပင်..၊

ထို့ကြောင့် ရုတ်တရက်တိုက်မိပြီး လန့်သွားပေမယ့် ခဏအတွင်းမှာ မင်းမင်းသော် မျက်နှာက ဘာမှ မဖြစ်သလို ပြောင်းလဲသွားလျက်..၊

"ဟုတ်တယ် .. ခုတင်ပဲ တရားမှတ်စရာတွေ တွေ့လာလို့လေ.."

"မင်းမင်းသော် .. မင်း အဲ့ဒီလို ပြုံးနိုင်ရယ်နိုင်နေတာကို ငါ အရမ်းအံ့ဩတယ်၊ မင်းမှာ လိုချင်တပ်မက်စိတ် ဘယ်လောက်ကြီးမားသလဲ ဆိုတာ ငါ သိပြီးသား .."

"ဟုတ်လိမ့်မယ် .. ဒါပေမယ့် ရှင် အံ့ဩရလောက်အောင်တော့ မဟုတ်သေးပါဘူး၊ ရှင်က ဘာတွေသိပြီး ဒီလောက်အံ့ဩနေတာလဲ.."

"ကိုယ့်ယောက်ျားကို ဖောက်ပြန်ချင်တိုင်း ဖောက်ပြန်ခွင့်ပေးထားတာလေ၊ မင်းရထားတဲ့ ယောက်ျားက 'နေမဝင်' အင်ပါယာက သခင်တစ်ပါးဆိုတာ မေ့နေသလား .."

"ဘယ်မေ့ပါမလဲ .."

"မမေ့ရင် သူ့အတွက် အခွင့်အရေးတွေဖြစ်လာအောင် မင်းဘာလို့ပေးနေတာလဲ .."

"ဘာအခွင့်အရေးတွေပေးပေး ပါဝါ က မင်းမင်း ရဲ့ ယောက်ျားပဲ၊



အစတည်းက ဒါပဲလိုချင်ခဲ့တာ .."

"မင်းမင်းသော် .."

သူက ရှေ့တိုးလိုက်ပြီး အံကြိတ်ကြိမ်းဝါးသံနှင့် ခေါ်၍ ...၊

"မင်းလိုချင်တာ မင်းယူပြီး မလိုချင်တာကို ဖယ်ပစ်လို့မရဘူး၊ နေမဝင်' အင်ပါယာကို မင်းလက်ထဲ အရောက်ပို့ပေးခဲ့တာ ငါ .."

"ခက်တော့တာပဲ ကိုဝေဒ ရယ်၊ ကိုယ်လိုချင်တာရပြီးရင် ပွဲစားကို ဘာဆက်သုံးရဦးမှာလဲ၊ ဘယ်ဝယ်လက်ကများ ပွဲစားကို ပုံတူထုပြီး ကိုးကွယ်ထားတာရှိဖူးလို့လဲ .."

"တော်တော့ .. မင်းစကားတတ်တိုင်း မပြောနဲ့၊ မင်းကိုယ်မင်း နေမဝင်' မိသားစုထဲရောက်သွားလို့ မာန်တက်နေတာလား .."

"အဲ့ဒါ မင်းမင်း တိစ္စပါ .."

"တောက် .."

အားလုံးက ကိုယ်တိုင်အကွက်ရွှေ့ခဲ့တာပေမယ့် သူ့နေရာနဲ့သူ သားတကျဖြစ်သွားကြပြီဆိုမှ ဘာကိုမှလည်း ဖြုတ်ထုတ်ပြင်ဆင်လို့ နေတော့ပေ ...။

ဝေဒ ကိုယ်ပြောလိုသည့်စကားရင်းကို မပြောဖြစ်သေးဘဲ ဒေါသကြောင့် လက်သီးဆုပ်ပစ်မိ၏။ မင်းမင်းသော် ဆိုတဲ့ မိန်းကလေးက အစတည်းက ဘဝကို ရေစီမံခံ အသားကျလာတဲ့ မိန်းကလေး ...။

ဆင်းရဲခဲ့တာမဟုတ်ဘဲ ချမ်းသာလွန်းလို့ ပျက်စီးခဲ့တာဖြစ်သည်။ ပျက်စီးပြီး သေဖို့နီးတာကိုတောင် ဝတ်ဖို့စားဖို့ မရှိတာကိုပဲ ရေရွတ်သွားခဲ့သည်။

'ငါသေရတော့မှာပါလား' ဆိုတာ မပါ ...။

ထို့ကြောင့် ဒေါသချင်းပြိုင်နေလည်း ကိုယ်သာရှုံးရဖို့သေချာ ...

"မင်းနဲ့ ငါ ရန်မဖြစ်ချင်ဘူး၊ အခု မင်းတို့ ဒီကိုရောက်လာတဲ့ ... မင်းအတွက်ရော ငါ့အတွက်ရော ဘာတွေဖြစ်လာနိုင်လဲ

www.burmeseclassic.com

www.burmeseclassic.com



သိလား ..."

"မသိဘူး .. သိလည်းမသိချင်ဘူး၊ ရှင်နဲ့ ကိုဖိုးကြားက ရန်ငြိုးထုံးဖွဲ့မှုတွေကိုလည်း အစတည်းက စိတ်မဝင်စားခဲ့ဘူး .."

"ဘာပဲဖြစ်ဖြစ် ငါတို့အကြောင်း မင်းကိုပြောပြထားပြီးသား၊ မင်းမင်းနားကို တမင်နီးအောင် လာနေမယ့်ကိစ္စ မင်းက ဘာဖြစ်လို့ ကြည်ကြည်ဖြူဖြူပါလာရတာလဲ .."

"အဲ့ဒါလည်း ရှင်တို့အကြောင်းတွေပဲလေ၊ မင်းမင်း က ကိုယ်လိုချင်တာရနေရင်ပြီးတာပဲလို့ တွက်ထားပြီးသား .."

"ဒါဖြင့် 'နေမဝင်' မိသားစုက မောင်းထုတ်ခံရရင်လည်း မင်းကျေနပ်နိုင်တယ်ပေါ့ .."

"ဒါတော့ ဘယ်ရမလဲ .."

လောဘတွေရှိနေသေးတာမြင်လိုက်သဖြင့် ကျေနပ်သွားမိသည်။

"ပါဝါ က နှစ်ယောက်စလုံးကို ပေါင်းမယ်ဆိုရင်ရော .."

"ရှင် ကျေနပ်ရင်ပြီးတာပဲလေ .."

"ဘာပြောတယ် .."

"ဟွန်း ..."

မင်းမင်းသော် က ရယ်လိုက်ကာ ..၊

"ဟုတ်တယ် .. သူ့မှာ ရောဂါဗျူးစက်သွားအောင် ရှင် နိုင်းလို့မင်းမင်း ကူညီခဲ့ပြီးပြီ၊ သူက ရှင့်မိန်းမကို ထပ်ပြီးပေါင်းသင်းမယ်ဆိုရင် .."

"တော်တော့ .."

"ဟား .. ဟား .. ဟား .."

သူမက ဟားတိုက်ရယ်သေးသည်။

"မိန်းမကိုမပေးနိုင်တာလား၊ ရှင့်ကို ကူးစက်ခံရမှာကြောက်တာလား .."

"တိုးတိုးပြောစမ်း မင်းမင်းသော်၊ ဒါ ဟိုကောင်သိလို့ လုံးဝမဖြစ်



ဘူး၊ ခုချိန်မှာ စောစောစီးစီးသိသွားရင် ပြဿနာကအကြီးကြီး .."

"အဲ့ဒီတော့ ရှင် ခု ဘာပြောချင်လို့လဲ .."

ဒီမေးခွန်းကို သူ မဖြေနိုင်ပေ။ မျက်လုံးထဲမှာ စခရင်း(န်)အက်သွားသည့် ကွန်ပျူတာကို မြင်ယောင်လာ၏။ ပြီးတော့ သူ့မျက်နှာရှေ့မှာ ခပ်ငုံ့ငုံ့လက်ထောက်၍ စိုက်ကြည့်သွားသော ပါဝါ့ မျက်နှာနဲ့ ပြောသွားခဲ့သမျှ စကားတွေ ..။

"အပြင်မှာ လေမပါ မိုးမပါနဲ့ မိုးကြိုးပစ်နေတယ်၊ မင်း မကြားဘူးလား .."

"အဲ့ဒါ ငါနဲ့ ဘာဆိုင်လဲ၊ မင်း .. မင်း .. ငါ့ကွန်ပျူတာကို ခွဲပစ်တယ် .."

"ဘယ်ကမလဲ .."

ပါဝါ က ဖွင့်လျက်သား ကီးဘုတ်ကို တစ်ချက်ကြည့်ကာ သူ့ရှေ့မှာပဲ လှုပ်ရှားသွားသည့်လက်ကို ဘယ်လိုမှ တားဆီးချိန်မရလိုက်ဘဲ ဆို Delete ကို ဖြောင်းခနဲ ရိုက်ချပစ်၏။

"ဟာ ..."

"အဲ့ဒါမှတ်ထား ဝေဒ 'ငါ့လင် ငါ့မယား' ဆိုတဲ့ အကျင့်တွေထဲကို ငါ မဝင်နိုင်ပေမယ့် မင်းရော ဟိုမိန်းမကြီးကိုပါ ငါ စိန်ခေါ်တယ်၊ နောက်ထပ် 'မ' ကို နာကျင်အောင်လုပ်ရင် သွားတစ်ချောင်းဆို တစ်ချောင်း၊ မျက်လုံးတစ်လုံးဆို တစ်လုံးချင်းပဲ၊ ပြောပြီးသားနော်၊ ဒါ ဖက်(စ်)ခမ်တိန် .."

သူဘာမှ မတတ်နိုင်ပေမယ့် ဒေါသတကြီးအော်တော့ ကွန်ပျူတာခုံတစ်ခုလုံးကို တွန်းကန်ချပစ်လိုက်၏။ ထိုအချိန်မှာပဲ အန်တီ ပြေးဝင်လာခဲ့သည်။

"ဘာတွေဖြစ်ကုန်တာလဲ သား၊ ဟိုကောင်လေး ဒီထဲက ထွက်သွားတာလား .."

"အန်တီတို့ကရော ဘာတွေဖြစ်ကြတာလဲ .."

www.burmeseclassic.com

www.burmeseclassic.com



"ဟင်!..."

အန်တီ မျက်လုံးပြူးသွားသည်။ ပြီးတော့ ...၊

"ပန်းကန်တွေကျကွဲကုန်လို့ ဟိုမိန်းမကို ဆုံးမနေတာလေ၊ ဘယ်လိုဖြစ်လို့ ဒီအိမ်မှာ အလဲလဲအကွဲကွဲတွေပဲ ဖြစ်နေရတာလဲ၊ ကုန်ပါပြီ ငါ့ပစ္စည်းတွေ ကုန်ပါပြီ ..."

အန်တီ ရင်ဘတ်ထုနေတဲ့အထိ ပါဝါ ဘာတွေလုပ်သွားတယ်ဆိုတာ သူ မပြောခဲ့ပေ။ ဒီလို ပြဿနာတွေက ကိုယ်နိုင်လိုက်ရတိုင်း ကြွေးကြော်နေဖို့ မလို ...။

ထို့အတူ ရှုံးပါပြီဆိုပြီး လူကြီးပြေးတိုင်လို့ဖြစ်တဲ့ကိစ္စလည်း မဟုတ်ပေ ...။ သူ မသမာမှုလုပ်သလို ကိုယ်လည်း လုပ်ခဲ့သည်။

ကိုယ်လုပ်လို့ သူ ပြန်လုပ်နေခဲ့တာဖြစ်၏။

"ဟိတ်ကောင် .. ကြောက်ပါပြီအော်တဲ့လူက အရှုံးနော် .."

ပါဝါ က ဒီတိုင်းပြောသွားခဲ့သေးသည်။ ထို့ကြောင့် ဒီကစားပွဲကို နောက်ဆုံးတစ်ယောက်ကျန်တဲ့အထိ ရှေ့ဆက်သွားရန်သာရှိတော့သည်။

"မင်းမင်းသော် .."

သူ့ရဲ့ တိတ်ဆိတ်ငြိမ်ကြိတ်နေခြင်းကိုလည်း သည်းမခံနိုင်ဘဲ မင်းမင်းသော်က လှည့်ထွက်သွား၏။ ထိုအခါကျမှ သူ ကမန်းကတမ်း တားဆီးလိုက်မိကာ ...၊

"မင်း မေးတာကို လိုရင်းတိုရှင်း ဖြေဖို့အတွက် ငါ စဉ်းစားနေတာ .."

"စဉ်းစားရမှာပေါ့ .. ရှင် ကိုပါ့ ကို ဂရုမစိုက်လို့မရဘူးလေ .."

ဒီမိန်းမစကားပြောသည့် လေသံကိုပဲ ဆုပ်ဖမ်းထားလို့ရလျှင် ဖမ်းယူပြီး နပ်နပ်စင်းပစ်ချင်၏။

"တစ်ခုတော့ရှိတာပေါ့ .."

"မင်းမင်းသော် မင်း ငါပြောတာကို နားထောင်မှာလား၊ မင်းပြောနေမှာလား .."



"ဟွန်း .."

သူမက ပခုံးလေးတွန့်၍ ...၊

"ပြောလေ .."

"မင်း ငါ့ကို သစ္စာမဲ့ပါနဲ့ .."

"ဘယ်တုန်းက သစ္စာထားခဲ့ဖူးလို့လဲ .."

"လျှောက်ပတ်ပြောမနေစမ်းပါနဲ့၊ ဒါကို မင်းနဲ့ ငါ စခဲ့တာ .."

"ရှင်က စပေးခဲ့ပေမယ့် ကိုပါ့ ကို မင်းမင်း လက်ထပ်ရတာလေ၊ ရှင် လက်ထပ်ပြီးမှ ပြန်အမ်းထားတာ မဟုတ်ဘူး .."

"မင်းမင်းသော် .."

"ဒီမှာ ကိုဝေ .. အဲ့ဒီလိုစကားမျိုးတွေ ရှင် စမလာခင် မင်းမင်း က ကြိုပြောခဲ့တာ၊ ရှင်က နားမှမထောင်ဘဲ၊ ကိုပါ နဲ့ လက်ထပ်ပြီးတဲ့ အချိန်ကစပြီး ရှင်နဲ့ မင်းမင်း ရဲ့ အပေးအယူကပြီးသွားပြီ .."

ဟုတ်ခဲ့သည် ...။

သူလိုချင်တာက ဒီမိန်းမနဲ့ပေါင်းဖက်ပြီး ဒီမိန်းမလို မိုက်စာတ်သိမ်းသွားဖို့ .. ဒါပေမယ့် ...၊

"ခု .. ငါ မင်းကို အများကြီးမပြောဘူး၊ ပါဝါ့ ကို ခေါ်ပြီး ဒီက ထွက်သွားပေးဖို့ပဲ .."

"သူ့ကို မင်းမင်း အဲ့လောက်မပိုင်ဘူး .."

"ဒါဆို မင်းရှည်းမဲ့ အရင်ထွက်သွားလိုက် .."

"ရှင်နဲ့ နောက်ထပ်အပေးအယူလုပ်ဖို့ စိတ်မဝင်စားဘူး .."

"မင်း စိတ်ဝင်စားမှာပါ၊ 'နေမဝင်' မိသားစုက မင်းသားလေးကို သက်ထပ်နိုင်တာနဲ့ အဲဒီ အင်ပါယာကြီးက မင်းလက်ထဲကို ရောက်လာဘူး၊ ငါက ပတ္တမြားလုံးရောတစ်ဆင်သာ မင်းလက်ထဲကို ချက်ချင်း သည့်ပေးမှာ .."

"ဘယ်လို .."

မင်းမင်းသော် မျက်လုံးတွေ ဝင်းဝင်းလက်လက်ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင် မင်းမင်း ကို ထွက်သွားစေချင်ရတဲ့ အကြောင်းရင်းက တော်တော်အရေးကြီးနေတဲ့ပုံပဲ၊ ဒါပေမယ့် မင်းမင်း ကို ကိုပါ က အထင်လွဲသွားရင် ရှင် ပေးမှာထက် အများကြီး ပိုဆုံးရှုံးရမှာ .."

"မင်း ဒီလောက်တော့ လည်ပါတယ်ကွာ ..၊ အများကြီးမဟုတ်ဘူး၊ တစ်ပတ်အတွင်း မင်း ယောကျ်ား မင်းဆီ ပြန်လာလိမ့်မယ် .."

မင်းမင်း က စဉ်းစားသလို စိုက်ကြည့်နေပြီး မျက်နှာ မသိမသာ လွဲ၍ပြုံး၏။ လင်မယားနှစ်ယောက်လာခြင်းက ရိုးသားမှုကို ဝေဒ တိုက်မထုတ်နိုင် ..။

ပါဝါ တစ်ယောက်တည်းဖြစ်သွားပြီဆိုလျှင် ကြိုက်သည့်ပုဒ်မတပ်၍ မောင်းထုတ်နိုင်ပြီဖြစ်၏။ ဒီလိုလုပ်ကြံမှုတွေအရ လောလောဆယ် ပါဝါ ရဲ့ ဒုက္ခပေးမှုကို ဝေဒ ဘယ်လောက်ထိ အလူးအလိမ့်ခံစားနေရပြီလဲ ..။

မင်းမင်းသော် က အပွေးမြင်တာနှင့် အပင်သိတဲ့လူဖြစ်သည်။ ကြားလိုက်ရသည့်အကြောင်းတစ်ခုကနေ နောက်ဖြစ်ကြောင်းတွေကို တွက်ချက်မိပြီးဖြစ်ကာ ..၊

"ဟွန်း .."

ဝေဒ ကလည်း ကျေနပ်အားရလွန်းကာ အသံထွက်အောင်ခပ်မဲ့မဲ့ရယ်၏။ ဒီမိန်းမ 'ငွေ' ဆိုတဲ့ အသံကြားရင် မခံနိုင်ဘူးဆိုတာ သိပြီးသား..။

ဒါပေမယ့် သူ့ဘက်ကလည်း တန်အောင်ပေးမှာဖြစ်၏။ ပတ္တမြားတစ်ဆင်စာကို လွယ်လွယ်နဲ့ ရနိုင်မယ်ထင်ပြီး စိတ်ကူးယဉ်နေရှာသည့် သူမအဖြစ်က သနားစဖွယ် ..။

တစ်ယောက်တစ်မျိုး အတွေးတို့နှင့် ခန့်ညားစွာ ပြုံးနေကြသော်လည်း အတွင်းစိတ်သဏ္ဍာန်တွေထဲမှာတော့ ..၊



## အခန်း (၁၈)

"ရှင် လွှတ်နော် .."

"ငြိမ်ငြိမ်နေစမ်းပါကွာ .. မင်းကို ငါက ဒီထက်ပိုခွင့်မရှိတဲ့ကောင်၊ ငါဘာတွေလုပ်လုပ် မင်း မနစ်နာပါဘူး .."

"ဟင့်အင်း .. လွှတ် .. ရှင်နော် .. ရှင် .. ရှင် .. မလုပ်ပါနဲ့၊ တောင်းပန်ပါတယ် .. ကျွန်မက အဲ့လိုမိန်းမမဟုတ်ဘူး၊ မလုပ်နဲ့ .. မယုတ်မာနဲ့နော် .."

ဒေါ်ယုနေ ခြေလှမ်းတွေ စကားသံတွေကို နားစိုက်ရင်း အခန်းရှေ့က မခွာနိုင်ဖြစ်နေခဲ့၏။ ပြီးတော့ လက်သီးဆုပ် တက်ခေါက်မိ၏။

မယုတ်မာနဲ့ တဲ့ ..၊

မိန်းမက လူပါးဝလိုက်တာ၊ လင်နဲ့မယား ဘာဖြစ်လို့ ကျူးကျော်ခွင့်မရှိရမှာလဲ ..။ အခြေအနေအားလုံးကို သိနေပြီမို့ ဒီအိမ်ထောင်ရေးအကြားလူမဝင်လို့မရတော့ဘူးဆိုတာ ပိုသေချာလာသည်။

အခန်းရှေ့ကနေ တုံ့နှေးသော ခြေလှမ်းတို့နှင့်အတူ ဒေါ်ယုနေ ဘာလုပ်ရမည်ဆိုတာကိုပါ တွေးလာခဲ့မိသည်။ အားလုံးသော ကြံစည်

www.burmeseclassic.com



မှုတွေရဲ့အလယ်မှာ မင်းမင်း က ငရဲကျနေခဲ့လျက် ...၊

"ငါ သိပ်ကို အသုံးမကျတဲ့ကောင်ပဲ၊ မင်းလို မိန်းမမျိုးကို တစ်သက်လုံး အလှကြည့်သွားရင်း ကျေနပ်ရတော့မလိုလိုအချိန်တွေကို ငုတ်တုတ်ထိုင်ပြီး စိတ်ပျက်ဖြုန်းတီးပစ်နေမိတယ် .."

ထင်သလို ရှိုင်းစိုင်းစော်ကားနေရင်း အံကြိတ်မပြေနိုင်ဘဲ ဝေဒက ဟားတိုက်ရယ်၏။

"ခုတော့ ငါသိပြီ၊ ဟား .. ဟား .. ဟား .. အနာသိရင် ဆေးရှိရမှာပေါ့၊ ဟော့ .. နေဦး .."

စကားပြောမပျက်ဘဲ ထွက်ပြေးဖို့ပြင်လိုက်သည့် မင်းမင်း ကိုယ်လေးကို အကြမ်းပတမ်းဆွဲဖမ်းထားလိုက်ရင်း ...၊

"ဘယ်ကိုလဲ .. မင်းက ငါ့မိန်းမပဲ၊ ငါ့အခန်းထဲမှာ မိုးလင်းတဲ့အထိ ရှိနေတာ ဘာဖြစ်သွားနိုင်လို့လဲ .."

"ကိုဝေ .. ရှင် ဒီလိုနှိပ်စက်နေမယ့်အစား အသေသတ်ပစ်လိုက်စမ်းပါ .."

"မင်းက သေချင်နေတာလား၊ ဒါပေါ့ .. ချစ်သူကိုမြင်နေရပြီး မပေါင်းရမယ့်အတူတူ အသေခံပစ်လိုက်မယ်၊ ဟုတ်လား .."

"ရှင် အဲ့ဒီလိုမြင်နေရင်ပြောပါ .. ကျွန်မက .."

"မင်းကောင်ကို မင်း မပြတ်ဘူးလား .."

မင်းမင်း နှုတ်ခမ်းလေးကို ဖိကိုက်ထားမိရင်း မျက်ရည်တွေ တရစ်ရစ်ဝေ့လာ၏။ ကိုယ်ပေါ်မှာ ဖရိုဖရဲဖြစ်နေသည့် အဝတ်အစားတွေကို ကိုယ့်လက်နဲ့ကိုယ် ပြန်ဖိထားရကာ နောက်ထပ် ရိုင်းစိုင်းသော အနမ်းများကြောင့် တစ်ကိုယ်လုံးကို မားနဲ့ ပါးပါးကြိတ်လှီးခံနေရသည့်နှယ် ...။

"မင်းကို ဒီကောင် တစ်ယောက်ပဲ ချစ်တာမဟုတ်ဘူး၊ ငါလည်းချစ်တတ်တယ်၊ မင်းကို ငါချစ်လို့ရအောင် ယူထားခဲ့တာ၊ အဲဒါတွေ မင်း ခေါင်းထဲမှာ ရှိသေးရဲ့လား .."

"ဟင့်အင်း ..."



မေးခွန်းတွေနှင့်အတူ ကြမ်းရှသော ထိတွေ့မှုတွေက ချစ်ကြင်နာနေခြင်းမဟုတ်ဘဲ ရန်သူတစ်ယောက်က ရက်စက်စွာ နှိပ်စက်ဂလဲ့စားချေနေသည်နှင့်သာ တူလေသည်။

ပြီးတော့ ရှေးဟောင်းနှောင်းဖြစ်တွေကိုပြော၍ မနေ့တစ်နေ့က အတိတ်ကို ပြန်လည်တူးဆွ၏။ ပြီးတော့ မင်းမင်း ကိုယ်လေးကိုပွေ့ယူကာ မွေ့ရာပေါ်မှာ ချသိပ်၍ အတူတူလှဲအိပ်လိုက်သည်။

"မင်းကို ငါ ဘယ်တော့မှ လွှတ်ပေးမှာမဟုတ်ဘူး မင်းမင်း၊ ငါ့အဖြစ်ဆိုးကြောင့် မပေါင်းရတော့ဘူးဆိုတဲ့ အခြေအနေကို ငါရအောင်ပြောင်းလဲပစ်မယ်၊ ပါဝါ ဆိုတဲ့ကောင်ကို အနိုင်ရချင်လို့၊ ပြီးတော့ .. မင်းကို ဆုံးရှုံးမခံနိုင်လို့ .."

လူဖြစ်ရှုံးနေသည့် ကိုယ့်အဖြစ်ကို အကောင်းတိုင်းပြန်လိုချင်သေ မင်းမင်း အပေါ်မှာ ပြောဆိုဆက်ဆံမှုတွေက ရိုင်းစိုင်းကြမ်းတမ်းလာလေ...။

"ငါ့ရဲ့ လိုရာခရီးကို မရောက်နိုင်သရွေ့ မင်း အမြဲတမ်း ငရဲကျနေမှာပဲ၊ ငါ မင်းကို ချစ်ခွင့်ရပြီဆိုရင်တော့ .."

သေပါရစေ ...၊

သူမ ဒီလို စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဝဋ်ကြွေးတွေကိုပေးဆပ်ရင်းစောစီးစွာ သေပါရစေ ...။

ဒီငရဲကြောင့် ကိုယ့်ကိုယ်ကိုယ် သေပါစေ ဆုတောင်းမိ၏။ သူ အိပ်ပျော်သွားသည့်အချိန်မှာပဲ သူမ ကိုယ့်ကိုယ်ကိုယ်တောင် အပြေအပြစ်မပြုနိုင် ...၊

သူ့ဆီးကနေ လူးလဲထပြီး အခန်းထဲကနေ ပြေးထွက်လာခဲ့မိသည်။ ထိုစဉ် လူတစ်ယောက်နှင့် အင့်ခနဲဝင်တိုက်မိ၏။

"ဟင်!..."

တစ်ကိုယ်လုံး ရှက်သည့်စိတ်ကြောင့် ဖျန်းခနဲပူထူသွားသည်။ ပြီးတော့ မျက်နှာငုံ့ကာ သူ့ကိုတိုးတိုက်၍ ထွက်ပြေးခဲ့မိ၏။

"မ .."

www.burmeseclassic.com

www.burmeseclassic.com



ပါဝါ က ငေးခနဲကြည့်နေပြီးမှ လက်ကိုကမန်းကတန်းပြန်ဆွဲ၏။ လက်ဖျားလေးကို မီလိုက်ပေမယ့် ပြန်၍လွတ်ထွက်သွား၏။

"မ .."

ခြေနှစ်လှမ်းလောက် ဆက်လိုက်မိသေးသည်။ ဒါပေမယ့် မင်းမင်း ရဲ့ ဖရိုဖရဲပုံစံကို သတိရလိုက်ကာ သူ့ခြေလှမ်းတွေ နေရာမှာပဲ တုံ့ခနဲ ရပ်၏။

ပြီးတော့ မင်းမင်း ထွက်ပြေးလာခဲ့သော အရပ်မျက်နှာဆီ သူ့အကြည့်တွေ စူးစူးရဲရဲရောက်သွားခဲ့သည်။

"တောက် ..."

ညဦးနက်နက်မှာ သူ့ရဲ့ တက်ခေါက်သံက ပြတ်ရှကျယ်လောင်သွားသည်။ ပြီးတော့ ကိုင်ထားသည့် ရေသန့်ဘူးကို နံရံဆီတအားလွှဲပေါက်ပစ်၏။

"ဒုန်း ..."

"ဒုန်း ..."

ထိခတ်မိသံ နှစ်ချက်ဆက်တိုက် ထွက်ပေါ်လာခဲ့၏။ ညဦးနက်ပြီဆိုတာ မသိ၊ သူများအိမ်ဆိုတာကိုလည်း မေ့နေသည်။ ရင်ထဲမှာရှိနေတာက ဝေဒ ကို နုပ်နုပ်စင်းပစ်ချင်နေ၏။

ဝေဒ ကို သူ လုံးဝ ဂရုမစိုက်ပေ ..။ 'မ' ကိုလည်း ရင်ထဲမှာ နင့်နေအောင် ချစ်သည်။ ဒါပေမယ့် သူနဲ့ 'မ' အဖြစ်ကို ဘယ်လိုပြောရမလဲ..။

ဒီနေရာမှာ 'မ' ကို သူ လာရောက်တွေ့မြင်နေခြင်းဟာ 'ပြေးနေပေမယ့် လိုရာကို မရောက်၊ ဖမ်းကိုင်ထားပေမယ့် လက်ထဲမှာ ဆုပ်ကိုင်မိသည်မထင် ..' ..။

သူ အိပ်မက်မက်နေတာလား ..၊

'မ' နဲ့ သူ အိပ်မက်ထဲမှာ ပြန်ဆုံနေမိတာလား ..၊

အိပ်မက်တွေဆိုရင်လည်း မြန်မြန်နိုးထပါရစေ ..၊

ဒီလိုမှ မဟုတ်လျှင် ပေါက်ကွဲခွင့်မရှိသော ဒေါသမောဟမီးတွေ



ကိုယ့်ကိုယ်ကိုယ် ပြန်လည်လောင်မြိုက်ပြီး ဖယောင်းတိုင်လို တအိအိ အရည်ပျော်၍ သေတာထက်အဖြစ်ဆိုးနိုင်၏။

"ဒီလောက်တောင် ခံစားနေရသလား ကိုပါ .."

အသံကြားတာနှင့် ဒေါသကထောင်းခနဲဖြစ်၏။

"မင်း ဘာလာလုပ်တာလဲ .."

မင်းမင်းသော် က ညဝတ်ဂါဝန်အပြာနုနု ပါးပါးလေးနှင့် ညတရင့်ပေမယ့် သူမ တစ်ကိုယ်လုံးမှာတော့ ဖျိုးဖျစ်သော အလှတွေစုဝေါင်း ခညောင်းလျက် ..၊

"ရှင့်လိုပဲ ညမှုညတာ ရေသောက်တာ၊ အပေါ့သွားတာ ဘာညာ ကိစ္စနဲ့ပေါ့၊ ဒါပေမယ့် နောက်ထပ်ကိစ္စပေါ်လို့ ဒီနားထိ လျှောက်လာမိတာပါ .. ရှင်က .."

"ငါ ဘာဖြစ်နေနေ မင်းနဲ့ မဆိုင်ဘူး .."

"ဆိုင်တာပေါ့ ကိုပါ ရဲ့၊ ကိုပါ က ဟိုတစ်ယောက်နဲ့ အဆက်ပေါင်းတွေမှန်း အန်တီယု က သိတယ်၊ ဒါကြောင့် မင်းမင်း တို့ကို မကြည်ဘူး၊ ရှင်က ခေါ်လို့ လိုက်လာခဲ့တာပေမယ့် သူများ ငြိုငြင်နေရင်တော့ မင်းမင်း ချက်ချင်းထပြန်သွားခွင့်ရှိတယ်နော် .."

ကိုယ့်ရဲ့ အစီအစဉ်အတွက် ခြေဆင်းလေးဝင်လိုက်သည်။ ပါဝါ က ဆတ်ခနဲလှည့်ကြည့်၍ ..၊

"ဘာလဲ .. မင်းကို ဝေဒ စည်းရုံးလိုက်ပြီလား .."

ပါဝါ က မီးရောင်အောက်က မင်းမင်း ရဲ့ အလှတရားတွေကို ရှုစရာမြင်ကွင်းတစ်ခုလို စိုက်ကြည့်ပြီး မဲ့၍ ..၊

"ဝေဒ က မင်းရဲ့ ဆရာကြီးပဲ၊ ဒီလိုတွေဖြစ်လာနိုင်တာ ငါ မတွေး မိဘဲနေမလား၊ ဟွန်း .. ပြီးမှ ငါ့ကို ကြာကူလီ မယားခိုးဆိုတဲ့ ပုဒ်မတွေ နဲ့ ခုက္ခပေးချင်လို့ .."

ဒီတစ်ခါ မင်းမင်းသော် အံ့ဩသွားခဲ့လေသည်။ ပါဝါ ဒီလောက် ထိ မြန်မြန်ကြီးသိသွားလိမ့်မယ်လို့ မထင်ခဲ့တာအမှန် ..။

www.burmeseclassic.com

www.burmeseclassic.com



"ငါ ဘာလို့ ဂရုမစိုက်ဘဲ မင်းကို ခေါ်လာတာလဲ သိလား၊ သူ့ ဘာလေးလေး ငါ့လောက်ပေးနိုင်မှာမဟုတ်ဘူးဆိုတာ သေချာနေလို့ .."

"ရှင်က သူများရဲ့ မာနကို ရိုက်ချိုးတာပဲ၊ ရှင့်စကားကြောင့် ပိုဆိုး သွားနိုင်တယ်ဆိုတာရော တွေးမိရဲ့လား .."

"ပိုဆိုးစရာမှ မရှိတာ၊ မင်း သူပေးတာကိုယူပြီး ငါ့ဓနီးအဖြစ်က နေ နှုတ်ထွက်သွားမှာလား .."

မင်းမင်းသော် ဆွံ့အသွား၏။ ပါဝါ က တစ်ဖက်လှည့်၍မှဲ့သည်။ ပြီးတော့ လှည့်မကြည့်တော့ဘဲ ထွက်ခွာသွားခဲ့ရင်း ...၊

"မင်း သွားမယ်ဆို လှေကားခြေရင်းက အနီရောင်ဆလိုက်တံခါး နောက်မှာ သော့ရှိတယ် .."

"ကိုပါ .. ရှင်က .."

မင်းမင်းသော် ပါဝါ့ နောက်ကို ချက်ချင်းပြန်လှည့်လိုက်သည်။ သို့သော် အခန်းရှေ့ရောက်သည်နှင့် ဂျိမ်းခနဲဆောင့်ပိတ်သွားသည့်တံခါး ကြောင့် ကိုယ့်ကို မတိုက်မိအောင် ကမန်းကတန်း ပြန်ဆုတ်လိုက်ရသည်။

ဘယ်တုန်းကမှ တစ်ခန်းတည်းအတူနေခွင့်မရခဲ့သော အမုန်းခံ သတို့သမီး ...၊

ဒါမှမဟုတ် ဆန်ပြားပေးမယ့် မခမ်းနားခဲ့သော သူမရဲ့ အာဝါဟ မင်္ဂလာ ...၊

အခန်းရှေ့မှာ တောင့်တောင့်လေးရပ်နေရင်း ဝေဒ ကို သတိရမိ၏။ ပြီးတော့ ဘာကိုမှန်းမသိဘဲ ရယ်ချင်လာတော့ ပြုံးလိုက်မိသည်။

ယောကျ်ားတိုင်းကို သူ့လိုပဲ ထင်နေသည့် ဝေဒ ...၊

နေရာတိုင်းမှာ မတူညီမှုတွေ ဒွန်တွဲရှိနေတတ်တယ်ဆိုတာ မသိ လေရော့သလား ...၊



## အခန်း (၁၉)

ရှေ့ကနေ ဘွားခနဲပေါ်လာသည့် ကားတစ်စီးကြောင့် ဝေဒ ဟာခနဲ ဖြစ်သွားသည်။ ရုတ်တရက် ဘာလုပ်ရမှန်းမသိဖြစ်သွားကာ ဘယ်လိုမှ ရှောင်မလွှတ်နိုင်တော့သည့် အခြေအနေပေမယ့် ဘရိတ်ကို အားကုန်ဖိနင်း ဝင်လိုက်၏။

"ကျွိ .. ကျွီး .."

ကားက ဦးတိုက်ရပ်တန့်သွားကာ ဖင်ပိုင်းက သုံးဆယ်ဒီဂရီလောက် လည်ထွက်သွား၏။ ဝေဒ မျက်လုံးတွေ ပြာဝေနေလျက် တစ်ဖက်ကား ကိုလည်း ဒေါသ မဖြစ်နိုင်သေး ...၊

တဒိုင်းဒိုင်းဆောင့်ခုန်နေသည့် ရင်ခုန်သံတွေနှင့် ထိတ်လန့်သွား သောကြောင့် လူက မှုးမှုးမိုက်မိုက်ဖြစ်နေဆဲ ...၊

"ဘယ်လိုလဲ .. သေဖို့နီးသွားတော့ ခြေမကိုင်မိလက်မကိုင်မိ ဖြစ် သွားသလား .."

ဟင်!...၊

နေပါဝါ ...၊

www.burmeseclassic.com



ကတုန်ကယင်ဖြစ်သွားသည့် ကိုယ်က မတ်ခနဲပြန်ဖြစ်၏။ ပြီးတော့ မော့ကြည့်လိုက်မိသည်။ ဆောင်းဘီရှည်အနက် ဆွယ်တာထည်ကပ် အနက်နှင့် ခိုပြာရောင် ကုတ်အင်္ကျီရှည်က လက်စကမို့ ခေတ်ရဲ့စတိုင်လ်ကတော့ အပြည့်ပင် ...။

ပြီးတော့ ရွှေကိုင်းနှင့် ခိုပြာရောင်မျက်မှန်ကြောင့် မင်းသားပုံပေါက်နေ၏။ ရှေးဘဝက ဆုတောင်းကောင်းနှင့် ပြီးပြည့်စုံစွာ မွေးဖွားလာခဲ့သော နေပါဝါ ...။

ဒီလိုကောင်က ဘာဖြစ်လို့ သူများလက်ထဲက မိန်းမကိုမှ လက်မလွှတ်နိုင်ဖြစ်နေရတာလဲ ...၊

ပါဝါ့ ကို မြင်လိုက်ရတိုင်း သိမ်ငယ်နေရသည့်စိတ်က ခုထိ ဒီလို ခံစားနေရသည့် ကိုယ့်အဖြစ်ကို တွေးမိတော့ ဒေါသတွေဖြစ်လာ၏။

"မင်းက ငါ့ကိုကားနဲ့တိုက်သတ်ပြီးတော့ ဘာလဲ .. 'သူ့မယားလိုချင် သူ့လင် လုံးနဲ့ထိုး' ဆိုတဲ့ ရာဇဝင်ကို ပြန်လည်ဆန်းသစ်မလို့လား..."

"ဟုတ်တယ် .. ဘယ်ရာဇဝင် ဘယ်သမိုင်းဖြစ်ဖြစ် ပြောင်းပြန်လှန်ပစ်ဖို့ ဝန်မလေးဘူး၊ ဒါပေမယ့် မင်းလိုကောင်ဆီကဆိုရင် ငါ့ရာဇဝင် ညစ်သွားမှာပေါ့ .."

ပါဝါ က တစ်ခွန်းမှ နောက်မကျမခံဘဲ ပြန်ပြောသည်။ ပြီးတော့ ကားပေါ်မှာ လက်နှစ်ဖက်ထောက်၍ မှန်ထဲကို ငုံ့ကြည့်ကာ ...၊

"မင်း လက်ထဲက မိန်းမကို ယူဖို့အတွက် မင်းကို သတ်ပစ်ဖို့မလိုဘူး ဝေဒ ...၊ ဟွန်း ဒါလေးဖြစ်တာကို တော်တော်ကြောက်ဒူးတုန်သွားတဲ့ပုံပဲ .."

"ဟိတ်ကောင် မင်းလုပ်လိုက်တာ ကြည့်ဦး၊ ငါ မင်္ဂလာမဆောင်ခင်တည်းက ဆိုင်ကယ်လ်ကို ဘရိတ်ဖြုတ်ပြီး ငါ့ကို သတ်ဖို့ မင်းကြိုးစားခဲ့တာ ခုလည်း .."

"မျက်လုံးလေး ဘာလေး ပွတ်ကြည့်ပါဦး၊ ငါ့ကားနဲ့ မင့်ကား ခြောက်လက်မလောက်ကွာနေသေးတယ် .."



စိတ်တိုနေပေမယ့် ကြည့်ဆိုတော့လည်း မျက်လုံးက ရောက်သွားမိသည်။ ကားချင်းက တကယ်ပဲ ကွာနေပါသေးသည်။ ဒါပေမယ့် ဒေါသကတော့ ရင်ထဲမှာ ဒီတိုင်းမယုတ်မလျော့ ရှိနေဆဲပင် ...။ သူ့မှာ သွေးအားနည်းရောဂါ ရှိသည်။

စိတ်လှုပ်ရှားသည့် ဒဏ်ကို သူ ဘယ်လိုမှ မခံနိုင်ပေ ...၊

တစ်ခါတစ်လေ သွေးပျက်ချောက်ချားဖွယ်ကြုံရပြီဆိုလျှင် တစ်ပတ်ဆယ်ရက်လောက် အနားယူရတဲ့အထိ ဖြစ်သွားတတ်တာတွေလည်း ခဏခဏ ...။

ကိုယ့်ရောဂါနဲ့ ကိုယ့်အကြောင်းက မှန်ပေမယ့် ပါဝါ့ နှုတ်ဖျားက ကိုယ့်ကို 'လူကြောက်' ဆိုပြီး လှောင်ပြုံးနဲ့ ဖွဲ့တာကိုတော့ မခံနိုင် ...။

"မင်းလိုကောင်နဲ့ ငါ ဘာမှမပြောချင်ဘူး၊ အခု မင်းပြော .. ဒီလိုလုပ်တာ ဘာကိစ္စလဲ .."

"ဘာကိစ္စထင်လို့လဲ .."

"ဘယ်သိမလဲ .. မင်းလိုကောင်မှာ မျိုးသိပ်ကြံစည်နေသမျှ ဘာတစ်ခုမှ ကောင်းကျိုးမပါနိုင်ဘူးဆိုတာ အရှင်းကြီး .."

"ဟုတ်တယ် .. ဒါပေမယ့် မင်းအတွက် သီးသန့်တွေချည်းပဲ.."

ပါဝါ က လက်တစ်ဝါးစာလောက်ပဲ ချထားသည့် မှန်အပြင်ထနေ ဝေဒ မျက်နှာကို စားမတတ် ဝါးမတတ်ကြည့်ကာ ...၊

"ကိုယ်လက်ထပ်ထားတဲ့ သားမယားကို ပြည့်တန်ဆာလို ဖြူဆက်ဆံနေတာတွေ မင်းဘယ်တော့ ရပ်မလဲ .."

"ဘာ!..."

ဝေဒ မျက်နှာပျက်သွားသည်။ ပါဝါ ဘာပြောလိုက်တာလဲ ...၊

ဒီကောင် ဘာတွေသိထားလို့လဲဆိုတာ အပြေးအလွှားစဉ်းစား၏။

"မင်းကို ငါ သတိပေးပြီးသား၊ 'မ' ကို မင်းပိုင်တယ် ဒါပေမယ့် ဘယ်လိုပိုင်ဆိုင်တယ်ဆိုတာတွေ ထပ်ပြဖို့မလိုဘူး .."

နီရဲနေသည့် မျက်နှာမှာ ရင်ထဲကသောကမီးတွေ ဘယ်လောက်

www.burmeseclassic.com

www.burmeseclassic.com



ထိ ပြင်းထန်နေသလဲဆိုတာ တွေးကြည့်ဖို့တောင် မလိုပေ ..။ ဒါပေမယ့် ဘာကိုသိသွားလို့ ဒီလောက်ထိ ပေါက်ကွဲလာတာလဲဆိုတာကို ဝေဒ က တွေးနေခဲ့၏။

ထို့ကြောင့် ပါဝါ ကိုမော့ကြည့်နေရင်း သူတစ်ခွန်းမှ တုံ့ပြန်မပြောဖြစ် ..။ ထိုစဉ် ..၊

"ဟာ .. ဟိတ်ကောင် .. မင်း ဘာလုပ်တာလဲ .."

သေလုမျောပါး တားဆီးလိုက်ပေမယ့် နောက်ကျသွား၏။ ပါဝါ က လက်တစ်ဝါးစာလောက်ပဲ ချထားသည့် မှန်ကွတ်ခမ်းနားမှာ လက်သီးဆုပ်နဲ့ ကပ်၍ စက်ဝိုင်းခြမ်းပုံစံ ခြစ်ပစ်လိုက်သည်။

ပြီးတော့မှ ထိုခြစ်ရာလေးကို အသာလေးဖဲ့ယူပစ်လိုက်၏။ လွှင့်ရှားပစ်လိုက်တော့ သူ့မျက်လုံးပြူးခနဲဖြစ်သွားသည့် ခဏလေးအတွင်းမှာပဲ ဖြစ်လေသည်။

"မင်း ဘယ်လိုကောင်လဲ ပါဝါ ..၊ ဘာဖြစ်ဖြစ် ဘာလုပ်ရလုပ်ရ မင်း ဘာမှ ဝန်မလေးဘူး၊ ဒီလောက်တောင် မင်း ရိုင်းလှချေလား .."

"ရိုင်းတယ် .. မင်း မှန်မချရဲဘူးထင်လို့ ချစရာမလိုအောင်လို့လေ၊ ခုမှ အဆင်ပြေသွားတာ .."

"တောက် .."

လခြမ်းပုံ ချိုင့်ဝင်ပဲ့ထွက်သွားသည့်မှန်ကို ကြည့်၍ တက်ခေါက်မိသည်။ ပြီးတော့ တံခါးဖွင့်၍ ရှူးရှူးရှားရှား ဆင်းလိုက်ကာ ..၊

"မင်းက နေရာမရွေးပေမယ့် ငါက ရွေးရတယ်၊ မင်းက ဘာမှ မဟုတ်တဲ့ကောင်မို့လို့ ပြဿနာမရှိပေမယ့် ငါက 'နေတော်ဝင်' လုပ်ငန်းစု အားလုံးရဲ့ သူဌေး .."

"ဟား .. ဟား .. ဟား .."

"ဒါ လူတွေ ကားတွေ သွားနေကြတဲ့ လမ်းမ၊ မင်း ဘာပြောချင်တာလဲ၊ အိမ်မှာပြောလို့ရတယ်၊ မဟုတ်ရင် တခြား .."

"မင်းက လူမြင်မခံဝံ့တဲ့အတွက် တခြားနေရာရွေးဖို့လိုပေမယ့်



ငါက မလိုဘူး .."

"မင်း လျှောက်ပြောမနေနဲ့ .."

"ဝေဒ .."

ပါဝါ က ဝေဒ မျက်နှာရှေ့ကို ထပ်တိုးလိုက်ကာ ဘေးက ဝေါခနဲ ဖြတ်သွားသည့် ကားတစ်စီးဆီ လှည့်ကြည့်သည်။ ထိုကားသံဝေးသွားမှ ..၊

"မင်းကို ငါ ထပ်ပြီး သတိပေးမယ်၊ 'မ' ကို စိတ်ဖြစ်ဖြစ် လူဖြစ်ဖြစ် နာကျင်အောင်မလုပ်ပါနဲ့၊ မင်းက ဖြစ်စေ မင်းအပေါ်က ဖြစ်စေ ဘယ်သူ့ကြောင့်ဖြစ်ဖြစ် ငါတုံ့ပြန်မှာက မင်းကိုပဲ .."

"မင်းက ငါ့ကို သတိပေးတယ်ဟုတ်လား .. ငါ့ ကွန်ပျူတာထဲက ဖိုင်တွေဖျက်ဆီးပြီးတော့လား .."

"သိပ်မှန်တာပေါ့ .. ဒါဘာမှမဟုတ်သေးဘူး၊ နောက်ထပ် မင်းရဲ့ ပျောက်ပျက်မခံနိုင်တာတွေ .."

"ပါဝါ မင်းရူးနေပြီ၊ ဆောင်းမင်းသမီး ဆိုတဲ့မိန်းမကြောင့် မင်း ရူးသွားပြီ .."

"မင်းကြောင့်လေ .. ငါ ရူးလောက်အောင် ချစ်နေတဲ့မိန်းမကို သေစာရွာ ကြံစည်ပြီး ယူခဲ့တာ မင်းလည်း ရူးလို့ပဲ .."

"ဘာဖြစ်ဖြစ် .. သူ့ကို ငါပိုင်ပြီးပြီ၊ ငါက သူ့ရဲ့ ကာမပိုင် လင်ယောကျ်ား .."

"ဒါပေါ့ .. မင်းက ရတာယူဖို့ပဲ တတ်တာကိုး .."

ဝေဒ မျက်နှာ ရဲခနဲဖြစ်သွားသည်။ ပါဝါ က ပမာမခန့်ပြုံးလိုက်ပြီး ကိုင်ထားဆဲရှိသည့် မှန်ကွဲစလေးကို ကားထဲ ပစ်ထည့်လိုက်သည်။

ပြီးတော့ လက်သီးဆုပ်အုံကြိတ်လိုက်သည့် ဝေဒ ပခုံးပေါ်လက်တစ်ဖက်တင်၍ ..၊

"ရတာယူဖို့ စိတ်ကူးနဲ့ မင်း ကြံစည်ခဲ့တာမို့လား၊ ဘာဖြစ်လို့ ဒီလောက်နဲ့ မကျေနပ်နိုင်တာလဲ .."

www.burmeseclassic.com

www.burmeseclassic.com



ဝေဒ က ပခုံးပေါ်က လက်ကို ဖယ်ချပစ်လိုက်၏။ သို့သော် ပါဝါ က သူ့အင်္ကျီစကို ဆုပ်ဆွဲပစ်လိုက်သဖြင့် ကျောနဲ့ရင်ဘတ်မှာ တင်းကျပ်သွားကာ ...။

" 'မ' ကို မနိုပ်စက်နဲ့၊ မဟုတ်ရင် သူ့ကို လွတ်လပ်ခွင့်ပေးလိုက်.."

"ဘာတွ ..."

"တစ်ခုကို မင်း ရွေးလိုက် .."

"တစ်ခုမှ မရွေးဘူးဆိုရင်ရော .."

"မင်းအတွက် နောက်ထပ် ဂိမ်းတစ်ခု ငါပြန်ရေးမယ် .."

မင်းက ဘာမို့လို့ စိန်ခေါ်ပြန်တာလဲ ပါဝါ ...။ ဒီဂိမ်းကို မင်းပြီးဆုံးအောင် ကစားနိုင်မှာမို့လို့လား ...။

မင်းရဲ့ သွေးထဲမှာ မင်းအတွက် သေမင်းတမန်ပိုးတွေ ရောက်နေပြီ ...။

မျက်မှောင်ကုတ်၍ စူးစိုက်ကြည့်နေသော ဝေဒ မျက်လုံးထဲမှာ ရက်စက်ကောက်ကျစ်မှုတွေနဲ့ အရောင်တလက်လက်ဖြစ်နေကြသည်။

ဒါကို ခွဲခြားမသိပေမယ့် ပါဝါ ကလည်း ဂရုမစိုက်သည့် မဲ့ပြုံးနှင့် ...၊

"အများကြီးမဟုတ်ဘူး၊ မင်းကို ငါ ပါးပါးလေးလှီးသွားမှာ .."

ဝေဒ က အသံထွက်၍ ရယ်သည်။ ပြီးတော့ ပါဝါ လွှတ်ပေးလိုက်သည့် ပခုံးအင်္ကျီစကို ဖြည်၍ လက်ဖျားနှင့် တောက်ခါထုတ်ပစ်ရင်း ...၊

"ငှက်မို့လို့ လေမှာဝဲနေနိုင်တာ မာန်တက်မနေနဲ့ ပါဝါ၊ မနားတမ်းပျံနေနိုင်တဲ့ ငှက်မရှိဘူး .."

"ဥပမာက ကောင်းတယ် .. ဒါပေမယ့် ငါက ငှက်မဟုတ်ဘူး.."

ပါဝါ က မျက်မှန်ကိုချွတ်၍ သူ့ရင်ဘတ်ကို မျက်မှန်နဲ့ တို့လိုက်ပြီး ...၊

"ငါ မရိုပ်မိနိုင်တဲ့ မင်းဆီက နောက်ထပ် ဖစ်မယ့်လက်နက်ပုန်းတွေကြောင့် သိပ်ပြီး ဝမ်းသာအားရဖြစ်မနေနဲ့၊ မင်းကို ငါ လွှတ်ငြိမ်း



ခွင့်ပေးတဲ့အခါ ဝမ်းသာဖို့ မရှိတော့ဘဲ ဖြစ်သွားလိမ့်မယ် .."

ပြောပြီး ပါဝါ က လှည့်ထွက်သွားလျှင် ဝေဒ တက်ခေါက်၍ ...၊

"ဘာလဲ .. ဟိတ်ကောင်၊ ပြောင်းပြန်တွေပြောနေတာလား၊ မင်းကို လွှတ်ငြိမ်းခွင့်ပေးဖို့ မပေးဖို့ စဉ်းစားရမှာက ငါပါ .."

"ဆုတောင်းလေ .."

လှည့်မကြည့်ဘဲ အသံကိုချန်ရစ်ကာ လက်တစ်ဖက်မြှောက်၍ ကတ်ကြေးလိုလုပ်ပြသွားသည်။ တနုံ့နုံ့ကျန်ရစ်ခဲ့တာက သူပဲဖြစ်ကာ ကားထဲကို ဝုန်းခနဲဝင်ထိုင်လိုက်မိ၏။

မကျေနပ်ချက်မှန်သမျှဟာ ဆောင်းမင်းသမီးဆိုသော သူမထံမှာသာ စုပြုံနေခဲ့လျက် ...။

မင်းကြောင့် ...၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

"ပြန်တော့မလို့လား အပါ .."

ဒေါ်ချစ်ချစ် က မေးခွန်းနှင့်အတူ သူ့ရှေ့ရောက်လာသည်။

"အစ်ကိုကြီးက သက်သာနေပေမယ့် သူ့သားကိုတော့ အနားမှာ ရှိနေစေချင်မှာ .."

"ကျွန်တော်ရှိနေလည်း ဆရာဝန်ကုပေးမှ ဝေဒနာသက်သာတာ.."

"ဒါတော့ ဒါပေါ့ သားရယ် .."

သားလို့ခေါ်လိုက်တာနှင့် ပါဝါ့ အကြည့်က စူးခနဲရောက်လာ၏။ ပြီးတော့ အားကနေ ကွေ့ရှောင်သွားဖို့ ခြေလှမ်းပြင်၏။

"အပါ .."

ဒေါ်ချစ်ချစ် က တားဆီးလိုက်ပေမယ့် အပါ နားဝင်ချိုအောင် ဘယ်လိုစကားလုံးနဲ့ ပြောရမှန်းလည်း မသိ ..။

"မင်း ပြန်တော့မလို့လား အပါ .."

ဦးသိန်းဖံ က အပြင်ကဝင်လာတာဖြစ်ကာ ဒေါ်ချစ်ချစ် ကို တစ်ချက်ကြည့်ကာ သူ့ဘက်ပြန်လှည့်၍ ..၊



"ကိုကြီးမောင် နဲ့ စကားပြောပြီးပြီလား .."

"သက်သာနေပါပြီ .."

စကားမပြောချင်လို့ ထလာတာလို့ ပြောလိုက်တာလား ..၊

ဦးသိန်းဖံ မျက်လုံးတွေ ဒေါ်ချစ်ချစ် ဆီ ရောက်သွားပြန်၏။ ဒေါ်ချစ်ချစ် က မျက်နှာမသာမယာနှင့် ခပ်လွှဲလွှဲနေကာ ..၊

"ကျွန်မ အစ်ကိုကြီးအတွက် နေ့လယ်စာ လုပ်ပေးလိုက်ဦးမယ်နော်.."

ဘယ်သူ့ကိုဆိုတာ မပြောပေမယ့် ဦးသိန်းဖံ က ခေါင်းညိတ်လိုက်တာ ပါဝါ ခြေလှမ်းပြင်နေတာကိုကြည့်၍ ..၊

"လူလေးရာ .. မင်းက ကိုယ့်အိမ်ကိုလာတာ ဧည့်သည်လိုပါလား.."

"ဧည့်သည်ပဲဟာ .."

"မဟုတ်သေးဘူးလေ .. မင်းအဖေ ခုလိုဖြစ်သွားတာ မင်းအတွက် ရေကူးကန်ကို ပြန်ပြင်ရင်းနဲ့ ပင်ပန်းလို့ဖြစ်သွားတာ မင်းမရှိတည်းက.."

"ကျွန်တော် မရှိတော့မှ သူ့ရဲ့ မဟောသီက ကိုယ်ဝန်မဆောင်နိုင်တဲ့ မိန်းမဆိုတာ သေချာသိသွားလို့ဖြစ်မှာပေါ့ .."

"ကျွတ် .."

"ကျွန်တော် ခုလာခဲ့တာ ဖေဖေ့ ကျန်းမာရေးကြောင့်ပဲ၊ လွမ်းဆွတ်သတိရတာတွေ မပါဘူး .."

"သားသမီးတွေ အချိန်တန်အရွယ်ရောက်လာကြရင် မိဘအိမ်ကို အားနဲ့ကြတာပါပဲ၊ ဒါပေယ့် တစ်ယောက်တစ်လေလွမ်းတဲ့လူတော့ ရှိမှာပေါ့၊ ဒီထဲမှာ မင်းမပါဘူးဆိုတာ မဆန်းပါဘူး .."

"ကျွန်တော် သွားတော့မယ် .."

"ဒီတစ်ညလောက်တော့ ထပ်ပြီး .."

"တစ်နာရီလေးတောင် ထပ်မနေနိုင်တော့ဘူး .."

"ဘာဖြစ်လို့လဲ .."

"ဒီနေရာက ကျွန်တော့်ကိုမလိုသလို ကျွန်တော့်အတွက်လည်း မလိုအပ်ဘူး .."

www.burmeseclassic.com

www.burmeseclassic.com



"လူလေးရယ် .. မင်းမှာ ဘိုးဘွားတွေလက်ထက်က အမွေအနှစ်တွေနဲ့ သုံးဖြုန်းမကုန်အောင် ချမ်းသာပါတယ်၊ ပြောရရင် မင်းအဖေကိုယ်တိုင် မင်းလောက် မချမ်းသာဘူး၊ တို့တွေက မင်းအတွက် အမွေထိန်းတွေဆိုရင်လည်း ဟုတ်တယ် .."

"မဟုတ်တာက ဘာလဲ ..."

ကောက်ခနဲမေးလိုက်တော့ အရိုင်းဆန်နေသည့် မျက်လုံးတွေကို ဦးသိန်းဖံ က စိုက်ကြည့်၏။

"မဟုတ်တာက အမွေအနှစ်တွေကို မင်း မလိုချင်ရင် မယူလို့ရတယ်၊ မင်းရဲ့ မိဘ စိတ်ချမ်းသာ အသက်ရှည်ဖို့အတွက် သားကောင်းတစ်ယောက်ရဲ့ တာဝန်ကိုတော့ ကျေရမှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ မိဘဆိုတာ မသေခင်မှာပဲ ကျေးဇူးဆပ်ပြုစုခွင့်ရမှာ၊ သူ မရှိတော့မှ မင်းကိုယ့်ကိုယ်ကိုယ် ဆွဲကြိုးချသေချင်လောက်အောင် နောင်တတွေရနေလည်း အလကားပဲ .."

တစ်ချက်တော့ ငိုင်သွားပေမယ့် မရိုတရိုမဲ့ပြုံးနှင့် ပါဝါ က မော့လာ၏။

"ဖေဖေ မသေနိုင်သေးပါဘူး၊ 'မိန်းမငယ်ငယ်လှလှလေးကိုယူထားရင် အဲဒါ နုပျိုဆေးပဲ' လို့ ပြောကြတယ်၊ နောက်ထပ် အသက်အများကြီးရှည်ဦးမှာ .."

"နေပါဦး အပါ .."

ပါဝါ ခြေလှမ်းပြင်တိုင်း ဦးသိန်းဖံ က တားဆီးနေကာ ..၊

"လေးလေး ကိုယ်တိုင်,ဒီမှာ လာစောင့်အိပ်တာ လေးရက်ရှိပြီ၊ မင်း တစ်ညလေးဖြစ်ဖြစ် နေသွားပါဦး၊ မင်းကို တားနေတာက ကိုကြီးမောင် က စကားပြောချင်နေလို့ပါ၊ မင်း စိတ်ကြိုက် သူ အားလုံးကို .."

"ကျွန်တော် ဒီမှာမနေရတာကိုပဲ ကြိုက်တယ် .."

"ခက်တော့တာပဲ .."

"အဲဒါပဲ ဖေဖေ့ကိုပြောပေးပါ .."



"ဖေဖေ ကြားပါပြီ .."

တိုးသဲ့သောစကားသံကြောင့် ပါဝါ မျက်နှာပျက်သွား၏။ ကျောခိုင်းထားပေမယ့် ဖေဖေ ထွက်လာတာကို သိလိုက်ကာ ဒီအကြောင်း ဒီမှာတင်ပြီးတော့မှာမဟုတ်မှန်းလည်း တွေးမိလေသည်။

"ကိုကြီးမောင် .. ဘာလို့ထွက်လာတာလဲ၊ သိပ်လှုပ်လှုပ်ရှားရှား မလုပ်ပါနဲ့လို့ ဆရာဝန်မှာထားတာကိုဗျာ .."

ဦးသိန်းဖံ ကပျာကယာပြေးတွဲ၏။ ဦးမောင်မောင်ကြီး ကိုတွဲလာသည့် မဲပြာ က ဦးသိန်းဖံ လက်ထဲပြောင်းပြီးတာနှင့် ခေါင်းငုံ့၍ ထွက်သွားသည်။

"သားနဲ့ စကားပြောချင်လို့ပါ၊ ငါ သက်သာနေပါပြီ .."

ဦးမောင်မောင်ကြီး က ပါဝါ့ မျက်နှာကိုပဲကြည့်ကာ ညောင်ခန်းရဲ့ ထိပ်ဆုံးမှာထိုင်လိုက်ပြီးတဲ့အထိ မျက်လုံးမလွှဲခဲ့ဘဲ ..။

"ခဏလောက်ပဲထိုင်ပါ .. ဖေဖေလည်း စကားအကြာကြီးမပြောနိုင်ပါဘူး .."

ထပ်ပြောမှ ပါဝါ က ဦးမောင်မောင်ကြီး ရှေ့မှာဝင်ထိုင်သည်။ ဦးသိန်းဖံ က ဦးမောင်မောင်ကြီး ရဲ့ ဘယ်ဘက်မှာ ထိုင်နေလျက် ..၊

"ကိုကြီးမောင် ဘာပြောချင်မှန်းမသိပေမယ့် ကျွန်တော်လည်း သိချင်နေတာတစ်ခုကို အရင်မေးခွင့်ပြုပါ .."

ပါဝါ က လူကြီးနှစ်ယောက်စလုံးကို တစ်လှည့်စီကြည့်၏။ စကားပြောခြည်ဆိုလို့ ဝင်ထိုင်လိုက်တုန်းက စိတ်နဲ့ကိုယ်က သက်တောင့်သက်သာ ..၊

တရားခံတစ်ယောက်လို တစ်ယောက်တစ်လှည့်စစ်မေးခံဖို့ လာထိုင်တာမျိုးကိုတော့ ဘဝင်မကျပေ ..။

"မဟုတ်ဘူး လူလေး .. လေးလေး ပြောချင်တာက လေးလေး ဘက်မှာ အပြစ်ဖြစ်သွားသလားဆိုတာ သိချင်လို့ပါ .."

သူ မျက်မှောင်ကုတ်သွားတာနှင့် ဦးသိန်းဖံ က ရှက်ချင်းရှေ့ရှင်း

www.burmeseclassic.com

www.burmeseclassic.com



သည်။

"လေးလေးဆီမှာနေရင်းကနေ မောင်ဆေဒ ဆီ ရောက်သွားတာကို ကိုကြီးမောင် မေးတုန်းက လေးလေးမဖြေနိုင်ခဲ့ဘူး၊ မောင်ဆေဒ တို့မိသားစု ကိုလည်း လူလေး ဟိုတုန်းတည်းက သိပ်ခင်ခင်မင်မင်ရှိခဲ့တာ မဟုတ်ဘူးလေ .."

"ဖေဖေကလည်း အဲ့ဒါကို သိချင်တာလား .."

ဦးမောင်မောင်ကြီး က လှုပ်ရှားမှုအားနည်းသော အကြည့်တို့ဖြင့် ခေါင်းလည်းမညိတ် ငြင်းလည်း မငြင်းဘဲနှင့် ..၊

"ဖေဖေက မင်းရဲ့ဆန္ဒမှန်သမျှကို မတားဆီးဘဲ ငါ့သား လက်ညှိုးညွှန်သမျှ လမ်းခင်းပြီးသား ဖန်ဆင်းပေးချင်တာပါ .."

"အဲဒါကြောင့် ကျွန်တော်နဲ့ အတူတူရှိနေတဲ့ မိန်းမက ကျွန်တော့် ဖူးစာရှင်ပဲလို့သတ်မှတ်ပြီး မမေးမမြန်းဘဲ စီရင်ချက်ချပစ်လိုက်တာလား–"

ဦးမောင်မောင်ကြီး မျက်နှာမှာ စိုးရိမ်ထိတ်လန့်မှုတွေဖြစ်သွားခဲ့၏။ ဦးသိန်းဖံ လည်း အံ့သြနေကာ ..၊

"မင်းနဲ့ မင်းမင်းသော် ရဲ့ မင်္ဂလာကိစ္စကိုပြောတာလား သား .."

"မင်္ဂလာမရှိခဲ့တဲ့ကိစ္စပါ .."

နာကြည်းသော စူးရဲခြင်းများနှင့် မျက်လုံးတွေကို မြင်နေရကာ မင်္ဂလာကိစ္စပြီးသွားတည်းက စကားလည်းမပြော၊ ဘယ်သူနဲ့မှလည်း မျက်နှာချင်းမဆိုင်ဘဲ အခန်းအောင်း အရက်သောက်နေခဲ့သည့် အဖြစ်တွေကို ဦးမောင်မောင်ကြီး တွေးမိလာ၏။

'သားတို့ကို တစ်ခါလောက် လာလည်ကြဖို့ ခေါ်ပေးပါ' လို့ ကိုသိန်း ကိုလည်း သူ မှာခဲ့ဖူးသည်။ 'ချစ်သူနဲ့ လက်ထပ်ပေးလိုက်တာတောင် သားက ပြီးပြည့်စုံသည်မထင်ဘူးလား' လို့လည်းတွေးမိခဲ့၏။

အဘယ့်ကြောင့်ဆိုသော် ကိုသိန်း ကို မှာတာလည်းပေါ်မလာ။ သူ လိုက်ရှာတော့လည်း ရှောင်သွားသည်။ ဒါပေမယ့် 'သား ဘာလုပ်နေလဲ' မေးလိုက်တိုင်း 'အိမ်မှာရှိပါတယ်' လို့ ဆိုပြန်၏။



ဦးမောင်မောင်ကြီး ဆက်စပ်တွေးကြည့်ရင်း ဦးသိန်းဖံ ကို လှည့်ကြည့်သည်။ ဦးသိန်းဖံ က မျက်လွှာချရင်း ခေါင်းပါငုံ့သွားခဲ့လျက်..၊

"ကျွန်တော်လည်း ဘာမှမသိခဲ့ရပါဘူး၊ လူလေး အရက်တွေသောက်နေမှ စုံစမ်းကြည့်မိတာ .."

"စုံစမ်းကြည့်တော့ .."

"ကျွန်တော်တို့ ကြားထားတဲ့ 'မင်းမင်း' ဆိုတဲ့ မိန်းကလေးက မင်းမင်းသော် မဟုတ်ဘူး .."

ဦးမောင်မောင်ကြီး ဒါတွေကို တကယ်မသိခဲ့ပါ။ ဦးသိန်းဖံ က လည်း ပြန်ပြုပြင်လို့ရနိုင်တော့သည့်အမှားကြောင့် အစ်ကိုဖြစ်သူကို စိတ်မဆင်းရဲစေချင်တော့ပေ ..။

ထို့ကြောင့် အဖေနဲ့ သားရဲ့ကြားမှာ သူ အတတ်နိုင်ဆုံး ဖာထေး ချိတ်ဆက်ဖို့သာ ကြိုးစားနေခဲ့တာဖြစ်သည်။

ဦးမောင်မောင်ကြီး အားလုံးကို နားလည်သွားသည်နှင့် မျက်နှာမှာ ခွေးငေးခြင်းများနှင့် ချုံးချုံးကျသွားခဲ့လျက် ..၊

"ဒါဆိုရင် သား ပထမဆုံး ဖေဖေ့ဆီက ထွက်သွားခဲ့တာ ချစ်ချစ် နဲ့ ပတ်သက်ပြီး၊ အခု ပြန်မလာချင်တော့အောင် ဖြစ်သွားတာက မင်္ဂလာ ကိစ္စကြောင့်ပေါ့၊ ဒါဖြင့် ဖေဖေ့ကို မင်း နာကြည်းစရာဖြစ်ချက်နှစ်ခုရှိ သွားတာပေါ့ .."

"ကျွန်တော် မနာကြည်းပါဘူး၊ ဒါပေမယ့် ကိုယ်ညံ့လို့ သူများ အောင်နိုင်မှုရသွားတာက .."

"သူများဆိုတာ မင်းမင်းသော် လား၊ သူက သားကို ဒီလိုနည်းနဲ့ ရယူသွားတာလား .."

"ဖေဖေ စကားပြောချင်တယ်ဆိုတာ ဒီအကြောင်းတွေ မဟုတ်ဘူး ထင်တယ် .."

"ဒါမဟုတ်ပေမယ့် ဒီလောက်အရေးမကြီးပါဘူး၊ ဖေဖေ ဘာမှ မသိလိုက်ရဘဲ သား ရင်ထဲမှာ ဒီအိမ်နဲ့ ဒီအဖေကို စွန့်ခွာချင်ရတဲ့အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



တွ တစ်ရစ်ပြီးတစ်ရစ်တိုးသွားတာကိုပဲ သိချင်ခဲ့တာ၊ ဘာပဲဖြစ်ဖြစ် တိစ္ဆာတွေကို သားကသာ ဖွင့်ဖွင့်လင်းလင်းပြောခဲ့ရင် .."

"ကျွန်တော် မူးနေတာလေ၊ သတိရတော့ လူကြီးလူငယ်တွေ ဝိုင်းဝိုင်း ထည့်ပြီး အရက်မရှိတဲ့မိန်းမက ဘယ်စကားမှ တိုးမပေါက်အောင် ပြော နေတာ .."

"ဒါပေမယ့် သားရယ် .. မေမေတို့က ဒီမိန်းကလေးက သားချစ် သူလို့ပဲ .."

"တော်ပါတော့ .. မေမေ ပြောစရာမရှိတော့ရင် ကျွန်တော် ပြန်မယ်.."

"သား .."

ဦးမောင်မောင်ကြီး ခမျာ သားဖြစ်သူ၏ ရိုင်းပျသောအပြောအဆို အမူအရာတွေကိုလည်း ရင်ထဲမထည့်နိုင် ...၊

"ပြောစရာကတော့ အမြဲတမ်းရှိနေတာပေါ့ သားရယ် .. မင်း မေမေ့ ဆီကို ပြန်လာခဲ့ပါ .."

"ကျွန်တော် မပြောချင်တဲ့ စကားတွေကို ပြောဖြစ်အောင် မလုပ်ပါ နဲ့ မေမေ .."

ပါဝါ က စကားလက်စကိုမဖြတ်ရသေးဘဲ နေရာမှ ထရပ်သည်။ ဦးသိန်းဇံ က လိုက်ဆွဲထားတော့မလို ချက်ချင်းထရပ်လိုက်ပေမယ့် ဦးမောင်မောင်ကြီး ခေါင်းညိတ်၍ ...၊

"ငါ့သား မပြောချင်ပေမယ့် မေမေက နားလည်နေပါပြီ၊ နောက် ထပ် မင်း စိတ်ဆင်းရဲဖို့အကြောင်းလည်း မေမေက ထပ်လုပ်မိခဲ့တယ်ဆို တော့ မေမေ့ဘက်က ပြုပြင်ဖြည့်ဆည်းပေးလို့ရတဲ့အပိုင်းကို မေမေ တာဝန်ကျေရမယ် .."

ခဏ နားထောင်နေပြီးမှ ပါဝါ ခြေလှမ်းပြင်လိုက်တော့ ဦးမောင် မောင်ကြီး က ထိုင်ရာကနေ မော့ကြည့်နေကာ ...၊

"မေမေတို့ သားအဖ ဟိုင်ဂုန်းကအတိုင်း အတူတူနွေးနွေးထွေးထွေး နေကြမယ်၊ ဟောဒီ နေမဝင်စံအိမ်ကြီးမှာ ကိုယ်ချစ်ခင်ယုံကြည်ရတဲ့



အခြွေအရံ အသင်းအပင်းတွေနဲ့ မေမေတို့ချည်းပဲဆိုရင် အားလုံးက .."

"ဘယ်ဟာမှ အရင်အတိုင်းဖြစ်မလာဘူး မေမေ .."

ပါဝါ က ဒီဘက်ပြန်လှည့်လာကာ ...၊

"ကျွန်တော်က မေမေ အဲ့ဒီလို ဖြုတ်ထုတ်ရှင်းလုပ်ပေးဖို့ကို မျှော် လင့်စောင့်စားနေတာလား .."

"ဒီလိုမဟုတ်ဘူး သား၊ မေမေ ကိုယ့်စိတ်ချမ်းသာမှုအတွက် တစ် ဖက်သတ်ဆုံးဖြတ်ခဲ့ပြီးပြီ၊ ဒါပေမယ့် မေမေလည်း စိတ်မချမ်းသာရပါဘူး.."

"ကျွန်တော့်အတွက် ဒီလိုလုပ်ပေးလိုက်တော့ရော မေမေ စိတ်ချမ်း သာမှာလား .."

"အပြည့်အဝမဟုတ်ပေမယ့် မေမေက မိဘဖြစ်ပြီး တစ်ကိုယ်ကောင်း ဆန်ခဲ့မိတယ်ဆိုတဲ့ နောင်တနဲ့ ငါ့သား ပြန်လာမလားလို့ နေ့စဉ်မျှော်ကိုး နေရတာတွေထက် ပိုမဆိုးနိုင်ပါဘူး၊ မေမေ သေချာစဉ်းစားပြီးမှ ဆုံး ဖြတ်တာ .."

"မေမေ ဆုံးဖြတ်နိုင်တယ်ဆိုရင်လည်း ကျွန်တော်က မဆုံးဖြတ် ရသေးဘူး မေမေ၊ တစ်ခုသေချာတာကတော့ ကျွန်တော် မေမေ့မေတ္တာ ကို သဝန်တိုနေတာမဟုတ်ဘူးဆိုတာပဲ၊ မေမေ လက်ထပ်လိုက်တာက ပြီးသွားပြီးတဲ့ကိစ္စ၊ ဒါပေမယ့် မေမေ့ ဇနီးဖြစ်လာတိုင်း ကျွန်တော့်အမေ ဖြစ်ခွင့်မရှိဘူးဆိုတာ သူ နားလည်ဖို့လိုတယ် .."

"နေပါဦး သား .. သားက အခု မေမေ့ဆီ ပြန်လာဖို့ .."

"ကျွန်တော် မပြန်ချင်သေးဘူး .."

"ဘာဖြစ်လို့လဲ .. ဝေဒ တို့ဆီမှာ သွားနေတာ ဘာလုပ်တာလဲ၊ ဒီအိမ်ထောင်ရေးကြောင့် သားက စိတ်ဆင်းရဲနေတယ်ဆိုရင် သားတို့ သူငယ်ချင်း လူကြီးတွေကွယ်ရာမှာ နေကြတာပိုဆိုးမှာပေါ့ .."

ဘာလုပ်မှာလဲ လူကြီးတွေနားမှာခေါ်ထားပြီး ဘယ်လိုဆုံးမအား ဆွေနဲ့ ပေါင်းစည်းနိုင်းချင်လို့လဲ ...၊ 'ကျွန်တော်ကလည်း အဲဒါကြောင့် အိမ်မှာမနေတာ' လို့ ပြောလိုက်ချင်စိတ်တော့ဖြစ်၏။ ဒါပေမယ့် မပြော

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့ပါ။

"မိန်းကလေးက သွက်သွက်လက်လက်နဲ့ ပွင့်လင်းတဲ့ပုံပါ၊ သားတို့ချင်း .."

"ကျွန်တော်တို့ ပြေလည်တာမပြေလည်တာတွေကို ကျွန်တော့်ဘာသာ ဖြေရှင်းမှာပါ၊ ဖြစ်ခဲ့တဲ့ကိစ္စတွေက အားလုံးထင်သလို မရိုးသားဘူး .."

ပါဝါ ပြောသွားတာကို ဦးမောင်မောင်ကြီး နားမလည် ..။ သူ့ကိုလာတွဲထူသည့် ဦးသိန်းဖ ကို ကြည့်ကာ ..၊

"သား ဘာပြောသွားတာလဲ ကိုသိန်း၊ မဟုတ်မှလွဲရော မင်း သိထားသလို ဝေဒ နဲ့များ တစ်ခုခု .."

"မသိပါဘူး ကိုကြီးမောင် ရယ် .. ဝေဒ ကလည်း ဘာမှမပြောဘူး၊ သူ့ဇနီးဆိုတဲ့ မိန်းကလေးကလည်း ခေါ်ယူ တိုကြောက်ရတဲ့ပုံပဲ၊ ပျဝင်ရိုကျိုးတာမျိုးထက်ပိုတယ် .."

"မင်းလည်း တွေ့ဖူးတယ်ပေါ့ .."

"လှမ်းမြင်ခဲ့ရုံပါ .. မင်းမင်း ကလည်း မသိတာလား၊ အပါ က စိတ်ပင်ထားလို့ပဲလား တခြားနေရာမှာ ပွင့်လင်းပေမယ့် သူတို့ကိစ္စတွေကိုတော့ ဘာမှမပြောဘူး၊ ကျွန်တော် မသင်္ကာဖြစ်လိုက်တာက .. ဝေဒ ဆီမှာနေဖို့အတွက် ကျွန်တော်တို့ကို ဖုန်းဆက်ပေးပါပြောပြီး ဖိအားသုံးလိုက်တာကိုပါ .."

ဦးမောင်မောင်ကြီး ခေါင်းညိတ်သည်။ သား အကြောင်းသူအသိဆုံး ..။ ငယ်ငယ်တည်းက ကိုယ့်အားကိုယ်ကိုးတတ်တဲ့အကျင့် ရှိလွန်းလို့ ဇွတ်တရွတ်ဆန်တတ်လာတဲ့ အထိပင် ..။

ပြီးတော့ ဝေဒ ..၊

ဝေဒ တို့ မိသားစုတစ်စုလုံး၏ မှီတည်မှုက 'နေမဝင်' စံအိမ်မိသားစုပဲဖြစ်သည်။ 'နေတော်ဝင်' နှင့် 'နေရိပ်ဖြာ'၊ 'နေလရောင်' ထိုမိသားစုအားလုံးလည်း အတူတူဝင် ..။

မိသားစုအားလုံးက ကိုယ့်မိသားစု ကိုယ့်လုပ်ငန်းတွေနဲ့ လူချမ်းသာ



စာရင်းဝင်တွေဖြစ်ကြသည်။

သို့သော် .. ထိုမိသားစုတွေအားလုံးကို 'နေမဝင်' မိသားစုကသာ မွေးဖွားခဲ့သလိုဖြစ်လျက် 'နေမဝင်' အုပ်စုဆိုတာဖြစ်လာခဲ့သည်။

'နေမဝင်' မိသားစုနှင့် ပတ်သက်သော ဆွေမျိုးစုတိုင်း ဘယ်သူမှ မဆင်းရဲစေရ ..၊

'နေမဝင်' အုပ်စုတိုင်းက ဒိတ်ဒိတ်ကြဲထွန်းကားကြီးပွားနေရသည်။

ဒါဟာ 'နေမဝင်' အုပ်စု၏ စည်းလုံးမှုဖြစ်ကာ အကြီးအကဲတိုင်း ဆက်ခံလာခဲ့ကြသော ထောက်ပံ့ကြင်နာတတ်သည့် အစဉ်အလာဖြစ်၏။

ထိုအစဉ်အလာကြောင့် နောက်ပိုင်းမျိုးဆက်များဟာ မိမိဘာသာ ဘယ်လောက်ထိ ထူးချွန်ခမ်းနားစွာ ရပ်တည်နေကြသည်ဖြစ်စေ မိမိ၏ မိသားစုဟာ 'နေမဝင်' အရိပ်အောက်မှာ ရပ်တည်နေကြသည်ဆိုသော လွှမ်းမိုးမှုကို ကျေနပ်လေးစားစွာ ခံယူခဲ့ကြ၏။

ဦးမောင်မောင်ကြီး လက်ထက်ထိ ဆွေမျိုးစုအားလုံးအပေါ်မှာ ကြည့်ရှုစောင့်ရှောက်မှု မလစ်ဟင်းခဲ့သေးပေ ..။

အပါ နဲ့ ဝေဒ အနေအထားမှာ အပါ က နေချင်သည်ဆိုလျှင် ခဏ ဖြစ်စေ၊ ကြာရှည်ဖြစ်စေ ဝေဒ ဘက်က ငြင်းစရာအကြောင်း ဘာရှိမှာလဲ ..။

ခု ကြားလိုက်ရတာက ဝေဒ ကလည်း မကြည်ဖြူ၊ အပါ ကလည်း အစွတ်ထိုးမလုပ်ခဲ့ဘဲ ..၊

"အဲဒီတော့ ဆက်တွေးကြည့်ပါဦး၊ လူငယ်တွေဘာတွေ ဖြစ်နေကြသလဲ .."

ဒါကိုပဲ ဦးမောင်မောင်ကြီး ထပ်မေးမိကာ ..၊

"ဒီကလေးတွေ ခုလိုလုပ်ကြတာ အိမ်ထောင်ရေးနဲ့များ ပတ်သက်နိုင်မလား .."

"ကျွန်တော် အဲဒါကြောင့် သံသယဝင်ခဲ့တာပဲ ကိုကြီးမောင်၊ ဝေဒ ဆီမှာ နေချင်တယ်ဆိုရင်လည်း သူတို့လူငယ်ချင်း ညီအစ်ကိုချင်း ဘာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လဲ ..၊ သေဒ၊ ကလည်း မကြည်ဖြူမယ်လို့ မဟုတ်ဘူး၊ မကြည်ဖြူပါဘူးဆိုရင်တောင် အပေါ က ဖေဖေ့ရေ လုပ်ပါဦးလို့ ပြန်လှည့်အော်မယ့်လူလား ..”

“ဒါဆို သူတို့ အဆင်မပြေဘဲနဲ့ အတူနေနေကြတာပေါ့ ..”

ထွက်လာသည့်အဖြေက စိတ်ချမ်းမြေ့ဖွယ်မရှိ ..။ ဒါပေမယ့် ဘာလုပ်ပေးရမှန်းမသိဘဲ ဒီတိုင်းကျန်ခဲ့ရပြန်ပြီဆိုသော အသိကြောင့် ဦးမောင်မောင်ကြီး မျက်နှာ ညှိုးမှိုင်းနေလေသည်။

ဒါကို ဦးသိန်းဇံ က သိနေကာ ..၊

“ကိုကြီးမောင် စိတ်ညစ်မခံပါနဲ့ .. မချစ် ကိုရော ကိုကြီးမောင်ချစ်တဲ့သားကိုပါ ကိုကြီးမောင် ပြန်ရမှာပါ၊ အခု အပေါ က သူ့ဘိုးဘွားအမွေတွေနဲ့ ထင်သလိုကိုင်သုံးနေနိုင်ပေမယ့် သူ့ကိုယ်သူ သူဌေးသားလို့တောင် မနေခဲ့ဘူးဆိုတာ ကျွန်တော်တို့ သိကြတာပဲ ..”

“အင်း ..”

“တခြားကလေးတွေလို အားကိုးရှိလို့ မိဘကို တော်လှန်တာမျိုးမှ မဟုတ်တာ၊ ပြန်လာချင်တာ မလာချင်တာကို သူ့စိတ်က ကိုယ်တိုင်ခံစားပြီး ဆုံးဖြတ်မှဖြစ်မှာလေ၊ ကျွန်တော်တို့ ကောင်လေးက ‘သားဆိုး’ စာရင်းထဲမှာ မပါပါဘူး၊ မလိမ္မာပေမယ့် မမိုက်တဲ့ ကလေးပါ ..”

အိမ်ထောင်ရက်သားကျသွားပြီးတာတောင်မှလား ..၊

ကိုယ့်အသိတရားနဲ့ ဆုံးဖြတ်မှာက ပြန်မလာချင်တော့ဘူးဆိုရင် ဘယ်လိုလုပ်မလဲ ..၊

ဦးမောင်မောင်ကြီး ရင်ပူနေတာ မပြေပျောက်ခဲ့ပေ ..။



## အခန်း (၂၁)

“မ ..”

ဒီလိုခေါ်တာကို မကြားချင်ပေမယ့် ကြားလိုက်တာနှင့် လှည့်ကြည့်ပြီးသားဖြစ်သွားခဲ့၏။

ကိတ်မုန့်ဆိုင်ထဲကနေ ထလာသည့် ပါဝါ က အပြာနုရောင်ရှပ်အင်္ကျီပေါ်မှာ မီးခိုးရောင်ကုတ်အင်္ကျီနှင့် ..၊

ဝင်းမှုန်နေသည့် မျက်နှာကို တစ်ချက်တော့ကြည့်မိကာ မင်းမင်းတို့ယှ်လမ်းကို ဆက်လျှောက်ခဲ့၏။ မနက်ဖြန် ဒေါ်ယုဇနေ ခရီးထွက်ဖို့ရှိသည်မို့ လိုအပ်တာဝယ်ခြမ်းခဲ့ဖို့ စာရင်းနဲ့တကွ မှာလိုက်သည်။

နှစ်မျိုးလောက် လိုသေးသည်မို့ အောက်ထပ်ပြန်ဆင်းခဲ့တော့ ပါဝါက စက်လှေကားထိပ်ကနေ သူမနားထိ ပြေးဆင်းလိုက်လာ၏။

ဖုန်းပြောနေရင်းနဲ့ဖြစ်ကာ သူမဆီးကို ရောက်မှ ဖုန်းပြောခြင်းကို ဆက်စသတ်၏။

“အဲ့ဒါ ဘာလုပ်ပေးရမလဲ၊ ကြိုက်သလို လိမ့်လိုက်တော့ ..”

ဒေါသသံနှင့်ပြောပြီး ဖုန်းပိတ်လိုက်တော့ ကျော်ခနဲ စုတ်သပ်၏။

www.burmeseclassic.com

www.burmeseclassic.com



အနားမှာ ရောက်လာပေမယ့် လှေကားရင်းရောက်မှ သူမဘက်ကို စကားပြောဖို့ ဖြစ်ရကာ ..၊

"မ .. ခဏလောက် စကားပြောရအောင် .."

"မပြောချင်ဘူး .."

"မ .."

"အပါ .. မင်းနဲ့ငါ ဘာစကားမှ ပြောဖို့ မရှိဘူးနော်၊ ခုလိုအတူရှိနေတာကိုက လူပြောစရာတွေဖြစ်နေပြီ .."

"ဘယ်သူပြောပြော ကိုယ်လုပ်စရာရှိတာ လုပ်ရမှာပဲ .."

"ဘာပြောတယ် .."

မပြောချင်ပါဘူးဆိုပေမယ့် စိတ်တိုသွားတာနှင့် မျက်နှာချင်းဆိုင်မိပြန်ကာ ..၊

"မင်း ငါ့ကို ဘာဖြစ်စေချင်သေးတာလဲ .."

"အဲဒါ 'မ' ကို မေးရမှာ၊ ကျွန်တော့်ကိုထားခဲ့တာလည်း 'မ' ပဲ..၊ အခု ဒေါသတွေချည်းထွက်ပြနေတာလည်း 'မ' ပဲ .."

"အဲဒီတော့ မင်းကို ဘယ်လိုနည်းနဲ့မှ အလိုမရှိလို့ဆိုတာ နားလည်မသွားဘူးလား .."

" 'မ' ကျွန်တော့်ကို အလိုရှိရှိ မရှိရှိ၊ ကျွန်တော်ကလည်း 'မ' ကို လိုချင်နေနေ မနေနေ အခု ဘယ်သူက ဘယ်သူ့ကိုမှ ယူလို့မရတော့ဘူး၊ 'မ' ကို ကျွန်တော် ပြန်ရယူဖို့ကြိုးစားနေတာမဟုတ်ဘူး၊ ဒီလူကို ဘာကြောင့် လက်ထပ်ခဲ့တာဖြစ်ဖြစ် .. အခု 'မ' စိတ်ရောလူရော ချမ်းသာနေရလို့လား .."

"ဘာဖြစ်ဖြစ် ငါ့အကြောင်းနဲ့ ငါ .."

"မဟုတ်ဘူး .. အဲဒါတွေကို ဝေဒ လုပ်နေတာ .."

"ကိုဝေ က ငါ့ယောကျ်ားပဲ .. မင်း ဘယ်လိုပရိယာယ်တွေသုံးဖို့ ကြိုးစားတာလဲ အပါ၊ မိန်းမတစ်ယောက်က အိမ်ထောင်ပြုလိုက်ပြီဆိုရင်.."

"ဘာလဲ .. တည်မိတဲ့ဘုရား လင်းတ (လဒ) နားနားလို့ ပြောမလို့



လား .. ဥပမာတွေ ထုံးတမ်းစဉ်လာတွေနဲ့ လက်တွေ့ဘဝကို ထပ်တူညီဖို့ ကြိုးစားမနေစမ်းပါနဲ့ .."

"ကြိုးစားရမယ် .. တော်ပြီ အပါ မင်း ဒီမှာပဲနေခဲ့တော့ .."

"မနေခဲ့နိုင်ဘူး .."

မင်းမင်း က ဘာမှမဝယ်တော့ဘဲ ပြန်ထွက်ဖို့ခြေလှမ်းပြင်၏။ ပါဝါ က အတင်းကပ်ပြီး ပခုံးချင်းတိုက်ပစ်သည်။

"မင်း .."

" 'မ' နဲ့ ဒီကိစ္စ ပြီးပြတ်အောင် မပြောရဘဲ ကျွန်တော် မသွားဘူး.."

"အပါ ..."

" 'မ' လည်း မသွားရဘူး၊ ဒီ့ထက် အကျယ်တဝင့် မဖြစ်ချင်ရင် ဟိုမှာ အအေးသောက်မယ် .. ဆက်ပြောမယ် .."

မင်းမင်း အခက်တွေ့နေစဉ် ပါဝါ က အအေးဆိုင်ဘက်ကို ဦးဆောင်သွား၏။ သူမ အနေနဲ့ ဒီနေရာကနေ ဘယ်လိုမှ ရှောင်ထွက်သွားဖို့ မဖြစ်နိုင်တော့ ..၊

ထိုအချိန်မှာ ဝေဒ က ကားတွေကျပ်နေသည့် ပါကင်မှာ ကားတစ်စီးစာ နေရာကျဉ်းကျဉ်းလေးကို ခက်ခက်ခဲခဲသွင်းပြီး ချွေးပြန်နေခဲ့၏။

မင်းမင်း ကို ရှော့ပင်းစင်တာလွှတ်လိုက်သည်လို့ ကြားလိုက်တာနှင့် သူ့စိတ်က ဘာကိုစိုးရိမ်သွားမှန်းမသိ၊ ဘယ်စင်တာလဲ မေးပြီး ရှိသမျှ အလုပ်တွေကို ထားပစ်ခဲ့သည်။

ကားသော့ကို ဘောင်းဘီအိတ်အကျယ်ကြီးထဲ ထိုးထည့်တာတောင် တစ်ခါတည်းနှင့် မအောင်မြင်သဖြင့် တက်ခေါက်မိ၏။

သူမ ဘယ်မှာလဲ .. ဘယ်အထပ်မှာလဲ ..၊

ဖုန်းဆက်တော့တော့လည်း မြည်နေပြီး မကိုင် ..၊

"တောက် ..."

သူ ဒုတိယထပ်ရောက်လာတော့ အတွင်းကော်ရစ်ဒါလေးမှာ လက်ထောက်၍ ပီကေစားနေသည့် မင်းမင်းသော် ကို မြင်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ခြေလှမ်းတွေ သူမဆီ တိုက်ရိုက်ရွေ့သွားခဲ့၏။ သူမရဲ့ ဘေးဘီဝန်းကျင်မှာ ပါဝါ ကို မတွေ့ ..။

သူမ ဒီလိုပဲ ထင်သလိုသွားလာနေပေမယ့် ခုချိန်မှာတော့ ပါဝါ ဘယ်မှာလဲဆိုတာ မေးဖို့ သူမဆီကိုပဲ စိတ်စောစွာသွားခဲ့မိကာ ..။

"ဟော့ .. မင်း ..."

သူ့စကားသံ ဖြစ်မြောက်အောင် မပြောဖြစ်လိုက် ..။

မင်းမင်းသော် ရဲ့ ဘေးမှာ ဝင်ရပ်လိုက်တာနှင့် သူမ ကြည့်နေသည့် အောက်ကို ဝေဒ မျက်လုံးတွေ အလိုလို ရောက်သွားခဲ့သည်။

"ဟင်!..."

စတီးတန်းပေါ်မှာ လက်နှစ်ဖက်နဲ့ စိတ်လှုပ်ရှားစွာကိုင်ကာ ခါးကိုင်းမတတ် ငုံ့ကြည့်လိုက်မိ၏။ ထိုအခါကျမှ သူ ရုပ်ပျက်ဆင်းပျက် ဖြစ်သွားတာကို မင်းမင်းသော် က လှည့်ကြည့်၏။

သူ ဖျပ်ခနဲ ပြန်ကြည့်လိုက်ကာ ..။

"မင်းမင်းသော် မင်း သူတို့ကို ချိန်းပေးတာတော့ မဟုတ်ပါဘူးနော် .."

"အို .. ဟုတ်စရာလား .."

ကြည့်စမ်း ပြောပုံက ပီကော ဝါးမပျက် ..။

"ဒါကို မင်း ဘယ်လိုစိတ်နဲ့ စုံတွဲချောင်းသလို အရသာခံကြည့်နေတာလဲ .."

"မကြည့်လို့ မင်းမင်း မှ သွားမဆွဲရဲတာ .."

"အဲဒါ မင်း ယောက်ျား .."

"သိတယ်လေ .."

"အဲဒီကောင်နဲ့ နှစ်ယောက်တည်းထိုင်နေတာ ငါ့ မိန်းမ .."

"ဟုတ်တယ် .. မသိတဲ့လူတွေမှ မဟုတ်တာ .."

"ဘာပြောတယ် .. မင်း .."

"အိုး .."



နားငြီးလိုက်တာဆိုသည့် မျက်နှာလေးနှင့် မေးဖျားလေးတလှုပ်လှုပ်က ပို၍ ရွဲ့ချိတ်သွား၏။

"မင်းမင်းသော် မင်းကို ငါ နိုင်းထားတာ သူတို့နှစ်ယောက်ကို မင်းဘက်က ကြည်ဖြူပေးပါဆိုတာ မပါဘူး .."

"ဘယ်သူကရော ကြည်ဖြူနေလို့လဲ .. ဒါပေမယ့် ရှင်လည်း ရှင့်မိန်းမကို သွားဆွဲထုတ်ရဲလို့လား .."

ဝေဒ မျက်နှာ တင်းခနဲဖြစ်သွားသည်။

"မင်းမင်း က ပိုဆိုးတာပေါ့ .. ကိုပါ က ဒေါသကူရှာရ .."

"ငါက အခု လူသတ်ချင်စိတ်ပေါက်နေတဲ့ကောင် .."

"သွားသတ်လေ .."

"မင်းကို သတ်ချင်တာ .."

"ဒါဆိုလည်း လုပ်ပေါ့ .. မင်းမင်း က ကိုယ့်ကိုယ်ကိုယ် သတ်မသေရဲလို့ ကိုယ်သေမယ့်နေ့ကို နီးနီးကပ်ကပ်ကြီး သိမြင်ခံစားပြီး နေရတဲ့ သောကတွေနဲ့၊ ရှင် သတ်လိုက်တော့ မြန်မြန် ဒုက္ခအေးတာပေါ့.."

"တောက် .."

ဝေဒ မချင့်မရဲဒေါသတွေနှင့်ပင် တန်းကို တအားထုပစ်လိုက်မိသည်။

တွေ့မယ် .. မင်း ..။

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၂)

"ခရီးသွားမယ့်လူကလည်း လေယာဉ်လက်မှတ်အဆုံးခံပြီး အမဲဖျက်နေတာ အံ့ရော .."

သူ ရေချိုးခန်းထဲကထွက်လာသည်နှင့် ရေချိုးခန်းအပြင်မှာ တဘက်ခြုံ၍ ရပ်နေသည့် မင်းမင်းသော် က ဘယ်သူ့ကိုပြောနေမှန်းမသိ ..။

"လူတွေက အဲဒါ ခက်တာပေါ့ .. ကိုယ်လုပ်ချင်ရာလုပ်ရဖို့ပဲ သိတယ်၊ ပတ်ဝန်းကျင်ကိုမှ သတိမထားဘဲ .."

ပါဝါ့ ခြေလှမ်းတွေ နှေးကျသွား၏။ မင်းမင်းသော် ကလည်း ရေချိုးခန်းထဲကို လှည့်ဝင်မသွားဘဲ ဗီရိုရှေ့မှာ တဘက်နဲ့ ခေါင်းရေသုတ်နေသည့် သူ့ဆီကို ဦးတည်လိုသောအသံနှင့် ..၊

"ကိုယ်က ဂရုမစိုက်ပေမယ့် ဂရုစိုက်နေရတဲ့သူကတော့ အပြစ်ယောက်စရာရှိတာနဲ့ ခံရတော့တာပဲ .."

"မင်း ဘာတွေပြောနေတာလဲ .."

သူ လှမ်းမေးတော့မှ မင်းမင်းသော် က သူ့ဘက်ကို ပြန်လှော်[illegible] ..၊



"ရှင့်ရဲ့ ဆောင်းမင်းသမီး ပေါ့ ..၊ မနက်က ရှင်တို့ချိန်းတွေ့ကြတာကို .."

"ချိန်းတွေ့တာမဟုတ်ဘူး .."

"သိတယ်လေ .. ရှင် သူ့ကိုမြင်လို့ မင်းမင်း ကို ထားခဲ့ပြီး လိုက်သွားတာပဲ၊ အဲ့ဒီတုန်းက မင်းမင်း ဖုန်းဆက်ခေါ်တော့ ရှင် ပြန်လှည့်လာလိုက်ရင် ဘာပြဿနာမှ ရှိလာမှာမဟုတ်ဘူး .."

"ခု ဘာဖြစ်နေလို့လဲ .."

"ဘာဖြစ်နေလဲ သိချင်ရင် ရှင် သွားကြည့်လေ၊ အင်း .. ခုလောက်ဆို ပြီးနေလောက်ရောပေါ့ .."

ပါဝါ့ မျက်နှာ ဖွေးခနဲဖြူဖျော့သွားသည်။ ပြီးတော့ တဖြည်းဖြည်း ရဲတက်လာ၏။

"ဝေဒ .."

အံကြိတ်သံနှင့် ရေရွတ်ရင်း သူ အခန်းထဲကနေ ခြေလှမ်းကျဲတို့နှင့်ထွက်လာ၏။ သို့သော် ..၊

"ဟွန်း .. ဒါ ဘယ်တော့မှ ငြိမ်းချမ်းဖို့မရှိနိုင်တဲ့ စစ်ပွဲပဲ .."

မင်းမင်းသော် က ခပ်ကျယ်ကျယ်အော်ကာ ..၊

"ရေလည်း မပါ .. အားမြဲမှုလည်းမရှာဘဲနဲ့ လမ်းဖျက်တဲ့ မိုးလိုပေါ့၊ [illegible]ထရုံအပြင် ဘာမှမထူးဘူး .."

ပါဝါ အခန်းထဲ ချာခနဲပြန်လှည့်ကာ ..၊

"မင်းမင်းသော် မင်းပါးစပ်ကို ပိတ်ထားမလား၊ ငါ လာပိတ်ရမလား .."

"ဘာဖြစ်လို့လဲ ကိုယ့်ပါးစပ်နဲ့ကိုယ် ဘာပြောပြောပေါ့၊ ရှင် အဲ့ဒီ[illegible]တို့ဝေဒ နဲ့ စစ်တိုက်ပြီး သူ့မိန်းမကို လုယူမလို့လား .. သွားပါလေ[illegible]မင်း တို့က အေးဆေး .."

ပြောပြီးတာနှင့် ရေချိုးခန်းဆီ ပြန်ထွက်သွား၏။ ဆုပ်ကျစ်ထားမိ[illegible] လက်သီးဆုပ်က တဆတ်ဆတ်တန်ယင်[illegible]

www.burmeseclassic.com

www.burmeseclassic.com



အမည်းစွဲနေတတ်သည့် 'မ' ရဲ့ အဖြစ်ကို မြင်ယောင်လာ၏။

သူ ချစ်ခဲ့ရတဲ့ 'မ' …။

'မ' က ပျော့ညံ့တဲ့ မိန်းမ မဟုတ်ပါ။ စကားပရိယာယ်နဲ့ မာယာများတဲ့အကျင့်တွေလည်း 'မ' မှာ မရှိ …။

"မင်း ဒီလောက်တောင် တစ်ကောက်ကောက်လိုက်နေတာ ငါက ဖွဲ့ဆုတော့ ပေးမှာပဲလို့ ထင်လို့လား …"

"ဖွဲ့ဆု ဘာလုပ်ရမှာလဲ၊ ကျွန်တော့်ကို ပြန်ချစ်ဖို့ပဲလိုတာ …"

"မဖြစ်နိုင်ဘူး အဝါ၊ မင်း ငါ့ဘေးမှာ ရှိနေတတ်တယ် … ငါ့ရဲ့ အခက်အခဲတွေကို မင်း ကူညီခဲ့တယ်၊ မခင်ပေမယ့် ရင်းနှီးလာခဲ့တာတော့ ရှိပြီလေ … ဒါပေမယ့် ငါ့မောင်လေးလိုပဲ …"

"ဘာမှမ မတော်တာ ခေါင်းစဉ်တွေ ပြောင်းမနေစမ်းပါနဲ့ …၊ 'မ' နေတော်ဝင် ကုမ္ပဏီကို ဘာသွားလုပ်နေတာလဲ …၊ အလုပ်ချိန်တွေ မဟုတ်ဘဲနဲ့ သွားနေတာ ဘာလဲ …"

"သူဌေးတစ်ယောက်ကို အရေးတကြီးလိုအပ်နေလို့လေ …"

"လိုအပ်နေတိုင်း ရတတ်လို့လား … ခင်ဗျား ဘယ်လောက်လှနေနေ နေရာအလိုက် တန်ဖိုးတွေ ရှိတယ် …"

"ငါ့လို မိန်းမတစ်ယောက်ကို သူဌေးက ခြေတော်တင်ရုံပဲလို့ ပြောလိုက်စမ်းပါ …"

"ဒီစကားတွေ ပြောရတာ ဝက်ယူစရာမဟုတ်ဘူးထင်တယ်၊ အဲဒါတွေပြောရတာ 'မ' ကျေနပ်သလား …"

"ဘယ်ကျေနပ်မလဲ အပါ … ဒါပေမယ့် မင်းရဲ့ ခြေလှမ်းတွေ ဒီမှာပဲ ရပ်ဖို့ သိသာထင်ရှားအောင် ပြောရတာလေ၊ ငါတို့မှာ ညီအစ်မ နှစ်ယောက်ရှိတယ် …"

"သိတယ် … အခု လက်ရှိအခြေအနေမှာ 'မ' ရဲ့ အဖေလည်း ဆုံးသွားတာ သိပ်မကြာသေးဘူး …"

"ဟုတ်တယ် …"



ထိုကဲ့သို့ ရင့်သီးပက်စက်သော စကားတွေနဲ့ စစ်ခင်းရတော့မလို တင်းမာနေခဲ့ပြီးမှ 'မ' ဆီက ခံစားချက်တွေကို သူ သိခွင့်ရခဲ့သည်။

ပြီးတော့ ညီမ ဖြစ်သူအတွက် ညီမ အထင်တကြီးခိုတွယ်နေတဲ့ သူဌေးကို တွေ့ဖို့ ကြိုးစားနေရတဲ့အကြောင်းတွေ …။

"မမ ကို ကြားမဝင်ပါနဲ့လို့ နွေ ပြောထားတယ်နော်၊ မမ ဒီထက် စွတ်ဖက်လာရင် နွေ သည်းမခံဘူး …"

"မစွတ်ဖက်ဘူး နွေ … ငါ ကိုယ့်ညီမကိုပဲ ဆုံးမနေတာ၊ ဒီလိုကိစ္စတွေမှာ မိန်းကလေးတွေက ဆင်ခြင်ရင် ဘာမှမဖြစ်ဘူး၊ စောရဲနိုင်ဖြစ်ဖြစ် သူ့ရဲ့ သူဌေးဖြစ်ဖြစ် သူတို့တွေ ဘယ်လောက်ရှုပ်ထွေးတဲ့လူတွေ ဖြစ်ပါစေ မိန်းကလေးမပါဘဲ မဖြစ်ဘူး၊ အဲဒီလို အခွင့်အရေးမျိုး ရသွားတယ်ဆိုရင်လည်း ပေးတဲ့လူက ပေးလို့ပဲ …"

"ဟုတ်တယ် … ပေးရတာလည်း ယူရတဲ့အကြောင်းတွေကြောင့်ပဲလေ၊ သူတို့ပေးနိုင်တာမျိုး နွေ ကို မမ ပေးနိုင်သလား …"

"အဖေနဲ့ အမေလည်း ငါ့ကို ဘာမှမပေးနိုင်ခဲ့ဘူး၊ ဒါပေမယ့် ငါ နင့်လို လုပ်ဖို့ ဘယ်တုန်းကမှ မစဉ်းစားခဲ့ဘူး၊ ဘယ်တော့မှလည်း စဉ်းစားမှာမဟုတ်ဘူး …"

"ဒါပေါ့ … မမကို ချာတိတ်လေးက ကပ်ချွဲချွေးသိပ်နေတာကိုး၊ မမတို့လိုလူတွေက ငွေထက် ရင်ခုန်သံကို ပိုမက်ကြတာ …"

"နွေ … နင့်ပါးစပ်ကို ပိတ်ထားစမ်း …"

မလှမ်းမကမ်းမှာ သူ ရှိနေလျက်နဲ့လည်း ညီအစ်မနှစ်ယောက် စကားများကြတာကို ထိုင်ကြည့်ရဖူးသည်။ နွေ ဆိုသည့် ကောင်မလေးက သူနဲ့တော့ မတိမ်းမယိမ်းလောက်ရှိမည်။

နာမည်ကလည်း 'အေးသောနွေ' ဟုခေါ်လေသည်။

ဒါပေမယ့် သူမလောက် မအေးချမ်းတာ သူမပဲဖြစ်သည်။

'နေတော်ဝင်' ဘရားသားကုမ္ပဏီက ရှယ်ယာဝင်တစ်ယောက်ကို နွေက ဆက်သွယ်ဖို့ကြိုးစားသည်။ ထိုသူက စောရဲနိုင် ဆိုသူဖြစ်ကာ

www.burmeseclassic.com

www.burmeseclassic.com



သူမ တကယ်လည်း အောင်မြင်ခဲ့သည်။

ဆောရဲနိုင် ၏ လုပ်ငန်းတစ်နေရာမှာ ပါဝင်ခွင့်ရသလို နှစ်ယောက် ဘဝကိုလည်း ထူထောင်နိုင်ခဲ့၏။ ဒါပေမယ့် မယောသီတော့ မဟုတ်ခဲ့ပေ ...။

ထိုအဖြစ်ကြောင့် 'မ' က မရမက တားဆီးခဲ့ပေမယ့် ...၊

"ဒါ ရက်စရာမဟုတ်ဘူး 'မ'၊ ကာယကံရှင်ရဲ့ ပြုလုပ်ချက်က မိသားစုကို ဂယက်ရိုက်စေတာမှန်ပေမယ့် အဲ့ဒီတစ်ယောက်ကို မိသားစု တစ်စုလုံးက ပိုင်းပြုပြင်လည်း အလကားပဲ၊ 'မ' နဲ့သူက အထက်အောက် ညီအစ်မတွေ၊ 'မ' ဘယ်တော့မှ သူ့ကို ဆုံးမလို့ရမှာမဟုတ်ဘူး ..."

"ဘာဖြစ်ဖြစ် ဒါ ကြည့်နေသင့်တဲ့ ကိစ္စမဟုတ်ဘူး အပေါ်၊ မင်း ငါတို့နဲ့ ဝေးဝေးနေစမ်းပါ ..."

"ဝေးနေနေ .. နီးနေနေ .. ကျွန်တော့်စိတ်က 'မ' ဆီမှာပဲ၊ မမြင်ရလည်း သိနေတာပဲ၊ 'မ' အဲ့ဒီတစ်ယောက်ကြောင့် ဒုက္ခရောက်လိမ့်မယ် ..."

"ငါတစ်ဘဝလုံး ဒုက္ခနဲ့ လုံးထွေးသတ်ပုတ်ခဲ့ရတာ ဘာမှမဆန်းဘူး .."

"တစ်ဘဝလုံး သတ်ပုတ်ရင်ဆိုင်လာခဲ့တာတွေနဲ့ 'မ' အခု ဖြစ်နေရတဲ့ သောက တူလို့လား .."

ထိုစဉ်က 'မ' ရဲ့ မျက်ရည်တွေကို စတင်မြင်ဖူးခဲ့ရတာဖြစ်သည်။ ကော့နက်သော မျက်တောင်ရှည်တို့နှင့် မျက်ရည်ဝေ့နေသော မျက်ဝန်းတွေမှာ 'မ' ရဲ့ အလှတရားတို့ကို ရှာဖွေမိရင်း သူမရဲ့ သောကငွေ့ ကိုယ့်ရင်ထဲကို ကူးစက်ခဲ့သည်။

သူမရဲ့ မျက်ရည်တွေတိတ်ဖို့အတွက် သူ ဘာလုပ်ပေးရမလဲဆိုသည့်အတွေး၊ ပြီးတော့ ဘာပဲဖြစ်ဖြစ် ဖြည့်ဆည်းပေးချင်သည့် စေတနာတွေက အင်ပြည့်အားပြည့် ...၊

ထိုကြောင့် 'မ' ကို သူ ဘယ်လောက်ထိ ချစ်နေမိသလဲဆိုတာ



သိလာခဲ့သည်။ 'မ' ကတော့ ကြင်နာရှာပါ၏။

"ရည်းစားတွေ ထည်လဲတွဲနေတဲ့ ချာတိတ်တစ်ယောက်ကို စဉ်းစားရအောင် ငါက အရူးမှ မဟုတ်ဘဲ .." လို့ ဆိုလေသည်။

ထို့ကြောင့် သူ ပေါက်ကွဲသွား၏။ 'မ' ရဲ့ ကြည်ဖြူခြင်း၊ မကြည်ဖြူခြင်းတွေကို ဂရုမစိုက်စွာ အတင်းဆွဲပွေ့ပြီး နမ်းပစ်လိုက်သည်။

မှတ်မှတ်ရရ ထိုညက မိုးတွေ သည်းသည်းမည်းမည်းရွာနေခဲ့၏။ ပြီးတော့ ခေါင်းကို ထီးရိုးနဲ့ လွှဲရိုက်သွားခဲ့သဖြင့် သူ လမ်းထောင့်က ခရေပင်ကြီးအောက်မှာ ဒူးထောက်လဲပြိုကျန်ခဲ့သည်။

'မ' က တစ်ချက်တော့ စိုက်ကြည့်သွားသေးသည်။ ဒါပေမယ့် ဆံပင်တွေ ဖွာခနဲဝေ့ထွက်သွားတဲ့အထိ ကျောခိုင်းထွက်ခွာသွားခဲ့တာ နောက်ထပ် အကြည့်တစ်ချက်လေးတောင် ရောက်မလာတော့ပေ ...။

ဒါပေမယ့် နေပါဝါ ရဲ့ ရာဇဝင်ကလည်း ကိုယ်နာကျင်သွားတာနဲ့ ကြောက်ပါပြီလို့ အော်ခဲ့တာ ဘယ်တုန်းကမှ မရှိခဲ့ ...။

"မင်း ဘာလုပ်နေတာလဲ အပေါ် .."

"ထိုင်နေတာလေ .."

'မ' ရဲ့ ပျဉ်ထောင်အိမ်ခပ်ပုပုလေးရှေ့က အုတ်ခုံမှာ ခေါင်းမှာ ပတ်တီးနဲ့ ငုတ်တုတ်သွားထိုင်နေလိုက်သည်။

သူ ထိုင်ကာစက မိုးဖွဲလေးတွေရွာနေသဖြင့် သူ့ကိုယ်မှာ မိုးတွေ စိုရွှဲနေသည်။ အပြင်သွားမလို့ တံခါးဖွင့်ထွက်လာသည့် သူမကတော့ ဒါဝဲမေးပြီး 'နေပေါ်' ဆိုသည့် မျက်နှာတင်းတင်းလေးနှင့် ဥပေက္ခာပြု ဖို့ ကြိုးစားသည်။

ခြံတံခါးသော့ ပြန်ခတ်ပြီး အေးဆေးသော ခြေလှမ်းတို့နှင့် အလှည့်...

"ခုနကတောင် မိတ်ဆွေတစ်ယောက်က ဒီဘက်က ဖြတ်သွားရင်း လှမ်းမေးသွားသေးတယ် .."

'မ' ခြေလှမ်းတို့သွားတော့ သူ့အသံကို ထပ်မြှင့်လိုက်တာ ...၊

"မိုးရွာနေတာ ခေါင်းမှာ ဒဏ်ရာနဲ့ ဘာလုပ်နေတာလဲတဲ့၊ ကျွန်

www.burmeseclassic.com

www.burmeseclassic.com



တော်ကလည်း မညာချင်တာနဲ့လေ ဒီအိမ်ထဲက ခေါ်ဆောင်းမင်းသမီးကို ကျွန်တော်က .."

"အဝါ ..."

"သွားလေ 'မ' .. ဘာဖို့ ပြန်လှည့်လာတာလဲ၊ ကျွန်တော် ဒီမှာပဲ ထိုင်နေမှာ၊ 'မ' တို့ ခြံထဲကို ကျော်မဝင်ပါဘူး .."

"မင်း ဒီမှာထိုင်ပြီး လာသမျှလူကို .. တောက် .."

"ကျွန်တော် ဘာမှ မပြောပါဘူး၊ ခေါင်းက ပတ်တီးအကြောင်း ပါလာရင်တော့ .."

"သေလိုက် .."

'မ' ဒေါသထွက်နေတာ အငြိုးတကြီးမဟုတ်မှန်းသိနေသည်။ ပြီးတော့ 'မ' တို့အိမ်ထဲကို သူ ဝင်ခွင့်ရခဲ့တဲ့အပြင် 'မ' ရဲ့ အဖေ ဝတ်ခဲ့သော မုဆိုးအင်္ကျီတွေကိုပါ ကြည်ဖြူစွာ ထုတ်ပေးခဲ့၏။

သူများအင်္ကျီအဝတ်စားကို ဘယ်တုန်းကမှ မဝတ်ဓာတ်ခဲ့သည့် သူက 'မ' အဖေရဲ့ ဝတ်စုံကို ဝတ်ပြီး ကြည်နူးနေမိသေး၏။

"ရော့ .. ခေါင်းရေသုတ်လိုက်၊ ပြီးရင် မှန်ရှေ့သွားပြီး ပတ်တီးဖြည်၊ ဒီမှာ ဆေးလေးဝါးလေးတော့ရှိတယ် .."

"ရပါတယ် .. ဒီတိုင်းပဲနေမယ်၊ ကျွန်တော့်ကို ကော်ဖီပူပူလေးပဲ တိုက် .."

"ဘာ .. ရတယ် ဟုတ်လား .."

"ဟုတ်တယ်လေ .. 'မ' ကျွန်တော့်ကို ခြံပြင်မှာ ငုတ်တုတ်ထိုင်နေတဲ့အတိုင်း ထားခဲ့ရင် ပိုတောင်ဆိုးဦးမှာ မဟုတ်ဘူးလား၊ ခေါင်းရေစိုတာရော ပတ်တီးမဖြည်တာရော ပြဿနာမရှိပါဘူး .."

"ပြဿနာရှိတယ်၊ အဲ့ဒီ ပတ်တီးဖွေးဖွေးကို မင်းက ဂုဏ်ယူစမ်းမြောက်စွာ ပတ်ခွေထားပေမယ့် မင်းပါးစပ်ဖွာတိုင်း ငါ သိက္ခာကျတယ် .."

"ဟား .. ဟား .. ဟား .."

"ဘာရယ်တာလဲ .."



မျက်နှာကို တဘက်နဲ့ လုံးထွေးပစ်ပေါက်ကာ 'မ' က မျက်စောင်းထိုးသည်။ လှည့်ထွက်သွားတော့ သူ့ရင်ထဲက ရင်ခုန်သံတွေ သောင်းသောင်းဖျဖျဖြစ်ထွန်းသွားခဲ့လျက် ...

"မ ..."

'မ' ရဲ့ လက်လေးကို ဖမ်းဆွဲထားလိုက်ကာ ...

"ကျွန်တော့်ကို ချစ်တယ်မို့လား .."

"ဘာ ...."

"မ ကျွန်တော့်ကို ချစ်တယ်ဆိုတာ 'မ' ရဲ့ မျက်လုံးထဲမှာ မြင်နေရတယ် .."

"ဟုတ်လား .. မင်း မျက်မှန်ဆောင်သင့်နေပြီ .."

သူ့အင်္ကျီတွေကို ရေညှစ်ချလိုက် ခါလိုက်နှင့် 'မ' မျက်နှာက တင်းနေသည်။ ဒါပေမယ့် ဒီထက်ပိုသည့် ဒေါသတွေကို 'မ' ရဲ့ နှုတ်ခမ်းသားလေးတွေ စေ့ပိတ်နေတာက ဖော်ပြနေကြ၏။

အနီအဝါစင်းလေးတွေနှင့် ကိုယ်ကပ်ခါးတိုလက်ပြတ်လေးကို အဝါနုရောင် ရှပ်အင်္ကျီလက်ရှည်ပါးပါးလေးနှင့် အပေါ်ထပ်ပုံစံတွဲဝတ်ထား၏။

ပြီးတော့ အညိုရင့်ရောင် ဘောင်းဘီရှည်က သူမရဲ့ ကိုယ်ပေါ်မှာ ထစ်ကပ်ချပ်ချပ်လေး ...

ပါးလွှသော အပေါ်ထပ်ရှပ်အင်္ကျီကနေ တင်းပြည့်သွယ်လျသော ကိုယ်လုံးအလှကို ရိုးရိုးရိပ်ရိပ်လေး မြင်နေရတာကိုက 'မ' ရဲ့ ဆွဲဆောင်မှုရှိနေသော အလှတရားတွေပဲဖြစ်၏။

သူမက စကက်ရှည်တွေ သိပ်မဝတ်ပေ၊ ဘောင်းဘီရှည်တွေပဲ အဝတ်များကာ တစ်ခါတစ်လေ ခါးရှည် ကိုယ်ကျပ်တွေဝတ်မှ အကျ ဂျင်းဝင်တွေ၊ စတော့ကင်န်တွေနဲ့ တွဲလျက်မြင်ရ၏။

အထူးသဖြင့် 'မ' ရဲ့ စတိုင်လ်က ဆွယ်တာလက်ပြတ်ခါးတိုလေးတွေကို ဂျင်းပင်န်တွေနဲ့ ဝတ်တတ်တာပင် ...။ ပြီးတော့ အပေါ်ထပ် ခါး

www.burmeseclassic.com

www.burmeseclassic.com



ရှည်တွေနှင့် ယဉ်စေသည်။

ချက်ပြုတ်ဆောင်းဘီရှည်တွေ စကက်တိုတွေနဲ့ သူ တစ်ခါမှ မတွေ့ခဲ့ဘူးတာလည်း သေချာပါသည်။

'မ' ရဲ့ လှုပ်ရှားမှုလေးတွေကို ထိုင်ငေးနေရင်း ပြုံးလိုက်မိကာ..၊

"××လှတစ်မျက်နှာ ×× ယဉ်တစ်ကိုယ်လုံး ×× သိမ်းကျုံးလို့ ×× မောင် ပွေ့ထားချင်တယ် ××"

"မင်း ခုချက်ချင်း ထွက်သွားချင်လို့လား အပါ .."

သီချင်းသံစပ်တိုးတိုးညည်းမိတာနှင့် 'မ' ရဲ့ မျက်နှာက နီရဲတင်းမာနေကာ ..၊

"မင်းကို လှူရမ်းကားလေးတော့ မဟုတ်နိုင်ဘူးထင်ပြီး အိမ်ထဲထိဝင်ခွင့်ပြုခဲ့တာ .."

"ကျွန်တော် ခုထိ ထိုင်နေတာပါ .."

"မင်း ပါးစပ်ကို ပိတ်ထားဖို့ပြောနေတာ .."

"'မ' က လှတယ် .."

"စိတ်ကူးယဉ်နေရင် မင်း ရူးသွားမှာပဲ၊ မင်းလို ချာတိတ်လေးကို ငါ ဘယ်တော့မှ မစဉ်းစားဘူး .."

"ဘယ်လိုပုဂ္ဂိုလ်ကြီးကိုတော့ စဉ်းစားဖို့ စိတ်ကူးလဲ .."

'မ' ရဲ့ မဲ့ပြုံးက မြင်ရတဲ့သူကို ယားကျိကျိဖြစ်သွားစေခဲ့တာ အမှန်ပင် ..။

"မင်းစကားထဲမှာ အဖြေပါသွားပြီ .."

နောက်ပြန်လှည့်မကြည့်တော့ဘဲ အကျီတွေကိုခါ၍ မီးပူတိုက်ဖို့ပြင်သည်။ ပြီးတော့ ..၊

"မင်းရဲ့ ခေါင်းတွေကို ရေသုတ်လိုက်၊ ပြီးရင် ဟိုဘက်စင်ပေါ်မှာ ကော်ဖီဖျော်စရာအစုံရှိတယ် .."

"'မ' က အဲဒီမျက်နှာကြီးနဲ့ ကျွန်တော့်ကို ကျေးမွေးဧည့်ခံနေတာလား .."



"ဧည့်ခံရအောင် မင်းက ငါ လိုလားတဲ့ ဧည့်သည်မို့လို့လား ..၊ ဒဏ်ရာကြောင့်ပြောနေတာ .."

သူမ စကားပြောရင်း မီးပူကိုကိုင်လိုက်လျှင် ..၊

"အား!..."

"ဘာဖြစ်သွားတာလဲ!..."

သူ ဖျပ်ခနဲ ထရပ်လိုက်ကာ ..၊

"'မ' ဘာဖြစ်တာလဲ .."

"ခတ်လိုက်သွားတာထင်တယ် .."

လက်ဖျားလေးခါနေရင်း မီးပူကိုကြည့်နေကာ ပြန်ကိုင်ဖို့လည်း လန့်သွားပုံပေါ်၏။ ပါဝါ က သူမအားကို ထလျှောက်လာ၏။

"ကျွန်တော်နဲ့ 'မ' နဲ့ အဝေးကြီးဥစ္စာ ဘာဖြစ်လို့ ခတ်လိုက်ရမှာလဲ .."

သူ ပြောလိုက်တာကို 'မ' က နားမလည်ဘဲ လှည့်ကြည့်၏။ ပါဝါ သူမ အားမှာ ထိကပ်ရပ်လိုက်ကာ လက်ဖျားလေးကို ဆုပ်ကိုင်လိုက်လျှင် သူမ ဖျပ်ခနဲ ဆွဲရုန်းပစ်၏။

"မင်း ဘာလုပ်တာလဲ .."

"မ ဘယ်လိုမှ မနေဘူးလား၊ ကျွန်တော်ဆိုရင် 'မ' နဲ့ ထိမိတိုင်း ခတ်လိုက်တာ .."

"အပါ .. မင်း အေးဆေးသွားထိုင်နေလိုက်စမ်း၊ ငါ့အပေါ်မှာ ကူညီခဲ့တာတွေ .. သည်းခံတတ်တာတွေကြောင့် ငါ့စိတ်ကို ချုံးနှိမ်ထားတာနော် .."

"ကျွန်တော့်ကို ရိုက်ချင်နေတာလား .."

ဒေါသနှင့် ကြည့်လိုက်မိလျှင် မျက်ဝန်းတို့ ငြိတွယ်သွားကြကာ တစ်ယောက်ရဲ့စိတ်ကို တစ်ယောက်က မြင်နေရသည့်နှယ် ..၊ ပြီးတော့...

"ကျွန်တော် ခေါင်းတွေကိုက်နေပြီ .. ရေသုတ်ပေးပါလား .."

သူ ကိုင်ထားသည့်တဘက်ကို လက်ထဲထည့်ပေးတော့ မကိုင်ဘဲ

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလွှဲသွား၏။ ပါဝါ က လွှဲသည့်ဘက်ကို မျက်နှာငုံ့ကာ ...၊

" 'မ' ကျွန်တော့်ကို မရက်စက်ချင်ဘူးဆိုတာသိပါတယ်၊ လုပ်ပါ .. ဒါလေးပဲ .."

'မ' ရဲ့ လက်နှစ်ဖက်ထဲမှာ ခေါင်းငုံ့ဝင်လိုက်တာနှင့် သင်းပျံ့သော 'မ' ရဲ့ ကိုယ်သင်းနံ့က ရင်ခုန်သံတွေကို ပုတ်နှိုးကြိုစယ်၏။ ထိုစဉ် မိုးသက်လေ တစ်ရိုက်မှာ မိုးခြိမ်းသံတစ်ချက်က ခပ်ရှိင်းရှိင်းနှုတ်ဆက်သွားလျှင် 'မ' တစ်ကိုယ်လုံး သူ့ရင်ခွင်ထဲ ရောက်လာခဲ့ပြီး ...၊

"မ .."

"အို .. မဟုတ်ဘူး .. လွှတ် .."

'မ' ပြန်ရုန်းတော့ သူ အတင်းအကျပ်တွေးမွေ့ထားမိလျက် ...၊

" 'မ' ကို ချစ်တယ် .."

အဆုံးမဲ့အနမ်းများဖြင့် 'မ' ရဲ့ နှလုံးသားတံခါးကို တိတ်တိတ်လေး ဖွင့်ပစ်ခဲ့မိသည်။ သူနဲ့ မရဲ့ ချစ်သူသက်တမ်းတလျှောက်မှာ သူ့အပေါ် 'မ' ဘက်က ထားရှိခဲ့သော ချစ်ကြင်နာခြင်းများက ချစ်သူလို အစ်မတစ်ယောက်လို၊ မိတ်ဆွေကောင်းတစ်ဦးလို နားလည်မှုနွေးထွေးမှုတွေ အပြည့်နှင့် ...။

ထို့ကြောင့် 'မ' သည် သူ့အတွက် အသက်တမျှ မြတ်နိုးကြင်နာအပ်သော ...၊



အခန်း (၂၃)

တစ်နေ့လုံးတွေးနေခဲ့သည့် 'မ' နဲ့ သူ့ရဲ့အတိတ်တွေက သန်းခေါင်ထဲ ညဉ့်နက်နက်ထိ သူ့စိတ်အာရုံတွေထဲမှာ ညွှတ်ကွင်းမိနေဆဲ ...။

'မ' ကို ဒီဆင်းရဲဒုက္ခတွေက လွတ်မြောက်စေဖို့ သူ ကြိုးစားနေသမျှ 'မ' အတွက် 'ပေါ့စေလိုလို့ ကြောင်ရုပ်ရေး ဆေးအတွက်လေး' ဆိုတာလို ဖြစ်နေခဲ့ပြီလား ...၊

ကူညီရာမကျဘဲ နှောင့်ယှက်ရာကျနေခဲ့ပြီဆိုရင်ရော သူ ဒီနေရာအနေ တကယ်ပဲ နုတ်ထွက်သွားနိုင်ရဲ့လား ...၊

ရေနံတာမှာ ဒရင်းမ်ဘတ်ဒ်နှင့် တစ်ယောက်တည်းထိုင်နေရင်း ထဲလျှောက်ကြည့်လိုက်တော့ ကြယ်မစုံသော ကောင်းကင်ပြင်ကြီးက အနက်ရောင်ဖြစ်နေခဲ့၏။

ညရဲ့ အလှမှာ 'လ' က မသာခဲ့သဖြင့် ည၏ ပျိုမျစ်ခြင်း၊ ရင့်ရော်ခြင်းတွေတလည်း အဓိပ္ပာယ်မဲ့နေခဲ့သည်။ သူ့ဘဝ သူ့ကမ္ဘာမှာ အလှအရာတို့ ဆိတ်သုဉ်းနေခဲ့တာလည်း သူ့ဆီမှာ 'မ' မရှိသည့်အချိန်ကတည်းကဝင် ...။

ရူးရောစိတ်ပါ ထောင်းထောင်းကြေနေရှာသည့် 'မ' ဆိုရင် ဘယ်

www.burmeseclassic.com

www.burmeseclassic.com



လိုနေရှာမလဲ …၊

'မ' ဒုက္ခရောက်နေတာကို မြင်နေလျက်နှင့် မကူညီနိုင် …၊

ဝေဒ ကိုလည်း သူပဲ ကြိမ်းမောင်းသတိပေးခဲ့ပြီး သူသာလျှင် မြိမ်း၍ မရှာသော မိုး …။

"တောက် …"

"ဒုန်း …"

"ချွမ်း …"

လက်ပြန်ရိုက်ထုတ်ပစ်လိုက်သည့် ပုလင်းက နံရံနဲ့ ပစ်ဆောင့်၍ ကွဲကြေကျသွား၏။

သူ ဘာလုပ်ပေးရမလဲ …၊

'မ' အတွက် သူ ဘာလုပ်ပေးနိုင်မလဲ …၊

ခေါင်းကို လက်နှစ်ဖက်နဲ့ ဆုပ်ကိုင်ခေါင်းငုံ့ကာ တက်ခေါက်နေမိတာ ဘယ်နှစ်ခါမှန်းမသိ …။

"လမ်းဖျက်တဲ့ မိုးလိုပဲ … ဗွက်ထရုံအပြင် ဘာမှ ဖြစ်မလာဘူး" တဲ့…။

"ဘယ်တော့မှ ငြိမ်းချမ်းဖို့ မရှိနိုင်တဲ့ စစ်ပွဲ …" လို့လည်း မင်းမင်းသော်က ပြောနေသေးသည်။ သူ ကြိုးစားနေသမျှ 'မ' ကတော့ ဒုက္ခရောက်နေမှာပဲဆိုရင် သူ ဘာလုပ်ခွင့်ရှိသေးလို့လဲ …၊

ဒီကြားထဲ မင်းမင်းသော် က ခုချိန်ထိ ဝေဒ နဲ့ တွဲနေတုန်း …။

သူမတို့ လက်တွဲ၍ သူ့ဘဝကို အမှောင်ချခဲ့ကြသည်။ ခုထပ်ပြီး အဆင်ပြေနေကြတာက ဘာကိုကြံစည်ဖို့ ခြေလှမ်းပြင်နေကြတာလဲ …။ သူမကို ဒီအိမ်ခေါ်လာခဲ့တာ ကိုယ့်အတွက်လား ဝေဒ အတွက်လား…

မင်းမင်းသော် ဆိုသည့် မိန်းမမျိုးက သူမ အတွက် အဆင်ပြေမယ်သာဆို 'ဘနဖူးသိုက်တူး' ရုံတင်မက လေယာဉ်ကွင်းပါ ဆောက်ပ[illegible]၏။

ဘာပဲဖြစ်ဖြစ် မရိုးသားကြသူတွေထဲမှာ 'မ' နဲ့ သူနဲ့သာ နယ်ရု[illegible] တွေလို အကွက်ရွှေ့ခံနေရတာဖြစ်သည်။ ဒါဆို သူ ဘာအားကိုးနဲ့ စိ[illegible] ခေါ်နေခဲ့တာလဲ …၊

'မ' ကို ဘယ်လိုနည်းလမ်းကောင်းတွေနဲ့ ကယ်တင်ရမလဲ …၊

"မင်း သူ့ကို ဒီရေဲတွင်းက လွတ်မြောက်စေချင်တယ်ဆိုတာရော



စေတနာသန့်ရဲ့လား ပါဝါ၊ မင်းမင်းသော် ပြောသလို ဝေဒ လက်ထဲက လုယူချင်တာလား …"

ကိုယ့်ကိုယ်ကိုယ် ဒီလို ပြန်မေးမိတိုင်း အဖြေကိုအနက်ရှိုင်းဆုံးထိ နှိုက်ထုတ်မယူချင် …၊

ဒါပေမယ့် သေချာတာက 'မ' အတွက် သူ ဘယ်လိုခက်ခဲတဲ့အရာ တိုဖြစ်ဖြစ် ရင်ဆိုင်ကျော်ဖြတ်ရဲသည်။

'မ' စိတ်ချမ်းသာဖို့ဆိုတာပဲ လုပ်ပေးရ ပေးရ …။

နေရာမှ ထကာ ဝရန်တာ၏ ထောင့်စွန်းကို လျှောက်တော့ တစ်ခွက်သောက်ထားပြီးသည့် အာရုံတွေက ခပ်ထွေထွေဖြစ်နေ၏။ ခြေလှမ်းမမှားပေမယ့် ယိုင်ချင်ချင် …။

"လေယာဉ်လက်မှတ် အဆုံးခံပြီးတော့များ အမဲဖျက်နေသေးတယ် … အံ့ရော …"

မင်းမင်းသော် ဘယ်လိုမြင်ကွင်းမျိုးကို မြင်ခဲ့သလဲ၊ 'မ' ကို နှိပ်စက်ရိုက်ပုတ်နေတာသိလျက်နှင့် သူ ဘာလုပ်ပေးနိုင်ခဲ့သလဲ …၊

ပြီးခဲ့တဲ့ အချိန်တွေဆီ နောက်တစ်ခေါက် ပြန်သွားလို့သာရမည်ဆိုလျှင် 'မ' ကို သူ ဘယ်နည်းနဲ့မှ လက်လွှတ်ခံမှာမဟုတ် …။ ခုတော့ သူတို့အရှုမသိတတ်ဆိုးဝါးစွာ ကျော်ဖြတ်လာခဲ့သည့်အချိန်တွေက ရက်ရက်စက်စက် ဖြတ်ချပစ်လိုက်တာ တိခနဲ …။

'နေတော်ဝင်' ကုမ္ပဏီရယ် သူဌေးဆိုသော ဝေဒ ရယ်၊ ပြီးတော့ မိသားစုဝင်ဖြစ်သည့် စောရဲနိုင် ရယ် …၊

ဒီလူတွေနဲ့ ပတ်သက်မိခဲ့ခြင်းဟာ သူတို့နှစ်ယောက်၏ အနာဂတ်ကိုလုံး အနီရောင်ကောင်းကင်ဖြစ်လာဖို့ရှိသည်ဆိုတာ နည်းနည်းလေးတောင် မရိပ်မိခဲ့ပေ …။

ဝေဒ ဆိုသူ ဘယ်အရပ် ဘယ်ကမ္ဘာကနေ ပါဝင်လာနိုင်သည်မှန်း စောစောက ကြိုတွေးခဲ့မိလျှင် …၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

"ဆောင်းမင်းသမီး .."

"ဟုတ်တယ် .. ဘာလဲ နာမည်ကြားလိုက်တာနဲ့ ဖျားသွားပြီလား.."

ဝေဒ နဲ့ ဇော်ရဲနိုင် တို့ ဝိုင်တစ်ခွက်စီကိုင်လျက် ကုမ္ပဏီအပေါ်ဆုံးထပ်ကနေ ကားပါကင်နားမှာ ရပ်နေသော မင်းမင်း ကို လှမ်းကြည့်နေကြ၏။

ကော်ဖီရောင် ဘောင်းဘီရှည်နှင့် သနပ်ခါးရောင်ခါးကျလည်ပိုက်လေးကို ဝတ်ထားကာ အဖြူရောင်ကုတ်အင်္ကျီလက်စကလေးကို အပေါ်ထပ်လို ဝတ်ထား၏။

"အဟွန်း .. အပိုအလိုမရှိ တင်းကပ်နေတဲ့ ဆွဲ(ဂ်)စီ ကိုယ်လုံးကိုတော့ ကြိုက်တယ် .."

"ဟား .. ဒါဆို အနီးကပ်မြင်ရရင် မင်း မျက်နှာလွှဲနိုင်မှာ မဟုတ်တော့ဘူး .."

"အရမ်းလှနေလို့လား .."

"ဘယ်လိုပြောရမလဲကွာ .. လှလည်းလှတယ်၊ အရမ်းတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် အကြည့်က ရဲရင့်တယ်၊ နှုတ်ခမ်းက ဆွဲဆောင်မှုရှိတယ် .."



"မင်း ဒီလောက်ဖြစ်ထားတာတောင် ဘာဖြစ်လို့ သူ့ညီမကို ရွေးခဲ့တာလဲ .."

"ကိုယ်က ရွေးချိန်မရလိုက်ဘူး၊ သူက ရွေးထုတ်သွားတာ .."

"ဟား .. ဟား .. ဟား .."

"ဟုတ်တယ် .. အေးသောနွေ ဆိုတဲ့အတိုင်းပဲ၊ လူကတော့ မိန်းမသားလေး၊ လှပ်ရှားနေထိုင်ပုံက လုံးဝ မိန်းကလေးနဲ့ မတူဘူး။ သူ ရဲတင်းပုံကျတော့ ဆွဲဆောင်မှုရှိတာမျိုးမဟုတ်ဘဲ တုပ်နှောင်တာမျိုးလို့ ပြောရမလား .."

"ဘယ်လို ..."

"ငါ သူ့ကို ဘယ်လိုမှ အထင်ကြီးလို့မရဘူး၊ ဒါပေမယ့် ဒီအခြေအနေထိဖြစ်သွားတယ် .."

"ဒါဆို .. ဆောင်းမင်းသမီး ကို မင်းက အတွေ့နောက်ကျသွားလို့ လက်လွှတ်လိုက်ရတာပေါ့ .."

"မဟုတ်ဘူး၊ သူက သိပ်မလွယ်ဘူး၊ နွေ နဲ့ တခြားစီ ..."

ဝေဒ ၏ စိတ်ဝင်စားမှုတွေက မင်းမင်း ရဲ့ သတင်းကိုကြားတည်းက နောက်ပြန်မဆုတ်နိုင်ခဲ့တာဖြစ်သည်။ အဆေးက မြင်ရတာနဲ့တင် ဒီမိန်းကလေး ဘယ်လိုမှ ငြိုးငွေ့ဖွယ်မိန်းမမျိုးမဖြစ်နိုင်ဟု တပ်အပ်တွက်ခဲ့၏။

ဒါပေမယ့် စိတ်ဝင်စားခြင်းသည် သာမန်ထက် ဘာမှမပိုခဲ့သေး..။

"မင်းက နွေ့ အစ်မဆိုတော့ အထဲမှာအေးဆေးထိုင်လို့ရပါတယ်၊ ဇော်ရဲနိုင် က ကိုယ့်သူငယ်ချင်းပါ .."

"မလိုပါဘူး .. ကျွန်မက နွေ့ ကို ဒီမှာလာတွေ့မှရတာမို့လို့ လာဆောင့်နေတာ .."

"သူက မင်းကို့ မတွေ့ချင်ဘူးထင်တယ် .."

"အဲဒါကြောင့် တစ်ခါပြီးတစ်ခါ လာနေရတာ .."

သူမကို ကားဘက်ခ်ဆုတ်ရင်း မဲလွှတ်တလှတ်လေးကာ မျက်ပစ်လိုက်သည်။ သူမ ပုံပန်းပျက်ပြီး ယိမ်းယိုင်ကျန်ရစ်တာမြင်မှ ကားထဲက ထွက်ပြီး တောင်းပန်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်ပြီးတာနှင့် သူမကို ချော့နေဖို့ကြိုးစားကြည့်လိုက်တာ သိပ်တော့မလွယ် ..၊

နွေ့ ကို ရင်းနှီးဟန်နှင့် ခေါ်ပြောကြည့်လိုက်တာ လွယ်လွယ်လေးနှင့် အံဝင်သွားပေမယ့် မင်းမင်း ကတော့ ရင်းနှီးလို့လည်းမရ၊ လာပါ ထိုင်ပါဆိုလည်း ဘယ်လိုခေါ်ခေါ် မလိုက် ..။

ထို့ကြောင့် သူမကို စိတ်ဝင်စားခြင်းက ပို၍လေးနက်လာခဲ့သည်။ သူမ မျက်နှာလေးကို အနီးကပ်မြင်နေရတော့ တပ်မက်စိတ်တွေဖြစ်ခဲ့၏။

နောက်ဆုံး နွေ့ အကူအညီနဲ့ ရုံးခန်းထဲထိ ဝင်ထိုင်ဖို့ကြိုးစားကြည့် နိုင်းတာတောင် မရခဲ့ပေ။

"မင်း ညီမနဲ့ မင်းက သိပ်အစေးမကပ်ကြဘူးပဲ၊ ဘာဖြစ်လို့လဲ မင်းမင်း .. သူ့ကို မင်း ဒီလောက် ဂရုစိုက်နေရတာ ပြောမရမယ့်အတူတူ သူ့အလိုလိုက်လိုက်ရင် ပြီးတာပဲ .."

"ဘာကို အလိုလိုက်ရမှာလဲ .."

"စောရဲနိုင် ကို မင်း သဘောမကျဘူးမို့လား၊ သူကလည်း စောရဲ ကို တော်တော်ချစ်ရှာတာ .."

"ကျွန်မ ညီမလေးက မိုက်တဲ့အရွယ်ပါ .."

"သူ အသက်ပြည့်နေပါပြီကွာ .."

"ဒါပေမယ့် မလိမ္မာလို့သာ ကိုယ့်ကို တကယ်မချစ်တဲ့ ယောကျ်ား ကို သိက္ခာမဲ့တကောက်ကောက်လိုက်နေတာပေါ့ .."

ယောကျ်ားချင်းပြောကြမှာပါ။ နွေ့ ဘယ်လောက်ထိ သူ့ဒွေးကထော ဖြစ်ချင်နေသလဲဆိုတာ သိနေကြသူတွေရှေ့မှာ ဟန်လုပ်ပြောနေလည်း အပိုပဲဖြစ်မှာပင် ..။

ထို့ကြောင့် မင်းမင်း က အရှိအတိုင်းပြောချလိုက်သည်။ စော က သဘောတွေကျနေ၏။

"ဒါကတော့ သိက္ခာမစောင့်စည်းနိုင်လောက်အောင် ချမ်းသာ ကို မက်မောတာနေမှာပေါ့၊ မင်း ပြောသလို မိုက်တဲ့အရွယ်လေ .."

ဝေဒ က တစ်ခွန်းချင်းချေဖျက်ပြီး လူကို လှောင်ရယ်နေတာ



သည်။ ဒါပေမယ့် မင်းမင်း စိတ်ကို တည်ငြိမ်အောင်ကြိုးစားနေခဲ့မိ၏။

နောက်ကို ဒီကုမ္ပဏီဝင်းရှေ့ထိ မလာတော့ဖို့လည်း ဆုံးဖြတ်ခဲ့သည်။ သို့သော် ..၊

"စောရဲ ကိုလည်း တကယ်မချစ်ဘူးဆို့တော့ မင်း မစွပ်စွဲပါနဲ့၊ ဒီးပွားရေးတစ်ခုတည်းမှာပဲ စိတ်နှစ်ထားတဲ့ လူတစ်ယောက်အတွက် တခြားကိစ္စ ဗာဟီရတွေက အနောက်အယှက်ပဲ .. ချစ်တာက သပ်သပ် လက်ထပ်တာကျတော့ ချစ်မိတာလောက် မလွယ်ဘူး၊ သူ မင်းညီမကို အိမ်တစ်ဆောင်မီးတစ်ပြောင် ထားတာပဲ .."

မင်းမင်း မျက်ဝန်းတွေ လက်ခနဲစူးရဲသွားသည်။ ဝေဒ က ပုံမှန်မျက်နှာနှင့် ..၊

"သူတို့အိမ်ကို မင်း သိခွင့်မရှိတာ သွားခွင့်မရှိတာတွေကတော့.."

"ဒီမှာ .."

"ဟင် ..."

"ရှင်က ဒီကသူဌေးဆိုတော့ ရှင့်အရိပ်မှာ ရပ်နေတုန်း ပြောရမှာ အားနာတယ် .."

"အားနာတယ်ဆိုတော့ ကြားမကောင်းတာတွေထင်တယ် .."

"ဟုတ်တယ် .. ရှင် သူများ ကိုယ်ရေးရာဇဝင်တွ မစပ်စုဖို့ ပြောချင်တာ.."

"ကိုယ်ကလည်း ..."

"ကျွန်မက ကျွန်မ ညီမအကြောင်းကိုပဲ တွေးသလို၊ ရှင်က ရှင်နဲ့ ဆက်စပ်ပတ်သက်သူမရှိတဲ့အတွက် မဆိုင်တာတွေ တွေးပြီး စပ်စုရင်း အချိန်ကုန်မခံဖို့ .."

သူမက ခပ်ရိုင်းရိုင်းပြောသည်။ ရင်ထဲမှာတော့ အောင့်သက်သက် ဖြစ်ခဲ့၏။ သို့သော် သူမရဲ့ ပုံရိပ်ကို ညစဉ်ဖျောက်ဖျက်လို့မရတော့ပေ။

နောက်ဆုံး သူ ကြိုးစားကြည့်ဖို့ ခြေလှမ်းပြင်ရင်း ..၊

"စောရဲ နဲ့ မင်း ညီမကို တခမ်းတနားလက်ထပ်ဖြစ်အောင် ကိုယ် လုပ်ပေးနိုင်တယ် .."

www.burmeseclassic.com

www.burmeseclassic.com



ပြောကြည့်လိုက်တော့ သူမ စိတ်ဝင်စားပုံဖြစ်သွားသည်။ ဒါပေမယ့် မယုံကြည်သည့် အခက်အခဲကြောင့် မင်းမင်း ကို သူ တော်တော်ကြိုးစား ချဉ်းကပ်ခဲ့ရ၏။

တကယ်တမ်းကျတော့ စောရဲ ကို သူ ဒီလောက်ထိ မပိုင်ပါ။

"ငါက ဘာလို့ လက်ထပ်ရမှာလဲ ဝေဒ ရ .. နှိုက်မြည်းကြည့်လို့ ရနေတာကို ဝူယ်စားစရာလား .."

ယောကျ်ားချင်းပြောကြတော့ ဘာကိုမှ ကွယ်ဝှက်မှုမထားကြပေ..။

"မင်းကရော .. သူ့အစ်မကို တကယ်အတည်လား .."

"ဒီလောက်ထိ ဖြစ်စရာလားကွ .. ဒါပေမယ့် မလွယ်ဘူးဆိုပြီး လက်လျှော့ရမှာကျတော့ နှမြောစရာကြီး၊ ကိုယ့်အတွက် အရမ်းလိုအပ်နေတဲ့ ပစ္စည်းဖြစ်ရင့်ဖြစ်မယ်၊ ကိုယ်လိုအပ်နေတိုင်း သူ့တန်ဖိုးတွေက လိုက်မြင့်လာမှာလား၊ ဘာဖြစ်ဖြစ် တန်ရာတန်ကြေးပဲလေ .."

သူ ကိုယ်တိုင် ဒီတိုင်းပြောခဲ့သေးသည်။ ဒါပေမယ့် ခက်ခဲခြင်းကြောင့် စိတ်ဝင်စားမှုက ပိုပိုတိုးလာခဲ့သည်။ ရင်းနှီးမှုလေးရလာတော့ ဒီ့ထက်အဆင့်ပိုချင်လာတာက မချင့်မရဲနှင့် မျိုသိပ်နေရသော ဆန္ဒတစ်ခုလို ဖြစ်လာပြန်သည်။

လွယ်လွယ်မရတော့လည်း ကြိုးစားကြည့်ရတာပေါ့လို့ ကြိမ်းဝါးခဲ့ပေမယ့် ကြိုးစားတာလည်းမရတော့ ကြံစည်မှုတွေဖြစ်လာခဲ့ရလျက်..။

"ကိုယ်က ကျေးရွာတရားတွေနဲ့ ချည်တုပ်ပြီးမှ မင်းကို ရယူတာမျိုး မလုပ်ချင်လို့၊ တကယ်ဆိုရင် မင်းအမေ စီတ္တဇဝေဒနာသည်ဘဝမှာတည်းက ချေးငှားကူညီနေခဲ့တာက ကိုယ့်မိဘတွေပါ၊ တစ်ခါတစ်လေ မင်းအဖေ ငွေလာချေးရင် အိမ်မှာ ကိုယ်ရှိနေခဲ့သေးတယ်၊ ဒါပေမယ့် မင်းအဖေဆိုတာ ဘယ်လိုလူမျိုးသိခဲ့မှာလဲ .."

ပြောပြလိုက်တော့ မင်းမင်း မျက်နှာပေါ်မှာ ပထမဆုံး တုန်လှုပ်ခြင်းကို မြင်လိုက်ရ၏။ ပြီးတော့ သူမ မျက်နှာလေးငယ်ကျသွားသည်။

ဒီနည်းနဲ့ ထိရောက်မှန်းသိလိုက်တာနှင့် ဝေဒ မီးကုန်ယမ်းကုန်



ကြိုးစားတော့သည်။ သူမက သူ ထင်ခဲ့သလို ခပ်ပေါပေါမိန်းကလေးမျိုး မဟုတ်မှန်းသိရတော့ သူမရဲ့ တန်ဖိုးတွေ တရိပ်ရိပ်တက်လာတာ ထုန်ချေးနှုန်းထက်တောင် မြန်သေးသည်။

ပြီးတော့ ကျေးဇူးတရားကြောင့် သူမဘက်မှာ ပျော့ကွက်လေးတွေ ရှိလာခဲ့သည်။ သို့သော် အနေအထိုင်စည်းကမ်းရှိလွန်းသည့် နေရာမှာ၊ အေးသောနွေ ရဲ့ အစ်မဆိုတာ ယုံနိုင်စရာမရှိအောင်ပင် ..။

သူမကို ထိပါးကျူးလွန်ဖို့မဆိုထားနှင့် စကားလုံးလေးနဲ့ ပြောမှားဆိုမှားဖြစ်သွားရင်တောင် ပြန်ဖြေရှင်းရတာ သေလုမျောပါး ..။

"ဖေဖေတို့က ကြွေးမြီကိစ္စတွေကို ဘာမှ ထပ်မပြောခဲ့ကြဘူး၊ မင်းအမေလက်ထက်တည်းက မင်းတို့အိမ်ကို သိမ်းယူထားလိုက်လို့ရနေပြီ၊ ဒါပေမယ့် မင်းအဖေ မျက်လုံးမကောင်းတဲ့ရောဂါထိ ဖေဖေတို့က ကိုယ်ချင်းမဲ့ ကူညီခဲ့ကြတာ .."

"အဲဒါတွေ ကျွန်မ သိပါတယ်၊ အိမ်ပေါင်လိုက်ရသလိုလိုဖြစ်ခဲ့တာလည်း သိတယ်၊ ဒါပေမယ့် အဖေက အားလုံးဖုံးကွယ်ထားခဲ့တာ၊ ခု ရှင့်ပြောသလောက် ကျွန်မ မသိဘူး၊ ပြီးတော့ .. အဲ့ဒီလူတွေက ရှင်တို့ မိသားစုဆိုတာလည်း မသိခဲ့တာ အမှန်ပါ .."

"ဟုတ်တယ်လေ .. မင်းအဖေ ကိုယ်တိုင်က သားသမီးတွေ မျက်နှာငယ်မှာစိုးပါတယ်လို့ ပြောခဲ့ဖူးတာကို၊ ဖေဖေတို့က ဒါကို မင်းတို့မိဘနှစ်ပါးစလုံး မရှိတော့တဲ့အထိ စောင့်ထိန်းခဲ့တာပါ .."

သူ့ရဲ့ အပြောကောင်းတာလား၊ သူမ သိထားတာတွေနဲ့ ထိပ်တိုက်အမှန်တွေဖြစ်သွားခဲ့တာလား ..။ ဘာမှန်းမသိပေမယ့် မင်းမင်း ရဲ့ မျက်နှာလေး သူ့အပေါ်မှာ လုံးဝ ပြောင်းလဲပြေပြစ်သွားခဲ့သည်။

"ဒီကျေးဇူးတွေကြောင့် ကိုဝေဒ ရဲ့ မိဘတွေကို ကျွန်မ လေးစားပါတယ် .."

"ကိုယ် မပါဘူးလား .."

"ပါပါတယ် .. ရှင်လည်း ဒါတွေကို သိနေရက်နဲ့ ကျွန်မ ပြောမှား

www.burmeseclassic.com

www.burmeseclassic.com



ဆိုမှာဖြစ်ခဲ့တာတွေကို ခွင့်လွှတ်နားလည်ပေးခဲ့တာ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကိုဒေဒ ဖွင့်ပြောလာတာ အကြောင်းတော့ရှိမယ်ထင်တယ်.."

"ထူးထူးခြားခြားတော့ မရှိဘူး၊ ထူးခြားတယ် ပြောရင်လည်းရတယ်၊ ကိုယ်က မင်းနဲ့ ဒီထက်ပိုပြီး ရင်းနှီးခင်မင်ချင်တာလေ၊ မင်းက အရမ်းတင်းနေတော့ .. မျှော်လင့်ချက်လေးထားပြီး မပြောချင်ပေမယ့် ပြောပြမိတယ်၊ တစ်မျိုးမထင်ဘူးမို့လားဟင် .."

"ခင်မင်ချင်တာကိုတော့ တစ်မျိုးမထင်ပါဘူး၊ နွေ နဲ့ပတ်သက်ပြီး ဆက်စပ်မျှော်လင့်တာမျိုးဆိုရင်တော့ ကျွန်မက နွေ့ အစ်မပေမယ့် နွေနဲ့ မတူဘူးဆိုတာ ပြောထားပါရစေ .."

"ဟာ .. အဲ့လိုကြီး မဟုတ်ပါဘူး၊ ကိုယ်က မင်းကို အထင်သေးတဲ့ စိတ် လုံးဝမရှိဘူး .."

မှသားတွေတစ်ထောကြီးသုံးလိုက်မိသည်။ ဒါပေမယ့် သူ့ရင်ထဲမှာ ဒီတိုင်းအတည်ဖြစ်လာခဲ့လေသည်။

"ငါတောင် အေးဆေးအဆင်ပြေတယ် ဒေဒ .. မင်း ကြိုးစားကြည့်စမ်းပါဦး၊ အတည်ဆိုတာကတော့ ဒီလို မိန်းကလေးတစ်ယောက်နဲ့ မတန်ပါဘူး .." တဲ့ ..။

စောရဲ က ရှုံ့မဲ့ခေါင်းခါ၏။ သူ့မှာ မင်းမင်း ကို ရယူပိုင်ဆိုင်လိုစိတ်တွေ ပြင်းပြနေခဲ့ပြီဖြစ်ကာ သူ ကိုယ်တိုင်ဖြစ်ခဲ့သော သူမရဲ့ တန်ဖိုးက.သူနဲ့ ဘဲလန့်(စ်) ဖြစ်လာဖို့မလွယ် ..။

ဘာလုပ်ရမှန်းမသိဘဲ ချီတုံချတုံနှင့် အိပ်ပျက်ညတွေများလာခဲ့စဉ် မင်းမင်း ရဲ့ဘေးမှာ ပါဝါ ကို မြင်လိုက်ရသည့်နောက် ..၊

"မင်းကို ကိုယ် လက်ထပ်ပါရစေ .."

သူမသည် နားမလည်နိုင်သော မျက်ဝန်းတို့ဖြင့် သူ့ကိုကြည့်နေတာ စက္ကန့်များစွာကြာခဲ့ပြီး ..၊



အခန်း (၂၅)

"မင်းမှာ ချစ်သူရှိခဲ့ဖူးလား .."

"ရှိတယ် .."

သိပြီးသားတွေကိုပဲ အောင်နိုင်သူတို့ ပီတိနှင့် အစကအဆုံးထိ ပြန်မေးကြည့်ခဲ့သေးသည်။ သူမက သူ မေးသလောက်တော့ မဖြေပေမယ့် တစ်ခုမှ မညာခဲ့တာကို ပိုပြီးကျေနပ်မိ၏။

နူးညံ့ကြင်နာခြင်းကို မတွေ့ရပေမယ့် ပြေပြစ်ခြင်းဖြင့် သူ့ရှေ့မှာ မျက်လွှာစင်းစင်းချနေခဲ့သော မျက်နှာလှလှလေးက သူ့အတွက်တော့ ပြီးပြည့်စုံသော ရန်ခုန်သံတွေကို ဖြစ်ပေါ်နေစေခဲ့ကာ ..၊

"အခု ပြီးသွားပြီလားဆိုတာပဲ သိချင်တာ .."

"တွဲနေတုန်းပါပဲ .."

"ဟင်!..."

"ရှင့်ကို လက်မခံသေးခင်အထိပါ .."

"အဲ့ .. အဲ့ဒါကရော .. ကိုယ့်ကို မင်း လက်ခံလိုက်တဲ့အတွက် ပြဿနာရှိလာနိုင်လား၊ ဥပမာ .. သူ့ဘက်ကဖြစ်ဖြစ် မင်းရင်ထဲမှာ ဖြစ်ဖြစ်.."

www.burmeseclassic.com

www.burmeseclassic.com



"သူ့ဘက်က မသိဘူး၊ ရှင်ပဲပြောတော့ မင်း ခေါင်းညိတ်ပေးရင် ကျေနပ်ပြီဆို .."

"ဒါပေမယ့်ကွာ ,, ချစ်သူကိုဖယ်ထားပြီး ဆုံးဖြတ်လိုက်တယ်ဆိုတော့ .."

"ရှင်က ကျွန်မအတွက် မြင့်မြတ်တဲ့ လူပါ၊ သူကတော့ နှလုံးသားနဲ့ ရွေးချယ်ခဲ့တဲ့သူ၊ ကျွန်မရဲ့ မိဘနှစ်ပါးကို ကျွန်မရဲ့ အင်အားနဲ့ ဘာမှ မကူညီမပြုစုခဲ့ရတဲ့အတွက် သူတို့တင်ကျန်ရစ်တဲ့ ကြွေးကို ကျွန်မ ဆပ်မယ်လို့ ဆုံးဖြတ်ခဲ့တာ၊ ရှင့်ကို လက်ခံဖို့အတွက် ကျွန်မ ဘာနဲ့ယှဉ်ပြီး ဆုံးဖြတ်တာဖြစ်ဖြစ် ရှင် ပြောခဲ့တဲ့စကားအရ အဲ့ဒါကို ရှင် စိတ်မဝင်စားသင့်ဘူးထင်တယ် .."

ရှင်ထဲမှာတော့ အောင့်သက်သက်တင်၏။

"ဖေဖေ့ ခများ လူမမာဖြစ်နေတဲ့ ဇနီးသည်ကို ပြုစုရ၊ ကြွေးတင်နေတာကို မဆပ်နိုင်လို့ ဖိစီးနေတဲ့သောကတွေကို မျိုသိပ်ရရှဲ့ အဲဒီတုန်းက ဒါတွေကို သေချာမသိခဲ့ပေမယ့် ခု သိလိုက်ရတော့ ဖေဖေ့ကို ကျွန်မ နားလည်သွားတယ် .."

သူမက ညီမဖြစ်တဲ့သူကို ကာကွယ်ဖို့ကြိုးစားရုံတင်မကဘဲ မိဘကျေးဇူးကို သိတတ်နားလည်နေသည့် သမီးကောင်းရတနာလေးပါ။

ဒါပေမယ့် မုသားတွေ အိတ်သွန်ဖလားမှောက်သုံးပြီး အကြီးကြီးလိမ်ညာထားမိသည့် သူ့အတွက်က ကိုယ့်ရှေ့မှာ ဒီကျေးဇူးတွေပဲ တွင်တွင်ရွတ်ပြနေတော့ စိတ်မလုံချင် ..။

"ဒီကြွေးကို ကျွန်မ ဆပ်နိုင်မယ်ဆိုရင် ဖေဖေနဲ့ မေမေကို ကျေးဇူးဆပ်ရာရောက်မှာပါ၊ အဲ့ဒါကြောင့် ရှင့်ကို လက်ထပ်လိုက်တဲ့အတွက် ဒီကြွေးကျေမယ်ဆိုရင် ချစ်တဲ့သူကိုလည်း စွန့်လွှတ်နိုင်တယ်၊ ရှင့်ဘက်က တစ်ခုပဲ နားလည်ပေးပါ၊ ကျွန်မ သူဌေးကတော် ဖြစ်ချင်လို့မဟုတ်ဘူး .."

"သိပ်နားလည်တာပေါ့ မင်းမင်းရယ် .."



သူ့ အမိပွားယ်တွေနဲ့ ပြောလိုက်မိသည်။ ကွယ်ရာကျတော့ ဟားတိုက်ရယ်မိရင်း ..၊

"သေလိုက်တော့ ပါဝါ၊ မင်းတော့ သေပြီ .. ဟား .. ဟား .. ဟား.."

ကိုယ့်ကို ငယ်ငယ်တည်းက ခုချိန်ထိ နိုင်နင်းနေခဲ့လို့ နာကြည်းခဲ့တာတော့မဟုတ် ..။ ဒါပေမယ့် သံသရာဆိုတဲ့သဘာဝယန္တရားကြီးက ကိုယ့်အတွက် အလှည့်ပေးလာတာကို လက်လွှတ်ခံရမှာလား ..။

သူ့ ထင်တာထက် စောစီးစွာ ပါဝါ ရောက်လာခဲ့၏။

"ရှင်းရှင်းလေးပဲ ပါဝါ .. မင်းက သူဌေးလိုမနေတော့ မွဲထင်ပြီး ကျန်ခဲ့တယ်၊ ငါက သူဌေးဆိုတော့ ငါ့ကို ရွေးတယ် ဘာများဆန်းလို့လဲ .."

"သူတို့ ညီအစ်မနဲ့ ပတ်သက်နေတဲ့အတွက် မင်းလိုကောင်ကို ငါ မယုံဘူး၊ မင်းရဲ့ မရိုးသားမှု ဘာလဲဆိုတာ ငါ မဖော်ခင် 'မ' ကို မင်း ရှောင်လိုက်ပါ .."

"မင်း မှားနေပြီ ပါဝါ၊ ငါ လိုချင်လို့ သိမ်းပိုက်ထားတာမဟုတ်ဘူး၊ လူကြီးတွေ လက်ထက်တည်းက ချည်တုပ်ခဲ့တဲ့ ကတိစကားတွေရှိခဲ့ကြတာ၊ သူ့ဟာသူ မိဘစကား နားထောင်တာကွာ၊ ပြီးတော့ ယောကျ်ားချင်းပဲ မင်း စာနာကြည့်ပါဦး၊ မင်းမင်း လို မိန်းမတစ်ယောက်ကို ကိုယ်မကြိုးစားမပင်ပန်းရဘဲ ပိုင်ဆိုင်ခွင့်ရမယ်ဆိုရင် .."

သူ့မျက်နှာမှာ လက်သီးတစ်လုံးအရှိန်နဲ့ ပစ်ဝင်သွားသည်။ ငယ်ငယ်တည်းက ပါဝါ့ ကို အနိုင်မယူနိုင်ခဲ့သည့်အဖြစ်တွေရော၊ ခုချိန်မှာ 'နေမဝင်' မိသားစုကို တွန်းလှန်တုံ့ပြန်လို့မဖြစ်နိုင်တာတွေရော ..၊

သူ့ဘက်က မတုံ့ပြန်နိုင်ရခြင်းအကြောင်းများစွာအနက် ပါဝါ ပြောသလိုလုပ်မယ့်သူဆိုတာ နားလည်နေသည့်အတွက် သူ မှန်းထားသည့်အချိန်ထက် အများကြီးစော၍ မင်းမင်း ကို လက်ထပ်ဖို့ ဆုံးဖြတ်ခဲ့သည်။

ထိုအချိန်မှာ မင်းမင်း ဆိုတဲ့ မိန်းကလေးက သူ့အတွက် ရတနာထုပ်

www.burmeseclassic.com

www.burmeseclassic.com



ထက်ပို၍ တန်ဖိုးကြီးနေသည်။ သူမကို လက်ထပ်ရယူနိုင်ဖို့အရေးဟာ သူ့ရဲ့ ဘဝဂုဏ်သိက္ခာနဲ့ ထပ်တူကျနေခဲ့၏။

သို့သော် ...

အောင်မြင်ပြီးဆုံးခဲ့ပြီလို့ထင်ခဲ့သည့် မင်္ဂလာပွဲဟာ ပွဲပြီး မီးသေဖြစ်ခဲ့ရလျက် ...၊

"မင်း ပြောတော့ မင်း လိုချင်လို့ရယူခဲ့တာ မဟုတ်ပါဘူးဆို .."

"မင်း ဘာတွေပြောနေတာလဲ ပါဝါ၊ မင်းကို ငါက ဘာလို့ညာရမှာလဲ .."

" 'မ' ကို မင်းလိုချင်လို့ပေါ့ .."

"မဟုတ်ဘူး .. ငါ အဲဒီလို မဟုတ်ဘူး .."

မင်္ဂလာခန်းဝင်မယ့်သတို့သားမို့ ဒီအချိန်လေးမှာ ဘာပြဿနာကြောင့်မှ အနှောင့်အယှက်မဖြစ်ချင် ...။ ထို့ကြောင့် ပါဝါ သူ့ရှေ့ရောက်လာတာမြင်လိုက်တာနှင့် ကိုယ့်ကိုယ်ကိုယ်တောင် မထင်မှတ်ခဲ့သော တုန်လှုပ်မှုက အမူအရာအားဖြင့်လည်း ဟန်မဆောင်နိုင်၊ စကားတွေလည်း ထစ်ငေါ့တုန်ယင်နေခဲ့လျက် ...၊

"ငါ တကယ်ပြောနေတာပါ၊ ငါ .. ငါ ရွှပ်တွေးခဲ့တာရှိရင်ရှိမယ်၊ 'မ' ကိုတော့ ရိုးမြေကျပေါင်းသင်းဖို့ ဆုံးဖြတ် .."

"ဟား .. ဟား .. ဟား .. ခုပဲပြောတော့ လူကြီးချင်း ကတိစကားတွေ ချည်တုပ်ခဲ့ကြတာပါဆို .. ခုတော့ မက်မောတာတွေပါသွားပြီလား .."

သူ ဘာထပ်ပြောရမှန်းမသိ၊ ပါဝါ က သူ့ရဲ့ဆိုင်ကယ်လ် လက်ကိုင်ကို ဖိကိုင်ထားလိုက်၏။ ပြီးတော့ စိုက်ကြည့်နေကာ ...၊

"မင်းရဲ့ မင်္ဂလာဦးညကို ပျက်မှာ သိပ်ကြောက်နေလား ဝေဒ .."

ပြောပြီး ဆိုင်ကယ်လ်ကို ဖိဆုပ်ပစ်လိုက်တာ လက်ခုံမှာရှိသမျှ အကြောတွေ ထောင်ကားသွား၏။

မှောင်ရိပ်ထဲမှာ ရပ်ထားသည့် ကားနက်ထဲက မျက်လုံးတွေ သူ့ကို



လှမ်းကြည့်နေကြသည်။ ပါဝါ့ သူငယ်ချင်းတွေဆိုတာ သိပေမယ့် ေ
သေချာကြည့်ဖို့လည်း စိတ်မဝင်စားပေ ...။

ဖြစ်နေတာက သူ ပြန်လာခဲ့တာ တစ်ယောက်တည်း ...၊

ဒါပေမယ့် ဆောင်းမင်းသမီး ရှိနေသည့် မင်္ဂလာအိမ်တော်ကြီး
ကို ပြန်နိုင်ပါ့မလား ...၊ သူမနဲ့ ရင်ခုန်နိုင်မည့် မင်္ဂလာအိပ်ခန်းကြီးထဲ
ရော ဒီည ရောက်နိုင်ပါ့မလား ...။

ပျော်ရွှင်နေခဲ့သည့် အရာရာက မသေချာမှုတွေထဲမှာ ပျောက်ရှတ
ပြီဖြစ်သည့် ပါဝါ သူ့ရှေ့မှာ ပိတ်ကာရပ်ခဲ့ခြင်းဟာ သူ့အတွက် အလ
အလာမကောင်းခြင်းတွေ သယ်ဆောင်လာခဲ့ပြီဖြစ်၏။

"ကောင်းပြီ ငါ ကြားဖူးတာတော့ သစ္စာမှန်ရင် မစူးသူးတဲ့၊ မင်
ပြောတာ အမှန်တရားတွေဆိုရင် သက်သေပြလို့ရတယ်၊ မင်း ဆိုင်ကယ်
ဘရိတ်ကြိုးပြတ်နေပြီ .."

"ဟာ .. ဟော့ .. မ .. မလုပ်နဲ့၊ ပါဝါ မလုပ်ပါနဲ့ ..."

သူ့နောက်က လှုပ်ရှားမှုတွေကို မြင်လိုက်ပေမယ့် သူ ဘာမှမတာ
နိုင်ခဲ့ပေ ...။

"မင်းက လူတော်လူကောင်းလေးဆိုရင် နတ်ကောင်းနတ်မြ
တွေ 'မ' ချင်ရင် 'မ' မှာပေါ့၊ ရှေ့လိုက်တော့ ဟော့ကောင် .."

"အား ..."

"ဝရော ..."

သူ နောက်က ရပ်စထရန့်ထဲကို အားကိုးတကြီးလှည့်ကြည့်မိသေ
သည်။ ကိုယ့်ဘက်က ဘယ်ကောင်မှ အပြင်ထွက်မလာကြဘဲ သူသ
လျှင် ...၊

"မဟုတ်ဘူး .. ငါ ဘာမှမဖြစ်ဘူး၊ ဒီကောင့်ကြောင့် ငါ ဘာ
ဖြစ်ဖို့မလိုဘူး .. မလုပ်နဲ့ .. အား .."

မျက်လုံးထဲမှာ ဂျွမ်းထိုးမှောက်ခုံတွေဖြစ်ကုန်သည်။ သူ ဘယ်လို
လွင့်ထွက်သွားခဲ့မှန်း မသိလိုက်ဘဲ ခံစားမိသည်က သူ့တစ်ကိုယ်လုံး

www.burmeseclassic.com

www.burmeseclassic.com



လေထဲကနေ ပြန်မကျ ...၊

"အား ..."

အော်သံကြောင့် သူ ဖျတ်ခနဲသတိရလာသည်။ ကိုယ်အော်လိုက်တာလား တစ်ယောက်ယောက်လား ...၊

ပတ်ဝန်းကျင်က အပြာရောင်မီးပွင့်လေးမှလွဲ၍ တိတ်ဆိတ်ငြိမ်သက်နေခဲ့သည်။ မီးရောင်က ဖြာနေပေမယ့် သူ့ရင်ထဲမှာ အနီရောင် မီးရောင်ပြင်ကြီးလို ပူနေဆဲ ...၊

ပြီးတော့ သူ့ လည်ပင်းကြားနဲ့ ရင်ဘတ်ထဲမှာ ချွေးတွေ ...၊

သူ အိပ်မက်မက်နေခဲ့သည်လား၊ ဒါမှမဟုတ် မင်းမင်း ရယ်၊ သူ ရယ် .. ပါဝါ ရယ် .. အတိတ်က ကောက်ကြောင်းမှုတွေထဲမှာ နောက်တစ်ခေါက်လား ...၊



## အခန်း (၂၆)

ရာသီမုံမိုးက တစ်နေကုန် အုံ့ပျက်နေခဲ့ပြီး သန်းခေါင်ကျော်မှာ တဖြောက်ဖြောက်ကြွေဆင်းနေ၏။ အိပ်ပျော်နေသူတွေအတွက် ကျေနပ်နှစ်မြို့က်စွာ အိပ်ပျော်စေနိုင်သည့်မိုးပဲ ဖြစ်သည်။

မင်းမင်း ဘယ်လိုမှ အိပ်မပျော်နိုင်ဘဲ အခန်းထဲက ထွက်လာခဲ့သည်။ မီးလင်းနေဆဲရှိသည့် အခန်းတစ်ခန်းကို လှမ်းမြင်လိုက်ရတော့ ခြေလှမ်းတုံ့သွားမိ၏။

ထိုအခန်းက အပါ တို့ လင်မယားရဲ့ အိပ်ခန်း ...။

"ခုတော့ ဒီကောင် ဘဝဆုံးပြီ .."

"ငါ့ဘဝ လှုပ်ဖြစ်ရှုံးရသလိုပဲ၊ သူလည်း သေမင်းတံခါးဝမှာ ပျော်ပွဲစားနေပြီလေ ..၊ ဟား .. ဟား .. ဟား ကိုယ့်ကိုယ်ကိုယ် ဘာမှန်းမသိဘဲ နေရာတကာမှာ အနိုင်နဲ့ မိုင်းဖို့ ကြိုးစားနေတုန်း .. ဟား .. ဟား .. ဟား .."

မင်းမင်း ခေါင်းခါပစ်လိုက်မိသည်။ ပြီးတော့ ဆံပင်တွေကို လက်နဲ့ ပြန်ပြီး ဖိသပ်ချမိ၏။ ကံကြမ္မာ ၁ ကြိုးဆွဲတဲ့အတိုင်း သူမတို့လိုက်ပါ

www.burmeseclassic.com



ကခုန်နေရတာလား ..။

ဝေဒ ကို သူမ လက်ထပ်ခဲ့သည်။ အပါ နဲ့ ဝေဒ ပြင်သနာတက်ပြီး ဝေဒ ဘက်မှာ နာကြည်းစရာတွေနဲ့ တင်ကျန်ခဲ့၏။ ပြီးတော့ အပါ ကို သူ ဘာလုပ်ခဲ့သည်ဆိုတာတွေ ဖြစ်လာခဲ့ပြန်သည်။

ဖြစ်လာခဲ့တဲ့ အကျိုးဆက်တွေက မလိုက်ဖက်သော အိမ်ထောင်ဖက်တွေကိုယ်စီနှင့် အမုန်းငြိုးတွေ ရင်ထဲမှာအပြည့် ..၊

ဘယ်သူ့ရင်ထဲမှာ အချစ်ရှိသလဲ၊ သာယာချမ်းမြေ့မှုကို ဘယ်သူတွေ ပိုင်ဆိုင်ခဲ့ရသလဲ ..၊

မင်းမင်း မျက်ဝန်းမှာ မျက်ရည်ဥတွေခိုတွဲလာခဲ့သည်။ ပြိုဆင်းမလာအောင် မျက်တောင်များနဲ့ ပုတ်ခတ်ဖယ်ရှား၍ နေရာမှ လှည့်ထွက်လာမိသည်။

အပါ မှာ လူညွန့်တုံးစေတဲ့ ရောဂါရှိနေပြီး ညစဉ် ဒီအတွေးနဲ့ပဲ သူမ ပူလောင်ချောက်ချားနေခဲ့ရ၏။ ဒါပေမယ့် သူမ ဘာမှမတတ်နိုင်တော့ပေ ..။

ဝေဒ ရဲ့ မြူးငြင်မှုကို ကြောက်လို့မဟုတ်ဘဲ ဘာမှ မထူးတော့တာမို့ သူမ ရေငုံနှုတ်ပိတ်နေခဲ့ရ၏။

ဒါပေမယ့် အားလုံးသော ဖြစ်ခဲ့ခြင်းတွေဟာ ကိုယ့်ကြောင့်ဆိုသည့် အဖြေကို ကိုယ့်ဘာသာ နားလည်ထားခဲ့သည်။

ဖြစ်တာတွေက ဖြစ်ခဲ့ပြီမို့ပျက်စီးဆုံးရှုံးဖို့တွေလာတော့မည်ဆိုလျှင် သူမ ဘာလုပ်မည်ဆိုတာကလည်း အဖြေရှိပြီးသား ..၊

မင်းက သိပ်မိုက်တယ်ဆိုပေမယ့် မင်းထက်မိုက်မဲခဲ့တာက ငါပါ..။

မင်းရဲ့ တဇွတ်ထိုးဉာဉ်တွေဆိုတာလည်း ငါ့ကို မမီသေးဘူး အပါ..။ အားလုံးက ငါ့ကြောင့်ပါ။ ဆိုးခဲ့ကြတာ မင်းနဲ့ ငါ ဘက်ညီပါတယ်..။

အဲဒါကြောင့် ကြုံလာမယ့် ဒုက္ခတွေကို မင်းတစ်ယောက်တည်း ခံစားစရာမလိုဘူး ..။

နေးကွေးသည့် ခြေလှမ်းတွေက နောက်ထပ်ရပ်တန့်ကာ အပါ တို့



အိပ်ခန်းဆီကို သမင်လည်းပြန်ကြည့်မိ၏။ တိတ်ဆိတ်နေသော ညဥ့်ယံအ မိုးစက်သံတဖြောက်ဖြောက်နှင့် ပို၍ အထီးကျန်ဆန်နေခဲ့၏။

ငိုချင်နေသော ရင်ထဲကပူလောင်မှုကို ဘယ်လိုမှ တားဆီးမလွယ်ကူသော လှုံ့ဆော်မှုလည်းဖြစ်လေသည်။ မင်းမင်း ရဲ့ ပါးပြင်မှာ မျက်ရည်စက်တို့ တလိမ့်လိမ့် စီးကျလာကြ၏။ ဒီ နေအိမ်တွင်းမှာ စုဖွဲ့နေခဲ့ကြသော အချစ်နှင့် သက်ဆိုင်သည့် လူလေးဦး၏ တွဲစပ်ပေါင်းစပ်ခြင်းမှာ အချစ်၏ အမြုတေက ဘယ်သူ့ရင်ဘတ်ထဲမှာလဲ ..။

ပန်းနုရောင် ပါးလွှသော အပေါ်ထပ်ညဝတ်အင်္ကျီရှည်၏ အောက်များစ တစ်ဖက်ဖက်နဲ့ လှုပ်ခဲ့သွား၏။ ပြီးတော့ သူမရဲ့ ဆံပင်တစ်ခြမ်းမျက်နှာပေါ် ဝေ့ကျပြီး ရှုပ်တိုက်လူးလွန့်နေ၏။

မိုးစက်၏ အေးမြသော အစက်အပေါက်လေးတစ်ချို့တစ်လေ လက်ပေါ်မှာ ထိတွေ့လာလျှင် သူမ မျက်လုံးတွေ ဝရန်တာဘက်ကိုရောက်သွားခဲ့သည်။

ဝရန်တာတံခါးတစ်ခြမ်းပွင့်နေ၏။ စိတ်အာရုံ၏ လှုံ့ဆော်မှုက ထိုဘက်မှာ တစ်စုံတစ်ယောက်ရှိနေပြီးမှန်း တွက်မိလိုက်ကာ ..၊

တစ်ပြိုင်တည်းမှာ ထိုသူဟာ အပါ ပဲဆိုတာ တန်းသိလိုက်သည်။ မိုးစက်တွေ ကျနေခဲ့တာကြာပါပြီ။ အပါ ဘယ်တုန်းတည်းက အပြင်ကို ရောက်နေတာလဲ ..၊

"ဒီကောင် ပုလင်းထောင်နေပြန်ပြီ၊ အေကိုက်လို့ မသေခင် အသည်းကျွမ်းတော့မှာ .. ကောင်းသားပဲ ဒီကောင်ကို ငါ့နားမှာ ခေါ်ထားတာ အလုပ်ဖြစ်တယ် .. ဟား .. ဟား .. ဟား .."

ဝေဒ ၏ စကားသံတွေကို သတိရကာ အပါ အရက်မူးပြီး အိပ်ပျော်နေပြီလားဆိုသည့် စိုးရိမ်စိတ်က ကြီးမားစွာဖြစ်ထွန်းလာ၏။

သူမ ခြေလှမ်းတွေ ဝရန်တာ တံခါးဆီ မြန်ဆန်စွာ ကူးရောက်သွားခဲ့လျက် နောက်ထပ် ခြေတစ်လှမ်းကျွံသွားခဲ့လျှင် ..၊

"အား .."

www.burmeseclassic.com

www.burmeseclassic.com



အော်သံကြောင့် ပါဝ့် မျက်လုံးတွေ ပွင့်သွားခဲ့၏။ ပြီးတော့ လဲကျသွားသည့် ပုံရိပ်တစ်ခုကို မြင်လိုက်ရလျှင် မှုန်ဝါးဝါး အဆစ်ရုံတွေက လူကို လှုပ်ခါပစ်လိုက်သလို ဖြစ်သွားသည်။

ထိုပုံရိပ်ဟာ 'မ' ဆိုတာ ခံစားမိလိုက်တာနှင့် လူက သူမရဲ့ အေးကို ဘယ်လိုခုန်လွှားရောက်သွားခဲ့မှန်း မသိ ..။

"မ .."

"အ .. မင်း .. မင်း ခြေထောက် .."

"'မ' ပုလင်းကွဲထိသွားတာလား .."

သူမအေးကိုမရောက်ခင် ခြေထောက်နှင့် ပြင်းရှပွလောင်သွားသဖြင့် 'မ' ဘာဖြစ်သွားတာလဲဆိုတာ သူ သိလိုက်သည်။

"ခဏလေး .."

'မ' မသိအောင် ခြေဖျားထောက် နည်းနည်းကြွ၍ ခြေဖဝါးအလယ်မှာ စူးနေသည့် ဖန်စကို အလျင်စလို ဆွဲနှုတ်ပစ်လိုက်သည်။

"မင်း ခြေထောက်မှာ စူးနေပြီမို့လား .."

"မစူးပါဘူး .. 'မ' ကို ကျွန်တော် အထဲပို့ပေးမယ် .."

"ဟင့်အင်း .. ဟင့်အင်း .. မပွေ့နဲ့ .. မလုပ်နဲ့ အပါ .."

သူ အတင်းပွေ့ယူပြီး နေရာမှ ထရပ်လိုက်သည်။ ခြေထောက်ထဲမှာ ဖန်ကွဲစရှိနေသေးသဖြင့် ပြင်းပြစွာ နာကျင်သွားသည်။ ညက သူ ပစ်ပေါက်ခွဲခဲ့သည့် ပုလင်းကွဲကြောင့် 'မ' ဒုက္ခရောက်သွားပြီ ..။

ကိုယ့်ဒဏ်ရာထက် 'မ' ကို သနားမိကာ ကိုယ့်ကိုယ်ကိုယ် ဒေါသဖြစ်မိ၏။ ထိုစဉ် ချောက်ခနဲအသံနှင့်အတူ မီးရောင်တွေ ဖွေးထိန်သွား၏။

အဖြူရောင် ညဝတ်အင်္ကျီရှည်ပွပွကြီးနှင့် ဝေဒ က ဘယ်ဘက်လှေကား၏ထိပ်မှာ မားမားကြီးရပ်ကြည့်နေကာ ..။

"သိပ်လှတဲ့ မြင်ကွင်းပါလား .."

မင်းမင်း မျက်လုံး ဝိုင်းသွားကာ ရုတ်တရက် ကြက်သေသေသွားခဲ့၏။ ပါဝ့် မျက်နှာက အနီရောင်လွှမ်းခြုံလျက် ငို၍တင်းမာသွားခဲ့ပြီး



မင်းမင်း က ချပေးဖို့ ရှန်းပေမယ့် ဒီတိုင်းပွေ့ထားသဖြင့် ဖက်ထားတာ၊ ..င် ငိုတူသွား၏။

"မင်းတို့က ငါ့အိမ်ပေါ်မှာလာပြီး ချိန်းတွေ့နေကြတာပေါ့၊ မင်း ..မှာနေဖို့ မရမက ကြိုးစားခဲ့တာ ဒါကြောင့်လား ပါဝါ၊ ရှုံ့ဖို့ကောင်း ..တိတာကွာ .."

"မဟုတ်ဘူး .. မဟုတ်ဘူး .. ကိုဝေ .."

မင်းမင်း အတင်းရုန်းတော့ လှုပ်ခတ်နေသည့် ခြေဖဝါးတစ်ဖက် ..နီရဲနေသော သွေးကွက်ကြီးကို ဝေဒ တွေ့သွား၏။

ပြီးတော့ သူ့အကြည့်တွေ ကြမ်းပေါ်ကို ရွေ့လျားသွားလျှင် ကြမ်းပြင် ..မှာ သွေးကွက်ထင်နေသည့် ခြေရာ၊ ပြီးတော့ ပါဝ့် ခြေထောက်မှာ ..ည်း သွေးစတစ်ချို့နှင့် ..၊

"ဘယ်သူ့သွေးတွေလဲ .."

ပါဝါ မှာလည်း ဒဏ်ရာနဲ့လား ..၊

မေးခွန်းတစ်ဝက်က ရင်ထဲမှာ ဖြစ်သွားကာ သူ့မျက်လုံးကြီးပြူး ..တ်မတတ်ဖြစ်လာကာ ..၊

"ဟော့ .. ခု ဆင်းလိုက်စမ်း .."

"အား ..."

အကြမ်းပတမ်းနဲ့ ဆွဲချပစ်လိုက်သဖြင့် မင်းမင်း ပါဝ့် လက်ပေါ် ..ရ စ်စလက်ခတ် ကျလေသည်။ ထို့ပြင် ဝေဒ .. မင်းမင်း ကို ဖြစ်သလို ..၍ တမူးရှူးထိုးနောက်ဆုတ်လျှင် မင်းမင်း အဖြစ်သည် ..၊

"ခွေးကောင် .. ကဲကွာ .."

"ခွပ် .. ခွပ် .."

ဆတ်တိုက်ကျလာသော လက်သီးချက်တွေကြောင့် ဝေဒ အော်သံ ..င် ထွက်နိုင်ဘဲ ဒယိမ်းဒယိုင်နှင့် နံရံပေါ်ပစ်ကျသွား၏။

"မင်းလောက်ယုတ်မာတဲ့ကောင် ရှာမတွေ့ဘူး၊ သူတောင်းစား .. ..ှာမာ .."

www.burmeseclassic.com

www.burmeseclassic.com



"အား .. အစ် .."

ရင်ဘတ်ပေါ်မှာ လက်ဖျံနဲ့ ဖိကပ်ထားကာ တစ်ဖက်နဲ့လည်ချိုကို ဖိညှစ်ထားသဖြင့် ဝေဒ ပါးစပ်ကြီး ပြဲဟသွားကာ လျှာထွက်ရန် အသင့်ဖြစ်နေခဲ့၏။

"လွှတ် .. အပေါ .. ခု လွှတ်လိုက်စမ်း .."

မင်းမင်း အတင်းဝင်ဆွဲသဖြင့် အပေါ့ လက်တွေ ပြေကျသွား၏။ ဝေဒ လည်း ကြမ်းပြင်ပေါ် ခွေခေါက်ကျလေသည်။ ထို့နောက် ချောင်းတွေဆိုးရင်း တုံးလုံးလဲကျခြင်းသို့ရောက်၏။

"လူရမ်းကား .. ကဲ .."

ပါးတစ်ဖက်မှာ မီးပွင့်သွားသည်။ မျက်နှာတစ်ခြမ်းလည်ထွက်သွားသဖြင့် အပေါ ဆံပင်တွေကို လက်နဲ့သိမ်းလှန်ပြီး တဖြည်းဖြည်းပြန်လှည့်ကြည့်သည်။

"မင်းကိုယ်မင်း ဘာထင်နေသလဲ၊ မင်းလုပ်နေတာတွေကို မှန်တင်ထင်နေသလား .. ဟင်၊ မင်းကြောင့် .. ငါ့မှာအဆိပ်သင့်နေတာ မင်းသိရဲ့လား .. မင်း တကယ်ညှာတာတတ်ရင် ဒီကနေ ထွက်သွားစမ်းပါ .."

"မသွားနိုင်ဘူး .."

မျက်နှာကို တည့်တည့်လှည့်ကြည့်ပြီး အတိအကျအဖြေထုတ်ပေးလိုက်သည်။

"ခင်ဗျားကို ထွက်သွားဖို့ပြောခဲ့တာက ကျွန်တော်၊ မသွားရင် ဘာတွေဖြစ်လာမယ်လို့ ကြိုတင်ကြေညာခဲ့တာလည်း ကျွန်တော်ပဲ - သွားရမှာက ခင်ဗျား .."

ပြီးတော့ ပခုံးနှစ်ဖက်ကို ဆောင့်ခနဲဆွဲခါ၍ ..၊

"ဘယ်တော့ ထွက်သွားမလဲ ခင်ဗျား စဉ်းစားထား ..၊ ဒီအိမ်ပေါ်မှာ သုံးလောင်းပြိုင်သေရဖို့ရှိလာရင် အဲဒီ လူသတ်သမားက ကျွန်တော်ပဲ .."



"အပေါ ..."

နှုတ်မှ တီးတိုးရေရွတ်ရင်း မျက်ရည်စက်တို့ ပိုးပိုးပေါက်ပေါက် ကျလာကြ၏။ ပြီးတော့ နာကျင်နေဆဲ လက်ဖဝါးတစ်ဖက်ကို နှစ်ဖက် ပိုဆုပ်၍ ကျစ်ခဲထားမိသည်။

မင်းကို ချစ်တယ်၊ အသက်လောက်ချစ်ပါတယ် အပေါ ရယ် ..၊

သူမ တစ်စုံတစ်ခုကို ပိုင်နိုင်စွာ ဆုံးဖြတ်ကာ ဂါဝန်စကို 'မ' လိုက်ပြီး နာကျင်နေသည့်ဒဏ်ရာနှင့် ခြေထောက်ကို ငုံ့ကြည့်၏။

ထို့နောက် အပေါ့ သွေးကွက်နေရာဆီ ရဲရင့်စွာ လှမ်းသွားခဲ့လျှင်..၊

"ဒီမိန်းမ သေတော့မယ် .."

"အား ..."

အနိုင်နိုင်ထလာရသည့် ဝေဒ က ဒေါသတကြီးလှမ်းဆွဲလိုက်လျှင် ခြေထောက်စလုံး ပစ်စလက်ခတ် လဲလေသည်။ ထိုစဉ် တစ်နေရာမှ ခပ်သဲ့သဲ့ရယ်သံ ထွက်လာခဲ့ပြီး ..၊

"ရယ်ချင်ပေမယ့် သိပ်တော့ မရယ်ရသေးဘူး .."

မင်းမင်းသော် က အတော်လှမ်းလှမ်းမှာ လက်ပိုက်လေးရပ်ကြည့်နေလျက် မဲ့ချိတ်ချိတ်မျက်နှာလေးနှင့် ..၊

"အချစ်ပွဲက စစ်ပွဲကြီးနဲ့ တူနေတာကိုး .. မမိုက်ဘူး .."

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၇)

"ဖယ်လေ .. မင်းမင်း စည်းပေးမယ် .."

"မလိုပါဘူး .."

လက်ပြင်မိပြီးမှ အသာပြန်ချလိုက်ရင်း မင်းမင်းသော် က မဲ့သည်။ ပြီးတော့ ပါဝါ့ ဘေးမှာ ဝင်ထိုင်လိုက်ကာ ..၊

"ရှင် မင်းမင်း ကိုတော့ ပွင့်ပွင့်လင်းလင်းပြောသင့်ပြီထင်တယ်နော်.."

မျက်ခုံးတန်းတွေ တွန့်ကုတ်နေသည့် မျက်နှာက အကြည့်စူးစူးတို့နှင့် မော့လာ၏။ ပြီးမှ ပြန်ငုံ့သွားကာ ခြေဖဝါးမှာ ပတ်တီးစည်းခြင်းကို လက်စသတ်၏။

"ဆောင်းမင်းသမီးကို ရှင်က မရအရပြန်ယူဖို့ စိတ်ကူးထားတာလား.."

"မင်းရဲ့ မေးခွန်းကြောင့် ငါ လူသတ်ချင်တဲ့ဒေါသက ဒီနေရာမှာတင် ပေါက်ကွဲသွားနိုင်တယ်၊ မင်း သွားတော့ .."

"မဟုတ်ရင်လည်း ရှင့်ကြောင့် သူ ဒုက္ခရောက်နေရတာ သိသိနဲ့ဘာဖြစ်လို့ .."

"ငါ ဘာလုပ်နေလဲ .. ငါ့ဟာငါသိတယ်၊ သူ ဘာကြောင့် ပြောနေသလဲဆိုတာလည်း သူ ပြောတာ သူသိတယ်၊ အချစ်ကြောင့် ပုလင်းထောင်



ပြီး ငါ့ဘဝကို ငါ နစ်မွန်းအောင် နေနေရင်တောင် သူ့ကို တစ်သက်လုံး နစ်မွန်းသွားမယ့်အဖြစ်နဲ့ မထားခဲ့ဖို့ ငါ ဘယ်တော့မှ မေ့မှာမဟုတ်ဘူး—"

ပါဝါ့ ခံယူချက်သက်သက်တွေကို မင်းမင်းသော် က ရှစ်ထွေးစွာ နားဆင်နေခဲ့၏။

"မညားထိုက်လို့ လွဲခဲ့ကြတယ်ဆိုရင်လည်း အဲဒီကံကြမ္မာကို ငါ ပြောင်းလဲပစ်မယ် .."

"အိုး .."

"သူပျော်နေရင် နေပါစေ .. မပျော်ဘူးဆိုရင်တော့ .."

"အိမ်ထောင်ပြုကြတာ အပျော်ရှာတာမှ မဟုတ်ဘဲ .."

ပါဝါ က ဆတ်ခနဲလှည့်ကြည့်တော့ မင်းမင်းသော် က ရယ်ကာ..၊

"ဆောင်းမင်းသမီး လို မိန်းမမျိုးဆို ပိုမှန်တာပေါ့၊ သူ့ဘဝအတွက် အလေးအနက်ထားပြီး ကိုဝေဒ ကို ရွေးချယ်ခဲ့တာလေ၊ အဲဒီတုန်းက ရှင်က လူဆင်းရဲလိုနေတယ်၊ ကိုဝေဒ က ချမ်းသာတယ်၊ သူ့ရဲ့ ရွေးချယ်မှုက ပျော်စရာဖြစ်နိုင်ပါ့မလား ..၊ သူ ခုထိ ရှင့်ကို ချစ်နေရင်တောင်မှ ရှင့်ဆက်ကိုတော့ ယိုင်လာဖွယ်မရှိဘူးထင်တယ် .."

"သိပ်မှန်တာပေါ့ .. 'မ' က မင်းလို မာယာပဝါခြုံပြီး မေတ္တာလှော်ကြံစီးနေတဲ့ မိန်းမမှ မဟုတ်ဘဲ .."

"မင်းမင်း ရဲ့ ဘွဲ့လား .. အဟွန်း .. လှသားပဲ၊ ပြောပါဦး .. ဒါဆို ရှင် ဘာကိုမျှော်လင့်နေတာလဲ .."

"သူ့ရဲ့ လွတ်မြောက်ခွင့် .."

"သူက လွတ်မြောက်ချင်မှ ဖြစ်မှာ .."

"မရအရ ဆွဲထုတ်ဖို့ ဆုံးဖြတ်ပြီးသား .."

"ရရင်ရော .."

"မင်းမင်းသော် မင်း ငါ့သိက္ခာကို စော်ကားခွင့်ရဖို့ လည်ပင်းဝတ်အစ်ထုတ်နေတာလား .."

"ရှင် အဲဒီလို အကောင်းမမြင်ဝါဒနဲ့ ကြည့်နေလို့ ရှင်လုပ်သမျှ အလွဲတွေဖြစ်နေတာ .."

www.burmeseclassic.com

www.burmeseclassic.com



"ငါ အဲဒီလိုနေတာတောင် မင်းလိုမိန်းမ ငါ့ဆီကို ရောက်လာသေးတယ် .."

"ဒါပေမယ့် ရှင့်ကို မက်မောလွန်းလို့ မဟုတ်ဘူးဆိုတာတော့ ရှင် ခံစားမိမှာပေါ့၊ ဥပမာ .. ရှင် နှင်ထုတ်တိုင်း အသာတကြည်ထွက်သွားပေးတာ၊ ရှင် ပစ်ပစ်ခါခါ ပြောတာတွေအပေါ်မှာ ဒေါသမထားခဲ့တာ၊ အဲ .. ကျေးဇူးတင်စရာ အကောင်းဆုံးက ရှင်နဲ့ ဆောင်းမင်းသမီးတို့ တွေ့ကြတိုင်း .."

"မင်းမင်းသော် .."

"ချိန်းတွေ့တာ မဟုတ်မှန်းတော့ သိတယ်လေ၊ ဒါပေမယ့် ရှင်က တကောက်ကောက်လိုက်နေတော့ တစ်ခါမတွေ့တစ်ခါတွေ့တာပဲ.."

"အဲဒါတွေကို မင်းက သဘောထားကြီးခဲ့ရတယ်ပေါ့ .."

"အင်းလေ .. ရှင် မင်းမင်း ကို ဂရုမစိုက်ပေမယ့် ဆောင်းမင်းသမီးကတော့ စိုက်ရမှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ .. မင်းမင်း က မညာတာဘူးဆိုရင် သူ့ဂုဏ်သိက္ခာသွားပြီး .."

"အဲဒီတော့ မင်း ဘာဖြစ်ချင်တာလဲ .."

"ရှင် မင်းမင်း ကို ဂရုစိုက်စေချင်တာ .."

"ဘာ!..."

"ဟိုလိုဒီလိုမဟုတ်ဘူး၊ လူကို အဖက်မတန်သလို မပြောဆိုချင်သလိုနေတာတွေ ပြင်ဆင်ပြီး .."

"မလိုဘူး မင်းမင်းသော် .. မင်းလို မိန်းမမျိုးရဲ့ အကူအညီရမှ ငါ့စိတ်ကူးတွေ အထမြောက်မယ်ဆိုရင် ကိုယ့်ခေါင်း ကိုယ်ဖြတ်ပြီး ရေထဲသွားမျှောပစ်လိုက်မယ် .."

"ဒါဆို ခုပဲ သွားမျှောလိုက်တော့ .."

စိတ်တိုတိုနှင့် ထရပ်လိုက်မိသည်။ ဒါပေမယ့် ထွက်မသွားနိုင်သေးဘဲ ပြန်ငုံ့ကြည့်ကာ ..၊

"ရှင် သူ့ကို ကိုဝေဒ နဲ့ ကွဲသွားရုံပဲ လိုချင်တာ သေချာလား .."

ပါဝါ က မဖြေဘဲ နေရာမှ ထသွားသည်။ ပြီးတော့ ကတ်ကြေး



တွေ ပတ်တီးလိပ်တွေနဲ့ ဆေးပုလင်းကို ဖြစ်သလို စုရုံးကိုင်ထားသည့်အတိုင်း အံဆွဲတစ်ခုထဲပစ်ထည့်၏။

အံဆွဲကို ဒိုင်းခနဲ ဆောင့်ပိတ်ကာ ဗီရိုရှေ့သွားရင်း ..၊

"မင်း သွားတော့ .."

မင်းမင်းသော် က ခါးလေးထောက်၍ ..၊

"ရှင့်ကို .."

"နောက်တစ်ခါ မင်းသွားချင်ရာသွားပြီး ပြန်လာတိုင်း အသံမပေးဘဲ ဝင်မလာနဲ့ .."

"အသံပေးတော့ရော ရှင်က ဝမ်းပန်းတသာ ကြိုမှာမို့လား .."

စိတ်တိုသံလေးနှင့် ပြောကာ ..၊

"ရှင်သာ ပေါင်းတတ်သင်းတတ်ရင် မင်းမင်းသော် ဘယ်လောက်ထိ အရေးပါအရာရောက်တဲ့ မိန်းမလဲဆိုတာ သိသွားမှာ၊ ခုတော့ ရှင်သေနေအောင်ကြိုးစားဦးပေါ့၊ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေသရွေ့ ရှင် ကိုဝေဒ ကို ဘယ်တော့မှ နိုင်မှာမဟုတ်ဘူး .."

စိတ်လည်းတိုပါသည်။ မပြောဘဲလည်း မနေနိုင် ..၊

ရှုပ်ထွေးနေသည့် ချည်ငင်စရဲ့ အစွန်းတစ်ဖက်က ကိုယ့်လက်ထဲမှာ ရှိနေသည်။ ဒါကို အစဆွဲလိုက်ရင် ပြီးပြီ၊ ဒါပေမယ့် ဆွဲစေချင်သော်လည်း မဆွဲ ..။

မဆွဲပါဘူးဆိုတဲ့ လူကိုပဲ သူမကလည်း လက်ထဲအရောက်ထည့်ပေးချင်နေ၏။

ကိုယ့်ကိုယ်ကိုယ်လည်း ဒေါသထွက်ချင်မိပါပြီ ..၊

သူမရဲ့ အစိုးမရတဲ့စိတ် ..၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၈)

"မင်းကို ငါပြောစရာရှိလို့ ဝေဒ .. ခဏ ပြန်ထိုင်ဦး .."

"ကျွန်တော် အလုပ်ကို သေချာဂရုမစိုက်နိုင်သေးဘူး အန်တီ၊ ပြောစရာရှိရင် နောက်မှ ပြောပါလား .."

"ခုပြောမှ ဖြစ်မှာမို့လို့ .."

ဒေါ်ယုဇနေ က ညှော်ခန်းဆိုဖာမှာ သူမလည်း ဝင်ထိုင်ကာ၊ ဝေဒ ကိုလည်း အတင်းထိုင်စေ၏။ ထိုင်လိုက်ရပေမယ့် ဝေဒ နာရီတကြည့်ကြည့်နှင့် စိတ်မသက်သာပေ ..။

သူ ဒီနေ့ စောစောသွားမှဖြစ်မည်။ ရှင်းရဖို့ရှိသည့် ပြဿနာက ကုမ္ပဏီကိစ္စနဲ့ ဘာမှမဆိုင်ပေ။

"ဝေဒ .. မင်း ဘာထဖြစ်တာလဲ၊ အဲ့လီ က မင်းအတွက် လက်ဆောင်တွေဘာတွေဝယ်ပို့လို့ပါလား၊ သူ့ကို မင်း မမေ့တဲ့အတွက် ကျေးဇူးတင် ဝမ်းမြောက်ကြောင်းတောင် ပါသေးတယ် .." တဲ့ ..။

စောရဲနိုင် က ညက ဖုန်းဆက်သည်။ မွေ့ နဲ့ စောရဲနိုင် တို့ စင်ကာပူ ရောက်နေကြတာ ကြာပြီဖြစ်သည်။ ဒီကောင် ပြန်လာလည်း ခဏပါ။



ဒါပေမယ့် သူနဲ့တော့ မတွေ့ရသေးပေ ..။ စောရဲနိုင် ကုမ္ပဏီကို ရောက်လာသည့်အချိန်မှာ ဒီ လက်ဆောင်ထုပ်ရောက်နေတာဖြစ်နိုင်သည်။

အဲ့လီ နဲ့ သူ အဆက်အသွယ်မရှိခဲ့တာကြာပါပြီ။ အနီးစပ်ဆုံး ဖြတ်တောက်ခဲ့သည့် တင်မာလာ ကိုတောင် သူ မဆက်သွယ်ခဲ့ပေ ..။

ဒီလက်ဆောင်ထုပ်နဲ့ စာကိစ္စက ဘယ်လိုဘယ်ပုံ ရှင်သန်ထမြောက်ခဲ့တာလဲ ..၊

"ဟဲ့ .. ဝေဒ .."

"ဗျာ .."

"သော် .. သားရယ် .. အန်တီက စကားပဲပြောမှာပါ၊ မင်းနဲ့ ခင်းမင်းရဲ့တိစ္စကို .."

စကားမဆုံးခင် ဖုန်းသံမြည်လာ၏။

"အန်တီ ခဏလေးနေပါဦး .."

ဝေဒ ဖုန်းဖွင့်နားထောင်ရင်း ပြတင်းပေါက်နားကို လျှောက်သွားခဲ့၏။

"ဟာလို .."

"ကိုကို့ကို တင် သိပ်မုန်းတယ် .."

"ဟင်!... ဟာ!..."

သူ မျက်လုံးပြူးသွားသည်။

"မဟုတ်ဘူး .. မဟုတ်ဘူးထင်တယ် .. အဲ့ဒါ .."

"သည်းခံတယ်ဆိုတာ အတိုင်းအတာရှိတယ် .."

"ပြဿနာပဲကွာ .. ပြောတာကို ဆုံးအောင်နားထောင်ပါဦး .."

"တင် ပြောတာ မဆုံးသေးဘဲနဲ့တောင် ပြဿနာကို ကိုကို သိနေတာပဲ၊ တော်ပြီ ကိုကို .. တင်မာလာ ဆိုတာ ကိုကို့ တစ်ယောက်ကလွဲရင် ဘယ်သူသေးသေးတင်တာကိုမှ မခံခဲ့တဲ့ မိန်းမဆိုတာ ဒီနေ့ ကိုကိုသိရမယ် .."

"ဟာ .. တင် .. တင်မာလာ ... နေဦး..."

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းကိုင်ရင်း ဝေဒ အရူးတစ်ယောက်လို ...။

"တောက် .. ဘာတွေလဲကွာ .."

နောက်ထပ် တစ်စုံတစ်ယောက်ကိုခေါ်လျှင် ...။

"လူကြီးမင်းခေါ်ဆိုသော တယ်လီဖုန်းနံပါတ်မှာ မအားသေးပါရှင်.."

သေစမ်း ...။

နောက်ထပ် ငါးခါလောက်ခေါ်လည်း ဖုန်းက ဒီတိုင်းပဲဖြေသည်။

"ဝေဒ .."

"ခဏလေး တိတ်တိတ်နေပါဦး အန်တီရာ၊ ကျွန်တော် ခေါင်းခဲနေလို့ပါ .."

"မင်း ဘာကိစ္စဖြစ်နေသလဲဆိုတာ အန်တီ ရိပ်မိပြီးသား ... ဘာဖြစ်လို့ ဒီလောက်တောင် ပျာယာခတ်နေတာလဲ၊ မင်းမင်း ကို မင်း ဂရုစိုက်နေတာလား၊ ယောကျ်ားကောင်း မောင်းမတစ်ထောင် .."

ကိုယ်က နှစ်ထောင် သုံးထောင်လည်း ကူးလူးပျော်ပါးရဲသည်။ ဒါပေမယ့် အိမ်မှာ ပါဝါ ဆိုတဲ့ကောင်ရှိနေ၏။ ကိုယ့်ရည်ရွယ်ချက်တွေ မအောင်မြင်ခင် ကိုယ့်ရဲ့ သိက္ခာတော်ပုံ သူ့ရှေ့မှာ မကျရှုံးချင် ...။

"တောက် .. ဒါ ဒီမိန်းမ သက်သက်လုပ်ကြံတာ .."

တွေးရင်း ဒေါသထွက်ကာ နောက်ထပ်ခေါ်တော့ ဝင်သွား၏။

"ဟလို .."

"အဉ္ဇလီ .. မင်း ဘာတွေလျှောက်လုပ်နေတာလဲ .."

"လီလီ ဘာလုပ်လို့လဲ ကို .."

"မင်း .. မင်းကို ငါ ဘာမှမပေးဘဲနဲ့ .."

"ဘာတွေပြောနေတာလဲ ကို .. တို့ရဲ့ တင်မာလာ သိသွားလို့ ဒေါ တန်နေတာလား .."

"ဟား ... မင်းကွာ .."

"ကို သူ့ကို မြင်ပြီး လီလီ့ ကို ပုတ်ထုတ်ခဲ့တုန်းကလည်း သူ့လို



သိမ်ငယ်မှုမျိုး လီလီ ခံစားခဲ့ရတာပဲ .."

"ခု .. အဲ့ဒါတွေ မဟုတ်ဘူး .."

"မဟုတ်ရင် ဘာလို့ ဖုန်းဆက်ပြီး ဒေါသတွေကန်နေတာလဲ၊ သူ ဖုန်းဆက်မေးလို့ 'ဟုတ်တယ် ကို့ဆီက သိန်းထောင့်ရှစ်ရာထန် တွန် တစ်ခန်းရထားတယ်' လို့ ပြန်ပြောလိုက်တာ .."

"သွားပြီ .."

"မသွားပါဘူး ကိုရယ် .. အဲဒီလောက်တော့ လီလီ ရသင့်ပါတယ် ဘာဖြစ်လို့လဲဆိုတော့ ဘာမှမရခဲ့တာလည်း ဘာမှမပြောဘဲနေခဲ့တာလေ လီလီ တို့က သမီးရည်းစားအဆင့်တွေမှ မဟုတ်ကြတာ၊ ကိုယ့်အဆင့် အတန်းမျိုးနဲ့ ကိုယ်လက်ထပ်ထားတဲ့ မိန်းမကို သိန်းနှစ်ရာတန် တိုက် ခန်းလေးထဲ ထည့်ထားခဲ့တာ မဖွယ်ရာပါဘူး .."

ကိုယ်ကပြောဖို့ခေါ်တာကို သူမ ချည်းပဲပြောနေတာ ရေပက်မဝင်

"ပြီးတော့ ကို ထားသလိုနေခဲ့ရတဲ့ သူပါ၊ တကယ်ဆို နှုတ်ပိတ် နေချင်အောင်လည်း ကိုက သိတတ်သင့်တာ၊ လီလီ ဒီလောက်ထိ ကိုယ့် အသိနဲ့ကိုယ် နေပေးခဲ့တာ .."

"လီလီ ရာ မင်းကို ကိုယ်ပြောပါရစေဦး .."

"ကို ပြောရင် လီလီ ရင်နာစရာတွေပဲ ကြားရမှာ တော်ပါတော့ ဒီလောက်ငွေကို ကို့ရဲ့ တင်မာလာ ရသွားတယ်ဆိုရင်လည်း လီလီ တေ နုပ်ပေးရမှာပဲ သူနဲ့ လီလီ က ဘဝတူတွေလေ .."

"လီလီ .. တော်ပါတော့ကွာ .."

"ပြီးတာပါပဲ လီလီ သည်းခံမျိုသိပ်ပေးခဲ့တာတွေအတွက် တို့သ က နှစ်သိမ့်ဆုပေးတယ်လို့ပဲ မှတ်ပါရစေ၊ နောက်ထပ် နားပူမယ်ဆို ရင်တော့ ကို့ရင်ခွင်ထဲရောက်နေတဲ့ မယောသီဆိုတဲ့ မိန်းမလက်ထဲ အဲဒီသော့နဲ့ ငွေတွေ လီလီ လာပြန်ပို့မယ် .."

"လီလီ .. နေဦး .. အဉ္ဇလီ .."

www.burmeseclassic.com

www.burmeseclassic.com



သူ ဗျာများနေတာကို ဒေါ်ယုဓနု ဘာမှလုပ်မပေးနိုင်ဘဲ မိန်းမနှစ်ယောက်ကြားမှာ ဝေဒ ဘာဖြစ်နေပြီး ဘယ်လိုရှင်းဖို့ ကြိုးစားနေသည်ကိုဝဲ အကဲခတ်သုံးသပ်နေရသည်။ ထိုစဉ် ...၊

"ဟင်!..."

ပစ္စည်းတွေလဲပြီးမြတ်ကျကုန်အောင် အပြင်ကိုပြေးထွက်ဖို့ ပြင်ဆင်လိုက်ပေမယ့် အိမ်ရှေ့ရောက်လာသော တက္ကစီကြောင့် ဝေဒ သတိလစ်မတတ် တောင့်မတ်သွား၏။

"တင်မာလာ .."

သူ ရေရွတ်လိုက်တာကို ဒေါ်ယုဓနု ကြားလိုက်သည်။ အိမ်ထဲကထွက်လာသည့် မင်းမင်း နဲ့ တင်မာလာ ကလည်း တစ်ယောက်နဲ့တစ်ယောက် မနီးပေမယ့် မျက်နှာချင်းဆိုင် ...၊

တင်မာလာ့ မျက်လုံးတွေကလည်း အိမ်ထဲကို လှမ်းမြင်ရပြီဆိုတည်းက မင်းမင်း ဆီမှာ အတန်ကြာအောင် စူးစိုက်နေခဲ့ပြီး ...၊

"တင် ..."

"ကိုကို့ကို လာပြောတာ .."

"နေဦး .. ကိုယ် ရှင်းပြမယ်၊ ကိုယ့်ကို အချိန်ခဏလေးပဲ .."

"မလိုတော့ဘူး ကိုကို .."

ဝေဒ အပြင်ထွက်ပြီးဆွဲမလို တောင်းပန်မလိုနှင့် ရှေ့ကနေကာဆီးထားလိုက်၏။ တင်မာလာ ကလည်း သူ့မျက်နှာကို တည့်တည့်ကြည့်ပြီးပြုံးကာ ...၊

"တင့် ကို .. ဝင်မှာကြောက်နေတာလား ကိုကို .."

"ကြောက်စရာမလိုဘူး ဝေဒ .. အဲဒီမိန်းကလေးကို အိမ်ထဲခေါ်လိုက်စမ်း .."

"ကောင်းတယ် .. တင် ကလည်း ရှင်ဆိုင်ဖို့ဆုံးဖြတ်ပြီး ဒီထိလာခဲ့တာ .. ကိုကို ဖယ်ပါ .."



"ယောကျ်ားတစ်ယောက်က ကိုယ့်အဆင့်ကို ဘယ်နေရာမှာ သတ်မှတ်ပေးလိုက်သလဲဆိုတာ ကိုယ့်ဘာသာ နားမလည်ရင် 'မိအေးနှစ်ခါနာ' ဖြစ်မှာပဲ .."

ဒေါ်ယုဓနု က ဝေဒ အတွက် ရဲရဲရင့်ရင့်ရှေ့ထွက်လာ၏။

"မင်း ကိုယ်ရတဲ့နေရာမှာ ငြိမ်ငြိမ်လေးနေလိုက်ရင် မင်းရဲ့သိက္ခာအဲ့ဒီနေရာမှာ အပုံလိုက်ရှိနေဦးမှာ .. ခုတော့ ဒီထိလာပြီး .."

"ကျောက်တောင်ကို မားနဲ့ တစ်ချက်တည်း ခုတ်ပစ်ဖို့မပြိုနိုင်ပေမယ့် ခုတ်လိုက်တဲ့ဒဏ်ရာကတော့ ကျန်ရစ်မှာပါ၊ ကျွန်မက မားဖြစ်ခဲ့ရင် အဲဒီ ကျောက်တောင်မှာ ကျွန်မ ခုတ်ထစ်ခဲ့တဲ့ ဒဏ်ရာရှိနေတယ်ဆိုရင် ကျေနပ်တယ်၊ အဲဒီအတွက် မားရဲ့အသွားပဲ့ရင် ပဲ့ပါစေ .."

အခြေအနေတွေက တင်းမာကုန်၏။

"ညှို့သည့်ရောက်နေတာလား .. ဆောရီးပါ .."

"လီလီ .."

နောက်ထပ် အခွလီ ရောက်လာပြန်ကာ သူမက ငွေထုပ်နဲ့တိုက်ခန်းသော့ကို စားပွဲပေါ်သွားတင်ပြီးမှ ...၊

"လီလို ဆီကို ဖုန်းဆက်တာ သူ ထင်တယ် .."

တင့် ကို လှမ်းမေးပြီးမှ ဝေဒ နဲ့ ဒေါ်ယုဓနု ကိုကြည့်သည်။ ပြီးတော့ အထဲကနေ ကျောက်ရုပ်တစ်ရုပ်လို ရပ်ငေးနေသည့် မင်းမင်း ကိုမြင်သွားကာ ...၊

"ဟွန်း ..."

နှုတ်ခမ်းကို ကျကျနနမဲ့၏။ ပြီးတော့မှ ဝေဒ ကို တည့်တည့်ကြည့်၍ —

"ကို ပို့ပေးလိုက်တဲ့ လက်ဆောင်တွေကို လီလီ က သဘောကျပါတယ်၊ ဒါပေမယ့် ဖုန်းဆက်ပြီး ရန်ရှာလိုက်တော့ လီလီ ယောကျ်ားဆီသွားတယ် .."

www.burmeseclassic.com

www.burmeseclassic.com



ဝေဒ မျက်နှာကြီး ဖျန်းခနဲ နီရဲသွားသည်။

"အားလုံးက ကို ရွေ့ခဲ့တဲ့အတိုင်း နေရာချထားခဲ့ရတဲ့ နယ်ရုပ်တွေပါ၊ ဒါပေမယ့် အချစ်နဲ့ပတ်သက်မိသွားပြီဆိုရင်တော့ သည်းမခံနိုင်ကြဘူး ကို၊ လီလို ယောကျ်ားက ကို့ဆီက ဘာမှထပ်မယူရတော့ဘူးလို့ အမိန့်ထုတ်လိုက်ပြီ၊ သူက ဟိုတုန်းက ကို့ကုမ္ပဏီဝန်ထမ်းပေါက်စ တစ်ယောက် မဟုတ်တော့ဘူး .."

သွားပြီ ..၊ အိမ်ရှေ့ကနေ ထပ်ရောက်လာသည့် မင်းမင်းသော် နှင့် အပေါ်ထပ်က ဆင်းလာသည့် ပါဝါ့ အရိပ်တွေကို လှည့်မကြည့်ရဘဲ သိနေသည်။

ရှက်ရွံ့သိမ်ငယ်သွားသည့်စိတ်နှင့် ဒေါသက တမဟုတ်ချင်း ထဖြစ်ကာ လက်သီးကို ကျစ်ခဲနေအောင် ဆုပ်ထားမိခဲ့၏။

တင်မာလာ ၏ နာကြည်းသောအကြည့်နှင့် တက်ခေါက်သံက သူ့ခေါင်းကို မာကြောသည့်တစ်စုံတစ်ရာနဲ့ ရိုက်ချသွားသည့်နှယ် ..၊

သူဟာ .. မိန်းမတစ်ယောက်ကို ဖြစ်သလို ချောင်ထိုးထားခဲ့ပြီး တစ်ယောက်ကိုတော့ သင့်တင့်ရာ အိမ်ထောင်ဖက်နဲ့ ထိုးသိပ်နေရာချ၍ သူပဲ ထောက်ပံ့နေသည်။ မကင်းရာမကင်းကြောင်းတွေ ဆက်ရှိနေသည်။

လင်ရှိပြီး မိန်းမတစ်ယောက်ကိုပါ ဆက်လက်၍ ..၊

"လူယုတ်မာ .."

တင်မာလာ ၏ နောက်ဆုံးစကား ..၊

"ကို့ ပစ္စည်းတွေ ထားခဲ့ပြီ၊ နောက်ထပ် လီလို့ ကို မပတ်သက်ပါနဲ့တော့၊ ကိုယ့်လမ်းကိုယ်လျှောက်ကြပြီပဲ ကို .."

လီလီ က နှုတ်ဆက်၏။ စကားလုံးတို့သည် သူ့တစ်ကိုယ်လုံး ရထားဘီးအောက်မှာ ဖိကြိတ်ခံနေရတာနှင့် တူလျက် ..၊

"မဟုတ်ဘူး .. ဒီမိန်းမတွေကို ငါ နောက်ထပ် ဘာမှမပတ်သတ်ခဲ့ဘူး .."



လက်ဆောင်ထုပ်တစ်ထုပ်၏ ရှုပ်ထွေးမှုဟာ သူ့အရှက်သိက္ခာတွေကို တစ်စစီဖွဲ့ခြွေဖြုတ်နင်းသွားခဲ့၏။ ပြောချင်ရာပြောပြီး ပြန်သွားကြသည်။ သူမတို့ ပြောခဲ့သမျှတွေပဲ အမှန်ဖြစ်သွား၏။ သူမတို့ ခံစားရသမျှတွေက သူ့ကြောင့် ..၊

"မဟုတ်ဘူး .. အဲဒါ လုပ်ကြံခံရတာ .."

"ကိုယ့်မျက်နှာ တည့်တည့်ကြည့်ပြီး လာပြောကြတာပဲ ကိုဝေဒရယ် .."

အလိုက်ကမ်းဆိုးမသိသည့် မင်းမင်းသော် မျက်နှာက သူ့ရှေ့မှာ တစ်စစီဖွဲ့ရွဲ့ပြီး ဖနောင့်နဲ့ တက်ပေါက်ပစ်ချင်ဖွယ်အတိ ..၊

"ဇာတ်လမ်းတွေထဲကလို တစ်ယောက်ယောက်က လူမိုက်ငှားပြီး လုပ်ကြံတယ်ပြောရအောင် သူတို့နဲ့ ကိုဝေဒ ပတ်သက်မှုတွေရှိခဲ့ကြတယ်ဆိုတာ ကိုဝေဒ မျက်နှာမှာပေါ်နေတာပဲ .."

"မင်းမင်းသော် .. မင်း ..."

"မင်း လက်ကို အောက်ပြန်ချလိုက် ဝေဒ ..၊ ဘက်မညီဘဲ စိန်ခေါ်ရတာ အဲဒါ ကြောင့် .."

"ဟော့ .. မင်းတို့က ဘာတွေလဲ၊ မင်းတို့က သူများအိမ်ပေါ်တက်လာပြီး အိမ်ရှင်တွေကို စော်ကားနေကြတာ ဘယ်လိုအောက်တန်းစားတွေလဲ .."

ဒေါ်ယုဇနေ ယုတ်ယုတ်မာမာတွေပြောလိုက်တာနှင့် ပါဝါ့ မျက်နှာ ဆင်းသွားသည်။ ဝေဒ ကိုယ့်ဒေါသနဲ့ ကိုယ် မဖြေရှင်းရဘဲ ဒေါ်ယုဇနေကို ထတ်ကာတားဆီးရကာ ..၊

"အန်တီ ကျွန်တော်တို့ ပြဿနာတွေထဲ ဝင်မပါပါနဲ့ .."

နောက်ထပ် ဒေါ်ယုဇနေ၏ စိတ်နာအထင်လွဲသော မျက်ဝန်းတို့ကို သည်ခံရပြီးပြန်ကာ အခြေအနေအရပ်ရပ်က သူ့ အပေါ်မှာပဲ မိုးပြိုသလို

www.burmeseclassic.com

www.burmeseclassic.com



ပင် ..။

သို့သော် .. အားလုံးမရှိကြတော့သည့်အခါ ..။

"မင်းကို ငါပြောသားပဲ ဝေဒ .. 'မ' ကို မင်းလက်လွှတ်ဖို့ .."

ဝေဒ ဆံပင်တွေဖွ၍ စိတ်လှုပ်ရှားမှုကို ထိန်းချုပ်နေမိစဉ် လက်တို့က ဆံပင်တွေထဲမှာပဲ ရပ်တန့်သွားကြ၏။ သူ့ရှေ့ကို လျှောက်လာသည့် ပါဝါ့ကို မြင်လိုက်လျှင် လက်ညှိုးထိုးလိုက်ပေမယ့် အသံကမထွက် ..။

"ဒါကိုလည်း မင်း ဂရုမစိုက်ဘူး၊ 'မ' ကို တစ်ခါနှာကျင်စေရင် မင်းကိုတစ်ခါ ဒဏ်ခတ်မယ်လို့ ပြောထားတာလည်း .."

"ပါဝါ .. မင်း .. ဒါတွေ မင်းလုပ်တာပေါ့ .."

"ဘယ်သူရှိသေးလို့လဲ .."

"မင်း .."

ဒေါသကြီးသည့် ခြေလှမ်းတွေ သူ့ရှေ့ ဖျပ်ခနဲကပ်သွားသည်။ ပြီးတော့ ပါဝါ့ အင်္ကျီရင်ဘတ်စကို ဆတ်ခနဲ ဆောင့်ဆွဲလိုက်ပြီး ..။

ပါဝါ က စကားပြန်မပြောဘဲ သူ ဆုပ်ကိုင်ထားသည့် လက်တွေကို မျက်တောင်ဖျားတို့ စိုက်ကျရှုံ ငုံ့ကြည့်၏။ ဝေဒ သူ့လက်ကို သူ့ ဘာသာ ပြန်ဖြေချ၍ ..။

"ယောကျ်ားချင်း ပြဿနာရှင်းတယ်ဆိုတာ ဒါမျိုးမဟုတ်ဘူး .."

"ဟုတ်လား .. မင်း ပြောတာနော် .."

ခပ်မဲ့မဲ့ပြုံးရင်း သူကိုင်ခဲ့သည့် အင်္ကျီရင်ဘတ်ကို လက်ချောင်းတို့နှင့် တောက်ထုတ်ခါပစ်၍ ..။

"မင်းကပြောပြီဆိုရင်တော့ ငါ့ဘက်က အပြင်းစား မို့အားတွေ လွှတ်ဖို့ပြင်ရတော့မှာပေါ့ .."

"မင်း ငါ့ကို ဒုက္ခပေးနေလည်း မထူးဘူးဆိုတာ မင်း ခုထိ နားမလည်သေးဘူးလား ပါဝါ၊ ငါ့အပေါ်မှာ မင်းဘက်က နိုင်ချေတွေအများကြီးပဲ၊ ဒါကြောင့် ငါ့ဘက်ကလည်း အမြဲတမ်း အလျှော့ပေးထားခဲ့တာ.."



"ဟုတ်လား .. ငါချစ်နေတဲ့ မိန်းမကို ရအောင်ယူပြီး မင်းလက်ထဲမှာ ဘယ်လိုထားပါတယ်ဆိုတာ ဓာတ်ပုံရိုက် ငါ့ဆီပို့တဲ့နည်းတွေနဲ့လား.."

"အဲ့ဒီထိ ငါ့စိတ်ထဲမှာ အနိုင်မခံအရှုံးမပေး ပြန်လုပ်ချင်တဲ့ စိတ်ဓာတ်သက်ပဲ .. မင်းလို .."

"အဲဒီတော့ ငါက မင်းကို နဖူးပြန်တောက်ပြီး ကျေနပ်ပေးရမယ်ပေါ့ .."

ပြောနေရင်း မျက်နှာက နီရဲလာသည်။

"မင်းရဲ့ တောင့်တ်ချက်အရ ပြီးတော့ .. ငါ့ သတိပေးထားတာကို ဂရုမစိုက်တဲ့ ပြစ်ချက်နဲ့ နောက်ထပ် ဒီ့ထက်ပြင်းထန်တာတွေ လာလိမ့်မယ်၊ ကြိုပြောထားတာ .."

"ပါဝါ .. မင်းက ဘာကောင်လဲ၊ အဲဒါတွေလုပ်တာ ဘာအဓိပ္ပာယ်ရှိသလဲ .."

'မင်းက မကြာခင် သေရတော့မယ့်ကောင်' လို့ ပြောချလိုက်ချင်တာ ဝါးစပ်ထဲမှာ ယားနေတော့သည်။ ဒါပေမယ့် တကယ်တမ်းမပြောဖြစ်ပါ။ ဒါက မျိုသိပ်ထားရမယ့်ကိစ္စဖြစ်နေသည်မို့ ..။

"မင်းရဲ့ 'မ' က ငါ့ရင်ခွင်ထဲကို သူ့အလိုလို ဝင်လာတာ၊ ခုလည်း သူ့သဘောနဲ့သူ နေနေတာ၊ မင်း ဒီလောက်ထိ မျက်နှာပြောင်ပြောင်နဲ့ လာယ်အပ်နေတာ၊ သူ မင်းကို စိတ်ရှိသေးရင် ပြန်လာမှာပေါ့ .."

"ရှုံ့စရာတွေပြောမနေနဲ့ ဝေဒ .. မင်းလို လူယုတ်မာလက်ထဲက လွတ်မြောက်သွားဖို့တစ်ခုပဲ ငါလိုချင်တာ၊ 'မ' ရဲ့ ဂုဏ်သိက္ခာကို မင်း ဘယ်စော်ကားနဲ့ .."

"ကြားကောင်းအောင်ကွာ .."

ပြောပြီး ဟားတိုက်ရယ်သည်။ ပြဿနာရှင်းလိုက်ရတာက ရှုံး ချင်နေသည့်စိတ်က လက်များတွေတုန်ယင်အောင် အားတက်နေလျက် ရှိသည့်စိတ်ကိုလည်း ထိန်းလို့မရ ..။

www.burmeseclassic.com

www.burmeseclassic.com



လူကိုကြည့်လျှင် ကျားကောင်းမောင်းသန်ကြီးပဲလို့ ထင်စရာရှိပေမယ့် ရှိနေတဲ့ ရောဂါခံအရ သူ့စိတ် ထိတ်လန့်ဗျာများရတာကို ခန္ဓာကိုယ်က တောင့်မခံနိုင်ပေ ..။

စကားတွေ တွင်တွင်ဆိုရင်း လူက ဟပ်ထိုးလဲချင်နေပြီဖြစ်၏။ သို့သော် ..။

“မင်းရဲ့ ဒီနေ့လုပ်ရပ်အတွက် မင်းကို ငါ လုံးဝခွင့်မလွှတ်ဘူး ပါဝါ၊ မင်း သိပ်ကို အောက်တန်းကျတဲ့ကောင် ..”

“ဘာပြောလိုက်တာလဲ .. ငါက အောက်တန်းကျတယ် ဟုတ်လား ကိုယ်ခူးခြွေထားတဲ့ ပန်းကို သူများခေါင်းပေါ်တင်ပေးလိုက်ပြီး ပစ်ထားတဲ့ကောင်က အဆင့်အတန်းမြင့်နေတယ်ပေါ့ ..”

တကယ်ဆို အဉ္ဇလီ ဆိုတဲ့ မိန်းကလေးကို မျက်လုံးတွေတွင်တွင် ပွေးချော့မော့ပြီး အလွန်ရိုးသားသည့် ရုံးဝန်ထမ်းဟောင်းနဲ့ လက်ထပ် ဖြစ်သွားအောင် ဝေဒ လှည့်ပတ်လိမ်ညာခဲ့သည်။

ကြည့်ရှုထောက်ပံ့သွားမည်ဆိုတဲ့ ကတိတွေလည်း ပေးခဲ့သေးသည်ဟုဆိုသည်။ ဒါပေမယ့် အဉ္ဇလီ ဘာမှမရခဲ့ဘဲ သူမက အိမ်ထောင်ရေး နောက်ထပ် ပြိုကွဲမှာစိုးကာ သည်းခံမျိုသိပ်နေခဲ့ရှာသည်။

“မင်း မသိတတ်တဲ့အတွက် ငါက သိန်းထောင်နဲ့ချီပြီး ရင်းနှီးကူညီပေးလိုက်တာ ကျေးဇူးမတင်ဘူးလား ..”

ကြည့်စမ်း .. ခွေးသူခိုးကောင် ..။

ဝေဒ ဖြစ်ရသည့် ဒေါသကို ဘယ်လောက်ဆိုတာ ပြစရာမရှိတော့အောင်ပင် ..။ သူ့ကို ဒီနေ့အဖြစ်မျိုးရောက်သွားစေဖို့အတွက်နဲ့ ငွေတွေ ဒီလောက်ပုံချပေးခဲ့၏။

လီလီ ဒီထိ ငွေတွေရယ်၊ သော့ရယ် လာပြန်ပေးသွားပေမယ့် နောက်ကွယ်မှာ ဘယ်လောက်ထိရသွားခဲ့သလဲ ..။

လီလီ နဲ့ ပါဝါ ဘယ်လောက်ထိ ပြောဆိုဖြစ်ကြပြီး ပါဝါ ဘာတွေ



သိသွားပြီလဲ ..။

ပြီးတော့ တင်မာလာ့ ကိုတောင် သိလိုက်သေးသည်။

“သိပ် အံ့ဩနေသလား ဝေဒ၊ မိန်းမလိုမိန်းမရ လုပ်တယ်လို့ မင်း ပြောပေမယ့် လွယ်လွယ်လေးလုပ်ခဲ့တာမဟုတ်ဘူးနော်၊ ဒါပေမယ့် ဒီထက် အံ့ဩစရာတွေလာဦးမှာ၊ မင်းလို သူဌေးစားပွဲမှာထိုင်ပြီး ဟိုကိစ္စ ဒီကိစ္စ လိုင်ကိစ္စတွေပါမကျန် အကွက်ချအောင် မလုပ်နိုင်ပေမယ့် မင်း အံ့ဩထိတ်လန့်သွားအောင်တော့ ငါ လုပ်နိုင်တယ် ..”

သူ ဘာလုပ်ဦးမှာလဲ ..။

ထိတ်လန့်ခြင်းသည် လှုပ်ရှားနေသည့် မျက်ဝန်းတို့မှာ ပေါ်လွင်နေတာ ကိုယ်ခန္ဓာမှာရှိသမျှ ရေခဲတွေ ခမ်းခြောက်ကုန်ပြီလား မသိ..။ တံတွေးမျိုချလိုက်တော့ လည်ချောင်းကနေ ရင်ဝထိ ကျပ်ခဲနာကျင်သွားသည်။

“ထပ်မှတ်ထားလိုက်ဦး၊ မင်းလက်ထဲမှာ ‘မ’ ရှိနေသရွေ့ မြပန်းကြိုးခေါင်းကို ကိုင်ထားရတဲ့ နတ်သမီးထက် မင်း အဖြစ်ဆိုးပြီ ..”

ပါဝါ က မျက်နှာနားမှာကပ်ကြိမ်းသွားသည်။ ဝေဒ အံကြိတ်ကျန်ရစ်ခဲ့၏။

ဘယ်သူ့ဘက်က ဘယ်ကစပြီး မှားခဲ့တာလဲ ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၉)

"ဘယ်လိုလဲ ဆောင်းမင်းသမီး .. ကျေးစူးရှင်ရဲ့ ကောင်းခြင်း မင်္ဂလာတွေ ကြားလိုက်ရတော့ ရင်ထဲမှာ ဟိ(ထ်) တက်နေပြီလား .."

"မတက်ပါဘူး .."

ဘုရားပန်းလဲနေရင်း မင်းမင်းသော် အနားရောက်လာပေမယ့် မင်းမင်းမျက်နှာလေးက အပြုံးအရယ် ခံစားချက်တို့ ဘာမှမထင်ဘဲ စက်ရုပ်တစ်ရုပ်လို လှုပ်ရှားနေခဲ့၏။

"မနေ့ကတော့ နင့်မျက်နှာမှာ မျက်ရည်တွေနဲ့ပါ .."

"မျက်ရည်ကျရခြင်းအကြောင်းအရာအားလုံးက ဒီလို အဖြစ်တစ်ခုပေါ်မှာပဲ ရှိတတ်တာမဟုတ်ပါဘူး .."

"ဒါဖြင့် သူ့မှာ မိန်းမတွေရှိခဲ့တာနဲ့ ပတ်သက်ပြီးရင် ဘာမှ မခံစားရဘူးပေါ့ .."

"ဒီလိုလူမှန်း အစတည်းက သိပြီးသားပဲ .."

"နင် ငါ့မျက်နှာကိုကြည့်ပြီး စကားပြောချင်စိတ်မရှိဘူးလား .."

"ဟင့်အင်း .."



တစ်ချက်မှ လှည့်မကြည့်ဘဲ ပန်းအိုးကို ကိုင်လိုက်လျှင် ...၊

"ကိုပေါ့ မှာ ရောဂါရှိနေပြီဆိုတာနဲ့ ပတ်သက်ပြီး နင် ငါနဲ့ စကားပြောဖို့ ကြိုးစားဖူးတယ်နော် .."

မင်းမင်း လက်လေး ဘုရားပန်းအိုးကို ကိုင်ထားလျက်နှင့် တုံ့ရပ်သွားခဲ့၏။ ကော့ညွတ်သည့် မျက်တောင်ဖျားတို့က ငြိမ်သက်နေပေမယ့် မျက်ဝန်းတွေ လှုပ်ရှားသွားတာကိုကြည့်ပြီး မင်းမင်းသော် က မဲ့သည်။

"ခု ပြောလို့ရပြီဆိုရင်ရော .."

မင်းမင်း လက်လေး တုံ့နှေးစွာ လျှောကျသွားသည်။ ပြီးတော့ ဝရန်တာပေါ်မှာ လက်လေးပြန်တင်ကာ အပေါ်စီးက မြင်နေရသည့် ခြံထဲကို ငေး၍ ...၊

"မထူးတော့ဘူး ထင်လို့ပါ .. ပြီးတော့ ငါဖြစ်ဖြစ် သူဖြစ်ဖြစ်၊ ဘယ်သူက အရင်သေသေ .. အဲဒီအတွက်လည်း ဘာမှ မထူးခြားဘူး .."

"ဘာလဲ .. နင်က သူသေရင် လိုက်သေမှာလား .."

"နင် ကိုယ့်အိမ်ထောင်ရေးကိုပဲ စိတ်ဝင်စားစမ်းပါ မင်းမင်းသော်၊ သူ့ကို နင် ဘာကြောင့် ရယူခဲ့တာဖြစ်ဖြစ် နင့်ကို နှိပ်စက်မယ့် ယောကျ်ားမဟုတ်ပါဘူး .."

"နင့်ကိုတော့ ကိုဇေဒ က နှိပ်စက်နေတဲ့ပုံပဲ .."

နှာတံပေါ်ပေါ်လေးက ပို၍ချွန်ထွက်နေသည်။ လှသော မျက်ဝန်းအိုထ မျက်ကွင်းညိုနေသဖြင့် ထိုမျက်ဝန်းတို့က အမြဲတမ်းရီဝေနေတတ်၏။ ပြီးတော့ အဖျားတွန့်လေးတွေနှင့် ပျော့နွဲ့သော ဆံနွယ်တို့က အမြဲတမ်း စည်းနှောင်ထားတတ်တာပဲ မြင်နေရကာ ပြောရရင် မင်းမင်းကို မြင်တာနှင့် သောကထောင်းနေသည့် လူသားတစ်ဦး ...၊

သို့မဟုတ် ရှေ့ရှေ့ကရှိခဲ့ဖူးသည့်စကားပုံအတိုင်း ခပ်ရှိုင်းရှိုင်းနှိုင်းရပါလျှင် 'လင်ထောင်းတဲ့ရုပ်' ဆိုတာမျိုးလို့ ပြောရမလား ...။

သူမမှာသာ ဘယ်လိုကပိုကရိုလေး ဝတ်ထားထား ကျော့ရှင်းပေါ်

www.burmeseclassic.com

www.burmeseclassic.com



လွင်နေသည့် ကိုယ်ခန္ဓာအချိုးအဆစ်မျိုးလေး ပိုင်ဆိုင်မထားခဲ့ပါလျှင် ဒီသောကလွင်ပြင်မှာ သူမရဲ့ အလှအပတွေ ဘာဆိုဘာမှရှိတော့မည် မထင် ..။

ကိုယ်မေးလိုက်တာကို သူမ မဖြေပေမယ့် မင်းမင်းသော် နားလည်သွား၏။

"ကိုပါ နဲ့ နင့်ယောကျ်ားမှာ ဘယ်သူက ဆရာကျနေတာလို့ နင်ထင်လဲ .."

"ဘာတွေလာမေးနေတာလဲ မင်းမင်း၊ ငါ့အဖြေမှားသွားရင် ကိုဇွေ့ဆီ ပြေးတိုင်ချင်လို့လား .."

"နီး .. နီး .. နင် လွဲနေပြီ .."

"ဘယ်တုန်းကမှလည်း မမှန်ခဲ့ပါဘူး၊ အဲ့ဒါကြောင့် သူများတို့ မပြောနဲ့ ငါ့ကိုယ်ငါတောင် စိတ်မဝင်စားချင်တော့ဘူး၊ နင် ငါ့ကို မကျေနပ်တာတွေရှိသေးရင် တခြားကြိုက်တဲ့အပြစ်ပေးပါ၊ ကိုဇွေ့ လက်ထဲသွားမထည့်ပါနဲ့ .. ငါ သူတို့ကို ဘာနဲ့မှ မယှဉ်နိုင်ပါဘူး၊ နေ့စဉ်ညစဉ် ငရဲကျနေရတဲ့ ငါ့ဘဝကို နည်းနည်းလေးဖြစ်ဖြစ် စာနာပေးပါ .."

သူမ မျက်ရည်စက်တွေ ပိုးပိုးပေါက်ပေါက်ကျလာတော့ မင်းမင်းသော် အံ့ဩသွားသည်။ ကိုဇေဒ က မင်းမင်း ကို နှိပ်စက်နေတာလား ..၊

တစ်ခုခုကို အငြိုးထားနေသည်ဆိုတာ သိပေမယ့် နေ့စဉ် နှိပ်စက်ကလူပြုနေတယ်ဆိုတာက ဘာကြောင့်လဲ ..၊ ဆောင်းမင်းသမီး ၏ မျက်ရည်တွေက မာယာတွေတော့ မဖြစ်နိုင်ပါ။

ဒီလို မဟုတ်တာတွေ ပြောတော့ရော သူမအတွက် ဘာထူးလာမှာမို့လို့လဲ ..၊

"နင့်ကို ဒေါ်ယုဇနေ ကပဲ နိုင့်ထက်စီးနင်းလုပ်နေတာလို့ထင်တာ.."

"ငါသွားတော့မယ် .."

"နေဦးလေ .. ငါတို့ပြောချင်တဲ့ စကားမှ မရောက်သေးတာ .."



"နင် ငါ့ကို မကျေနပ်တာတွေပြောထားခဲ့ပြီးတော့ ခုမှ ဘာတွေပြောချင်တာလဲ မင်းမင်း၊ ငါ နင်နဲ့ ကိုဇွေ့ ကို ကြောက်တယ် .."

ဘယ်လိုတွန်းလှန်နိုင်စွမ်းမှ မရှိသော အနိုင်ကျင့်ခြင်းဖြင့် ညစဉ်နှိပ်စက်နေတာ အမုန်းတရားတွေ တွင်တွင်ပြောနေခဲ့သဖြင့် ပြစ်ဒဏ်တရှိခြင်းသည်။

အပေါ့ ကို အပိုင်သိမ်းဖို့ ဇေဒ က လက်ထောက်ချခဲ့သည်။ သူတောနေအောင်ယူသည်။ ဇေဒ နဲ့ သူမက တစ်သားတည်းလူတွေ ..၊

သူမ ဘာကြောင့် ကိုယ့်ဆီလိုလိုလားလား ရောက်လာပြီး စကားတွေပြောနေပါသလဲ ..။

"နင်က ကိုဇေဒ နဲ့ ငါ့ကို တစ်ကျိတ်တည်းတစ်ဉာဏ်တည်းလို့ထင်နေတဲ့ပုံပဲ၊ အဲ့ဒါက ပြီးသွားပြီလေ၊ ငါဆိုတဲ့ မိန်းမက ငါ့လိုအပ်ချက်တစ်ခုကလွဲရင် ဘာကိုမှ မမက်မောဘူး .."

"အခု ဘာလိုအပ်နေလို့လဲ .."

"ငွေလေ .."

"ငါ့ဆီက နင် ဘာမှမရနိုင်ဘူး၊ ငါ့မှာ ဘာမှမရှိဘူး .."

"နင် ပြောပြန်ပြီ .. အဟွန်း .. ရယ်ရတယ် .."

မင်းမင်းသော် က ဘာတွေသဘောကျနေသည် မသိ၊ သူမက ရယ်နေပြီးမှ ..၊

"'နေမဝင်' မိသားစုရဲ့ ချွေးမ၊ ပြီးတော့ 'နေတော်ဝင်' သူဌေးရဲ့ ဝါတနာ၊ ဒီလူနှစ်ယောက်ကို ငါ ကြိုက်သလို ကစားလို့ရနေတာ၊ အစေခံသာသာနေရတဲ့ နင့်ဆီက ငါက ဘာကို မျှော်လင့်ရမှာလဲ .. ဆောရီး.. ငါ ထပ်ပြောမိပြန်ပြီ .."

မင်းမင်း က မချိုပြုံးလေးနှင့် သူမကို စိုက်ကြည့်သည်။ ပြီးတော့..

"အစေခံသာသာ မဟုတ်ပါဘူး၊ အစေခံပါ၊ မှန်တာပြောတာ ဆောရီးသုံးဖို့မလိုပါဘူး .."

www.burmeseclassic.com



"အေးဟာ … ငါက ဘယ်သူဖြစ်ဖြစ် သိပ်ဂရုမစိုက်တတ်တဲ့ အကျင့်ရှိတယ်၊ နင့်ကိုလည်း မကျေနပ်ခဲ့တဲ့စိတ်အခံရှိခဲ့တာဆိုတော့ ဆက်တိုက် ရိုင်းသွားတာပါ … ဆောရီး …"

"မင်းမင်းသော် …"

"ပြော …"

"ငါ နင့်ကို စကားပြောဖို့ကြိုးစားခဲ့တုန်းက …"

"ဆက်ပြောလေ …"

"နင့်မှာ ဒီရောဂါဖြစ်နေတာကို ဆေးကုသမှုခံယူဖို့ပြောချင်လို့…"

"ဘာ !…"

"ဒီလိုဖြစ်ပြီး မသေတဲ့လူတွေလည်းရှိတယ်လေ၊ နင့်မှာ ဆေးကုနိုင်တဲ့ အခြေအနေလည်းရှိတော့ …"

"နင် ကိုပေါ့ ကို ဆေးကုစေချင်တာမို့လား …၊ ဟွန်း … ဝေဒ ဆိုတဲ့ လူလည်း ကြောက်နေပြီထင်တယ်၊ ငါ့ကို ခြိမ်းလားခြောက်လားနဲ့ နှုတ်ပိတ်တယ်၊ ပြီးတော့ သူက လျှောက်ပြောတယ်၊ ရှူးရင်ရှူး မရှူးရင် ကြောင်နေတာတစ်ခုခုပဲ …"

"ငါ့ကိုပြောလို့လည်း ပေါက်ကြားမှာ မဟုတ်ဘူးဆိုတာ သူသိနေလို့ပေါ့ …"

"ဒါဆို နင်က ကိုဝေဒ အတွက်လည်း သစ္စာထားချင်သေးတာပေါ့၊ တကယ်လို့ နင် ကိုပေါ့ ကိုပြောပြီး ဆေးကုဖို့တိုက်တွန်းရင်ရော သူက နားထောင်ရင် သူ့အသက် ချမ်းသာ မသွားနိုင်ဘူးလား …"

မေးခွန်းကြောင့် မင်းမင်း က ဖျတ်ခနဲလှည့်ကြည့်သည်။ မျက်ဝန်းထဲမှာ စူးရဲသော ပြတ်သားခြင်းတွေအပြည့် …။

"သူ့ကို သေအောင်လုပ်ခဲ့ပြီးမှ ခုတော့ ရှင်ရာရှင်ကြောင်းတွေ လာပြောနေပြန်ပြီ၊ နင်တို့နှစ်ယောက်ရဲ့ လက်ထဲမှာ ငါတို့က ဘာလဲ မင်းမင်းသော် …"



မင်းမင်းသော် မျက်ခုံးလေးပင့်သွားပြီး မဖြေနိုင် …။ ဆောင်မင်းသမီး ခေါ် မင်းမင်း ၏ ရဲရင့်သောအကြည့်နှင့် မေးခွန်းက သူ့ကို ခွဲ့အသွား စေခဲ့တာဖြစ်သည်။

မင်းမင်း ဆိုတဲ့ မိန်းမခပ်တုံးတုံး ပျော့ညံ့ညံ့မဟုတ်ဘဲ ဝေဒ ရဲ့ လက်ထဲမှာ ဘာဖြစ်လို့ ကျရှုံးနေခဲ့တာလဲ …။

"ကိုယ်ဝါးမျိုတော့မယ့် သားကောင်ကို လက်နဲ့ပုတ်ရှိုးလိုက်၊ ပြန်ထွဲဝစ်လိုက်နဲ့ ကစားချင်နေတာလား …"

"ခက်တော့နေပြီ …"

"အစက ဟုတ်တယ် … အခုအားလုံး လွယ်လွယ်လေးပဲ မင်းမင်း။ ဘဝမှာ သေရတာထက်အဖြစ်ဆိုးတာတွေကို ရင်ဆိုင်နေရတဲ့ လူတစ်ယောက်က သေပါရစေလို့ အမြဲတမ်း တမ်းတနေလိမ့်မယ် …"

"နင်လား … ကိုပါ လား …"

မေ့ပြီးတော့ ဖြေတာကို မစောင့်ဘဲ မင်းမင်းသော် က ရယ်ကာ…။

"အဟွန်း … နင်ကတော့ ကိုယ့်ဒုက္ခနဲ့ကိုယ် သေချင်နေမှာပေါ့၊ မသေမယ့်သူမို့လို့ သေချင်တယ် အော်နေတာလည်း ဖြစ်နိုင်တယ်၊ ဒါ သေမယ့် ကိုပါ ကတော့ နင့်ကိုကယ်တင်ဖို့ အချိန်နဲ့အမျှ ကြိုးစားနေတာ၊ သူ သေချင်သေ နင့်ကိုတော့ အသေမခံနိုင်တဲ့ ပုံပဲ …"

ပြောနေရင်း မင်းမင်း ကို စိုက်ကြည့်၍ …၊

"သူ့မှာ ဒီရောဂါရှိနေမှန်း သိသွားရင် … ငါထင်တယ် သူသေမှာ နိုးတာထက် နင့်ကို ဒီကဆွဲမထုတ်ခဲ့နိုင်မှာ ပိုပြီးစိုးရိမ်လိမ့်မယ်၊ ဘာဖြစ်လို့လဲ သိလား … သူ လုပ်နေတာတွေ ငါ သိနေလို့လေ …"

ဝေဒ ရဲ့ပျက်စီးဆုံးရှုံးမှုတွေကို မင်းမင်းသော် က တစ်ခုပြီးတစ်ခု ပြောပြသည်။ လုပ်ငန်းနဲ့ပတ်သက်ပြီး အရေးကြီးတဲ့ ဆက်သွယ်ချက်တွေ၊ လျှို့ဝှက်မှတ်တမ်းရှိတဲ့ ဖိုင်တွေအားလုံးနီးပါးကို ဖျက်ဆီး ပစ်ခဲ့တဲ့အကြောင်း …၊

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ လက်ဖွပ်ကစိန်နဲ့ ကားမှန်ကို ဖွဲ့ချပြီး ဝေဒ ရဲ့ ပစ္စည်းမှန်သမျှကို အမှိုက်တစ်စလို ထင်သလိုလုပ်ပစ်နေတာတွေ ..။

ပြီးတော့ အဠလီ တို့ကိစ္စဖြစ်ခဲ့ရတဲ့အထိ ..၊

"ဒီမိန်းမနှစ်ယောက်ကို ပုတ်နှိုးပေးဖို့အတွက် သူ ငွေဘယ်လောက်ကုန်သွားသလဲဆိုတာ နင်သိရင် သွေးတက်သွားနိုင်တယ်၊ နောက်ထပ်လာမယ့် အစီအစဉ်တွေဆို ပိုတောင်ဆိုးဦးမှာ၊ နင့်ကို တစ်ခါဒုက္ခပေးရင် သူက တစ်ခါပြန့်လုပ်တာလေ .."

မင်းမင်း ရင်တွေတလှပ်လှပ်တုန်လာသည်။ အပါ သူမကို ထွက်သွားဖို့ လာပြောတိုင်း အပြင်မှာ ပြဿနာတစ်ခါ ဖြစ်ခဲ့တာလား ..၊

နှုတ်ခမ်းအစုံ ဖွင့်ဟနေကာ လက်ဖဝါးလေးနဲ့ပြန်၍ ကာကွယ်ထားရတဲ့အထိ မင်းမင်း တုန်လှုပ်နေခဲ့၏။ ယောကျ်ားနှစ်ယောက်၏ ပဋိပက္ခတွေ ဘယ်တော့မှ ရပ်စဲမှာလဲ ..၊

"နင် ကိုပါ ဘယ်လောက်ချမ်းသာသလဲ မသိခဲ့ဘူးမို့လား၊ တကယ်တော့ နင့်ရဲ့ ဝေဒ က ကိုပါ တို့ မိသားစုရဲ့ လောင်းရိပ်စံ နွယ်ပင်တွေပါ၊ ခုဆို နင်လည်း သိနေပါပြီ၊ အဲ့ဒီလိုလွတ်တဲ့ငါးကြီးတဲ့ ယူကျူးမရစိတ်တွေနဲ့များ နင့်ရပ် ဒီလောက်ကျသွားတာလား .."

"ဟွန်း .. နင်ပြောချင်တာ ပြောပါ၊ နင်ပြောသမျှတွေထဲမှာ အခုလာခဲ့ရတဲ့အကြောင်းရင်းပါသွားပြီဆိုရင် ငါ သွားမယ် .."

"မပါသေးဘူး .."

သူမက လက်ပိုက်ထားလိုက်ပြီး မင်းမင်း ကို စေ့စေ့ကြည့်ကာ ..၊

"နင်က ငါ့ကို မုန်းနေမှာပေါ့၊ ယောကျ်ားလုဘက်ဖြစ်တယ် ငါက သူ့ကို သေမယ့်ရောဂါလည်း ပေးခဲ့တာလေ .. ပြီးတော့ .."

"မုန်းနေရင်လည်း နင့်ကို သတ်လိုက်တာနဲ့ အဖျ ရောဂါပျောက်ကွယ်သွားမှာမှ မဟုတ်တာ .."

"ပျောက်သွားမယ်ဆိုရင်တော့ သတ်မယ်ပေါ့၊ ဘာလဲ .. ကိုပါ



တာလည်း ချစ်နေမုန်းသိထားလို့ ပြန်ပေါင်းထုတ်ချင်တာလား .."

"မင်းမင်းသော် .."

မင်းမင်း ရဲ့ မျက်ဝန်းတွေစူးစူးရဲရဲ လက်တောက်နေကြတာ ..၊

"မိန်းကလေးတစ်ယောက်ဖြစ်ပြီး စကားပြောတာ မပေါ့ဝါနဲ့ ယောကျ်ားနှစ်ယောက်အလယ်မှာ ဟိုခုန်ဒီခုန်အဆင်ပြေသလိုနေရအောင် ငါ့ကို ဘယ်လိုမိန်းမ နင်ထင်နေသလဲ .."

ခေါ်သစကားပေမယ့် မင်းမင်းသော် က ပခုံးလေးတွန့်ပြီး ခပ်မဲ့မဲ့ ရယ်သည်။

"ဘာပဲဖြစ်ဖြစ် ကိုဝေဒ က နင့်ကို နူးညံ့နွေးထွေးမှုပေးခဲ့လို့လား ပြီးတော့ သူ ခုထိ မပြတ်သားသေးတဲ့ အရှုပ်အရှင်းတွေနဲ့ အိစိဓာလီဖြစ် နေတုန်း .."

ပြောနေရင်း မင်းမင်း ကို အကဲခတ်နေကာ ..၊

"ကိုယ့်ကို အသက်ပေးချစ်တဲ့ ယောကျ်ားက ဒူးထောက်တောင်းပန် နေတာကို ဘယ်လိုစိတ်နဲ့ ဥပေက္ခာထားနေမှာလဲ၊ ပြီးတော့ ကိုပါ အရ စေလိုရာစေနိုင်တဲ့သူ .."

မင်းမင်း မျက်နှာမှာ ခံစားချက်ကင်းမဲ့သွားသော အမူအရာတွေ ပြန်လည်ဖြစ်ပေါ်လာကာ သူမကို ဘာမှပြန်မပြောတော့ဘဲ ဘုရားပန်းအိုးကိုကိုင်၍ ထွက်သွားဖို့ပြတ်သားစွာ ဆုံးဖြတ်၏။

"ဟဲ့ .. နေဦးလေ .."

မင်းမင်းသော် က ကမန်းကတန်းတားဆီးကာ ..၊

"ဆောင်းမင်းသမီး ..."

ပြတ်ရှစွာခေါ်လိုက်သည့်လေသံကြောင့် မင်းမင်း သူမကို စောင့်ကြည့်လိုက်ပြီးမှ ခြေလှမ်းရပ်သွားသည်။

"သူ့မှာ ဒီရောဂါမရှိသေးဘူးဆိုရင် နင် ဘာလုပ်မလဲ .."

မင်းမင်း ငြိမ်သက်နေပေမယ့် စကားတစ်ခွန်းမှ မပြန်၊ လှည့်လည်

www.burmeseclassic.com

www.burmeseclassic.com



မကြည့် ...၊

မင်းမင်းသော် က သူမကျောနောက်ထိ တစ်လှမ်းချင်း လျှောက်လာကာ ...၊

"သူနဲ့ငါ ဒီနေ့ထိလုံးဝကင်းရှင်းကြတယ်၊ အဲ့ဒါဆိုရင်ရော နင်ယုံလား .."

"ခွမ်း ..."

မင်းမင်း လက်ထဲက ဘုရားပန်းအိုးလွတ်ကျသွား၏။ ကော့နက်သော မျက်တောင်များတို့သည် 'က' ဒေါင်းတစ်ကောင်၏ အမြီးများကဲ့သို့ ပင့်ယှက်ငြိမ်သက်နေခဲ့လျက် ...၊

"အပါ .."

ဝမ်းသာကြည်နူးခြင်းတို့အတိုင်းအဆမဲ့ ဖြစ်ထွန်းသွားခဲ့၏။ ပြီးတော့ အသံမထွက်နိုင်ဘဲ လှုပ်ခတ်နေသည့် နှုတ်ခမ်းများတို့မှ 'အပါ' နာမည်ကို အထပ်ထပ်ခေါ်နေမိခဲ့သည်။

မင်းမင်းသော် က ဘေးကနေ သူမ် မျက်နှာကိုလာငုံ့ကြည့်၍ ...၊

"သိပ်စေတနာရှိလွန်းလို့ သတင်းပေးတာမဟုတ်ဘူးနော်၊ ဒါမှ သေရတာထက်ဆိုးတဲ့ ငရဲမျိုး နင် တကယ်ကျမှာ၊ ခုန နင်ပြောခဲ့သလိုလေ ကိုယ့်လက်ထဲက သားကောင်းကို မစားသေးဘဲ အခါခါပြန်ပုတ်နှိုးပြီး ကစားရတာကို ပျော်လို့ .."

"မင်းမင်းသော် .."

သူမရဲ့ မျက်ရည်ပြည့်လျှမ်းသော မျက်ဝန်းတို့ ကိုယ့်ဘက်လှည့်လာတော့ မင်းမင်းသော် က မဲ့၍ ...၊

"နင့်ကို နှိပ်စက်ချင်ပေမယ့် နှိပ်စက်ချင်လို့လည်း အမှန်ကို တိတ်တိတ်လေး လာပြောတာ၊ နင့်ရည်းစား အိမ်ထောင်တကယ်မကျသေးတဲ့ လူလွတ်အချောအလှလေးကို အိပ်မက်ထဲကနေ ခွေးပေတော့ .."

"မင်းမင်းသော် .."



"ဟဲ့ .. အောင်မယ်လေး ငါ့ဘုရားပန်းအိုးကြီးကွဲပြီ .. ကုန်ပါပြီ–တောင်မ .."

ဒေါ်ယုဇနေ ၏ ခုန်ပေါက်အော်လိုက်သည့်အသံ ...။ ပြီးတော့ ခံစားချက်တို့ ပြောင်းဆန်အောင် ဆူပွက်နေစဉ် ပခုံးကိုဆွဲလှည့်၍ ပါးတစ်ဖက်ကို ရိုက်ချခံလိုက်ရသည့် ဖြောင်းခနဲ ထိခတ်သံကြီး ...၊

"အိုး .. ဖြစ်ရလေ .."

မင်းမင်းသော် ၏ လေးနက်မှုမရှိသော ပေါ့ပျက်ပျက်စုတ်သပ်သံတစ်ချက် ...၊

သူမတို့၏ ခြေထောက်တွေရှေ့မှာ မင်းမင်း ခွေခေါက်လဲကျသွားခဲ့၏။ ထိုအခါ ပန်းအိုးကွဲပေါ် ထောက်မိလိုက်သည့် လက်ဖဝါးတစ်ဖက်မှာ သွေးတို့ စိမ့်ကျလာခဲ့၏။

သူမ၏ လောက ငရဲ ...၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

"နေမကောင်းဘူးဆို ဘယ်ရောက်သွားတာလဲ .. ဟိုတစ်ယောက်.."

"မသိဘူးလေ .. နေဦး၊ သားကို အန်တီ ပြောစရာရှိတယ် .."

ဒေါ်ယုဇနေ က သူ့နောက်ကို လိုက်လာသဖြင့် ဝေဒ က ပြန်ရပ်စောင့်နေကာ ..၊

"ဒီရက်ပိုင်းတွေမှာ ကျွန်တော် စိတ်ရှုပ်စရာတွေ အရမ်းများနေတာ အန်တီ .."

"သိပ်ဟုတ်တာပေါ့ သားရယ် .. ဒါကြောင့် စိတ်ချမ်းသာမှုတစ်ခုတစ်လေတော့ ငါ့သား ရသင့်တယ်လေ .."

"အန်တီ ဘာပြောတာလဲ .."

"မင်း ရောဂါကို ကုဖို့ .."

"ဗျာ!..."

ဝေဒ စိတ်ဝင်စားသွားသည်။ ဒီရောဂါကြီး မြန်မြန်ပျောက်ချင်နေတာပါ။ မင်းမင်း ကို အလှကြည့်အံ့ကြိတ်နေရသည့် သူ့ဘဝက သေတာနဲ့ ဘာမှမခြား ..၊

ပြီးတော့ ပါဝါ ကို သူ ပြည့်ပြည့်ဝဝ မအောင်နိုင်သေးသည့် ခံစား



ချက်က အမြဲတမ်း ဖိဆီးနေခဲ့သည်။ သူ့ချစ်သူကို ရယူနိုင်ခဲ့ရုံနဲ့ တိုဖ
ဘက်က ပြန်ပေးဆပ်နေရတာတွေ နည်းသလား ..၊

ထိုပြင် ငါ့မှာလည်း ဒီလိုခံနေရတာပဲဆိုပြီး ဖွင့်ဟကြေညာလို့လည်း မဖြစ်၊ ဒါကို သူ ဘယ်လိုမှ လူသိမခံနိုင်ပေ ..။

"ဆေးဝါးကောင်း တွေ့ထားလို့လား အန်တီ၊ ဒါမှမဟုတ် အထူးကု တစ်ယောက်ယောက်လား၊ ကျွန်တော် ဘယ်လောက်ပဲကုန်သွားပါစေ ဒီရောဂါပျောက်မယ်ဆိုရင် ပေးနိုင်တယ် .."

ဒေါ်ယုဇနေ က ခေါင်းတညိတ်ညိတ်နှင့် ကျေနပ်ဝမ်းမြောက်နေပြီးတော့ ဝေဒ ကို သနားကြင်နာစွာကြည့်ကာ ..၊

"ဟုတ်တယ် .. ဆေးဝါးလည်းဟုတ်တယ်၊ အထူးကုသမားတော် ဆိုရင်လည်း မှန်တယ်၊ ပြီးတော့ မင်း ဆေးကုသခံယူနေတုန်းမှာလည်း ကျေနပ်ပျော်ရွှင်နေရမှာ .."

"စိတ်ဝင်စားစရာပါလား .. ပြောစမ်းပါ အန်တီ ဘယ်လိုဆေးဝါး မျိုးလဲ .."

"ဆောင်းမင်းသမီး .."

"ဘယ်လို .."

သူ အံ့သြသွားသည်။

"မင်းမင်း .."

"ဟုတ်တယ် .. ငါ ပြောချင်နေတာကြာပြီ၊ မင်းက ဒီရောဂါကို ရုန်းထွယ်ချင်နေတာကိုး .."

ဝေဒ နဲ့ ဒေါ်ယုဇနေ တိုင်ပင်နေကြသည့်အကြောင်းအရာနှင့် ပတ် သက်၍ မင်းမင်း ဘာမှ မသိခဲ့ရပေမယ့် ရှေ့ကို စိတ်စောနေသည့် ခြေ ထောက်တွေက ခုံခြေထောက်တစ်ဖက်နှင့် ကျကျနန ခလုတ်တိုက်လေသည်။

"အား .. ကျွတ် .. ကျွတ် .."

အဆမတန်နာကျင်သွားကာ ငုံ့ကြည့်လိုက်တော့ ခြေမခြေသည်း

www.burmeseclassic.com

www.burmeseclassic.com



ကြားမှာ သွေးစတွေနှင့် ..၊

"လက်မှာလည်း ပတ်တီးနဲ့ ခြေထောက်မှာ ဒဏ်ရာထပ်ရတော့ ဒဏ်ရာတွေ ဆံဖျားကနေ ခြေဖျားဖိ စုံသွားပြီပေါ့ .."

"မင်းမင်းသော် .."

နာကျင်နေတာကို မေ့သွားသည်။ အသံကြားလိုက်တဲ့ဘက်ကို ဖျတ်ခနဲ လှည့်ကာ ..၊

"ငါ နင်ခြံထဲဆင်းသွားတယ်မှတ်လို့ လိုက်လာတာ .."

မင်းမင်းသော် က အောက်တံခါးဝမှာ ရပ်နေရင်းကနေ ရှေ့ကိုထွက်လာခဲ့ပြီး ..၊

"ခြံထဲမဟုတ်ဘူး အပြင်ကိုသွားမလို့၊ ကိုပါ ကား ပြန်မလွှတ်သေးလို့ စောင့်နေတာ၊ ငါ့ကားက မော်ဒယ်လ်မြင့်တဲ့ကားနဲ့လဲဖို့ မနက်ကမှ ပေးလိုက်လို့ .."

သူမ ပြောပြနေတာတွေကို မင်းမင်း စိတ်မဝင်စားပါ။ သူမလက်ကို အရေးတကြီးပြေးဆွဲ၍ ..၊

"ခဏလောက် စကားပြောရအောင် .."

စတိုခန်းရှိတဲ့ဘက်ကို မင်းမင်းသော် ကို ဆွဲခေါ်လာခဲ့ပြီး အထဲဝင်၍ လော့ခ်ချထားလိုက်ကာ ..၊

"မင်းမင်းသော် .."

"ဖယ်စမ်းပါ .. နင့်လက်တွေကလည်း ပွခြစ်နေတာပဲ၊ ဘာလဲ ဖျားနေတာလား .."

"ဘာမှမဖြစ်ပါဘူး .. ငါ .. ငါ နင့်ကို တောင်းပန်ချင်တာရှိတယ် မင်းမင်းသော် .."

"မင်းမင်း တို့က ပါးစပ်နဲ့ ဆုံးဖြတ်ရမယ့်အလုပ် ဘယ်တော့မှ မလုပ်ဘူး .."

မင်းမင်း သူမကိုငေးခနဲကြည့်သည်။ ပြီးတော့ သဘောပေါက်သွား



သာ ..၊

"ဒါပေမယ့် ငါ့ဆီက နင်ဘာမှမရနိုင်ဘူးဆိုတာ သိနေတာပဲ မင်းမင်းသော် ရယ် .. ငါ တောင်းပန်ပါတယ်၊ နင်ပြောသွားတာတွေကို ကြားခဲ့ပြီး ယုံလည်းယုံကြည်လို့ ငါ ဒါလေးတော့ ရီကွက်(စ်)လုပ်တာဝါ.. သတ်ခံနော် .."

"ဘာလဲ .. ဘာကိုလဲ .. အတင်းကြီး တောင်းပန်ပြီး တောင်းဆို သမျှပြုနေတာက ငါ့ယောကျ်ားကိုလား .."

"မဟုတ်ပါဘူး .. ဒါပေမယ့် .."

"ဟား .. ဟား .. ဟား .."

မင်းမင်းသော် က ပစ္စည်းယောင်းအတိုအပွတွေနဲ့ ရှုပ်ပွေနေသည့် အခန်းဘက်ကို လက်ပိုက်လေးနှင့် ကိုယ်တစ်ပတ်လည်အောင် လှည့်ပတ်ပြီး ရယ်၏။

"ငါ သိပြီ .. ဟား .. ဟား .. ဟား .. ရယ်ရတယ်၊ မြွေပွေးကိုက်ပါတယ်ဆိုပြီး သေမလိုဖြစ်နေပြီးမှ 'မဟုတ်ဘူး ရေမြွေ .. ရေမြွေ' ဆိုတော့ ချက်ချင်း ခုန်ထလာပါလား .."

သူမ ဟားတိုက်ရယ်နေပေမယ့် မင်းမင်း ၏ မျက်နှာလေးငယ်ကျနေသာ သေမိန့်ကျခံရမည့်တရားခံတစ်ယောက်၏ ထိတ်လန့်မျှော်လင့်ခြင်းတွေ ပြည့်နှက်နေသော မျက်ဝန်းတို့က ..၊

မင်းမင်းသော် ကို တရားသူကြီး တစ်ယောက်ကဲ့သို့ ငေးနေခဲ့၏။ ပြီးတော့မှ ...

"နင် ငါ့ကို ကြိုက်သလိုထင်ပါ၊ ပြောလည်းပြောပါ .. ဒါပေမယ့် ဒါ့ကိုတော့ ချမ်းသာပေးပါ၊ ခုထိ သူ့ဘဝ သန့်စင်နေသေးတယ်ဆိုရင် သူ့ကို သက်တမ်းစေ့ချမ်းသာပျော်ရွှင်မှုနဲ့ ရှင်သန်သွားပါစေတော့၊ ငါ အနူးအညွတ်တောင်းပန်ပါတယ် .."

"ဟွန်း .. နင့်စိတ်ကူးတွေ ဘယ်ကိုရွေ့နေမှန်း[illegible]ရအောင် ငါက

www.burmeseclassic.com

www.burmeseclassic.com



ငတုံးမှ မဟုတ်တာ ဆောင်းမင်းသမီး ရယ် ..၊ အချစ်ကြီးသလိုလို သစ္စာ မေတ္တာတွေဘယ်လောက်ကြီးမားနေသလိုလိုနဲ့ အဖြေထွက်လာတော့ လည်း ငါ့ယောကျ်ားကို နင် လိုချင်နေတာပဲ .."

"မဟုတ်ဘူး .. လုံးဝ မဟုတ်ဘူး .."

"မဟုတ်ပါဘူးဆိုတော့ နင်က ဘာနဲ့ သက်သေပြနိုင်သလဲ၊ သူ ငါ့ကို မပေါင်းသင်းပေမယ့် ငါ သူ့ကို နည်းမျိုးစုံနဲ့ ဒုက္ခပေးလို့ရတယ် သူ့အသက်ရှည်ခြင်း တိုခြင်းက ငါ့လက်ထဲမှာ .."

"မလုပ်ပါနဲ့ .. ဘယ်နည်းနဲ့မှ သူ့ကို မထိခိုက်ပါစေနဲ့၊ ချမ်းသာ ပေးပါ၊ ငါ သူ့ကို ဒီရောဂါနဲ့ ဘဝမဆုံးစေချင်တာသက်သက်ပါ၊ ဘာကို မှ မျှော်လင့်ပါဘူး၊ ဘာနဲ့မှလည်း သက်သေပြစရာမရှိလို့ပါ၊ ယုံကြည် ပေးပါ .. ငါ တောင်းပန်ပါတယ် မင်းမင်းသော် ရယ် .."

တောင်းပန်ရင်း တသောသောကျဆင်းလာသည့် မျက်ရည်တို့နှင့် အတူ သူမသည် မင်းမင်းသော် ၏ ခြေရင်းမှာ ဒူးထောက်ကျသွားခဲ့ပြီး

"ငါ ပေးနိုင်တာ ဘာမဆို နင် တောင်းပါ၊ သူ့ကို မထိခိုက်အောင် နင့်ဘက်က ထိန်းသိမ်းပေးဖို့တစ်ခုပဲ ငါ့ကို ကတိပေးပါ .."

ကိုယ့်ရဲ့ ခြေသလုံးကို လက်နှစ်ဖက်နှင့်ကိုင်၍ တမော့မော့တောင်း ပန်နေသော မျက်ရည်တွေနဲ့ မျက်နှာကို မင်းမင်းသော် တအံ့တဩ ကြည့်မိ၏။

"ငါလေ .. နင် ယုံကြည်အောင် သက်သေပြစရာမရှိပေမယ့် သူ ကိုသာ ချမ်းသာပေးမယ်ဆိုရင် နင် .. နင် ငါ့ကို ကြိုက်သလိုလုပ်လိုက်

မင်းမင်း ၏ စိတ်လှုပ်ရှားတက်ကြွနေသည့်မျက်နှာလေးနှင့် သူ ရဲ့ လက်တစ်ဖက်ကို ဆန့်တန်းပေးနေ၏။ သူမကို သွေးထွက်သံယို ခုခု ကိုယ်ထိလက်ရောက် လုပ်ခိုင်းနေတာမှန်းသိလိုက်သဖြင့် မင်းမင်းသော် စိတ်တွေလှုပ်ရှားလာကာ ထိုလက်ကို ပုတ်ထုတ်ပစ်လိုက်ပြီး ..၊

"ဘာတွေလာလုပ်နေတာလဲ .. စိတ်ညစ်လိုက်တာ .."



သူမ ကိုင်ထားသည့် ခြေထောက်တွေကိုပါ ရုန်းပစ်လိုက်ပြီး နောက် ဆုတ်နေလိုက်၏။ မင်းမင်း အားကိုးမဲ့သွားသလို မျက်လုံးလေးဝိုင်းသွား ... ထိုလက်ကိုလည်း ပြန်မရုပ်ပဲ ..၊

"ငါ တကယ်ပေးနေတာပါ၊ လက်သည်းနဲ့ဖြစ်ဖြစ် တစ်ချက်လေး ...ကုတ်ပစ်လိုက်ပါ၊ ငါ့ဘဝက ဒီလူ့လက်ထဲမှာ ရှင်လျက်နဲ့ သေနေရတာ ...င်းသော် .. စောစောစီးစီး သေရမယ်ဆိုရင် ပိုတောင်ကောင်းပါ ...တယ် .."

ပြောနေရင်း ဒူးထောက်လျက်နှင့် ရှေ့တိုးလာသည်။ လက်ကိုလည်း ...ဆန့်တန်းပေးထားဆဲရှိကာ ..၊

"ငါ အပေးအယူလုပ်နေတာမဟုတ်ပါဘူး၊ အစတည်းက သေချင် ...ကအောင် စိတ်ညစ်နေရလို့ သေသင့်နေတဲ့လူပါ၊ နင်နဲ့ ငါ မင်းမင်း ...ချင်း တူသွားပေမယ့်၊ ပြီးတော့ နင်က ဒီရောဂါရှိနေပေမယ့် လောက ...အချိန်နဲ့ စိတ်ချမ်းသာစရာတွေကိုလည်း တွေးယူနိုင်သေးတယ်၊ ချမ်း ...သာအောင်လည်း နေနိုင်တယ်၊ ဒီရောဂါကလို့ ပျောက်သွားရင်လည်း ...ါနဲ့ အတူ လက်တွဲပြီး ဘဝတစ်ဆုံး လျှောက်နိုင်ဦးမှာ .."

သူမ တစ်ချက်လေးမှ မနားဘဲ ကရားရေလွှတ်ပြောနေကာ စကား ... အားတက်သရောရှိနေသလောက် မျက်ရည်တွေလည်းကျနေခဲ့ ...သည် ..၊

"အဲ့ဒါကြောင့် သူ့ကို ချမ်းသာပေးလိုက်ပါ၊ သူ့အတွက် ငါ့အသက် ...ပေးသွားတယ်ဆိုရင် သူ့ကိုတော့ ဒုက္ခမပေးတော့ပါဘူးဆိုတဲ့ ကတိ ...လေး ငါကြားသွားပါရစေ .."

"နင် အဲ့ဒီလောက် ချစ်ခဲ့ရင် သူ့ကိုပဲ ရွေးချယ်လိုက်ပါလား .. ဘာ ...ငွေနောက်လိုက်ပြီး သူ့ရွေးကိုရွေးရတာလဲ .."

...င်းမင်း ဘာမှပြန်မဖြေရသေးမီ အပြင်ဘက်က တံခါးကို ခပ်ပြင်း ...ထုပစ်လိုက်သံ ဒုန်းခနဲမြည်လျက် ..၊

www.burmeseclassic.com

www.burmeseclassic.com



"မင်းမင်း .. ဟော့ .. အထဲမှာလား .."

"ခုန်း .."

နောက်ထပ် ထုပစ်လိုက်ပြီး တက်ခေါက်သံကြားလိုက်ရကာ ..၊

"ဘယ့်နှယ် အခန်းတွေလျှောက်ထုနေတာလဲ ဝေဒ ရယ် .. ခုန သူ့အဆက်ကောင်ရဲ့ကား ပြန်လာတယ်မို့လား .. အဲဒီအခန်းကိုသွား ကြည့်လိုက်ပေါ့၊ သူတို့ ဒီလို ခြေလှမ်းလွှယ်အောင်လို့ တစ်အိမ်တည်းမှာ လာနေကြတဲ့ဟာ .."

"ဒါ .. မဟုတ်သေးဘူး .."

ဝေဒ ရဲ့ မကျေနပ်သံက ခပ်လှမ်းလှမ်းရောက်သွားပြီဖြစ်ကာ ..၊

"မယားလုပ်တဲ့ ဆတ်ကော့လတ်ကော့ ဟာမလေးကလည်း အံ့ပါ ရဲ့၊ သူ ထင်သလိုနေချင်လို့ လင်ကို ထင်သလိုနေခွင့်ပေးထားသလားပဲ.."

စကားသံတွေ ဝေးသွားသဖြင့် မင်းမင်းသော် တံခါးဖွင့်ပြီး ချက်ချင်း ထွက်လိုက်ပေမယ့် သူတို့က လှေကားပေါ်တက်သွားကြပြီဖြစ်သည်။

"မင်းမင်းသော် .."

သူမလက်ကို မင်းမင်း က နောက်ကနေ လှမ်းဆွဲထားကာ ..၊

"နှင်နဲ့ ငါ့ကို အတူတွေ့သွားလို့မဖြစ်ဘူး၊ အသံမပေးလိုက်ပါနဲ့.."

မင်းမင်းသော် ကို တားဆီး၍ သူမ ကိုယ်တိုင် နောက်ကနေ တက် လိုက်သွားခဲ့ပြီး ..၊

"ကိုဝေ .. ကျွန်မက ဒီမှာ .."

အပေါ် အခန်းဆီ မရောက်သေးခင် လှမ်းခေါ်လိုက်မိကာ ..၊

"ကျွန်မ ဘုရားခန်းထဲ ခဏဝင်နေတာပါ .."

မင်းမင်း ကို မြင်သွားသည့် ဝေဒ မျက်နှာက တစ်ခါမှမသိဘူးခဲ့ သည့်လူကို မြင်လိုက်ရသလို သမင်လည်ပြန်ငေးခနဲဖြစ်သွား၏။

ပြီးတော့ တင်းသွားသည့်မျက်နှာနှင့် ခြေလှမ်းကျဲတွေက ခုန်လွှား လာသလိုရှိကာ လက်တစ်ဖက်ကို ခပ်ဖိဖိဆုပ်ဆွဲပစ်လိုက်၏။



"မင်းက သေချင်နေတယ် ဟုတ်လား .. လာခဲ့ .."

မင်းမင်းသော် သည် ဒရွတ်တိုက်မတတ်ပါသွားခဲ့သည့် မင်းမင်း အဖြစ်ကို လှမ်းကြည့်နေကာ အခန်းထဲမှာ ပါဝါ တကယ်ပြန်ရောက်နေ ပြီလားလို့လည်း တွေးမိ၏။

ဒါပေမဲ့ အပြင်သွားဖို့ပြင်ထားသည့် ခြေလှမ်းတွေက သူတို့ နောက်ကနေ တိတ်ဆိတ်ပါသွားခဲ့လျက် ..၊

"အား ..."

မင်းမင်း ၏ နာကျင်ဖွာအော်သံကြောင့် အခန်းရှေ့မရောက်မီ တုန့် ခနဲ ရပ်မိ၏။

"အဲ့ဒီ လက်ဖဝါးက ဘာဖြစ်တာလဲ .. ကိုယ့်လက်ကို ဓားနဲ့ခုတ် ထားတာလား .."

"ဟင့်အင်း .. အား .."

"မအော်နဲ့လေ .. မင်း နာချင်လို့ တမင်လုပ်ခဲ့တာမဟုတ်ဘူးလား.. မင်း ဒဏ်ရာကို ငါ ကိုင်ကြည့်တာ၊ ဓားနဲ့ ထပ်ခုတ်နေတာမဟုတ်ဘူး၊ ဘာလို့ အော်တာလဲ .."

ပန်းအိုးကွဲစူးမိသည့် ဒဏ်ရာကို ဘာကြောင့်ဖြစ်သည်ဆိုတာ သေချာ မေးဘဲ ဝေဒ က သူ့ဒေါသနဲ့သူ ပေါက်ကွဲနေ၏။ ဒေါ်ယုဇန ကလည်း ထပ်ပိုက်ကြည့်နေပြီး တစ်ခွန်းတစ်ပါဒမှ ဝင်မပြောခဲ့ပေ ...။

"ဒီမှာ မင်း ဖုက်သိမ်းထားတဲ့ အဆိပ်ဖုလင်း .."

အပြင်ကနေ ကြားနေရသည့် မင်းမင်းသော် မျက်လုံးတွေဝိုင်းသွားသည်။

"မင်းက မင်းအကောင်သေရင် လိုက်သေမယ်ပေါ့ .."

"ဟုတ်ပါ့မလား သားရယ် .. သေအတူရှင်မကွာဆိုတာ သီချင်းဆို သို့ပဲကောင်းတာ၊ အပြင်မှာ အဲလိုလူမရှိပါဘူး၊ အဲဒါ မင်းကို လုပ်ကြံဖို့ ခြိမ်းမှာပါ .."

"မဟုတ်ဘူး .. ကျွန်တော် သိတယ် .."

www.burmeseclassic.com

www.burmeseclassic.com



ပုလင်းကို ကိုင်ကာ ဝေဒ အံကြိတ်နေမိ၏။ ဆန္ဒမပြည့်ဝသဖြင့် အမြဲတမ်းပေါက်ကွဲဖို့ အသင့်ဖြစ်နေသည့် ဒေါသတွေက မင်းမင်း ကို ဘယ်လိုမှ ခွင့်မလွှတ်နိုင် …။

ပါဝါ့ အခြေအနေကို သူမ သိနေသည်။ ထို့ကြောင့် ဒါကို ပြင်ဆင်ထားတာမှန်း သူ့စိတ်က ခံစားမိနေ၏။

သူမ အပေါ်မှာ တပ်မက်နေသည့်စိတ်တွေက မပြည့်ဝသည့်ဆန္ဒကြောင့် ဒေါသအဖြစ် အုံဖွဲ့နေခဲ့သည်။ ဒီလိုလုပ်ရပ်တွေကြောင့် ခံရခက်လာသည့်အခါ ထိုဒေါသတို့နှင့် ပူးပေါင်းကာ သူမအပေါ်မှာ သနားညှာတာလိုစိတ်တို့ အလျင်းမရှိတော့ဘဲ …။

"ငါ့ရင်ခွင်ထဲမှာနေပြီး တခြားကောင်ကို ဖောက်ပြန်ချင်နေတဲ့ကောင်မ .."

"ဖြန်း …"

"ဒုန်း …"

ထိုအချိန်မှာ ပါဝါ အပေါ်ထပ်ကနေပြေးဆင်းလာနေ၏။ ဒီဘက်က ဆူညံသံတစ်ချို့ကိုကြားနိုင်လောက်သည့် အကွာအဝေးတွင် မင်းမင်းသော် သူ့ကို လှမ်းမြင်ကာ …။

"ရှင် မသွားနဲ့ မဖြစ်ဘူး .."

"ဖယ်စမ်းပါ .."

"မသွားနဲ့ ကိုပါ .. သူတို့ လင်မယားချင်းပါ .."

"မင်းမင်းသော် မင်းကို ငါ ကိုင်ပေါက်ပစ်မှာနော် .. ဖယ်စမ်း.."

မင်းမင်းသော် က သူ့ခါးကို မလွှတ်တမ်းဖက်ထားကာ …။

"ရှင်တို့မှာ သားမယားတွေနဲ့ ကိုပါ၊ ရှင်တို့ချင်း ဂရုမစိုက်ရင်တောင် မိန်းမတွေကို ထည့်တွက်ဦး .."

သူမ ပါဝါ့ ကို ခြေကန်ဆွဲလာပြီး ဒေါသနှင့် ပြောမိ၏။ ပါဝါ က တက်ခေါက်ပြီး သူမ ပခုံးနှစ်ဖက်ကနေ မညှာမတာဆောင့်တွန်းပစ်၏။



"ဘာကို ထည့်တွက်ရမှာလဲ .. မင်း ဘာမို့ ဂရုစိုက်ရမှာလဲ .."

"ဆောင်းမင်းသမီး ကိုရော .."

မင်းမင်းသော် က သူ သွားမယ့်ဘက်က ပိတ်ရပ်ထားကာ …။

"ရှင် ဝေဒ ဆိုတဲ့လူကို သေအောင်အလဲထိုးပစ်မှာလား၊ ခု တစ်ခါတည်း အသက်ထွက်အောင်လေ .."

ပါဝါ ငြိမ်ကျသွားသည်။ မင်းမင်းသော် က နှာခေါင်းလေးရှုံ့ပွပွရင်းကြည့်ကာ သူ့ကို မဟားတရားဆွဲဖက်ထားရသဖြင့် ရှုံ့ရွဲ့သွားသည့် အကျီဆံပင်တွေကို စိတ်ပျက်လက်ပျက် ဆွဲဆန့်ခါချ၍ …။

"ရှင် သူ့ကို ဒုက္ခပေးနေသမျှ ရှင့်ရဲ့ မင်းသမီး ခုလိုအဖြစ်ဆိုးနေမှာပဲ .."

"ဒီကောင် တမင်တကာ ဒီတိုင်းဖြစ်အောင်လုပ်နေတာ .."

"ရှင့် မင်းသမီး ကမှ ရန်းထွက်ဖို့ မကြိုးစားဘဲနဲ့ .. ရှင် သူ့ကို တလွဲအပြစ်တင်မနေပါနဲ့၊ ဒီမှာကိုပါ ရှင့်ကို သဝန်တိုစိတ်နဲ့ မင်းမင်း ရိုးသားစွာ အကြံပေးချင်တယ်၊ ကိုယ့်ကို သူက ထားခဲ့တာ၊ ဒီလမ်းကိုပဲ သူကြိုက်လို့ သူ ကိုယ်တိုင်ရွေးခဲ့တာ .. ရှင် သူ့အတွက်ဖြစ်ရတဲ့ ဒေါသတွေက မတန်ပါဘူး .."

"တန်တာ မတန်တာတွေ မင်းလိုမိန်းမကပဲ တွက်မှာပေါ့၊ 'မ' နဲ့ ငါ ဘယ်လောက်ထိ တွယ်တာခဲ့ကြသလဲ ငါတို့ပဲသိတယ်၊ 'မ' ဒီလိုလုပ်သွားတာ ဘာကြောင့်ပဲဖြစ်ဖြစ် သူ ငါ့ကို မမုန်းဘူးဆိုတာ ငါ ယုံတယ်၊ ငါ့ကို သူ ချစ်နေသေးတယ်ဆိုတာ .."

"ရှင် ဘယ်လိုလုပ်သိလိုက်တာလဲ .."

မျက်ဝန်းတွေနီရဲနေသော ရူးရဲသည့်အကြည့်တွေ သူမဆီ ရောက်လာသည်။ နှုတ်ခမ်းခပ်ဖိဖိနှင့် အံကြိတ်၍ သူမရှေ့ကို တစ်လှမ်းတိုးလိုက်ပြီး …။

"မင်းကို ဂရုစိုက်လို့မဟုတ်ပေမယ့် ငါပြောပြမယ် .. ငါ့ကို 'မ'

www.burmeseclassic.com

www.burmeseclassic.com



ချစ်ခဲ့တာ ဘာမှန်းမသိတဲ့ ခပ်ပွေပွေကောင်ဘဝကို ..”

“ဒါပေမယ့် ရှင့်ကို လက်ထပ်ခဲ့လို့လား ..”

“ငါ့ကို မေးခွန်းမထောက်နဲ့ ..”

သူ့လေသံတွေက အေးစက်နေကာ ..၊

“မှားယွင်းမှုတိုင်းမှာ အဖြေမရှိဘူး ..”

‘မ’ နဲ့ သူ့အကြောင်းတွေကို ‘မ’ နဲ့ သူသာ အသိဆုံး ..။

သူမ တားဆီးနေသည့်ကြားက သူ သွားချင်နေသည့်လမ်းကို ဖွတ်သွားခဲ့သည်။ ဖြစ်ဖို့ရှိသည့် ရန်ပွဲဆို ဘယ်တော့မှ မပျက်ကွက်ခဲ့ ..။

မကြာခဏ ရန်ဖြစ်ဖူးခဲ့သလို အချုပ်ထဲရောက်ရတဲ့အထိ ဖြစ်ခဲ့တာလည်းရှိသည်။ ဒါပေမယ့် ကိုယ့်ဘက်က ဖျန်ဖြေပေးမယ့်လူ မရှိခဲ့ဘူးပေ။ ထို့အတူ အချုပ်ထဲထိ လိုက်ထုတ်ပူပင်ပေးမယ့်သူလည်း မရှိခဲ့ ..။

မိဘကွယ်ရာမှာ ခိုကိုးရာမဲ့ တစ်ကောင်ကြွက်လို ထင်သလိုနေခဲ့တဲ့ ဘဝဟာ ‘မ’ ရဲ့အချစ်ကို ရခဲ့တဲ့အချိန်မှာ အားလုံးပြောင်းလဲခဲ့၏။

လူသူကင်းရှင်းသော တစ်နေရာမှာ သူတို့ရန်ပွဲဖြစ်နေခဲ့ကြသည်။ ထိုနေရာကို တက္ကစီတစ်စီး ရောက်လာခဲ့ပြီး ..၊

“နေပါဦး .. ခဏနေကြပါဦး ..”

သုံးယောက်နဲ့တစ်ယောက် ဖြစ်နေကြသည့် ကြားထဲကို ‘မ’ ပြေးဝင်လာသည်။ ဒဏ်ရာတွေကိုယ်စီနဲ့ပေမယ့် တစ်ယောက်သမားဖြစ်သည့် သူ့မျက်နှာမှာ ဒဏ်ရာတွေပိုများနေခဲ့လျက် ..၊

“နေပါဦး .. သူ့ကို ဘယ်ခေါ်သွားမလို့လဲဟင် ..”

လူငယ်တွေကို ဝိုင်းထားကြသည့် ရပ်မိရပ်ဖများက သူမကို ဘာဆိုင်လို့လဲဆိုသည့် အကြည့်တွေနှင့် ..၊

“ရန်ဖြစ်နေကြမှန်း ကျွန်မ သိပါတယ်၊ ဒါပေမယ့် သုံးယောက်နဲ့တစ်ယောက် ဘယ်သူက ရန်စတယ်ဆိုတာ အသိသာကြီးကို ..”

“ရန်ဖြစ်ပြီဆိုတည်းက နှစ်ဖက်စလုံးမှာ အပြစ်ရှိတာပဲ၊ မင်းက



ဘယ်သူ့နဲ့ ဘာပတ်သက်တာလဲ ..”

“ဒီကောင်လေးက ကျွန်မ မိတ်ဆွေပါ ..”

“မမ .. ဘာလုပ်တာလဲ ..”

နောက်ထပ် ကားတစ်စီးရောက်လာကာ နွေ က အပြေးအလွှားဆင်းလာ၏။ ဒါပေမယ့် မင်းမင်း က ဘယ်သူ့ကိုမှ ဂရုမစိုက်ပေ။ ပါဝါကို တစ်ဖက်တစ်ချက်ချုပ်ထားကြသည့် လူကြီးနှစ်ယောက်ကိုပဲ မျက်မှောင်ကုတ်လေးနှင့်ကြည့်ကာ ..၊

“ဒီမှာ ဒဏ်ရာတွေလည်း နည်းတာမဟုတ်ဘူး၊ ရန်ဖြစ်ရတိုင်းရန်လိုနေလို့လို့ ပြောလို့မရပါဘူး၊ ဒီလိုသာဆို အုပ်စုဖွဲ့ရန်ရှာတဲ့လူတွေက ကဗျာလွှတ်မေ့ ..”

“အုပ်စုဖွဲ့တာနဲ့ ရန်ရှာတဲ့လူတွေလို့ ပြောလို့ရမလားဗျ .. ခင်ဗျားကောင်က ပခုံးပုတ်ရန်စတာ ..”

သုံးယောက်ထဲက တစ်ယောက်၏ ဒေါသသံက ဒေါထမ်းတုတ်ထင်ခြင်းမည့်ပုံ ..၊

အားလုံး၏အကြည့်တွေ ပါဝါ ဘာပြောမလဲလို့ စုပြုံရောက်သွားကြတော့ ပါဝါ က မင်းမင်း မျက်နှာကို ခပ်ရှုံ့ရှုံ့အကြည့်နှင့် ..၊

“ဟုတ်တယ် .. ကျွန်တော် စိန်ခေါ်တာ ..”

ကြည့်စမ်း ..၊

သူ့ကို လူကြီးတွေ ဆွဲခေါ်သွားကြတော့ နွေ နဲ့ မင်းမင်း စကားများကြတော့သည်။

“ဒီလောက် အရိုးမပြေတဲ့ကောင်ကို မမ ဘာတွေသဘောကျနေတာလဲ ..၊ နွေ့ ကို ချမ်းသာတာ မမက်နဲ့ဆိုတာ မမ အဲလိုလုပ်ချင်လို့ပြောကွယ်ထားတာတွေလား ..”

အေးသောနွေ ရဲ့ စကားတွေကို ပါဝါ သေချာနောက်ပြန်လှည့်ကြည့်ပြီး နားစွင့်ခဲ့သေးသည်။ ‘မ’ မျက်နှာငယ်လေးနဲ့ ကျိန်ရစ်ခဲ့တော့ ဒီတ်

www.burmeseclassic.com

www.burmeseclassic.com



တော့မကောင်း ..။ ဒါပေမယ့် ခပ်မဲ့မဲ့ပြုံးမိ၏။

အချုပ်ထဲမှာ 'မ' ကိုယ်တိုင်ပဲ လာထုတ်ခဲ့သည်။ လက်မှာ ချိတ်ကြသည့် အညိုရောင်လယ်သာအိတ်လေးကို ပခုံးမှာ ချိတ်ထားကာ သူပါလာတာကို လှည့်မကြည့်ဘဲ ရှေ့ကဘောက်ဆတ်ဆတ်လေး လျှောက်သွားနေ၏။

ပြီးတော့ လှည့်ကြည့်ပြီး သူ့လက်ထဲကို ဗိုက်ဆံတစ်သောင်းထည့်ပေးတာ ဆောင့်ဆောင့်အောင့်အောင့် ..၊

"ကိုယ့်ဘာသာ ကြွချင်တဲ့လမ်းကို ကြွ .."

ပြောပြီး ဘတ်စ်ကားပေါ် တိုးကြိတ်တက်သည်။ သူပါလာတာတော့ လှည့်ကြည့်ပြီး မျက်စောင်းထိုး၏။ ကားထဲမှာ နှစ်ယောက်အတူမတ်တတ်ပဲ စီးကြရကာ တောက်လျှောက်စကားမပြောပေ ..။

ကားက မီးပွိုင့်ဖြတ်ဖို့ကြိုးစားရင်း ဘရိတ်ဆောင့်အုပ်လိုက်မှ ..၊

"အမေ့ ..."

ယိမ်းထိုးသွားသည့် 'မ' ရဲ့ ခါးလေးကို သူ ဆွဲဖက်ထားလိုက်သည်။ နေရာတကျပြန်ဖြစ်သွားတော့လည်း မလွှတ် ..၊

"ဘာလုပ်ထားတာလဲ .. ဖယ် လက်ကို .."

" 'မ' ကျွန်တော့်ကို စကားမပြောဘူးလား .."

သူမ ပါးနားမှာ ငုံ့ပြောလိုက်တော့ မျက်နှာလွှဲပစ်ကာ ..၊

"မပြောဘူး .."

"မပြောနဲ့ .."

သူ 'မ' ရဲ့ နောက်ကိုကျကျနန နေရာယူပြီး 'မ' တစ်ကိုယ်လုံးကို ရင်ခွင်ထဲရောက်အောင် တမင်ဖိကပ်ထားလိုက်၏။

"မင်းနော် .."

ထိုင်ခုံကနေ မော့ကြည့်လာကြသည့် မျက်လုံးတွေကြောင့် 'မ' ပါးပြင်လေးတွေ ရဲတွတ်နေတာ သူ့မျက်လုံးထဲမှာ လှချင်တိုင်းလှနေခဲ့၏။



ပြီးတော့ သူ ငုံ့မိုးကြည့်နေရသည့် 'မ' ရဲ့ မျက်တောင်တော့တွေ၊ ပြီးတော့ 'မ' ရဲ့ ထူနက်သည့် မျက်ခုံးတန်းလေးတွေ ..၊

"မင်းကို ငါ ဘယ်လိုစီရင်ရမှန်းကို မသိတော့ဘူး အဝါ၊ ဘာလုပ်မလို့လဲပြော .. ဒီနေ့မှ ငါ့လစာလေး ထုတ်လာတာ တစ်လောက် မင်းကြောင့် ကုန်ပြီ .."

"အဲ့ဒါနဲ့ပဲ ရည်းစားကို လွှင့်ပစ်ချင်နေတာလား .."

"ဟုတ်တယ် .. လွှင့်ပစ်လို့လည်းရမှာမဟုတ်တော့ နှပ်နှပ်စင်း

"ဟင်းစားလုပ်မလို့လား .. နှပ်နှပ်စင်းမှာပေမယ့် အတုန်လို တော့ ရှုံစရာကြီး .."

"တွေ့လား .. အဲဒါ ညစ်ပတ်ဦး .."

'မ' သူ့ခေါင်းကို လှည့်ခေါက်တာနှင့် တစ်ကိုယ်လုံးကို ဆွဲ ထားလိုက်သည်။ 'မ' နှုတ်ခမ်းစူနေဆဲပါ။

"မင်းကို မုန်းတယ် သိလား၊ ငါ့ကို လူတွေရှေ့မှာ အရှက်ခွဲတ

"ဘယ်မှာလဲ .."

"မင်း ရန်စပါတယ်လို့ လူကြီးတွေရှေ့မှာ ပြောတာလေ .. ကလည်း ငါ့ကို ဝေဖန်သွားတာ ရစရာမရှိဘူး .."

"ဒါပေမယ့် 'မ' ကျွန်တော့်ကို ပစ်မထားနိုင်ဘူးမို့လား .."

"မင်း အဲ့ဒါ ကြွားချင်နေတာလား .."

"ဟုတ်တယ် .."

"ချစ်စေချင်ရင် ချစ်အောင်နေရမှာပေါ့၊ ဘာဖြစ်ဖြစ် အလိုက်အ ဆိုတာ မရှိဘူး၊ အရွဲ့တိုက်ဖို့ပဲ .."

" 'မ' က ကျွန်တော့်ကို ညာစေချင်တာလား .."

"အပါ ..."

"အင်း .. ပြော .."

"တစ်ခါတစ်လေ .. အမှန်တရားရဲ့ရိုက်ချက်တွေက ပိုပြီး နာ

www.burmeseclassic.com

www.burmeseclassic.com



စေတယ် သိရဲ့လား ..."

"ဟုတ်တယ်လေ အဲဒါကြောင့် သူတို့က ရန်စတာပေမယ့် ကျွန်တော် စတာပါလို့ ညာလိုက်တာပေါ့ ..."

"ဘာပြောတယ် ..."

"အော်လိုက်တာကွာ .. ခုပဲ ညာခိုင်းနေပြီးတော့ ..."

"မဟုတ်ဘူး .. မင်း ငါ့ကို အရှက်ကွဲအောင် တမင်လုပ်တာ၊ အမှား နဲ့ အမှန်ရဲ့ကြားမှာ အဆင်ပြေဖို့အတွက် ဆင်ခြင်နိုင်စွမ်းကိုသုံးရတယ် နားလည်ရဲ့လား ..."

"နားလည်တယ် .. အဲ့ဒါကြောင့် ကျွန်တော် တင်းနေတာကို အဆင်ပြေ ဖို့ ဒီတိုင်းပြောလိုက်တာ ..."

"ဘာကို တင်းတာလဲ .."

"ကျွန်တော်က 'မ' ရဲ့ မိတ်ဆွေလား ..."

"ဟင်!..."

ချဉ်တူးတူး သူ့မျက်နှာကို 'မ' တအံ့တသြကြည့်သည်။ တဖြည်း ဖြည်း ပြေကျသွားပြီး ခေါင်းညိတ်၏။

"ဒါကြောင့် ငါ့ကို ရွဲ့လိုက်တာပေါ့ ..."

"ဟုတ်တယ် .. အဲ့ဒီမှာ ကျွန်မ ချစ်သူပါလို့ ပြောလိုက်ရင်ပြီးပြီ.."

"သေလိုက် .. သေလိုက်တော့ .. သွား ..."

'မ' ဒေါသတွေထဖြစ်ကာ သူ့ကို အတင်းထုရိုက်ပြီး သွားဖို့ရုန်း၏။ သူ မရမက ဖက်ထားပြီး ချော့နေမိလျက် ...၊

"'မ'ကို ကျွန်တော် အရမ်းချစ်တာ ..."

သူ ချော့တိုင်း ပြေသွားတတ်တာတော့ မဟုတ်ပေမယ့် 'မ' စိတ် ဆိုးနေပြီဆို သူ့ကို မခေါ်ဘဲ နေနိုင်ရင် သုံးရက်လောက်ပဲဖြစ်သည်။

တစ်ခါတစ်လေ ချော့မရရင် စိတ်တိုလာလျှင် တစ်နေရာမှာ ချိန်း ပွဲတွေ လုပ်ပစ်လိုက်သည်။ စီစဉ်ထားတုန်းကတော့ ကိုယ့်ဘရိတ်နဲ့ ကိုယ်



ပေမယ့် 'မ' ဝင်ပါလာတော့ ရှုပ်ကုန်သည်။

တစ်ယောက်၏လက်သီးတစ်ချက်စာ အဖျားခတ်မိကာ 'မ' ခွေလဲ သွားတာမြင်သည်နှင့် သူ့ဒေါသတွေ ပေါက်ကွဲကုန်ကာ ထိုသူ၏လက် ကို ရိုက်ချိုးပစ်လိုက်၏။

ပြဿနာအကြီးကြီးတက်ကာ သူငယ်ချင်းတွေလည်းမနေရ 'မ' ရော်လည်း သူမရဲ့ လက်စွပ်လေးတစ်ကွင်းကုန်သွားတဲ့အထိ တကောက် ကောက်လိုက်ဖြေရှင်းရင်း ...၊

"'မ'ကို ကျွန်တော် တောင်းပန်ပါတယ် .. ကျွန်တော့်ကြောင့်..."

"မဟုတ်ပါဘူး .. ငါ မကောင်းတာပါ၊ ငါကိုက 'ဗေထိ' ဆိုရင် 'အပါလား' ဆိုပြီး ပြေးကြည့်တတ်တဲ့ အကျင့်ပါနေတာ ..."

"'မ' ကျွန်တော့်ကို စိတ်ဆိုးနေတာလား .. 'မ' လက်စွပ်လေး ကျွန်တော့်ကြောင့် ..."

"ပစ္စည်းကုန်တာကို ပြန်ရှာလို့ရပါတယ် အပါ၊ မင်း ငါ့ကို ကတိ ပေး၊ နောက်ထပ် ရန်ဖြစ်ဖို့အကြောင်းတွေကို ရှောင်ပါ့မယ်လို့ ..."

"'မ' နဲ့ ပတ်သက်လာရင် ရှောင်နိုင်မှာ မဟုတ်ဘူး ..."

"ဘာ!..."

"အဲဒီ ကတိမပေးနိုင်ဘူး ..."

သူ့ကို 'မ' စိတ်ဆိုးသွားသည်။ ဖုန်းဆက်ရင်လည်း မကိုင်၊ ဘယ် ရှာရှာလို့မှလည်း မတွေ့၊ ဒီတစ်ခါ 'မ' တကယ်ရက်စက်တယ်လို့ပြော ရင်း သူငယ်ချင်းတွေ စနောက်နေတာကို လိုမ့်ခံနေရတုန်း 'မ' ဆီက ချိန်းသင်လာ၏။

"'မ' .. 'မ' .. ဘာပြောလိုက်တယ် ..."

မထျော့နပ်သည့် ကျွ ...န်ကန်ရှုံးတွတွအပေါ်ယံ စိတ်ဆင်းရဲခြင်း တွေ သူ့မျက်နှာပေါ်က ပြုတ်ခနဲပျောက်သွားကြ၏။

●ကျွန့်ပိုင်းတွင် ပေါက်ကွဲတော့မည့် မီးတောင်ကြီးကို ဖင်ခုထိုင်

www.burmeseclassic.com

www.burmeseclassic.com



နေမိမှန်းသိလိုက်ရသည့်နှယ် ...၊

"စေ့စပ်မယ် ဟုတ်လား ...၊ 'မ' ကျွန်တော် နားကြားလွဲတာလား၊ အဲဒီလိုနည်းနဲ့ အပြစ်ပေးတာ မမိုက်ဘူးနော် .. 'မ' ပြန်ပြင်ပြော .."

လှုပ်လှုပ်ရှားရှားကြီးဖြစ်သွားသည့် သူ့ပုံစံကြောင့် ရယ်မောစိုပြည်နေကြသည့် သူငယ်ချင်းတွေရဲ့ အသံဗလံတွေပါ တိတ်ကျငြိမ်သက်သွားလေသည်။

"ဘယ်သူနဲ့လဲ ဘာကြောင့်မို့လို့လဲ ...၊ 'မ' ကျွန်တော့်ကို ... ကျွတ်.. 'မ' အခု ဘယ်မှာလဲ၊ မရဘူး .. 'မ' အဲလိုမလုပ်ရဘူး .."

"ဒုန်း .. ခွမ်း .."

စားသောက်ဆိုင်ထဲမှာ သူနေရာကနေ ကမ္ဘူးရှူးထိုးထရပ်လိုက်သဖြင့် အအေးပုလင်းကိုတိုက်မိပြီး ကျကွဲသွား၏။

"ပြောစမ်းပါ .. 'မ' ဘယ်မှာလဲ .."

"ပါဝါ .. မင်း ဒီမှာ စီစဉ်ထားတာတွေ သူ့အတွက် ဘာလုပ်ထားတယ်ဆိုတာတွေ တစ်ခါတည်းပြောလိုက်လေကွာ .."

"ဟော့ကောင် .. ပြောလိုက်လေ၊ သူ သိမှ မင်းကို အားကိုးရဲမှာပေါ့ကွ .."

သူငယ်ချင်းတွေ သူ့နောက်ကို ကိုယ့်ကားယားထလိုက်လာကြကာ တတွတ်တွတ်သတိပေး၏။

"ဟာ .. ဟိုမှာ .. ဟိုမှာ ကားပေါ်မှာ ဆောင်းမင်းသမီး .."

"ဟုတ်တယ် ထွက်သွားပြီ .. မင်းကိုကြည့်ပြီး ပြောနေတာကွ.."

"မ ..."

သူငယ်ချင်းတွေက 'မ' ရှိနေသည့်ကားကို မြင်သွားကြပြီး လက်ညှိုးတွေထိုးကြသည်။ လှုခွဲသွားကြပြီး ကားရှေ့ကနေ တားဖို့ကြိုးစားတဲ့ သူငယ်ချင်းတွေကလည်း စေတနာအပြည့်နဲ့ပါ ...။

ဒါပေမယ့် 'မ' ရဲ့ကားက ကွေ့ရှောင်ထွက်သွား၏။



"မြန်မြန်မောင်းပေးပါ ကိုဝေဒ .."

"ဒီလို လမ်းသွယ်တွေက လူကြပ်တယ်ကွ၊ ကိုယ် မင်းကိုပြောသားပဲ .. ပွဲပြီးမှ မက်ဆေ့ချ်ပို့ပါလို့ .."

အသည်းကွဲရောင်စပ်ရဲရဲနှင့် 'မ' ရဲ့မျက်နှာမှာ ရဲတောက်နေသည့် နှုတ်ခမ်းနီရောင်က ထင်းနေသည်။ ကော့ထင်းနေသည့် နှာတံချွန်ချွန်လေးက သူ့ခေါ်နေတာကို တစ်ချက်မှ လှည့်မကြည့်ဘဲ သေးတစောင်းလေး တောင့်မတ်နေသဖြင့် ပန်းပုရုပ်လေးချထားသည့်နှယ် ...၊

"'မ' .. 'မ' .. ခဏလေး မှန်ချလိုက်စမ်းပါ .."

မှန်ကို ပုတ်ရင်း ကားဘေးကနေ သူ ပြောလိုက်သည်။ ဘေးလူတွေက တအံ့တသြကြည့်နေကြ၏။ သနားသည့်အကြည့်တွေနဲ့ ဝါးစပ်အပျောင်းသားကျန်ရစ်၏။

'မ' ကတော့ တစ်ချက်မှ ငဲ့မကြည့်ပေ ...။

"'မ' ကျွန်တော့်ကို အဲဒီလိုလုပ်လို့မရဘူး၊ ကျွန်တော့်အပြစ် ဘယ်လောက်ကြီးသွားလို့လဲ .. 'မ' ကို ဒီနေ့ ပြောပြဖို့တွေအများကြီးရှိတယ် ခင်ဗျား ဆင်းခဲ့စမ်းပါ .."

ကားက အရှိန်မြန်လာသည်။ တံခါးလက်ကိုင်ကွင်းကို အတင်းဆွဲ၍ သူ ပြေးလိုက်၏။

"ဒီလိုလုပ်ပစ်လိုက်လို့ ကျွန်တော်တို့ ပြီးသွားပြီမထင်နဲ့၊ ခင်ဗျားကို ဘယ်ကောင်မှ ပိုင်ဆိုင်ခွင့်မရှိဘူး၊ အဲဒီပွဲ လုံးဝပျက်စေရမယ် 'မ' ကျွန်တော် ဘာလုပ်မလဲ ကြည့်နေလိုက် .."

ထိုနေ့က 'မ' ရဲ့ဘေးမှာ အကာအကွယ်ယူပြီး နေနေခဲ့သည့် ဝေဒ နဲ့ မျက်နှာကို သေချာမသိခဲ့ပေ ...။ 'မ' နဲ့ စေ့စပ်တဲ့သူဟာ ဝေဒ မှန်းသိလိုက်ရလျှင် ...၊

"ဒီလိုကောင်မျိုးနဲ့မှ .. တောက် ..."

တကယ်တမ်းက သူ အရှုံးပေးခဲ့ရတာ မဟုတ်ပေ။ ဝေဒ က အပြော

www.burmeseclassic.com

www.burmeseclassic.com



ကောင်းနေခဲ့တာဖြစ်သည်။

"ဒါဆို ဆွေစပ်ပွဲကနေစပြီး ရှင့်ရဲ့ မင်းသမီးကို မတွေ့ရတော့ဘူးပေါ့..."

အဖြစ်တို့ကို ပြောပြပြီးသည့်အချိန်မှာ ကြာလေးဟာ 'ဆောင်းပါဝါ' ခြံကျယ်ကြီးထဲတို့ ချဉ်းနင်းဆိုက်ရောက်လာခဲ့ပြီဖြစ်၏။

မှင်းမှင်သည် သူမအဘသား မေးခွန်းတော့ပြီးမှ အဖြေကို စိတ်မဝင်စားတော့ဘဲ ကားရပ်သွားသည့်ထဲကနေ တိုက်ကြီးကိုကြည့်မိပြီး ဆွံ့အသွားခဲ့၏။

'ဆောင်းပါဝါ' ဆိုသည့် စာတမ်းလေးက အဝင်ဝရဲ့ ခေါင်းရင်းဘက်အထက်နံရံမှာ ရွှေဝင်းထွေးတာဖြစ်ကာ ထဲခါးမှာ ခတ်ပိတ်ထားသည့် သော့ခလောက်ကြီးက ကြေးချောင်ဖွင်းထိုးနေ၏။

တိုက်ကြီးက လှလည်းလှသည်။ မဟာဆန်ပြီး ခန့်ညားနေ၏။ 'ဆောင်းပါဝါ' ဆိုသည့် စာတမ်းရေးရာမှာ လတ်ဆတ်နေတာကလွဲလျှင် ခုခေတ် အဆောက်အဦးတစ်ခုမဟုတ်မှန်းလည်း သိသာလှတာ...။

"ဒါ..."

"သူ့ကိုခေါ်လာပြီး လက်ထပ်ခွင့်တောင်းမလို့..."

ဖြစ်ရလေ့...

ကိုယ့်ကိုဘေးမှာထားပြီး ကိုယ်မဟုတ်တဲ့ မိန်းမတစ်ယောက်ရဲ့ ဓာတ်ပုံတွေကို တမ်းတညည်းတွားနေသည်။ ကိုယ်နေခွင့်မရှိခဲ့သော ခေတ်မီလှပသည့် တိုက်အမြင့်ကြီးရဲ့ရှေ့မှာ အထဲကိုဝင်ခွင့်လေးတောင် မေးမည့်ပုံမပေါ်ဘဲ ...။

"ငါ့အတွက် နေရာတကာ ကာကွယ်ပေးခဲ့တာ၊ ငါ ဒုက္ခဖြစ်တိုင်း သူ ရောက်ရောက်လာတယ်၊ သူ့အတွက်ကျတော့ ငါ့ဘာမှ မလုပ်ပေးနိုင်ဘူး ..."

စတီယာရင်ကို အံကြိတ်ဖိဆုပ်ထားရင်း မျက်ရည်ဝဲနေသည့် မျက်လုံးတွေက နီရဲနေကြ၏။



"ဒီကောင် ထုနက်ရိုက်ပုတ်နေတာတွေမြင်နေလျက်နဲ့ ... ငါ..."

စတီယာရင်မှာ လက်မောင်းတစ်ဖက်တင်၍ သူ့မျက်နှာ မှောက်ချထား၏။ ငိုနေပြီလား ... ကြိတ်မှိတ်ထိန်းချုပ်နေတာလား၊ သူမ ငုတ်တုတ်ထိုင်ကြည့်နေရင်း တအံ့တသြငေးကြည့်နေမိ၏။

ဘယ်တုန်းကမှ သူမ ဒီလောက်ထိ သဘောမကောင်းခဲ့ဘူးထင်သည်။ ခုလည်း ရင်ထဲမှာ ထိခိုက်နေမိတာတော့ရှိနေသည်။ ဒါက ကိုယ်ချစ်သည့် မိန်းမတစ်ယောက်ကို တမ်းတနေသည့် ယောကျ်ားရဲ့နားမှာ သူမ အမိပွာယ်မဲ့စွာ ရှိနေရခြင်းနှင့် ပတ်သက်လေသည်။

ဒါပေမယ့် သူမ ရှိနေခဲ့သည်။ ပါဝါ ပြောပြခဲ့သည့်အကြောင်းအရာတွေပေါ်မှာ သူမ ကိုယ်တိုင် မျောပါခံစားနေမိခဲ့သည်။ တင်းကျပ်ခြင်းတစ်ပိုင်းနှင့် စိတ်မကောင်းခြင်းက တစ်ဝက် ...။

'မလေးနက်တဲ့ ယောကျ်ားနဲ့ ဂရုမစိုက်ခဲ့တဲ့ မိန်းမ' လို့ အစက သူမ သတ်မှတ်ခဲ့ပေမယ့် တကယ်တမ်းမြင်နေရတော့ အသည်းကွဲဖွယ်ရာ အသီးသီးနှင့် ကိုယ်စီကျရှုံးနေကြသည့် ချစ်သူတွေ ...။

ဒါတွေက ကိုယ်နဲ့ မဆိုင်ဘူးလား ... ဆိုင်သလား ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၁)

"ဘာကွ .."

ဝေဒ ဆိုဖာပေါ်ကနေ ထခုန်မတတ် ဝုန်းခနဲထရပ်သည်။ နောက်ထပ် မြည်လာသည့်ဖုန်းကို ပလပ်ပါ ဖြုတ်ပစ်လိုက်ပြီးမှ ..၊

"ဖြစ်ပြန်ပြီလား .. မင်းကို ငါ ရအောင်ချွေးချေးပါလို့ .."

"…. …. …."

"ဟေ့ .. တော်တော့၊ မင်း အခု နောက်ဆုံးဖလိုက်(တ်)နဲ့ အမီလိုက်၊ လက်မှတ်မရတာတွေ ရတာတွေ မလိုချင်ဘူး၊ အဲဒီ ကုန်ကြမ်းကိစ္စ လုံးဝ အဆင်ပြေမှစေ .."

"…. …. …."

"ဟေ့ .. မကြားချင်ဘူး .."

ဖုန်းကို ဖိဆုပ်ထားရင်း ကိုင်ပေါက်ချင်စိတ်တွေပါ ဖြစ်နေခဲ့၏။ ထိုစဉ် ကုတ်အင်္ကျီအိတ်တစ်ခုထဲက ဖုန်းသံမြည်လာ၏။

မဖြစ်သည့်အဆုံးမှ ထုတ်ကိုင်လိုက်လျှင် ..၊

"ဘာ .. နယ်စပ်ကကို တက်မလာတာလား ..၊ ဒါဆို အဲဒီဘက်ထို



က်ပေါက်ထပ်လွှတ်လေ .."

"…. …. …."

"အောင်ဖြိုး မင်း ငါခိုင်းတာကို လုပ်လိုက် မရှည်နဲ့ ..၊ မိုးမချုပ်ခင် အဖြေကြားချင်တယ် .."

ဒါပဲလို့တောင် မပြောနိုင်တော့ပေ ..။

မွဲပြီ .. ဒီတစ်ခါမှ မမွဲရင် ဘာကျန်ဦးမှာလဲ ..၊

တုမှထိအတွက် လိုအပ်သည့် ကုန်ကြမ်းမှန်သမျှ ဘယ်လမ်းကြောင်းကမှ မဝင် ..။ တစ်ချို့က သတင်းများတွေနဲ့ အထင်လွဲပြီး ဖုန်းဆက်ကြသည်။

ဘယ်လိုမှ ရှင်းပြလို့မရဘဲ တိုက်ရိုက်နုတ်ထွက်ကြ၏။ တစ်ချို့က အသံတိတ်နောက်ဆုတ်နေကြသည်။

"တောက် …"

တွန်ပျူတာ ဖွင့်ကြည့်လိုက်တော့လည်း သူ့ရဲ့ ဝက်(ဘ်)ဆိုက်(ဒ်)မှာ လုပ်ငန်းနဲ့ ပတ်သက်တာတစ်ချို့က သူတင်မထားတာတွေရှိနေပြီး တင်ထားတာတွေကျတော့ တလွဲ ..။

"ဒါ .. မဟုတ်ဘူး .."

သူ့ရုံးခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း ဖုန်းစောင့်နေသည်။ ဘာတွေမှားယွင်းနေခဲ့သလဲ .. ဘာတွေဖြစ်ကုန်တာလဲ ..၊

ဒါတွေဟာ သူ့ရဲ့ ချက်ချော်တိမ်းစောင်းမှုဆိုလျှင် ပြန်လည်တည့်မတ်လာဖွယ်ရှိသေးသည်။ သို့တည်းမဟုတ် ..၊

"တျှတ် …"

အာရုံထဲမှာ ပါဝါ မျက်နှာပေါ်လာသဖြင့် မျက်လုံးတွေ မှိတ်ရင်းခေါင်းခါထုတ်ပစ်မိ၏။ မဖြစ်ရဘူး .. ဒီကောင် လက်ချက်မဖြစ်ဘူး ..။

ဒါတွေကို ပါဝါ မွှေနောက်နေတာသာမှန်ရင် သူ့အတွက် မျှော်လင့်ချက်မဲ့ပြီ ..။

www.burmeseclassic.com

www.burmeseclassic.com



ခါတိုင်းလိုဆို ချက်ချင်း ဖုန်းကောက်ဆက်ပြီး တိုက်ရိုက်ပြောဆိုမိမှာ ဖြစ်ပေမယ့် ဒီတစ်ခါ ဖုန်းဆက်ဖို့လည်း ဝန်လေးနေခဲ့၏။ ဟုတ်နေသည်ဆိုသည့် ပါဝါ့ အသံကို သူ မကြားချင် ..။

တကယ်ဟုတ်နေခဲ့ရင် ဒီကောင်ကရော ခုလို ငြိမ်သက်နေမလား။ ခုလောက်ဆို ဖုန်းလှမ်းဆက်ပြီး သရော်လှောင်ပြောင်စကားတွေပြောလာပြီပေါ့ ..။

ထိုစဉ် ဖုန်းသံက လူတို့ ကိုင်လှပ်ပစ်လိုက်သလိုပင် ..။ ထုတ်ကြည့်လိုက်တော့ ပါဝါ ဆီက ..။

"တောက် .."

ဖုန်းကို ဆုပ်ကိုင်ထားရင်း အသားတွေဆတ်ဆတ်တုန်၏။ ဖွင့်လိုက်သည်နှင့် ..။

"မင်း အဆင်ပြေရဲ့လား .. ရုံးခန်းထဲမှာဆိုတော့ ခုတင်ပေါ်တွဲတင်မယ့် လူမရှိဘဲ ကြမ်းပေါ်ပုံလဲနေမှာစိုးလို့ .."

.... .... ....

"နေရာတကျ ပြန်ထိုင်လိုက်ပါလား .. မင်းကို ပြောစရာရှိသေးတယ်။"

ဝေဒ ခြေလှမ်းတွေ ပြတင်းပေါက်ဆီ တန်းရောက်သွားသည်။ အောက်ကိုငုံ့ကြည့်လိုက်တော့ ကုမ္ပဏီရှေ့က လမ်းတစ်ဖက်မှာ ပါဝါ့ ကားကို မြင်လိုက်ရ၏။

အထဲမှာ မီးတွေဖွင့်ထားသဖြင့် အောက်ကနေ လှမ်းမြင်နေရလိမ့်မည်။ ဒေါသကြောင့် ဖုန်းကိုင်ထားပြီး သူ တစ်ခွန်းမှ ပြန်မပြောနိုင်။

"မင်း အဲဒီခုံမှာ ဖင်မြဲချင်သေးတယ်ဆိုရင် 'မ' ကို ကွာရှင်းကြောင်း စာချုပ်မှာ လက်မှတ်တစ်ချက်ပဲတင်လိုက်၊ ပြတ်တောက်မှုတွေအားလုံး ဖြန့်ချိတ်ပေးမယ် .."

"ခွေးသူခိုး .."

သိက္ခာတွေ အဆင့်အတန်းတွေတိုလည်း မေ့သွားသည်။ မျိုသိပ်မရသည့် ဒေါသက တစ်လုံးတစ်ခွ ဆဲပစ်လိုက်ခြင်းသို့ ရောက်ကာ ..



"မင်း .. မင်းလိုကောင်ကို .."

"မိန်းမလိုမိန်းမရ လုပ်တာတွေ မင်း မကြိုက်ဘူးမို့လား .. ကြားထဲကွာ .. ဒီညနေ မင်း ပြန်လာရင် လက်မှတ်ထိုးပြီးသား စာချုပ် ငါ လိုချင်တယ် .."

သူကပဲ အနိုင်ပိုင်းပြီး ဆုံးဖြတ်လို့ပါလား .. သွားသေလိုက် ဝါဝါ..။

မင်းလောက်အလှမ်းမကျယ်ပေမယ့် မင်းလိုငါလည်း ယုတ်မာတတ်တယ်။ ငါ့ကို မွဲကျပြာထိုင်အောင် မင်းလုပ်နိုင်သလို မင်းဘဝ မသေခင်အည်းက ဗုန်းဗုန်းလဲသွားအောင် ငါ လုပ်ပြမယ် ..။

ဝေဒ အသံတိတ်ကြိမ်းဝါးလိုက်ရင်း ..။

www.burmeseclassic.com



## အခန်း (၃၂)

"ဘာကွ .."

"ဟုတ်တယ်လေ .. ငါက မင်းကို မစာနာလို့ပြောတာမဟုတ်ဘူး၊ မိန်းမတစ်ယောက်နဲ့ ကိုယ့်ရဲ့စည်းစိမ်ဥစ္စာ၊ မင်းက ဘာကိုရွေးချယ်သေးတာလဲ .."

စောရဲနိုင် ၏ အေးဆေးသည့်စကားသံကြောင့် မကျေနပ်ခြင်းကြီးစွာ ဖြစ်သွားခဲ့၏။ သင်းက ကိုယ့်ဆီက ပညာတွေရလို့ ခွဲထွက်ပြီး တစ်နယ်တစ်စင်ထောင်နေပြီပဲ ..။

ဒါပေမယ့် ဆီးစေ့လောက်လေးက ငွေလင်ဗန်းကြီးကို 'ကျဉ်းလှပါတယ် မလှုပ်သာပါဘူး' ပြောနေတာက ခံရခက်၏။

"ငါက မင်းနဲ့အလုပ်တူ မဟုတ်တော့လို့ မကောင်းတတ်တဲ့ အကြံဉာဏ်မျိုးပေးတာ မဟုတ်ဘူး ဝေဒ၊ ဆောင်းမင်းသမီးကို အစတည်းက မင်း ဒီလောက်မဟုတ်ခဲ့ဘဲနဲ့ .."

"အခု ဟုတ်နေပြီ စောရဲ ..၊ ငါ စွဲလမ်းတပ်မက်လွန်းလို့ပြောနေတာမဟုတ်ဘူး၊ ဒါပေမယ့် လူတိုင်း မာနရှိတယ်၊ သူနဲ့ပတ်သက်ပြီး



အချိုးပေးရမှာလေ .. နေပါဝါ ဆိုတဲ့ကောင် ဖြစ်နေလို့ ငါ မပေးနိုင်ဘူး.."

"အခု ကုန်းကောက်စရာမရှိအောင် မွဲတော့မယ့်အခြေအနေ ဖြစ်နေတဲ့အထိလား .."

"စောရဲ .. မင်းကို ငါ မရမကဆက်သွယ်ဖို့ ကြိုးစားခဲ့တာ ဒီလို အကြံဉာဏ်တွေကြားချင်တာမဟုတ်ဘူး .."

"နေပါဝါ လုပ်သွားတဲ့အကွက်တွေ ငါ စုံစမ်းပြီးပြီလေ၊ မင်း သူနဲ့ အလေးအပူလုပ်ဖို့ကလွဲရင် ဘာမှမရှိတော့ဘူး၊ ဒါတောင် မင်းရဲ့ ကွန်ယက်ကို တစ်ခါတည်းဖွင့်လို့ရမှာမဟုတ်ဘူး၊ မင်းအလုပ် မင်းရဲ့ စီးပွားအားလုံးကို လူတွေအယုံအကြည်မဲ့သွားပြီ .."

"အဲဒါ ဒီကောင် ငါ့ရဲ့ ပါစင်နယ်လ်တွေပါ အစဆွဲပြီး ဘဏ်ဖောက်တာကွ .."

"ဘာပဲဖြစ်ဖြစ် ဝေဒ ရဲ့ အတိတ်ပဲလေ .."

"မင်းက ငါမှားတယ်လို့ ပြောချင်တာလား .."

"စီးပွားရေးမှာ ခြေလှမ်းများတာကို ဘယ်လိုအမှားပါလို့ ခေါင်းစဉ်တပ်ဖို့မလွယ်ဘူး၊ ဒါပေမယ့် ဂုဏ်သိက္ခာက စီးပွားရေးရဲ့ အသက်ပဲ ဘူး ဒီကောင် ဘာတွေလုပ်ထားတယ်ဆိုတာ အားလုံးသိကြတယ်၊ သူက အချစ်စိုက်လို့ ဖွတယ်၊ မင်းက မရှင်းနိုင်လို့ ခံရတာယ် .. ဒါပဲလေ၊ အစတည်းက မင်းကို ငါပြောသားပဲ .. မိန်းမတွေကို မယုံကြည်နဲ့လို့ .."

ဖုန်းထဲမှာ စောရဲ အသံက ဟိုတုန်းကအတိုင်း မပြောင်းလဲခဲ့သေးသည့် ဘူမိန်မှာ ကြားရတာ ခံရခက်နေ၏။ ထိုစဉ်က သူခိုင်းရင် စောရဲ လုပ်ပေးသည်။ ဒါပေမယ့် ခုလိုမျိုးပဲ သတိပေးစကားတွေလည်း အမြဲတမ်းပါ၏။

"ဘာဖြစ်လဲကွာ .. ဒါတွေက စိတ်အစာကျွေးတာပဲ .. ခိုတွေကို အစာကျွေးတာထက် ကောင်မလေးတွေကို ကျွေးမွေးအကုန်ခံရတာ ထမင်းစားရေးနဲ့လည်း ညီညွတ်တယ် .."

လို့ သူ ကိုယ်တိုင် ပြောခဲ့သေးသည်။

"မင်း စိတ်သော့ မဆိုးနဲ့ ဝေဒ .. ငါ အကြံပေးချင်တာ အဲ့ဒါပဲ၊

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းမင်းသမီး ကို မင်း လွှတ်ပေးလိုက်တဲ့ ကိုယ်နမ်းပြီး ရွေ့ပြီးပြီပဲ ကွာ .. နေပါဦး ကို အရှုံးပေးရာကျသွားရင်လည်း ဟန်ပါတယ် ..”

သေပါလား ရွှေစောရဲ ..၊

အသံတိတ်ကြိတ်ဆဲရင်း စုတ်သပ်မိသည်။ လူဖြစ်ရှုံးနေရတဲ့ သူ့အဖြစ်ကို မသိကြဘဲ တန်ပါတယ် ခံပါတယ်တွေ လာပြောနေကြသည်။ ခုချိန်ထိ သူ့မှာ ဖွင့်သဘိုင် ရှုံးခြေခွင့်မရှိတဲ့ဘဝနဲ့ ..

“ကြားလား ဝေဒ .. သူ့လည်း အကျကောက်မှာလား၊ တမင်တကား ယီးရိုးလုပ်ပြချင်သေးတာလား .. ဘာပဲဖြစ်ဖြစ် သူ့မှာလည်း မိန်းမရှိနေပြီ၊ မင်း ဘာမှ သဝန်တိုဖို့မရှိဘူး ..”

“ဂါက အဲဒီလိုတစ်ခါမှ မတွေးဘူး ..”

“အေးလေ .. မင်း ခံစားချက်ကိုလည်း ငါ နားလည်နိုင်မှာမဟုတ်ပါဘူး၊ ငါပြောနိုင်တာကိုပြောပြပြီးပြီ၊ ဆုံးဖြတ်တာ မင်းပဲပေါ့ ..”

“စောရဲ .. မင်း ငါ့အပေါ်မှာ သွေးအေးသွားတယ်လို့ ငါ ခံစားမိနေတယ်နော် ..”

“ဒါလည်း မင်း ထင်လို့ပါ၊ ငါကတော့ ငါ့ရှာနေရတဲ့ငွေကို ငါ့အသက်လို တန်ဖိုးထားတယ်၊ မင်း ပြောဖူးသလိုပေါ့ .. ငါက စိုစာလည်း မကျွေးဘူး၊ ကောင်မလေးတွေကိုလည်း မပေးဘူး၊ အဲဒါကြောင့် မင်းလို ပြဿနာမျိုးကြုံလာရင် ငါ ဘာကိုစွန့်လွှတ်မလဲ စဉ်းစားကြည့်ပေါ့၊ မင်းက ငါ့လိုလူမဟုတ်မှန်းသိနေကာမှ ဘာထပ်ပြောရမှာလဲ ..”

သူ့ ပြောတာလည်း ဟုတ်နေတာပါပဲ ..၊

စိတ်ကိုနေမိတာတွေ တစ်ထစ်လောက် လျှော့ကျသွားကာမှ ..၊

“ဝေဒ .. မင်းကို ငါ တစ်ခုတော့သတိပေးချင်တယ်၊ အဲဒီတိစ္စကို ငါ မေးလ်ပို့ပြီး မပြောချင်လို့ မြန်မာနိုင်ငံပြန်လာဖို့ကလည်း အချိန်သတ်မှတ်ချက်မရှိသေးဘူးလေ ..”

“ဘာလဲ ...”

“နွေ နဲ့ ငါ့အစွန်က ရှင်းတယ်နော်၊ အစက ငြိနေပေမယ့် ငါ



မှိုင်းပေးထားတာတွေနဲ့ သူက ပြန်တွေ့ဆောင်နေတာ အောင်မြင်တယ်၊ ချဲ့လို့မဲ ကြိုးစားနေတဲ့သူ့အဖြစ် အခု သူနဲ့ ငါက လုပ်ငန်းပါတနာတွေပဲ ..”

“နွေ့ ကို ပန်းကုံးပြေးစွပ်ပေးရမလား ..”

“မင်း ငါ့ကို သတ်ပစ်ချင်စိတ်ပေါက်သွားနိုင်လို့ ကြိုပြောထားတာ ..”

“အော်! ...”

“ဆောင်မင်းသမီး ကို မင်း မဟုတ်တဲ့ ကျေးရှူးတွေနဲ့ ချည်တုတ်ရယူခဲ့တဲ့ကိစ္စလေ ..”

ဖုန်းနားထောင်နေရင်း ဝေဒ မျက်မှောင်ကုတ်သွားခဲ့၏။ စောရဲနိုင်ထံမှ သက်ပြင်းသံသဲ့သဲ့ကြားလိုက်ရပြီး ..၊

“အဲဒါတွေ ပေါ်သွားပြီထင်တယ် ..”

“ဘာကွ! ...”

“ဆောရီးကွာ .. သူက မေးတာမဟုတ်ဘူး၊ ငါကလည်း အဲဒါတို ပြောမလို့မဟုတ်ဘူး .. ဒါပေမယ့် ပြောဖြစ်သွားတယ် ..”

“စောရဲ .. မင်းကွာ ..”

“လင်မယားစကားကုန် တဲ့ ..”

“မင်းပဲ ခုနကတော့ ပါတနာတွေပဲဆို ..”

“သူ့ကို ငါ သတ်မှတ်ပေးလိုက်တဲ့ အဆင့်ကိုဆိုလိုတာပါ၊ ဟိုတုန်းက စောရဲနိုင် ကို မက်မောပြီးဟာကောက်ကောက်လိုက်နေတဲ့ ကောင်မလေးမဟုတ်တော့တဲ့ အခြေအနေ ..”

“တော်တော့ စောရဲ .. မင်းက ငါ့လူမဟုတ်တော့ဘူးပဲ ..”

“‘မ’ သက်လိုက်တဲ့ကောင်တော့ မဟုတ်ဘူး ဝေဒ .. မေးရင်လည်း ပြောဖြစ်မှာမဟုတ်ဘူး၊ စကားထဲမှာပါသွားတာ ..”

“မင်း ရှေ့ကဖုံးဖ ..ဘက်ကပေါ် .. တောက် ..”

“ဆောရီးကွာ .. ဘယ်လိုပုံစံဖြစ်ဖြစ် ငါပြောလိုက်မိပြီဆိုတော့ ခင်း ဒေါသထွက်တိုက်ပါတယ်၊ ဒါပေမယ့် မင်းမေါ်နဲ့၊ သူတို့ညီအစ်မ

www.burmeseclassic.com

www.burmeseclassic.com



ချင်း အနေစိမ်းတာ မင်းသိသားနဲ့၊ ပြီးတော့ .. အိမ်ထောင်ရေးတွေစိတ်ဝင်စားချိန်လည်းမရှိပါဘူး၊ မင်းကို တောင်းပန်တဲ့အနေနဲ့ နွေ့ ကို ငါ ထိန်းထားပေးပါ့မယ် ..”

“တောက် ...”

ကားထဲဝင်ထိုင်ကာ ဖုန်းကို ဆိုဖာပေါ်ဒီတိုင်းပစ်ချပြီး တံခါးကို နောက်ကျမှ ဂျိမ်းခနဲပိတ်ပစ်၏။ ဘာဖြစ်လို့ ကိုယ့်လူလို့ ထင်ထားခဲ့တဲ့ လူတွေက သစ္စာမဲ့နေကြတာလဲ ..။

မျက်လုံးထဲမှာ မင်းမင်းသော် ကို မြင်ယောင်လာသည်။

သူမနဲ့လည်း ရှင်းရဖို့တွေရှိသေးသည်။



## အခန်း (၃၃)

သူ့ကား ခြံထဲကိုဝင်လာတာနှင့် နောက်က ဝင်လိုက်လာသည့် ပါဝါ့ ကားက ကျော်တက်သွားကာ ပေါ်တီကိုအောက်မရောက်ခင် ရှေ့ကနေ ခေါင်းတိုးပိတ်ထားလိုက်၏။

“တောက် ...”

ခြံထဲကိုရောက်နေကာမှ ရုပ်ပျက်ဆင်းပျက်ရပ်လိုက်ရသဖြင့် ဝေ ဒေါသထွက်သွားကာ ကားထဲကနေ ဝုန်းဒိုင်းကြဲဆင်း၏။ ပါဝါ က ကားပေါ်က ဆင်းလိုက်တာနှင့် ဝေဒ နဲ့ မျက်နှာချင်းဆိုင်မိပြီးဖြစ်ကာ..

“မင်းက ငါ့ဆီက လက်မှတ်ထိုးပြီးသား စာချုပ်ကိုရဖို့ တော်တော်မျှော်လင့်နေတဲ့ပုံပဲ ..”

“ငါ့ကို ပေးရမယ့် နည်းလမ်းကလွဲပြီး မင်းမှာ ရွေးချယ်စရာမှ မရှိတာ ..”

“သိပ်ရှိတာပေါ့ ပါဝါ .. ငါ ရွေးချယ်ချိန်မရလိုက်ဘဲ မင်း ကြံစည်တာတွေ လက်ဦးသွားတဲ့အခါ မင်းနိုင်မှာပေါ့၊ အခု ငါ ရွေးချယ်ရမှာ.. အဲဒါကြောင့် မင်းကို အနိုင်ပေးရမယ့်လမ်းကြောင်း ငါမပေးဘူး ..”

www.burmeseclassic.com

www.burmeseclassic.com



ပါဝါ့ မျက်နှာတင်းသွားသည်။

"ဟွန်း .. ငါလမ်းဘေးမှာ ခွက်ဆွဲတောင်းစားရအောင် မင်းက ကြံစည်တော့လည်း ဆောင်းမင်းသမီး ဆိုတဲ့မိန်းမက သူတောင်းစားရဲ့ ဘေးမှာ တုတ်ဆွဲလိုက်ပေါ့ .."

ပါဝါ့ အကြည့်တွေ မီးတောက်မတတ်ဖြစ်သွားတော့ ဝေဒ က ကျကျနနမဲ့သည်။

"မင်းမင်း ကို ဇီကထွက်သွားဖို့ပြောမရတိုင်း မင်း ငါ့ကိုချည်း ဒုက္ခတွေပေးနေတာ ရှုးနေလို့ပဲ ပါဝါ၊ စကားပုံရှိုင်းရှိုင်းနှိုင်းရရင် 'ထွေး ကြမ်းညစ်' သလိုပေါ့၊ ညပ်နေပြီလို့ သူအော်တာကို မင်းက သနားလို့ ဖြေးလာပေမယ့် မင်းထပ်နင်းလိုက်တဲ့ကြမ်းကြောင့် သူပိနာမယ်၊ နောက်ထပ် ကူညီမယ့်လူတွေ ပိုပိုများလာလေ သူနာလေ၊ အဲဒီလူတွေကို ထွေး က ကျေးဇူးတင်ပါ့မလား .."

ပြောပြီး ဝေဒ က ဟားတိုက်ရယ်၏။

"မင်း ထားတဲ့စေတနာကရော သူ့အတွက် စေတနာဖြစ်ရဲ့လား တွေးကြည့်ပါဦး၊ ကြမ်းပြင်က မင်း ခြေထောက်အောက်မှာပေမယ့် မင်း ချစ်နေတဲ့သူက အဲ့ဒီကြမ်းရဲ့အောက်မှာ .."

"တိတ်စမ်း .. ဝေဒ .."

"ဟား .. ဟား .. ဟား .. မင်း မှတ်ထား ပါဝါ၊ မင်း အကြံညာဏ် မင်းချင်တာတွေကို ငါ လိုက်မပီပါဘူး၊ ဒါပေမယ့် မင်းလိုကောင်ကို နိုင်ဖို့ ဇုက်ဖိတစ်ချပ် ငါ့မှာရှိသေးတယ်ဆိုရင် အဲ့ဖိတစ်ချပ်က ငါ ဆုံးရှုံး ရမယ့်အရာရာထက် တန်ဖိုးကြီးတယ်၊ မင်းကို ငါ ဘယ်တော့မှ အရှုံး မပေးဘူး .."

"ဝေဒ .."

"ခွန်း .."

ပါဝါ ချက်လုံးဆွဲ အနောင်ထွက်မတတ်စူးရဲပြင်းထန်သော ဝေဒ ရှေ့မှေ ရင်ဘတ်ကို ဆောင့်တွန်းလိုက်ပြီး ကားနဲ့ ဖိကပ်ထား



လိုက်တာ ..၊

"မင်း သူ့ကို ဒုက္ခမပေးနဲ့တော့"

"ငါ ဆုံးရှုံးနစ်နာသမျှတွေအတွက် သူ့ရဲ့ ဒုက္ခတွေကို ငါ စားသုံး ရမှာပဲ"

"မင်း သူ့ကို လိုချင်လို့ အရယူခဲ့တာမဟုတ်ဘူးလား .."

ဝေဒ က ကားမှာ ကျောကပ်မှီထားရရင်း သူ့လက်အောက်မှာ ရှုံ့တွန့်ပိန်းဖျက်ဖြစ်နေပြေမယ့် ခပ်မှဲမှဲရယ်ကာ ..

"လုံးဝ မဟုတ်ဘူး .."

"ဘာ!.."

"သူ့လို မိန်းမက ငါ့အတွက် အသာလေးခြေချုပ်လို့ရတဲ့ အနိမ့် စားပဲ .. အရှုံးအရှုံးဖြစ်စရာ ဘာလိုလို့လဲ .. ဟွန်း .. ဒါပေမယ့် ရှုးနေတဲ့ ကောင်ကရှိတော့ ငါ့အတွက် ဂိမ်းတစ်ခုပဲဆိုပြီး စိတ်ဝင်စားခဲ့တာ .."

ချစ်မဲ့ အမှန်အကန်တွေကို ဖုတ်ပြောတာပေမယ့် မင်းမင်း ကို ချစ်ချင်း အောင်ဘက်ထားလိုက်တာည်းက ဝေဒ သူ့ကို စိန်ခေါ်လိုက်တာမှန်း သိခဲ့ပြီးသား ..။

"ရှစ် သူ့ကို အနိုင်တိုက်နေလေ ဟိုဒါစ်ပ်ယက်အတွက် ထိနိုက် သေဝဲ .."

"ဖြစ်နိုင်ရှင် သူတို့နှစ်ယောက်ရဲ့ တင်းကျင်းနေလိုက်ဝါလေ့ ကိုဝါ၊ မင်းခဲ့ အာအဖုန်တိုးလိုးရွှာဘာကောင်နဲ့ ဖိစ်သက်တဲ့တစ်ကိုယ်ဘာစ်ခါ လောက်ကော့ စိတ်ကောင်းလေး ကြည့်ဖို့ စိတ်ကူးမိလို့ .."တဲ့ ..

ဝေဒ ရဲ့ ရင်ဘတ်ကို လက်နဲ့ဖိကပ်ချုပ်ထားရင်း သူ့စိတ်တွေ လောက်ယက်ခတ်နေ၏။ ဒီနည်းဟာ သူ့ နောက်ဆုံးအကြမ်းနည်းသုံး နိုင်တာဖြစ်သည်။

ဆင်းလိုလူအတွက် ငွေကမရှိမဖြစ် အမြဲတမ်းလိုအပ်နေသည် အရာ ..၊

ငှ်ာသိက္ခာကို ရှေ့ရှုစိုက်ပြော အိုးမပျော်အမျိုးသာယာမှုအတွက်

www.burmeseclassic.com



သစ္စာကို အရေခြုံထားခဲ့သည့် ယောကျ်ား ...၊

ဒါကြောင့် ဝေဒ သူ့ဘဝအတွက် သိက္ခာအသပြာကို ဘယ်လိုမှ ပွန်းပဲ့ခံမှာမဟုတ်တာကို တွက်မိခဲ့၏။ ခုတော့ အမုန်းတရားအာဃာတတွေက ပြာထိုင်အောင် မွဲပါစေ မလျှော့နိုင်ပါဟု ကြေညာခဲ့ပြီဖြစ်၏။

သူ ဘာလုပ်ရမလဲ ...၊

"မင်းကို နောက်ထပ်ပြောမယ် .."

"မလိုဘူး ပါဝါ .. ငါ မင်းနဲ့ ဘာမှ ညှိနှိုင်းဖို့မရှိဘူး၊ မင်း ငါ့ကို ဘာထပ်လုပ်စရာရှိသလဲ လုပ်လိုက်၊ အခု ငါ အိမ်ထဲကိုဝင်သွားတာနဲ့ ငါ ပိုင်ဆိုင်သမျှအရာအားလုံးကို ငါ့သဘော .."

"ဟော့ .. ဟော့ .. ဒါ ဘယ်လိုဖြစ်နေကြတာလဲ .."

ဒေါ်ယုဇနေ အိမ်ထဲကနေ အပြေးဒေါ်ပိုင်းထွက်လာသည်။ သူမရဲ့ နောက်မှာ မင်းမင်း ...၊

အနွေးထည်ထူထူလေးနှင့် ဆံပင်တွေက ဒီတိုင်းဖြန့်ကျနေကြသည်။ သူမရဲ့ ခွေးမြည်နာကျင်နေသော မျက်ဝန်းတွေ သူ့ဆီရောက်လာတာနှင့် လက်တွေ ဘယ်လိုပြေကျသွားခဲ့မှန်း မသိ ...။

ဝေဒ သူ့လက်ကို ပြန်ဆောင့်တွန်းပြီး တိုးထွက်သွားသဖြင့် နောက်ကို ခြေနစ်လှမ်းလောက်ဆုတ်မိပြီး ယိမ်းယိုင်ကျန်ရစ်၏။

သူ ငေးကြည့်နေတုန်းမှာ မင်းမင်း က ချာခနဲပြန်လှည့်ဝင်သွားခဲ့သည်။

သူ ဘာတွေလုပ်နေမိခဲ့သလဲ .. လုပ်ခဲ့သမျှ အရာမထင်ဖြစ်နေရတာ ဘာကြောင့်လဲ ...၊

သူ တကယ်ရှုံးနေခဲ့သည်လား ...၊

မဖြစ်နိုင် ...၊

'မ' အတွက် ရှုံးလောက်အောင် ပူငန်ဒိခဲ့သည်ဆိုရင်တောင် 'မ' ကို ချစ်တဲ့စိတ်က အမြဲတမ်းမဖောက်မပြန် တသမတ်တည်း ...။



## အခန်း (၃၄)

"ဘယ်လိုဖြစ်ရတာလဲ မင်းမင်းသော် ..."

"ဘာလဲ .. လက်က ဒဏ်ရာကို မေးတာလား .."

"ဒါ သေလောက်မယ့် ဒဏ်ရာမှ မဟုတ်တာ၊ လောကွတ်ချော်ဖို့ ငါ စိတ်မဝင်စားဘူး၊ မင်းရဲ့ ခုနစ်ထွေအက,ကနေတာ အခု ဘယ်အခန်းရောက်ပြီလဲလို့ .."

"ကြိုပြောရင် ဘယ်စိတ်ဝင်စားဖို့ကောင်းမလဲ .. ရှင် စောင့်ကြည့်ပေါ့.."

"မင်းမင်းသော် .."

မင်းမင်းသော် ပမာမခန့်ပြုံးပြီး လှည့်ထွက်သွားသဖြင့် သူမလက်ကို စိတ်လိုက်မာန်ပါ ဆွဲလှည့်လိုက်မိ၏။ သို့သော် .. ပတ်တီးနှင့် လက်ကို ပြန်ဆုပ်လာတော့ ဝေဒ အသည်းအသန်ရှောင်ရှားလိုက်ရကာ ...၊

"မင်းလက် ချထားလိုက်စမ်းပါ .."

"မင်းမင်း ဘဝသာ သက်သာသလိုနေရတာ ရှင် အမိန့်ပေးတိုင်း ချင်ရောလား .. ဟွန်း .. ကြောက်တတ်လိုက်တာ .."

www.burmeseclassic.com

www.burmeseclassic.com



သူမကို ရောဂါသည်ဆိုပြီး ရှုရှာသလိုအပြောခံရတာ နာကျင်ရမှန်းလည်းမသိ ...။ သူမ မျက်နှာပေါ်မှာ မဲ့ပြုံးတို့ အမြဲတမ်းဖေးတင်နေတတ်လျက် ...၊

"ဘာကိစ္စလဲ .."

"မင်းကို အဲ့ဒါမေးတာ .. ငါ ခိုင်းတဲ့ကိစ္စလည်း မင်း မလုပ်ဘူး.."

"မလုပ်ဘူးလို့ ဘာ့ကြောင့်ပြောတာလဲ .."

"မင်း မလုပ်လို့ ဒီကောင် ငါ့ကို ခုထိ .."

"ကိုပါ က သူများခိုင်းတိုင်း လုပ်မယ့်လူမှမဟုတ်တာ၊ အဲ့ဒါ ရှင်က ပိုသိပါတယ် .."

"ဒါပေမယ့် .. မင်း မဖြစ်မနေလုပ်ရမှာလေ ..၊ မင်းကိုငါ တန်တန်ခခ ပေးထားတာ .."

"ဟုတ်တယ်လေ .. မင်းမင်း က မလုပ်ဘဲနေလို့လား .. သူကမှ.."

"သူ့ကိုခေါ်မရရင် မင်းသွားဖို့ ငါပြောထားတာပဲ .."

"ဒါက ရှင်ပြောသလောက် မလွယ်ဘူး .."

"ဘာ!..."

မင်းမင်းသော် က ဒဏ်ရာရထားသည့်ဘယ်လက်ကို ညာလက်နဲ့ပြန်ဆုပ်ထားကာ မြို့ထဲမှာ ပန်းပင်တွေကြားမှာ ပေါင်းသင်နေသည့် မင်းမင်းဆီ လှမ်းကြည့်၍ ...၊

"အကယ်၍ ရှင်ပြောသလို သူလိုက်မလာရင် မင်းမင်း လည်း ကိုယ့်သောက်ျားကို စိတ်မချဘူးလေ၊ ဒီမှာက သူ သိပ်မြတ်နိုးနေတဲ့ မိန်းမလေးရှိနေတော့ .."

"ငါကတော့ မင်း ဒီလောက် သွေးကြောင်မယ်လို့ မထင်ဘူး .."

"ရှင်အထင်ကြီးလွန်းနေတာ ဖြစ်မှာပါ .."

"နေစမ်းပါဦး မင်းမင်းသော် .. မင်းကို မင်းမင်းနဲ့ စကားပြောနေ



တာလည်း တွေ့တယ်၊ ဟိုကောင်နဲ့ သွားလာရယ်မောနေတာလည်းအဆင်ကိုပြေလို့ .."

"ဟင် .. ဘယ်ကောင်လဲ၊ ကိုပါ ကို ပြောတာလား .. ဖြစ်ရလေကိုဒေဒ ရယ် လင်နဲ့မယား သွားတာလာတာမရှိရဘူးလား၊ ရယ်မောတဲ့အခါမျိုးရော မရှိရတော့ဘူးလား .."

"မင်း ကပ်သပ်ပြောမနေနဲ့ .."

"ရှင်က ကပ်သပ်ပြောနေတာ .. ခုလည်း ကိုပါ ကို ရှင်နိုင်နေတာမှန်း ရှင်တို့ ပုံမှန်သွားလာလည်မတ်နေပေမယ့် သူက ပုလင်းထောင်နေရတာ .."

"မင်းက ဒါပဲမြင်လား .."

"ဒါပဲမြင်တာလေ .. ကိုပါ က သူလုပ်သမျှ အရိုင်းဆန်ပေမယ့်ရိုးရှင်းပါတယ် .. ရှင်ကတော့ .."

"ပြောစမ်း .. ဆက်ပြောစမ်းပါ .."

"ပြောဖို့တော့ သိပ်မရှိပါဘူး .. မင်းမင်း က ရှင်ပြောထားသလောက်ပဲ သိခဲ့တာဥစ္စာ၊ ကိုယ့်ဘာသာတွေးလို့ရသလောက်ဆိုရင် ရှင်က ခံရသလောက် အမျှားကြီး ပိုယူနေတာ .."

"ဘာကွ ..."

"ရှင့်ကို သူ ဆိုင်ကယ်လ်မှောက်အောင် လုပ်ခဲ့တယ်ဆို .. ဒါဝဲမို့လား ဟိုတုန်းတည်းက သူက အနိုင်ကျင့်ခဲ့တာဆိုရင်လည်း ရှင်က ဟိုတုန်းတည်းက အသုံးမကျ .."

"တောက် .. မင်း .. မင်း တော်တော့ .."

"ဒေါသတွေသိပ်ဖြစ်နေရင်လည်း ရိုက်ထည့်လိုက်လေ၊ ရှင့်ရိုက်တာနဲ့ မင်းမင်း က ဖက်ကိုက်မှာနော် .."

ဒေဒ မျက်နှာပျက်ပြီး ခြေတစ်လှမ်းနောက်ဆုတ်သွားတော့ သူမ

www.burmeseclassic.com

www.burmeseclassic.com



အားပါးတရရယ်၏။

"လူတွေက အမှန်တရားဆိုရင် သိပ်ကို ခါးသီးကြတာပဲ၊ ဘာဝဲဖြစ်ဖြစ် ရှင် သူ့ကို တုံ့ပြန်နေတာတွေလည်း ထိရောက်နေတာပဲ၊ မင်းမင်း အကူအညီမလိုပါဘူး .."

"ဒါဆို မင်းက ငါ့ကိုလိမ်ခဲ့တာပေါ့ .."

"ရှင့်ရဲ့ လုံးချောတစ်ဆင်စာကို နမျောနေတာလား .. ဒါပေါ့လေ ရှင်လည်း လုံးပါးပါးပြီဆိုတော့ အခြေအနေက ပြောင်းပြီပေါ့၊ ရပါတယ် ပြန်လိုချင်ရင် ပြန်ပေးမယ် .. ဒါပေမယ့် ရှင်က ဒါပေးထားတယ်ဆိုပြီး အရမ်းမောက်မာခဲ့တာ၊ ဒီတိုင်းတော့ ပြန်မပေးနိုင်ဘူး .. အခွလီ လုပ်သလို .."

"တော်တော့ .."

စိတ်ရှိလက်ရှိ ကိုင်ပေါက်ပစ်ချင်ပေမယ့် အံကြိတ်၍ အသံထိန်းအော်ရကာ ..၊

"အဲဒီကိစ္စ ထားလိုက်တော့ .."

"အိုခေ .. ဘာကိုမထားနိုင်တာလဲ .. ဆက်ပြော .."

"မင်း နောက်ထပ် မင်းမင်း နဲ့ ခေါ်တာပြောတာ ငါမမြင်ချင်ဘူး အဲဒါကို ဆင်ခြင် .."

"ဘယ်လိုလုပ် ဆင်ခြင်နိုင်မှာလဲ .. မင်းမင်း ဒီမှာနေရတာ၊ ယောကျ်ား လုပ်တဲ့လူကလည်း မျက်နှာသာမပေး၊ အိမ်ရှင်တွေကလည်း ဟိန်းလား ယောက်လားနဲ့ မင်းမင်း အနိုင်ကျင့်လို့ရတာ အဲ့ဒီတစ်ယောက်ပဲရှိတာ.."

ပြောနေရင်း ဝေဒ ကို အကဲခတ်ကြည့်သေးသည်။ ပြီးမှ ...

"ပြီးတော့ သူက မင်းမင်း ယောကျ်ားရဲ့ အချစ်တော်၊ ပြောရရှင် လင်လုဘက်ပေါ့ .."

တမင်တကာ တစ်တစ်ခွခွ ပြောချလိုက်တာလားထင်ရသည်။ စကား



လုံးခပ်ရင့်ရင့်က နားထဲကို ကန့်လန့်ကြီးဝင်သွားသလိုပင် ..၊

မဟုတ်ဘူး .. ဒီလိုမိန်းမမျိုးက ဒီလိုစကားပဲပြောတတ်တာ ..၊

ဝေဒ် မျက်နှာ ရှုံ့မှုံ့နှင့် မင်းခေးသော် ကို စိုက်ကြည့်နေခဲ့၏။

"အဲဒီလို မိန်းမတစ်ယောက်ကို ကိုယ်က အနိုင်ပိုင်းပြီး စကားပြောရတာ သိပ်အရသာရှိတာ၊ သူကလည်း ဘယ်လိုပြောပြော သစ်ငုတ်တိုပဲ အတွန်း ခံလည်းခံနိုင်တယ်နော် .. ဒီမှာ အထုအထောင်းခံရလွန်းလို့ ခါးဖယ်လို မာကျောသွားတာဖြစ်မယ် .."

"မင်းမင်းသော် မင်းရဲ့အချိုးတွေကို ငါသိတယ် .. မင်းက မင်း ကောင်ဘက်က လူပဲ .."

"ရှင့်ဘက်ပါရအောင် ရှင်က မင်းမင်း ယောကျ်ားမှ မဟုတ်တာ.." ပြောပြီး ပခုံးလေးတွန့်ပြုံးကာ ..၊

"သူကမှ မင်းမင်း ရဲ့ သေအောင်ရှင်မကွာ ကြင်ဖော်ကြင်ဖက် .."

သူမ စကားမဆုံးသေးခင် ဝေဒ ခြေလှမ်းကျဲကြီးတွေနဲ့ ထွက်ခွာသွားလေသည်။

"ဟား .. ဟား .. ဟား .."

မင်းမင်းသော် ခပ်ကြိတ်ကြိတ်ရယ်ရင်း ကျန်ရစ်ခဲ့၏။ ထိုစဉ် ခြံထဲကို ပါဝါ့ ကားလေးဝင်လာ၏။ သို့သော် ရှေ့မှန်မှာ အက်ကြောင်းကြီး အထင်းသားနှင့် ဘက်စ်မှန်တစ်ဖက်လည်း မရှိတော့ပေ ...။

အိမ်ပေါ်တက်ခါနီးမှ မင်းမင်း အံ့သြပြီး ရပ်ကြည့်နေမိ၏။ ပါဝါ တံခါးဖွင့်ပြီး ဆင်းလာလျှင် လက်မောင်းကို လက်တစ်ဖက်နဲ့ ပြန်ဆုပ်ထားပြီး လူက ခပ်ယိုင်ယိုင် ..၊

သေချာကြည့်လိုက်တော့ ကိုင်ထားသည့်လက်ချောင်းကြားထဲမှာ သွေးတွေစိမ့်နေတာကို မြင်လိုက်ရ၏။

"ကိုပါ .. ရှင် .. ရှင့်လက်မှာ ဒဏ်ရာရလာတယ် .."

စိုးရိမ်စိတ်ဝင်မိကာ မေးရင်း ကမန်းကတန်း အနားတိုးသွားမိ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကားတိုက်မိတာလား .. ရန်ဖြစ်လာတာလား .."

"ရန်ဖြစ်လာတာ .."

"ဒဏ်ရာတော်တော်များလားဟင် .."

မင်းမင်းသော် က ပါဝါ့ လက်ကို ဖယ်၍ ဒဏ်ရာကိုကြည့်မည်ပြင်လျှင် ..၊

"မကိုင်လိုက်နဲ့ .."

တားဆီးသံသည် အလျှင်စလိုနိုင်လျက် မင်းမင်း က သူမလက်ကို ပုတ်ချပစ်လိုက်၏။ ဒဏ်ရာရှိထားသည့်လက်ကို ထိခိုက်သွားသဖြင့် နာကျင်သွားသော်လည်း မင်းမင်းသော် အံ့ဩစိတ်က ပိုကဲသွား၏။

ရုတ်တရက် သူမ အသည်းအသန်ပြေးလာပြီး တားဆီးလိုက်တာကို နားမလည်နိုင် ..၊

ပါဝါ လည်း တအံ့တဩဖြစ်သွားကာ မင်းမင်း ကိုယ်တိုင် သူတို့နှစ်ယောက်အလယ်မှာ ဝင်ရပ်မိပြီးမှ ကိုယ့်ကိုယ်ကိုယ် ဘာလုပ်လိုက်မိမှန်းပင် သိပုံမပေါ်ဘဲ တောင့်တောင့်လေး ဖြစ်နေခဲ့၏။

သုံးယောက်စလုံး အံ့ဩခြင်းကိုယ်စီနှင့် တဒင်္ဂငြိမ်သက်သွားခဲ့ပြီး..၊

"မင်းမင်းသော် .."

မင်းမင်း အသံလေးတွေတုန်နေကာ သူမကို အဓိပ္ပာယ်များနှင့် ငေးကြည့်၍ ..၊

"ဆောရီးပါ .."

သူမရဲ့ ဒဏ်ရာနဲ့ လက်ကို ငုံ့ကြည့်သည်။ ပြီးတော့ သူမနဲ့ ပိုနီးအောင် တိုး၍ တောင်းပန်တိုးလျှိုးသည့်မျက်ဝန်းတို့နှင့် ..၊

"မကိုင်လိုက်ပါနဲ့ .."

လေသံမှုနဲ့ ပြောပေမယ့် နှုတ်ခမ်းတွေလှုပ်သွားတာကို မင်းမင်းသော် နားလည်လိုက်သည်။ ပြီးတော့ သူမ ဖျတ်ခနဲ လှည့်ထွက်သွား၏။

"မ .."



ပါဝါ သူမလက်ကို လှမ်းဆွဲလိုက်ပေမယ့် မမီလိုက်ပေ ..။

"မင်းမင်းသော် .. သူ ဘာပြောသွားတာလဲ၊ 'မ' ဘာပြောသွားတာလဲ .."

မင်းမင်းသော် က ကြောင်တောင်တောင်လေးပြန်ကြည့်ပြီး ခေါင်းခါ၏။

"မပြောပါဘူး .. ဘာလာကြောင်သွားတာလဲမသိဘူး .."

ပြောပြီးတာနှင့် မျက်နှာလွှဲပစ်မိသည်။ ပျော်ပျော်နေတတ်ဖို့ကြိုးစားမိပေမယ့် အများတကာအတွက် ကိုယ်ဟာ မစင်ပုံတစ်ခုလို မသတီစရာဖြစ်ရခြင်းနှင့် ပတ်သက်၍ ..၊

ကိုယ့်ရဲ့ခံစားတတ်ခြင်းတွေက အထုံအကျင့်စွဲနေတာမှ မဟုတ်တဲ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၅)

သူ ဖျားနေပြီဆိုတာ သိလိုက်သည်။ မျက်လုံးတွေက ဖန်တွတ်ကျိန်းစပ်နေကာ အသက်ရှူနေရတာ နှာခေါင်းဖျားမှာ မီးစတွေတိုးဝင်ဖြတ်သန်းနေသလို ခံစားနေရ၏။

"အား .. ကျွတ် .. ကျွတ် .."

နေရာမှထကာ ဆရာဝန်ပေးခဲ့သည့် ဆေးတစ်ခွက်သောက်ဖို့ ရှာမိ၏။ ခေါင်းတွေကိုက်ခဲနေသဖြင့် အာရုံတွေ ဝေဝါးနေ၏။ ထို့ကြောင့် ဆေးကို လိုက်စမ်းနေရင်း မီးဖွင့်ဖို့ သတိရလိုက်လျှင် ..၊

"ချောက် .."

အခန်းထဲမှာ ဖွေးထိန်သွား၏။

"မင်း ငါ့အခန်းထဲကို အသံမပေးဘဲ ဝင်မလာဂါနဲ့လို့ ဘယ်နှစ်ခါ ပြောရမလဲ မင်းမင်းသော် .."

နောက်လှည့်မကြည့်ဘဲ ပြောလိုက်မိ၏။ သို့သော် တုံ့ပြန်သံမကြားရဘဲ နှာခေါင်းထဲကို တိုးဝင်လာသည့် ကိုယ်သင်းနံ့တစ်ချက်ကြောင့် လှည့်ကြည့်လိုက်မိလျှင် ..၊



"မ .."

မီးရောင်အောက်မှာ အနီရောင်ရင့်ရင့်ဝတ်စုံနှင့် ဖွေးနုနေသော အသားရောင်က ရွှေရောင်နွယ်နေသည်။ ပြီးတော့ နေရာမှာပဲ မလှုပ်မယှက် ရပ်နေကာ ..၊

"မင်းကို တို့ တောင်းပန်ပါတယ် .. မင်း ဒီက ထွက်သွားပါတော့.."

" 'မ' ကျွန်တော့်ကို အဲ့ဒါ လာပြောတာလား .."

မင်းမင်း က မဖြေပါ။ ပါဝါ နောက်ပြန်ထိုင်ကျသွားသည်နှင့် ရှေ့ကို တစ်လှမ်းချင်းတိုးလာပြီး ..၊

"အစတည်းက မင်းကို ငါ မလိုချင်လို့ တခြားလူကို ရွေးခဲ့တာပဲ အဝါ၊ ဘာဖြစ်လို့လဲ .. မင်း သူ့ရွေးသားမှန်း ငါက မသိလို့ ထားခဲ့မိတယ် များ ထင်နေလို့လား၊ ခုလို အခြေအနေမျိုးဆိုရင်တော့ .. ငါက .."

" 'မ' ဘာတွေလျှောက်ပြောနေတာလဲ .."

သူ ဆတ်ခနဲပြန်ထရပ်သည်။ မျက်တောင်ကော့တို့နှင့် မျက်ဝန်းညိုတို့က ညဘက်မှာလည်း ပိုလို့လှနေကြကာ သူ့ကို စိမ်းကားစွာကြည့်နေသမယ့် ရင်ထဲမှာ လွမ်းနေဆဲ ..၊

" 'မ' စိတ်ဆင်းရဲနေတာကိုသိလို့ ကျွန်တော် ကြိုးစားနေတာ၊ အဲ့ဒါ ဒီကနေ 'မ' လွတ်မြောက်သွားစေချင်တာတစ်ခုပဲ .."

"မယုံဘူး .. ဘယ်သူမှလည်း ယုံမှာမဟုတ်ဘူး၊ မင်းနဲ့ငါ တစ်မိုးအောက်တည်းမှာရှိနေသမျှ မင်း ဘာလုပ်လုပ် ငါ ဘယ်လိုနေနေ ဘယ်တော့မှ ကောင်းပါတယ်လို့ မြင်ကြမှာမဟုတ်ဘူး .."

"ဘယ်သူရော ဘယ်သူတွေ အကောင်းမြင်လာပါစေလို့ ရည်ရွယ်နေလို့လဲ၊ တစ်လောကလုံးက လူတွေ ခဲ(ဂဲ)နဲ့ ဝိုင်းပေါက်ကြပါစေ .. ထုတ်တွေမားတွေနဲ့ပဲ ပစ်ပစ် .. ကိုယ်စိတ်ချမ်းသာဖို့ ကိုယ်လုပ်တာ ကိုယ့်ဆုံးဖြတ်ချက်က ဒီမှန်တရားပဲ .."

"မင်း အဲဒီအကျင့်တွေကို ခုထိ မဖျောက်ဘူး .."

"ဘယ်သူ့အတွက် ဖျောက်ရမှာလဲ .. ဘယ်သူက ဘယ်လိုဖြစ်စေ

www.burmeseclassic.com

www.burmeseclassic.com



ချင်နေလို့လဲ၊ တစ်လောကလုံးမှာ ကျွန်တော် ဂရုစိုက်တာ တစ်ယောက်ပဲရှိတယ် .. အဲ့ဒါ .."

"ဘယ်သူဖြစ်ဖြစ် ငါ စိတ်မဝင်စားဘူး .."

"ဝင်စားကြည့်ပါဦး နေပါဝါ ဆိုတဲ့ကောင်က ခင်ဗျားတစ်ယောက်ကိုပဲ မြတ်နိုးခဲ့တာ၊ ခင်ဗျားဖြစ်စေချင်တာတွေကိုပဲ ဖြည့်ဆီးချင်ခဲ့တာ .."

"အဲ့ဒါကြောင့် ငါပြောခဲ့တုန်းက နားမထောင်နိုင်ပါဘူးလို့ ငြင်းခဲ့တာလား .."

"သိပ်မှန်တာပေါ့ .. ခုလည်း ခင်ဗျားအတွက်နဲ့ စိန်ခေါ်ပွဲတွေတက်ဖို့ ရှိသေးတယ် .."

"ကျေးဇူးပါပဲ .."

'မ' က ရေ့ကိုထပ်တိုးပြီး ဆေးထုပ်လေးကို စားပွဲပေါ် ချထားလိုက်သည်။ အဝင်ဝ ရှိးကော့စ်ပေါ်မှာ ရေချိုင့်လည်းရှိသည်။ 'မ' ထိုနေရာက ယူလာခဲ့တာဖြစ်မည်။

ဒါဆို သူ့အတွက် စိတ်ပူပြီး 'မ' ဝင်လာခဲ့တာလား ..၊

"မ .."

မင်းမင်း လှည့်ထွက်သွားတော့ သူ နောက်က လိုက်ခေါ်သည်။ သူမက လှည့်မကြည့်ဘဲ ခြေလှမ်းပိုကျဲကာ တံခါးကို လှမ်းဖွင့်လိုက်၏။

"မ .. နေပါဦး .."

သူ 'မ' တစ်ကိုယ်လုံးကို နောက်ကနေ သိမ်းဖက်ထားလိုက်သည်။ ပြီးတော့ ..၊

"'မ' ကိုချစ်တယ် .. ဘယ်သူတွေဘာပြောပြော 'မ' ကိုမေ့လို့မရဘူး၊ ကျွန်တော်တို့ ဘယ်သူမှမသိနိုင်တဲ့ တနေရာရာကို ထွက်သွားကြအောင်လေ .. နော် .. 'မ' လိုက်မယ်မို့လားဟင် .."

"အပါ မင်း လွှတ်စမ်း .."

"မလွှတ်နိုင်ဘူး .. 'မ' ကို ဘယ်အခြေအနေ ဘယ်ဘဝဖြစ်ဖြစ် ကျွန်တော် ချစ်တယ်၊ ကျွန်တော့်ဘဝကိုလည်း 'မ' တစ်ယောက်ပဲ ပိုင်ဆိုင်



ခွင့်ရှိတာ၊ ကျွန်တော့်ကို ထပ်ပြီးမထားခဲ့ပါနဲ့တော့ 'မ' ရယ် .."

'မ' ကို အတင်းအကျပ်ဖက်ထားပြီး နမ်းနေမိသည်။ တတွတ်တွတ်ငြင်းဆန်ရင်း ရုန်းဖယ်လွန့်လူးနေသည့် ကိုယ်လေးကို နည်းနည်းလေးမှလျှော့ပေးဖို့ သတိမရ ..။

မွေချင်မိသည့် ရင်ခုန်သံတွေက အရိုင်းဆန်စွာ စီးမျောနေမိစဉ်..၊

"ဒီလောက်တောင် ဖွတ်တရွတ်ဆန်ချင်ဦး .. ကဲ .."

ထိခတ်သံနှင့်အတူ ပါးပြင်တစ်ဖက်မှာရော နားထဲမှာပါ ပူလောင်တိုးစပ်သွား၏။ ဒါပေမယ့် 'မ' သူ့ကို တွန်းဖယ်ထွက်ပြေးတော့မှာဆို သိလိုက်သည်။

"မ .."

"ဒုန်း .."

သူ ဖမ်းဆွဲလိုက်မိတာ 'မ' ရဲ့ လက်တစ်ဖက်မဟုတ်ခဲ့ဘဲ ထိုင်ခုံကျောမှီသာဖြစ်ကာ ခုံရော သူပါ လဲပြိုကျသွားခဲ့၏။

"အား .. ကျွတ် .."

ဒဏ်ရာနဲ့လက်ကို အားပြုထောက်လိုက်မိသဖြင့် အဆမတန်နာကျင်သွား၏။ ကြည့်လိုက်တော့ အချိန်က ညကိုးနာရီတိတိ ..၊

သူ အိပ်မက်မက်နေတာလား၊ 'မ' တကယ်ရောက်လာတာလား..၊

အိပ်ရာနဲ့ သူ အလှမ်းကွာနေတာက လိမ့်ကျလာရုံတော့ မဖြစ်နိုင်..၊

ပါးတစ်ဖက်ကို ယောင်ရမ်းစမ်းကြည့်လိုက်မိသည်။ 'မ' ရိုက်ခတ်လိုက်တာ ဖြန်းခနဲအသံကိုတောင် သူ သေချာကြားခဲ့၏။ အိပ်မက်ထဲမှာ အရိုက်ခံရရင် မနာဘူးလို့ ပြောကြပေမယ့် သူ ပူထူပြာဝေသွားခဲ့တာပဲ ..။

"မ .."

တံခါးကို လှမ်း[illegible]ည့်လိုက်တော့ တံခါးကို သူ အတွင်း[illegible]မှ လော့ချထားခဲ့၏။ အချိန်မရွေးဝင်လာတတ်သည့် မင်းမင်း[illegible] ကြောင့် သူ အထဲမှာရှိနေလျှင် တံခါးကို အမြဲတမ်းလော့ခ်ချ[illegible] မမေ့ ..။

www.burmeseclassic.com

www.burmeseclassic.com



ဒါဆို သူ အိပ်မက်မက်ခဲ့သည်ပေါ့။ ဖြန့်လျက်သားရှိနေသည့် ဒရင်းဘတ်ခ်ပေါ်မှာ ထိုင်လိုက်ရင်း ခေါင်းငိုက်စိုက်ကျလေသည်။

'မ' ကို သူ နမ်းခဲ့သည်။ ကြည်နူးသာယာသည့် ရင်ခုန်သံတွေကို အိပ်မက်ပါဆိုပြီး ဖျောက်ပစ်လိုက်ရမလား ...၊

ခုထိ ရင်ခုန်သံတွေရှိနေခဲ့တာ 'မ' လည်း သူ့ကို သတိရနေသည်လား ...၊

ဒါမှမဟုတ် သူ မြင်လိုက်သည့် အနီရောင်ဝတ်စုံဟာ 'မ' တစ်ခုခု စိတ်ဆင်းရဲသောကခံစားနေရသည့် နိမိတ်ကို ဖော်ပြနေတာလား ...၊

ဝေဒ ၏ ငြိုးချက်တွေမှာ 'မ' ဘယ်တော့မှ စိတ်ချမ်းသာရာရမှာမှ မဟုတ်ဘဲ ...။

ကျွန်တော် ဘာလုပ်ရလဲ .. 'မ' ...၊

ဝေဒ ကို လက်လျှော့ပေးဖို့ သူ ကြိုးစားတာ၊ ပြီးတော့ 'မ' ကို ဒီက ရှန်းထွက်သွားဖို့ပြောခဲ့တာ၊ အားလုံးက ကျွန်တော့်ရဲ့ စေတနာတွေပါ။

သိပ်ချစ်လွန်းလို့ ဖြစ်လာတဲ့ အဖြူရောင်စေတနာတွေပါ။ 'မ' ယုံယုံကြည်ကြည်နဲ့ နားထောင်စမ်းပါ။ ခင်ဗျား ဒီကထွက်သွားပါတော့..။

ခန္ဓာကိုယ်တွင်းက ကိုယ်ပူရှိန်ကြောင့်လား မသိပေမယ့် မျက်လုံးတွေ မှိတ်ပစ်လိုက်တာနှင့် မျက်ရည်တွေ စိုစိုစွတ်စွတ်ဖြစ်နေခဲ့၏။

ထို့နောက် မျက်နှာမှောက်လှန်ပြီး လှဲချလိုက်သည်။ မျက်ဝန်းထောင့်မှ လျှောဆင်းသွားသည့် မျက်ရည်တစ်စက် ...၊

'မ' ကို ကျွန်တော် ချစ်တယ် ...၊



## အခန်း (၃၆)

"မချစ်ဘူး .. ဟုတ်လား .. မင်း ပြန်ဖြေစမ်းပါ .."

"ရှင့်ကို ကျွန်မ မချစ်ဘူး ကိုဝေ ...၊ အစတည်းက ပြောခဲ့တယ် ခုလည်း ပြောရဲတယ်၊ နောက်ထပ်မေးလည်း ဒါပဲဖြေမှာ ဘာဖြစ်လို့လဲ ဆိုတော့ အချစ်က ရှင်နဲ့ မထိုက်တန်လို့ .."

"ဖြန်း .."

လက်ဖျားနဲ့ ခတ်ပစ်လိုက်တာပေမယ့် နီးဖျားသေးသေးလေးနဲ့ အသားပေါ်မှာ ကြိတ်လှိုးခံရသလို အသည်းခိုက်အောင်နာ၏။

ဝေဒ ၏ သူ့ရွှေဦးဝေဒ ဆိုသည့် ရုတ်ပုဒ်နှင့် ယောက်ျားပီသ ခန့်ညားခဲ့သော ဟန်ပန်တွေက ခုကျတော့ ဆံပင်ဖရိုဖရဲ၊ ရုပ်အကျီပေါ် ကြယ်သီးတွေဖွင့်လျက်မို့ အရက်သမားပုံပေါက်နေခဲ့၏။

ပြီးတော့ မုန်ယိုနေသည့် ဆင်ရိုင်းတစ်ကောင်နှင့်လည်း တူနေကာ..

"မင်းနဲ့ ငါ ချစ်တာမုန်းတာတွေ ပြောဖို့မလိုတော့ဘူး၊ ခုချိန်ကစ ပြီး မင်းက ငါ့အတွက် ကျွန်တစ်ယောက် .. ဒါမှမဟုတ် ပြည့်တန်ဆာမ

www.burmeseclassic.com



တစ်ယောက်လိုနေရတော့မယ်၊ အဲ့ဒါ မင်းကောင် နေပါ၀ါ ဆီက လာတဲ့ သက်ရောက်မှုပဲ ..”

စကားသံတို့က ဓားသွားလို ကြမ်းရှခက်ထန်နေကာ အနားကို တရွေ့ရွေ့တိုးလာခဲ့၏။ မင်းမင်း ဒီတိုင်းတောင့်မတ်စွာရပ်နေခဲ့ပေမယ့် ဝေဒ က ခြေလှမ်းမရပ်ဘဲ ဆက်တိုးလာသဖြင့် ရင်ဘတ်ချင်းကပ်တွန်းသလို ဖြစ်နေကာ ...၊

“အား ..”

ခြေထောက်ကိုပါ တက်နင်းမိ၏။ သူမ နောက်ဆုတ်ရှောင်ဖို့ပြင်လျှင် ဝေဒ က ဆွဲဖက်ထားလိုက်ကာ ...၊

“ဒီည မင်း ငရဲကျပြီ မင်းမင်း .. ဒီညကနေ့ မင်းအတွက် တကယ့်ငရဲ ..”

“ဟင့်အင်း .. လွှတ် ..”

“မင်းက ငါနမ်းလိုက်တိုင်း မျက်ရည်ကျတယ်၊ ငါကဘာလဲ .. ဘာမို့လို့ မင်းက ကြီးကျယ်နေတာလဲ၊ မင်းကောင် သေမယ့်ရောဂါရနေတာတောင် မင်းက မျှော်လင့်နေသေးတာလား ..”

“ဟင့်အင်း .. ရှင် .. လွှတ် .. စာနာစိတ်မရှိတဲ့လူ .. ဖယ်ပေး ..”

ရိုင်းစိုင်းကြမ်းရှသော ပွေ့ဖက်ခြင်းတွေက လူကို သေမျှင်စိတ် ပေါက်လာရတဲ့အထိ နှိပ်စက်နေသည်။

အနမ်းတွေနဲ့တင် သေသွားလောက်တဲ့အထိ ယုတ်မာနေခြင်းကို အလူးအလဲခံစားရင်း ကယ်သူမဲ့နေခဲ့၏။

“ဂျိမ်း ..”

တံခါးဖွင့်၍ ပြန်ပိတ်လိုက်သံနှစ်ရပ်က ဆက်တိုက်ထွက်လာကာ ..

“အမြင်မတော်ပေမယ့် မြင်မှဖြစ်မှာမို့လို့ ဝင်လာရတာ ဝေဒ ..”

ဒေါ်ယုဇနက လင်မယားအခန်းထဲကို ရဲတင်းစွာဝင်လာပြီး ဒိုက်တိုက်နေသည့်အသံနှင့် ...၊



“မင်း ဒီလောက်နဲ့ပဲကျေနပ်ပြီး ဒီဟာမကို ဘယ်အချိန်ထိ အရှုံ ကြည့်နေမှာလဲ .. မင်းရနေတဲ့ ဒုက္ခသောကတွေက ငါးပိသဘာလောက် သူ့ကိုပြန်ပေးတော့ နှစ်ကျပ်သားလောက်နဲ့ ..”

“အန်တီကလည်းဗျာ .. ကျွတ် ..”

“ငါ အရှက်မရှိဝင်လာတာမဟုတ်ဘူး .. ငါပြောတာကို မင်း အတော် အထည်ဖော်ဖို့ လာသတိပေးတာ ..”

“ကျွန်တော် သိတယ် .. ဟိုကောင်လုပ်သမျှ ကျွန်တော်ပဲ လိုမ္မ နေရတာ မေ့ပါမလား ..”

“အေး .. မမေ့နဲ့၊ ဒီမှာ ဟဲ့ကောင်မ .. နင် ဒုက္ခခံစားရတိုင်း အဲဒ နင့်ကောင်ပေးတဲ့ဒုက္ခဆိုတာ မှတ်ထားလိုက် ..”

ဒေါ်ယုဇန ၏ ဒေါသကလည်း သေးသေးကွေးကွေးမဟုတ်ပေ

“ညည်း ကိုယ့်ယောက်ျားကို ပြုစုရကောင်းမှန်းမသိခဲ့ဘူးမို့လား ဒီလိုရောဂါမျိုးဖြစ်လာရင် ဇနီးမယားမှာသာ တာဝန်အရှိဆုံး၊ ညည်း ကိုယ်တိုင် ပြုစုရမယ်၊ ဘယ်ဆရာသမားမှ မလိုဘူး .. ဒါမျိုးက ဆေးတို့ နဲ့လည်း မလွယ်ဘူး ...၊ ဒီနေ့ကစပြီး ငါ့သားရောဂါပျောက်အောင် ညည်း ပြုစုရမယ်ဆိုတာ မှတ်ထား ..”

ဟင်! ...၊

ကြီးလေးတဲ့ပြဒ်ဒဏ်တစ်ရပ်ကို ကြေညာလိုက်တာမှန်းသိသည် ဒါပေမယ့် သူမ နားမလည်ပေ။

“မင်း အစတည်းက ငါ့စကားနားထောင်လိုက်ရင် ဒီရောဂါပျောက် သလောက်ဖြစ်နေပြီ ဝေဒ .. ဘယ်မိန်းမမှ မလိုပါဘူး၊ မင်း ချစ်နေတဲ့ မိန်းမလောက် ဘယ်သူက စွမ်းနိုင်မှာလဲ ..”

“မင်း ကြားတယ်နော် မင်းမင်း ..”

ဟင် ...!

ဦးခေါင်းရှစ်စိပ်ကွဲအောင် မိုးကြိုးစွင်းသွားသလိုပင် ...။ နှစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



၏ မျက်နှာပေါ်က အေးစက်သည့် မဲ့ပြုံးတွေနှင့်အတူ ဝေဒ က အကျိ ကြယ်သီးတွေဖြုတ်နေသဖြင့် သူမ ကိုယ့်ရဲ့ ကံကြမ္မာကိုနားလည်သွား၏။

"ဟင့်အင်း .. မလုပ်ဘူး .."

"မရဘူး .. မင်းကို ငါ လုံးဝညှာတာဖို့ စိတ်ကူးမရှိတော့ဘူး၊ မင်း မျက်နှာကိုကြည့်ရင် နေပါဝ့ါ မျက်နှာကိုမြင်နေတာ ဖျောက်လို့မရတော့ တဲ့အတွက် ဒါကို အိမ်ထောင်ရေးပြဿနာလို မဖြေရှင်းတော့ဘူး မင်းမင်း ဒါက တိုက်ပွဲပဲ .."

"ဟင့်အင်း .. မလုပ်ဘူး .. အား .. ရှင် မယုတ်မာနဲ့ .."

နှစ်ယောက်စလုံး လုံးထွေးကာ မွေ့ရာပေါ်လဲကျသွားသည်နှင့် ဒေါ်ယုဇန အခန်းပြင်ထွက်သည်။ တံခါးကို ဂျိမ်းခနဲပိတ်ပြီးမှ ထမီ 'မ' ပြီး အခန်းရှေ့ကခွာ၏။

ဒေါ်ယုဇန ၏ အရိပ်ကို လှမ်းမြင်လိုက်သဖြင့် ဖိနပ်ချွတ်နေရင်း မင်းမင်းသော် စိတ်ဝင်စားသွားသည်။ ညကိုးနာရီခွဲနေပြီ ဒီမိန်းမကြီး ပုံစံက တစ်ခုခုကို စိတ်ဖိစီးနေသလိုပါလား ..၊

အပေါ်မှာ တစ်ခုခုဖြစ်နေပြီထင်သည်။ တွေးနေရင်း ဖိနပ်ချွတ်ပြီး လို့ ကိုယ်ကိုမတ်မတ်ရပ်လိုက်လျှင် ..၊

"ဒီမှာဟေ့ .."

ဒေါ်ယုဇန သူမရှေ့ကိုရောက်နေတာ ဘယ်လေတိုက်ပြီး ရွေ့လာ သည်မသိ ..။

"မင်းလည်း တော်တော်တော့ နေတတ်သားနော် .. ပြောရရင် တော့ တော်တော် မျက်နှာပြောင်တယ်ပေါ့ .."

"ခုခေတ်မှာ မျက်နှာပြောင်နေအောင် ပိုက်ဆံတွေအများကြီးအကုန် ခံရတာ အန်တီရဲ့ .. ဖိသိပ်မှုန်ဥနေတာကို လူတယ်မှုခေါ်ဘူး၊ ပြောင် ပြောင်တင်းတင်းလေးမှ .."

"သြော် .. သြော် .. ပြောင်လည်းပြောင်ပါ့ .. တင်းလည်းတင်းပါရဲ့၊



ဒါဆော့ မလုပ်ပါဘူးအေ .. ဒီမှာ မင်းမင်းသော် စကားတွေရှည်ရှည် ဝေးဝေး မပြောချင်ပါဘူး၊ ညည်းက နေ့နဲ့ညနဲ့ မှားနေတဲ့ မိန်းမဆိုတော့ အိမ်မှာ မီးလောင်နေတာတွေ သိချင်မှသိမှာပေါ့၊ ဒါပေမယ့် အိမ်ရှင်က မင်းချတာတောင် မသွားဘဲနေရလောက်အောင်တော့ မျက်နှာမပြောင် သင့်ဘူးထင်ပါတယ် .."

"တျွန်မ မျက်နှာပြောင်မှန်းတောင် အန်တီပြောမှ သိတာ၊ ဘယ် အဆင့်လောက်ထိ ပြောင်တတ်နေသလဲ ကိုယ့်ကိုယ်ကိုယ် ဘယ်လိုလုပ် သိမှာလဲ .."

ကြည့်စမ်း မျက်လုံးချင်းတည့်တည့်ကြည့်ပြောနေလိုက်တာ တော် တော် ရဲတင်းတဲ့ မိန်းကလေးပါလား ..။ အာသော်ကြမ်းလှူအာသော်ကြမ်း ဆိုသည့် ဒေါ်ယုဇန လက်ဖျားခါသွား၏။

ဖြစ်လာသည့် ဒေါသတွေလည်း တိမ်ညိုမည်းတွေကဲ့သို့ အလိပ် လိုက် အပြွတ်လိုက် ..။

"နေဦး .. နေဦး .. မင်းမင်းသော်၊ အောင်မယ်လေး .. စကားက သည်းတာတ် .. လည်ကလည်းလည်၊ မျက်နှာပြောင်လိုက်တာလည်း ပြစ်ရာ မရှိပါဘူးအေ .."

မင်းမင်းသော် စကားနည်းရန်စဲကျောခိုင်းခဲ့သည့် ခြေလှမ်းတွေ တုန့်ခနဲရပ်သွားသည်။ ဒေါ်ယုဇန ကလည်း သူမနောက်ကို ရောက်လာ ခဲ့သည် ..၊

"ငါပြောချင်တာကို ဆုံးအောင် နားထောင်သွားစမ်းပါ .. ပြီးမှ.."

"နားမထောင်ချင်မှန်းသိရက်နဲ့ အတင်းကိုပြောချင်နေတာလည်း သူ့ရှေ့မရှိခြင်း မျက်နှာပြောင်ခြင်းမည်တယ်၊ အန်တီက မျက်နှာပြောင် ဘာချင်း တိုင်းချင်လို့လား .."

"ဘာအေ့ .."

"နားမလည်သေးရင် မှတ်ထားပေါ့ .. မျက်နှာပြောင်တတ်တဲ့

www.burmeseclassic.com



လူတိုင်းမှာ ဂရုမစိုက်တတ်တဲ့ သတ္တိရှိတယ်၊ ဒီအိမ်မှာ ကိုပါ က နေခွင့် ရှိလို့နေတာလို့ပြောတယ် .. သူနေသရွေ့ မင်းမင်း က ဘယ်မှ သွားမှာ မဟုတ်ဘူး .."

"နေခွင့်ရှိရတဲ့အကြောင်းကို ပြောစမ်းပါ .. သင်းက ဘာမို့လို့လဲ.."

"'နေမဝင်' မိသားစုက အမွေဆက်ခံခွင့်ရှိနေတဲ့ တစ်ဦးတည်း သော သား .."

"ဟင်!..."

ဒေါ်ယုဇနံ မျက်လုံးတွေပြူးကျယ်သွားသည်။ ဦးမောင်မောင်ကြီး တို့ ဦးသိန်းဖေ တို့ မျက်နှာကြီးတွေကိုမြင်ယောင်ကာ နှုတ်ခမ်းလွှာတွေ ပါ ပွင့်ဟကုန်၏။

"နေပါဝါ .. 'နေမဝင်' မိသားစု .."

နာမည်တွေကို အပြန်ပြန်လှန်လှန်ရွတ်နေရင်း ဒီကိစ္စကြီးကို ဖုံးဖိ ထားခဲ့သော ဝေဒ ကို နားမလည်နိုင် ...၊

"မရှင်းတာရှိသေးရင် အန်တီ့တူကို မေးကြည့်လေ၊ သူ ဘာကြောင့် နေပါဝါ ဆိုတဲ့လူကို မျိုသိပ်ကြိတ်ခံနေခဲ့သလဲဆိုတာ .."

"အဲ့ဒါတွေကို ငါက .."

"အန်တီက ကိုဝေဒ ရဲ့ အဒေါ်ဆိုပေမယ့် ဘာမှမ သွေးမတော် တာ၊ အိမ်မှာ မီးလောင်နေတာတွေ သိချင်မှသိမှာပေါ့ .."

ကိုယ့်စကားနဲ့ ပြန်အပြောခံလိုက်ရသဖြင့် ဒေါ်ယုဇနံ အံတကြိတ် ကြိတ်ကျန်ရစ်၏။ ပစ်စလက်ခတ်အပြောခံထားရသည့် မင်းမင်းသော် ကလည်း ဒီ့ထက်မက ပြောချင်သေးတာဖြစ်သည်။

သို့သော် အချိန်အခါကိုကြည့်ပြီး 'ဆက်ရန်' သဘောနဲ့ မျိုသိပ် နေလိုက်ရ၏။ အပေါ်ထပ်တက်ခါနီးမှ ပြန်လှည့်ကြည့်ကာ ...၊

"ငါ့အိမ်မှာ မနေကြနဲ့တော့ဆိုတဲ့စကား ရှင် ကိုပါ့ ကို တည့်တည့် သွားပြောလိုက်၊ မင်းမင်း ကလည်း နေ့ရောညပါ ကျက်သရေမဲ့နေတဲ့



နေရာမှာ နေချင်လွန်းလို့ နေတာမဟုတ်ဘူး .."

"သြော် .. သြော် .. ညည်းက ယောက်ျားကို မပြောရဲမဆိုရဲလောက် အောင် ကြောက်ရှာတာကိုး .."

လှေကားပေါ်ခြေထောက်တစ်ဖက်တင်လိုက်ပြီးမှ မင်းမင်း ဆတ် ခနဲ ပြန်ကြည့်၏။

"သူများယောက်ျားကို သူများကြောက်ရတာ မကြောက်ရတာ အန်တီ မီးခွက်ထွန်းပြီး လိုက်ကြည့်နေမှ သိမှာ .."

"ဘာပြောတယ် .."

"ပြောပြတာ .. ဝါသနာပါရင် လုပ်လိုက်၊ အိမ်ခေါင်မိုးပေါ်မှာ လောင်းပါ တပ်ပေးလိုက်ဦးမယ် .."

"ညည်း .. ညည်း .."

ဒေါ်ယုဇနံ ထမိ 'မ' ရင်း ဆွေ့ဆွေ့ခုန်ကျန်ရစ်လေသည်။ မင်းမင်းသော် ကလည်း ကိုယ့်ဒေါသကို မီးကုန်ယမ်းကုန်ထုတ်ပစ်ခွင့်မရခဲ့တာမို့ ဝခုံး ဘ ကြိုးသိုင်းရှည်နဲ့ အိတ်ကို လက်ကဖြစ်သလို တွဲလောင်းဆွဲလျက် လှေကားထစ်တွေကို ကဆုန်ပေါက်တက်ပစ်သည်။

"အောင်မယ်လေး စကားကလည်း တတ်၊ လည်ကလည်းလည်၊ မျက်နှာပြောင်လိုက်တာလည်း ပြစရာမရှိပါဘူး .."

လို့ လူကို ပြောချင်လိုက်တာ ရင်ဘတ်များတောင် ထုလိုက်သေး သည်။

ကြီးတဲ့လူနဲ့ ငယ်တဲ့လူ ပြဿနာတက်ပြီဆို ငယ်တဲ့လူကပဲ ဘာ ဖြစ်ဖြစ် လွန်သည်။ ငယ်တဲ့လူကပဲ ဆင်ခြင်ရသည်။

လူကြီးတွေကျတော့ ခုလိုမျိုး နှုတ်မစောင့် လက်မစောင့်လူကြီးတွေ ရှိလို့လား ...၊

ဒေါသတွေနှင့် ကိုယ့်အခန်းဆီ ဦးတည်လိုက်ပေမယ့် အခန်းထဲက ထွက်လာသည့် မျက်နှာလေးတစ်ခုကြောင့် ...၊

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း .."

"လာခဲ့စမ်း .."

"အား .."

"ဒုန်း .."

မင်းမင်းသော် ခြေလှမ်းတွေ တုန့်ခနဲရပ်သွားသည်။ တံခါးဂျက် ရုပ်ခံနဲ့ပွင့်သွားပြီး ဆောင်းမင်းသမီး ထွက်ပြေးဖို့ကြိုးစားသည်။

တံခါးအပြင်မရောက်ခင် ဝေဒ ပြန်ဆွဲသွင်း၏။ ပြီးတော့ တံခါး ပိတ်သွားသည်။ မင်းမင်း တံခါးရှေ့ကို ပြေးသွားမိကာ နားနဲ့ကပ်ထောင် နေမိသည်။

အထဲမှာ ရုန်းကန်ဆူညံသံတွေကြားနေရကာ တံခါးပိတ်လိုက်သံ တစ်ချက် ကြားလိုက်၏။ ပြီးတော့ အားလုံး ငြိမ်သက်တိတ်ဆိတ်သွား ခဲ့၏။

ဘာတွေဖြစ်ကုန်တာလဲ .. ဝေဒ ဆိုတဲ့လူ ရူးနေပြီလား၊ ဒါမှမဟုတ် ရူးလောက်အောင် ကြောင်နေပြီလား ..၊

ရုတ်တရက် မြင်ကွင်းကြောင့် ရှုပ်ထွေးနေတုန်း တံခါးက ရုပ်ခနဲ ပြန်ပွင့်သွားကာ ..၊

"မင်းက ဒီမှာ ဘာလာလုပ်နေတာလဲ .."

"ဒီမှာ လာနေတာမဟုတ်ဘူး၊ မင်းမင်း က ခုမှ အပြင်ကပြန်လာ တာ၊ ရှင်တို့တစ်အိမ်လုံး ဘာဖြစ်နေကြတာလဲ ဝင်လာတည်းက မြင်ရ တာ လူသတ်ကားကြည့်နေရသလိုပဲ .."

"ဟုတ်တယ် .. သတ်ပစ်ချင်တာ၊ ဒါပေမယ့် သတ်တာထက်ပို ကောင်းတဲ့နည်း တွေ့ထားလို့ .. ဒီမှာလေ .."

တံခါးကို သူ့ဟာသူ တွန်းဖွင့်ပစ်လိုက်လေသည်။ အထဲမှာ မင်းမင်း တ လှုပ်ကုလားထိုင်ပေါ်မှာ ခွေခွေခေါက်ခေါက်လေး မေ့မျောနေ၏။ ပြီးတော့ သူမကိုယ်မှာ အဖြူရောင်ခြည်ပါးစောင်လေးတစ်ထည်သာ



ခြုံထားလျက် သူမ အဝတ်အစားတွေက ကြမ်းပေါ်မှာ ..၊

"ရှင် .. ဒါ ဘာလုပ်တာလဲ .. သူ ဘာဖြစ်နေတာလဲ .."

"မသေသေးတာတော့ သေချာတယ် .."

နှုတ်ခမ်းထောင့်မှာ သွေးစတို့ စွန်းထင်နေလျက် ပါးရိုးလေးတစ် ဘက်မှာ ညိုနေသည်။ သူမကို မင်းမင်းသော် ချစ်လွန်းလို့မဟုတ်ပါ။

ပြောရမယ်ဆို ရည်းစားလုဘက်လို အပြိုင်အဆိုင်ရှိနေခဲ့သည့် မိန်းခ..

ဒါပေမယ့် ဒီလောက်ထိ မတရားနှိပ်စက်ခံထားရတာ မြင်တော့ ဒေါသက ထောင်းခနဲထွက်သွားသည်။ မိန်းမသားပီပီ မိန်းမတစ်ယောက် ၏ ဖိနှိပ်ခံဘဝကို မကြည့်ရက်နိုင် ..၊

"ရှင့်မှာ လူစိတ်ရှိသေးရဲ့လား .. ကိုဝေဒ .."

"ဘယ်လိုဖြစ်ရတာလဲ မင်းမင်းသော် .. သူ့ကို ငါ ဒီလိုဆက်ဆံနေ တာ မင်းက ဝမ်းတောင်သာရဦးမှာ .."

"ဘာကို ဝမ်းသာရမှာ .. ရှင် အရှက်သိက္ခာမဲ့တာ သိလိုက်ရလို့ ဝမ်းတောင် နှမြောမိသေးတယ် .."

ဝေဒ မျက်နှာ မီးရောင်ပင့်ထားသဖြင့် နီရဲတင်းမာသွားတော့ ကြည့် ရဆိုးသွားသည်။

"ရှင်တို့ တူဝရီးတွေ သူ့ကို ဒီလောက်ထိ ငွေဝယ်ကျွန်လို ဆက်ဆံ နေကြတာတောင် ဘာတွေ အငြိုးကြီးနေကြတာလဲ၊ ကိုပါ ရှင့်ကို ဆိုင် ဘယ်လ်မှောက်အောင်လုပ်ခဲ့လို့ နာကြည်းမှုတွေ စခဲ့တာဆိုရင် ရှင် ပြန် လုပ်နေတာတွေက တော်တော်ယုတ်မာတဲ့ အပိုင်းကို ရောက်နေပြီနော်.."

"ဟုတ်တယ် .. မင်းနဲ့ တွဲဖက်ပြီးတော့လေ .."

"မင်းမင်း က ပါဝင်ခဲ့ပေမယ့် ငွေလိုချင်တာတစ်ခုအတွက်ပဲ ရှင်း တယ်၊ ဘယ်သူ့အပေါ်မှာမှ အငြိုးတေးမပါဘူး၊ ရှင် ကိုပါ့ ကိုသေမယ့် ဆေးပေးတယ်၊ သူချစ်တဲ့သူကို တမင်ငွေနဲ့ ပေါက်ယူပြီး နှိပ်စက်နေ တယ် .."

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ မင်းက ဘာပြောချင်တာလဲ .."

"မကောင်းမှုဆိုတာ ဘယ်တော့မှ ဆေလိုရာဆေလို့မရဘူး၊ ရှင် ဖြစ်စေချင်တာတွေ ဘာတွေဖြစ်လာသလဲဆိုတာ ပြန်တွေးလေ .."

"သိပ်ဖြစ်တာပေါ့ .. ငါ့ကို ဒုက္ခနာနာပေးနေတာတွေက သူ့ရင်ထဲမှာ ဘယ်လောက်ထိနက်ရှိုင်းစွာ နာကျင်နေသလဲဆိုတာကို ပြနေတာပဲ၊ ငါကုန်ဆုံးသွားတာတွေက ပြန်ရှာလို့ရတဲ့ ပစ္စည်းဥစ္စာတွေပါ၊ သူသာ ဘာမှ ပြန်မရနိုင်တော့တဲ့ ဆုံးရှုံးမှုတွေကို ရင်မှာပိုက်ပြီး သိပ်မကြာခင် ရူးတော့မှာ .."

"ရှင် သူ့ကို သေအောင်ကြံစည်ထားပြီးတာတောင် ရှင့်ရဲ့ အငြိုးက ကြောက်စရာပဲနော် ကိုဝေဒ .."

"ဟား .. ဟား .. ဟား .."

"ဟုတ်တယ် .. မင်းတို့ကတော့ ဒါလေးကို ဒီလောက်ငြိုးနေရသလားလို့ထင်မှာပေါ့၊ ငါ့ဘက်မှာ ဆုံးရှုံးသွားခဲ့တာ ငါပဲသိတယ်၊ ဒါကြောင့် ဒီကောင် သေသွားရင်တောင် ငါ ကျေနပ်နိုင်မှာမဟုတ်ဘူး၊ မင်းလည်း ခွေးရူးကောင်းစားတစ်မွန်းတည့်ပါပဲ .."

"ဘာဖြစ်လို့လဲ .."

"မင်းကြောင့် သူ့မှာသေမယ့်ရောဂါရနေပြီဆိုတာ သိရင် မင်း ဒီတိုင်းနေလို့ရတော့မလား .."

"ရှင်ရော .."

မင်းမင်းသော် က ကောက်မေးလိုက်တော့ သူ ကြောင်တောင်တောင်ဖြစ်သွားသည်။

"ဟွန်း .. ရှင် ဒီကိစ္စ ဖွင့်ပြောရမယ့်အချိန်ဆိုတာ လိုပါသေးတယ် ကိုဝေဒ ရယ် .. မင်းမင်း ကောင်းစားချိန်တွေ တစ်မွန်းတည့်တော့ မကာနိုင်ပါဘူး .."

"အဲ့ဒါကိုသိရင် မင်းက လိမ္မာရမှာ .. ငါ သူ့ကို ဖွင့်ပြောဖို့မပြော



ဘူး .."

"ရှင် သူ့ အသက်ထွက်ခါနီးမှ သေခါနီးလူကို ခါးထောက်ပြီး ရဲရဲကြီး ပြောရဲမှာလေ၊ ဒါပေမယ့် ခက်တာက သူ့မှာ ဘာရောဂါမှ မရှိခဲ့တော့ .."

"ဘာ!.. မင်း ဘာပြောလိုက်တယ် .."

ဝေဒ ထခုန်မတတ်ဖြစ်သွားသည်။ မင်းမင်းသော် က အေးအေးဆည်ငြိမ်သည့်အကြည့်တို့ဖြင့် သက်ပြင်းချ၏။

"ထပ်ကြားချင်လို့လား .. သူ့မှာ ဘာရောဂါမှမရှိဘူး၊ လုံးဝ ကလီးသား .."

"မင်း ..."

"ရှင် နောက်ဆုတ်နေစမ်းပါ၊ လူကိုလာထိရင်တော့ ကိုပါ ဘာမှဖြစ်ပေမယ့် ရှင့်အတွက် အာမမခံနိုင်ဘူး .."

"မင်းမင်းသော် .. မင်း .."

သူမရဲ့ ပခုံးစွန်းနှစ်ဖက်ကို စိတ်လိုက်မာန်ပါ ဆောင့်ဆွဲခါလိုက်ပြီး...

"မင်း ငါ့ ခိုင်းတာကို မလုပ်ခဲ့ဘူးပေါ့၊ ဟင် .. မင်း ငါ့ငွေတွေကို အဆမတန် လက်ခံထားပြီးမှ ဘာမှ မလုပ်ဘူးဟုတ်လား .. ပြောစမ်း.."

သူ့လက်ပေါ်ကနေ မင်းမင်းသော် က ထပ်ဆုပ်ကိုင်ကာ လက်သည်းချွန်ချွန်တို့နှင့် ဖိချမည့်ပုံ လုပ်လိုက်၏။ ဝေဒ မြွေမြီးတက်နင်းမိသော့မလို လက်ရောလူပါ နောက်ကိုခုန်ဆုတ်လိုက်ပြီး ...၊

"မင်း တော်တော် ကတိသစ္စာမရှိတဲ့ မိန်းမပါလား၊ ကောင်းတဲ့အလုပ်ဖြစ်ဖြစ် မကောင်းတာပဲလုပ်လုပ် ကိုယ်ပြောတဲ့စကားအတွက် တာဝန်ယူရတယ် .."

"မင်းမင်း တာဝန်ယူခဲ့တာပဲ .. သူ့ကို လက်ထပ်နိုင်အောင်အပိုင်မင်းရမယ်လို့ ရှင် ပြောခဲ့တာ မင်းမင်း လုပ်နိုင်တယ်လေ .."

သူမကပဲ 'ကျွန်မ ဘာလုပ်မိလို့လဲ' ဆိုသည့် မေးခွန်းဆန်ဆန်အကြည့်

www.burmeseclassic.com

www.burmeseclassic.com



တွေနှင့် တစ်ပြန်စီး ...၊

"မင်း တော်တော် မျက်နှာပြောင်တဲ့မိန်းမပဲ .."

"ဘာ!..."

ဒီစကားမျိုးကြောင့် ဖြစ်လာခဲ့သည့် ဒေါသက ဒဏ်ရာရထားသည့် မြွေပွေးတစ်ကောင်ထက်ဆိုးလေသည်။

"ဟုတ်တယ် .. ရှင်တို့လိုလူတွေနဲ့ အလုပ်လုပ်တည်းက ပြောင်တတ်အောင်လေ့ကျင့်ထားရတာ၊ ဒါပေမယ့် ကိုယ့်ကို မကြည်ဖြူတဲ့ ယောကျ်ားတစ်ယောက်ကို ရမ္မက်နှံ့နှစ်အောင် စည်းရုံးမြူဆွယ်ဖို့ထိတော့ အကျင့်မပျက်သေးဘူး .."

"မင်း ကတ်သတ်မပြောနဲ့၊ ငါ မင်းကို ဘာလုပ်စေချင်တယ်ဆိုတာ မင်းသိတယ် .."

"သိပေမယ့် သူက မင်းမင်း ကို သာမယားလို့မှ မမှတ်တာ .."

"မမှတ်တာကို မှတ်အောင် မင်းက .."

"ဒီမှာ ကိုဝေဒ .. ယောကျ်ားတိုင်း ရှင့်လို သွေးဆူလွယ်တယ်လို့ မထင်နဲ့ .."

"မင်း .."

"မင်းမင်း ဆိုတဲ့ ကျွန်မကလည်း ရှင် ထင်တဲ့ မိန်းမမျိုးမဟုတ်ဘူး၊ မိဘနဲ့ အခြေနဲ့အနေနဲ့ ကြီးပြင်းလာတာ၊ ဒီရောဂါရှိနေလို့ ရှင် အထင်သေးလိုက်တယ်ဆိုတာ သဘာဝကျပါတယ်၊ မင်းမင်း ကလည်း ကိုယ့်ရဲ့ပစ္စုပ္ပန်ဘဝမှာ ပျော်တတ်အောင်နေတာပဲ၊ ဒါပေမယ့် အထပ်ထပ် မစော်ကားနဲ့၊ ဝဲစွဲနေတဲ့လူကို နူနာစွဲနေတဲ့လူက လက်ညှိုးထိုးရယ်သလိုပဲ.."

"တောက် .. မင်း .."

ဝေဒ နောက်ထပ်သိလိုက်ရသည့် သတင်းတစ်ရပ်ကြောင့် ပြဿနာ အဝဝတွေက အစကနေ ပြန်စနေသလို ဒေါသမောဟတွေ လှိုင်းတံပိုး လိုထန်လာ၏။



စိတ်လှုပ်ရှားခြင်းကြောင့် လက်ဖျားခြေဖျားတွေတုန်တော ချွေးတွေ ဝါပြန်၏။ ဒီအောင်နိုင်မှုကို စားသုံးပြီး သူ နေ့စဉ်ညတိုင်း တွေးနှစ် အားရနေခဲ့သည်။

နေပါဝါ ရဲ့ နောက်ဆုံးအချိန်အတွက် သူ့အိပ်မက်တွေထဲမှာ ပြင်ဆင်နေခဲ့ရတာလည်း နေ့တိုင်းညတိုင်း ...၊

"မင်း ငါ့ကို တောက်လျှောက်လှို့ဝှက်လာခဲ့တာပေါ့၊ ကွယ်ရာမှာ ငါ့ကို အရူးလို မင်းက လှောင်ရယ်နေတာပေါ့၊ ဒါ မင်းမှာရှိတဲ့ အဆင့်တန်းလား .."

"လူတိုင်းက ကိုယ့်ဝမ်းစာအတွက် ကိုယ်ဖန်တီးရတာပဲလေ၊ ရှင်တောင် အခု ရှင်မလိုအပ်တော့တာနဲ့ မင်းမင်း ကို ဒုက္ခပေးနိုင်တာတွေ ရှာပြနေပြီ၊ အချိန်တန်ရင် မင်းမင်း က ကိုယ့်ယောကျ်ားခြေသလုံးဖက်ပြီး ရှင်သန်ခွင့်တောင်းရတော့မှာ၊ ရှင် ခိုင်းသလိုလုပ်ခဲ့မိရင် ခက်ရချည်ရဲ့ –"

"မင်းရဲ့ ရှင်သန်ခွင့်အတွက် .. ဟုတ်လား .. မင်း .."

သူ လူလည်း မသတ်ရဲပေ ..။ ဒီမိန်းမကို လည်ပင်းထညှစ်ချင်ပေမယ့် အသားကိုလည်း မထိရဲ ...။

"ကောင်းတယ် .. ငါ့မှာလည်း ဘဝပျက်နေပြီဆိုတော့ ဘုရင့်နောင် တောင်ဖျက်ကိန်းဆိုက်ပြီပေါ့ .."

သူ ဖုန်းထုတ်ပြီး ကင်မရာဖွင့်လိုက်သည်။ ပြီးတော့ သတိလစ်နေသည့် မင်းမင်း ရဲ့ ကိုယ်ပေါ်က စောင့်စကို ကိုင်လိုက်ကာ ...၊

"ဒါကိုဖယ်ပြီး ငါ ဘယ်လိုနှိပ်စက်နေသလဲဆိုတာ ဓာတ်ပုံရိုက်မယ်၊ ပို့စ်အမျိုးမျိုးနဲ့ရိုက်ပြီး နေပါဝါ ဆိုတဲ့ကောင်ဆီပို့မယ်၊ ပြီးမှ အင်တာနက်ပေါ်တင်မယ် .."

"ခွေးသူခိုး .. မင်း အဲဒီလိုယုတ်မာခွင့်ရမယ်ထင်နေသလား –"

"ဖက် ..."

"အ ..."

www.burmeseclassic.com



တစ်ဝက်ပွင့်နေသည့်တံခါးကို ဆောင့်ကန်ဖွင့်လိုက်ကာ ပါဝါ လျှပ်တစ်ပြတ်ရောက်လာ၏။ ဝေဒ ဖုန်းကိုင်ထားသည့်လက်ကို ခြေဖျား နဲ့ လှမ်းကန်ပစ်လိုက်ပြီး မေးဖျားကို လက်ဝါးစောင်းတစ်ဖက်နဲ့ ဖြတ်ရိုက် ပစ်လိုက်၏။

ဝေဒ မျက်နှာလည်ထွက်သွားကာ နံရံနဲ့ နဖူး ဒိုင်းခနဲပစ်ဆောင့် ၏။ သွေးစတွေနဲ့အတူ မူးမိုက်ခွေကျသွားစဉ် ပါဝါ က မင်းမင်း ဆီပြေး သွား၏။

"မ ..."

မေးဖျားလေးကို လှုပ်နှိုးရင်း သွေးစတို့ကို သူ့လက်ဖဝါးနဲ့ ပွတ် သုတ်ပစ်လိုက်၏။

"တောက် .. လူမဆန်တဲ့ကောင် .. မင်း .."

လှည့်ကြည့်ပြီး တက်ခေါက်၏။ သို့သော် .. သူ မင်းမင်း ကိုယ်ပေါ် က စောင်ကို လည်ပင်းထိ ဆွဲတင်ပေးလိုက်ပြီး ပွေ့ယူဖို့ပြင်သည်။

"ကိုပါ .. ကိုပါ အဲ့လိုမလုပ်နဲ့လေ .. ရှင် မယားခိုးဖြစ်သွားမှာပေါ့.."

"အောင်မယ်လေး လုပ်စမ်းပါစေအေ .."

ဒေါ်ယုဇနေ ၏ ကွဲရှသောအသံက ညဉ်းယံမှာ ဟိန်းထွက်လာကာ လူပါ အခန်းထဲရောက်လာ၏။

"လုပ်လေ .. ခေါ်သွားလိုက်စမ်းပါ၊ ငါက ဖုန်းတစ်ချက်ဆက်လိုက် ရုံလေးပါပဲ .. 'နေမဝင်' မိသားစုတွေ မယားခိုးမျိုး ကြာကူလီမျိုးတွေ ဖြစ်သွားစေရမယ်၊ ဘာမဟုတ်တဲ့ မိန်းမတစ်ယောက်ကြောင့် သွေးချောင်း စီးကြမလား၊ ဒါမှမဟုတ် 'နေမဝင်' ဘဝကနေ 'နေစုန်းစုန်းမြုပ်ဝင်' ဘဝတွေ ရောက်ကုန်ကြမလား ရွေးလိုက် .."

"ခင်ဗျား .."

"ကိုပါ မလုပ်နဲ့ .."

ဒေါ်ယုဇနေ မျက်လုံးကြီးတဝင်းဝင်း နှုတ်ခမ်းမဲ့မဲ့ရွှဲရွှဲနှင့် တစ်ဖက်



သား၏ ဒေါသကို ရိုက်ပုတ်နှိုးဆွနေခဲ့လျက် အချစ်ကြောင့် မှုးမတတ် ရူးမျှားနေသည့် နေပါဝါ့ ဒေါသတွေက ကမ်းလွန်ခြေကျွံဖို့ အဆင်သင့် ဖြစ်နေကြ၏။

အခြေအနေကိုကြည့်ရင်း မင်းမင်းသော် စိုးရိမ်လာကာ တားဆီး နေရင်း ဖုန်းဆက်အကြောင်းကြားဖို့ကို သတိရလာ၏။

"ဟိတ်ကောင် .. လုပ်လေ .. ငါက အစဉ်အလာတွေစောင့်စည်းဖို့ မပြောနဲ့၊ ငါ့အသက်ကိုတောင် စတေးထားပြီးသား .."

ဝေဒ က နဖူးကဒဏ်ရာကို အုပ်ကိုင်ထားရင်း ခပ်ယိုင်ယိုင်ထရပ်လာ၏။

ပြီးတော့ ဒဏ်ရာအနာတရနှင့် ရယ်နေသဖြင့် သွေးပျက်ချောက်ချား နေသူနှင့် တူနေကာ ..၊

"ငါ့အသက်ကို မနှမျောတော့တဲ့အထိ ဘာဖြစ်သွားတာလဲ သိလား မင်းကို မုန်းလွန်းလို့ ရူးသွားတာ၊ အတိတ်က ခြေရာမထင်ခဲ့ပေမယ့် ဝစ္စပ္ပန်ရဲ့ပျော့ပျော့မှာ မင်းက ဖနောင့်နဲ့ တက်ပေါက်တော့ ငြိုးချထိတ တစ်ဆုံးပဲ .."

"အဲ့ဒါတွေ မင်းနဲ့ ငါ ရှင်းရမှာ ..၊ မင်း သတ္တိကြောင်ပြီး မိန်းမ တစ်ယောက်ကို ခုတုံးလုပ်ခဲ့လို့ .."

"ဘယ်လိုနည်းနဲ့ပဲသုံးရသုံးရ မင်းကိုနိုင်မယ်ဆိုရင် ငါ သေချင် သေပါစေဆိုမှကွာ ..၊ ဘာလိုသေးလို့လဲ အခု မင်း ငါ့ကိုမနိုင်တော့ဘူးမို့ လား .. အဲ့ဒီ မိန်းမက ငါ့လက်ထဲမှာ ရှိနေသမျှလေ .. ဟား .. ဟား.. ဟား .."

"တောက် .."

"ဝုန်း .."

"ဒုန်း .."

"အား .. အစ် .."

"အောင်မယ်လေး .. သတ်ကုန်ပြီ၊ လုပ်စမ်း .. ငါ အခု ရဲကိုဖုန်း ဆက်မယ် .."

www.burmeseclassic.com

www.burmeseclassic.com



ဝေဒ ကို လည်ပင်းညှစ်နေတာမြင်သည်နှင့် ဒေါ်ယုဇနာ ဖုန်းပြေး ယူလေသသည်။ ရုတ်တရက် မင်းမင်းသော် ခြေမကိုင်မိလက်မကိုင်မိ ဖြစ်သွား၏။

ဒါတွေက မိသားစု အရှုပ်အထွေးတွေပဲဖြစ်ကာ လူသိစရာလည်း မလို၊ ရဲပါစရာလည်း မဟုတ် ..။

"ကိုပါ မလုပ်နဲ့ .. လက်ပြန်လျှော့လိုက် .. ရှင် ထောင်ကျမှာနော်.."

ပါဝါ ကိုလည်း လှမ်းသတိပေးကာ ဒေါ်ယုဇန ရဲ့ ဇက်ပိုးကို နောက်ကနေ ပန်းအိုးနဲ့ ရိုက်ချလိုက်၏။ ဒီနေရာကို ရိုက်လျှင် သတိမေ့ သွားတတ်တာကိုတော့ သိထားသဖြင့် သေချာချိန်ပြီး ရိုက်ပစ်လိုက်တာ ဖြစ်သည်။

ဒေါ်ယုဇန ဖုန်းကိုင်နေရင်း ခွေခနဲ လဲကျမေ့မျောသွား၏။ သူမ ဒီဘက်ကို ပြန်လှည့်လိုက်တော့ ..၊

"ယောက်ျားဖြစ်ပြီး လူမဆန်တဲ့ကောင် .."

"ခွပ် .."

"အင် .."

"ခွပ် .."

ဝေဒ မျက်နှာမှာ သွေးတွေချင်းချင်းနီနေ၏။ သို့သော် ဝေဒ က ရယ်နေကာ ပါဝါ့ လက်တွေ တုန်ယင်နေခဲ့လျက် ..၊

"မင်း .. မင်း .. သူ့ကို လွှတ်ပေးလိုက်ပါ၊ ဝေဒ .. ဟိတ်ကောင်.. မင်း ငါ့ကို ဘာလုပ်ချင်သလဲ ပြော .. မင်းနိုင်ပါတယ်ဆိုရင် မကျေနပ် ဘူးလား .. ငါ့ကို မင်းကြိုက်သလိုလုပ်ကွာ .."

စိတ်ရှိလက်ရှိ ထိုးကြိတ်ထားပြီးမှ ထိုသူ့ရဲ့ အင်္ကျီရင်ဘတ်စကို ပြန်ဆုပ်ဆွဲပြီး တောင်းပန်နေသည်။ ဝေဒ နံရံမှာ ကပ်လျက် တအိအိ ပြိုလဲသွားတဲ့အတိုင်း ဝေဒ ရှေ့မှာ သူပါ ဒူးထောက်ထိုင်ကျသွားခဲ့ပြီး..၊

"ပြောစမ်း .. ဟိတ်ကောင် .. အခု ငါရှုံးပြီကွာ၊ ငါ မင်းရှေ့မှာ



ဒူးထောက်နေပြီ .."

"ဟား .. ဟား .. ဟား .. ဟစ် .. ဟစ် .."

ဝေဒနာနှင့် ရယ်နေသည့် ဝေဒ ရဲ့အသံက ညှစ်ထုတ်လှောင်ရယ် နေမှန်းသိသာနေကာ ဒီတိုင်းရယ်နေတာမရပ် ..၊

"မင်း သူ့ကို ကွာရှင်းပေးမယ်ဆိုရင် ငါ့ဆီက ဘာလိုချင်သ ငါ့ကို ဘာဖြစ်စေချင်တာလဲ .. ပြော .."

"ဟား .. ဟား .. ဟား .. ကောင်းတယ်၊ တော်တော်ကောင်းတယ် ဟား .. ဟား .. ဟား .. ဒါပေမယ့် ငါပြောလိုက်ရင် မင်း ငါ့ရှေ့မှာ တစ်ခါပဲ ဒူးထောက်မှာပေါ့ကွ .."

"ဟာကွာ .. သူတောင်းစား .. အဲ့ဒါ ယုတ်မာဦး .."

"ခွပ် .."

"ခွပ် .."

"ကိုပါ .. ရှင် လက်လွန်လိမ့်မယ်၊ ရှင်ပဲ ထောင်ကျမှာနော် .. သူ့ လူ သေတာ ဘယ်သူမှ လွမ်းမှာမဟုတ်ဘူး .."

"ဟား .. ဟား .. အင့် .. ဟစ် .. ဟစ် .. ဟား .. ဟား .."

သတိလစ်မတတ် နာကျင်နေသည့် ဒဏ်ရာတွေနှင့် ဝေဒ က အ ဝါးတရရယ်နေပြန်ကာ ..၊

"လုပ် .. လုပ်ပါစေ .. ငါ သေသွားရင် ငါ့မယားလိုချင်လို့ အိမ် ထိ တက်ပြီး ကြံခိုတဲ့အမှု နာမည်ကြီးမယ်၊ ပြီးတော့ ငါ့ကို သေအော လုပ်ကြံမှု .. ဟား .. ဟား .. ငါသေပါစေ .. အသားနာတာနဲ့ အသည် နာတာ ဘယ်ဝေဒနာဆိုးသလဲ .. ဟင် .. ဟိတ်ကောင် .. မင်း သိ မှာပေါ့၊ သိချင်တယ် .. မို့လား .. လုပ် .. ထိုးစမ်း .."

"ဟား .. ငါကွာ .. မင်း .."

ဘာမှ မလုပ်နိုင်တော့ဘဲ မချင့်မရဲဒေါသတို့နှင့် အင်္ကျီစကိုသ ဆွဲခါပစ်နေမိကာ ..၊

www.burmeseclassic.com

www.burmeseclassic.com



"မင်း တစ်ခုခုမှမပြောရင် မင်းကိုလည်း သတ်ပစ်မယ်၊ ငါလည်း သေမယ် .. ဘယ်လိုလဲ အဲဒီလိုဖြစ်ချင်တာလား .."

မျက်နှာချင်းနီးကပ်ပြောရင်း ပါဝါ့ မျက်ဝန်းမှာ မျက်ရည်စတို့ စို့စွတ်လာခဲ့၏။

"မင်းက ငါ့ကို အငြိုးကြီးလွန်းလို့ အသေခံရဲသလို၊ သူ့ရဲ့ လွတ်မြောက်မှုအတွက် ငါကလည်း ဘာမဆိုလုပ်မှာ .."

"ဟား .. ဟား .. ဟား .. ကောင်းတယ် .. တကယ်သေရဲနေရင် ရော့.."

သူ့ဘောင်းဘီအိတ်ထဲက ခလုတ်ဓားလေးတစ်ချောင်းကို ထုတ်ယူလိုက်ကာ ဖွင့်ပစ်လိုက်တော့ ဓားဦးချွန်က လေးလက်မခန့်ထွက်လာ၏။

"ရော့ .. ယူလေ .. ဓားမြင်တော့ လန့်သွားပြီလား .."

ဝေဒ က ပါဝါ့ လက်ထဲကို ဓားထည့်ပေးလိုက်၏။ ဓားကိုလက်ခံခြင်း မခံခြင်း မမည်ခဲ့ဘဲ ပါဝါ့ လက်ထဲမှာ ဓားကို သေချာဆုပ်မိသည်နှင့် ဝေဒ မျက်လုံးတွေ ဖိတ်ဖိတ်လက်သွား၏။

ခုနက ဒဏ်ရာဒဏ်ချက်တွေနဲ့ သေအံ့မူးမူးမျက်နှာက ချက်ချင်းကြီး ပြုံးပြက်လက်သွားသလိုရှိကာ ...၊

"လုပ်လိုက်လေကွာ .."

"အင့် .."

"ကိုပါ ..."

ခဏအတွင်းမှာ ဘယ်လိုမှ မထင်မှတ်သည့်ဖြစ်ရပ်က သူမရှေ့မှာတင် ဖြစ်ပျက်ပြီးဆုံးသွားခဲ့၏။

"ဟား .. ဟား .. ဟား .. ခုမှ ပွဲသိမ်းက လှသွားတာ .."

"ကိုပါ .. ကိုပါ .."

မင်းမင်းသော် ပါဝါ့ ကို ပြေးထူလိုက်လျှင် ဗိုက်မှာဓားတန်းလန်းနှင့် သွေးတွေက မြင်လို့မကောင်း ...၊

"သေရဲတဲ့ကောင် သေပြီလေ .. ဟား .. ဟား .. ဟား ငါ့ကိုပါ



မင်းဓာ ခေါ်သွားဖို့ကြံသေးတယ်၊ ဘယ်ရမလဲ ငါက ဆောင်းမင်းသမီးနဲ့ ချစ်ပွဲဝင်ဦးမှာ .. မင်းရဲ့ အငြိုးတွေ ဂလှဲဓားတွေမပါတော့ဘူးဆိုရင် ဒီလောက် ရင်ခုန်အောင်လှတဲ့မိန်းမကို ငါက ရက်စက်ချင်ပါ့မလားကွ.."

ဟားတိုက်ရယ်သံသည် ညဥ့်ယံမှာ အောင်နိုင်ခြင်းတို့နှင့် လွှမ်းခြုံနေခဲ့စဉ် ...၊

"ဟော့ .. ဘာတွေဖြစ်နေကြတာလဲ၊ မင်းမင်း နဲ့ အပါ အဝေါ်မှာလား .."

ဦးသိန်းခံ ၏ အသံကိုကြားလိုက်ရပြီး ...၊

"ငါ့သား ဘယ်မှာလဲ .. ဝေဒ .. ဟော့ .. ဘာတွေဖြစ်နေနေ ချုပ်လိုက်စမ်း .."

တိုက်ခိုက်သတ်ပုတ်ကုန်ကြပြီဆိုသည့် ဖုန်းကို ရလိုက်သဖြင့် အောက်ထပ်ကနေ ဦးမောင်မောင်ကြီး၏ လှမ်းအော်တားဆီးသံကြီးလည်းပါလာသည်။

အခြေအနေကို ထိန်းသိမ်းရန် ဦးမောင်မောင်ကြီးတို့ ကြိုးစားသော်မယ့် အားလုံးက ပြီးဆုံးသွားခဲ့ပြီဖြစ်ကာ ...၊

"ကိုပါ .. ကိုပါ သတိထားပါဦး .."

မင်းမင်း ဘယ်လိုခေါ်ခေါ် ပါဝါ က ငြိမ်သက်နေဆဲ ...၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၇)

သူ သတိရလာသည်နှင့် ဘေးမှာ ဝိုင်းအုံကြည့်နေကြသည့် မျက်နှာတွေကို တစ်ယောက်ချင်းစီကြည့်လိုက်မိသည်။ သူနဲ့ အနီးဆုံးတစ်ဖက်တစ်ချက်မှာ ဖေဖေနဲ့ လေးလေးသိန်း ...၊

"လူလေး သက်တောင့်သက်သာရှိရဲ့လား .."

ပါဝါ ခေါင်းညိတ်ပြလိုက်ပြီး လက်ထောက်ထဖို့ကြိုးစား၏။

"သား .."

"မထနဲ့ဦးလေ လူလေး .. အသက်အန္တရာယ်မစိုးရိမ်ရတော့ပေမယ့် ဒဏ်ရာကြောင့် အကြီးစားအော်ပရေးရှင်းလုပ်ထားရတာ .."

"ကျွန်တော် ပက်လက်ကြီးမနေချင်ဘူး .."

"ခဏတော့ သည်းခံပါဦး သားရယ် .. သား သိချင်တာတွေ ဒီတိုင်းနားထောင်လို့ရတယ်၊ ဖေဖေတို့ ပြောပြပါ့မယ် .."

သားရဲ့ မျက်လုံးတွေ ဘယ်သူ့ကို ရှာနေသလဲဆိုတာ သူ သိသည်။ လူငယ်တွေ ဘယ်လိုတုံ့ပြန်တိုက်ခိုက်နေကြသလဲဆိုတာ ခုတော့ အဖြစ်မှန်ကို သူတို့အားလုံး သိခဲ့ရပြီဖြစ်သည်။



ဦးမောင်မောင်ကြီး စကားစလိုက်ကာမှ လူနာကို စောင့်ကြည့်နေကြသည့် ဆရာဝန်နဲ့ သူနာပြုတွေ အပြင်ထွက်သွားကြ၏။ ပြီးတော့ တခြားမိတ်ဆွေတွေရော မဲပြာ ကာအစ ပစ္စည်းပစ္စယတွေကို ကောက်ကက်သိမ်းပြီး ခပ်သုတ်သုတ်ထွက်သွားလေသည်။

ဦးသိန်းဖဲ နဲ့ ဦးမောင်မောင်ကြီး တို့ မျက်လုံးချင်းတိုင်ပင်လိုက်ကာ ...၊

"ကျွန်တော် မင်းမင်း နဲ့ ချိန်းထားသေးတယ် ကိုကြီးမောင်၊ လူလေး စိတ်ချရပြီဆိုတော့ စကားသွားပြောလိုက်ဦးမယ် .."

ဦးသိန်းဖဲ လည်း ထွက်သွားတော့မှ ...၊

"မင်းမင်းသော် က ဘယ်မှာလဲ .."

"မင်းမင်း က .. အဲ .. မင်းမင်းသော် လို့ခေါ်မှပဲ .."

ဦးမောင်မောင်ကြီး သူ့ဘာသာ ပြင်ဆင်ချက်ထုတ်လိုက်ပြီး ...၊

"သူ တစ်ချိန်လုံးရှိပါတယ်၊ သား ဒဏ်ရာကို အော်ပရေးရှင်းလုပ်ပြီး စိတ်ချရပြီဆိုမှ ထွက်သွားတာ .."

"ဘယ်ကိုလဲ .."

"သူပဲ အားလုံးကို ရှင်းပြသွားတာ၊ ထွက်သွားတာကတော့ အဖြစ်ရှိတဲ့လူတွေကို အပြစ်ပေးမယ်ဆိုရင် သူလည်း အပြစ်မကင်းဘူးလေ၊ ပြီးတော့ သားနဲ့ ဟိုမိန်းကလေးရဲ့ ချစ်ခြင်းကို သူ နားလည်သွားပြီလို့ ပြောသွားတယ်၊ သူနဲ့ သားရဲ့ အိမ်ထောင်ရေးဆိုတာလည်း လုပ်ကြံဖန်တီးမှုတွေမို့လို့ ဒီအတွက် အနှောင်အတည်းလို့ မသတ်မှတ်ပါနဲ့တဲ့ .."

ဦးသိန်းဖဲ က ဒေါ်ယုဇန တို့ရဲ့ လုပ်ရပ်တွေ တစ်ချိန်လုံး ညစ်ညမ်းခဲ့တာကစပြီး ပြဿနာဖြစ်ရတဲ့အထိ မင်းမင်းသော် ပြောပြသည့်အတိုင်း ပြန်ပြောပြခဲ့ပြီး ...၊

"တကယ်တော့ ဆောင်းမင်းသမီး ဆိုတဲ့ မိန်းကလေးကို သား ခြတ်နီးသလောက်မဟုတ်ရင်တောင် ဝေဒ ကလည်း စုံမက်ခဲ့တယ်၊ သူ

www.burmeseclassic.com

www.burmeseclassic.com



ဒီလို နှိပ်စက်ကလူပြုနေရတာက ..”

ဦးမောင်မောင်ကြီး မျက်လွှာချပြီး အကြာကြီးငြိမ်နေသဖြင့် ပါဝါကလည်း တိတ်ဆိတ်စွာ နားစွံ့နေ၏။

“အင်း ..”

ဦးမောင်မောင်ကြီး က စိတ်မသက်မသာသည့် သက်ပြင်းချသံနှင့်အတူ ..၊

“ဝေဒ မှာ ယောက်ျားဖြစ်ရှုံးရတဲ့ ရောဂါဖြစ်သွားခဲ့လို့ပဲ ..”

“ဘယ်လို!...”

ပါဝါ တအံ့တသြဖြစ်သွားခဲ့ပြီး ..၊

“ဖေဖေ ပြောတာက ..”

“ဟုတ်တယ် .. သူ့ကို ကုပေးခဲ့တဲ့ ဒေါက်တာနဲ့ အခု သားတို့ကို ဆေးရုံတင်ရမှ တွေ့ပြီး ပြောဖြစ်တာ ..”

“သားတို့ဆိုတာက ..”

“ဆောင်းမင်းသမီး ကိုလည်း သားနဲ့အတူတူ ဆေးရုံတင်ခဲ့ရတာလေ၊ သူ့ကိုယ်မှာ ဒဏ်ရာဒဏ်ချက်တွေရှိတယ်၊ ပြီးတော့ နှိပ်စက်ကလူပြုခံထားရတဲ့အရှိန်နဲ့ ဆေးရုံရောက်တဲ့အထိ သူလည်း သတိမရသေးဘူး..”

“ခု .. ‘မ’ ဘယ်မှာလဲ ..”

“သား .. အဲဒါကို မျက်လုံးတွေ စပွင့်လာတည်း မေးချင်နေတာ ဖေဖေ သိပါတယ်၊ ဒါပေမယ့် သားက လိုရင်းကို မသွားရဲသလို ဖေဖေလည်း ပြောလို့မထွက်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူက ထွက်သွားပြီ၊ ဖေဖေတို့လည်း ဂရုစိုက်ချိန်မရလိုက်ဘူး၊ သူ့ဘက်ကို လှည့်မိတဲ့အချိန်မှာ သူ ဆေးရုံမှာ မရှိတော့ဘူး ..”

ပါဝါ့ မျက်နှာမှုန်ကုတ်ညိုမှောင်သွားခဲ့၏။

“ဒီလောက်ထိ ဖြစ်ခဲ့ကြတာတောင်မှ .. ကျွတ် ..”

မျက်လုံးတွေကို မှိတ်ပစ်လိုက်ပြီး မချင့်မရဲအံကြိတ်နေလျှင် ဦး



မောင်မောင်ကြီး က သူ့လက်ကို ဆုပ်ကိုင်ထားလိုက်ကာ ..၊

“သူ ဝေဒ ဆီကို ပြန်သွားတာမဟုတ်ဘူး သား၊ သွားဖို့လည်း မလိုဘူး၊ ဒီမိန်းကလေးကိုရဖို့အတွက် ဝေဒ က မဟုတ်မဟာတွေလုပ်ကြံဖန်တီးခဲ့တာ ..”

ပါဝါ့ မျက်လုံးတွေ စိတ်ဝင်တစား ဝင်းတက်လာ၏။ မိဘချင်း တွေ့ဆုံပြုခဲ့ကြသည့် အဖြစ်ပေါ်မှာ အခွင့်ကောင်းယူကာ ဝေဒ က ဘာမဆိုင် ညာမဆိုင် လိမ်ညာလှည့်စားသွားသည့်အဖြစ်တွေကို ဦးမောင်မောင်ကြီးက သေချာပြောပြ၍ ..၊

“တကယ်တော့ ဆောင်းမင်းသမီး ရဲ့ မိဘတွေကို ကူညီခဲ့တဲ့ မိသားစုက ဖေဖေတို့ပဲ သား ..”

“ဗျာ!...”

“သား အံ့သြသွားလား ..”

“ဟုတ်တယ် .. ဒါတွေဟုတ်နေရင်တောင် ဖေဖေက ခုမှ ဘယ်လို..”

“ဖေဖေ့ဆီ ကိုကိုမျိုးမင်း ရဲ့ သမီးအငယ် နွေ ဆိုတဲ့မိန်းကလေး ဖုန်းဆက်တယ်လေ၊ သူက သူ့အစ်မ အညာခံနေရတာကို သိတယ်၊ ကြွေးမြီရှင် တကယ့်အစစ်ကိုမသိဘူး၊ အဲ့ဒါကြောင့် သူ့နည်းသူ့ဟန်နဲ့ စုံစမ်းပြီး ဖုန်းဆက်တာ ..”

မိဘကိုယ်တိုင်ရော ကြွေးရှင်တွေကအစ လူငယ်တွေမသိအောင် ဖုံးဖိခဲ့ကြသဖြင့် မိဘတွေဆုံးပါးသွားချိန်မှာ သမီးတွေက ဘာမှမသိခဲ့ရဘဲ ကျန်ခဲ့ကြ၏။

ဒါကို အားနည်းချက်တစ်ခုမှန်း သိခဲ့ရသည့် ဝေဒ ကတော့ သူ့ဘာသာ သတင်းစလေးတစ်ခုရတာနှင့် စောရဲနိုင် နဲ့ တိုင်ပင်ပြီး လုပ်ကြံ ဇာတ် လိမ်ဆင်ခဲ့သည်။

စောရဲနိုင် ကလည်း အစကတော့ ယောက်ျားချင်းမို့ အားလည်းသည်။ လုပ်ငန်းတူမိတ်ဆွေတွေမို့ လိုအပ်သမျှ ကူညီနေခဲ့၏။ နောက်ပိုင်းမှာ

www.burmeseclassic.com

www.burmeseclassic.com



နွေ နဲ့ ရင်းနှီးမှုပိုလာကာ ချစ်ခင်ယုံကြည်မှုတွေပါ ရှိလာကြတော့ ဒီကိစ္စတွေက အလိုလိုပေါ်ကုန်လေသည်။

"ထူးဆန်းတာက ဖေဖေတို့လူကြီးချင်းက လုပ်ငန်းနဲ့ရော အသိုင်းအဝိုင်းနဲ့ရော ဘာနဲ့မှ မသက်ဆိုင်ခဲ့ဘဲ ကိုယ့်ထက်နိမ့်ပါးတဲ့မိသားစု အမြင်နဲ့ ကူညီပေးခဲ့ကြရုံပဲရှိကြတာ၊ အဲဒါကြောင့် ဖေဖေတို့ ဒီလိုပတ်သက်မှုရှိနေတာကို ဘယ်သူမှ မသိလိုက်တာပေါ့ .."

ဦးမောင်မောင်ကြီး က ရှိခဲ့တဲ့ အတိတ်ကိုရော၊ နွေ ဖုန်းဆက်ရှင်းပြသမျှအားလုံးကိုရော သေချာနားလည်အောင် ရှင်းပြနေခဲ့၏။

"နွေ ဆိုတဲ့ မိန်းကလေးက သူ့အစ်မ ခုလို ဖြစ်သွားတာ သူ့ပယောဂ မကင်း ဘူးလို့ ခံစားနေရတဲ့ပုံပဲ၊ ဒါကြောင့် နောက်ကွယ်ရောက်နေခဲ့တဲ့ လျှို့ဝှက်ချက်တစ်ခုကို ရအောင်စုံစမ်းပြီး ဖေဖေတို့နဲ့ ဆက်သွယ်ခဲ့တာ၊ ဖုန်းပြောမိကြကာမှ သူလည်း ဖေဖေတို့မှန်း သိသွားတာ သားရဲ့၊ ဒါကြောင့်လည်း နောက်ဆက်တွဲကူညီပေးဖို့တွေပါ သူ တောင်းဆိုခဲ့တာ .."

ကံကြမ္မာ လက်တစ်လုံးခြား စီရင်ချက်ချခဲ့တာကို သိလိုက်ရတော့ ဦးမောင်မောင်ကြီး ထိတ်လန့်သွားခဲ့သည်။ ပြီးတော့ စိုးရိမ်စိတ်တွေ ဖြစ်လာခဲ့မိသည်။

ဒါကို သိလိုက်ရသည့်နေ့မှာပဲ ပါဝါ တို့ ရန်ဖြစ်ကြသည့်သတင်းတို ရခဲ့၏။ ဒဏ်ရာအနာတရဖြစ်သွားတာကို သိပေမယ့် သားရဲ့ စိတ်ကို သိနေသဖြင့် အချိန်မတော် ချက်ချင်းထလာဖို့အတွက် တုံ့ဆိုင်းနေခဲ့မိသည်။

ထိုအချိန်မှာပဲ မင်းမင်း ဖုန်းဆက်လာခဲ့တာဖြစ်၏။

"တကယ်ဆို ဖေဖေတို့ကလည်း ခင်မင်စိတ်နဲ့ ကူညီပေးခဲ့ကြတာပဲရှိတာ၊ သူ့မိသားစုကို သိလည်းမသိဘူး၊ သိဖို့လည်း စိတ်မဝင်စားခဲ့ဘူး၊ ဒါကြောင့် ကလေးတွေကို မသိခဲ့တာလေ ..၊ နှစ်တွေကြာခဲ့ပြီဆို



တော့ ပိုဝေးသွားတာပေါ့၊ နောက်ပြီး ကိုမျိုးမင်း က နာမည်နောက်တစ်မျိုးရှိသေးတယ် .. အဲဒါကြောင့်ပဲ ပိုရှုပ်ကုန်တာလည်း ဖြစ်နိုင်တယ်.."

"ဖေဖေတို့က ဟိုအရင်တည်းက သိခဲ့ကြတာပေါ့ .."

"ဆေးရုံမှာလေ .. မိန်းကလေးတွေရဲ့အမေက သူနာပြုဆိုတော့ သားက ငယ်ငယ်တည်းက ချူချာတဲ့အတွက် ဆေးရုံဆေးခန်းသွားနေရတဲ့အချိန်က ပိုများတာကိုး၊ အဲဒီမှာ အမေနှစ်ယောက် သံယောဇဉ်တွေ ဖြစ်ခဲ့ကြတာ၊ တစ်ယောက်ရဲ့ အတွင်းရေးကို တစ်ယောက်က သိနေတဲ့ အထိ သူတို့ ရင်းနှီးကြတယ်၊ နောက်ပိုင်း အဲ့ .. ဒေါ်နွေသဲ ဆိုလား နွေသန္တာ ဆိုလား .. သေချာတောင် မမှတ်မိတော့ဘူး၊ သူ့ ကျန်းမာရေး ဆိုးရွားလာတော့ အဲ့ဒီ သူနာပြုကို သားရဲ့ အမေက ပြန်ပြီး လူနာစောင့်သွားရတဲ့အထိအဖြစ်ပေါ့ .."

ဒေါ်နွေသဲ သွေးလေချောက်ချားပြီး စိတ်ကစဉ့်ကလျားဖြစ်ရတဲ့ အထိ ဆိုးရွားလာတော့မှ ဦးမျိုးမင်း ကို ရင်းနှီးခဲ့ကြတာဖြစ်သည်။

"သူ့ခမျာလည်း သမီးလေးနှစ်ယောက်နဲ့ ကြိုးစားရုန်းကန်ရှာပါတယ်၊ အသက်မကြီးသေးဘဲ မျက်စိမှုန်ရတဲ့အထိ ဘယ်လောက်ထိ ဆင်းရဲပင်ပန်းခဲ့သလဲ သား တွေးကြည့်လေ ..၊ ဖေဖေတို့ ကူညီခဲ့တာတွေက မျှော်လင့်ချက် မပါပါဘူး၊ နည်းနည်းကနေများလာတော့ သူ့အိမ်နဲ့ ခြံကို သိမ်းဖို့ သူကိုယ်တိုင်လာအပ်တယ်၊ ဖေဖေ လက်မခံခဲ့ဘူး .."

ကိုယ့်ဘက်က အမှတ်တမဲ့ကြည့်ရှုထောက်ပံ့ခဲ့တာပေမယ့် တစ်ဖက်မှာ ဝန်ထုပ်ဝန်ပိုးကြီးလိုဖြစ်နေခဲ့မှန်း ထိုအခါကျမှ သိခဲ့ရသည်။ ထို့ကြောင့် ဒီကိစ္စ ကလေးတွေကို မသိစေချင်ပါဘူးဆိုသည့် ဦးမျိုးမင်း၏ ဆန္ဒကို ဦးမောင်မောင်ကြီး ကျေကျေနပ်နပ်ခေါင်းညိတ်ပေးခဲ့၏။

"ကျွန်တော်တို့ ဘာကိုမှ ပြန်ရရင်ကောင်းစေလို့ မမှတ်ခဲ့ပါဘူး၊ ဒါတွေကိုလည်း ပြန်ယူသွားပါ၊ ခင်ဗျား ဇနီး ခုလိုဖြစ်သွားရတဲ့အတွက် တကယ်ကို စိတ်မကောင်းဖြစ်မိပါတယ် .."

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က ပြောခဲ့တာတွေကိုတောင် မှတ်မိနေပါသေးသည်။ ဒါပေမယ့် ပုံရိပ်တွေကတော့ ကိုယ်တိုင်ရင်းနှီးကျွမ်းဝင်ခဲ့တာ မဟုတ်သည့်အတွက် ခပ်ဝါးဝါး ..။

"ဘာပဲဖြစ်ဖြစ် သားရယ် .. နွေ ဆိုတဲ့မိန်းကလေးရယ်၊ ဆောင်းမင်းသမီး ရယ်က .. ဖေဖေတို့ မိသားစုနဲ့ လုံးဝ စိမ်းသက်ခဲ့တဲ့ကလေးတွေမှ မဟုတ်တာ၊ ဒါကြောင့် နွေ တောင်းဆိုတဲ့အတိုင်း ဝေဒ လက်ထဲက သူ တကယ်လွတ်မြောက်ချင်ရင် ကူညီဖို့ပြင်ဆင်ပြီးသားပါ .."

ပါဝါ့ မျက်နှာ မကြည်လင်ခဲ့ပေ ..။ 'သူတကယ်လွတ်မြောက်ချင်ရင်' ဆိုတဲ့စကားက သူ့ရင်ထဲကို မီးစတစ်စပစ်သွင်းလိုက်သလိုပင် ..။

"သူက ငါ့ယောက်ျားဖြစ်နေပြီ .."

"အိမ်ထောင်ပြုတယ်ဆိုတာ ကိုယ် ဘယ်လောက်ထိ စိတ်ချမ်းသာရာရမလဲလို့ ရွေးချယ်တဲ့ပွဲမဟုတ်ဘူး .."

"မင်း ဒီကနေ ထွက်သွားစမ်းပါ၊ မင်း ငါ့နားမှာရှိနေရင်သာ နေလိုမီးလိုပူတာ .." တဲ့ ..။

ဒီစကားတွေကို သူ့မျက်နှာကိုကြည့်ပြီး သူမ ပြောခဲ့သည်။ ဒီလောက်ထိ ငြင်းဆန်ပုတ်ထုတ်နေသည့် သူမ့ လက်တွေကိုမှ မိမိရရ ဆုပ်ဖမ်းပြီး ဆွဲထုတ်ဖို့ သူ ကြိုးစားခဲ့သည်။

ဒါပေမယ့် ခုတော့ သူမက ရှောင်ပြေးခဲ့ပြန်ပြီ ..။ ပြာပူမှန်းမသိလို့ ပြန်ခုန်ဆင်းဖို့ ကြိုးစားတာလား ..၊ ဒါမှမဟုတ် တစ်ခုခုကိုအရှုံ့တိုက်ပြီး ကိုယ့်ဘဝကို တမင်နစ်မွန်းအောင် ကြံစည်နေတာလား ..။

'မ' ဘယ်ကိုထွက်သွားတာလဲ ..၊

"သား .."

သူ မျက်လုံးတွေ မှိတ်ပစ်လိုက်တိုင်း ရိုက်ခတ်သွားမည့်နာကျင်မှုကို ဦးမောင်မောင်ကြီး က နားလည်နေသည်။ သားရဲ့လက်ကို ခပ်ဖွဖွ ထွေးဆုပ်၍ ပြုံးမိကာ ..၊



"သူ ဝေဒ ဆီကို ပြန်ပြေးရလောက်အောင် မမိုက်ပါဘူး၊ ဒါပေမယ့် သားဆီကို ပြန်လာဖို့တော့ ခက်လိမ့်မယ် .."

"ကျွန်တော် ဒါကို မရမက မဖန်တီးဘူး ဖေဖေ၊ ကျွန်တော့်မှာလည်း.."

"သားလည်း အခု လူလွတ်ဖြစ်သွားပါပြီ၊ ဒါပေမယ့် သားတို့ ပြန်ဆုံဖို့က .."

"သူလည်း ဒီတိုင်းထင်နေတာပဲ၊ ကျွန်တော် သူ လွတ်မြောက်ဖို့ ကြိုးစားခဲ့တာမှာ ပြန်လည်ရယူဖို့ မပါဘူး ဖေဖေ .."

"ဖေဖေသိတယ် .. ဒါပေမယ့် သူကတော့ ကြောက်နေလိမ့်မယ်.."

"ဘာကိုလဲ ဖေဖေ .."

"လောလောဆယ် ဝေဒ နောင့်ယှက်မှာကိုပေါ့၊ သူ အိမ်ထောင်ကျပြီဆိုတည်းက နှိပ်စက်ခံခဲ့ရတော့ ဦးချိုးခံလိုက်ရတဲ့အပင်လိုပဲ၊ ငယ်ကြောက်ကို ဆံပင်ဖြူတဲ့အထိ အသံကြားတာနဲ့ သေးပါအောင် ကြောက်သလိုမျိုး၊ ဒါတွေကို မေ့နိုင်အောင် သူ တော်တော်ကြိုးစားရမှာ .."

"ကျွန်တော့်ကို သူ နှုတ်မဆက်အကြောင်းမကြားဘဲနဲ့ .."

စကားကိုတောင် ဆုံးအောင်မပြောချင်တော့ပေ ..။ ''မ' လုပ်ရက်တယ်' ဆိုသည့်စကားကိုသာ ရင်ထဲမှာ တိတ်ဆိတ်စွာ မြည်တမ်းနေခဲ့၏။

"အခု ဝေဒ မှာ အပြစ်တွေအများကြီးဖြစ်နေပြီ၊ လင်မယားချင်း စိတ်လိုက်မာန်ပါ လက်ရောက်တာမျိုးမဟုတ်ဘဲ တမင်တကာ ကြိုတင်ကြံစည်ပြီး နှိပ်စက်ကလူပြုနေခဲ့တာတွေ၊ မင်းကို သေစေအောင် ကိုယ်ထိလက်ရောက် တွန်းပို့ခဲ့တာတွေ၊ သူ့ရဲ့ လိမ်ညာလှည့်ဖြားမှုတွေရောပဲ .. မိန်းကလေးကသာ ဆန္ဒရှိမယ်ဆိုရင် သူ့ဘက်က တရားစွဲလို့တောင်ရသေးတယ် ..၊ အခု ဝေဒ က အားလုံးရဲ့ တရားခံဖြစ်နေပြီ .."

"သူ့ကို ကျွန်တော် စိတ်မဝင်စားဘူး ဖေဖေ၊ အစတည်းက အချိန်မရွေး အမှုန့်ချေပစ်လို့ရတဲ့ မြေကြီးလိုကောင်မျိုးပဲ၊ ဒါပေမယ့် 'မ'ကို ဘယ်လိုထွက်သွားနိုင်းလို့မှ မရခဲ့လို့ .. ကျွန်တော့် .."

www.burmeseclassic.com

www.burmeseclassic.com



"သား ဘယ်လောက်ထိ အစွမ်းကုန် ကြိုးစားပေးခဲ့သလဲဆိုတာ ဆဖေ့ကို မင်းမင်း ပြောပြခဲ့တယ်၊ ဒါကြောင့်လည်း သားတို့ရဲ့ အချစ်ကို.."

"ကျွန်တော်က တစ်ဖက်သတ်ပါ .."

"မင်းမင်း ပြောသွားတာတော့ သားကိုလည်း ဟိုမိန်းကလေးက ခတော်တော်ချစ်ခဲ့တယ်ဆိုပဲ .."

ပါဝါ့ မျက်နှာမှာ နားမလည်နိုင်ခြင်းတွေ ယှက်သမ်းသွား၏။ ခင်းမင်းသော် ဘာကိုကြည့်ပြီး ဒီလိုပြောသွားတာလဲ ..၊

"ပြီးတော့ သူ သားအပေါ်မှာ အများကြီး ကူညီခဲ့တယ်ဆိုတာ ဘစ်နေ့နေ့တော့ သိလာမှာပါတဲ့ .."

"ဘာတွေလဲ ဖေဖေ .."

"ဖေဖေလည်း မသိဘူး၊ ဒီတော့ သားအားလုံးကို ကိုယ်တိုင်ရှင်း သင်းသွားအောင် ကျန်းမာရေးကိုပဲ ဂရုစိုက်ပါ၊ ဝေဒ ကိစ္စကို ဖေဖေတို့ ဘြည့်စီစဉ်မယ်၊ ဆောင်းမင်းသမီး ပျောက်နေတာကိုတော့ မတတ်နိုင် သေးဘူးပေါ့၊ တစ်ခုတော့ ကတိပေးပါ သားရယ် .. သား မိဘရိပ်အောက် ၼနေ ဘယ်မှ ထွက်မသွားပါနဲ့၊ စီးပွားခွဲချင်ရင် ပြောပါ၊ ဖေဖေနဲ့ အတူ နေချင်ရင်လည်း ဖြစ်တယ် .."

ဦးမောင်မောင်ကြီး က ပြောလက်စကို ခဏနားပြီး စိုက်ကြည့် ပည်။ ပြီးမှ ..၊

"ဖေဖေ့ မျက်စိအောက်မှာ သားကို ရှိနေစေချင်တာ .."

သူ ခေါင်းညိတ်မိသလား၊ မညိတ်ခဲ့မိဘူးလားမသိလိုက်ပေ ...။ ရင်ထဲ ၁ တင်းကျပ်နေတာက မနက်ဖြန်တွေက သူ့အတွက် အဓိပ္ပာယ်မဲ့နေ၏။



## အခန်း (၃၈)

မနက်ဖြန်များစွာ ကုန်ဆုံးသွားခဲ့ပြီးသည့်နောက်မှာ သူ ဘာတွေ ပြောင်းလဲသွားခဲ့သလဲဆိုတာ ကိုယ့်ဘာသာ ဆန်းစစ်မိသည်။

မဖြတ်မတောက်ဘဲ ထားခဲ့သည့် ဆံပင်တွေက ခါးမရောက်တရောက် ထိရှည်လာကြကာ ဘေးခွဲတစ်ဖက်ဆောင်းလေးကျနေတတ်သည့် ဆံမြိတ် တွေက နဖူးကနေ သိမ်းလှန်ပြီးနောက် ဆံပင်တွေပေါ်မှာ ကလစ်နဲ့ ဖိညှပ်ထားခြင်းသို့ ပြောင်းသွားခဲ့သည်။

သူမ ပို၍ရင့်ကျက်တည်ငြိမ်သည့် ဆောင်းမင်းသမီး ဖြစ်နေပါပြီ။

တစ်ယောက်တည်း ဆေးရုံဝင်းကြီးရဲ့ နောက်ဘက် ကော်ရစ်ဒါ မှာ လက်ပိုက်လေးရပ်ငေးနေမိရင်း ကာလနဲ့ ဝေဒနာ ဘာကြောင့် တွဲစပ် မပြောင်းလဲခဲ့သလဲဆိုတာဆီ အတွေးရောက်သွားခဲ့၏။

သေသောသူ ကြာရင်မေ့ဆိုပေမယ့် မသေတဲ့လူကို မေ့ဖို့အတွက် ကျတော့ ကာလကြာရှည်ခြင်း မရှည်ခြင်းနဲ့ မဆိုင်ဘူးလား ..

သူမ မေ့မရနိုင်တာတွေကို ဘယ်အချိန်မှာမှ မေ့ပြစ်အောင် ဘယ်လိုကြိုးစားပေမယ့် မရ ...။

"နင်က သတိမေ့နေလို့ ဘာမှ မမြင်တာ မင်းသမီးရဲ့ ...၊ နင့်အတွက်

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ကိုပါ ကိုဝေဒ ကို တောင်းပန်နေတာ နင့်အတွက်လေ၊ အဲဒီလိုချစ်ခဲ့တဲ့ လူကို နင်က ထပ်ပစ်ထားခဲ့တယ် ..”

“ငါက အနားမှာရှိနေတဲ့သူမို့လို့ သိတယ်၊ သူ တစ်ချိန်လုံး နင့်အတွက်ချည်းပဲ တွေးနေခဲ့တာ၊ နင်တို့ရဲ့ အချစ်တွေကို ငါ လေးစားပါတယ်၊ ဒါကြောင့် ငါ ကျေကျေနပ်နပ် နောက်ဆုတ်ပေးခဲ့တာ၊ ဆက်ပြီး ရပ်တည်နေဖို့လည်း မသင့်တော့ပါဘူး၊ ငါ ထွက်လာခဲ့တဲ့အထိ ဟိုကိစ္စကြီးကို ပြောမထွက်လို့ မပြောခဲ့ဘူး ..”

မင်းမင်းသော် သူမရှိရာကို ရောက်လာတော့ ပြဿနာတွေပြီးခဲ့တဲ့ ခြောက်လကျော်အချိန်က ဖြစ်သည်။ ခုဆို နှစ်နှစ်နီးပါးကြာခဲ့ပြီဖြစ်သည်။

ပြီးတော့ သူမက အကျင့်အတိုင်း မျက်နှာလေးပျက်သွားလည်း ခဏသာဖြစ်ကာ နာကျင်စရာတွေပြီးတော့ ရယ်သေးသည်။

“ငါ အမေရိကကို သွားတော့မှာ ..”

လို့ တစ်ခါတည်း နှုတ်ဆက်ခဲ့၏။ ထို့ပြင် ..၊

“ငါ့ကို ကိုပါ့ အဖေက ဘဏ်အကောင့်(ထ်)ထဲမှာ ငွေတွေအများကြီး ထည့်ပေးထားတယ်၊ အဲဒါတွေနဲ့ ကမ္ဘာပတ်လိုက်ဦးမယ်၊ နင်တို့နဲ့ ငါ ပြန်ဆုံဖို့က ဆုံဖြစ်ဖို့လည်း သိပ်မရှိတော့ ရင်ဖိုစရာကိစ္စလေးတစ်ခု ပြောခဲ့ဦးမယ် သိလား ..”

သူမ ပြောသွားသည့်အကြောင်းက တကယ်တော့ ရင်ဖိုစရာကိစ္စ သေးသေးလေးမဟုတ်ပေ ..။ သေလူအဖြစ် စိတ်ဒုံးဒုံးချလည်စင်းနေခဲ့ပြီးမှ ကိုယ့်အသက်ကို ပြန်ရခဲ့ခြင်းဖြစ်၏။

“တကယ်တော့ ငါ့မှာ ဘာရောဂါမှ မရှိဘူး၊ ငါနဲ့ နာမည်တူ၊ အသက်တူ၊ အဖေနာမည်ချင်းပါ ဆင်ဆင်တူနေတဲ့ တစ်ယောက်နဲ့ ငါ့ နာမည်မှားပြီး ဆေးစစ်ချက်ဝင်လာတာ၊ အဲ့ဒါကို ငါ တော်တော်နောက်ကျမှ သိခဲ့တာ ..၊ ဘာဖြစ်လဲနော် .. ဝေဒ ဆိုတဲ့လူက ဒီရောဂါရှိလို့ ငါ့ကို ငွေပေးခိုင်းတယ်၊ ငါ့မှာ ရောဂါရှိတယ်ထင်ပြီး ခေါ်သထွက်တိုင်း လက်ဖျားနဲ့တောင် မထိရဲဘူး၊ မကောင်းဘူးလား ..” တဲ့ ..။



သူမက ရယ်စရာလိုပြောနိုင်သေးသည်။ အစတုန်းက ကိုယ့်ကိုယ်ကိုယ် ရောဂါသည်ဆိုပြီး ကြေကွဲခဲ့ပေမယ့် ဝေဒ ကမ်းလှမ်းတာကိုလည်း လက်ခံခဲ့သော်ငြား ..၊

ပါဝါ့ ကိုတော့ ဒါကြောင့် မထိခိုက်စေချင်တဲ့ စေတနာ အစကတည်းက ရှိခဲ့တာပါ။

ထို့ကြောင့် ပတ်ဝန်းကျင်ဂုဏ်သိက္ခာနဲ့ ချည်တုပ်ပြီး လူကို အပိုင်သိမ်းထားခဲ့ပေမယ့် သွေးသားဖောက်ပြန်ဖို့ထိ သူမ မမြှူဆွယ်ခဲ့ပေ..။

တခြားသော စိတ်ထိခိုက်ခြင်းမျိုးနဲ့လည်း ဒုက္ခပေးဖို့ စိတ်မကူးခဲ့ပါ။ ထို့ပြင် နီးစပ်မှုတိုင်းမှာ သာယာတတ်ခြင်းမရှိခဲ့သော ပါဝါ့ စိတ်ကိုလည်း လေးစားအထင်ကြီးခဲ့၏။

“ငါ ဒီအကြောင်းကို နင့်တစ်ယောက်ပဲ ဖွင့်ပြောတာနော်၊ နင်က တစ်ဆင့် ပြောချင်ရင်-ကိုပါ တစ်ယောက်ကိုပဲပြော၊ မလိုအပ်ဘဲ မဖွနဲ့..”

သူမက ကိုယ့်အစီအစဉ်နဲ့ကိုယ် ဟုတ်လို့ပါ ..။

“ဝေဒ ဆိုတဲ့လူ နင့်ကိုလည်း ဆုံးရှုံးရ၊ စီးပွားလည်းပျက်နဲ့ ရှုံးကြောင်မူးကြောင်တွေဖြစ်နေတာလေ၊ ငါ သူ့ဆီရောက်သွားတုန်း ခြေထောက်ခေါက်သလိုလုပ်ပြီး သူ့လက်ကို လက်သည်းရာထင်အောင် ဖမ်းဆွဲပစ်လိုက်တာ သွေးထွက်သွားတယ်သိလား၊ ဒီလူတော့ ရှူးကျန်ခဲ့တာပဲ..”

ဝေဒ က မင်းမင်းသော် နဲ့ ထိခိုက်မိမှာကို တီကိုဆားနဲ့ ထိသလို ကြောက်ရွံ့နောက်တွန့်တဲ့သူဖြစ်သည်။ သွေးထွက်အောင် ကုတ်မိလိုက်သည်ဆိုတော့ ..၊

“ငါ အတင်းတောင်းပန်ပြီး ကားမောင်းပြေးလာခဲ့တယ်၊ ဆွေ့ဆွေ့ခုန် ဖြစ်ကျန်ခဲ့တာများ တကယ်ရယ်စရာကြီး၊ ဟွန်း .. ဒီလောက်တော့ သူ ခံစားသင့်တယ်မို့လား .. အားလုံးကို ဝါးလုံးရှည်နဲ့ ယမ်းသလိုလှည့်ပတ်ပြီး ဒုက္ခပေးလာခဲ့တာ အလကားလူယုတ်မာ ..”

ဖြစ်ကျန်ခဲ့မယ့်ပုံကို မျက်လုံးထဲမှာ မြင်လာအောင် မင်းမင်းသော်က သရုပ်ဆောင်ပြခဲ့သေးသည်။ ထို့နောက်ပိုင်းမှာ သူမ ရောက်မလာခဲ့

www.burmeseclassic.com

www.burmeseclassic.com



တော့ပေ ..။

ကိုယ်လည်း တခြားလူ နောက်ထပ်ရှာဖွေမလာနိုင်တော့အောင် မြန်မာပြည်အနှံ့ ထင်သလိုသွားလာနေခဲ့တာ မိန်းကလေးတန်မယ့် ခြေသလုံးအိမ်တိုင်ဖြစ်နေခဲ့ရ၏။

ပြီးတော့ သူမ မပတ်သက်ချင်တော့တာ နေ့ ..၊

နေ့ ဘဝက အများကြီးတိုးတက်ပြောင်းလဲနေပြီဖြစ်ကာ တတွတ်တွတ်ဆုံးမနေခဲ့သည့် ကိုယ်ကတော့ လူတောမတိုးတော့သည့် သိမ်ငယ်မှုများနှင့် လိပ်လိုတစ်သက်လုံး ခေါင်းဝှက်ထားရတော့မည်။

ဝေဒ ကို လက်ထပ်ဖို့ ဆုံးဖြတ်လိုက်သည့် ခြေလှမ်းကနေ စတင်မှားယွင်းခဲ့တာ ဒီနေ့ထိ မှန်ခဲ့တာ ဘာရှိသလဲ ..၊

"ဘယ်ရောက်နေသလဲမှတ်နေတာ .. ဒီမှာ လာခွေးနေတာကိုး.."

"မမချယ် .."

ဒေါက်တာချယ်ရီဖြူ က နားကြပ်တောင်မသိမ်းရသေးဘဲ ဒီတိုင်းကိုင်ထားလျက်နှင့် သူမဆေးကို ရောက်လာကာ ..၊

"ရော့ .. ဒီမှာ ပေးရှန့် လိပ်စာ၊ ဦးအောင်ရင် တဲ့ .. စစ်မှုထမ်းဟောင်းကြီးပဲ၊ အသက်က ခုနစ်ဆယ်ကျော်ပြီ၊ နည်းနည်းတော့ စိတ်ဇောကြောင်တယ်၊ အသက်ကြီးလာလို့ သူငယ်ပြန်တာမျိုးပေါ့ .. အပျွန်း.. စိတ်တော့ ရှည်ရမယ် .."

"ရပါတယ် မမချယ် .. သူက ဘာရောဂါမှမရှိဘဲ မထနိုင် မကြွနိုင်တာလား .."

လိပ်စာကဒ်လေးကို ဖတ်ကြည့်ရင်း မေးမိသည်။ ဒေါက်တာချယ်ရီဖြူက ခေါင်းညိတ်၍ ..၊

"ဟုတ်တယ် .. ထမလွယ် .. ကြွမလွယ်တာမျိုးပါ၊ ရောဂါသည်မျိုးကြီးမဟုတ်ဘူး၊ သူ့ရဲ့ အဓိကပြဿနာက စာဖတ်ချင်နေတာပဲ၊ သူမဖတ်နိုင်တော့ ဖတ်ပြနေမယ့် လူလိုတာပေါ့၊ အဲဒါကြောင့် ငါ့ညီမသက်တောင့်သက်သာနဲ့ တာဝန်တစ်ခု ပြီးသွားမှာပါ .."



"ဟုတ်ကဲ့ .."

"ကျွန်းမာရေးလေး ဂရုစိုက်စစ်ဆေးပေးရမယ်၊ ဆေးတိုးဆေးတိုက်လိုအပ်သလိုပါမယ်၊ အထူးကတော့ သူ့ကို သူ ဖတ်စေချင်တဲ့ စာအုပ်တွေ မညည်းမညူဖတ်ပြဖို့ပဲ .."

"ဟုတ်ကဲ့ မမချယ် .."

"သူတို့လင်မယားနှစ်ယောက်ပဲရှိတာ အရမ်းအေးချမ်းတယ်၊ မင်းခင်စိတ်ချလက်ချသွားလို့ရပါတယ် .."

ခေါင်းညိတ်ရင်း ကျေးဇူးတင်စကားပြောလိုက်မိသည်။ ကိုယ့်စိတ်ငြိမ်သက်ဖို့အတွက် ပထမဆုံး အလုပ်ပြန်စဖို့ ကြိုးစားမိသည့်အချိန်သည် ..၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၉)

ညနေပိုင်းပေမယ့် မိုးတွေအုံ့ဆိုင်းနေသဖြင့် အိမ်ထဲဝင်လိုက်တော့ လျှပ်စစ်မီးတွေ တစ်အိမ်လုံး ဖွေးနေအောင် ဖွင့်ထား၏။

"မင်းက .. မင်းမင်း ဆိုတဲ့ နာ့စ်လား .."

"ဟုတ်ကဲ့ .. ဘွား .."

"အေး .. ဒေါက်တာချယ်ရီ ဖုန်းဆက်ထားပါတယ်၊ အဲဒီကနေ တက်သွား .. ထိပ်ဆုံးက အခန်းပဲ .."

အသက်ခုနစ်ဆယ်အရွယ် လူမမာ၏ ဇနီးသည်က အသက်ဘယ်လောက်မှန်း မသိပေမယ့် အမြင်အရဆို အသက်ခြောက်ဆယ်လောက်ပဲ ထင်ရသည်။

လေသံက သိပ်မမာဘဲ မျက်နှာကတော့ တင်းမာနေ၏။

"ဘာမေးစရာရှိသေးလို့လဲ .."

"ဟိုလေ .. ကျွန်မက ဒီနေ့ အလုပ်စဆင်းမှာမဟုတ်ပါဘူး၊ ခုလာတာက .."

"သိတယ်လေ .. မင်း ပြုစုရမယ့် ပေးရှန့် ကို မကြည့်တော့ဘူး



လား .."

သူမ ခေါင်းညိတ်လိုက်ရ၏။ ပြီးတော့ နွေ နဲ့ ဖုန်းပြောဖြစ်တုန်းက စကားတွေကို သတိရမိသည်။

"မမက နွေ နဲ့ လာကူပါဆိုတော့ မဟုတ်ဘူး .. ဘာလဲ ကိုယ့်ညီမကိုတော့ အောက်ကျမခံနိုင်ဘူးဆိုတဲ့ မာနတွေလား၊ သူနာပြုအလုပ်ကို မြန်လုပ်ဖို့ စိတ်ကူးတဲ့အထိ မမ ဒီလောက်တောင် သွေးအေးတာ အံ့သြတယ် .."

"ငွေမရှိလို့ သူများအသုံးချတာကိုလည်း ခံခဲ့ရပြီးပြီ၊ သူဌေးတွေက လာပါယူပါ ခေါ်နေတော့လည်း ကိုပဲ့ လိုလူကို ခေါင်းခါခဲ့တယ်၊ ဓမ္မ ဘာတွေ စိတ်ကူးနေတာလဲ .. သူများကို ပြုစုတာ စပါယ်ရှယ်နာ့စ်ဆိုပေမယ့် အဲ့ဒါ အိမ်ဖော်သာသာပဲ .."

ခြေလှမ်းတွေက ရင်နင့်ခြင်းနှင့် ရောသမမွှေ၏။ ဒါပေမယ့် သူမ ခြေလှမ်းတွေကို မရပ်တန့်ခဲ့ပေ ..။

"ဒေါက် .. ဒေါက် .."

"ဒေါက်တာ ချယ်ရီ လွှတ်လိုက်တဲ့ နာ့စ်လား .."

"ဟုတ်ကဲ့ရှင် .."

"ဝင်လာခဲ့ .."

တံခါးဖွင့်ပြီး လှမ်းကြည့်လိုက်တော့ ခေါင်းတုံးပြောင်ပြောင် ပိန်လှီနေသော အဘိုးအိုတစ်ဦးကို ဒရင်းဘတ်ဒ်ပေါ်မှာ ထိုင်လျက်မြင်လိုက်ရ၏။

အဘိုးအိုကလည်း သူမကို စူးစိုက်ကြည့်နေကာ ..၊

"မင်းက ဘာလာလုပ်တာလဲ .."

"ရှင်!..."

"အခု အလုပ်စဆင်းမှာလားလို့ .."

"ကျွန်မ .."

"ဟိုစင်ပေါ်မှာ ငါးရာ့ငါးဆယ် ရှိတယ် .. သွားယူလာခဲ့ .."

"ဟို ..."

www.burmeseclassic.com

www.burmeseclassic.com



"သွားယူ .. မင်း ငါ့ကို စာတစ်ပိုဒ်ပြီးအောင် ဖတ်ပြရမယ်၊ သူများဖတ်ပြတာကို နားထောင်ရမှာဆိုတော့ မင်းရဲ့အသံ၊ စာဖတ်ပြမယ့် မင်းရဲ့ စေတနာကို ငါ ခန့်မှန်းကြည့်မယ် .. ဒီမှာ မင်း အလုပ်ဆင်းခွင့်ရဖို့ မရဖို့ကို ငါ ဆုံးဖြတ်မှ ပြီးမှာ .."

မင်းမင်း ခေါင်းညိတ်၍ ကိုင်လာသည့် အိတ်ကို စားပွဲပေါ်မှာ ချထားလိုက်သည်။ ပြီးတော့ အလွယ်တကူမြင်နေရသည့် စာအုပ်ထူကြီးကို သွားယူ၍ အဘိုးအိုဘေးမှာ ခုံလေးဆွဲထိုင်လိုက်၏။

"နေဦး .."

အဘိုးအိုက လက်ကာတားပြီး ..။

"ဒီအိမ်ထဲကို ဝင်ခဲ့တော့ တံခါးဝဘေးမှာ ဘာတွေ့ခဲ့လဲ .."

"ရှင် .."

"ဒီတိုက်ရဲ့ နံပါတ် .. ဒါမှမဟုတ် နာမည်တစ်ခုခု .."

မင်းမင်း မျက်ခုံးလေးတွန့်ကုတ်သွား၏။ ပြီးတော့ ခေါင်းခါ၍..။

"မမြင်ခဲ့ဘူး .."

"ဒီလောက် စာလုံးကြီးပြူးပြဲနေတာကို မမြင်ဘူးလား .. တော်တော်နမော်နမဲ့နိုင်တဲ့ မိန်းကလေးပဲ .."

ပြောပြီး ထောင်ထားသည့် တုတ်ကောက်ကို လှမ်းဆွဲ၏။ ထိုင်ရာကနေ ခပ်နှဲ့နှဲ့ထရပ်တော့ သူမ ကမန်းကတန်းဝင်တွဲပေးဖို့ပြင်မိ၏။

"နေပေ့စေ .. အဲ့ဒီမှာ အမရာ ဒေဝီပဋ္ဌာတ်ကိုရှာ၊ တစ်ပိုဒ်လုံးပြီးတဲ့အထိ ဖတ် .. အဲ့ဒီ စာဖတ်သံနဲ့လမ်းလျှောက်ရတာ ငါ့ ကျန်းမာရေးပဲ .."

"ဟုတ်ကဲ့ .."

သူမ မာတိကာမှာ စာမျက်နှာရှာ၍ စာအုပ်ထူကြီးကို စတင်လှန်လှော၏။ တွေ့လိုက်သည့်အချိန်မှာ စိတ်တွေလေးလံသွားမိလေသည်။

သူမ ပါဠိ သတ္တဋ္ဌတွေ မကျွမ်းကျင်ပေ ..။ အကယ်၍ မှားယွင်းသွားခဲ့လျှင် ..။



ထိုစဉ် မိုးတွေတဖြောင်းဖြောင်း ပြိုဆင်းလာကြသံကို ကြားလိုက်ရ၏။

"ဖတ်လေ .. ဘာလဲ မဖတ်တတ်ဘူးလား .."

ဟင်!..။

သူမ နားကြားမှားသွားတာလား ..။

တစ်ကိုယ်လုံး မတ်ခနဲဖြစ်သွားကာ ပြီးမှ မော့ကြည့်လိုက်မိ၏။

"အပါ .."

မင်းမင်း စာအုပ်ကိုင်လျက်နှင့် ဖျတ်ခနဲထရပ်မိ၏။ ပြီးတော့ အဘိုးအိုကို လှည့်ပတ်ရှာမိကာ ..။

"မင်း ..."

"ဟုတ်တယ် .. ကျွန်တော်ပဲ .."

"ခုန အဘိုးက .."

"မရှိတော့ဘူး .."

ပါဝါ က နက်ပြာရောင်ဆွယ်တာပေါ်မှာ ကုတ်အင်္ကျီအနက် ထပ်ဝတ်ထားကာ ဆံပင်တွေက ပခုံးကျော်အောင်ရှည်နေ၏။

ဒါပေမယ့် ဘေးနှစ်ဖက်သိမ်း၍ နဖူးထိပ်ဆံစတွေကိုပါ သိမ်းလှန်ထားသည်မို့ နဖူးပြင်ကျယ်နဲ့ ကော့ထင်းနေသည့် နှာတံအပေါ်လွင်ဆုံးဖြစ်နေသည်။

ဝင်းမှုန်နေသည့် မျက်နှာပြင်ကလည်း ဟိုအရင်ကထက် နည်းနည်းလေးပဲ ရင့်ရော်သွားသလိုထင်ရပေမယ့် ချောမွေ့နေဆဲ ..။

"အပါ လို့ ခေါ်တယ်ဆိုတော့ မမေ့သေးဘူးပဲ .."

"ငါ့ကို ဘယ်လိုမျက်လှည့်ပြလိုက်တာလဲ အပါ .. ဒီအိမ်က .."

"ကျွန်တော့်အိမ် .. ခင်ဗျားနဲ့ အတူတူနေဖို့ ရည်မှန်းပြီး ပြင်ဆင်ထားခဲ့တဲ့ 'ဆောင်းပါဝါ'၊ အဲ့ဒီနာမည် အဝင်ဝမှာ မမြင်ခဲ့ဘူးလား .."

"မမြင်ခဲ့ဘူး .. မြင်ခဲ့ရင်လည်း တွေးမိမှာမဟုတ်ဘူး၊ တွေးမိရင်လည်း ဒီထဲထိ ဝင်လာမိမှာမဟုတ်ဘူး၊ ငါသွားမယ် .."

"မ ..."

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို ဖယ်ပေး အပါ၊ ယောက်ျားတွေ အနိုင်ကျင့်ခံရတဲ့အဖြစ်တွေကို ငါ မေ့ပါရစေ .. မနှောင့်ယှက်ပါနဲ့ .."

"ဘာ .. ကျွန်တော်က အနိုင်ကျင့်တယ် ဟုတ်လား .."

"ဖယ်ပေးပါ .."

မင်းမင်း အိတ်ကိုဆွဲ၍ သူ့ကိုယ်ကြီးကို အတင်းတွန်းဖယ်ထွက်ခဲ့သည်။ ပြီးတော့ ကိုယ်ပေါ်ကို မိုးစက်တွေ အေးစက်စွာ ထိတွေ့လာမှ ထီးကိုသတိရပြီး ထုတ်ဖွင့်မိသည်။

ထို့နောက် မျက်ရည်စက်တို့သည် မိုးတို့နှင့်အပြိုင် ကြဲကြလေသည်။

" 'မ' .. နေဦး .."

ဒီတိုင်း ငုတ်တုတ်မေ့ကျန်ခဲ့ပြီးမှ ပါဝါ ပြေးလိုက်လာ၏။ ထိုအချိန်မှာပဲ မိုးတွေသည်းမည်းရွာချလာကြ၏။

မင်းမင်း ခြေလှမ်းတုန့်သွားကာ နောက်ကို ဖျတ်ခနဲလှည့်ကြည့်လိုက်၏။ သူမ ထင်သည့်အတိုင်း ပါဝါ က မိုးရေထဲမှာ ပြေးလိုက်လာတာ မြင်လိုက်ရလျှင် ..၊

"အပါ ..."

စိတ်နောက်ကိုယ်ပါဖြစ်သွားပြီး ထီးပြေးမိုးပေးမိတော့မလို ခြေလှမ်းပြင်မိ၏။

မလုပ်နဲ့ ..၊

နင့်ဘဝနဲ့ သူနဲ့ မထိုက်တန်ဘူး .. သူ မုန်းသွားပါစေ ..၊

"မ ..."

စိတ်ကို ပြန်တင်းကာ နောက်ပြန်လှည့်မိလျှင် ပါဝါ က အနားရောက်လာပြီဖြစ်လျက် ..၊

"မ .. ကျွန်တော့်ကို ထားခဲ့ဦးမလို့လား .. ကျွန်တော့်ကို ဒီလောက်ထိ နာကျင်စေချင်ရင် တစ်ခါတည်း သတ်ပစ်ခဲ့စမ်းပါ .."

ရှေ့ကနေ ကာရပ်ထားကာ ထီးအောက်ကိုလည်းမဝင်၊ မိုးရေတွေနဲ့ လျှောဆင်းလာသည့် ဆံပင်တွေကို နဖူးကနေ တွင်တွင်သိမ်းလှန်



နေရင်း ..၊

"ခင်ဗျားကို မြင်နေတော့လည်း ပိုင်ဆိုင်ခွင့်မရခဲ့ဘူး၊ ပျောက်သွားတော့လည်း ခင်ဗျားကို ရှာနေရတာနဲ့ ကျွန်တော့်ဘဝတစ်ခုလုံးက ဘာမှ သုံးစားမရတဲ့ကောင် .."

ညမှောင်မှောင်ထဲမှာ ခြံထဲက မီးရောင်တစ်ချို့၏ အလင်းရောင်မှေးမှေးနှင့် တစ်ယောက်ကိုတစ်ယောက် မြင်နေရသည်။ ဒါပေမယ့် မိုးသံတို့ကြောင့် စကားသံတွေက ဆူညံရောထွေးနေ၏။

" 'မ' .. ခင်ဗျား ကျွန်တော်ပြောတာ ကြားရဲ့လား၊ ဒီတိုင်းကြည့်နေပြီး တိတ်တိတ်ဆိတ်ဆိတ် ပျောက်သွားချင်သေးလို့လား .. အခု မေဒ လည်း သေပြီ .."

"ဟင် ..."

"အဲဒါကို ခင်ဗျား ပူဆွေးသင့်တဲ့တာဝန်တွေနဲ့ မုဆိုးမသောကတွေ ပြနေဦးမှာလား .."

"တော်တော့ .."

"ခင်ဗျားပဲ .. ကျွန်တော့်ကို .."

"အပါ တော်တော့လို့ ငါပြောနေတယ် မင်းကို .."

သူ့ကိုယ်မှာ ရွှဲနေပြီးသားပေမယ့် သူ့အရပ်ကြီးကို လုံအောင် ထီးမိုးပေးမိကာ ..၊

"မင်းကို ငါပြောမယ်၊ ငါ့ဘဝနဲ့ငါ တစ်ယောက်တည်းပဲ နေပါရစေ .."

"ဘာ!..."

"နောက်ထပ် ဘယ်ယောက်ျားနဲ့မှ .."

"မရဘူးဗျာ .."

ပါဝါ က ခေါင်းပေါ်မှာ မိုးပေးထားသည့် ထီးကို လှမ်းပြန်ရိုက်ထုတ်ပစ်လိုက်၏။ မိုးရေတို့သည် မင်းမင်း ကိုယ်ပေါ်ကို ရေပုံးနဲ့ လောင်းချလိုက်သကဲ့သို့ ခဏလေးအတွင်း စိုရွှဲသွားစေလျက် ..၊

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကို ဒီတစ်ခါထပ်ပြီး ဆုံးရှုံးမခံနိုင်ဘူး .."

ရေတွေ စိုရွှဲနေသည့် သူမ တစ်ကိုယ်လုံးကို သိမ်းကျုံးပွေ့ပိုက်ထားမိ၏။ ပြီးတော့ လွတ်ထွက်သွားမှာစိုးသလို တင်းကျပ်စွာဖက်ထားမိကာ ..။

" 'မ' ကို ကျွန်တော်ချစ်တယ်၊ ဒီအိမ်ကြီးကို ကျွန်တော်တို့ အတူနေကြဖို့ စိတ်ကူးနဲ့ ပြင်ဆင်ခြယ်သခဲ့တာ၊ အဲ့ဒါတွေကို ဘာမှပြောခွင့်မရလိုက်ဘဲ ဆေဒ ယုတ်မာသွားတာ .."

"မဟုတ်ဘူး .. အားလုံး ငါမှားခဲ့တာ၊ ငါ ဆုံးဖြတ်ခဲ့တဲ့ အမှားတွေပါ အပါ ရယ် ..၊ မင်းဘဝနဲ့ ငါ မထိုက်တန်ပါဘူး၊ ငါ မင်းကို မုန်းလို့ မဟုတ်ဘူးဆိုရင် ကျေနပ်ပါ၊ နောက်ထပ် ငိုကြွေးရမှာတွေ ငါကြောက်တယ် .."

ခေါင်းခါ ငိုရှိုက်ရင်း ဗိုရင်ခွင်မှာ မျက်နှာအပ်ထားမိသည်။ ပြီးတော့ ကျောပြင်ကျယ်ကို မက်မောစွာ ပြန်၍ဖက်တွယ်ထားခဲ့မိသည်။

"ဘာမှ လျှောက်မတွေးပါနဲ့တော့ .. ကျွန်တော်တို့ရဲ့ အချစ်တွေကို ဟံကြမ္မာရဲ့ ဘယ်လိုကောက်ကွေ့ကြောင်းတွေကမှ လွှဲဖယ်ပစ်လို့ မရတော့ဘူး၊ 'မ' ကျွန်တော့်ကို ချစ်သေးတယ်မို့လားဟင် .."

အပါ ရယ် ..၊

ရင်ထဲမှာ လှိုက်ခါသွားမိသည်။ မဖြေမိခဲ့မိပေမယ့် သူ့ရင်ခွင်မှာ နိုဝင်နေမိသည့် မြွတ်နိုးမက်မောခြင်းတွေက သက်သေပြနေခဲ့၏။

မိုးသည်းသည်းက တိခနဲယုတ်လျော့အားနည်းသွားပေမယ့် သူတို့အသိထဲမှာ စိုနေတာ၊ အေးနေတာ ဘာမှမရှိ ..၊

" 'မ' ရှိတဲ့နေရာကို မသိဘဲ ကျွန်တော် လိုက်ရှာနေတာလေ၊ တံကြမ္မာက မနေနိုင်တော့ ကူညီတဲ့သူတွေက လမ်းပြပေးကြတယ်.."

ပါဝါ က မင်းမင်း ရဲ့ နဖူးလေးကို ဆံစတွေကစပြီး ရေတွေဝါအောင် ပွတ်သပ်တင်ပေးနေလျက် ..၊

"ပြီးတော့ ဒီအိမ်ထဲကို 'မ' တန်းတန်းမတ်မတ်ဝင်လာအောင်



သူတို့တွေပဲ ချိတ်ဆက်ကူညီပေးကြတာ .."

"အပါ .."

"မဟုတ်တာတွေ တွေးပူမနေပါနဲ့ 'မ' ရယ် .. ကျွန်တော့်ဘတ်တ 'မ' ကို ငြိုငြင်မယ့်သူ မရှိဘူး၊ ဆေဒ လည်း မရှိတော့ဘူးဆိုတော့ 'မ' ကြံဖန်တွေးပူရမယ့်လူ ဘယ်သူရှိသေးလို့လဲ .."

"တို့ပြောတာကို နားထောင်ဦး အပါ .."

" 'မ' နောက်မှပြော၊ အခု ကျွန်တော် သိထားတာတွေပဲပြောမယ်၊ 'မ' လည်း ခုချိန်ထိ အပျိုပဲ .. ကျွန်တော့်ဘဝမှာလည်း 'မ' တစ်ယောက်တည်းအတွက် သီးသန့်နေရာပေးထားတာ .."

မိန်းမတစ်ယောက်ရဲ့ဘဝ လှပခြင်းမလှပခြင်း အပါ နားလည်နိုင်ပါ့မလား ..၊

သူမ ခံစားနေရတာကတော့ ယုတ်မာသည့် လူတစ်ယောက်ရဲ့ ရိုင်းပျစော်ကားခြင်းတွေဟာ ဘဝမပျက်ပေမယ့် အလှတော့ ပျက်ခဲ့မှာပါ။

သူမ ဆိုယ့်ကိုယ်ကိုယ် ရှက်ရွံ့နေမိသည့်စိတ်တွေ ဘယ်တော့မှ ပျောက်ပါ့မလဲ ..၊

အပျိုဆိုပေမယ့် မှိုင်းသင့်ခံထားရသည့် စက္ကူဖြူတစ်ရွက်လို သူမ ဒီနေ့ထိ ကြေကွဲနေမိဆဲ ..၊

"မ .."

"ဟင် ..."

"ကျွန်တော်နဲ့ ပြန်လိုက်ခဲ့နော် .."

"အပါရယ် .. ငါ .."

"အိမ်ထဲရောက်မှ ပြော .."

ရေတွေစိုရွှဲလျက်နှင့် နှစ်ယောက်အတူတူ ပြန်လှည့်လာမိကြသည်။ ပြုံးနေသည့် ပါဝါ့ ခြေလှမ်းတွေ ရဲရင့်နေပေမယ့် သူမ ခြေလှမ်းတွေ တွန့်ဆုတ်နေဆဲ ..၊

"သူ .. ဘာဖြစ်လို့ သေသွားတာလဲ၊ ဘာရောဂါနဲ့လဲဟင် .."

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မှဆယ်ဘက်ရောက်နေတုန်းက မင်းမင်းသော် ဆီက မေးလ်ဝင်လာတာ၊ သူ ဘယ်ကပို့တာလဲတော့မသိဘူး .. 'ဆေဒ သူ့စရိုက်နဲ့သူ လျှော့သွားပြီ' တဲ့ .. 'ရောဂါမရှိဘဲနဲ့ ရှိနေပြီထင်ပြီး စိတ်ကျရောဂါနဲ့ ဆုံးပြီ' တဲ့ .."

မင်းမင်း ကိုယ့်နားကိုယ်တောင် မယုံနိုင်ပေ ..။ သူမ တမင်တကာ ကုတ်ခြစ်ပစ်ခဲ့သည်ဆိုတာ ဒီလိုဖြစ်သွားနိုင်တာကို သိလို့လား ..၊

ဒါမှမဟုတ် သူမမှာ ဒီရောဂါမရှိခဲ့ဘူးဆိုတာ ဟုတ်ရဲ့လား၊ ရောဂါ တကယ်မရှိဘဲ ရှိနေတယ်ထင်ရအောင် စစ်ဆေးကြည့်လို့မရတဲ့အရာလည်းမဟုတ် ..၊

"'မ' .. ဘာတွေတွေးနေတာလဲ .."

"ဟို ..."

"မင်းမင်းသော် ရဲ့ လုပ်ရပ်တွေကိုမို့လား၊ သူ့မှာ ရောဂါတကယ်မရှိဘူး 'မ' ရဲ့ ..၊ သူနဲ့ အွန်လိုင်းမှာ ဆုံသေးတယ်၊ အဲ့ဒီမှာ သူ အားလုံးပြောပြတယ်၊ 'မ' သိထားသလို ကျွန်တော်လည်း အားလုံးသိပြီးပြီ .."

ပေါ်တီကိုအောက်ရောက်တော့ အိမ်ထဲက မီးရောင်နှင့် လင်းလင်းချင်းချင်းဖြစ်နေကာ နှစ်ယောက်မျက်နှာချင်းဆိုင်ရပ်လိုက်မိကြ၏။

ဝါဝါ က မင်းမင်း မျက်နှာလေးပေါ်မှာ ဆံစလေးတွေဖေးတင်နေသမျှ ဖယ်ရှားပေးရင်း ရှုစိုက်ကြည့်၏။

ပြီးတော့ ရေစိုတင်းကပ်နေသည့် တစ်ကိုယ်လုံးကိုဇွေကြည့်လိုက်သဖြင့် မင်းမင်း ပါးပြင်လေးတွေ ရဲတက်သွားသည်။

သူ့လက်တွေကို ဖယ်ချပစ်လိုက်ပြီး မျက်လွှာချ၍ ..၊

"အဲလိုကြီးမကြည့်နဲ့ .."

"ကျွန်တော်က ပြောပြနေတာလေ၊ လူကိုကြည့်ပြီးပြောမှ စကားလုံးပြောင်တာ .."

"ဒါဆို နောက်မှပြောတော့ .."

မင်းမင်း လက်လေးပိုက်ပြီးအိမ်ထဲဝင်ဖို့ပြင်လိုက်လျှင် ပါဝါ က



ပခုံးလေးကို ဆွဲယူဖက်ထားလိုက်ပြီး ..၊

"ဆက်ပြောချင်သေးတယ် နေဦး .."

မျက်နှာနားကပ်ပြောပြီး ပါးကို ခိုးနမ်း၏။

"သူ့မှာ အစတည်းက ရောဂါရှိတယ်၊ တစ်ခုခု ခံစားလွန်သွားရင် အိပ်ရာထဲလဲတာလေ၊ သူ့စိတ်နဲ့ သူ ပြန်ဖြစ်သွားတာနေမှာပါ၊ မင်းမင်းသော်လို မိန်းကလေးမျိုးက ဒီထိတော့ ညာပြောမှာမဟုတ်ပါဘူး၊ သူက ကိုယ်တို့ရဲ့ ကျေးဇူးရှင်ပါ၊ ယုံပေးလိုက်ပါကွာ .."

"ဖယ်ပါ .. မျက်နှာကြီးက .."

မျက်နှာရှေ့မှာ တဝဲဝဲကပ်နေသဖြင့် မင်းမင်း က တွန်းပစ်လိုက်သည်။ ပါဝါ က ရယ်ကာ ..၊

"'မ' အရမ်းလှတာပဲ သိလား၊ ဦးဘတော့် ဆီကိုရောက်တော့ 'မ' ကိုငေးပြီး ကျွန်တော် ပြေးထွက်လာမိတော့မလို့ .."

"အဲဒီဘကြီးက ဘယ်သူလဲဟင် .."

"သူငယ်ချင်းတစ်ယောက်ရဲ့ အဘိုးပါ၊ အရမ်းသဘောကောင်းတယ်၊ သူကိုယ်တိုင် ဒေါက်တာချယ်ရီ နဲ့ ညှိနှိုင်းပေးတာလေ၊ 'မ' က အဲဒီမှာ တိတ်တိတ်လေးရုန်းနေတာကို .."

"အပေါ် .."

"ပြော .."

"ခင်း .. အတိတ်တွေကိုမေ့ထားနိုင်ပြီပေါ့ .."

"ဘာလို့ မမေ့နိုင်ရမှာလဲ .. ကျွန်တော့်ရဲ့အတိတ် ပစ္စုပ္ပန်အားလုံးက 'မ' ဝဲရှိတာ၊ အဲဒီမှာ 'မ' .. မ .. အပျိုမဟုတ်တော့ဘူးဆိုရင်လည်း ကျွန်တော် ဂရုမစိုက်ဘူး .."

"ခင်းဆို တို့က ထားခဲ့တဲ့လူ .."

"အဲဒီ မိန်းမကိုပဲ တစ်စက်လေးမှ မေ့ဘွာမလျှော့ဘဲ အရမ်းချစ်ပြီး အသည်းတွဲနေရတာ .."

မင်းမင်း မျက်ဝန်းမှာ မျက်ရည်တွေ ဖြည်းဖြည်းသိပ်သိပ်ဖြစ်လာခဲ့

www.burmeseclassic.com

www.burmeseclassic.com



၏။ ပြီးတော့ မျက်တောင်တစ်ခတ်မှာ ပြုံးဆင်းသွားမှာစိုးကာ ပါ၀့်မျက်နှာကို မော့ငေးနေလျက် …၊

"ငါက မင်းနဲ့ မထိုက်တန်တဲ့ …"

"'မ'က ကျွန်တော်နဲ့ကလွဲပြီး ဘယ်ကောင်နဲ့မှ မထိုက်တန်တဲ့ ပန်းတစ်ပွင့်ပါ၊ ဘယ်သူမှ ခူးခွင့်ခြွေခွင့်မရှိတဲ့ပန်း …"

ရင်ထဲမှာ တသိမ့်သိမ့်ကြည်နူးမိသည်။ ပြီးတော့ ထိုရင်ခွင်မှာ မြတ်နိုးစွာ ခိုဝင်ဖက်တွယ်ထားမိ၏။

"ကျွန်တော်တို့ လက်ထပ်ရအောင်နော် …"

"… … …"

"ဒီမှာပဲအတူတူ တစ်သက်လုံးနေကြမယ် …"

"… … …"

"'မ' ကျွန်တော့်ကို ချစ်လား …"

"အရမ်းချစ်တယ် …"

*လရောင်ကျူးရင့်*

BURMESE CLASSIC

www.burmeseclassic.com